
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com














သုတ်အရေး
၄။ အောင်သန်းထွန်း
ရွှေမင်းသား၊ ရွှေမင်းသမီး
၁၂။ လင်းနိုင်ဦး
ပရိသတ်တွေကို
သရုပ်ဆောင်တစ်ယောက်
အဖြစ်လည်း မြင်စေချင်တဲ့
ရဲရင့်အောင်
One Minute Interview
၂၀။ လင်းနိုင်ဦး
နေတိုး၊ ပိုင်းစုခိုင်သိန်း
နီနီခင်ဇော်၊ ဘန်နီဖြိုး
လွှမ်းပိုင်
ရွှေရုပ်ရှင်
၃၀။ မိုးကျော်ထွန်း
နဂါးငွေ့တန်း
၄၀။ မိုးကျော်ထွန်း
မင်္ဂလာယူဆောင်လာမယ့်
မင်္ဂလာလည်း
လူမှုဝန်းကျင်
၃၆။ လင်းနိုင်ဦး
၁၃ နှစ်ပြည့်မြောက်ပြီ
ဖြစ်တဲ့ City FM ရဲ့
နှစ်ပတ်လည်ပွဲ
၈၀။ ရဲသျှမ်း
ညီညွတ်မှုနဲ့ စေတနာ
လွှမ်းခြုံတဲ့ စာပေပွဲတော်
နိုင်ငံတကာစာမျက်နှာ
၄၂။ ဇာနည်ညီမိုး
အိုဘားမားဇနီးမောင်နှံ
ပြောတဲ့ ၂၀၁၄
၅၄။ ရိုတာအောင်၊ NY၊
ရောဘတ်ဒေါင်နီ ဂျူနီယာ
၅၂။ ရာပြည်
ဂီတအသစ်နဲ့ ဘဝသစ်
ပြန်စမယ့် Taylor Swift


# ရှုမဝ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၀၃၊ ဖေဖော်ဝါရီ၊ ၂၀၁၅

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်


ရွှေဝတ္ထု
မင်းတင်ထွေး ၁၀၆။
မှောင်မှောင်သည်
ချောအိမာန် ၁၁၆။
ယနေ့လေး၊
စမ်းရေတိုင်း
အေးစေသလား
ခန့်ညီဝေ ၁၂၂။
မိုး… ရွာမယ်ဆိုရင်လေ
ပန်းရေကျိုး၊ မိုးလှကျော်၊ ၁၃၂။
သိုးတစ်ကောင်ရဲ့
တောင်ပံ
နန်းဇော်မြင့် ၁၃၈။
ဖြစ်မှဖြစ်ရလေ
ကြူးနွယ် ၁၄၈။
ဓ
ခြမ်းသဲ ၁၅၆။
ဇာတ်သိမ်းခန်း
ဇေဦးယျာ ၁၇၀။
သောကဆူးမှ ကင်းလွတ်ရာ
ကျူးရို ၁၇၆။
မိညို
မာန်၊ မောင်လုံးပြန်၊ ၁၈၈။
မဲ
နေဘုန်းလတ် ၁၉၈။
ပါရမီဖြည့်ဖက်
ထိုးနှောင်းမိုး ၂၀၄။
လွမ်းခြင်းများကို
ထားရစေတော့
ခက်မာ ၂၀၈။
ကျွန်မဘေးကလူ
ဘယ်သူလဲ




www.burmeseclassic.com

www.burmeseclassic.com


အတ်တရစာစု
ကိုရွှေလေး
မြသန်းတင့်အလွမ်း

ဝတ္ထုလုံးသား
ဝေမိုးနိုင်၊ (ပုံနှိပ်)
ဒီလိုပါပဲ
တစ်ခါတစ်ရံ
မြားနတ်မောင်လည်း
ပစ်မှတ်လွဲတတ်တယ်

ဒေသစာတမ်း
မောင်နိုင်လတ်
ကမ္ဘာမကျေ
ဖြောင့်ချက်များ

ဝတ္ထုတိုများကို
ပြန်လည်တူးဖော်ခြင်း
နုနုရည်အင်းဝ
ချစ်တဲ့သူ
သခင် မြင်လာဦး

ဝတ္ထုရှည်စ/ဆုံး
ထွန်းတောက်ထွန်း
(သချာ)
အနွမ်းပန်းရဲ့
မနွမ်းပန်းတစ်ပွင့်

ရွှေသုတ
မေတ္တာဦး ၆ဝ။
ဟိမဝန္တာဒေသများသို့(၄)
မာမာအေး ၆၆။
လက်ဝဲ-မဲဇာ
ငြိမ်းလက်ရာ
မေသိန်းမြင့် ၉၂။
ရာပြည့်အလွမ်း
မောင်သန်းဆွေ၊ ထားဝယ်၊ ၁၁၂။
ပုဂံရှင်းတမ်းနှင့်
ပတ်သက်၍
မောင်ခင်မင်၊ ဓနုဖြူ၊ ၁၂၀။
စကားသမုဒ္ဒရာထဲမှာ(၈)
မောင်နှင်းမိုး ၁၆၂။
ဝမ်းနည်းကြေကွဲကြသူများ
အတွက်
ကြေကွဲဝမ်းနည်းရခြင်း
ခေတ်ဘုန်းသစ် ၁၉၄။
သူတို့
ဘယ်လိုဖန်တီးခဲ့သလဲ
(ကလေးဖတ်ဖို့
ကလေးပုံပြင်၊
ဇာတ်လမ်း၊ ဝတ္ထု
ဘယ်လိုရေးမလဲ)
မသီတာ၊ စမ်းချောင်း၊ ၂၁၆။
အောင်မြင်မှုရဲ့အဓိပ္ပာယ်

ရွှေအသစ်
၂၂၆။ ---------------
၂၃၀။ ---------------
၂၃၈။ ---------------
၂၄၆။ ---------------



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-ဝ၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-ဝ၁-၉ဝ၁ဝ၁၁၅
**Email :**
**nyeinfamily@gmail.com**
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (ဝ၅၂၅၃)၊
ဇမ္ဗူတာလှပုံနှိပ်တိုက်
အမှတ် ၁၁၁ဝ၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ တက်မွန် တောင်အုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၇၁ဝ)၊
အမှတ် ၁၃၃၊ လမ်း ၄ဝ၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး -
ဇမ္ဗူတာလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄ဝ၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-ဝ၁-၃၉၈၂၂ဝ
စာတိုက်သေတ္တာအမှတ် ၁၂ဝ၅
**E-mail :**
**zabutalu@gmail.com**
**Available at :**
**iTune Store**











www.burmeseclassic.com

www.burmeseclassic.com



ကစားဖော်ကလေးငယ်များနဲ့အတူ
စစ်လွှန်းဝတီထက်က မွေးနေ့ဆုတောင်းသီချင်းသီဆိုခဲ့ပါတယ်

# စစ်လွှန်းဝတီထက်၏ လေးနှစ်ပြည့်မွေးနေ့ညစာစားပွဲ

သရုပ်ဆောင်၊ အဆိုတော် စိုင်းလွှမ်း(ဖူးမြတ်ထက်)နှင့် အကယ်ဒမီ ထက်ထက်မိုးဦးတို့၏တစ်ဦးတည်းသောသမီး စစ်လွှန်းဝတီထက်၏ လေးနှစ်ပြည့်မွေးနေ့ညစာစားပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ ညနေ ၆ နာရီအချိန်က ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းရှိ Golden City Show Flat မှာ ကျင်းပခဲ့ပါသည်။ Golden City ၏ ပံ့ပိုးကူညီမှုဖြင့် မွေးနေ့ညစာစားပွဲကို မြက်ခင်းပြင်မှာ ခမ်းနားစွာပြုလုပ်ခဲ့ပြီး ဟာသသရုပ်ဆောင်များဖြစ်သည့် ခင်လှိုင်၊ ဒိန်းဒေါင်တို့၏ဟာသဖြင့် ဖျော်ဖြေတင်ဆက်မှု၊ Plus Three တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ ပါဝင်ခဲ့ပါသည်။ ထို့အပြင် ကလေးငယ်များအတွက် သီးသန့်ထည့်သွင်းပေးထားသည့် ကာတွန်းရုပ်များ၏ အကအလှများလည်း ပါဝင်ခဲ့ပါသည်။


❑



စင်မြင့်ထက်မှာ သူငယ်ချင်းများနဲ့အတူ
ပျော်ပျော်ပါးပါး တွေ့ရတဲ့ မွေးနေ့ရှင်

www.burmeseclassic.com

www.burmeseclassic.com






...မီးစီမင်းသမီးကြီး
...ဝါဝင်းရွှေနဲ့ စစ်လွန်းဝတ်ထက်



...ဆက်မှာ တွေ့ရတဲ့
...မိုမိနဲ့ စစ်လွန်းဝတ်ထက်



သက်တော် ၄၇ နှစ်ပြည့်အလှူအဖြစ်
ဆရာတော် သံဃာတော်များကို ဆွမ်းလောင်းလှူနေတဲ့
ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက

## ဆရာတော် အရှင်ဆန္ဒာဓိက၏ သက်တော် ၄၇ နှစ်ပြည့် မွေးနေ့အလှူ

BURMESE CLASSIC

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၏ သက်တော် ၄၇ နှစ်ပြည့် မွေးနေ့နှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်မှာ ကျင်းပခဲ့ပါသည်။ ဆရာတော် အရှင်ဆန္ဒာဓိက,က သက်တော် ၄၇ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် သထုံမြို့ ရွှေပါရမီ ပရိယတ္တိသာသနာ လင်္ကာရစာမေးပွဲအတွက် ကျပ် သိန်း ၁၀၀၊ ရွှေပါရမီပညာရေး ဖောင်ဒေးရှင်းအတွက် ကျပ် သိန်း ၂၀၀၊ မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးအသင်း၏ ဓာတ်ခွဲစမ်းသပ်ပစ္စည်းမျိုးစုံအတွက် ကျပ် သိန်း ၁၀၀၊ ရွှေအမြုတေစာပေဆုအတွက် ကျပ် သိန်း ၃၀၊ တိပိဋက ယောဆရာတော်ဘုရား၏ ဓမ္မပူဇာအတွက် ကျပ် ၁၀ သိန်း၊ ဓမ္မဝိလာသ အရှင်သုမနာလင်္ကာရ ဆရာတော်နှစ်ပါး၏ဓမ္မစာပေပြန့်ပွားရေးအတွက် ကျပ် ၁၀ သိန်းနှင့် သထုံမြို့ ရွှေပါရမီမြစိမ်းသာမဏေကျော် ကျောင်းတိုက် သံဃာတော်များအတွက် ဆွမ်းဆက်ကပ် လှူဒါန်းပေးခဲ့ပြီး ရန်ကုန်မြို့ ဝိသုဒ္ဓါရုံကျောင်းတိုက် သံဃာတော်များအား နေ့ဆွမ်းဆက် ကပ်လှူဒါန်းခြင်း စသည်ဖြင့် စုစုပေါင်း ကျပ်သိန်း ၄၅၀ ကျော်ကို မွေးနေ့အလှူအဖြစ် လှူဒါန်းခဲ့ပါသည်။ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဧပြီလမှာ အနုပညာရှင်တို့၏ ရင်သွေးရတနာများ မွေးဖွားမည်

၂၀၁၅ ခုနှစ် ဧပြီလသည် အနုပညာရှင်တို့၏ ရင်သွေးများ မွေးဖွားလာတော့မည့်လဟု ဆိုရမလိုပင် ဖြစ်သည်။ ယခုလက်ရှိကိုယ်ဝန် လွယ်ထားရသည့် အနုပညာရှင် စုံတွဲသုံးတွဲ ရှိသည့်အနက် ကိုစစ်နိုင်နှင့် အကယ်ဒမီသက်မွန်မြင့်တို့က ပထမဆုံး သားရတနာလေးကို မြန်မာနှစ်သစ်ကူး အတာသင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်တွင် ဒေါက်တာ ခင်မျိုးဦးနှင့် မွေးဖွားမည်ဖြစ်ပါသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ပြီးဖြစ်သည့် အကယ်ဒမီ မင်းမော်ကွန်းတို့ဇနီးမောင်နှံက နောက်ထပ် တတိယမြောက်သား ရတနာလေးကို ဧပြီလအတွင်း ပန်းလှိုင်ဆေးရုံမှာ မွေးဖွားမည် ဖြစ်ပါသည်။ ကိုသာကောင်းနှင့် အကယ်ဒမီ မယ်လိုဒီတို့ကလည်း ဧပြီလအတွင်းမှာပဲသားဦးရတနာလေးကို ဗဟိုအမျိုးသမီးဆေးရုံမှာ မွေးဖွားရန် စီစဉ်ထားပါသည်။ ကျန်းမာရေး ကောင်းမွန်ပါက သဘာဝအတိုင်းပဲ မွေးဖွားမည်ဟု အကယ်ဒမီ မယ်လိုဒီက ဆိုပါသည်။ ❑



ကိုစစ်နိုင်နဲ့အကယ်ဒမီသက်မွန်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုသာအောင်နဲ့အကယ်ဒမီမယ်သိုဇီ

# သူတို့အရေး





...နဲ့အကယ်ဒမီမင်းမော်ကွန်း



စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)နဲ့ဇနီး

## ၇၅ နှစ်ပြည့် စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)

၂၀၁၃ ခုနှစ်အတွက် တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေဆုတို့ကို တစ်ပြိုင်တည်း ဆွတ်ခူးနိုင်ခဲ့သည့် စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)(ဒေါက်တာ ခင်အေး)၏ ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာစာဌာနမှ ကျောင်းသူ၊ ကျောင်းသားများနှင့် စာပေအသိုင်းအဝိုင်းမှ ခင်မင်ရင်းနှီးသူများအား ဖိတ်ကြားကာ ထမနဲ၊ အကြော်၊ ကော်ဖီတို့ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ တောင်ငူဆောင်(မြန်မာစာဌာန)အနောက်ဘက်တွင် ကျင်းပခဲ့သည်။

❑

မွေးနေ့ပွဲကို တက်ရောက်ဂုဏ်ပြုခဲ့တဲ့ ဦးဝင်းငြိမ်းနဲ့အတူ တွေ့ရတဲ့ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)နဲ့ဇနီး





www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်နှံကို ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်းနဲ့ဇနီးတို့က စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပြုလုပ်ခဲ့ပါတယ်

# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၃၊ ဖေဖော်ဝါရီ၊ ၂၀၁၅

မင်္ဂလာပွဲတက်ရောက်ချီးမြှင့်ကြတဲ့
ကိုမောင်နိုင်နဲ့အကယ်ဒမီသက်မွန်မြင့်၊
အကယ်ဒမီခိုင်သင်းကြည်နဲ့ကိုခန့်နိုင်တို့ကို
မင်္ဂလာမောင်နှံနဲ့အတူ တွေ့ရပါတယ်

အနုပညာရှင်များလည်း စုံလင်စွာ တက်ရောက်ဂုဏ်ပြုခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



...ာသန်းကြွပေးတဲ့
...င်းကိုကို

## အနုပညာရှင်မောင်နှံများစုံညီခဲ့သည့် မျိုးမောင်မောင်၏မင်္ဂလာပွဲ

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက် မနက်က မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခဲ့ကြသည့် ရန်ကုန်မြို့ တာမွေမြို့နယ်၊ သံသုမာလမ်း၊ အမှတ် ၆၅/၇၀၊ အခန်းအမှတ် ၀၃-၀၅ နေ ဦးသန်းညွန့်(မန်နေဂျင်းဒါရိုက်တာ၊ မင်းဇေယျာ ...ကုမ္ပဏီလီမိတက်)၊ အကယ်ဒမီ မျိုးသန္တာထွန်းတို့၏သား မောင်မျိုးမောင်မောင်နှင့် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ 41-09,Denman St., 1st FL.Elmhurst,NY#11373 နေ ဦးခင်မောင်စိန်၊ (ဒေါ်နှင်းကြည်)၊ ဒေါ်သန်းသန်းအေးတို့၏ သမီးငယ် ...င်နှင်းသီတာတို့၏ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲကို ဇန်နဝါရီလ ၁၁ ရက်နေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ အင်းလျားလိတ်ဟိုတယ်မှာ ကျင်းပခဲ့ပါသည်။ ...င်္ဂလာပွဲသို့ အနုပညာရှင် ဇနီးမောင်နှံတော်တော်များများ စုံတွဲတက်ရောက်ချီးမြှင့်ပေးခဲ့ကြပြီး ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းနှင့် ...နီး ဒေါ်နုနုသိန်းတို့က စုလျားရစ်ပတ်ထိမ်းမြားခြင်း၊ ...င်္ဂလာလက်စွပ်နှင့်မင်္ဂလာအောင်စံပယ်ပန်းကုံးများလည်း ချီးမြှင့်ခဲ့ပါသည်။ ❑



သရုပ်ဆောင် ဟိန်းဝေယံ

## ၂၀၁၅ မှာ အနုပညာ ဖန်တီးမှုအသစ်များဖြင့် ဟိန်းဝေယံ

မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေး၏ ပင်တိုင်မင်းသားတစ်လက်ဖြစ်သည့် သရုပ်ဆောင် ဟိန်းဝေယံက ၂၀၁၅ ခုနှစ်အတွင်းမှာ ပရိသတ်ကို အနုပညာဖန်တီးမှုအသစ်များ ချပြမည်ဟု သိရသည်။

"ကျွန်တော် ၂၀၁၅ ခုနှစ်အတွင်းမှာ မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးတိုက်ကနေပဲ ရုပ်ရှင်ကားကြီး ရိုက်သွားဖို့ ရှိပါတယ်။ နောက်ပြီး လုပ်နေကျဖြစ်တဲ့ ဗီဒီယို၊ ကြော်ငြာ၊ ပိုစတာ စတဲ့ ရိုက်ကူးမှုတွေကိုလည်း ဆက်လက်လုပ်ကိုင်သွားမယ်။ အဲဒီအလုပ်တွေနဲ့ ၂၀၁၅ ကို ဖြတ်သန်းနေစဉ်မှာပဲ ကျွန်တော် လုပ်နေကျ ဖန်တီးနေကျပုံစံမဟုတ်ဘဲ ဖန်တီးမှုပုံစံအသစ်တွေ ပရိသတ်ကို ချပြဖို့ စီစဉ်ထားပါတယ်။ အားလုံးသေချာသွားရင် ပရိသတ်ကို ထပ်မံအသိပေးပါမယ်" ဟု ဟိန်းဝေယံက ဆိုပါသည်။

■ အောင်သန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com

သို့
အယ်ဒီတာချုပ်

ကျွန်မကတော့ မန္တလေးမြို့ ဌာနဆိုင်ရာ အဖွဲ့အစည်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ကျွန်မကတော့ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်းရဲ့ စာဖတ်ပရိသတ်တစ်ဦး ဖြစ်ပါတယ်။ ဒီမဂ္ဂဇင်းမှာ ၂၀၁၄ ဇူလိုင်လမှာ ထုတ်ဝေခဲ့တဲ့ အထဲကမှ 'ညီညီဇော်' ရေးသားတင်ပြထားတဲ့ **မျှော်လင့်ခြင်းလရောင်** ခေါင်းစဉ်လေးနဲ့ တစ်ခန်းရပ် ဝတ္ထုတိုလေးကို ဖတ်မိ


နန်းမြတ်ဖြိုးသင်းနဲ့ နန်းသူဇာ

ခဲ့ပါတယ်။ ကျွန်မ အဲဒီဝတ္ထုကိုဖတ်လိုက်စဉ်အချိန်မှာပဲ ကျွန်မရော ကိုယ့်ရဲ့မာတာမိခင် ကျေးဇူးရှင်နဲ့ ဖခင်တို့အပေါ်မှာ ဒီလိုပဲ လုပ်မိခဲ့ပြီလားဆိုတဲ့ အတွေးလေးတစ်ခု ခေါင်းထဲဝင်သွားခဲ့ပါတယ်။ သံဝေဂရစရာ ဝတ္ထုတိုလေးပါ။ ကျွန်မဖတ်နေရင်း မျက်ရည်များပင် ဝဲခဲ့ရပါတယ်။ ကိုယ်ကတော့ ဒီလပြည့်နေ့လေးမှာ ကိုယ့်ရဲ့အိမ်ထောင်ဖက်၊ သားသမီးတွေနဲ့ ပျော်ရွှင်စွာ လည်ပတ်နေတဲ့အချိန်မှာ ကိုယ့်ရဲ့ အဖေနဲ့အမေတို့ကတော့ မျှော်နေပါလားဆိုတဲ့ အသိတရားများစွာနဲ့ ထပ်တူမိခင်၊ ဖခင်တို့အပေါ်မှာ ပို၍ပို၍ ဒီထက်မက ဘုရားနှင့်တစ်တန်း တည်းထား၍၊ ရိုသေစွာ ပြုစုစောင့်ရှောက်၍၊ ချစ်ခင်မြတ်နိုးမည်ဟု ကတိပြု၍ ဒီဝတ္ထုတိုလေးကို ဂုဏ်ပြုပါရစေရှင်။

ယုဇေခိုင်
နားမကြားသော ကလေးများကျောင်း၊မန္တလေး၊

ရသဝတ္ထုတိုများက ခေတ်ပြိုင်ခံစားချက်များကို ရေး
တာဖြစ်တဲ့အတွက် တစ်ယောက်မဟုတ်တစ်ယောက်က ဝတ္ထု
ပါအကြောင်းအရာများနဲ့ တိုက်ဆိုင်တတ်ပါတယ်။ သက်
ထင်ရှားရှိနေသေးတဲ့ မိဘများကို အသိတရားရကြဖို့ နှိုးဆော်
သလို ဖြစ်ခဲ့တယ်ဆိုရင် စာရေးဆရာအနေနဲ့လည်း ဝမ်းမြောက်
ဝမ်းသာ ရှိမှာပါ။ ရွှေးချယ်ဖော်ပြပေးခဲ့မိတဲ့အတွက် ကျွန်တော့်
အနေနဲ့လည်း ဝမ်းသာရပါတယ်။ အချိန်မီအသိတရားများ
ရကြစေချင်ပါတယ်။ မိဘကို မပြုစုမိလို့ အချိန်နှောင်းမှ နောင်
တရတာမျိုးမဖြစ်စေချင်ပါ

❑

သို့
ဆရာ ဦးဝင်းငြိမ်းခင်ဗျား---

ကျွန်တော့် ရဲ့စာတို
ကလေးတစ်ပုဒ် 'ရွှေ' ရဲ့
(၂၀၁၄ အောက်တိုဘာလ
ထုတ်)မဂ္ဂဇင်းထဲမှာ ပါရှိ
တဲ့အတွက် 'ရွှေ'ကို အထူး
ကျေးဇူးတင်မိပါတယ်။

အခု ဆိုရင် ၂၀၁၄
ကုန်လို့ နှစ်သစ်ဖြစ်သော
၂၀၁၅ ကို ရောက်ရှိလာ
ပေတော့မယ်။ ၂၀၁၅ ခုနှစ်
ရဲ့ နှစ်သစ်မင်္ဂလာအခါတော်
သမယမှာ 'ရွှေအမြုတေ'
မဂ္ဂဇင်းကြီး အသွင်သစ်
အမြင်သစ်တွေနဲ့ ရှေ့သို့
လှမ်းချီ ချီတက်နိုင်ပါစေ
ကျွန်တော် နှစ်သစ်မင်္ဂလာ
ဆုမွန်ကောင်းချွေလိုက်ပါတယ်

ကျွန်တော်တို့ မြို့နယ်ကနေ မဂ္ဂဇင်းတစ်အုပ် ထွက်ရှိ
လာပါတယ်။ အဲဒီမဂ္ဂဇင်းလေးကတော့ 'သာပေါင်းမြို့နယ်'
မဂ္ဂဇင်းလေးပေါ့။ အဲဒီမဂ္ဂဇင်းလေးရဲ့ ပွဲကိုင်ရှင် အယ်ဒီတာချု
မောင်ဇဉ်လူနဲ့ သာပေါင်းမြို့နယ်မှ ကလောင်သစ်၊ ကလော
ဟောင်းများရဲ့ ကြိုးစားအားထုတ်မှုဖြင့် ထွက်ရှိလို့လာပါတော့
တယ်။

ကျွန်တော့်စာမူကတော့ တစ်ပုဒ်တလေမျှ မပါရှိခဲ့ပါ
ဒါပေမဲ့ 'သာပေါင်းမြို့နယ်' မဂ္ဂဇင်းလေး ထွက်ရှိခဲ့တဲ့အတွ
ကိုတော့ သာပေါင်းမြို့ခံ စာရေးဆရာတစ်ယောက်အနေဖြ
အထူးကိုပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒီနှစ်(၂၀၁၄ ဒီဇင်ဘာ ၂၇ ရက်နေ့မှာ) '၂၀၀၃ ခုနှ
အကယ်ဒမီ' ဆုပေးပွဲကြီးကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး
နေ ပထမဦးဆုံးအကြိမ်အဖြစ် ခမ်းနားကြီးကျယ် ထည
ဖြင့် ပြုလုပ်ကျင်းပခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားဇာတ်ပို့ဆုကို ဒါရိုက်တာ ဝိုင်း ရိုက်ကူးခဲ့တဲ့ နင်စေရင် ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ကိုမင်းဦးက ထူးချွန်စွာ ရရှိခဲ့ပါတယ်။ အကယ်ဒမီဆုကို နှစ်တွေ ကြာညောင်းစောင့်ဆိုင်းပြီးခါမှ သူ ဒီရွှေစင်ရုပ်တုကို ရရှိခဲ့တာပါ။

အမျိုးသမီးဇာတ်ပို့ဆုကို ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးခဲ့တဲ့ **စုန်းပြူး** ရုပ်ရှင်ဇာတ်ကားကြီးနဲ့ မခိုင်(ခိုင်သင်းကြည်)က ထူးချွန်စွာ ရရှိခဲ့တာပါ။ သူမလည်း နှစ်တွေ ကြာညောင်းစွာ စောင့်ဆိုင်းပြီးခါမှ ဒီရွှေစင်ရုပ်တုကို သူမ ရရှိခဲ့တာပါ။ ဒါရိုက်တာဆုကို **စေတန်ရဲ့ ကချေသည်** ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ဒါရိုက်တာ ဝိုင်းက ထူးချွန်စွာ ရရှိခဲ့တာပါ။ ဝိုင်းက (၂၀၁၂ အကယ်ဒမီ ဆုပေးပွဲ)မှာ **လက်ပံ** ဇာတ်ကားနဲ့ ဒီသတ်တွေက အကယ်ဒမီမှန်းတာ လွဲသွားခဲ့တယ်။ ဒီနှစ်မှ ဝိုင်းက ထိုက်တန်စွာ ရရှိသွားတာပါ။

အမျိုးသားဇာတ်ဆောင်ဆုကို **နင်စေရင်** ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ကိုပြေတီဦးက တတိယအကြိမ်မြောက်အဖြစ် ရယူချက်ခဲ့တာပါ။ အမျိုးသမီးဇာတ်ဆောင်ဆုကို **နင်စေရင်** ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ညီမလေး ကစ်(ဝတ်မှုံရွှေရည်)က ပထမဦးဆုံး အကြိမ်အဖြစ်ရရှိခဲ့တာပါ။ တေးဂီတဆုကို စန္ဒရား ဦးတင်ဝင်းလှိုင်က **ကြယ်စင်မော်ကွန်း** ဇာတ်ကားကြီးနဲ့ ထိုက်တန်စွာ ပထမဦးဆုံးအကြိမ်အဖြစ် ရရှိခဲ့တာပါ။

'ရွှေ'ရဲ့ 'ရွှေအသစ်'ကဏ္ဍ မရှိတော့ဘူး သိရလို့ အလွန် ဝမ်းနည်းမိပါတယ်။ 'ရွှေ'ကို ရသစာတမ်း သို့မဟုတ် ရသညှာကိုကဏ္ဍများသို့ စာမူများ ရေးပို့လို့ ရပါသလား ဆရာ ဦးဝင်းငြိမ်းခင်ဗျား။ ဒီစာကို အကြမ်းနှစ်ခါရေးပြီး တတိယ အကြိမ်မြောက်အဖြစ်မှ ဒီစာရွက်အဖြူလေးပေါ်မှာ ရေးပြီးစီး အောင်သတ်ဖြစ်ခဲ့တာ ပါ။

၂၀၁၅ နှစ်ဦးပိုင်းမှစ၍ 'ရွှေအမြုတေ'မဂ္ဂဇင်းကြီး အသွင်သစ် အမြင်သစ်၊ အတွေးသစ်များနဲ့အတူ နှစ်ပေါင်းရာချီစွာ တောက်ထွက်ထုတ်ဝေ အခွန့်ရှည်တည်တံ့ခိုင်မြဲနိုင်ပါစေလို့ မင်္ဂလာဆုမွန်ကောင်း တောင်းဆုခြွေလျက်။

မောင်အောင်နိုင်ဝင်း


စာရေးဆရာ နီယွန်းအိမ်၊သာပေါင်း၊

*၂၀၁၃ ခုနှစ်အတွက် အကယ်ဒမီဆုရသူတွေကို ပြန်သတိရအောင် နှိုးဆော်သလိုပါပဲ။ ဒါတွေက စာဖတ်ပရိသတ်များ အားလုံး သိပြီးသားပါ။ စာရေးဆရာတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့နယ်က ထုတ်တဲ့မဂ္ဂဇင်းမှာ ပါခွင့်မရလို့ စိတ်မကောင်းဖြစ်ပါနဲ့။ ဒါမျိုးဖြစ်စဉ်တွေက အများကြီး ရှိပါတယ်။ ရွှေအမြုတေအတွက် ဆုတောင်းပေးလို့လည်း ကျေးဇူးတင်ပါတယ်။ ရွှေအသစ်ကဏ္ဍကို ၂၀၁၅ ဇန်နဝါရီလထုတ်က စပြီး ပြန်လည်ဖော်ပြနေပါပြီ။ ရသစာတမ်းပဲဖြစ်ဖြစ်၊ ဝတ္ထုပဲဖြစ်ဖြစ် ပေးပို့လို့ရပါတယ်။*

■

ဝင်းငြိမ်း


ချစ်သုဝေ





www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ...သိုးသတ်တွေကိုသရုပ်ဆောင် တစ်ယောက်အဖြစ်လည်း ...ချင်စေချင်တဲ့ ရဲရင့်အောင်

**လင်းနိုင်ဦး**

ဓာတ်ပုံ - ကိုလင်း(Studio-K)

...၅ ခုနှစ်ရဲ့ ဒုတိယလဖြစ်တဲ့
...ဖော်ဝါရီလအတွက် ထွက်ရှိမယ့်
...ဖြူတေမျက်နှာဖုံးရှင်ကို ရွေးချယ်ရာမှာ
... ဦးဝင်းငြိမ်းက ယနေ့ခေတ်
...ကျော်သက်များအကြိုက်၊ မကြာသေးမီကမှ
...ကိုယ်တော်အခွေထွက်ရှိထားတဲ့ ရဲရင့်အောင်ကို
...ယ်ပေးခဲ့တာကြောင့် ဓာတ်ပုံ
...လင်း(Studio-K) မှာ ဇန်နဝါရီလ ၇ ရက်နေ့က
...နှာဖုံးရိုက်ကူးခဲ့ပြီး ပရိသတ်သိချင်တယ်လို့
...တဲ့ မေးခွန်းများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**...ဆုံး မေးချင်တာက ညီလေး အသက် ...လောက်ရှိပြီလဲ။ ဂီတလောကထဲကို ...တုန်းက စတင်ဝင်ရောက်ခဲ့တာလဲ။**

...တော့်အသက်က ၂၁ နှစ် ပြည့်ထားတာပါ။
...လောကကို ၂၀၁၀ ပြည့်နှစ်၊
...တန်းအောင်ပြီးကတည်းက သီချင်းတွေ
...လုပ်တယ်။ Studio မှာ Recording တွေ
...တယ်။ အဲဒီလိုနဲ့ ဝင်လာခဲ့တာပါ။ ပထမဦးဆုံး
...တော် သီဆိုခွင့်ရတာက ချစ်တယ် မုန်းတယ်
...ရီးမှာ ငါ့နေရာ သီချင်းနဲ့ စပြီးပါခဲ့တာပါ။

**...ထို ဝင်ရောက်လာပြီး ဘယ်အချိန်မှာ ...သတ် အားပေးမှု ရခဲ့တာလဲ။ လွမ်းလွန်းလို့ ...ချင်းကြောင့် ပြောလို့ရမလား။**

...လို့ရပါတယ်။ ငါ့နေရာ နဲ့ ဂီတလောကထဲကို
...ရောက်လာပေမဲ့ ပရိသတ်သတိထားမိတာက
...လွန်းလို့ သီချင်းထွက်သွားတယ်။
...လွန်းလို့ MTV ထွက်ပြီးတော့မှ ပရိသတ်က
...တာပါ။ အဲဒါကြောင့် ရဲရင့်အောင်
...တာတယ်လို့ ပြောလို့ရပါတယ်။

**...လွန်းလို့ အကြောင်း ပြန်ပြောမယ်ဆိုရင် ...ချင်းကို ဘာဖြစ်လို့ လူရှင်တော် ကျင်ဝှက်နဲ့ ...ဖြစ်ခဲ့တာလဲ။ ဒီအပေါ်မှာ ကြိုက်တဲ့**



www.burmeseclassic.com

www.burmeseclassic.com

**သူလည်းရှိ၊ မကြိုက်တဲ့သူလည်း ရှိသွားတယ်လေ။**

ကျွန်တော် ဒီလွမ်းလွန်းလို့ သီချင်းကို စပြီးတော့ ရေးကတည်းက အတီးပိုင်းကို Rock လို တီးချင်တယ်။ ပေါ့ပေါ့ပါးပါးသွားတဲ့နေရာမှာ ကိုယ်ခံစားရတာတွေကို တင်ပြတဲ့သဘောပါပဲ။ လွမ်းတာ၊ ဆွေးတာ၊ အသည်းကွဲတာ၊ ငိုတာကို အရမ်းကြီးကြေကွဲပြီး ပြတာကိုလည်း မလိုချင်ဘူး။ ရေးကတည်းက အဲဒီပုံစံမျိုး မရေးချင်ဘူး။ ကိုယ်ခံစားရတာကို ပရိသတ်ကိုပြောပြတယ်၊ သူငယ်ချင်းတွေကို ပြောပြတယ်။ သိစေချင်တဲ့ကောင်မလေးကို ပြောပြတယ်။ စကားပြောနေတဲ့ တင်ဆက်မှုပုံစံနဲ့ပဲ ကျွန်တော် ရေးထားတယ်ဆိုတော့ အစကတည်းက ပေါ့ပေါ့ပါးပါးနဲ့ပါပဲ။ အရမ်း ဟဲဗီးကြီး ကျွန်တော် မရိုက်ချင်ဘူး။ CD ထွက်ပြီးလို့ VCD ရိုက်ဖို့ စဉ်းစားတဲ့အချိန်မှာ ကျွန်တော့်စာသားတွေ၊ တစ်ကြောင်းချင်းစီတိုင်းကို ကျွန်တော် ဟာသနဲ့ မြင်မိတယ်။ ဥပမာ *နင်မရှိဘဲ မနေတတ်တဲ့ ငါ့အားနည်းချက်* ဆိုရင် ပရိသတ်တွေနားထောင်တဲ့အချိန်မှာတော့ ကောင်မလေးမရှိလို့ လွမ်းနေတယ်။ အဲဒါမျိုး မဟုတ်ဘူး။ ကောင်မလေးမရှိတော့ အိမ်အလုပ်တွေကို ကျွန်တော် တစ်ယောက်တည်းလုပ်နေရတယ်။ အဲဒီလိုမျိုး၊ ဟင်းတွေလည်း ကိုယ့်ဟာကိုယ် ချက်ရတယ်။ အဝတ်ဆိုရင် ကိုယ့်ဟာကိုယ် လျှော်ဖွပ်ရတယ်။ အဲဒါကြောင့် ပင်ပန်းတယ်။ အဲဒါမျိုးကို ဟာသတွေနဲ့ စဉ်းစားပြီးတော့ တစ်ကြောင်းချင်းစီကို ဟာသလုပ်သွားမယ်ဆိုပြီးတော့ ကျွန်တော် ကိုယ်တိုင်တော့ သရုပ်ဆောင်ဖို့အဆင်မပြေဘူး။ ကျွန်တော်က အဆိုကတ်ပါတယ်။ နောက်ထပ်ဟာသတစ်ယောက် ပါမယ်ပေါ့နော်။ အဲဒီလို စဉ်းစားလိုက်တော့ ကျွန်တော် ပြေးမြင်တာက ဦးကျော်ဝက်ပဲ။ သူနဲ့ အလိုက်ဖက်ဆုံးပဲ။ ပြီးတော့ ကျွန်တော်က သူ့ကို အရမ်းကြိုက်တယ်။ သူ သရုပ်ဆောင်မယ့်ပုံတွေကို သူ့ကို ခေါ်မရိုက်ခင်ကတည်းက ကျွန်တော် မြင်တယ်။ သူ ဒီနေရာမှာ အဲဒီပုံလုပ်ကိုလုပ်မယ်လို့ ကျွန်တော် ကြိုမြင်တယ်။ အဲဒါကြောင့် ဦးကျော်ဝက်နဲ့ပဲ မရ,ရအောင် လိုက်ချိတ်တယ်။ ပထမ မအားပေမဲ့ နောက်တော့ ချိတ်ဖြစ်သွားတယ်။

**ကိုယ်ဖြစ်ချင်တာ ဖြစ်သွားတော့ အဲဒီမှာ ဘယ်လိုခံစားလိုက်ရလဲ။**

ကျွန်တော်က ကျေနပ်တယ်။ ကျွန်တော့်သီချင်းကို အဲဒီလိုပုံစံပဲ ကျွန်တော် ဖြစ်ချင်ခဲ့တာ။ အဲဒီလိုပုံစံမျိုးပဲ ကြည့်ချင်ခဲ့တယ်။ တကယ်တမ်းလည်း ဖြစ်ခဲ့တယ်။ တချို့ ပရိသတ်ကတော့

ကျွန်တော့်ဖက်ရှင်တွေနဲ့ ပတ်သက်ပြီး
ကိုယ့်ကိုယ်ကို ဘယ်တော့မှ အားမရဘူး
ကိုယ့်ကိုယ်ကို ကြည့်လိုက်ရင်
ဘယ်တော့မှ အဆင်မပြေဘူးလို့ ခံစားရတယ်
ကိုးရိုးကားရားနဲ့ ပိန်ညှောင်ညှောင်နဲ့
အရိုးအဆစ်ကလည်း သေးတော့
ကိုယ့်ကိုယ်ကို ကြည့်လိုက်ရင်
အားမရဘူး





www.burmeseclassic.com

www.burmeseclassic.com



...တ အသည်းကွဲသီချင်း၊ ...နည်းစရာကောင်းတဲ့ဟာ ...ဟာသလို ပြောင်တောင် ...ောင် နောက်တောက် ...ောက်ဆိုတော့ ပေါ့သွား ...ယ်လို့ပြောတယ်။ ကျွန် ...ော် ရေးထားတဲ့ပုံစံရော၊ ...န်တော် ဖန်တီးထားတဲ့ပုံစံ ...ော အဲဒီလိုပုံစံပဲ ဖြစ်ချင်တဲ့ ...တွက် ကျွန်တော် ကျေနပ် ...တယ်။ သူတို့တွေ ကြည့် ...များတော့ နောက်ပိုင်းမှာ ...ဟာဓာတတော့ ဖြစ်သွားပါ ...ယ်။

**ရဲရင့်အောင်ရဲ့ အိပ်မက် ... ဘာလဲ။ သီချင်းရေးချင် ...လား၊ သီချင်းဆိုချင်တာ ...း၊ အဆိုတော်ဖြစ်ချင်ခဲ့တာလား။**

၁၀ တန်းမအောင်ခင်ရော၊ ၁၀ တန်းအောင်ပြီးတဲ့အထိရော ကျွန်တော်ဖြစ်ချင်တာက စင်ပေါ်မှာ ပရိသတ်ကို ဖျော်ဖြေတဲ့သူတစ်ယောက်ဖြစ်ချင်တယ်။ ကျွန်တော်ရေးထားတဲ့ သီချင်းတွေကို ဆိုပြချင်တယ်။ ကျွန်တော် ဖန်တီးထားတာတွေကို လူတွေသိစေချင်တယ်။ တဖြည်းဖြည်းနဲ့ စိတ်တွေကပြောင်း၊ အတွေ့အကြုံတွေကြီးလာပြီးတော့ ကျွန်တော် သီချင်းလုပ်တယ်။ ကျွန်တော် နားထောင်တယ်။ နားထောင်ချင်စိတ်ရှိတဲ့သူကို ကျွန်တော်ပေးနားထောင်တယ်။ တကူးတကကြီး အရမ်းလိုက်ပြနေတာမျိုး၊ ပေါ်ပြူလာဖြစ်တဲ့ဟာမျိုး အဲဒါမျိုးတွေမကြိုက်တော့ဘူး။ သီချင်းလုပ်တယ်။ သီချင်းနားထောင်တယ်။ ပရိသတ်ကိုလည်း သီချင်းပေးနားထောင်ချင်တယ်။ အဲဒီစိတ်ပဲ ရှိပါတယ်။

**အခုတော့ စင်မြင့်ပေါ်လည်း ရောက်နေပြီ။ အောင်မြင်မှုလည်း ရနေပြီ။ အဲဒီလို အောင်မြင်မှုအတွက် ဘယ်လောက်အထိကြိုးစားခဲ့ရလဲ။**

အင်တာဗျူးတိုင်း ကျွန်တော် ဖြေဖြစ်ပါတယ်။ ကျွန်တော်က သူများတွေလိုလည်း ပါရမီ မပါဘူး။ သူများတွေ တစ်ခေါက်လောက်ကြည့်ပြီး လုပ်လို့ရတဲ့ဟာကို ကျွန်တော်က သုံးလေးငါးခေါက်လုပ်မှရတယ်။ အဆင်မပြေဘူး။ ခဏခဏ ပြန်လုပ်ရတယ်။ အဲဒါကြောင့် ပွဲရှိလို့ သီချင်းဆိုခါ နီးကျရင်လည်း ကြိုပြင်ဆင်ရတယ်။ ကျွန်တော် မှားတတ်တယ်။ အဲဒါကြောင့် အမြဲတမ်းလေ့ကျင့်နေရတယ်။ အမြဲတမ်း စိတ်ဖိစီးမှုတွေ ရှိနေရတယ်။ တစ်ခုခု ဖြစ်သွားမလား အဲဒီလို စိတ်တွေနဲ့။ ပြီးတော့ အခက်အခဲက ဒီလောက,က လူတွေနဲ့ ပတ်သက်ပြီး ဘာမှ မသိဘူး။ မျိုးရိုးလည်း မရှိဘူး။ ဘာမှ မသိဘဲ အစိမ်းသက်သက်ဝင်လာတာ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာလည်း ကျွန်တော် ကလေးလိုပဲနေတယ်။ စ,စချင်း ဒီဟာတွေနဲ့ ကိုယ်တစ်ယောက်တည်းလုပ်ရတာနဲ့ ကြုံတွေ့တဲ့အခါ အခက်အခဲတွေကတော့ အများကြီးပဲ။ အဆင်မပြေတာတွေရော၊ ငွေရေးကြေးရေးတွေရော အများကြီး ကြုံတွေ့ပြီးတော့မှ ဒီအခြေအနေရောက်လာတာပါ။

**ရဲရင့်အောင် တကယ်ဖြစ်ချင်တဲ့၊ တကယ်သွားချင်တဲ့လမ်းကြောင်းက ဘယ်လိုဟာမျိုးလဲ။**

လတ်တလောဖြစ်ချင်တာက သီချင်းလုပ်တယ်၊ သီချင်းဆိုတယ်။ အေးအေးဆေးဆေးပဲ နေချင်တယ်။ လုပ်ချင်တယ်။ ဂီတရေစီးကြောင်းကို လိုက်ပြီးတော့ ဘယ်နှနှစ်ကြာရင် ဘယ်နှခွေထွက်ရမယ်။ One Man Show ကို ဘယ်လိုလုပ်ရတယ်။ MTV ကို ဘယ်လို ရိုက်ရမှ ဘယ်လိုဖြစ်တယ်။ လတွေအများကြီးကြာပြီး လှုပ်ရှားမှုနည်းနေရင် MTV ဘယ်လိုရိုက်မှ အောင်မြင်မယ်တို့၊ ပိုသတိထားမိတာတို့ အဲဒါမျိုးအတိုင်း ကျွန်တော် နင်းပြီး မလုပ်ချင်တော့ဘူး။ ကျွန်တော် ခံစားလို့ရတဲ့ သီချင်းတွေ လုပ်မယ်။ ပရိသတ်ကို နားထောင်စေချင်တယ်။ ကျွန်တော် အေးအေးဆေးဆေး ဒီအတိုင်း ဖန်တီးတဲ့လူတစ်ယောက်ပဲ ဖြစ်ချင်တယ်။

**ရဲရင့်အောင်က သီချင်းရေးဖြစ်တဲ့အခါ ကိုယ့်ခံစားချက်တွေကို ရေးဖြစ်တာလား။ ခံစားလို့ရရင် ရေးဖြစ်တာလား။ ပရိသတ်အတွက် ရည်ရွယ်ပြီးရေးဖြစ်တာလား။**

များသောအားဖြင့်တော့ ကျွန်တော်က စိတ်ဖိစီးမှုတွေလည်း များတယ်ဗျာ။ စိတ်တွေ အရမ်းညစ်ပြီးတော့ ငါမလုပ်ချင်တော့ဘူး။ ငါမလုပ်နိုင်တော့ဘူးလောက်တွေးမိတဲ့အထိကို ကျွန်တော်ရောက်ဖူးတယ်။ အကြိမ်ကြိမ်ပဲ။ ဒါပေမဲ့ ကျွန်တော် နားထောင်ချင်လို့ ကျွန်တော်သီချင်းဆိုနေတာဖြစ်လို့ အဲဒီလိုနဲ့ တင်းခံပြီး အင်္ဂလိပ်သီချင်းတွေ ကျွန်တော်ကြိုက်တယ်။ သူတို့ပုံစံတွေ ကျွန်တော် သဘောကျတယ်။ သူတို့တောင်လုပ်နိုင်ပြီး ငါဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ ကျွန်တော်လည်း ဆိုနိုင်တယ်လို့ ကိုယ့်ကိုယ်ကို ပြန်အားပေးပြီး ဆိုတယ်။ ကိုယ့်ဟာကိုယ် နားထောင်တယ်။

**ရဲရင့်အောင်က ခုအချိန်မှာ ဂီတနဲ့ပတ်သက်ပြီး ဆုတွေလည်း ရနေပြီဆိုတော့ အားတွေဖြစ်သွားပြီး အနုပညာအလုပ်ကိုပဲ လုပ်တော့မယ်လို့ ဇောက်ချ လုပ်ကိုင်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီလား။**

ကျွန်တော် ဒီအလုပ်ကို မလုပ်ဘဲ မနေနိုင်လို့ ဆက်လုပ်နေဦးမှာပဲ။ အားတွေလည်းပြည့်နေပါပြီ။ ကျွန်တော့်ကိုယ် ကျွန်တော် အရမ်းအားရနေတာတော့ မဟုတ်ပါဘူး။ ပရိသတ်တွေက အရမ်းအားပေးတယ်။ ကျွန်တော့်ကိုဂီတဆုတွေလည်း ရစေချင်တယ်။ *ရပါတယ် ထွက်သွားပါ* MTV ဂီတဆုပေးပွဲတုန်းကလည်း ကျွန်တော် မရှိဘူး။ ဆုရမယ်လို့လည်း ကျွန်တော် လုံးဝ မထင်ဘူး။ ဒါပေမဲ့ ဆုရသွားတယ်။

အဲဒီအတွက် ဝမ်းသာတယ်။ ပရိသတ်တွေက ဆုအရမ်းရစေချင်တော့ ပရိသတ်ဖြစ်စေချင်တာဖြစ်သွားပြီ။ သူတို့ပေးနေတဲ့အားတွေနဲ့ပဲ ကျွန်တော် အလုပ်လုပ်လို့ရနေတာ။ ကျွန်တော့် ဟာကျွန်တော်ဆိုရင် ဘာတွေလုပ်လို့ လုပ်ဖြစ်နေမလဲ မသိဘူး။

**ညီလေးကို ဆယ်ကျော်သက်ပရိသတ်တွေက အရမ်းအားပေးကြတယ်။ ညီလေးဖြစ်စေချင်တာက ဘယ်လိုအားပေးမှုမျိုးလဲ။**

အားပေးတယ်ဆိုတာမျိုး မဟုတ်ပေမဲ့ လက်ခံတဲ့အတိုင်းအတာတော့ လူကြီးရော၊ လူငယ်ရော ဖြစ်စေချင်တယ်။ တကယ် တတ်ကျွမ်းနားလည်တဲ့ လူကြီးတွေက နားထောင်ပြီးတော့ ဒီကောင်လေး မတော်ဘူး၊ မတတ်ဘူးဘဲ ထားလိုက်တော့၊ ဒါပေမဲ့ သူ့ဆီမှာ လုပ်ချင်တဲ့စိတ်ရှိတယ်၊ အဲဒီလို အသိအမှတ်ပြုတာမျိုးလေး ဖြစ်ရင်ပဲကျေနပ်ပါပြီ။ ကလေးတွေကတော့ ရယ်ရလို့ပဲလား၊ ဘာဖြစ်လို့လဲတော့ မသိဘူး။ ကြိုက်ကြတယ်။ လူတန်းစားမရွေးလက်ခံနိုင်အောင် ကြိုးစားပါ့မယ်။ လူငယ်တွေမှမဟုတ်ဘူး။ အသက်အရွယ်မရွေး နားထောင်မယ့် သီချင်းမျိုး ဖြစ်စေချင်တယ်။

**ညီလေးက အခုအချိန်မှာ ရှိုးပွဲတွေ အများကြီးသီဆိုနေရပြီဆိုတော့ ရှိုးပွဲတစ်ပွဲမသွားခင် ဘယ်လိုတွေကြိုတင်ပြင်ဆင်လဲ။ ဖက်ရှင်တို့၊ Hair Style တို့ကအစ ပေါ့။**

Hair Style ကို တော့






www.burmeseclassic.com

www.burmeseclassic.com



အရမ်း မပြင်ဆင်ဖြစ်ဘူး။ ဆံပင်နဲ့ပတ်သက်ပြီး လုပ်ရတာ သိပ်ဝါသနာမပါဘူး။ ဖက်ရှင်ကတော့ မလုပ်မဖြစ်ဆိုတော့ လုပ်ရတာပေါ့။ မနက်ဖြန် ရှိုးဆိုမယ်ဆိုရင် ဒီနေ့ညကတည်းက ကျွန်တော် ဘာဝတ်ရမလဲ။ ကျွန်တော်ဆိုမယ့်သီချင်းတွေ ဘယ်သီချင်းပြီး ဘယ်သီချင်းလာမယ်။ အဲဒါနဲ့တိုက်ပြီး ဖက်ရှင်တွေ စီစဉ်ရတယ်။ အဓိက လုပ်ရတာကတော့ ရီဟာဇယ်ပါပဲ။ ရှိုးမသွားခင် တစ်ချိန်လုံး အင်စတူမယ်တယ်လ်တွေ ပြန်ဖွင့်ရတယ်။ ပြီးတော့ ကျွန်တော် အဆိုပြန်ကျင့်တယ်။ ဘယ်နေရာမှာ ပါဖောမန့် ဘယ်လိုလုပ်ရမလဲ။ တစ်ခါနဲ့တစ်ခါ မတူအောင် ဘယ်လိုလုပ်ရမလဲ။ ပုံမှန်ကျင့်ရတယ်။ ဒီအတိုင်း ကြည့်ရင်တော့ သွားပြီးတော့ ဆိုလိုက်ရုံပဲ။ ကျွန်တော်က ကိုဘိုစန်းတို့ Bo Bo Entertainment က ပွဲတွေပဲ ခဏ ခဏ ဆိုလာရတဲ့အခါမှာ သိသာလာတယ်။ ဒီအတိုင်းဝတ်ပြီး၊ သွားပြီးဆိုလို့ အဆင်မပြေတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်က ဒီလူတွေပဲ လာကြည့်ကြတယ်။ တစ်ခါလာလည်း ဒါပဲ။ နှစ်ခါလာလည်း ဒါပဲ ဆိုရင် သာမန်လူ ကြည့်ရင်တောင် သိသာတယ်။ ဘာမှ မပြင်ဆင်ဘဲ လုပ်လာတဲ့သူက စင်ပေါ်မှာ ဘာတွေလုပ် နေမှန်း မသိဘူး။ အဲဒီလို ဖြစ်နေတယ်။ ရှေ့ပိုင်းမှာတော့ ကျွန်တော်လည်း ကြုံဖူးပါတယ်။ ကျွန်တော် ထင်ထားတာက ကျွန်တော် ဆိုထားတဲ့ သီချင်း ကျွန်တော် ရတယ်။ အဝတ်အစားဝတ်ပြီး တက်ဆိုလိုက်ရုံပဲ။ ဘယ်နေရာမှာ ဘာလုပ်သင့်တယ်။ အဲဒီလို လုပ်မှ ပရိသတ်က မရိုးမအီဘဲ ဖြစ်မယ်။ ဒီအတိုင်းကြီး ပစ်စလက်ခတ် သွားလို့တော့ အဆင်မပြေဘူး။

**ပရိသတ်ကတော့ ရဲရင့်အောင်ဖက်ရှင်တွေ လန်းတယ်လို့ ပြောကြတယ်။ အဲဒီတော့ ဘယ်လိုခံစားရလဲ။**

ကျွန်တော့်ဖက်ရှင်တွေနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကို ဘယ်တော့မှ အားမရဘူး။ ကိုယ့်ကိုယ်ကို ကြည့်လိုက်ရင် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com


အဆင်မပြေဘူးလို့ ခံစားရတယ်။ ကိုးရိုးကားရားနဲ့ ပိန်ညှောင်ညှောင်နဲ့ အရိုးအဆစ်ကလည်းသေးတော့ ကိုယ့်ကိုယ်ကို ကြည့်လိုက်ရင် အားမရဘူး။ အဓိကကတော့ ကျွန်တော်နဲ့ လိုက်ဖက်မယ်ထင်ပြီး အဆင်ပြေတယ်ထင်တဲ့ သက်သောင့်သက်သာရှိတဲ့ ဖက်ရှင်မျိုးပဲဝတ်ဖြစ်တာများတယ်။ အရမ်းကြီး မိုက်သွားအောင် မစဉ်းစားမိဘူး။

**ညီလေးက ၂၀၁၀ မှာ စပြီး ဘာဖြစ်လို့ ၂၀၁၄ အကုန်လောက်မှ ပထမဆုံး တစ်ကိုယ်တော် ထွက်ဖြစ်တာလဲ။**

အမှန်တကယ်ပြောရရင် ကျွန်တော့်စိတ်နဲ့ဆိုရင် တစ်ကိုယ်တော်အခွေ မထွက်ချင်သေးဘူး။ ဒါပေမဲ့ ပရိသတ်တွေအမြင်၊ စောစောက ကျွန်တော်ပြောခဲ့တဲ့ ဂီတရေစီးကြောင်းအရ ကျွန်တော် အခွေထွက်သင့်နေပြီ။ နောက်ကျနေပြီပေါ့။ ကျွန်တော်ဘာလို့ မထွက်သေးလဲဆိုတာ ကျွန်တော် လေ့လာနေတာ မပြီးသေးဘူးလို့ထင်တယ်။ သိပ်အားမရသေးဘူး။လွှတ်လိုက်ပြီဆိုရင် မျက်နှာလွှဲခဲပစ် မလုပ်ချင်ဘူး။ နည်းနည်းလိုသေးတယ်လို့ ထင်တယ်။ အဲဒါကြောင့်လည်း အချိန်တွေကြာနေတာ။ အခုလည်း အမြန်ဆုံးထွက်ဖို့ ကြိုးစားနေရင်းနဲ့ ကျွန်တော်က အများကြီးလုပ်ပြချင်တယ်။ ကျွန်တော် ပြောချင်တာက ဆရာကြီးအထာမျိုး လုပ်ပြချင်တာမျိုး မဟုတ်ဘူး။ သူတို့ကို ရသတွေမျိုးစုံ ကျွန်တော် ပေးချင်တယ်။ အဲဒါကြောင့် ကြာနေတယ်။ ဒါတောင် ကျွန်တော့်ဟာကျွန်တော်ဆိုရင် အချိန်ဆွဲနေဦးမယ်။ ထွက်ပြီးသွားတဲ့အချိန်မှာ ကျွန်တော် ကြိုးစားခဲ့တဲ့ရလဒ် ကျွန်တော် ပြန်ရမှာပဲ။ နောက်အခွေထွက်လည်း ဆက်ကြိုးစားရမယ်။

***သဝေထိုး ခရေးယပင့်* အခွေ Junction Mawtin မှာ စဖြန့်တဲ့နေ့က စင်ပြိုမလောက်အထိ ဖြစ်ခဲ့ပြီး ရပ်လိုက်ရတယ်။ အဲဒီမှာရော ဘယ်လိုခံစားလိုက်ရလဲ။**

အဲဒီနေ့က နှစ်မျိုးဖြစ်တယ်။ ကျွန်တော် ရောက်တော့ အားပေးတဲ့လူ အများကြီး ရောက်နေတာ တွေ့ရတယ်။ ပရိသတ်က အားပေးရုံတင် မဟုတ်ဘူး။ တချို့ဆိုရင် ထူးထူးဆန်းဆန်းတွေ စီစဉ်ပြီးတော့ လုပ်လာတဲ့သူတွေ အများကြီးပဲ။ အရမ်းပျော်သွားတယ်။ ဒီပွဲကို လာ... ပေမဲ့ ကျွန်တော် ကောင်း... ကောင်း မအိပ်ရသေးဘူး... နယ်ကနေ ပြန်ရောက်ရောက်ချင်း ၂ နာရီလောက်ပဲ အိပ်ရသေးတယ်။ ကျွန်တော်... လာကတည်းက တစ်ခု... တော့ စိတ်ထဲမှာထင့်နေ... တယ်။ အိပ်ရေးမဝလို့ ဖျော်... ဖြေတဲ့နေရာမှာ အဆင်မပြေ... ဖြစ်မှာကို အရမ်း စိတ်ဖိစီး...





www.burmeseclassic.com

www.burmeseclassic.com



...နေတယ်။ အတတ်နိုင်ဆုံး ...စားပြီး ပျော်လိုက်တယ်။ ...မှတ်ထိုးပေးဖို့ ကျွန်တော့် ...ကာဇာကို ကြည့်လိုက် ...အချိန်မှာ လွဲနေတယ်။ ...တော်လုပ်ထားတဲ့ဒီဇိုင်း ...ခုမှ မဟုတ်ဘူး။ အရမ်း ...နေတဲ့အချိန်မှာ ကာဇာကို ...ပြီး အရမ်းစိတ်ညစ်သွား ...။ ဘာမှလုပ်လို့မရတော့ ...ဆိုတော့ ကျွန်တော့်စိတ်ထဲ ...မျိုးဖြစ်သွားတယ်။ အဲဒီ ... ဖြစ်သွားကတည်းက ...င်နဲ့ကိုင်ငန်းလုပ်ရတာ ...ခုမှ အဆင်မပြေတော့ ... ကိုးရိုးကားရားတွေ၊ ...အစဉ်တွေမကျတော့ဘူး ...နော်။ ပရိသတ်အမြင် ... အဆင်ပြေရင်ပြေမယ်။ ...နော် စိတ်ထဲမှာ ...တော်လုပ်ချင်နေသလို ...အစဉ်မကျတော့ဘူး။ ...နေမှာ ကျွန်တော်လုပ်ချင် ...တွေ အများကြီးပဲ။ ဒါ ... ကျွန်တော် ဘာမှမလုပ် ...နိုင်ဘူး။ ပရိုမိုးရှင်းကို ည ... ၆ နာရီအထိ ထင်ထား ... ၅ နာရီမှာ ရပ်လိုက် ...တယ်။ လက်မှတ်လည်း ...မထိုးရတော့ဘူး။ တချို့ ...သတ်တွေ ဓာတ်ပုံတောင် ...က်လိုက်ရဘူးဆိုတော့ သူ ...ပြောကြတဲ့အခါ ကျွန်တော် ...မကောင်းဘူး။ လူတွေ ...ကြီးလာလို့ပျော်ပေမဲ့ ...တော့်ဘက်က ဘာမှ ပြန် ... သိပ်မလုပ်ပေးနိုင်တဲ့ ...တွက် စိတ်မကောင်းဘူး။

**တစ်ကိုယ်တော်အခွေရဲ့ ...ကို ဘယ်တော့လောက် ... ဘယ်လိုရိုက်သွားမလဲ။**

အခုကကတော့ ဒါရိုက် ...တွေ အားဖို့ပါပဲ။ မကြာခင်ရိုက်ပြီး ၂၀၁၅ ထဲမှာပဲ ထွက်နိုင်အောင် ကြိုးစားမှာပါ။ ကျွန်တော် ရိုက်ခဲ့တဲ့ MTV တော်တော်များများက လည်း ဒါရိုက်တာတွေကို ကျွန်တော်လုပ်ချင်တာ၊ ဖြစ်ချင်တာတွေ ပြောပြတယ်။ မဖြစ်နိုင်ဘူးဆိုမှ သူတို့ဘက်က Idea တွေနဲ့ပေါင်းလိုက်တာ ဖြစ်နိုင်သလောက်တော့ ကျွန်တော့်စိတ်ကူးတွေနဲ့ ရိုက်ဖြစ်တယ်။ MTV ကို ကျွန်တော့်စိတ်တိုင်းကျ ကျွန်တော်ဖြစ်ချင်တာတွေ ဒါရိုက်တာတွေကိုပြောပြီးတော့ အကောင်းဆုံးရိုက်သွားမှာပါ။

**ရဲရင့်အောင်က ဇာတ်ကားရိုက်ဖို့ကို ဘာဖြစ်လို့ လက်ခံဖြစ်တာလဲ။ အိပ်မက်တစ်ခုဖြစ်လို့လား၊ ကိုယ့်ပရိသတ်အတွက် နောက်ထပ်တစ်ခု ချပြချင်လို့လား။**

ငယ်ငယ်တုန်းက အိပ်မက်ကတော့ သရုပ်ဆောင်ဖို့၊ မင်းသားလုပ်ဖို့ လုံးဝစိတ်ကူး မရှိပါဘူး။ အဆိုတော်ပဲ ဖြစ်ချင်တယ်။ MTV ရိုက်ရင်း ရိုက်ရင်းနဲ့ ကျွန်တော်သိလာတယ်။ ကျွန်တော် ဒီအလုပ် လုပ်ကြည့်ချင်တယ်။ ဒါပေမဲ့ မင်းသားတွေလို လှတပတ ဝတ်စားပြီးတော့ မင်းသားအနေနဲ့ လုပ်ချင်တာ မဟုတ်ဘူး။ ကျွန်တော်ကြိုက်တဲ့ ထူးခြားဇာတ်ကားတွေရှိတယ်။ အဲဒီဇာတ်ကောင်နေရာက ကျွန်တော် သရုပ်ဆောင်ချင်တဲ့စိတ်လေးတွေ နောက်ပိုင်းမှာဖြစ်လာတယ်။ အဲဒါလေးတွေလုပ်ပြချင်လိုက်တာ။ ပရိသတ်ကို အဲဒီလိုသရုပ်ဆောင်တဲ့လူတစ်ယောက်အဖြစ် မြင်စေချင်တဲ့ စိတ်ရှိလာလို့ ကြိုးစားကြည့်ချင်တဲ့စိတ်နဲ့ လက်ခံလိုက်တာပါ။ ထုတ်လုပ်သူဘက်နဲ့ ဒါရိုက်တာဘက် လိုအပ်တာတွေ ဆွေးနွေးနေလို့ ကျွန်တော် အတိအကျ မပြောနိုင်သေးတာပါ။ ရိုက်တာကတော့ ရိုက်ဖြစ်ပါမယ်။ ကိုလှမ်းပိုင်နဲ့ ပြောထားတာတစ်ကားရယ်၊ နောက်တစ်ကားလည်း ရှိသေးတယ်။ ကျွန်တော်က မင်းသားအနေနဲ့ သရုပ်ဆောင်ရမှာကို မကြိုက်ဘူး။ အဲဒါမျိုးလည်း ရိုက်ဖြစ်မှာ မဟုတ်ဘူး။ ထူးထူးခြားခြားလေးပဲ ရိုက်ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော့်ပရိသတ်တွေကို ပြောချင်တာက ကျွန်တော့်ကိုယ်ကျွန်တော် အားမရတဲ့အချက်တွေ၊ အားနည်းတဲ့အချက်တွေ အများကြီးရှိပါတယ်။ အဲဒါတွေကို အတတ်နိုင်ဆုံး အမြန်ဆုံးပြင်ပြီးလုပ်ပါမယ်။ နောက်အခွေတွေ၊ ကျွန်တော့်အနုပညာတွေကိုပဲဖြစ်ဖြစ် အမှားအယွင်းရှိရင် အားနည်းချက်တွေကို ဖြည့်ပြီးတော့ ကြည့်ပေးကြဖို့ တောင်းပန်ပါတယ်။ ပြီးတော့ ၂၀၁၅ မှာ ပရိသတ်တွေအဆင်ပြေချောမွေ့ပြီးတော့ ကျန်းမာပါစေ၊ ချမ်းသာပါစေ

လို့ ရဲရင့်အောင်က ဆုတောင်းပေးခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**




www.burmeseclassic.com

www.burmeseclassic.com

# **လူတွေအားကျချင်စရာ** ကောင်းလောက်အောင်အထိ ကြိုးစားရတယ် **ဆိုတဲ့** နေတိုး

**လင်းနိုင်ဦး**



၂၀၁၅ နှစ်ဆန်းပိုင်းမှာ ဖိုးဝဗီဒီယိုထုတ်လုပ်ရေး အတွက် ဒါရိုက်တာ ကိုပေါက် ရိုက်ကူးနေတဲ့ **တစ်ခါတစ်ရံ…သူ** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေတဲ့ နေတိုးရဲ့ ၂၀၁၅ အနုပညာ လှုပ်ရှားမှုများကို မေးကြည့် ဖြစ်ခဲ့ပါတယ်။

**နေတိုးက တစ်ခါတစ်ရံ…သူ ဇာတ်ကားကို ဘာကြောင့် လက်ခံရိုက်ကူး ဖြစ်တာလဲ။**

ဒီကားက အချစ် ဒရာမာ ဇာတ်ကားလေးပါ။ ဒီကားမှာ ကျွန်တော်က ဆေးကျောင်း တက်နေတဲ့ ကျောင်းသားလေး။ ဆေးကျောင်း တက်ရင်း တတိယနှစ်မှာ ကိုယ်ချစ်တဲ့ ကောင်မလေး တစ်ယောက်ကို ကူညီရင်းနဲ့ အမှုဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


...ောင်ထဲရောက်သွားတယ်။ ...ောက် အပြင်ပြန် ရောက်လာ ...ပြီးတော့ ကိုယ့်ရဲ့ဘဝကို ရှန်း ...န်ရတယ်။ ဒရာမာဇာတ် ...လေးနဲ့ ဇာတ်လမ်းကောင်း ...ဒ္ဒို ရိုက်ဖြစ်တာပါ။

**နေတိုးက ၂၀၁၅ မှာ ...အနေနဲ့ ရုပ်ရှင်ကား ...တွေ ဘယ်လိုရိုက်ကူး ...ဖို့ စီစဉ်ထားတာလဲ။**

၂၀၁၅ မှာတော့ ဇာတ် ...ရွေးချယ်မှု ခက်နေတဲ့ ...နေအထားမှာ ရှိတယ်။ ...ကူးမယ့် ပရောဂျက်တွေ ... လက်ခံထားတာတွေ ...တော့ ရှိပါတယ်။ အဲဒါက ...တော့ ၂၀၁၅ မှာ လေးငါး ...ကားလောက် ရှိနေ ...။ အဲဒီအထဲမှာ တချို့ ... လက်ခံထားပြီးသား။ ...ကျတော့လည်း ဇာတ် ...း၏ အကြောင်းအရာ၊ ဇာတ်လမ်းရဲ့ရည်ရွယ်ချက် ...တွေကို ကြိုက်တယ်။ ...ဇာတ်လမ်းက ရုပ်ရှင်တစ် ...အနေနဲ့ လိုအပ်နေတာ ...ရှိနိုင်လို့ ဇာတ်ညွှန်းရေး ...တွေ၊ ဇာတ်လမ်းတည် ...ောက်သူတွေက ရုပ်ရှင် ...ဇာတ်လမ်းတစ်ခုဖြစ်အောင် ...တော့ မွှမ်းမံနေတဲ့ အနေ ...မျိုးတွေ ရှိပါတယ်။

**အဲဒီတော့ ၂၀၁၅ မှာ ...ကားကို ဘယ်သူတွေနဲ့ ...ဆုံး ရိုက်ဖြစ်မှာလဲ။**

အစောဆုံးကတော့ ...ညီထွန်းလွင်နဲ့ အစောဆုံး ...ဖြစ်မှာပါ။ သင်္ကြန်မတိုင် ...ကားရိုက်ဖို့ စီစဉ်နေ ...။ ဇာတ်လမ်းနှစ်ခုကို ...ဆာ၊ ဒါရိုက်တာတွေနဲ့ ...နေတယ်။ နှစ်ခုစလုံးက ...တော့အတွက် အဆင်ပြေတဲ့ ဇာတ်လမ်းတွေဖြစ်နေတယ်။ ပရိုဂျူဆာနဲ့ ဒါရိုက်တာပဲ ညှိဖို့ကျန်တယ်။ အဲဒီကားတွေထဲကတစ်ခုက ယဉ်ကျေးမှုအမွေအနှစ်တွေပါမယ့် ရိုးရာ Traditional, အဓိကက ရုပ်သေး အနုပညာပေါ်မှာ အခြေတည်ပြီး ဇာတ်လမ်းတည်ဆောက်ထားတာပါ။ နောက်တစ်ခုကတော့ ထူးထူးဆန်းဆန်းပေါ့။ လူဝင်စားလိုဇာတ်လမ်းမျိုး။ အဲဒီနှစ်ခုကို စဉ်းစားပြီးတော့ ဆုံးဖြတ်လိုက်ကြတယ်။ သင်္ကြန်အပြီးမှာတော့ ရွာနဲ့ပတ်သက်တဲ့ ဟာသဆန်ဆန် ဇာတ်လမ်းလေးဖြစ်တဲ့ ရွာခလေ့ကိုအခြေခံပြီး ပရိသတ်ကို ပျော်ရွှင်မှုရသပေးဖို့ ဇာတ်မျိုးလေးတစ်ခု ဦးညီညီထွန်းလွင်နဲ့ ရိုက်ကူးဖို့ စီစဉ်ထားတယ်။

**နေတိုးရဲ့ စတိုရီဘုတ်ကုမ္ပဏီကနေပြီးတော့ရော ဘာတွေ စီစဉ်ထားသေးလဲ။ ဘာတွေ လုပ်ဖြစ်နေပြီလဲ။**

လက်ရှိ စတိုရီဘုတ်က ၂၀၁၅ အတွက် ရုပ်ရှင်ရိုက်နေတာ နှစ်ကားရှိသွားပြီ။ စတိုရီဘုတ်လို့ နာမည်မပေးခင်က ရိုက်ခဲ့တဲ့ကားတွေလည်း အများကြီး ရှိတယ်။ ဒီနာမည်နဲ့ တရားဝင်ရိုက်တာ နှစ်ကားပဲ ရှိသေးတယ်။ စတိုရီဘုတ်က, မာလ်တီမီဒီယာအနေနဲ့ အင်တာတိန်းမန့်နဲ့ပတ်သက်တဲ့ဟာတွေကို ပရိုဂရမ်တွေရော အများကြီး လုပ်သွားဖို့ ရှိတယ်။ ကိုကြွ(ကျော်ကျော်ဗို)နဲ့ ကျွန်တော်နဲ့ နှစ်ယောက်ပေါင်းပြီး တည်ထောင်ထားတဲ့ ကုမ္ပဏီဖြစ်တဲ့အခါကျတော့ ကိုကြွဘက်ကလည်း သူလုပ်နိုင်တဲ့ အင်တာတိန်းမန့်ကိစ္စတွေ၊ ပရိုဂရမ်တွေရှိမယ်။ ကျွန်တော့်ဘက်ကကျတော့လည်း ရိုက်ကူးရေးကိစ္စတွေ၊ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ရှိမှာပေါ့။

**သရုပ်ဆောင်တော်တော်များများက သီချင်းဆိုနေကြတဲ့အချိန်မှာ သီချင်းခွေတောင်ထွက်ထားတဲ့ နေတိုးက တေးစီးရီးလုပ်ဖို့၊ သီချင်းတွေထွက်ဖို့ ၂၀၁၅ အတွက် မရှိဘူးလား။**

ပိုင်းစုရဲ့ စုံတွဲခွေမှာ ကျွန်တော်က ပိုင်းစုနဲ့ စုံတွဲသီဆိုပေးထားတာ ရှိတယ်။ ကျွန်တော်က အနုပညာကို ဝါသနာပါတယ်။ အခွေအနေနဲ့လည်း ပရိသတ်ကို ဖန်ဆင်းရှင် ထွက်ပေးထားတယ်။ အဲဒါ မထွက်ခင် ရှားလော့က်ဟုမ်းတို့တာတို့ အခွေမှာလည်း သီချင်းတွေ ဆိုဖူးတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ရုပ်ရှင်ဘက်ကို ဦးစားပေးလိုက်ရတော့ မင်းသားတစ်ယောက်အနေနဲ့ ပိုပြီး လက်ခံထားတဲ့အချိန်မှာ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို ရံဖန်ရံခါမှပဲ လုပ်ဖြစ်တယ်။ နယ်တွေသွားတယ်။ နိုင်ငံခြားခရီးစဉ်သွားတယ်ဆိုရင်တော့ သီချင်းလည်း ဆိုရတာပဲ။ အဓိကကတော့ အနုပညာသမားတစ်ယောက်အနေနဲ့ ပရိသတ်ကို အစဉ်အမြဲ အဆက်မပြတ် ပေးဆပ်ဖို့သာ အဓိကကျပါတယ်။ ရုပ်ရှင်ရိုက်နေတဲ့အချိန်မှာ ရုပ်ရှင်ရဲ့ခံစားမှုကိုပဲ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပြီး သီချင်းကိုတော့ ဥပမာ နှင်းဆီနီနဲ့ က, တယ်ဆိုရင်လည်း ရသက တော်တော် စုံစုံလင်လင်လေး ပါရတယ်။ ပြက်လုံးတွေ စဉ်းစားရတယ်။ ပရိသတ်လက်ခံတဲ့ လူရွှင်တော်တစ်ယောက်လို မြင်ဖို့အတွက် တော်တော်လေး ခဲယဉ်းတဲ့ အလုပ်လို့ ကျွန်တော် မြင်တယ်။ သူက အနုပညာရပ်ဆိုင်ရာမှာ တစ်ခုတည်းကို သိနေလို့ မရဘူး။ အနုပညာနဲ့ဆိုင်တဲ့ အကြောင်းအရာမှန်သမျှ သူက အကုန်လုံးကို သိနားလည်နိုင်မှသာလျှင် လူရွှင်တော်တစ်ယောက်ရဲ့ အရည်အချင်း၊ လူရွှင်တော် အနုပညာရှင်တွေရဲ့ နှစ်သက်မှု၊ အနုပညာရှင်တွေက အနုပညာရှင်တစ်ယောက်ကို နှစ်သက်တယ်၊ တန်ဖိုးထားလေးစားတယ်ဆိုတာ သူ့ရဲ့ အနုပညာ တီထွင်ဖန်တီးနိုင်မှု ထက်စာလို့ရှိရင် ဒီအနုပညာတွေအပေါ်မှာ ပိုပြီး ရှုံးသွပ်တယ်ဆိုတဲ့ဟာပေါ့။ ဥပမာ လူတွေက ကိုယ်နဲ့ တူရင် ပြုံးတယ်။ ကိုယ့်ထက်သာရင် မနာလိုတဲ့သဘော ရှိတယ်။ ကိုယ့်ထက် အရမ်းတော်သွားရင်တော့ အားကျသွားတယ်။ အဲဒီ သုံးဆင့်ရှိတယ်။ အနုပညာရှင်တွေထဲမှာ လူရွှင်တော်ရဲ့ကဏ္ဍသည် လူတွေ အားကျချင်စရာကောင်းလောက်အောင်အထိ ကြိုးစားရတယ်လို့ ကျွန်တော် ပြောချင်ပါတယ်

လို့ နေတိုးက ၂၀၁၅ အစီအစဉ်များနဲ့အနုပညာအပေါ်ထားရှိတဲ့ စိတ်ခံစားမှုများကို ပြောပြခဲ့ ပါတယ်။ ■

**လင်းနိုင်ဦး**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


# အခွေလည်း ထွက်မယ် One Lady Show လည်း ဆိုမယ့် ဝိုင်းစုခိုင်သိန်း

**လင်းနိုင်ဦး**

ရုပ်ရှင်မှာရော၊ ဂီတဘက်မှာပါ ထူးချွန်နေတဲ့ သရုပ်ဆောင်၊ အဆိုတော် ဝိုင်းစုခိုင်သိန်းကို ၂၀၁၅ ခုနှစ်အတွင်းမှာ အနုပညာနဲ့ပတ်သက်ပြီး ဘာတွေလှုပ်ရှားသွားမယ်၊ ဘာတွေလုပ်ဖို့အစီအစဉ်ရှိတယ်ဆိုတာတွေနဲ့ ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**အခုချိန်မှာ ရှိုးတွေ လျှောက်ဆိုနေရတယ်ဆိုတော့ ကားရိုက် ကျဲသွားပြီလို့ ပြောရမလား။**

ဂီတဘက်မှာ အားပေးသလို ရုပ်ရှင်ဘက်မှာလည်း ပရိသတ်နဲ့ အဆက်မပြတ်အောင်တော့ ရိုက်ကူးဖြစ်နေပါတယ်။ အခုဆိုရင် ဒီကားက ကြိုပြီးချိတ်ထားတာဖြစ်လို့ သူ့ဇာတ်လမ်းလေးကလည်းကောင်းတဲ့အတွက် ရိုက်ကူးဖြစ်နေပါတယ်။ ရှိုးပွဲတွေကလည်း ကြိုပြီး ချိတ်ထားတာဆိုတော့ ညှိပြီးတော့ ရိုက်ရတာပေါ့။

**ရှိုးပွဲတွေများလို့ အားမှ ရိုက်မှာလား၊ ဒါမှမဟုတ် ဇာတ်ကိုကြိုက်ရင် မရမက ရိုက်မှာလား။**

ဝိုင်းစုက များသောအားဖြင့် ဇာတ်ကြိုက်ရင် မရမက ရိုက်တယ်။ ရိုက်ရက်ပေးပြီး ကိုယ့်အတွက်၊ ကိုယ့်ပရိသတ်အတွက် ဘာမှမကျန်ခဲ့ဘူးဆိုရင်တော့မထူးဘူးလေ။ ဇာတ်လည်းကောင်းမယ်၊ ကိုယ်နဲ့လည်းလိုက်ဖက်မယ်ဆိုရင် ရိုက်တယ်။ ၂၀၁၄ ဇွန်လပိုင်းကတည်းက *အာဘွား* ဗီစီဒီကို ရိုက်လိုက်တာကားတောင် မရိုက်ဖြစ်ဘူး။ အခုမှ ရှေ့မှာ ကိုဖြိုးငွေစိုးနဲ့တစ်ကား၊ အခု ကိုနေတိုးနဲ့တစ်ကား စ,ရိုက်ဖြစ်တာပါ။ ရုပ်ရှင်ဘက်က ပရိသတ်တွေနဲ့ အဆက်ပြတ်သွားမှာ စိုးလို့ပါ။

**၂၀၁၅ အနုပညာနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ဖို့ စီစဉ်ထားပြီးပြီလဲ။**

လောလောဆယ်မှာတော့ ရှိုးပွဲတွေ ဆက်တိုက်ရှိတယ်။ ဒီကားရိုက်ပြီးရင် အခွေထွက်ဖို့ အသည်းအသန်လုပ်နေတာ ရှိတယ်။ ဝိုင်းစုရဲ့ စုံတွဲအခွေက ထုတ်မယ် ထုတ်မယ်နဲ့ နောက်ကျနေတာ။ နောက်ကျတယ်ဆိုတာကလည်း အဆိုတော်တွေက နာမည်ကြီးတွေ ဖြစ်တော့ မအားကြတာ များတယ်။ ဝိုင်းစုနဲ့ယောကျ်ားလေး အဆိုတော် ၁၄ ယောက် အခု ၁၅ ယောက်ဖြစ်ဖို့ များတယ်။ အဲဒါကြောင့် စောင့်ရင်းစောင့်ရင်းနဲ့ အသည်းအသန်ထုတ်ဖို့ လိုက်ပြီးဆော်ဩနေရတယ်။ ၂ လပိုင်း ၁၄ ရက်နေ့ မတိုင်ခင်ထွက်ဖို့ ကြိုးစားနေတယ်။ တော်တော်ကြီးကို ကြိုးစားယူနေရတယ်။ သုံးလေးပုဒ်ပဲ ကျန်တော့တယ်။ ပြီးတဲ့အပုဒ်တွေတောင် Mixing ဆွဲပြီးပြီ။ သရုပ်ဆောင်ဘက်က ကိုနေတိုးပါမယ်။ အဆိုတော်တွေဘက်က ကိုဇာနည်တို့၊ စိုင်းစိုင်းတို့၊ လွှမ်းပိုင်၊ Ar-T, Snare, ဘန်နီဖြိုး၊ ဆိုတေး၊ ကိုဖိုးကာ၊ ကိုဟန်ထွန်း တော်တော်များများပါပဲ။ ဟိုလူနဲ့လည်း စုံတွဲလေးဆိုချင်တယ်၊ ဒီလူနဲ့လည်း စုံတွဲလေးဆိုချင်တယ်။အဲဒီလိုထည့်ရင်းထည့်ရင်းနဲ့ များသွားတာပါပဲ။

**နောက်ထပ်ရော ဘာအစီအစဉ်တွေ ရှိဦးမလဲ။**

ရှိပါတယ်။ အခုဆိုရင် One Lady Show ကလည်း ရက်ရွေ့ရင်း ရွေ့ရင်းနဲ့ ဒီတစ်ခါတော့သေချာသွားပြီ။ မတ်လ ၂၁ ရက်နေ့ပါ။ ၂၀ ရက်နေ့က ၁၀ တန်းတွေစာမေးပွဲပြီးမှာ။ စာမေးပွဲပြီးနောက်တစ်နေ့ One Lady Show လုပ်မယ်။

**ဘာဖြစ်လို့ One Lady Show လုပ်ဖြစ်တယ်လို့ ပြောလို့ရမလဲ။**

ပရိသတ်တွေက မလုပ်သေးဘူးလား၊ မလုပ်သေးဘူးလားလို့ မေးနေကြတာကြာပါပြီ။ အခုတော့ ဝိုင်းစုက သီချင်းတွေလည်း များလာပြီထင်လို့၊ လုပ်သင့်တယ်အချိန်လည်း ရောက်လာပြီဖြစ်လို့ လုပ်လိုက်တာပါ။

**One Lady Show ဆိုတော့ ဝိုင်းစုကကိုယ့်ပရိသတ်ကို တစ်ယောက်တည်း ဆိုပြမှာလား။ တွဲဆိုနေကျ အနုပညာရှင်တွေရောပါဦးမှာလား။**

အတွဲတွေကတော့ ဝိုင်းစုနဲ့ Featuring ဆိုနေကျ အဆိုတော်တွေပဲပါမှာပါ။ ကျန်တာတွေကိုတော့ ဝိုင်းစုတစ်ယောက်တည်းပဲ ဆိုမှာပါ။

**ဝိုင်းစုက ပထမဦးဆုံး တစ်ကိုယ်တော်ပွဲကို ဘယ်လိုတင်ဆက်မှုတွေနဲ့ ထူးထူးခြားခြားလေး ပြင်ဆင်ထားလဲ။**

ဝိုင်းစုက ပထမဦးဆုံး ရှိုးလည်းဖြစ်တယ်။ ဝိုင်းစုက တစ်ခုခုဆိုရင် နည်းနည်းလေး ပုံကြီးချဲ့တတ်တယ်။ အဲဒီလိုဆိုတော့ အကောင်းဆုံးဖြစ်အောင်တော့ လုပ်နေတယ်။ တစ်ခါမှလည်း တစ်ကိုယ်တော်ပွဲ မလုပ်ဖူးတော့ အမှားအယွင်းတော့ ရှိနိုင်တယ် ထင်တာပဲ။ ခက်တော့ ခက်တယ်။ One Lady Show က ပုံမှန်လုပ်နေကျအလုပ်မျိုးလည်း မဟုတ်တော့ စတိတ်စင် အပိုင်းတွေရော၊ တခြားအပိုင်းတွေရော စဉ်းစားပြီးတော့ လုပ်ရတယ်။ အခုအချိန်မှာတော့ တတ်နိုင်သမျှ အကောင်းဆုံး ဝိုင်းကူပြီး လုပ်ပေးနေကြတယ်။ မှတ်တိုင်တစ်ခုအနေနဲ့ အဆိုတော်တွေက One Lady Show, One Man Show ဆိုပြီးတော့ လုပ်ကြတယ်။ ဝိုင်းစုလည်း ကိုယ့်ရဲ့မှတ်တိုင်တစ်ခုဖြစ်ဖို့အတွက် အကောင်းဆုံး ကြိုးစားပြီးတော့ လုပ်သွားမှာဖြစ်တယ်လို့ သရုပ်ဆောင်၊ အဆိုတော် ဝိုင်းစုခိုင်သိန်းက သူ့ရဲ့ ၂၀၁၅ အနုပညာလှုပ်ရှားမှုများနဲ့ မကြာမီ ကျင်းပသွားမယ့် One Lady Show နဲ့ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဂီတဆုတွေ ဆက်တိုက်ခိုသလိုရနေတဲ့ နီနီခင်ဇော်

လင်းနိုင်ဦး

အကောင်းဆုံး သီဆိုဖျော်ဖြေနိုင်မှုနဲ့ ပရိသတ်အားပေးမှု၊ ရှိုးပွဲတွေ ဆက်တိုက် သီဆိုကာ အောင်မြင်မှု ရနေတဲ့ နီနီခင်ဇော်က City FM က ချီးမြှင့်တဲ့ ဂီတဆုပေးပွဲမှာလည်း ၂၀၁၄ ခုနှစ် အတွင်း သီချင်းတောင်းဆိုမှု အများဆုံးခံရတဲ့ အမျိုးသမီး တေးသံရှင်ဆု ကို ထပ်မံဆွတ်ခူး ခဲ့ပြန်တာကြောင့် နီနီခင်ဇော်ရဲ့ ရင်ခုန် ခံစားမှုများကို ဆုယူအပြီးမှာ မေးမြန်းဖြစ်ခဲ့ပါတယ်။

**ဒီနှစ်မှာပဲ ဆုတွေ ဆက်တိုက်ရနေတယ်နော်။ နီနီခင်ဇော် ဆုတွေနဲ့ အကျိုးပေးတဲ့နှစ်လို့ ပြောရမလား။**

ဒီနှစ်က ခြုံပြောရရင် နီနီ့အတွက် ကံကောင်းတဲ့နှစ်လို့ ပြောရမှာပေါ့နော်။ ကြိုးစားရကျိုး နပ်တယ်လို့လည်း ပြောလို့ရပါတယ်။

**အဲဒီလိုဆိုရင် ကြိုးစားခဲ့တာတွေ အကောင်းအထည် ပေါ်ပြီလို့ ပြောလို့ရမလား။**

အခုမှ စ,ခါပဲ ရှိသေးတယ်။ စလုံးရေ'စ'ပါ။ အခုမှ နီနီ ကြိုးစားထားတာတွေ အရာထင်တယ်လို့ နီနီသတ်မှတ်ပါတယ်။

**အခုမှစခါပဲ ရှိသေးတယ်ဆိုတော့ နောက်ထပ် အများကြီး လာဖို့ ရှိသေးလား။**

ဟုတ်ပါတယ်။ အများကြီး ကြိုးစားပါဦးမယ်။ ဆုရတယ်ဆိုတာ ဒါတွေက နီနီ့အတွက် ခွန်အားတွေပါ။ ဒီခွန်အားတွေနဲ့ နောက်ထပ် ဂီတအလုပ်တွေ လုပ်ဖို့အတွက် အားထည့်လို့ ရသွားပြီပေါ့။

**ဆု ထပ်ရပြန်ပြီဆိုတော့ အဓိကအနေနဲ့ ဘယ်သူတွေကို ကျေးဇူးတင်မလဲ။**

ကျေးဇူးတင်စကားဆိုရင် အခွေဖြစ်အောင်လုပ်ပေးခဲ့တဲ့ နီနီ့ရဲ့မေမေ၊ နီနီ့ရဲ့ ဆရာကေအေတီကို ကျေးဇူးတင်တယ်။ ပြီးတော့ အခွေကို အဘက်ဘက်က ကူညီပေးခဲ့တဲ့ တေးထုတ်လုပ်ရေးက အစ နီနီ့ရဲ့ သူငယ်ချင်းတွေကိုရော ကျေးဇူးတင်တယ်။ ဘာဖြစ် လို့လဲဆိုတော့ အားငယ်နေတဲ့ အချိန်မှာ ကူညီအားပေးခဲ့ကြလို့ အထူးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒီဆုတွေအတွက် ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာလည်း ပရိသတ်ကြီးသိအောင် ပြောပြပေးပါဦး။**

နီနီ သီချင်းတွေလုပ်တုန်းက ဆေးရုံတစ်ဖက်နဲ့မို့ အရမ်း ကြိုးစားခဲ့ရတယ်။ ဆေးရုံမှာလည်း လက်တွေ့ဆင်းနေတယ်။ ဒီဘက်ကလည်း MTV တွေရိုက်တယ်။ သီချင်းတွေထုတ်တယ်။ အဲဒီလို နှစ်ဖက် လွန်ဆွဲနေတဲ့ အချိန်မှာ ပိုပြီး ကြိုးစားခဲ့ရတာဖြစ်လို့ သူများထက် နှစ်ဆ၊ သုံးဆ ပိုပြီး ကြိုးစားခဲ့ရပါတယ်။

**ဆုရလိုက်တဲ့ ခွန်အားတွေနဲ့ ဂီတလောကမှာ ဘယ်လိုဆက်လျှောက်သွားမလဲ။**

လောလောဆယ်တော့ နီနီက အနုပညာအလုပ်မှာ အချိန် ပိုရနေတယ်။ အဲဒီလို အချိန်ရနေတော့ ဆုရတဲ့အားတွေနဲ့ ပိုပြီး ကြိုးစားဖြစ်နေပါပြီ။ ကိုယ့်ဟာကိုယ် ကြိုးစားတဲ့ အား၊ ပရိသတ်အသိအမှတ်ပြုလို့ ရရှိတဲ့ ပီတိတွေနဲ့ ကြိုးစားရတာ ပိုပြီး အားတက်သလို ပျော်လည်း ပျော်နေပါတယ်။

**လောလောဆယ်မှာ ဂီတနဲ့ ပတ်သက်ပြီး ဘာတွေ လှုပ်ရှားဖြစ်နေလဲ။**

အခု အချိန်မှာတော့ လောလောဆယ် ရှိုးပွဲတွေပဲ ဆက်တိုက် လိုက်ဆိုဖြစ်နေတယ်။ နောက်ထပ်လည်း လှိုင်ကော်မှာ ဆိုမယ်၊ မြစ်ကြီးနားမှာ ဆိုမယ်၊ မန္တလေး မှာဆိုမယ်၊ ရန်ကုန်မှာ ဆို မယ်။ အဲဒါတွေက ရှိုးအကြီးတွေပါ။ ပွဲလေးတွေလည်း မြန်မာနိုင်ငံ တစ်နံတစ်လျား ဆိုပေးဖို့ လက်ခံထားတာတွေ ရှိတယ်။ City FM က ဆုတွေ ချီးမြှင့်ပေးလိုက်၊ ပရိသတ်က အားပေးလိုက်ဆိုတော့ နီနီတို့လည်း အားတက်ရပါတယ်။ ဒီပွဲမှာဆိုရင် အကုန်လုံး စုံစုံညီညီ ဆုံတွေ့ပြီး ပျော်ရတဲ့ပွဲ၊ သီချင်းတွေဆိုကြတဲ့ပွဲဖြစ်လို့ ဒီလိုပွဲမျိုးတွေ နောက်ထပ် အများကြီး ဆုံချင်ပါသေးတယ်။ ဆုပေးတဲ့ သူတွေကိုရော၊ ဆုရဖို့ နီနီ့ရဲ့ တေးစီးရီးကို ဝယ်ယူအားပေး ထားတဲ့ ပရိသတ်တွေကိုရော အထူးကျေးဇူးတင်ပါတယ်လို့ ဒီနေရာကတစ်ဆင့် ပြောချင် ပါတယ်။ နောက်ထပ်လည်း စီစဉ်ထားတာတွေရှိသလို အကောင်းဆုံးနဲ့ ကြိုးစားစီစဉ် သွားပါမယ်လို့ နီနီ ကတိပေးပါတယ်-လို့ နီနီခင်ဇော်က City FM မှ ချီးမြှင့်တဲ့ ဆုကြေညာလို့အပြီးမှာ သူ့ရဲ့ရင်တွင်းခံစားချက်ကို ပရိသတ်များအတွက် ပြောကြားခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


# ရင်ခုန်တစ်ဝက် မခုန်တစ်ဝက်နဲ့ ပွဲတက်ခဲ့တဲ့ လူပျိုလှည့်တေးပိုင်ရှင်

**လင်းနိုင်ဦး**

City FM အသံလွှင့်ဌာနရဲ့ ၁၃ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ နှစ်စဉ်နှစ်တိုင်းလိုပဲ ဆုများထည့်သွင်း ချီးမြှင့်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီး သီဆိုသူ အမျိုးသား တေးသံရှင်ဆုကို ဘန်နီဖြိုးက သူ့ရဲ့ *လူပျိုလှည့်တေး* စီးရီးနဲ့ City FM Award ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် *လူပျိုလှည့်တေး* ပိုင်ရှင် ဘန်နီဖြိုးရဲ့ ရင်ခုန်သံများကို အကြည့်ဖြစ်ခဲ့ပါတယ်။

**ဘန်နီက City FM ပွဲကိုတက်လာတော့ ရင်ခုန်စွာနဲ့ တက်လာခဲ့တာလား။**

ရင်က ခုန်တစ်ဝက်၊ မခုန်တစ်ဝက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆန်ခါတင်ထဲမှာ အစ်ကိုတွေ၊ သူငယ်ချင်းတွေလည်း ပါနေတော့ အကုန်လုံးက ကိုယ့်လူတွေချည်းပဲ ဖြစ်နေတယ်။ ညီအစ်ကိုညီတွေလို အမြဲတမ်း လက်တွဲပြီး အလုပ်လုပ်နေသူတွေဖြစ်လို့ ညီအစ်ကိုတွေအတွက် ရင်ခုန်သလို၊ ကိုယ့်အတွက်လည်း ရင်ခုန်ပါတယ်။ *လူပျိုလှည့်တေး* က အခုဆိုရင် တစ်နှစ်တိတိပြည့်တဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော့်ကို City FM Award အနေနဲ့ ရောင်းအား အကောင်းဆုံး စတီရီယို တေးသံရှင် ဆုနဲ့ ကိုစိုင်းရဲ့ Frenzo Production အတွက်ပါ ထုတ်လုပ်သူဆု ရတာဖြစ်တဲ့ အတွက် ကျွန်တော့် အယ်လ်ဘမ်ကို အားပေးတဲ့ ပရိသတ်တွေ အားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်။ အခုဆိုရင် ရင်တွေ အရမ်းခုန်နေပါတယ်။

***လူပျိုလှည့်တေး* နဲ့ ဘာဖြစ်လို့ ဆုရတာလို့ ထင်လဲ။ ဒီစီးရီးအတွက် ဘယ်လောက်ကြိုးစားခဲ့ရလဲ။**

ကျွန်တော် လုပ်ထားတဲ့ အနုပညာတစ်ခုကို အသိအမှတ်ပြုပြီးတော့ အားပေးထားတဲ့ ပရိသတ်တွေအတွက် ကျွန်တော်ကလည်း အကောင်းဆုံး ပေးဆပ်ထားလို့ ပရိသတ်တွေအတွက် ရတဲ့ဆုပါပဲ။ ရောင်းအား အကောင်းဆုံးဆိုတာ ပရိသတ်တွေ ဝယ်ယူအားပေးမှု များတဲ့ အတွက်ကြောင့် ဒီ Title အောက်ကို ဝင်ခဲ့တာပါ။ ကျွန်တော်ကလည်း အကောင်းဆုံးပေးဆပ်ထားတော့ ဒီဆုကို မျှော်လင့်ပါတယ်။ ဒါပေမဲ့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူငယ်ချင်းတွေနဲ့ ဆုံပြီး ပေးလားဝါးလားနဲ့ ပျော်ပြီး စားသောက်ရတယ်။

**ဒီဆုက ဘန်နီဖြိုးအတွက် ဘယ်နှဆုမြောက်လဲ။**

ဘန်နီဖြိုးအနေနဲ့ဆိုရင်တော့ ဒါက သုံးဆုမြောက်ပါ။ City FM ၁၁ နှစ် ပြည့်တုန်းက *အလွမ်းပြေအနမ်း* နဲ့ ရတယ်။ ၁၂ နှစ်ပြည့်မှာ *ချစ်တယ်ဟုတ်* အယ်လ်ဘမ်နဲ့ ရခဲ့တာပါ။ ဒီနှစ်တော့ *လူပျိုလှည့်တေး* အယ်လ်ဘမ်နဲ့ သုံးနှစ်ဆက်တိုက်ရတာပါ။

**ဒါဆိုရင် ဘန်နီက တေးစီးရီးတိုင်း ဆုရတယ်လို့ ပြောလို့ရမလား။**

မပြောတတ်ဘူးဗျ။ အခုပုံအတိုင်းဆိုရင်တော့ နှစ်တိုင်းဆုတွေရနေတော့ တေးစီးရီးတိုင်း ရတယ်လို့ ပြောလို့ရပါတယ်။

**ဆုတွေ ဆက်တိုက်ရတာ ရှေ့ဆက်သွားဖို့ ဘယ်လောက်အားတွေရခဲ့လဲ။**

ဆက်တိုက်ဆိုသလို ဖြစ်သွားတဲ့ အတွက် ကျွန်တော့်ရဲ့ တတိယမြောက် အယ်လ်ဘမ်အတွက် တော်တော်လေး တာဝန်ကြီးသွားတယ်လို့ခံစားရတယ်။ အများကြီးလည်း ကြိုးစားရမယ်လို့ စိတ်ထဲ ထည့်ထားပါတယ်။


**ဆုကို ဘယ်လို လုပ်ဖို့ စဉ်းစားထားလဲ။ အိမ်မှာပဲ သိမ်းထားမလား၊ ဒါမှ မဟုတ်....**

ကျွန်တော့်အတွက် ရတဲ့ဆုကတော့ ကျွန်တော်တစ်ယောက်တည်းပိုင်တဲ့အတွက် ကျွန်တော် ရိုရိုသေသေ သိမ်းဆည်းထားမှာပါ။ Production အနေနဲ့ရတဲ့ ဆုက ကျွန်တော်နဲ့ စိုင်းစိုင်းတို့က တစ်ယောက်တစ်ဝက် ဆိုတော့ ထက်ခြမ်းပဲ ခွဲယူရမလား၊ ဘယ်လိုယူရမလဲ မသိသေးဘူး။ လောလောဆယ်တော့ စိုင်းစိုင်း ခရီးသွားနေလို့ ကျွန်တော်ပဲ တက်ယူခဲ့တာပါ။ ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်တွေအတွက် လာမယ့် ချစ်သူများနေ့ မတိုင်ခင် ကျွန်တော့်ရဲ့ *လူပျိုလှည့်တေး* ဒီဗီဒီကို ထွက်ပါမယ်။ မေလလောက်မှာ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ရှိုး *Dream World Concert 2014 Live DVD* ထွက်ပါမယ်။ နှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော်နဲ့ ကိုကိုရဲ့ *duo* အခွေ ထွက်ပါမယ်။ အဲဒါကြောင့် ဒီတစ်နှစ်ထဲမှာ ကျွန်တော့် DVD သုံးခွေ ထွက်မယ့်နှစ်ပေါ့။ ကျွန်တော့် ပရိသတ်တွေက ကျွန်တော့်ကို ယုံကြည်မှုတစ်ခုတည်းနဲ့ လာရောက်အားပေးထားကြတဲ့အတွက် သူတို့အတွက် ဘယ်လို တာဝန်ကျေအောင်လုပ်ရမလဲဆိုတာ ကျွန်တော် ကြိုးစားနေပါတယ်-လို့ ဘန်နီဖြိုးက ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


# ရုပ်ရှင်ကို မှတ်တိုင်တစ်ခုအနေနဲ့ လုပ်ကြည့်ချင်တဲ့ လွှမ်းပိုင်

**လင်းနိုင်ဦး**

City FM ရဲ့ ၁၃ နှစ်ပြည့် နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲမှာ အဆိုတော် လွှမ်းပိုင်က ၂၀၁၄ ခုနှစ်အတွင်း သီချင်းတောင်းဆိုမှု အများဆုံးခံရတဲ့ အမျိုးသား အသံရှင်ဆုကို ရရှိခဲ့တဲ့ အတွက် လွှမ်းပိုင်ရဲ့ ခံစားချက်ဖြစ်မှုများကို မေးကြည့် ဖြစ်ခဲ့ပါတယ်။

**နောက်ထပ် ဆုတစ်ဆု ထပ်ရလိုက်တဲ့အတွက် ဘယ်သူ့ကို ကျေးဇူးတင်မှာလဲ။**

ကျွန်တော် ဒီဆုကို ရလိုက်တာ ကျွန်တော့်ကို အားပေးတဲ့ပရိသတ်တွေကြောင့်ပါ။ ဒါကြောင့် ပရိသတ်တွေကို အရမ်းကျေးဇူးတင်သလို၊ ကျွန်တော့်ကိုမွေးပေးတဲ့ မိဘနှစ်ပါးကိုလည်း ကျေးဇူးတင်ပါတယ်။

**လွှမ်းပိုင်က City FM ပွဲကို တက်ရောက်လာတာ သီချင်းဆိုဖို့ပဲလား၊ ဆုယူဖို့ [illegible] ဆုအနေနဲ့ရော ဘယ်ဆုကို မှန်းခဲ့တာလဲ။**

ဒီနေ့ပွဲကို တက်လာတဲ့ အဓိကအကြောင်းရင်းကတော့ ဒီနေ့ပွဲမှာ သီချင်းဆိုဖို့ပါ။ ကျွန်တော်ရေးထားတဲ့ နေရာတစ်ခု သီချင်းကိုတင် ဆက်ချင်လို့ရောက်လာတာပါ။ ဆုရဖို့ကိုတော့ ကျွန်တော် မှန်းခဲ့ပါဘူး။ ပရိသတ်တွေက ဘယ်လောက်တောင်းဆိုထားတယ်ဆိုတာ ကျွန်တော်တို့မှ ကြိုပြီး မသိနိုင်တာ အဲဒီတော့ ကြိုပြီးတော့ မမျှော်မှန်းထားပါဘူး။

**လွှမ်းပိုင်က မမှန်းဘူးလို့ ပြောပေမဲ့ သီချင်းက အောင်မြင်ထားတော့ ကြိုပြီး ရင်ခုန်မနေဘူးလား။**

သီချင်းဆိုပေးဖို့ စီစဉ်ထားတာရယ်၊ ကိုယ့်ရဲ့ဂီတမောင်နှမတွေကို စုံစုံလင်လင်တွေ့ရမယ်။ ပျော်စရာပွဲတစ်ပွဲဖြစ်လို့ ဆုကို မမျှော်မှန်းထားတဲ့အတွက် ဒီအတိုင်းပဲ တက်လာတာပါ။

**လွှမ်းပိုင်က ဆုတွေ ဆက်တိုက်ပဲဆိုသလို ရရှိနေတော့ အခုရတဲ့ဆုက ဘယ်နှဆုမြောက် ဂီတဆုဖြစ်မလဲ။**

ဒါက ငါးဆုမြောက်ပါ။ Shwe FM က နှစ်ဆုရထားတယ်။ Myanmar Music Award မိုးရာသီဂီတဆုပေးပွဲက နှစ်ဆုနဲ့ အခုတစ်ဆုထပ်ရလိုက်တော့ငါးခုမြောက်ဆုပါ။

**ဘာကြောင့် ဒီလိုဆုတွေ ရရှိတယ်၊ ဆွတ်ခူးနိုင်တယ်လို့ ထင်လဲ။**

ကျွန်တော် အများဆုံး ရရှိတဲ့ဆုတွေက ပရိသတ်တွေပေးတဲ့ဆုဖြစ်လို့ ကျွန်တော့် ပရိသတ်တွေကိုပဲ ကျေးဇူးတင်ရမယ်။ FM ရေဒီယိုတွေမှာ သီချင်း တောင်းပေးတာပဲဖြစ်ဖြစ်၊ Online လိုင်းကတစ်ဆင့် မဲပေးတာပဲဖြစ်ဖြစ် အားပေးခဲ့ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆု ငါးဆု ရခဲ့ပြီ။ ဒီဆုတွေရဖို့ ဘယ်လိုကြိုးစားခဲ့ရတယ်၊ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာလည်း ပြောပြပေးပါဦး။**

ကြိုးစားခဲ့တယ်ဆိုတာကတော့ အဓိကသီချင်းကောင်းဖို့ပါပဲ။ သီချင်းကောင်းဖို့ဆိုရင်အချိန်လည်းပေးရတယ်။ ထူးခြားမှုတစ်ခုခုရှိအောင်လည်းဖန်တီးရတယ်။ သီချင်းကောင်းဖို့ ကြိုးစားရင်းကောင်းတဲ့သီချင်းတွေ ရရှိလာတာပါပဲ။ ကျွန်တော်က ဆုအပေါ် သိပ်ဇီလင်မထားဘူး။ သူများပေးလို့ရတဲ့ဆုထက် ကိုယ့်စိတ်ထဲမှာ ကိုယ့်ဟာကိုယ် ကျေနပ်ဖို့၊ အဓိကက ကျွန်တော် လုပ်လိုက်တဲ့သီချင်းတွေ ကျွန်တော် သိပ်မကြိုက်လို့ ဆုရခဲ့ရင်လည်း ကျွန်တော် မကြိုက်ဘူး။ အဓိကက ကိုယ့်ကိုယ်ကို ကျေနပ်ဖို့ပဲ။ သီချင်းတွေကို Level တင်ပြီးတော့ပဲလုပ်တယ်။

**အဲဒါဆိုရင် လွှမ်းပိုင်က ကိုယ့်ကိုယ်ကို ကျေနပ်မှုရနေပြီလား။**

အခု လောလောဆယ်တော့ ရနေပါတယ်။ ဒီ *ဂီတစာဆို* အခွေနဲ့ပတ်သက်ရင် ကျွန်တော်ကျေနပ်မှုရပါတယ်။ နောက် လုပ်မယ့် သီချင်းတွေအတွက် ကျွန်တော် ဖရိန်တွေချထားပါပြီ။ အဲဒါတွေကို ဒီအခွေလိုမျိုးပဲ ကျွန်တော် ကျေနပ်အောင်လုပ်နေပါတယ်။

**လွှမ်းပိုင်ကို အဓိကအားပေးနေတဲ့ ဆယ်ကျော်သက် ပရိသတ်တွေကို ဘာများ ပြောချင်လဲ။**

ကျွန်တော့်ပရိသတ် တွေ အသက်က ကျွန်တော် သိသလောက် ၁၇ ကနေ ၂၄ လောက်ပေါ့။ ကျန်တာလည်း ပါရင်ပါမှာပေါ့။ ပရိသတ်တွေအားလုံးကို အထူးကျေးဇူးတင်တယ်လို့ပဲ ထပ်ပြောရမယ်။ နောက်ထွက်မယ့် ကျွန်တော့်အခွေကိုပဲ ဖြစ်ဖြစ်၊ MTV ပဲဖြစ်ဖြစ်၊ DVD ပဲဖြစ်ဖြစ် ဒီထက် ဒီထက် ပိုပြီး ကောင်းအောင် ရိုက်သွားပါမယ်။ ရေးလည်း ရေးမယ်၊ ဆိုလည်းဆိုမယ်။ အခုလောလောဆယ်မှာ ကျွန်တော့်ရဲ့ *ဂီတစာဆို* DVD ကို ရိုက်နေပါတယ်။ ပြီးရင်တော့ ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးက ကိုဘိုစန်းတို့နဲ့ပြောထားတဲ့ ရုပ်ရှင်ကားကိစ္စ လုပ်နေပါတယ်။


**ရုပ်ရှင်ရိုက်ဖို့ ဘာဖြစ်လို့ လက်ခံဖြစ်တာလဲ။ ကိုယ်ကပဲ ရိုက်ချင်လို့လား၊ ပရိသတ်က တောင်းဆိုလို့လား။**

အခေါ်ကကတော့ ကိုဘိုစန်း ပရိုဂျူဆာလုပ်လို့ပါ။ ဒါရိုက်တာကတော့ ကိုဝင်းလွင်ထက်၊ ပါမယ့်သူတွေကလည်း ရဲရင့်အောင်တို့၊ ထက်ထက် (Bobby Soxer) တို့ အဲဒီလို သူငယ်ချင်းတွေများတော့ မှတ်တိုင်တစ်ခုအနေနဲ့ လုပ်ကြည့်ချင်တယ်။ ပထမကတော့ ဒီဇန်နဝါရီလမှာရိုက်ဖို့ စီစဉ်ထားတာ အခုတော့ ၃ လပိုင်းကို ရွှေ့ထားတယ်-လို့ လွှမ်းပိုင်က ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမကြီး
ဒေါ်ခင်နှင်းယုက
မိဘမေတ္တာကို
ဖော်ပြတဲ့ ဝတ္ထုတစ်ပုဒ်ကို
'နဂါးငွေ့တန်း' အမည်နဲ့
ရေးဖွဲ့ခဲ့ဖူးပါတယ်။
ဒီဝတ္ထုကို ကျွန်တော်တို့
ငယ်ငယ်တုန်းက
လျှမ်းလျှမ်းတောက်
အောင်မြင်နေတဲ့
(ဒေါ်)ကြည်ကြည်ဌေးနဲ့
ရိုက်ကူးခဲ့ပြီး
'ညပန်းချီ' ဆိုတဲ့အမည်နဲ့
ရုပ်ရှင် ရိုက်ခဲ့ဖူးပါတယ်။
အခု ခရေဖြူ
ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး
အတွက်
ဒါရိုက်တာ
မောင်မျိုးမင်း(ရင်တွင်းဖြစ်)က
'နဂါးငွေ့တန်း' အမည်နဲ့ပဲ
ဗီဒီယိုကားတစ်ကား
ရိုက်ကူးပြီးစီးခဲ့ပါပြီ။

# နဂါးငွေ့တန်း

**မိုးကျော်ထွန်း**

အဓိကသရုပ်ဆောင်သူ
ကတော့
မို့မို့မြင့်အောင် ဖြစ်ပါတယ်။
ဇာတ်စဖွင့်ဖွင့်ချင်းမှာ
နိုက်ကလပ်တစ်ခုရဲ့
မြင်ကွင်းကို မြင်ရပါတယ်။
လူငယ်များ
ကခုန်မြူးထူးနေတဲ့ကြားက
တစ်မူထူးခြားနေတဲ့
အမျိုးသမီးကြီးတစ်ဦးက
စီးကရက် ဖွာလိုက်၊
ဝိုင်သောက်လိုက်နဲ့
မိန်းကလေးတစ်အုပ်နဲ့
ထိုင်နေပါတယ်။
ကလပ်ထဲကို ဝင်သူဝင်၊
ထွက်သူထွက် ရှိနေချိန်





www.burmeseclassic.com

www.burmeseclassic.com



အတွဲတစ်တွဲ ဝင်လာတာကို သူ မြင်လိုက်ပါတယ်။ ဝင်လာတဲ့ အမျိုးသားက သူ့ဆီမှာ မိန်းကလေးများရဲ့အသွေးအသားကို ဝယ်နေကျဖြစ်တဲ့ ဖရက်ဒီ(ဇင်မျိုး)ဖြစ်နေပြီး ကလပ်မှာ တစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေးနဲ့ တွဲလာတာပါ။ ဒီမိန်းကလေးကို မြင်လိုက်ချိန်မှာ အများက ပြည့်တန်ဆာခေါင်းအဖြစ် သိထားကြတဲ့ ဒေါ်ပင်ဒိုရာ(ခေါ်) ဒေါ်မြသန္တာ(မိုမိုမြင့်အောင်) မျက်လုံးကျွတ်ထွက်သွားမတတ် ကြည့်နေပြီး အံ့ဩနေပါတယ်။ မိန်းကလေးရဲ့လှုပ်ရှားမှုတွေကို ကြည့်နေရင်းက မိန်းကလေးက ရေအိမ်ဘက်ကို ထွက်သွားတာကြောင့် သူ လိုက်သွားပါတယ်။ အနားမှာ ရှိတဲ့ မိန်းကလေးတစ်ယောက်ကိုလည်း ဖရက်ဒီရဲ့ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် ကြည့်ထားဖို့ မှာခဲ့ပါတယ်။

ရေအိမ်ထဲမှာ မိန်းကလေးက လက်ဆေးနေချိန် ဒေါ်ပင်ဒိုရာ ရောက်သွားပြီး ဒီနေရာကနေ အမြန်ဆုံး ပြန်ထွက်သွားဖို့၊ အပြန်လမ်းမှာ ဘယ်နေရာမှ မဝင်ဘဲ အိမ်ကိုသာ တန်းတန်းမတ်မတ် ပြန်ဖို့ ခပ်ကြမ်းကြမ်းပဲ ပြောခဲ့ပါတယ်။ ဘယ်သူမှန်းမသိတဲ့ အမျိုးသမီးကြီးက သူ့ကို အမိန့်ပေးနေတာကြောင့် နေရီ (ချစ်သုဝေ)အံ့ဩသွားရပါတယ်။

ဖရက်ဒီကတော့ နေရီ မရှိခိုက်မှာ နေရီ သောက်မယ့် အချိုရည်ခွက်ထဲကို ဆေးပြားတစ်ပြား ထည့်လိုက်ပါတယ်။ ဒီမြင်ကွင်းကို နေရာပြန်ရောက်လာတဲ့ ဒေါ်ပင်ဒိုရာအား သူ မှာထားခဲ့တဲ့ မိန်းကလေးက ပြန်သတင်းပို့တာကြောင့် ဖရက်ဒီအပါးကို ပြန်ရောက်ပြီး အချိုရည်သောက်တော့မယ့်ဆဲဆဲ နေရီထံ ခပ်သုတ်သုတ်သွားလိုက်ပြီး မိတ်ဟောင်းဆွေဟောင်းဖြစ်တဲ့ ဖရက်ဒီကို 'ပစ္စည်းသစ်ကလေးတွေ ရောက်နေတယ်။ လာကြည့်ပါဦး' လို့ ဒေါ်ပင်ဒိုရာက ဆိုရင်း ပိုင်များပြီး မူးနေသယောင်နဲ့ နေရီကို တိုက်လိုက်တာကြောင့် နေရီ့လက် ထဲက ဖန်ခွက် လွတ်ကျသွား ပါတယ်။

ဒေါ်ပင်ဒိုရာက နေ အတွက် အချိုရည်တစ်ခွက် အသစ်မှာပေးခဲ့ပြီး နေရာမှ ပြန်ထိုင်ချိန် ဖရက်ဒီကတော့ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေပါပြီ။ ဒေါ်ပင်ဒိုရာ ပြောသွားတဲ့စကားကို နေ က မေးကြည့်တော့ ဖရက်ဒီ က 'ကိုယ်က သူ့ဆီက အကျီ တွေ၊ ဘောင်းဘီတွေ ဝယ်နေ ကျဆိုတော့ ပစ္စည်းသစ်ရောက် နေတာ လာကြည့်ဖို့ ခေါ်တာ ပါ' လို့ ရှင်းပြခဲ့ပါတယ်။

တကယ်တော့ နေရီက ဖရက်ဒီ့နောက်ကို လိုက်ချင် လို့ လိုက်လာတာ မဟုတ်ပါ ဘူး။ တက္ကသိုလ်မှာကတည်း က နေရီ့နောက်ကို တကောက် ကောက်လိုက်နေတဲ့ ဖရက်ဒီ နဲ့ပတ်သက်ပြီး သူ့ချစ်သူ(ဧ တီဦး)က သဝန်တိုစကားဆို ရာက အရွဲ့တိုက်တဲ့အနေနဲ့ ဖရက်ဒီ ခေါ်တဲ့ကလပ်ကို လိုက်လာခဲ့တာပါ။ သွားနေ ကျနေရာမဟုတ်တဲ့အတွက် နေရီက ပြန်ချင်ပြီဆိုတော့



www.burmeseclassic.com

ဖရက်ဒီက ကလပ်ကနေ သူ့ကားနဲ့ ပြန်ထွက်လာခဲ့ပါတယ်။

ဖရက်ဒီတို့ ထွက်သွားတာကို မြင်လိုက်တဲ့ ဒေါ်ပင်ဒိုရာက အငှားကားတစ်စီးနဲ့ နောက်က အမီလိုက်ပါတယ်။ ဒါပေမဲ့ မီးပွိုင့်တွေ မိနေတာကြောင့် မျက်ခြည်ပြတ်သွားပါတယ်။ ဖရက်ဒီက သူ့အိမ်ကို မောင်းသွားပြီး နေရီကို ခဏဆင်းပါဦးဆိုတော့ နေရီ စဉ်းစားလိုက်မိတယ်။ ကလပ်ထဲမှာ အမည်မသိ အမျိုးသမီးကြီးတစ်ဦးက အိမ်ကို တန်းတန်းမတ်မတ် ပြန်ဖို့ သတိပေးခဲ့တာ ကြားယောင်မိတယ်။ ဒါကြောင့် နေရီ မဆင်းခဲ့ပါဘူး။ ဒါပေမဲ့ ဖရက်ဒီက တစ်ခေါက်ပြန်ထွက်လာပြီး သူ့မိခင်က တွေ့ချင်လို့ ခဏဆင်းပါ ဆိုတာကြောင့် အားနာစိတ်နဲ့ နေရီ ဆင်းလိုက်မိပါတယ်။

အကြံသမား ဖရက်ဒီက နေရီကို အကြမ်းဖက်သိမ်းသွင်းဖို့ ကြိုးစားချိန်မှာ နေရီက အချူသတ်ပြီး ရေအိမ် ခဏသွားပါရစေဆိုတော့ ဖရက်ဒီက နေရာလိုက်ပြပေးခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ဖရက်ဒီ့ဖုန်းကို ဒေါ်ပင်ဒိုရာက ဆက်သွယ်လာပါတယ်။ ဖရက်ဒီ ဖုန်းပြောနေစဉ်မှာ နေရီက လွတ်ရာလွတ်ကြောင်း ရှာခဲ့ပေမဲ့ မလွတ်နိုင်ခဲ့ပါဘူး။ မီးဖိုခန်းထဲမှာ ပိတ်မိသွားချိန်








www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလည်း ပြေသွားကြပါ တယ်။ နောက်တစ်နေ့ မနက် သတင်းစာများမှာ ဖရက်ဒီ အသတ်ခံရကြောင်း ဖော်ပြ ထားတာကို နေရီရဲ့မိဘများ တွေ့တာကြောင့် သမီးကို ခေါ်မေးကြတယ်။ သမီးနဲ့ ဖရက်ဒီ မနေ့ညက အတူ သွားကြတာကို မိဘများက လည်း သိထားလို့ပါပဲ။ ဇာတ်အဖွင့်မှာ လူသတ်မှုတစ်ခုနဲ့ စ,လိုက်ပြီး ကာယ ကံရှင်မိန်းကလေး မသိတဲ့ အမျိုးသမီးကြီး

တစ်ဦးက သူ့အစား နေရာ ယူသွားပါပြီ။ ဒီအမျိုးသ ကြီးကို နေရီက စိတ်ထဲ တစ်စုံတစ်ခုဖြစ်ပေါ်နေတယ ဘာကြောင့်မှန်းတော့ ကိုယ်တိုင် မသိ။

**နဂါးငွေ့တန်း** က သ မန်ချစ်ကြိုက်ညားကွဲ ဇာ လမ်းမဟုတ်ပါဘူး။ မြန်မာ ဒီယိုကားများမှာ တွေ့ရခဲ့ လူသတ်မှုတစ်ခုကို စစ်ဆေ တဲ့တရားခွင်ကိုလည်း စိ ဝင်စားဖွယ်ရာ တွေ့ရမှာပ တရားသူကြီးက ဦးမင် အောင်(ရန်အောင်)၊ တရား အဖြစ်တွေ့ရတဲ့ ပင်ဒိုရာ(ခေါ မြသန္တာက တရားသူကြီး

အကြမ်းဖက်လာတဲ့ ဖရက်ဒီ ကို နေရီက တွေ့ရာ ဓားနဲ့ ကောက်ထိုး လိုက်ပါတယ်။ အချက်ပေါင်းများစွာ ထိုး လိုက်တာကြောင့် ဖရက်ဒီ အသက်ဆုံးရှုံးသွားပါတယ်။

ကြောက်ကြောက်လန့် လန့်နဲ့ ထွက်ပြေးဖို့ တံခါးဖွင့် လိုက်ချိန်မှာ မျက်နှာချင်းဆိုင် မိတာကတော့ ဒေါ်ပင်ဒိုရာပါ ပဲ။ ဒေါ်ပင်ဒိုရာက နေရီကို ဘာမှမဖြစ်ဘူး မဟုတ်လား လို့မေးတော့ နေရီက ဖရက်ဒီ သေပြီဖြစ်ကြောင်း ဖြေကြား လိုက်တဲ့အခါ ဒေါ်ပင်ဒိုရာက နေရီကို သူ စီးလာတဲ့အငှား ယာဉ်နဲ့ အိမ်ကို ပြန်ပြီး အရင်း

နှီးဆုံးသူငယ်ချင်းများကို ဖရက်ဒီက ညှို့သည်တစ် ယောက်နဲ့ ချိန်းထားလို့ဆိုပြီး နေရီ့ကို လမ်းမှာချခဲ့တာ ကြောင့် အငှားယာဉ်နဲ့ အိမ်ပြန် ခဲ့ရကြောင်း ပြောဖို့ မှာလိုက် ပါတယ်။

အိမ်ပြန်ရောက်တော့ သူငယ်ချင်းတွေဆီကို ဆက် သလို ချစ်သူထံ ဖုန်းဆက်တဲ့ အခါ ဖုန်းမအားဖြစ်နေတာ ကြောင့် စိတ်ပျက်ခဲ့ရပါတယ်။ နေရီရဲ့ချစ်သူ(ပြေတီဦး)က သူ့ဖုန်းမှာ Second Call တွေ တွေ့တာကြောင့် နေရီ့ထံ ပြန် ဆက်လိုက်ပါတယ်။ ချစ်သူ နှစ်ဦး ပြေလည်သွားကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ယ်ချစ် ကိုဖိုးမောင်လို့ပဲ
ထားပါတယ်။ သူ့ဘက်က
နေလိုက်ပေးမယ့် နေရီချစ်သူ
နေကလေး (ပြေတီဦး)က
ရေးသူကြီး ဦးမင်းအောင်ရဲ့သား၊
ရီ ဆိုတာက ဦးမင်းအောင်
မလောင်း။ ဇာတ်အိမ်ကို
သို့ စိတ်ဝင်စားဖွယ်ရာ
အားပြီးသရုပ်ဆောင်မှု
နိုင်တဲ့ မို့မို့မြင့်အောင်၊
အောင်၊ ပြေတီဦးနဲ့
သူဝေတို့ရဲ့အားပြိုင်မှုကို
ရမှာ ဖြစ်ပါတယ်။
ယ်တော့ ဒီကားဟာ
ရှင်ကားကြီးတစ်ကားသာ
မယ်ဆိုရင်....။

■ **မိုးကျော်ထွန်း**





www.burmeseclassic.com

www.burmeseclassic.com



City FM ၁၃ နှစ်ပြည့်ပွဲမှာ
၂၀၁၄ ခုနှစ်အတွက် City FM Award ဆုရရှိသူများအမှတ်တရ



တေးသံရှင် ဖြိုးကြီးရဲ့ဖျော်ဖြေဟန်

စိုးသူ...
ပါဝင်ဖျော်ဖြေခဲ့ပါလေးတယ်...




www.burmeseclassic.com

www.burmeseclassic.com



# ၁၃ နှစ် ပြည့်မြောက်ပြီဖြစ်တဲ့ City FM ရဲ့ နှစ်ပတ်လည်ပွဲ

လင်းနိုင်ဦး



ဂစ်တာ နိုင်ဇော် (Lazy Club) ရဲ့ လက်စွမ်းပြတီးခတ်မှု

FM Radio လိုင်းတွေရဲ့ပထမဦးဆုံးအသံလွှင့်ဌာန တစ်ခုဖြစ်တဲ့ City FM အသံလွှင့်ဌာနကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်လို့ ၂၀၁၅ ခုနှစ် ရောက်ရှိလာတဲ့အခါမှာ City FM ကို တည်ထောင်ခဲ့တာ ၁၃ နှစ် ပြည့်မြောက်လာပြီ ဖြစ်ပါတယ်။ City FM က သူတို့ရဲ့ပထမဦးဆုံး နှစ်ပတ်လည်ပွဲက စပြီး ဂီတလောကမှာ ဆု ရွေးချယ်ချီးမြှင့်ခြင်း အစီအစဉ်များနဲ့ သီဆိုဖျော်ဖြေမှု အစီအစဉ်များကို စီစဉ်သူများက တစ်မူထူးခြားစွာ တင်ဆက်နိုင်ခဲ့ကြတဲ့အတွက် City FM ရဲ့ နှစ်ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနားမှာ သီဆိုဖျော်ဖြေမှုများဟာ ပရိသတ်အတွက် အမှတ်တရ ရှိစေခဲ့ပါတယ်။ ဂီတဆုအနေနဲ့ ချီးမြှင့်ခဲ့ရာမှာတော့ အကောင်းဆုံးဆိုပြီး ရွေးချယ်ချီးမြှင့်တာ မဟုတ်ဘဲ ရောင်းအားအကောင်းဆုံး တေးစီးရီးများရဲ့တေးသီချင်းသီဆိုသူ၊ တေးစီးရီးထုတ်လုပ်သူများနဲ့ City FMအသံလွှင့်ဌာနမှာ သီချင်းအများဆုံးတောင်းဆိုခြင်း ခံရတဲ့ အဆိုရှင်များကို City FM Awardဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ City FMက သူတို့ရဲ့အသံလွှင့်ဌာနရပ်တည်အောင်မြင်မှုဟာ ဂီတ၊ ရုပ်ရှင်၊ သဘင် စာပေပညာရှင်များရဲ့ဝိုင်းဝန်းကူညီမှုများနဲ့ အောင်မြင်ခဲ့တာဖြစ်တယ်လို့ အသိအမှတ်ပြုထားခဲ့တဲ့အတွက် နှစ်ပတ်လည်အခမ်းအနားကျင်းပတိုင်း ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေပညာရှင်များကို ဖိတ်ကြားပြီး ညစာနဲ့ ဂုဏ်ပြုဧည့်ခံတာပဲဖြစ်ပါတယ်။ City FM ရဲ့နှစ်ပတ်လည်ပွဲများကို ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေပညာရှင်များကလည်း စုံစုံညီညီတက်ရောက်ချီးမြှင့်ပေးကြတာ City FM ပွဲရဲ့ အားသာချက်တစ်ခုပါပဲ။

၁၃ နှစ်ပြည့် နှစ်ပတ်လည်ပွဲကိုတော့ ဇန်နဝါရီလပထမပတ်ရဲ့ စနေနေ့ဖြစ်တဲ့ ၃ ရက်နေ့ ည ၆ နာရီအချိန်မှာ ကျင်းပခဲ့တာဖြစ်ပြီး နှစ်စဉ် ကျင်းပမြဲအတိုင်း ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convenction Center(MCC) ဝင်းအတွင်းမှာ ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ် City FM ရဲ့ဂုဏ်ပြုပွဲကို ပံ့ပိုး ကူညီပေးတာက MD ကုမ္ပဏီရဲ့ထုတ်ကုန်တစ် ဖြစ်တဲ့ Sunkist အချိုရည်က ဖြစ်ပါတယ်။ နှစ်ပတ်လည် အခမ်းအနားမှာ အစီအစ တင်ဆက်သူများအဖြစ် ဆ ထွဋ်နဲ့ တင်မိုးလွင်တို့ ဆောင်ရွက်ပေးခဲ့ကြတာ ဖြ ပါတယ်။ အခမ်းအနားမှာ ရန်ကုန်မြို့တော် စည်ပင်သာ ယာရေးကော်မတီအတွင်း ရေးမှူး ဦးကျော်စိုးရဲ့ ဂုဏ် ပြုအမှာ စကားပြောကြားခြင်း နဲ့ စတင်ခဲ့ပြီး၊ ဦးကျော်စိုးက ၂၀၁၄ ခုနှစ်အတွက် ကြေ ငြာအများဆုံး ထည့်သွင်းခဲ့တဲ့



တေးသံရှင် မီစန္ဒီက အကာအလှများနဲ့ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်



ကလေးငယ်များရဲ့ဖျော်ဖြေမှု



အိမ့်ချစ်ရဲ့အတီးနဲ့ နိုင်းဝ ရဲ့အ



www.burmeseclassic.com

www.burmeseclassic.com



နိုဒ်ယ်ဒီနိုး၊ ဦးဇော်ဟိုးအောင်၊ လွှမ်းပိုင်
ပြင့် Bobby Soxer တို့အမှတ်တရ

များရေး လုပ်ငန်းရှင် ၃ ဦးနဲ့ ကြော်ငြာ အေဂျင်စီတို့ကို အမှတ်တရဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းနဲ့စတင်ခဲ့ပါတယ်။

ဆက်လက်ပြီး City FM Radio အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံများကို ပရိသတ်တာနဲ့ပြသပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ တေးဂီတ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များကို စတင်ကျင်းပရာ ပထမဦးစွာ တေးသံရှင် နိုးရာနဲ့ Leo တို့က *စရဏ* တို့ အမည်ပေးထားတဲ့ တေးသီချင်းကို ဂီတမိတ်၊ တယောအဖွဲ့၊ ယဉ်ကျေးမှုအနုပညာအဖွဲ့တို့ရဲ့ ဖျော်ဖြေတင်ဆက်မှုများနဲ့ သီဆိုပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ထက်အောင်က *နေတစ်ကောင်၏ကျိန်စာ၊* ကောင်းကောင်းက *ချစ်သူတန်ဖိုး၊* ဖြိုးကြီးက *ဘရဏီ၊* သျှီက *သတ္တိမရှိရင်မချစ်နဲ့* သီချင်းများနဲ့ ဧည့်သည်တော်များကို သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။

နှစ်ပတ်လည်ပွဲ ကျရောက်တိုင်း ချီးမြှင့်ပေးနေကျ City FM Award ဂုဏ်ပြုဆုများ ချီးမြှင့်နိုင်ဖို့အတွက် ပထမဦးစွာ ၂၀၁၄ ခုနှစ်အတွင်းရောင်းအား အကောင်းဆုံး မြန်မာသံတေး စီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင်ဆုကို အသံပိုင်းဆိုင်ရာပညာရှင် ကိုဝေထွန်းက ဖွင့်ဖောက်ကြေညာပေးခဲ့ပါတယ်။ ဆုရှင်ကို မကြေညာမီ ရောင်းအား အကောင်းဆုံးစာရင်းဝင် ဆန်ခါတင် ၃ ဦးကို အရင်ဆုံး ကြေညာပြီးမှ ဆုရှင်ကို ကြေညာပေးတာ ဖြစ်ပါတယ်။ ဒီဆုကို ပိုးအိစံက *လွှမ်းမပြေတဲ့နှောင်း* တေးစီးရီးနဲ့ ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ ဒီဆုကို ထပ်မံရရှိ လိုက်တဲ့အတွက် ပိုးအိစံက City FM ရဲ့ ဆုအများဆုံး ရရှိသူဖြစ်ခဲ့ပါတယ်။ ဒီဆုက ပိုးအိစံအတွက် ၈ ဆုမြောက် ဖြစ်တယ်လို့ သိရပါတယ်။ နောက်ထပ်ဖွင့်ဖောက်ကြေညာပေးတဲ့ဆုကတော့ မြန်မာသံ




www.burmeseclassic.com

www.burmeseclassic.com



တေးသံရှင် သျှီ

တေးသံရှင် ဝေလ

တေးသံရှင်
ချမ်းချမ်းတို့ဇနီးမောင်နှံကလည်း
တွဲဖက်ဖျော်ဖြေခဲ့ပါတယ်

တေးစီးရီးသီဆိုသူ အမျိုးသားတေးသံရှင်ဆုပဲဖြစ်ပါတယ်။ ဒီဆုကိုတော့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပေါက်ခဲ့တဲ့ *မြန်မာတို့ရဲ့အလှူခံနဲ့ အလှူခံပါဇူး* တေးစီးရီး သီဆိုသူ ဝေမိုးက ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ်ဖွင့်ဖောက်ကြေညာပေးတဲ့ဆုက ရောင်းအားအကောင်းဆုံး တေးစီးရီးထုတ်လုပ်သူဆုပဲ ဖြစ်ပါတယ်။ ဒီဆုကိုတော့ *လွမ်းမပြေတဲ့နှောင်း* တေးစီးရီးကို ထုတ်လုပ်ပေးခဲ့တဲ့ ခွန်ထွန်းမောင် တေးထုတ်လုပ်ရေးက ရရှိသွားခဲ့တာဖြစ်ပါတယ်။ ဒီဆုအပေါ်မှာတော့ တီးတိုးဝေဖန်သံတချို့ ရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ *မြန်မာတို့ရဲ့အလှူခံနဲ့ အလှူခံပါဇူး* တေးစီးရီးကို ကျော်လွန်ပြီး ရခဲ့တာဖြစ်လို့ ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

ဆု ၃ ဆု ဖွင့်ဖောက်ကြေညာပေးလို့အပြီးမှာ တေးဂီတဖျော်ဖြေမှုများနဲ့ ဆက်လက်တင်ဆက်ခဲ့ပါတယ်။ City FM က နှစ်စဉ်နှစ်တိုင်း ထူးထူးခြားခြား ကျင်းပနေကျအတိုင်း ထူးခြားတဲ့တင်ဆက်မှု၊ အကအဖွဲ့များရဲ့ ပံ့ပိုးကူညီမှုများနဲ့ တင်ဆက်ခဲ့ရာမှာ တေးသံရှင်များအတွက် တီးခတ်ပေးခဲ့တဲ့ ဂီတဝိုင်းကိုလည်း တစ်ဝိုင်းပြီးတစ်ဝိုင်း တီးခတ်လို့ရအောင် The Ugly Band နဲ့ Lazy Club Band တို့ကို ထားရှိပါတယ်။ ဒုတိယပိုင်းဖျော်ဖြေမှုမှာတော့ ကျားပေါက်နဲ့ ပိုပိုတို့ရဲ့ *နှင်ရယ်ငါရယ်* သီချင်းကို Big Bag Band ရဲ့တီးခတ်ပေးမှုနဲ့ သီဆိုခဲ့ကြတာဖြစ်ပါတယ်။ မိစန္ဒီနဲ့ Bobby Soxer တို့ရဲ့ *နော်ကိုကိုနော်* သီချင်းကို ဖျော်ဖြေရာမှာ Jade Dragon အကအဖွဲ့က ပါဝင်ကူညီကပြပေးခဲ့ပါတယ်။ အဲဒီနောက် လွှမ်းပိုင်ရဲ့ *နေ့ရာလေးတစ်ခု* သီချင်းနဲ့ ဆက်လက်တင်ဆက်ပြီး ဆုများကို ဆက်လက်ကြေညာပေးခဲ့ပါတယ်။

အဲဒီလို ကြေညာရာမှာ ၂၀၁၄ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီးသီဆိုသူ အမျိုးသားတေးသံရှင်ဆုကို အရင်ဆုံး ဖွင့်ဖောက်ကြေညာပေးရာ *လှုပ်ရှားလှည့်တေး* တေးစီးရီးကို သီဆိုပေးခဲ့တဲ့ လူငယ်အဆိုတော် ဘန်နီဖြိုးက ရရှိသွားခဲ့ပါတယ်။ အမျိုးသမီးတေးသံရှင်ဆုကို *အာဘွား* တေးစီးရီးနဲ့ ဝိုင်းစုခိုင်သိန်းက ရရှိသွားခဲ့ပါတယ်။ ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီးထုတ်လုပ်သူဆုကိုတော့ ဘန်နီဖြိုးရဲ့ *လှုပ်ရှားလှည့်တေး* ကို ထုတ်လုပ်ပေးခဲ့တဲ့ **Frenzo Production** ကရ ရှိသွားခဲ့ပါတယ်။ Frenzo Production ကို စိုင်းစိုင်းခမ်းလှိုင်က တည်ထောင်ထားတာဖြစ်ပါတယ်။ စိုင်းစိုင်းက ငပလီကို ရောက်ရှိနေတဲ့အတွက် ဒီဆုကို ချီးမြှင့်ရာမှာ ဘန်နီဖြိုးကပဲ ကိုယ်စားတက်ရောက်ခဲ့တာဖြစ်ပါတယ်။

တတိယပိုင်းအစီအစဉ်အဖြစ် သီချင်းများနဲ့ ဆက်လက်ဖျော်ဖြေရာမှာ နီနီခင်ဇော်က *ပါရာပါးပါးပါး ဗုံဗုံ*... ဝေလက *ပထမဆုံးနဲ့ နောက်ဆုံး*၊ ဘုဏ်းသိုက်နဲ့ ချမ်းချမ်းတို့က *တို့ရဲ့အချိန်*၊ အိုင်ရင်းဇင်မာမြင့်က *သူငယ်ချင်းလိုပဲ* သီချင်းနဲ့ ဖျော်ဖြေပေးခဲ့ပါတယ်။ ဒီပွဲကြီးရဲ့ အဆုံး...



www.burmeseclassic.com

www.burmeseclassic.com



တေးသံရှင်
ကောင်းကောင်းရဲ့ဖျော်ဖြေမှု

ဖျော်ဖြေမှု၊ အခမ်းအနား တင်ဆက်မှု၊ ဆုချီးမြှင့်ခြင်းများကို ဒါရိုက်တာ ဉာဏ တင်စိုးက ကင်မရာများစွာနဲ့ မှတ်တမ်းတင် ရိုက်ကူးပေးထားတာဖြစ်လို့ ဒီပွဲကို ဂီတချစ်သူများ မကြာမီ ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။

နောက်ဆုံးကြေညာပေးတဲ့ ဆုများကတော့ City FM Radio အစီအစဉ်မှာ ဂီတသတ်တောင်းဆိုမှုအများဆုံး ရေပန်းအစားဆုံးဆု ဖြစ်ပါတယ်။ ဒီဆုတွေကို သီချင်းပိုင်ရှင် သီဆိုသူများကို ချီးမြှင့်ရာ အမျိုးသားတေးသံရှင်ထဲက လွှမ်းပိုင်နဲ့ အမျိုးသမီးတေးသံရှင်ထဲက နီနီခင်ဇော်တို့က ရရှိသွားခဲ့ကြပါတယ်။ နောက်ဆုံးအနေနဲ့ ဖျော်ဖြေပေးတာကတော့ ဝိုင်းစုခိုင်သိန်းက *မေမေ့အတွက် သီချင်း*၊ နိုင်းဝမ်းနဲ့ အိမ့်ချစ်တို့က *ကိုယ်တို့ခေတ် သူတို့ခေတ်ရဲ့ သုံးရာသီချစ်သူ* နဲ့ နောက်ဆုံးပိတ်အနေနဲ့ အဆိုတော်၊ သရုပ်ဆောင် စိုးသူက *ဝိမုတ္တိ သို့မဟုတ် ငြိမ်းချမ်းရေး* လို့ အမည်ပေးထားတဲ့ တေးသီချင်းကို အကအဖွဲ့များနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်ပေးခဲ့တာတွေ့ခဲ့ရပါတယ်။

ဆုရရှိသူများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ကိုယ်တိုင် City FM Award ဂုဏ်ပြုဆုများ၊ ရုပ်တုဆုများ ချီးမြှင့်ပေးခဲ့ပြီး နှစ်ပတ်လည်ပွဲကို ပံ့ပိုးကူညီကျင်းပပေးခဲ့တဲ့ MDG ကုမ္ပဏီမှ MD ဦးအောင်မော်သိန်းကလည်း ရွှေတစ်ကျပ်သား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



ခင်ပွန်းသည်နဲ့အတူ မေဆွိ



သားနဲ့အတူ ဖေဖေ သားစိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်လှူဒါန်းမယ့် အရုပ်များ
အိုဘားမားတို့ဇနီးမောင်နှံ
ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၄ က တွေ့ရှိ


# အိုဘားမား ဇနီးမောင်နှံ ပြောတဲ့ ၂၀၁၄

**ဇာနည်ညီမိ်း**

ဒီနေ့ခေတ်ရဲ့ ဆယ်ကျော်သက်
အရွယ်သားသမီးများရဲ့ မိဘတိုင်း ကြုံ
တွေ့ရသလို အမေရိကန်သမ္မတ ဘား
ရက်အိုဘားမားနဲ့ မစ်ရှဲလ်တို့လည်း ကြုံ
တွေ့ရပါတယ်။ ဒီဇင်ဘာနှောင်းပိုင်းနဲ့
ဇန်နဝါရီ ပထမပတ်တို့မှာ အမေရိကန်
ပြည်သူတို့ အားလပ်ရက်ဖြစ်ပြီး တစ်
ဦးနဲ့တစ်ဦး အပြန်အလှန်လက်ဆောင်
တွေ ပေးလေ့ရှိပါတယ်။ အိုဘားမားတို့
ဇနီးမောင်နှံက သူတို့သမီးနှစ်ယောက်
အတွက် လက်ဆောင်ဝယ်ရတာနဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်မှာ ခရစ္စမတ်သစ်ပင် မီးထွန်းပွဲကို ဒီဇင်ဘာ ၄ ရက်နေ့မှာ ကျင်းပပြီးရင် မိသားစုလိုက် အိုဘားမားရဲ့ဇာတိမြေဖြစ်တဲ့ ဟာဝိုင်ယီမှာ သွားရောက်အပန်းဖြေကြမှာ ဖြစ်ပါတယ်



ပြီး 'ကလေးတွေက အရုပ်တွေ ချင်တော့ဘူး။ သူတို့က iTune ပဲ လိုချင်ကြတာ' လို့ မိဘမဲ့ လေးများအတွက် နှစ်ကူးလက် င်ပေးမယ့် အရုပ်များဝယ်ရင်း အို းက ဆိုပါတယ်။ သူ့သမီးနှစ် က ၁၆ နှစ်နဲ့ ၁၃ နှစ် ရှိကြပြီ ပါတယ်။ သမ္မတနဲ့ဇနီးတို့ဟာ နဲ့အတူ ညစာအတူတူစားရင်း နေတဲ့သတင်းတွေကို ဆွေးနွေး ရှိပါတယ်။ သမ္မတက ပြောကြားရာမှာ 'ကျွန်တော် ကလေးတွေကို ပြောပြရတာက သမိုင်းဆိုတာ ရွေ့လျားနေတာ မှန်ပေမဲ့ မျှော်လင့်သလို အလျင်အမြန်ရွေ့လျားနေတာတော့ မဟုတ်ဘူး ဆိုတာပဲ' လို့ ဆိုပါတယ်။ သမ္မတနဲ့ဇနီးတို့ကို ဒီဇင်ဘာလ ၁၀ ရက်နေ့က People မဂ္ဂဇင်းရဲ့ အယ်ဒီတာဖြစ်တဲ့ Jess Cagle နဲ့ နိုင်ငံရေးဆိုင်ရာ သတင်းထောက်တစ်ဦးဖြစ်တဲ့ Sandra Sobieraj Westfall တို့က သွားရောက်တွေ့ဆုံခွင့်ရခဲ့ပါတယ်။ အဲဒီလိုသွားရောက်တွေ့ဆုံရာမှာ သမ္မတနဲ့ဇနီးတို့က ကုန်လွန်သွားတဲ့ ၂၀၁၄ ခုနှစ်အပေါ်မှာ သုံးသပ်ပြောကြားခဲ့ပုံကို ရွှေအမြုတေပရိသတ်များအတွက် တင်ပြပေးလိုက်ပါတယ်။

❑

**သမ္မတကြီးခင်ဗျာ...**

**ကုန်လွန်သွားတဲ့ ၂၀၁၄ ခုနှစ်ကို ပြန်ကြည့်မယ်ဆိုရင် ဘယ်ကိစ္စက စိန်ခေါ်မှုအကြီးမားဆုံး ဖြစ်ခဲ့ပြီး ဘယ်ကိစ္စက ဂုဏ်ယူစရာအကောင်းဆုံးဖြစ်ခဲ့ပါသလဲ။**

ဒီနှစ် နွေရာသီအစကတည်းက တော်တော်ပြင်းထန်တဲ့စိန်ခေါ်မှုတွေ တွေ့ရပါတယ်။ အီဘိုလာတို့၊ ISIL တို့ပေါ့။ ဒါပေမဲ့ အကုန်လုံး ခြုံကြည့်မယ်ဆိုရင်တော့ ဒီနှစ်တစ်နှစ်လုံးမှာ အမှတ်တရဖြစ်စရာတွေ တော်တော်များတယ်လို့ ဆိုရပါမယ်။ ကျွန်တော်တို့မှာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက စီးပွားရေး ခိုင်မာတောင့်တင်းခဲ့တယ်။ အလုပ်လက်မဲ့ဦးရေ ကျဆင်းသွားခဲ့တယ်။ လူ ၁၀ သန်းကျော် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုတွေ ရခဲ့ကြတယ်။ ဒီထောက်ပံ့မှုကို အရင်က သူတို့မရခဲ့ပါဘူး။ ဒီထက်မက ပိုပြီးထောက်ပံ့နိုင်အောင်လည်း ကြိုးစားနေပါတယ်။ ရေရှည်စိန်ခေါ်မှုတွေကတော့ အီရတ် တို့၊ ဆီရီးယားတို့မှာ ISIL နဲ့ ကြုံတွေ့နေရပါသေးတယ်။ ကျွန်တော်တို့ အနေနဲ့ ပျော့ပျောင်းညင်သာတဲ့နည်းနဲ့ အဲဒီဒေသတွေမှာ ရှိနေတဲ့ အစွန်းရောက်သမားတွေကို မောင်းထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်တွင်းကို ခြုံငုံကြည့်မယ်ဆိုရင် ဒီနှစ်မှာ မိသားစုအတော်များများဟာ အရင်နှစ်ကထက် အခြေအနေကောင်းတာကို တွေ့လာရပါတယ်။ အခုလိုပဲ ဆက်ပြီး ကြိုးစားသွားမယ်ဆိုရင် နောက်နှစ် ခရစ္စမတ်မှာ ဒီထက်ပိုမိုများပြားတဲ့ မိသားစုဝင်များ၊



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လစီဟာ မာတင်လူသာကင်း(ဂျူနီယာ)ရဲ့ စိမ်ခေါ်ချက်ဖြစ်တဲ့ March on Washington ကို ဆက်လက်အကောင်အထည်ဖော်တဲ့ အိုဘားမားကို လူငယ်ခေါင်းဆောင်များနဲ့အတူ ဒီဇင်ဘာ ၁ ရက်နေ့က တွေ့ရစဉ်

ခရစ္စမတ်ပွဲတော်နဲ့ နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲနိုင်ကြမယ် ထင်ပါတယ်။

**သမ္မတကြီးက ISIL အကြောင်း ထည့်ပြောသွားတော့ ကျွန်တော်တို့မှာ ကြက်သီးထရတဲ့အထိ ဖြစ်ရပါတယ်။ နောက်တစ်ခုမေးချင်တာကတော့ Luke Somers အသတ်ခံရတဲ့ ကိစ္စကို သမ္မတကြီးအနေနဲ့ ဘယ်လိုများ ကိုင်တွယ်ဖြေရှင်းပါသလဲ။**

ဒီကိစ္စက အသည်းကွဲလောက်အောင် ခံစားရတဲ့ကိစ္စပါ။ ဒီကိစ္စမတိုင်ခင်ကတည်းက မိဘများနဲ့ ကျွန်တော်တွေ့ခဲ့ပါတယ်။ သူတို့တစ်တွေဟာလည်း ကျွန်တော်နဲ့မစ်ရှဲလ်လို မိဘတွေပဲ ဖြစ်ပါတယ်။ သူတို့ ခံစားရတဲ့ ဝမ်းနည်းကြေကွဲမှုက မခန့်မှန်းနိုင်လောက်အောင်ပါပဲ။ ကျွန်တော်တို့တွေအနေနဲ့ လုပ်ပေးနိုင်တာကတော့ ဒီလိုသတ်ခဲ့တဲ့ သူတွေကို တရားနည်းလမ်းကျစွာ ဖြေရှင်းပေးခြင်းပဲ ဖြစ်ပါတယ်။

**သမ္မတကတော်ခင်ဗျာ…**

**၂၀၁၄ ခုနှစ်အတွင်း ဂုဏ်ယူစရာအကောင်းဆုံးဖြစ်ရပ်က ဘာများ ဖြစ်ပါမလဲ။**

ကျွန်မ ဂုဏ်အယူဆုံးကတော့ ကျွန်မတို့တပ်တွေနဲ့ စစ်ပြန်တွေ၊ သူတို့မိသားစုတွေ တိုင်းပြည်အတွက် ဆောင်ရွက်ပေးနိုင်မှုတွေပါပဲ။ ဒီနှစ်မှာ အိုး အိမ်မဲ့ စစ်ပြန်တွေအတွက် အိုးအိမ်တွေ ရရှိအောင် ကျွန်မတို့ ဆောင်ရွက်နိုင် ခဲ့တယ်။ ဒါကို နောက်နှစ်မှာလည်း ဆက်လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်

**မိဘတစ်ယောက်အနေနဲ့ သင်း တွေကို ဖာဂူဆန်မှာ ပစ်သတ်ခံရတဲ့ မိုက်ကယ်ဘရောင်း၊ စတေတန်ကျွန်း မှာ အသတ်ခံရတဲ့ အဲရစ်ဂါနာတို့နဲ့ပတ် သက်ပြီး ဘယ်လိုများ ပြောပြခဲ့ သလဲ။**

(မစ်ရှဲလ်)ကျွန်မတို့ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အလည်း လူမည်းကလေးတွေပဲ ဖြစ်တဲ့အတွက် ဒီကိစ္စတွေကို ဖြစ်ရပ်မှန်အတိုင်းပဲ သူတို့ကို အသိပေးထားပါတယ်။

(အိုဘားမား)ကျွန်တော့်သမီးနှစ်ယောက်ဖြစ်တဲ့ မလီယာနဲ့ ဆာရှာတို့ကို သူတို့ အသက်အရွယ် မျိုးဆက်သစ်များနဲ့တော်သက်ပြီး အမှန်အတိုင်း အသိပေးပါတယ်။ လူလူချင်း ဆက်ဆံတဲ့နေရာမှာ အသားအရောင် ကွဲပြားလို့ ခွဲခြားပြီး ဆက်ဆံစရာ မလိုသလို ယောကျ်ားဖြစ်လို့ မိန်းမဖြစ်လို့ ခွဲခြားဆက်ဆံစရာ မလိုဘူး။ ထိုနည်းအတူ မသန်မစွမ်းဖြစ်လို့လည်း ခွဲခြားစရာ မလိုပါဘူး။

ကျွန်တော်က သူတို့ကို ရှင်းပြတာက သမိုင်းဆိုတာ ကျွန်တော်တို့ ပြောင်းစေချင်သလို လျင်လျင်မြန်မြန်ကြီးတော့ ပြောင်းလဲမှု မရှိဘူး။ ကျွန်ပြုတဲ့စနစ် မရှိတော့ဘူးလို့ ဆိုပေမဲ့ လုံးဝကြီး ပပျောက်သွားတာတော့ မဟုတ်သေးဘူး။ ဒါကို သူတို့နားလည်အောင် ပြောပြတယ်။ အထူးသဖြင့် သူတို့လို အာဖရိကန်-အမေရိကန်ကလေးတွေအနေနဲ့ ဘာလုပ်ရမယ်ဆိုတာကို ပြောပြထားတယ်။ အထူးသဖြင့် ခွဲခြားဆက်ဆံမှု မပြုလုပ်ရဘူးဆိုတာကို သူတို့ နားလည်ထားပါတယ်။ ဒါကြောင့် ဖာဂူဆန်က အဖြစ်အပျက်မျိုးကို ကျွန်တော်တို့ ညစာစားတဲ့အချိန် ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့လို လူမည်းကလေးတွေ အပေါ်မှာ လူဖြူတွေက လူဆိုးကလေးတွေလို့ မြင်နေဆဲဖြစ်တယ်ဆိုတာ သူတို့ကို နားလည်အောင် ပြောပြတယ်။ သူတို့ ခေတ်ရောက်ရင်တော့ ဒီအမြင်တွေ ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ကြမယ်ထင်ပါတယ်။

**ကျွန်တော့်စိတ်ထဲမှာ သမ္မတကြီးတို့ ဇနီးမောင်နှံလည်း အနည်းနဲ့အများတော့ ခွဲခြားဆက်ဆံခံရဖူးမယ် ထင်ပါတယ်။ ဟုတ်ပါသလား ခင်ဗျာ။**

(မစ်ရှဲလ်)ကျွန်မတို့အခု အိမ်ဖြူတော်မှာ နေတာ ၆ နှစ်ရှိပါပြီ။ တစ်ခါတလေမှာ လူတွေက အဲဒါမေ့နေတယ်ထင်တယ်။ အိမ်ဖြူတော်မရောက်ခင်ကဆိုရင် ဘားရက်အိုဘားမားက လူမည်းတစ်ယောက်ပဲ ဖြစ်ပြီး ချီကာဂိုရဲ့တောင်ပိုင်းမှာ နေကြပါတယ်။ အဲဒီတော့ ချီကာဂိုမှာနေတဲ့ လူမည်းများနည်းတူ အနည်းနဲ့အများတော့ ခွဲခြားဆက်ဆံခံခဲ့ရတာပါပဲ။ အခု ကျွန်မ သမ္မတကတော်ဖြစ်လာချိန်မှာ အဖြစ်အပျက်တစ်ခု ကြုံခဲ့ဖူးတယ်။ သမ္မတကတော်မှန်းမသိအောင် တစ်ယောက်တည်း စတိုးဆိုင်တစ်ခုကို သွားရာမှာ အမျိုးသမီးတစ်ဦးက စင်ပေါ်မှာ ရှိတဲ့ပစ္စည်းတစ်ခုကို ယူပေးစမ်းပါလို့ ဆိုလာဖူးတယ်။ ဒါက ဘာကို ပြသလဲဆိုတော့ လူမည်းတွေကို နှိမ့်ချဆက်ဆံတတ်တာဟာ လူ့အသိုင်းအဝိုင်းထဲမှာ ရှိနေမြဲဆိုတာပါပဲ။ ဒါဟာ တစ်နိုင်ငံလုံးမှာ အခုထက်ထိ ရှိပါသေးတယ်။

(အိုဘားမား)ကျွန်တော့်အသက်အရွယ်လောက် ဘယ်လူမည်းအမျိုးသားမှ(သူက ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ)စားသောက်ဆိုင်တစ်ခုက ထွက်လာပြီး ကားစောင့်နေမယ်ဆိုရင် ဘယ်လူဖြူကမှ သူတို့ကားသော့ပေးမှာ မဟုတ်ပါဘူး။

**အဲဒီလိုဖြစ်ခဲ့ဖူးသလား။**



www.burmeseclassic.com

www.burmeseclassic.com



'ကလေးတွေက အကြီးမြန်တယ်'လို့ အိုဘားမား မှတ်ချက်ပြုခဲ့တဲ့ သမီးနှစ်ယောက်ကို မိခင်နဲ့အတူ တွေ့ရစဉ်

(အိုဘားမား)ဖြစ်ခဲ့ဖူးတယ်။

(မစ်ရှဲလ်)ဒါတင်ဘယ်ကမလဲ။ သူက Tuxedo ဝတ်စုံကို ဝတ်ထားပြီး အနက်ရောင်လည်စည်း စည်းထားတာကြောင့် လူတစ်ယောက်က ကော်ဖီသွားယူပေးစမ်းလို့ ခိုင်းတာ ခံရဖူးတယ်။

**အဲတော့ ဘယ်လိုဖြေရှင်းသလဲ။**

(အိုဘားမား)လူ့အဖွဲ့အစည်းမှာ တိုးတက်မှုရှိလာတယ်ဆိုတာကိုတော့ ကျွန်တော်တို့ ငြင်းလို့ မရဘူး။ အဲဒီလိုပဲ ဒီပြဿနာတွေ ရှိနေဆဲဖြစ်တာကိုလည်း ဝန်ခံရမှာပဲ။ ကျွန်တော်တို့ရှေ့က မျိုးဆက်တွေဆိုရင် ပိုပြီး ခံစားခဲ့ကြရတယ်။ ကျွန်တော်မြင်တာ ပြောရရင် လူ့အဖွဲ့အစည်းက လူမည်းတွေဟာ သူတို့ရဲ့သားကောင်တွေလို့ သတ်မှတ်ထားကြပုံရတယ်။ ဒါကြောင့် လူမည်းတစ်ဦးဦးနဲ့ ရဲတပ်ဖွဲ့ဝင်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့ကြတဲ့အခါ ပြဿနာတွေ ပေါ်ပေါက်ကုန်တာပဲ။ ဒါကြောင့် စောစောက မစ်ရှဲလ်ပြောတဲ့ ကျွန်တော့်ကို စားပွဲထိုးအဖြစ် အထင်ခံရတာ ဖြစ်နိုင်ပါတယ်။ အကယ်၍ ကျွန်တော့်မှာသာ သားတစ်ယောက် ရှိမယ်ဆိုရင် ဒီကလေးကို ခါးပြလို့ မြင်ပြီး လက်ထိပ်ခတ်ခံရနိုင်တယ်။ ဒီထက်က ဆိုးဆိုးဝါးဝါးလည်း ဖြစ်နိုင်တာပဲ။ သူက ဒီနေ့ခေတ်လူငယ်တွေလို ဝတ်စားဆင်ယင်ပြီး လမ်းပေါ်မှာ သွားနေရင်း အလိုလို နေရင်း ပြဿနာတက်နိုင်တယ်။

ကျွန်တော် ဖာဂူဆန်က လူငယ်တွေကို တွေ့ဖူးတယ်။ သူတို့ကိုလည်း ပြဿနာကို နေ့ချင်းညချင်း ဖြေရှင်းနိုင်လိမ့်မယ်လို့တော့ မမျှော်လင့်နဲ့လို့ ပြောခဲ့ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့လည်း လူမျိုးစုံနဲ့ ဆက်ဆံနေရတာဖြစ်လို့ တင်းတင်းကြပ်ကြပ်တော့ ရှိရမှာပဲ။ လူငယ်တွေအနေနဲ့ ဖျတ်လတ်တက်ကြွမှုတော့ အမြဲရှိဖို့ လိုလိမ့်မယ်လို့လည်း ပြောကြားခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်ကြမယ့်အစား ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြစေချင်တယ်။ ကျွန်တော်တို့ လူမည်းထဲက လက်ဖေ့ကျော် မိုဟာမက်အလီ၊ အာသာအက်ရှ်နဲ့ ဘီလ်ရပ်ဆဲလ်တို့ကိုဆိုရင် လူဖြူတွေက လေးစားတယ်။ သူတို့လို လူဖြူတွေ လေးစားတဲ့ လူမည်းလူငယ်တွေ များများပေါ်ပေါက်စေချင်တယ်။

**ကျွန်တော် မေးတာတွေက နည်းနည်းများသွားပြီ ထင်တယ်။ အပျော်ကလေးတွေ သွားကြပါဦးစို့။**

(အိုဘားမား-ပြုံးလျက်)ကျွန်တော်က ရယ်စရာတော့ မပြောတတ်ဘူးနော်။

**သမ္မတကြီး ကြည့်ခဲ့တဲ့နောက်ဆုံး ရုပ်ရှင်ကားက ဘာကားပါလဲ။**

(အိုဘားမား)Boyhood ဇာတ်ကားဗျ။ တော်တော်ကောင်းတဲ့ရုပ်ရှင်ပဲ။ ဒီကားက ၂၀၁၄ ခုနှစ်မှာ ကျွန်တော် အကြိုက်ဆုံးရုပ်ရှင်ကားပဲ။

**နောက်ဆုံးဖတ်ခဲ့တဲ့စာအုပ်ကရော။**

(မစ်ရှဲလ်)စာအုပ်တွေကတော့ ဖတ်တာပါပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၂ နှစ်လောက်က ဖတ်ခဲ့တဲ့ Gone Girl စာအုပ်ကိုတော့ ကျွန်မ အကြိုက်ဆုံးပဲ။ ရုပ်ရှင်ရိုက်လိုက်ပေမဲ့ စာအုပ်ကို မမီဘူး ထင်တယ်။

(အိုဘားမား)ကျွန်တော် ဖတ်လက်စ စာအုပ်တစ်အုပ် ရှိတယ်။ မကြာသေးခင်ကမှ ထုတ်တာပါ။ စာအုပ်နာမည်က Redeployment ပါ။ Phil Klay ရေးတာပါ။ ဒီစာရေးဆရာက အီရတ်စစ်ပြန်တစ်ယောက်ပါ။ သူက ဝတ္ထုတိုတွေလည်း ရေးတယ်။ သူ ရေးတဲ့ဝတ္ထု တိုင်းက ဆွဲအား ရှိပါတယ်။

**ခေါင်းထဲမှာ စွဲကျန်နေတဲ့ နောက်ဆုံးသီချင်း။**

(မစ်ရှဲလ်-သီချင်းစာသားကို ဆိုပြ ပါတယ်)Dashing through the snow in a one-horse open sleigh.

(အိုဘားမား)ကျွန်တော်တို့ အဲဒီသီချင်း ဆိုဖြစ်နေကြတယ်ဗျ။

**Frozen ဇာတ်ကားထဲက Let it Go ထင်တယ်။**

(အိုဘားမား)ဒီနေ့ခေတ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com

လေးတွေက Beyonce ရဲ့ကမ္ဘာထဲကို ရောက်နေကြတာပဲ။

(မစ်ရှဲလ်)ကျွန်မတို့က Beyonce ကို ချစ်တယ်။

**နောက်ဆုံးအကြိမ် ကဖူးတာက ဘယ်တုန်းကပါလဲ။**

(အိုဘားမား)သောကြာနေ့ ညကပဲ Yellow Oval ခန်းမထဲမှာ က,ဖြစ်ကြတာ (Yellow Oval မှာ သမ္မတအိမ်တော်ပထမထပ်မှ ခန်းမဆောင်တစ်ခု ဖြစ်ပါတယ်)။ အဲဒီတုန်းက ဧည့်သည် အချို့လည်း ပါတယ်။ လူနည်းနည်း လေးပါပဲ။

(မစ်ရှဲလ်)က,ချင်တဲ့သူက က,ချင်နေတယ်လေ။ ဘားရက်က ဒီဂျေလုပ်ပေးတာပေါ့။

(အိုဘားမား)ကျွန်တော်တို့ ပထမ ကတော့ Rock Steady နဲ့ စကြတယ်၊ ညဥ့်နက်တဲ့အချိန် နောက်ဆုံး ဖွင့်တဲ့သီချင်းကတော့ Al Green သီချင်း ပေါ့၊ ဒီသီချင်းက အနှေးလေ။

(မစ်ရှဲလ်)သူ့မှာ ဖွင့်တဲ့သီချင်း စာရင်းရှိတယ်။

(အိုဘားမား)ကိုယ်ဖွင့်တဲ့သီချင်း တွေက နာမည်ကြီးတွေချည်းပဲ။

(မစ်ရှဲလ်)သူက သူ ဖွင့်တာ အားလုံးနာမည်ကြီးတွေချည်းပဲ ဆိုပြီး ကြွားနေတာလေ။

**နောက်ဆုံး မေးခွန်းတစ်ခု မေးပါရစေ။ နေ့စဉ်နဲ့အမျှ တိုင်းပြည်နဲ့အဝန်း ကမ္ဘာကြီးက ကိစ္စတွေကိုပါ စဉ်းစားနေရတော့ ပျော်ရောပျော်ရဲ့လားဗျာ။**

(အိုဘားမား)လွယ်ပါတယ်ဗျ။ တစ်ခါတလေတော့ တစ်ရက်မှာ ကိစ္စတစ်ခုကို နှစ်ခါလောက် ပြန်စဉ်းစားရတာ ရှိတာပေါ့။ နေ့စဉ်နဲ့အမျှ ပြည်သူတစ်ဦးချင်းရဲ့ပြဿနာတွေလည်း ရှိနေတာပါပဲ။ ကျွန်တော်တို့မှာ Native American ကလေးတွေ ရှိတယ်ဗျ။ အဲဒီကလေးတွေကို ဒါကိုတာမြောက်ပိုင်းက Standing Rock ဆိုတဲ့နေရာမှာကျွန်တော်တွေ့ခဲ့တယ်။ ဒီနေရာကလေးက ဝေးလံခေါင်ပါးဒေသဖြစ်ပြီး ဆင်းရဲကြတယ်။ ကျွန်တော်တို့ သူတို့နဲ့အတူ စားပွဲဝိုင်းမှာ ထိုင်းပြီး သူတို့ အနိုင်ကျင့်ခံရတာတွေ၊ ဆေးဝါးစွဲနေကြသူတွေအကြောင်း ဆွေးနွေးကြတယ်။ တချို့ကလေးတွေက မိဘမဲ့ကျောင်းမှာ နေကြရတယ်။ အဲဒီကလေးတွေနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်ရလို့ အိမ်ဖြူတော်ကို အလည်ဖိတ်ခေါ်ပါမယ်လို့ ကတိပေးခဲ့တယ်။

(မစ်ရှဲလ်)လွန်ခဲ့တဲ့ သုံးလေးပတ်လောက်ကပဲ သူတို့ လာလည်ကြတယ်။ အိမ်ဖြူတော်မှာ တစ်ရက်နေကြတယ်။ အိမ်ဖြူတော်မှာ ရှိတဲ့ ထမင်းချက်က အစ ထောက်လှမ်းရေးအဆုံး သူတို့နဲ့ စကားပြောကြတယ်။ Good Stuff မှာ သူတို့ကို နေ့လယ်စာအနေနဲ့ ဘာဂါတို့၊ ပီဇာတို့ ကျွေးတယ်။ သူတို့ကို ကျွန်မတို့က နောက်တစ်ကြိမ် ထပ်တွေ့ကြဦးမယ်လို့ပြောတော့ မယုံကြဘူး။ ကလေးမကလေးတစ်ယောက်က ဆိုရင် ဘားရက်ကို တင်းတင်းကျပ်ကျပ်ဖက်ပြီး 'ဒီခရီးစဉ်က ကျွန်မ အသက်ကို ကယ်လိုက်တာပါပဲ' လို့ ပြောခဲ့တယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ဘာမှမကြီးကျယ်တဲ့ကိစ္စကလေးတစ်ခုက လူငယ်တစ်ယောက်ရဲ့အသက်ကို ကယ်နိုင်တဲ့အပြင် သူ့ဘဝမှာ ထူးခြားမှုကြီးတစ်ခု ဖြစ်ပေါ်သွားစေတယ်ဆိုတာ မယုံနိုင်စရာကောင်းလောက်အောင် ကြုံတွေ့ခဲ့ရပါတယ်။

❑

၂၀၁၄ မှာ ကြုံခဲ့တာများနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတဇနီးမောင်နှံတို့က People မဂ္ဂဇင်းသို့ ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့တာတွေ ဖြစ်ပါတယ်။ ဒီအင်တာဗျူးကို ဖတ်ကြည့်ရင်း လူမည်းဇနီးမောင်နှံနှစ်ဦးရဲ့ ခံစားချက်ကို သိမြင်နိုင်မှာ ဖြစ်ပါတယ်။

■

ဇာနည်ညီမိး

*Ref:People.Dec 29.2014*




သမီးနှစ်ယောက်ကို ဈေးဝယ်လိုက်ပို့ပေးခဲ့တဲ့ အိုဘားမား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ကျော်ဇောလင်း
(အတွေးပုံရိပ်)ရိုက်ကူးခဲ့တဲ့
ကိုတင့်တို့စုပါရပ်ကွက်
ဟာသရုပ်ရှင်ကား
အောင်ပွဲခံပြီးတဲ့နောက်မှာ
နောက်ရုပ်ရှင်
တစ်ကားရိုက်ကူးဖို့အတွက်
ဒါရိုက်တာ
ကိုဇော်(အရှဏ်ဦး)
ရိုက်ကူးထားတဲ့
မင်္ဂလာလှည်း
ဇာတ်ကားကလည်း
အောင်ပွဲခံဦးမယ့်
ဟာသတစ်ကား
ဖြစ်လိမ့်မယ်လို့
ယူဆရပါတယ်။
ဇာတ်ကားစမ်းသပ်နေစဉ်
ကတည်းက မင်္ဂလာလှည်း
သတင်းက ရုပ်ရှင်လောက
မှာ သတင်းမွှေးလာခဲ့ပါပြီ။
ဒါကြောင့် ဒီဇာတ်ကားကို
ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ

# မင်္ဂလာယူဆောင်လာမယ့် မင်္ဂလာလှည်း

**မိုးကျော်ထွန်း**

ကိုဇော်(အရှဏ်ဦး)နဲ့
တွေ့ဆုံဆက်သွယ် မေးမြန်း
ဖြစ်ပါတယ်။

❑

စာရေးဆရာမ
ခင်ခင်ထူးရဲ့
'မင်္ဂလာလှည်း' ဝတ္ထုကို
ရုပ်ရှင်ရိုက်မယ်ဆိုတော့
ဇာတ်ညွှန်းဘယ်သူရေးပြီး
သရုပ်ဆောင်တွေက
ဘယ်သူလဲဆိုတာ
ပြောပြပါဦး။
ဝတ္ထုကို ဆရာမ
ခင်ခင်ထူးဆီက ပထမ



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ထားတာ မျက်ခြယ် ရုပ်ရှင်ထုတ်လုပ်ရေးကပါ။ ကျွန်တော်တို့က ရိုက်ချင်လို့ မျက်ခြယ်ကို ဝင်းနိုင်ဆီကနေ တောင်းဝယ် ခဲ့တာပါ။ ဇာတ်ညွှန်းကိုတော့ နေစိုးသော်က ရေးပေးထားပါတယ်။

သရုပ်ဆောင်တွေကတော့ ခန့်စည်သူ၊ ပြေတီဦး၊ နေမင်း၊ စိုးမြတ်သူဇာ၊ မိုးဟေကို၊ ဒေါ်နွဲ့နွဲ့စန်း၊ ဦးပေါ်လေးတို့ သရုပ်ဆောင်ထားကြတယ်။

**ဒီဇာတ်က နယ်ဘက်ကို မိန်းမတောင်းဖို့သွားတဲ့အခါ လမ်းမှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေဆိုတော့ သတို့သားက ဘယ်သူလဲ။**

သတို့သားက ပြေတီဦးပါ။ နေမင်းက ရွာခံပေါ့။ ခန့်စည်သူက မိန်းမလိုက်တောင်းပေးတဲ့သူ။ စိုးမြတ်သူဇာက မိုးဟေကိုရဲ့အမေ။ မိုးဟေကိုက သတို့သမီးလောင်းပေါ့။


**ဝတ္ထုက အညာဘက်ကို အခြေခံထားတာဖြစ်တော့ ကိုဇော်တို့ ရိုက်တဲ့အခါ ဘယ်သွားရိုက်ကြသလဲ။**

ကျွန်တော်တို့က ရွာနဲ့ပတ်သက်တဲ့ကိစ္စတွေအားလုံးကိုတော့ သန်လျင်မှာပဲ ရိုက်တယ်။ အင်ဒိုးတွေကို ပြောတာပါ။ ဆရာမ ပြောတဲ့နေရာမှာ ရိုက်မယ်ဆိုရင် အခက်အခဲဖြစ်နိုင်တာကြောင့်ပါ။ အင်ဒိုးကိစ္စတွေ အားလုံးပြီးပြီဆိုမှ အပြင်ခန်းတွေအတွက် စစ်ကိုင်းကောင်းမှုတော်ဘေးက ဆရာမ ရေးထားတဲ့ရွာလမ်းဘက်ကို သွားရိုက်ကြတယ်။ ကျွန်တော်တို့က ဆရာမ ဖန်တီးပေးထားတဲ့ ရာသီဥတု ပတ်ဝန်းကျင် အခြေအနေမျိုး လိုက်ရှာတာ ရန်ကုန်ဝန်းကျင်မှာ မတွေ့ဘူး။ စစ်ကိုင်းဘက်သွားမှပဲ ဝတ္ထုထဲက အခြေအနေမျိုးကို ရနိုင်တာကြောင့်ပါ။ သွားရလာရတာတို့၊ ကန်သင်းရိုးတွေဖြတ်ရတာတို့၊ ဗွက်အိုင်ထဲကျတာတို့ကို ရန်ကုန်ဝန်းကျင်မှာ ရိုက်လို့ ဘယ်လိုမှ အရသာချင်း မတူနိုင်ဘူး။ ဒီမှာကျတော့ ပတ်ဝန်းကျင်က စိမ်းစိမ်းစိုစိုတွေ ဖြစ်နေတယ်လေ။ **ဝတ္ထုထဲက အတိုင်းပဲ ရိုက်တာလား။**





www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**ကိုဇော်တို့ ထပ်ဖြည့်ထားတဲ့ ဇာတ်ကောင်တွေ ပါသေးလား။**

ထပ်ဖြည့်တာတွေတော့ ရှိတယ်။ ကိုခန့်အတွက် ဒေါ်နွဲ့နွဲ့စန်းကို ထပ်ဖြည့်တယ်။ ကိုခန့်က လူပျိုကြီး ဒေါ်နွဲ့နွဲ့စန်းက ရွာက အပျိုကြီးပေါ့။ ကိုပေါက်ကိုလည်း ထည့်ထားတယ်။ တ်စ်မီးခြစ်ထည့်တဲ့သူက ချစ်လူလူ၊ ဗွက်အိုင်ထဲ လှည်းကျတဲ့အချိန်မှာ ဝိုင်းကူတဲ့သူတွေကတော့ ဇာတ်ရံတွေပေါ့။

ဒေါ်နွဲ့နွဲ့စန်းကို ထည့်တယ်ဆိုတာက သွားတဲ့လမ်းတစ်လျှောက်မှာ ဇာတ်အနေနဲ့ လုပ်စရာ မရှိဘူး။ ဒါကြောင့် ဒေါ်နွဲ့နွဲ့စန်းက ခန့်စည်သူကို ကြောင်နေတဲ့ အပျိုကြီး အဖြစ် ထည့်ထားလိုက်တာ။ မူရင်းဝတ္ထုမှာတော့ ဆရာမက အမျိုးသားတစ်ဦး ထည့်ထားတာ။ ကိုခန့်ကို လူပျိုကြီးနေရာ ထည့်လိုက်တာက ပြေတီဦးဆီကို မိုးဟောကိုလာတဲ့အခါ ဝင်ကြောင်တာတို့ ဘာတို့ လုပ်လို့ရအောင်ပါ။ သူ့ဆီလာတယ်လို့ ထင်ပြီး ကြောင်တာပေါ့။ ဇာတ်ကို လှုပ်အောင် ဖန်တီးရတာပါ။

**ကိုဇော် ဖန်တီးခဲ့တဲ့ 'ဥ' တုန်းကလည်း ပရိသတ်အနေနဲ့ မရပ်မနား ရယ်ခဲ့ကြရတယ်။**

ဒီကားကလည်း အဲဒီလိုပါပဲ။ **ကျောက်သင်ပုန်း...** တုန်းကလိုပဲ မရပ်မနား ရယ်ကြရပါလိမ့်မယ်။

❑

ဝိညာဉ် ကားတွေ၊ တစ္ဆေကားတွေ အောင်မြင်မှုကြောင့် ဒီလိုကားတွေ ဆက်တိုက်ဖြစ်လာတော့မှာပဲလို့ အတွေးရောက်နေကြချိန်မှာ ဟာသကားများကလည်း ဆက်တိုက်အောင်မြင်နေတာ တွေ့ရပါတယ်။ ပရိသတ်အနေနဲ့ မြန်မာရုပ်ရှင်ကို ကျောမခိုင်းသေးဘဲ အားပေးနေခြင်းကြောင့် ဝမ်းသာရပါတယ်။

**မင်္ဂလာလှည်း** က မကြာခင်မှာ ရုံတင်ပြသပါလိမ့်မယ်။ အဲဒီအခါမှာလည်း ဘဝအမောတွေကို **မင်္ဂလာလှည်း** နဲ့ အပန်းဖြေကြပါစို့။ ■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



သား Exton Elias နဲ့
ကစားနေတဲ့
ရောဘတ်

# ရောဘတ်ဒေါင်နီဂျူနီယာ

ဖိုးတာဒေအောင်၊ NY



ရောဘတ်နဲ့ သား Exton Elias


လူတိုင်းရဲ့ ဘဝကိုယ်စီဟာ အနိမ့်အမြင့်၊ အတက်အကျတွေ ရှိစမြဲပါ။ ထင်ပေါ်ကျော်ကြား ချမ်းသာသူပဲဖြစ်ဖြစ်၊ ဆင်းရဲနွမ်းပါး နိမ့်ကျသူပဲဖြစ်ဖြစ် ကြုံတွေ့ကြရတဲ့ လောကဓံတရားများသာ ဖြစ်ပါတယ်။

မင်းသား Robert Downey Jr ဆိုတာ ဒီကနေ့ ဟောလိဝုဒ်အသိုင်းအဝိုင်းမှာ အနုပညာကြေး အမြင့်ဆုံး ရရှိနေတဲ့သူပါ။ ရောဘတ်ကိုယ်တိုင် မောင်းနေတဲ့ ၁၉၆၅ ခုနှစ်ထုတ် အနက်ရောင် Corvette



www.burmeseclassic.com

www.burmeseclassic.com



Iron Man ဇာတ်ကားနဲ့
နာမည်ကျော်မင်းသားတစ်လက်ဖြစ်လာခဲ့တဲ့
ရောဘတ်ဒေါင်နီဂျူနီယာ

တစ်နေ့တော့ အဖေရိုက်နေတဲ့ ရုပ်ရှင်ထဲက ဇာတ်ရုံမင်းသမီး Stacey Nelkin က ရုပ်ရှင်ရိုက်ကွင်းကနေ တည်းတဲ့ဟိုတယ်ကို ပြန်မောင်းပို့ပေးဖို့ တောင်းဆိုတယ်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနဲ့ သဘာဝအတိုင်းကို လှနေတဲ့ မိန်းမတစ်ယောက်ပါ။ သူက နောက်ကထိုင်ပြီး တစ်လမ်းလုံး ကျွန်တော့်ကို ဖက်ထားတာပါ။ သူ့ကိုယ်နဲ့ ကျွန်တော့်ကျောပြင် ကပ်ထားလိုက်တာ၊ အဲဒီကစပြီး ကျွန်တော် ရုပ်ရှင်မင်းသား လုပ်ချင်စိတ် ပေါက်သွားတော့တာလို့ မပြောပါဘူး။ ဒါပေမဲ့ သူနဲ့ အဲလို စက်ဘီး စီးလိုက်တာကြောင့် ကျွန်တော့်ဘဝလည်း အပြောင်းလဲကြီးပြောင်းလဲသွားတယ်။ အဲဒါ တကယ့်ကို လုံးဝ၊ အကြွင်းမဲ့ မှန်ကန်ခဲ့တဲ့ ကိစ္စကြီးတစ်ခုပါပဲ တဲ့။

ရောဘတ်ဒေါင်နီဂျူနီယာက ဒီက နေ့ ၄၉ နှစ်အရွယ်ရှိခဲ့ပြီ။ သူ့ဘေးမှာ သူမောင်းတဲ့ကားကို ထိုင်စီးရင်း သူ့ကို လှည့်ကြည့်ဖြစ်တယ်။ လမ်းတစ်လျှောက် သူ ကျော်တက်လာခဲ့သမျှ မော်တော်ကားတွေ မနည်းမနောပါ။ နေကာမျက်မှန်တပ်ထားတယ်။ ဘော့စ်ဘော ဦးထုပ် ဆောင်းထားတယ်။ အဲဒီအချိန် သူ့ကို ကြည့်ရတာ ရုပ်ရှင်ထဲက မင်းသားတစ်ယောက်အတိုင်းပါပဲ။ ဒါ ကောင်းတဲ့ လက္ခဏာပါ။ သူ့ကို သေသေချာချာ စောင့်ကြည့်မနေခဲ့ဘူးဆိုရင် ဒီလိုတင့်တယ်တဲ့အနေအထားမျိုးနဲ့ သူ နှစ်အတော်များများ ဝေးကွာနေခဲ့တာ သိခွင့်ရမယ် မထင်ပါ။

ကားရှေ့ခန်းမှာ အတူယှဉ်ထိုင်ရင်း မေးခွန်းတွေ မေးခွင့်ရသူက Vanity Fair မဂ္ဂဇင်းက ဆောင်းပါးရှင် Rich Cohen ဖြစ်ပါတယ်။ Holiday ပိတ်ရက်မဟုတ်တာမို့ Pacific Coast Highway ကားလမ်းမကြီးပေါ်မှာ ကားအသွားအလာ အနည်းငယ် ကျဲပါးနေပါတယ်။ ပစိဖိတ်သမုဒ္ဒရာကြီးထဲ ငေါထွက်နေတဲ့ Point Dume အငူဘက်ကို ဦးတည်မောင်းလာခဲ့ကြတယ်။ ကားမောင်းနေရင်း ရောဘတ်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက သူ ကြုံတွေ့ခဲ့ရတဲ့ အမှတ်တရ ညနေခင်းကလေးတစ်ခုအကြောင်း ပြောပြခဲ့တယ်။

"နှစ်ပေါင်း ၃၀ ကျော်၊ ၃၅ နှစ်ဝန်းကျင်လောက်ကပေါ့။ ကျွန်တော့်အဖေက Up the Academy ဆိုတဲ့ ရုပ်ရှင်ကို ကန်းဆက်ပြည်နယ်၊ Salina မြို့ကလေးမှာ ရိုက်ကူးနေခဲ့တယ်။ ဇာတ်ဝင်ခန်းအများစုက St. John Military School ကျောင်းဝင်းထဲမှာ ရိုက်ဖြစ်တာပေါ့။ အဲဒီတုန်းက ကျွန်တော့်မှာ Honda စက်ဘီး သေးသေးလေးတစ်စီးရှိတယ်။ မော်တော်ဆိုင်ကယ်လို့တောင် မခေါ်နိုင်ပါဘူး။ တော်တော်သေးတာပါ။ ကျွန်တော်ကလည်း ငယ်သေးတော့ မော်တော်ဆိုင်ကယ် တက်မောင်းရလောက်အောင် အရွယ်မရောက်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက်ရဲ့ စစ်တုရင်တိုက်ပွဲ



ရောဘတ်နဲ့ ဇနီးသည် စူစန်

ဥပဒေကို ချိုးဖောက်ခဲ့လို့ ထောင်ထဲမှာ အကျဉ်းသားအမှတ် P50522 နဲ့ အပြစ်ဒဏ်ကို ပေးဆပ်ခဲ့ရတယ်။ ကယ်လီဖိုးနီးယားပြည်နယ် Corcoran မြို့မှာ ရှိတဲ့ ပြည်နယ်အကျဉ်းထောင်မှာ နေခဲ့ရပြီး မူးယစ်ဆေးဝါးဖြတ်ဖို့ California Substance Abuse Treatment Ficility မှာလည်း အစောင့်အရှောက်များစွာနဲ့ နေထိုင်ဆေးကုသခံခဲ့ရတယ်။

မိမိကိုယ်ကို နားလည်ခြင်းကို အခြေခံပြီး ရလာတဲ့ အသိ၊ နောင်တတွေနဲ့ အပြင်းအထန်ပြန်လည်ကြိုးစားခဲ့တာမို့ ရောဘတ်ရဲ့ဘဝ ထိပ်ဆုံးကို ပြန်ရောက်ခဲ့တာ ဖြစ်တယ်။ ၎င်းက 'ပထမဦးဆုံးလုပ်ရမှာက အဲဒီ ပိတ်လှောင်နေတဲ့ လိုဏ်ဂူထဲက တိုးထွက်ရမယ်။ လူအတော်များများ တိုးထွက်နိုင်ကြပါတယ်။ ဒါပေမဲ့ သူတို့က ပြောင်းလဲမပစ်နိုင်ကြဘူး။ ဒီတော့ တိုးထွက်ကြပါ။ ပြီးရင် ကိုယ့်ကံကြမ္မာအတွက် အားကြီးမာန်တက် ငြင်းဆန်ခဲ့ရတဲ့ရည်ရွယ်ချက်ကို အမှတ်ရကြပါ။ လုံခွက်ထဲက သံကို ပိုမိုမာကျောလာအောင် ထပ်တလဲလဲ ထုရိုက်ပုံသွင်းသလို မိမိကိုယ်ကို ပြုပြင်ရမယ်။ ဒါ ကျွန်တော့်အတွေ့အကြုံတွေများလားတောင် မသိတော့ပါဘူးဗျာ။ ရယ်စရာတော့ကောင်းသေးတယ်။ လွန်ခဲ့တဲ့ငါးနှစ်လောက်က ကျွန်တော်ကိုယ်တိုင် လိုက်နာဖို့ ချမှတ်ထားတဲ့ သဘောတူညီချက်တွေအတိုင်း အမိအရဖမ်းဆုပ်နိုင်အောင် သတိထားနေခဲ့ရတယ်။ လုပ်နိုင်မယ်လို့လည်း မျှော်မှန်းခဲ့တယ်၊ ဒါပေမဲ့ အရာတော်တော်များများက မသေချာမှုတွေ ဖြစ်လာတယ်။ ဘုရားကို တိုင်တည်ပြောဝံ့ပါတယ်။ မျှော်လင့်ထားတဲ့ ဇာတ်လမ်းအတိုင်း မဖြစ်ခဲ့ဘူး' တဲ့။

ရောဘတ်ဘဝမှာ ဖခင်က အနုပညာအသိုင်းအဝိုင်းကပဲမို့ သရုပ်ဆောင်တစ်ယောက်အဖြစ် အောင်မြင်ခွင့်ရခဲ့တယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်သွားတော့ ထောင်နန်းတောင်စံရတဲ့အထိ ဘဝပျက်သွားခဲ့တယ်။ ဘဝရဲ့ တတိယပိုင်း အခင်းအကျင်းမှာ ဇနီးသည် Susan ရဲ့ အကူအညီတွေ အများကြီး ရယူခဲ့က သရုပ်ဆောင်ကောင်းတစ်ယောက် ပြန်ဖြစ်သွားခဲ့ပြီ။ ဒါနဲ့တင် ရပ်တန့်မသွားသေးဘဲ သူတို့ဇနီးမောင်နှံက ထုတ်လုပ်ရေးတစ်ခု Team Downey ဆိုတဲ့အမည်နဲ့ ထူထောင်လိုက်ပါပြီ။ အဲဒီထုတ်လုပ်ရေးမှ ပထမဦးဆုံး ရုပ်ရှင် **The Judge** ကို ထုတ်လုပ်ခဲ့ပါတယ်။ Toronto နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၄ ရက်နေ့က ပြသခဲ့ပြီး အမေရိကန်ပြည်ထောင်စုအတွင်း အောက်တိုဘာ ၁၀ ရက်နေ့က ရုံတင်နိုင်ခဲ့ပါတယ်။ ဒီကနေ့ အသက် ၈၃ နှစ်အရွယ်ရှိ မင်းသားကြီး Robert Duvall နဲ့ ရောဘတ်တို့သားအဖအဖြစ် သရုပ်ဆောင်ထားကြတယ်။

ကားမောင်းနေရင်း 'ကျွန်တော်မောင်းတာ မြန်နေလား' လို့ မေးပါတယ်။ အင်တာဗျူးသူက 'မင်းဘာသာ ချင့်ချိန်ပေါ့' လို့ အဖြေပေးလိုက်တယ်။ ရောဘတ်က ကားကိုအရှိန်ပိုမြှင့်မောင်း လိုက်ကာ 'ရောဘတ်ဒူဗောလ်သာ ဒီကားကို Bombproof Horse လို့ ခေါ် လိမ့်မယ်။ အဓိပ္ပာယ်က ဗုံးကသာ ထ ပေါက်ကွဲသွားမှာ၊ မြင်းကတော့ တွ တောင် မတွန့်ဘူးတဲ့။ တစ်ခုတည်း သောပြဿနာကရပ်တန့်ဖို့ပဲ။ ကျွန်တော် တို့ကားရှေ့ တခြားကားက ဖြတ်ခန်မျ ရပ်လိုက်လို့ကတော့ ကျွန်တော်တို့ နတ် ပြည်ကို လက်တွဲပြီး ဝင်သွားလိမ့်မယ်' လို့ဆိုပါတယ်။ တစ်ခဏအတွင်း အရှိ ကိုလျှော့ချပြီး သူ့အိမ်ရှိ လမ်းထဲ ဝင် လိုက်ပါတယ်။

လုံခြုံရေးကင်မရာ တပ်ဆင်ထား တဲ့ ဂိတ်တံခါးတစ်ခုရှေ့မှာ ရောဘတ်က လက်တစ်ဖက် ဝှေ့ယမ်းလိုက်တော့ တံခါးပွင့်သွားတယ်။ ကျောက်စရစ်ခဲ တွေ ခင်းထားတဲ့ လမ်းအတိုင်း အိမ်ရှေ့ ရာကိုမောင်းသွားတဲ့အခါ ဘေးမြက်ခင်း ပြင်မှာ R ဆိုတဲ့စာလုံးကို အနုပညာဆ စွာ လှလှပပ ဖြတ်ညှိထွင်းဖော်ထားတာ တွေ့ရတယ်။ ဒီအိမ်ဂေဟာကို Iron M က ဆောက်ပေးခဲ့တာလို့ ပြောရင် မမှား ဘူး။ အဲဒီရုပ်ရှင် ရုံတင်အပြီး လိမ့်ဝင် လာတဲ့ အမြတ်ငွေတွေနဲ့ ရောဘတ် စူစန်မောင်နှံ ဝယ်ယူလိုက်နိုင်တာကိုး။ သူတို့မောင်နှံနဲ့အတူ သား Exton El (၃ နှစ်ပြည့်ခါနီး)၊ သမီး Avri Roel( လသမီးလေး)တို့အတူနေထိုင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက်၊ အထွေထွေအလုပ်သမားတွေအပြင် Jimmy Rich ဆိုတဲ့ စုက်လုံးအပြာရောင်နဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ ဂျင်မီက သူ့အလုပ်ရှင် ရောဘတ် ဘာပဲ လိုအပ်လိုအပ်၊ မရမနေ ထုပ်ဆောင်ပေးရတဲ့ အနီးကပ်အသေးစိတ် တာဝန်ယူပေးသူပါတဲ့။ သူကလည်း Iron Man ကို အရှုးအမူး နှစ်သက်ပြန်တာမို့ သူ့ခြေသလုံးနောက်မှာ အိုင်ရွန်မန်းပုံဆေးမင်ကြောင်ထိုးထားပါတယ်။ ရောဘတ်ကတော့ သူ့ပခုံးထက်မှာ ချစ်ဇနီးအတွက် အမှတ်တရ Suzie Q ဆိုပြီး စာက်တူးရေးထိုးထားပါတယ်။

အင်တာဗျူးဆရာကို မီးဖိုခန်းထဲအထိ ခေါ်သွားကာ နေရာချပေးပြီး ကော်ဖီတစ်ခွက် ကိုယ်တိုင် ဖျော်ပေးခဲ့တယ်။ သူ့လက်ရာ ကော်ဖီက အနည်းငယ် ပြင်းပေမဲ့ အတော်အရသာ ရှိပါတယ်။ ကော်ဖီအတူတူသောက်ရင်း စကားတွေ ပြောဖြစ်ခဲ့ကြတယ်။ ရောဘတ်ကို သူ့ဘဝ၊ သူငယ်ငယ်က အကြောင်း၊ မိဘဖြစ်လာချိန်၊ မူးယစ်ဆေးဝါး စွဲလမ်းမှုနဲ့ ပတ်သက်တာတွေ မေးဖြစ်ခဲ့တယ်။ မေးခွန်းတစ်ခုမေးလိုက်တိုင်း တခြားအကြောင်းအရာတွေဆီ ဟိုရောက်ဒီရောက်ဖြစ်ဖြစ် သွားတာမို့ အဓိက လိုချင်တဲ့အဖြေရဖို့ ၅ မိနစ်၊ ၁၀ မိနစ်လောက် အချိန်ကြာ သွားတတ်သေးတယ်။

သူ့ရဲ့ဖခင် Robert Downey Sr. (ရောဘတ်ဒေါင်နီစီနီယာ)အကြောင်းကတော့ သူ့မျက်နှာတစ်ခုလုံး ဝင်းပသွားတယ်။ သူ့အဖေငယ်ငယ်က ဘယ်လောက်ကြည့်ကောင်းတယ်၊ ဘယ်လိုနေထိုင်တတ်တယ်ဆိုတာကို အားတက်သရော ပြောပြရှာတယ်။ နှစ်လိုဖွယ်ကောင်းတဲ့ ဖခင်ကြီးနဲ့ နေထိုင်ခဲ့ရတဲ့ သူ့ကလေးဘဝကို စိတ်ဝင်စားဖို့ကောင်းတယ်လို့ မှတ်ချက်ချခဲ့ပါသေးတယ်။

ဖခင်က ရုပ်ရှင်ဒါရိုက်တာအဖြစ် အနုပညာဖန်တီးမှု အားအကောင်းဆုံး အချိန် ၁၉၇၀ ဝန်းကျင်ကာလတွေမှာ အောက်မူးနေတဲ့ ဖခင်နဲ့ သူငယ်ချင်းတွေကြားမှာ ရောဘတ်ဂျူနီယာ ကျင်လည်ခဲ့ရတယ်။ မိခင် Elsie ကလည်း စာရေးဆရာမတစ်ဖြစ်လဲ သရုပ်ဆောင်တစ်ယောက်ဖြစ်ပြီး မိဘနှစ်ပါး ကွာရှင်းလိုက်ပေမဲ့ သူက ဖခင်နဲ့ရော မိခင်နဲ့ပါ တစ်လှည့်စီ လိုက်နေဖြစ်ခဲ့တယ်။ နေရာစုံ၊ ဒေသစုံမှာ နေဖူးတယ်။ Forest Hills, London, Santa Monica, Lower East Side, Greenwich Village စသဖြင့် စုံလွန်းလှတယ်။ အသက် ၆ နှစ်၊ ၇ နှစ်အရွယ် ဆိုးပေကောင်ကလေးက အဖေ့မိတ်ဆွေတွေရဲ့ ပါတီပွဲတကာကို ကျင်လည်ကျက်စားခွင့် ရသလို ဆေးခြောက်ပါတဲ့ ဆေးလိပ်တောင် သောက်တဲ့အထိ လုပ်ချင်ရာလုပ်ခွင့် ရခဲ့တယ်။ ရုပ်ရှင်ကားတချို့မှာ ကလေးသရုပ်ဆောင်အဖြစ် ရိုက်ကူးခွင့်လည်း အဖေက ခွင့်ပြုခဲ့တယ်။

ရောဘတ်ဂျူနီယာ ပထမဆုံး သရုပ်ဆောင်တဲ့ **Pound** ရုပ်ရှင်ရိုက်တော့ ၅ နှစ်သားပဲ ရှိပါသေးတယ်။ အဲဒီကစပြီး ရုပ်ရှင်တွေ ပုံမှန်သရုပ်ဆောင်လာတာ ဆယ်ကျော်သက်၊ နှစ်ဆယ်ကျော်အထိ ဆက်တိုက်ပါ။ တစ်ဖက်က ရုပ်ရှင်ရိုက်နေရင်း တက်ခဲ့သမျှ ကျောင်းတကာမှာလည်း ပြဇာတ်တွေ ဝင်ကခဲ့သေးတယ်။ လိုအပ်ရင် သင်ယူဖို့ ဝန်မလေးတဲ့ ရောဘတ်ဂျူနီယာက မင်းသားချာလီရှင်းအစ်ကိုဆီက Tap Dance ကနည်းကိုလည်း သင်ယူလေ့ကျင့်ခဲ့တယ်။ အသက် ၂၀ အရွယ် မှာ မင်းသမီး Sarah Jessica Parker နဲ့တွဲပြီး Firstborn နဲ့ Girls Just Want to Have Fun ရိုက်ရင်း ချစ်သူတွေ ဖြစ်ခဲ့ကြသေးတယ်။ '၁၉၆၉' ရုပ်ရှင်ရိုက်တော့ ရောဘတ်အသက် ၂၃ နှစ်အရွယ်ရှိခဲ့ပြီ။ အဲဒီ ၁၆၉၆ ရုပ်ရှင်မှာ မင်းသား Kiefer Sutherland နဲ့ အတူတွဲ သရုပ်ဆောင်ရာက ခင်မင်ရင်းနှီးပြီး အိမ်ခန်းတစ်ခန်းမှာ ၃ နှစ်အထိ တွဲနေထိုင်ခဲ့ကြဖူးတယ်။

မင်းသား Mel Gibson နဲ့ ၁၉၉၀ လောက်မှာ Air America ရုပ်ရှင် ရိုက်ဖြစ်ကတည်းက အခင်မင် အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်သွားခဲ့တယ်။ ရောဘတ် မူးယစ်ဆေးဝါးကြောင့် ဒုက္ခရောက်နေချိန်မှာ မဲလ်ဂစ်ဘ်ဆန်က ဖျောင်းဖျကူညီခဲ့သလို၊ ရောဘတ်က ယုံယုံကြည်ကြည်နာခံခဲ့တယ်။ ယခု လတ်တလောလေးတင် Iron Man ရုပ်ရှင် ၃ ကား ဆက်တိုက်လုံး အောင်မြင်ခဲ့လို့ နောက်ထပ်ကားတစ်ကားရိုက်ဖို့ ကမ်းလှမ်းတော့ ရောဘတ်က လေးကားမြောက်ကို မဲလ်ဂစ်ဘ်ဆန် ဒါရိုက်တာ လုပ်မယ်ဆိုမှ သူ လက်ခံရိုက်ကူးမယ်လို့ တုံ့ပြန်


သားနဲ့အတူ ဖေဖေ ရောဘတ်


www.burmeseclassic.com

www.burmeseclassic.com

**Iron Man** ရုပ်ရှင်ကတော့ သူ့ရဲ့ဘဝကို လုံးဝတစ်ဆစ်ချိုး ပြောင်းလဲမြှင့်တင် ပေးလိုက်တာပါပဲ အဲဒီရုပ်ရှင်ရိုက်ဖို့ လူရွေးတော့ ဒါရိုက်တာ John Favreau က ရောဘတ်ကို မင်းသားအဖြစ် ရွေးပေမဲ့ Marvel Studios ရဲ့ ထုတ်လုပ်ရေး အဖွဲ့က အတိတ်မှ အဖြစ်အပျက် ဇာတ်လမ်းတွေ အရှိန်ကို ခပ်လန့်လန့် ဖြစ်နေခဲ့သေးတယ်

ထားပါတယ်။ ၂၀၁၁ ခုနှစ်က ကျင်းပခဲ့တဲ့ American Cinematheque Awards ဆုပေးပွဲမှာ ရောဘတ်က သရုပ်ဆုတစ်ခု ချီးမြှင့်ခံခဲ့ရတယ်။ ကျေးဇူးတင်စကားပြောဖို့ စင်မြင့်ပေါ်ရောက်တော့ မိမိအကြောင်းထက်၊ မိတ်ဆွေ မဲလ်ဂစ်ဘ်ဆန်ကို ဟောလိဝုဒ်အနုပညာလောကမှာ သူ့တုန်းကလိုပဲ ပြန်လည်လက်ခံအားပေးဖို့ တိုက်တွန်းပြောဆိုသွားခဲ့တယ်။

ကမ္ဘာ့ရုပ်ရှင်လောကမှာ Richard Attenborough ဆိုတဲ့ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ပြဇာတ်သရုပ်ဆောင်ဆိုတာ တော်တော်လေး လူရှိသေလေးစားခံရသူပါ။ သူရိုက်ကူးခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင် Gandhi ရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ဆို ဒါရိုက်တာဆု၊ အကောင်းဆုံးရုပ်ရှင်ဆု အပါအဝင် အော်စကာ ၈ ဆု တောင် ချီးမြှင့်ခံခဲ့ရဖူးတယ်။ အဲသလို ဒါရိုက်တာကြီးက ရောဘတ်ဂျူနီယာကို ၁၉၉၂ ခုနှစ်က ချာလီချက်ပလင်ရဲ့ အတ္ထုပ္ပတ္တိကို ရုပ်ရှင်ရိုက်တော့ သရုပ်ဆောင်အဖြစ် ရွေးချယ်ခဲ့တယ်။ ဟောလိဝုဒ်အသိုင်းအဝိုင်းက ရစ်ချပ်အတန်းဘိုရိုရဲ့ ရွေးချယ်မှုကို တအံ့တသြ ဖြစ်ကြတယ်။ ရောဘတ်ကိုလည်း အဲသလောက် လုပ်ပြနိုင်မှာ မဟုတ်ဘူးလို့ အထင်သေးထားကြတယ်။ တကယ်တမ်းတော့ အော်စကာ ဆန်ခါတင်စာရင်း ဝင်တဲ့အထိ အောင်မြင်ပီပြင်သွားခဲ့တယ်။ မင်းသားကြီး အယ်ပချီနို(Al Pacino)က 'Scent of a Woman' ရုပ်ရှင်နဲ့ ဆုရယူသွားခဲ့လို့သာ ရောဘတ် အော်စကာနဲ့ လွဲခဲ့ရခြင်းပါ။

အင်တာဗျူးဆရာ Rich Cohen ကို မင်းသားက ခြံဝင်းထဲ လမ်းလျှောက်ရင်း စကားပြောကြဖို့ ပြောတဲ့အခါ နှစ်ယောက်သား ခြံထဲဆင်းလာကြတယ်။ မမှောင်ခင် ခြံထဲက ပြချင်တာတွေ ပြဦးမယ်ဆိုကာ အိမ်နဲ့ ခပ်လှမ်းလှမ်းက ခြံခတ်ထားတဲ့ဆီ ခေါ်သွားခဲ့တယ်။ ခြံတံခါး ဖွင့်ဖွင့်ချင်း မြင်ရတာ ဆိတ် ၂ ကောင်။ ဟိုးအနောက်ဘက်မှာ Alpacas ၄ ကောင်(ကုလားအုတ်မျိုးဝင် ထူထဲသော အမွေးအမှင်များရှိသည့် တောင်အမေရိကမှ ခြေလေးချောင်းသတ္တဝါ) ကို ပြောင်စပ်စပ်အချိုးမကျတဲ့ပုံစံနဲ့ တွေ့ရလေရဲ့။

ခြံဝင်းရဲ့နောက်တစ်နေရာကို ခေါ်သွားတော့ မီးခိုးရောင် တာပေါ်လင် မိုးရေခံဖျင်စတွေနဲ့ တစ်စီးချင်း အုပ်ထားတဲ့ကားအစီးပေါင်း ၂ ဒါဇင်ခန့်ကို တွေ့ရတယ်။ ဖျင်စတွေက စနစ်တကျ ချုပ်ထားတာမို့ အဲဒီအကာအောက်က ကားကို မမြင်ရပေမဲ့ ဘာကားအမျိုးအစားဆိုတာ တန်းပြောနိုင်တယ်။ ရစ်ချ်ကိုဟန်းက တစ်စီးပြီးတစ်စီး လက်ညှိုးညွှန်ကာ Porsche, Corvette, Ford F 150, Bentley, Volvo, Mustang, Mercedes-Benz စသဖြင့် တန်းပြောနိုင်တယ်။ မင်းသားကလည်း ဒီကားကတော့ ဘယ်ရုပ်ရှင်ရိုက်အပြီး ဝယ်တာ၊ ဟိုကားက ဘယ်လိုလက်ဆောင်ရတာ ရယ်နဲ့ ရှင်းပြပါတယ်။

ညမှောင်လာတော့ ရောဘတ်က ညနေစာနဲ့ ဧည့်ခံကျွေးမွေးပါတယ်။ စားဖိုမှူးက ပုစွန်တွေကို သီတံလေးနဲ့ သီ၊ ကင်ကျွေးပြီး ထိုင်းအစားအစာ Pad Thai လုပ်ကျွေးလေရဲ့။ အင်တာဗျူးဆရာက ညစာစားနေရင်း ရောဘတ် မူးယစ်ဆေးဝါး စွဲစွဲလမ်းလမ်းဖြစ်ခဲ့တဲ့ အချိန်ကာလအကြောင်း အလွန်အမင်း မေးမြန်းချင်နေခဲ့တယ်။ သူ့ရဲ့ ပထမ အိမ်ထောင် မင်းသမီး Deborah Falconer နဲ့ မွေးတဲ့သားကြီး Indio ၂၀ နှစ်တစ်ယောက် မူးယစ်ဆေးဝါးရဲ့သားကောင်ဖြစ်လို့ နေပါပြီ။ ရောဘတ်တုန်းက အရွယ်မရောက်သေးတဲ့ ကလေးအရွယ်ကစပြီး ဆေးခြောက် သုံးစွဲဖြစ်ခဲ့တယ်။ အောင်မြင်မှုနဲ့အတူ မူးယစ်ဆေးဝါးကြောင့်ဖြစ်တဲ့ပြဿနာတွေကလည်း အမြဲကပ်ပါ နောင့်ယှက်လျက်ရှိခဲ့တယ်။

၁၉၉၆ ဇွန်လမှာတော့ ကားမောင်းတာ အရှိန်မြင့်လွန်းတဲ့အတွက် ယာဉ်ထိန်းရဲက ကားတားကာ စစ်ဆေးခြင်းခံခဲ့ရတယ်။ ကံဆိုးချင်တော့ ဘိန်းဖြူတွေနဲ့ သေနတ်တစ်လက် ကားခုံအောက်မှာ ရှာဖွေတွေ့ရှိသွားခဲ့တယ်။ မူးယစ်ဆေးပြတ်အောင် ဆေးရုံတင်ပေမဲ့ ရောဘတ်က ထွက်ပြေး၊ ပြန်တင်တော့ တစ်ခါ ထွက်ပြေးပြန်နဲ့ ဒုက္ခတွေများခဲ့တယ်။ နောက်ဆုံးတော့ သူ့ကို ထောင် ၃၆ လ ကျခံဖို့ အမိန့်ချခံခဲ့ရတယ်။ ၂၀၀၀ ပြည့်နှစ် ထောင်ကလွတ်တော့ Ally McBeal ရုပ်သံစီးရီးမှာ သရုပ်ဆောင်ခွင့်ရတယ်။ ရွှေကမ္ဘာလုံးဆု တောင် ဆွတ်ခူးပစ်လိုက်သေးတယ်။

ဒါပေမဲ့ ရောဘတ်ကို ...နှိုးသိမ်း

www.burmeseclassic.com

အောင့်ကြည့်နေဆဲကာလမှာ Palm Springs ရှိ သူနေထိုင်ရာ ဟိုတယ်ခန်းကို ရှောင်အခင် ဝင်စစ်ချိန် နောက်ထပ် ဘိန်းဖြူများတွေ့သွားပြန်တယ်။ ၂၀၀၁ နွေဦးရာသီမှာ မြို့ထဲကားလမ်းမပေါ် ဖိနပ်မပါ ခြေဗလာနဲ့ ဆေးမူးပြီး လျှောက်သွားနေတဲ့အတွက် ဆေးဖြတ်တဲ့ဆီ ပို့ပေးလိုက်ရတယ်။ ရုပ်သံစီးရီးက စာချုပ်ကို ဖျက်သိမ်းပစ်ခြင်းခံရတယ်။ ဒီတစ်ခါ ဆေးပြတ်ပြီး ပြန်ထွက်လာတဲ့ ရောဘတ်ကို ဘယ်သူကမှ ရုပ်ရှင်ရိုက်ဖို့ မခေါ်ရဲကြတော့ပေ။ အဲဒီလိုအခြေအနေမှာ ဒါရိုက်တာ၊ ထုတ်လုပ်သူအဖြစ်ပါ အောင်မြင်နေတဲ့ မင်းသား မဲလ်ဂစ်ဘ်ဆန်က မိတ်ဆွေကောင်းပီသစွာ ရောဘတ်ဂျူနီယာကို မင်းသားတင်ပြီး **The Singing Detective** ရုပ်ရှင်ကို ထုတ်လုပ်ပေးခဲ့တယ်။ ထိုရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုတည်းသာမက အခြားဟောလိဝုဒ် အသိုင်းအဝိုင်းကိုပါ မင်းသား ရောဘတ်ဂျူနီယာအပေါ် ယုံကြည်မှုပြန်ရရှိအောင် အာမခံပေးခဲ့ပြန်ပါတယ်။

ဒါကြောင့်လည်း Gothika. Kiss, Kiss. Bang. Bang နဲ့ မင်းသားကြီး ဂျော့ကလူးနီကိုယ်တိုင် ဒါရိုက်တာလုပ်တဲ့ **Good Night and Good Luck** စတဲ့ ရုပ်ရှင်တွေ ဆက်တိုက်ရိုက်ကူးခွင့်ရခဲ့တယ်။ မဲလ်ဂစ်ဘ်ဆန်က 'ဘာတွေများ ဖြစ်ပျက်နေတယ်လို့ မင်း ထင်သလဲ။ တကယ်တော့ သူကိုယ်တိုင်က သူ့ရန်သူ၊ အဆိုးဆုံးရန်သူဖြစ်ခဲ့တာ။ သူ့မှာ အားနည်းချက်၊ အပြစ်အနာအဆာ ရှိပါတယ်။ ကျွန်တော်တို့အားလုံးမှာလည်း ရှိတာပါပဲ။ ပြောရရင် သူ့ထက်တောင် ကျွန်တော်က ပိုများဦးမယ်။ သူဒါကို သတိထား ထိန်းသိမ်းနိုင်လိုက်တာ ဘဝမှာ အံ့သြစရာတွေ ဖြစ်လာတော့တယ်။ ကျွန်တော် သူ့ကို သိပ်လေးစားတယ်။ ဒါတွေအားလုံး သူ့ဘာသာ ကြိုးစားခဲ့တာပါ။ ဘယ်သူကမှ ကြားဝင်လုပ်ပေးလို့ မရပါဘူး' လို့ အားပါးတရ ချီးကျူးခဲ့ပါတယ်။

ရောဘတ်ဂျူနီယာအတွက် ဘဝလက်တွဲဖော်ကောင်းဖြစ်လာမယ့် Susan Levin နဲ့ Gothika ရိုက်နေရင်း တွေ့ဆုံခဲ့တယ်။ ထုတ်လုပ်ရေးရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဆူစန်က 'ကျွန်မတို့ ရိုက်ကွင်းမှာတွေ့ရင်း ခင်မင်ရင်းနှီးလာခဲ့တယ်။ တွေ့တွေ့ချင်း သူ့ကို ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဆိုတာထက် ကျွန်မ ပိုမတွေးခဲ့ပါဘူး။ သူဟာ လူကောင်းတစ်ယောက်၊ ကျွန်မတို့ အလုပ်တွဲလုပ်နေတာလို့ပဲ တွေးခဲ့တယ်။ ရုပ်ရှင်ရိုက်ကွင်းက Montreal မှာ တည်ခဲ့တာဖြစ်ပြီး L.A မြို့ကို အသီးသီး ပြန်ရောက်ကြတော့ သူနဲ့ ကျွန်မ ရင်းနှီးပတ်သက်မှုတွေက မြန်မြန်ဆန်ဆန် အရှိန်အဟုန်ကြီးမြင့်လာကြတော့တာပဲ' လို့ ပြောပြပါတယ်။

ရောဘတ်နဲ့ ဆူစန်တို့ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဂျူးလူမျိုး ဓလေ့ထုံးစံနဲ့အညီ လက်ထပ်ခဲ့ကြတယ်။ **Iron Man** ရုပ်ရှင်ကတော့ သူ့ရဲ့ဘဝကို လုံးဝ တစ်ဆစ်ချိုး ပြောင်းလဲမြှင့်တင်ပေးလိုက်တာပါပဲ။ အဲဒီရုပ်ရှင်ရိုက်ဖို့ လူရွေးတော့ ဒါရိုက်တာ John Favreau က ရောဘတ်ကို မင်းသားအဖြစ် ရွေးပေမဲ့ Marvel Studios ရဲ့ ထုတ်လုပ်ရေးအဖွဲ့က အတိတ်မှ အဖြစ်အပျက် ဇာတ်လမ်းတွေ အရှိန်ကို ခပ်လန့်လန့် ဖြစ်နေခဲ့သေးတယ်။ Screen Test လုပ်ကြည့်ပြီးတဲ့ အခါမှာတော့ Iron Man နေရာမှာ ရောဘတ်ဂျူနီယာကလွဲလို့ ဘယ်တစ်စုံတစ်ယောက်မှ အစားမဝင်နိုင်ဘူးလို့ သဘောတူလက်ခံနိုင်သွားအောင် အစွမ်းပြနိုင်ခဲ့တယ်။

Iron Man အောင်မြင်မှုကြောင့် ရောဘတ်အောင်မြင်မှုပါ အထွတ်အထိပ် ပြန်ရောက်ခဲ့တယ်။ **Sharlock Holmes Tropic Thunder** စတဲ့ ရုပ်ရှင်တွေ ဆက်တိုက်ရိုက်ဖို့ ကမ်းလှမ်းခြင်း ခံရတယ်။ **The Avengers** ရုပ်ရှင်မှာ ရောဘတ်ကို အနုပညာကြေး သန်း ၅၀ တောင် ချီးမြှင့်လိုက်တာပါ။ အဲဒီရုပ်ရှင်ကုန်ကျစရိတ်က သန်း ၂၂၀ သာဖြစ်ခဲ့ပေမဲ့၊ ဝင်ငွေက သန်းပေါင်း ၁၅၀၀ ကျော်သွားခဲ့တယ်။

ညစာစားပြီးတော့ စကားဝိုင်းကို ဆက်ခဲ့ပါသေးတယ်။ ရောဘတ်က အက်စပရက်ဆို ကော်ဖီတစ်ခွက် အေးအေးဆေးဆေး သောက်နေတယ်။ ပြတင်းပေါက်တစ်ခုကို ကျောပေးထိုင်နေတဲ့ သူ့ကိုကြည့်ရတာ ပင်ပန်းနေဟန်တူပါတယ်။ ဒါပေမဲ့ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်၊ ဝတ္တရားတွေ ပြီးစီးနေလို့ နောက်ဆံတင်းစရာ မရှိတဲ့ ပင်ပန်းနေမှုမျိုးသာ ဖြစ်တယ်။ ရစ်ချ်ကိုဟန်းက နောက်ထပ် ဘာအစီအစဉ်တွေ ရှိထားပြီးပြီလဲလို့ မေးတော့ 'ကျွန်တော်တို့ ရုပ်သံ/ရုပ်ရှင်တွေ ဆက်လုပ်ဖို့ရှိတယ်။ ပြီးတော့ ဒဏ္ဍာရီပုံပြင်တွေကို အသက်သွင်းဖို့ရှိတယ်။ ဒါပေမဲ့ ကျွန်တော် လတ်တလော ခေါင်းထဲ ထည့်ထားတာကတော့ သားနဲ့သမီးကို အချိန်ပေးဖို့ပဲ' တဲ့။ ပြီးတော့ အိမ်ရှေ့တစ်နေရာမှာ ရပ်ထားတဲ့ ကားတစ်စီးနားကို ခေါ်သွားခဲ့တယ်။ ရစ်ချ်ကိုဟန်းက ပုံစံထုထည်ကြီးမားတာကို ခန့်မှန်းပြီး အဲဒီ တာပေါ်လင် မိုးရေခံဖျင်စအောက်က Hummer အမျိုးအစားကားကြီးလား၊ ဒါမှမဟုတ် Range Rover ကားကြီးများလားလို့ စဉ်းစားမိတယ်။ ဒီတစ်ခါတော့ အင်တာဗျူးဆရာကြီး မှားသွားပါတယ်။ ရောဘတ်ဂျူနီယာက တဟားဟား အော်ရယ်ရင်း တာပေါ်လင်ဖျင်စကို ဆွဲဖယ်လိုက်တော့ Honda Odyssey ကားအသစ်ကြီး ပေါ်လာပါတယ်။ ဒီကားမျိုးကို မိသားစု များသူတွေ၊ ကလေး ပုစုခရတွေရှိသူတွေက ခရီးရှည်သွားဖို့ နှစ်နှစ်ခြိုက်ခြိုက် ရွေးချယ်လေ့ရှိကြတယ်။

မင်းသားရောဘတ်ဂျူနီယာက 'သားနဲ့သမီး နှစ်ယောက် ဟောဒီကားထဲမှာ ကလေးထိုင်တဲ့ Car Seat ကိုယ်စီနဲ့ ထိုင်ပြီးကြပြီဆိုရင် ကျွန်တော်လည်း အဆင်သင့်ဖြစ်ပြီ' လို့ ရွှင်လန်းအားရစွာ ခပ်ကြွားကြွားလေး ပြောလိုက်ပါသေးတယ်။ ■

**ရီတာအောင်၊ NY၊**

www.burmeseclassic.com



အမျိုးသားပြဇာတ်တိုက်



ဇူလိုင်လ ၁ ရက်နေ့ မနက်စာကို ထမင်းကြော်မှာစားလို့ရခဲ့တဲ့အတွက် ကျေနပ်ခဲ့ရပါရဲ့။ ကျွန်မတို့ မနက် ၉ နာရီလောက်မှာ ပါရိုဇွန်(Paro Dzong)ခေါ်တဲ့ ခံတပ်နဲ့ ဗုဒ္ဓဘာသာ ဘုရားကျောင်းရှိရာကို ထွက်ခဲ့ပါတယ်။ အဲဒီနေရာမှာ ကျွန်မတို့ ဘူတန်ကနေ နီပေါကို နေ့လယ် ၁ နာရီထွက်မယ့် လေယာဉ်နဲ့ပြန်ရမှာပါ။ ကျွန်မ သိပ်မကျေနပ်တာကတော့ မနေ့က ခရီးအစီအစဉ်ထဲမှာ ပါဝင်ခဲ့ပေမဲ့ အချိန်မရှိလို့၊ ပိတ်ထားလို့ဆိုပြီး နေရာစုံမရောက်ခဲ့တာပါပဲ။ ပါရိုဇွန်ကို ရင်နဲပွန်ဇွန် (Rin Pung Dzong) လို့လည်း ခေါ်ပါတယ်။ အခုအချိန်မှာ သာသနာရေးဆိုင်ရာ အုပ်ချုပ်ရေးရုံးအဖြစ်လည်း တာဝန်ယူနေတဲ့ အဆောက်အဦပေါ့။ ၁၇ ရာစုတုန်းက ခံတပ်ဖြစ်ခဲ့တဲ့ အဆောက်အဦကြီးကို နယ်စားကြီးက ဘုန်းတော်ကြီးကို လှူခဲ့တာလေ။ ၁၆၄၄ ခုနှစ်မှာတော့ အသစ် ဆောက်ခဲ့တာ၊ ၁၆၄၆ ခုနှစ်မှာ ပြီးခဲ့သတဲ့။ ငါးထပ်အဆောက်အဦကြီးဖြစ်ခဲ့ပြီး ရင်နဲပွန်ဇွန်လို့လည်း အမည်တွင်ခဲ့တော့တာပါ။ ၁၉၉၃ ခုနှစ်က ရုံတင်ခဲ့တဲ့ **Little Buddha** ရုပ်ရှင်ရဲ့ ဇာတ်ဝင်ခန်းတွေကို ဒီခံတပ် ဘုန်းကြီးကျောင်းမှာ ရိုက်ကူး



ပါရိုမြို့က
ရိုးရာပုံစံ ဟိုတယ်ဆောင်


www.burmeseclassic.com

www.burmeseclassic.com

# ဟိမဝန္တာ

## ဒေသများသို့...(၄)

**မေဏှာဦး**



ပါရိုမြို့ အပေါ်စီးမှ မြင်ရပုံ





ပါရိုဇွန်ရဲ့ ဘုရားဆောင်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com




ပါရိုဇွန်ထိပ်ပေါ်က ဘုရားဆောင်တစ်ခု

ခဲ့သတဲ့။ ကျွန်မတို့ အဲဒီဘုန်းတော်ကြီးကျောင်းကို လှေကားထစ်များစွာ ဖြတ်ပြီး တက်ခဲ့ရပါတယ်။ ဘုန်းတော်ကြီးကျောင်းအတွင်းမှာ ဘုရားဆောင်တွေနဲ့ ဘုရားစင်တွေ တစ်ဆယ့်လေးခုရှိတာ တွေ့ခဲ့ရပါတယ်။ အဲဒီဘုန်းကြီးကျောင်းကနေ အဆင့်ခုနစ်ဆင့်ရှိတဲ့ မျှော်စင်ခံတပ်ကြီးကိုလည်း တောင်ကုန်းပေါ်မှာ လှမ်းမြင်ခဲ့ရတာပါ။ တာဇွန်(Ta Dzong) လို့ ခေါ်သတဲ့။

ပါရိုဇွန်ကနေမြင်ရတဲ့ ပါရိုမြို့အလှကလည်း အလွန်သာယာလှတာပါ။ တကယ့်ကို စိမ်းစိမ်းစိုစိုလေးနဲ့ မြို့ငယ်လေးတစ်ခုကိုး။ ကျွန်မတို့ မနက် ၁၀ နာရီ ၄၀မှာ ပါရိုလေယာဉ်ကွင်းကို ရောက်ခဲ့ပါတယ်။ ခရီးစဉ်တစ်ခုလုံး အဆင်ပြေအောင် လိုက်ပို့တဲ့ ဧည့်လမ်းညွှန်'ပိုက်ဆံ'နဲ့ ကားမောင်းသမား'လာ'တို့ကို နှုတ်ဆက်၊ ဘောက်ဆူးငွေတွေ ပေးပြီးခဲ့ပြီး လေယာဉ်ကွင်းကို ဝင်ခဲ့တာလေ။ လုံခြုံရေးက လေယာဉ်ကွင်းအတွင်းဘက်ကို ကျွန်မတို့ကို ပေးမသွားတော့ပါဘူး။ ကျွန်မကလည်း ကျွန်မရဲ့ လေယာဉ်လက်မှတ်စာရွက်ပြပြီး ဝင်ဖို့တောင်းဆိုခဲ့ပါတယ်။ နောက်ဆုံး လေကြောင်းကုမ္ပဏီက တာဝန်ရှိသူက ထွက်လာခဲ့ပြီး လေယာဉ်က မနက် ၇ နာရီကတည်းက ထွက်သွားခဲ့ပြီတဲ့။ 'ဘုရားရေ'လို့ အော်ပြီး ဘာလုပ်ရမှန်းကိုမသိဖြစ်သွားခဲ့တော့တာပါ။ လေယာဉ်အချိန်ပြောင်းတာ ကျွန်မတို့ လုံးဝ မသိခဲ့ရပါဘူး။

ကျွန်မ လေယာဉ်ကုမ္ပဏီ မန်နေဂျာနဲ့စကားပြောဖို့ အတွင်းဘက်ရုံးခန်းဝင်သွားခဲ့ချိန်မှာ ခရီးသွားဖော် ကယ်ရီက သေတ္တာတွေစောင့်ရင်း လေယာဉ်ဆိပ် အပြင်ဆောင်မှာ ကျန်ရစ်ခဲ့ပါတယ်။ လေယာဉ်ကုမ္ပဏီက ဒီနေ့အတွက် ဘယ်လေယာဉ်မှ ပါရိုလေဆိပ်က မထွက်တော့ပါဘူးတဲ့။ နီပေါကတိုးရစ်ကုမ္ပဏီ တာဝန်ခံကို ဖုန်းဆက်တော့ သူနဲ့မဆိုင်ကြောင်း၊ ဘူတန်တိုးရစ်ကုမ္ပဏီနဲ့ပဲ ဆိုင်ကြောင်း ပြောခဲ့ပါတယ်။ လေယာဉ်ကုမ္ပဏီမှာ အလုပ်လုပ်တဲ့ အမျိုးသမီးဝန်ထမ်းတစ်ဦးက သူ့ရဲ့ ကိုယ်ပိုင်ဖုန်းကိုပေးပြီး ဘူတန်တိုးရစ်ကုမ္ပဏီကို ဆက်ခိုင်းတော့တာပါ။ ကျွန်မလည်း ဘူတန်တိုးရစ်ကုမ္ပဏီကသာ တာဝန်ရှိကြောင်း အ...စီးနဲ့ ပြောခဲ့ရပါရဲ့။ ဗီဇာက ဒီနေ့အထိ



ပါရိုဇွန်အပေါ်ဆုံးထပ်က
ဗိုညကာ လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်ရိုးရာ အမွေအနှစ်အိမ်

သေသွားတာရော၊ လေယာဉ် မရှိတာရော၊ ဆက်နေရမယ့် အစီအစဉ်ရော၊ ဘူတန်တိုးရစ်ကုမ္ပဏီကသာ တာဝန်ရှိကြောင်း၊ အားလုံးတာဝန်ယူပေးရမှာဖြစ်ကြောင်း အမျှင်မပြတ် ပြောခဲ့ရတယ်ဆိုပါတော့။ ကျွန်မတို့ဘက်က ပျက်ကွက်လို့ လေယာဉ်မမီတာ မဟုတ်ဘဲ တိုးရစ်ကုမ္ပဏီက လေယာဉ်အချိန်ပြောင်းတာကို သေသေချာချာ စီစဉ်ထားမှုမရှိတာမို့ လေယာဉ်လွတ်သွားခဲ့ရကြောင်းကို ထပ်တလဲလဲလည်း ပြောခဲ့ရတာပေါ့။

နောက်ဆုံးတော့ ဘူတန်တိုးရစ်ကုမ္ပဏီက လေယာဉ်ကွင်းမှာပဲ စောင့်နေပါ၊ ပိုက်ဆံနဲ့ လာတို့ကို လာကြိုဖို့ လွှတ်လိုက်မယ်ဆိုတဲ့ ကတိစကားရတဲ့အထိ ကျွန်မ လေယာဉ်ကုမ္ပဏီ ရုံးခန်းထဲက မထွက်ခဲ့ပါဘူး။ ကျွန်မ ဖုန်းဆက်ရာလိုအပ်ရင် အဆင်သင့် ဖုန်းရှိတဲ့ နေရာကနေ ပြဿနာတွေ မပြေလည်သရွေ့ တစ်ဖဝါးမှ ခွာလို့မဖြစ်ပါဘူး။ နောက်ဆုံး ပိုက်ဆံက ကျွန်မကို လေယာဉ်ရုံးခန်းမှာ လာရောက်ခေါ်ခဲ့ပါတယ်။ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် သေတ္တာတွေ ကားပေါ်ပြန်တင်ပြီး ဗီဇာယူဖို့ သင်ဖူး(Thimphu)မြို့ကို ဦးတည်ပြီး ပြန်လာခဲ့ရတာပါ။ ပထမဆုံး လေယာဉ်ရုံးသွားပြီး မနက်ဖြန် လေယာဉ်အတွက် နေရာသွားယူခဲ့ရပါသေးရဲ့။ ပထမသွားခဲ့တဲ့ ရုံးက နောက်တစ်ရုံးကို ညွှန်လိုက်တဲ့အတွက် ဗီဇာယူဖို့ ရှာလည်ခဲ့ရတယ်ဆိုပါတော့။ နောက်တစ်ရုံးရောက်မှ ကျွန်မတို့နိုင်ငံကူးလက်မှတ်တွေ ထားခဲ့ပြီး နှစ်နာရီကြာမှ လာယူပါလို့ ပြောခဲ့တာပါ။

ခေါင်းပူတာတွေ အေးသွားခဲ့ပြီး နေ့လယ်စာစားတဲ့နေရာရောက်မှ သက်ပြင်းချစားနိုင်ခဲ့ပါတယ်။ ဘူတန်အစားအစာတွေ လျှာမတွေ့ခဲ့ပေမဲ့ အဲဒီနေ့ စားခဲ့ရတဲ့ နေ့လယ်စာကတော့ အတော်လေး အရသာရှိတဲ့ဆိုင်မှာ စားခဲ့ရတယ် ဆိုပါတော့။ မနေ့က မသွားခဲ့ရတဲ့ အမျိုးသားပိဋကတ်တိုက်(National Library) ကို သွားခဲ့ကြပါတယ်။ ပိဋကတ်တိုက်နဲ့ ရှေးဟောင်းစာအုပ်စာတမ်းတွေ သိမ်းဆည်းထားတဲ့ အဆောက်အဦက သိပ်မကြီးလှတဲ့ လေးထပ်တိုက် အဆောက်အဦတစ်ခုပါပဲ။ ၁၉၆၇ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ပိဋကတ်တိုက်မှာ ဘာသာရေးဆိုင်ရာ စာအုပ်တွေ၊ စာတမ်းတွေ သိမ်းဆည်းထားခဲ့ပြီး စုဆောင်းမှုတွေ များလာတဲ့အတွက် နေရာသစ်ကို တည်ဆောက်ခဲ့တာပါ။

ပိဋကတ်တိုက်ရဲ့ပုံစံက ဘူတန်ဘုန်းတော်ကြီးကျောင်း(Dzong) ပုံစံမျိုးပါပဲ။

ပါရိုဇွန်မှာ ခရီးဖော် ကယ်ရီနဲ့ ညှော်လမ်းညွှန် ပိုက်ဆံ





www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျောင်းမှ
ကျောင်းသားများနဲ့ အမှတ်တရ

၁၉၈၄ ခုနှစ် နိုဝင်ဘာလမှာ ပိဋကတ်တိုက်ကို ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာဗိသုကာ ပညာရှင်ပါဝင်တဲ့ ကုမ္ပဏီတစ်ခုက တည်ဆောက်တယ်လို့ ပြောတာ ကြားခဲ့ပေမဲ့ မှတ်တမ်းမှတ်ရာတွေမှာ ဖော်ပြထားတာ မတွေ့ရပါဘူး။ ပိဋကတ်တိုက်ဘေးက ရှေးဟောင်းစာပေ စုဆောင်းထားတဲ့ နှစ်ထပ်အဆောက်အဦကတော့ ဒိန်းမတ်ခ်အစိုးရ အကူအညီနဲ့ ခေတ်မီ မီးလောင်မှုကာကွယ်တာ၊ လုံခြုံမှုစနစ်တွေနဲ့ ဆောက်ခဲ့တာ ၂၀၀၄ ခုနှစ်က ပြီးခဲ့တာပါ။ ကျွန်မကတော့ မနေ့က သွားခွင့်မကြုံဘဲ ကံအလှည့် အပြောင်းကြောင့် ဘူတန်မှာ တစ်ရက်ပိုနေရပြီး ကိုယ်သွားချင်တဲ့နေရာလည်း သွား ရောက်ခွင့်ရခဲ့တဲ့အတွက် ကျေနပ်လို့ မဆုံးတော့ပါဘူး။


ကျွန်မတို့ Folk Heritage Museum (ကျေးလက်ရိုးရာ အမွေအနှစ်ပြတိုက်)ကို ဆက်သွားခဲ့ကြပါတယ်။ ၂၀၀၁ ခုနှစ်ကမှ တည်ဆောက်ထားတဲ့ ပြတိုက်ကတော့ ၁၉ ရာစုနှစ်က ရိုးရာအိမ်ကြီးတစ်လုံးပါပဲ။ အိမ်ကြီးက သုံးထပ်ပါ။ သစ်သား လှေကားတွေနဲ့ တက်လိုက် ဆင်းလိုက် လုပ်ခဲ့ရပြန်ပါတယ်။ ကျွန်မရဲ့ခရီးသွားဖော် ကယ်ရီက ဒီလောက်လှေကားတွေ တက်ဆင်းနေရတာ နားကို မလည်နိုင်တော့ဘူး လို့ တတွတ်တွတ်နဲ့ ညည်းနေခဲ့တာပါပဲ။ ပြတိုက်ဝင်းထဲမှာ အနှစ်တစ်ရာ့ငါးဆယ် ကြာမြင့်တဲ့ ရိုးရာရေတင်တဲ့စက်တွေ၊ ရှေးဟောင်းပုံစံအတိုင်းဖြစ်နေတဲ့ ပန်းခြံ၊ လွန်ခဲ့တဲ့ အနှစ်တစ်ရာတုန်းက ကျောက်တုံး မီးဖုတ်ပြီး ရေပူအောင်လုပ်တဲ့ ရေချိုးကန်တွေ ပြသထားတာလေ။ အိမ်အတွင်းမှာလည်း ရိုးရာဓလေ့အတိုင်း အောက်ဆုံးထပ်မှာ တိရစ္ဆာန်တွေထားတာ၊ ဒုတိယထပ်မှာ မီးဖိုချောင်နဲ့ ဧည့်ခန်း၊ အပေါ်ဆုံးထပ်မှာ အိပ်ခန်းတွေကို ပြသထားပါတယ်။

ရိုးရာ ဆီထုတ်လုပ်တာ၊ ဆန်အရက်ချက်တာတွေ၊ ဆန်ဖွပ်တာတွေ၊ ဆန်လှော်တာ တွေလည်း ပြသထားပါတယ်။ ကျွန်မကတော့ အိပ်ခန်းပေါ်ကနေ ခေါင်မိုးပေါ် တက်ရတဲ့ ခေါင်မိုးက အခန်းနေရာကို အကြိုက်ဆုံးပါပဲ။ ကျွန်မတို့ အဲဒီအိမ်ကြီးဆီ ရောက်အောင် ကျောက်လှေကားတွေနဲ့ တက်သွားခဲ့ရတာပါ။ အဲဒီပြတိုက်ကအပြန် ကျွန်မတို့ရဲ့ ဗီဇာစာရွက်တွေ သွားယူခဲ့ရပါသေးတယ်။

ကျွန်မတို့ ပန်းချီကျောင်းကို ဆက်သွားခဲ့ပါရဲ့။ National Institute For Zorig Chusum လို့ ခေါ်ပါတယ်။ အများကတော့ ပန်းချီကျောင်းလို့ပဲ ခေါ်တာလေ။ ကျောင်း သားတွေက သုံးနှစ်ကနေ ခြောက်နှစ်အထိ၊ ဘူတန်ရိုးရာ အနုပညာတစ်ဆယ့်သုံးမျိုး

သင်ပေး သတဲ့။ ပန်းချီအမျိုးမျိုး
သစ်ထွင်းပညာ၊ ဓာပန်းထိုးပညာ
စဥ့်ရုပ်ပြုလုပ်မှုတွေကို သင်ယူနိုင်
တယ်။ ကျွန်မတို့ အဲဒီနေ့က ကျောင်း
စာမေးပွဲဖြေနေလို့ ကျောင်းထဲ ဝင်ခွ
မရပါဘူး။ ကျောင်းဝင်းထဲမှာပဲ ရိုး
ကျောင်းဝတ်စုံဝတ်ထားတဲ့ ကျော
သားတွေနဲ့ ဓာတ်ပုံ တွဲရိုက်ဖြစ်ခဲ့
တယ်။ တကယ်တော့ သူတို့ကိုယ်တိုင်
ပညာသားပါပါ ရေးဆွဲထုထွင်းပြီး အ
ပညာတွေ ပုံဖော်နေတာကို သိပ်ကြ
ချင်ခဲ့တာပါ။

ကျွန်မတို့ ပါရိုမြို့ကို ပြန်လာခဲ့ပြ
ပါရိုမြို့ရဲ့ တစ်ခုတည်းသော ကြယ်
ပွင့်ဟိုတယ်မှာ နေရာချပေးခဲ့တာလေ
ကျွန်မနဲ့ ကယ်ရီ့အခန်းက မြစ်ဘေး
အခန်းဆိုတော့ ရှုခင်းက လှပြီးသား
ဒါပေမဲ့ မိုးတွေတဝုန်းဝုန်း ရွာနေ
ဓာတ်ပုံလည်း မရိုက်ခဲ့ရ၊ အပြင်မှ
လည်း ထွက်မထိုင်ရ ဖြစ်ခဲ့ပါရဲ့။ ည



ပါရိုလေဆိပ်

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ရဲ့ ညစာအဆောင်မှာပဲ စားရပါတယ်။ ညစာအခန်းရဲ့ မျက်နှာကြက်ပေါ်က ပန်းချီတွေက တကယ့်ကို ဆက်ရာမြောက်ပြီး အဆင်အပြင်က ညည်းခေတ်မီလှတာပါ။ အဲဒီည ညစာက ဟင်းချိုက မိုးအေးအေးနဲ့မို့ ကျွန်မ စိတ်ဝန်းကန်သောက်ဖြစ်ခဲ့ပါတယ်။ လူတွေလည်း သိပ်မရှိလှပါဘူး။

ဟိုတယ် အနှိပ်ခန်းမှာပဲ ညစာစားပြီး အနှိပ်ခံခဲ့ပါတယ်။ ညစာ စားပြီး ပြီးချင်းမို့ ခြေထောက်ပဲ အနှိပ်ခံခဲ့တာပေါ့။ တစ်နေ့လုံး လှေကားတွေ တက်ဆင်းခဲ့ရတာ၊ စိတ်ပင်ပန်းခဲ့ရတာတွေ ပြေလျော့ခဲ့ရတယ် ဆိုပါတော့။

ဇူလိုင်လ ၂ ရက်နေ့ မနက် ၄ နာရီ နိုးအိပ်ရာကထပြီး မနက် ၅ နာရီခွဲလာကြိုတဲ့ကားနဲ့ လေယာဉ်ကွင်းဆင်းခဲ့ရတာပါ။ ကျွန်မတို့ နောက်တစ်ခါ 'မိုက်ဆံ'နဲ့ 'လာ'ကို ဘောက်စူးပေး နှုတ်ဆက်ခဲ့ကြရပြန်ပါရဲ့။ လေဆိပ်ထဲက လေယာဉ်ကုမ္ပဏီရောက်တော့ ကျွန်မတို့ကို ဘူတန်တိုးရစ်ကုမ္ပဏီက လေယာဉ်အထူးတန်း (Business Class) လက်မှတ်နဲ့ နီပေါကိုပြန်ဖို့ စီစဉ်ထားတာ တွေ့ရတော့ အံ့ဩလိုက်တာ မပြောပါနဲ့တော့။ သူတို့ဘက်က ပျက်ကွက်လို့ မနေ့က လေယာဉ်မမီခဲ့တာ။ ကျွန်မတို့ ဗီဇာခလည်းမပေးရဘဲ ဗီဇာတစ်ရက် တိုးပေး၊ ကြယ်ငါးပွင့်ဟိုတယ်မှာလည်းထား၊ အထူးတန်းလေယာဉ်လည်း စီစဉ်ပေးနဲ့ ကံကောင်းခြင်းများစွာကို ဆုံခဲ့ရတယ်ဆိုပါတော့။ ဘဝလမ်းမှာ တစ်ခါတလေ ကိုယ်ဖြစ်ချင်တာ မဖြစ်လိုက်ရတာ၊ ကိုယ်စီစဉ်တဲ့အတိုင်း မဖြစ်လိုက်ရတာနဲ့ လမ်းလွဲပြီး ပိုကောင်းတာ ဖြစ်သွားတယ်ဆိုတဲ့စကား ဒီတစ်ခါ သိပ်မှန်နေပါရဲ့။

ဟိမဝန္တာတောင်တန်းရဲ့အရှေ့ဘက်အရပ်မှာရှိတဲ့ ကမ္ဘာ့ခေါင်မိုးနိုင်ငံ တစ်ခုဖြစ်တဲ့ ဘူတန်၊ မိုးကြိုးနဂါးမင်းဆက်အုပ်စိုးတဲ့နိုင်ငံလို့ တင်စားတဲ့ ဘူတန်ကို ကျွန်မ ခြေချခွင့်၊ ခရီးသွားခွင့်ရခဲ့ပါပြီ။ ရိုးရာလူနေမှုစရိုက်နဲ့ ယဉ်ကျေးမှု မပြောင်းဘဲ ခေတ်မီတာကို တဖြည်းဖြည်းချင်းယူနေတဲ့ တိုင်းပြည်၊ နတ်သမီးပုံပြင်ထဲကပုံစံနဲ့ တိုင်းပြည်၊ နှစ်ပေါင်းများစွာ သီးသီးသန့်သန့်လေး နေခဲ့တဲ့တိုင်းပြည်၊ ကိုလိုနီလက်အောက် မရောက်ခဲ့တဲ့တိုင်းပြည်၊ ဆေးလိပ်နဲ့ ကုန်ကြော်ငြာဆိုင်းဘုတ်ကြီးတွေ တားမြစ်ထားတဲ့ တိုင်းပြည်၊ သစ်တောတွေ တိုင်းပြည်ရဲ့ ၇၀ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားတဲ့ တိုင်းပြည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကောင်းဆုံး နိုင်ငံဆယ်ခုထဲမှာ ပါဝင်တဲ့ တိုင်းပြည်၊ ပျော်ရွှင်မှုတွေကို ဝင်ငွေထက် တန်ဖိုးထားတဲ့တိုင်းပြည်၊ အဲဒီတိုင်းပြည်ကို နှုတ်ဆက်ပြီး ကျွန်မ လေယာဉ်ပျံပေါ်တက်ခဲ့ပါတယ်။ အပြန်လမ်းမှာလည်း ဧဝရက်တောင်ထိပ်ကို ဓာတ်ပုံကောင်းကောင်း ရိုက်ယူနိုင်အောင် ရာသီဥတုကောင်းတဲ့ နေ့တစ်နေ့ပါပဲ။

မုဒိတာတရားပွားများကြပါစေ ■ **မေဗွာဦး**





www.burmeseclassic.com

www.burmeseclassic.com



ကုန်လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်ရဲ့ ဇူလိုင်လထဲမှာ ဂီတဆောင်းပါးရှည် တစ်ပုဒ်ကို မအေး ဖတ်ဖြစ်ခဲ့ပါတယ်။ 'လက်ဝဲသုန္ဒရ-မဲဇာရွှေလီနှင့် အော်ခက်စတြာ' ခေါင်းစဉ်နဲ့ ရေးသားထားတဲ့ ဆောင်းပါး ဖြစ်ပါတယ်။ ဇူလိုင်လထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်းမှာ ဖော်ပြပါရှိတဲ့ ဆောင်းပါးပါရှင်။ 'အငြင်းပွားဖွယ်ဖြစ်တဲ့ စန္ဒရား ကိုလှထွတ်နဲ့ မာမာအေးတို့ရဲ့ လက်ဝဲသုန္ဒရ အသံသွင်းခွေ ထွက်လာတဲ့အခါ မြို့မက ဆိုနေကျ၊ ကြားနေကျဖြစ်တဲ့ လက်ဝဲသုန္ဒရသီချင်းရဲ့ စာသားကွဲလွဲမှု၊ တေးသွားကွဲလွဲမှုတွေ ရှိလာတော့ ပရိသတ်က ဝေဝေဝါဝါ နားမလည်ဘဲဖြစ်ခဲ့ကြတယ်' ဆိုတဲ့ အညွှန်းစာလေး ကြိုပေးထားတာ တွေ့တာနဲ့ အပြေးအလွှား

# လက်ဝဲ-မဲဇာ ငြိမ်းလက်ရာ

**မာမာအေး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တလေးတစား ဖတ်ရတာပေါ့ရှင်။ ဆောင်းပါးရှင်က ဆရာကြီး ဂီတစာဆို မြို့မငြိမ်းရဲ့သား ဂီတစာဆိုလည်း ဖြစ်ပါတယ်၊ တူရိယာပညာရှင်လို့လည်း ခေါ်လို့ရတဲ့ 'ကိုရွှန်းမြိုင်(မြို့မ) ကိုယ်တိုင်ဖြစ်နေလို့ပါ။ သူ ရေးတဲ့ သီချင်းတွေကိုလည်း မာအေး ဆိုခဲ့ဖူးပါတယ်။ လူချင်းလည်း ရင်းကြပါတယ်။ သူ့ကို မာအေးက 'ကိုရွှန်း' လို့ပဲ ခေါ်ပါတယ်။

ဆရာကြီး မြို့မငြိမ်းရဲ့မိသားစုတွေနဲ့သိကျွမ်းရတာကတော့ မာအေးရဲ့ သူငယ်ချင်း မိတ်ဆွေကြီး စန္ဒရားကိုသိန်းမောင်(စိန်သိန်း)ကြောင့် ဖြစ်ပါတယ်။ သူက မြို့မနဲ့ မာမာအေး စတွဲမိချိန်ကတည်းက ပါလာတဲ့ စန္ဒရားဆရာကြီး၊ ငယ်ပေါင်းရောင်းရင်းပေကို။ ***ယောက်မ*** သီချင်း ဓာတ်ပြားသွင်းချင်လို့ မာအေးက ပူဆာတော့ ဆရာငြိမ်းမိသားစုနဲ့ ဆုံပေးခဲ့တာပေါ့ရှင်။

မာအေးရဲ့မောင်က 'ကိုရွှန်း' ဆိုတဲ့ နာမည်နဲ့လိုက်အောင် သူ့ဆောင်းပါးကို ရွှန်းရွှန်းဝေအောင် ရေးထားခဲ့တာပါပဲ။ ကောင်းသော ဂီတဆန္ဒကြိုးစားမှုများ အတွက်အောင်မြင်ပါစေလို့လည်း ဆုတောင်းမိပါတယ်။ မာအေးကသူ့ဆောင်းပါးကို ဝေဖန်ဖို့ မဟုတ်ပါဘူး။ နှစ်ပိုင်းတစ်ပိုင်းဖြစ်နေတဲ့ လက်ဝဲသုန္ဒရနဲ့ မဲဇာရွှေလီတို့ကို မာအေးဘယ်လို ထိတွေ့သိတွေ့ခဲ့ရတဲ့အကြောင်းကြောင်းတွေကို ရေးပြခဲ့ချင်တာပါ။

ဒီသီချင်းနှစ်ပုဒ်မှာ မာအေး အရင်ဆိုဖြစ်တာက ***မဲဇာရွှေလီ*** ဖြစ်ပါတယ်။ ကိုရွှန်းမြိုင်ရဲ့ဆောင်းပါးတစ်နေရာမှာ အစ်ကိုလှထွတ်နဲ့ မာအေးတို့က အသံလွှင့်ရုံအမှုထမ်းတွေဖြစ်ကြလို့ မြန်မာ့အသံ ဓာတ်ပြားခန်းမှာ ရှိနေတဲ့ ***လက်ဝဲသုန္ဒရ*** အမည်မဟုတ်တဲ့ မူရင်းဓာတ်ပြား ***မဲဇာရွှေလီ*** ကို အသိဦးဟန်တူတယ်လို့ ဖတ်လိုက်ရတဲ့အတွက် အဲဒီလိုမဟုတ်ပါဘူး။ အစ်ကိုလှထွတ်နဲ့ မာအေးတို့ ဂီတမောင်နှမဘာနာမည်မှ မကြီးကြသေးမီက အဆိုတော် ကိုစိန်ဝင်းတို့နေတဲ့ 'ထရန်စပို့လမ်း' က အိမ်ကြီးမှာ အပြင်တီးဝိုင်းတွေ

စန္ဒရားကိုလှထွတ်နဲ့
မာမာအေးတို့ရဲ့
လက်ဝဲသုန္ဒရအသံသွင်းခွေ
ဆိုတာကိုလည်း
မာအေးတို့
မထုတ်လုပ်ခဲ့ပါဘူး
အဲဒါလည်း
ရှင်းပြချင်ပါသေးတယ်
ကိုရွှန်းအပါအဝင်
***မဲဇာ ရွှေလီ*** သီချင်း
နားထောင်ဖူးသူတိုင်းက
အခွေထုတ်တယ်
ထင်နေမှာစိုးလို့ပါ
တကယ်တော့
ဒီသီချင်း ***မဲဇာရွှေလီ*** ဟာ
အခိုးခံရတာပါပဲ

လိုက်တဲ့အခါ ဆိုရတီးရအောင် အစ်ကိုလှထွတ်ဆီက တက်ယူခဲ့ရတဲ့ သီချင်းဖြစ်တဲ့အကြောင်း သိစေချင်တာပါ။ ရေးပြတာပါ။

မာအေးတို့က ဆရာလည်း တူ၊ ဝါသနာလည်း တူကြလို့ မောင်ရင်းနှမလို ချစ်ကြပါတယ်။ သူက သီချင်းတွေ အများကြီးရတော့ လိုက်လိုက်ပြီး ဆိုရင်းနဲ့ ခေတ်ဟောင်းက သီချင်းတွေကို စွဲလမ်းခဲ့ရတယ်။ 'အစ်ကိုက ဘာလို့ ဒါလောက်တောင် သီချင်းအများကြီးရနေတာလဲ' လို့ မာအေးက စပ်စုခဲ့ဖူးပါတယ်။

အဲဒီတော့ သူ ငယ်ငယ်တုန်းက 'ချန်ပီယံမောင်ကျော်' ဆိုတဲ့ ခေတ်ဟောင်း စန္ဒရားဆရာကြီးရဲ့မွေးစားသားဖြစ်ခဲ့ဖူးတာကိုးရှင့်။ စစ်အတွင်းမှာ စစ်လွတ်မယ်ထင်တဲ့ ငြိမ်းချမ်းရာ ကျေးရွာတွေဆီ ပြေးခိုပုန်းအောင်းနေကြတော့ ဂီတသမားဆရာကြီးက ညနေတိုင်းရင် ရွာသူရွာသားတွေ နားထောင်ရအောင် ဓာတ်စက်ဖွင့်ပြပေးရတဲ့ တာဝန်ယူခိုင်းသတဲ့။ သူကလည်း ဝါသနာရှင် ဂီတပိုးကြီးတဲ့သူဆိုတော့ လိုက်ဆိုလိုက်မှတ် တစ်နေ့မပြတ်ဖြစ်လာတာပေါ့။ ဂီတဉာဏ်ကလည်းပါတော့ သီချင်းတွေကို

အလွတ်ရ၊ ဆိုပြတီးပြ ဆရာကောင်း တပည့်ပီသသူမို့ မာအေးတို့ လူရင်းတွေ က သူ့ကို 'သီချင်းအဘိဓာန်' တင်စား ခေါ်ကြပါတယ်။ ဆိုချင်တာကတော့ ခေတ်ဟောင်းသီချင်းတွေကို မြန်မာ့အသံ ရောက်မှ သိရတာ မဟုတ်ပါဘူးလို့ပေါ့။

ပြီးတော့ စန္ဒရားကိုလှထွတ်နဲ့ မာမာအေးတို့ရဲ့ **လက်ဝဲသုန္ဒရ အသံသွင်းခွေ** ဆိုတာကိုလည်း မာအေးတို့မထုတ်လုပ်ခဲ့ပါဘူး။ အဲဒါလည်း ရှင်းပြချင်ပါ သေးတယ်။ ကိုရွှန်းအပါအဝင် ***မဲဇာ ရွှေလီ*** သီချင်းနားထောင်ဖူးသူတိုင်းက အခွေထုတ်တယ် ထင်နေမှာစိုးလို့ပါ။ တကယ်တော့ ဒီသီချင်း ***မဲဇာရွှေလီ*** ဟာ အခိုးခံရတာပါပဲ။

အကြောင်းကတော့ဒီလိုပါ။ မြန်မာ့ အသံ စက်မှုဝန်ထမ်းတွေထဲမှာ ဂီတကို ကိုယ်တိုင်တီးတတ် နားလည်တတ်တဲ့ အသံဖမ်းရာမှာလည်း ကျွမ်းကျင်လှတဲ့ အကြီးတန်းစက်မှုအရာရှိ ခေါ်ရမလား မသိပါဘူး၊ 'ဦးခင်မောင်ဦး' ဆိုတာ ရှိ တယ်။ မာအေးရဲ့အသံလွှင့်သီချင်းလေး တွေကို သူ့သဘောနဲ့သူ ဓာတ်ပြားခုတ် ထားပြီးတော့ ရေဒီယိုအသံစမ်းရင်း ထုတ်လွှင့်ပေးခဲ့ဖူးတဲ့ ကျေးဇူးရှိတဲ့သူ ဖြစ်ပါတယ်။ အဲဒီ ဦးလေး ခင်မောင်ဦး ဟာ မြန်မာ့အသံအတွက် မိုက်ကရိုဖုန်း တွေ အသစ်မှာယူလို့ ရောက်လာတဲ့အခါ တိုင်း သူပဲ အမြဲစမ်းသပ်ရလေ့ ရှိပါ တယ်။ 'မိုက်' ကောင်း၏၊ မကောင်း၏ အသံသွင်း ကြည့်ရမှ သိရမှာဖြစ်တော့ သူနဲ့ခင်တဲ့ ရင်းတဲ့ မာအေးတို့ မောင်နှမ ကို 'လာကြဟေ့ မိုက်အသစ် စမ်းရ အောင်' လို့ခေါ်တတ်ခဲ့တာပေါ့ရှင်။ ***မဲဇာ ရွှေလီ၊ ပျို့မှာတမ်း၊ ပျို့ဆုတောင်း*** စတဲ့ သီချင်းတွေဟာ ဦးလေးခင်မောင်ဦး စက် စမ်းဖို့အပျော်ဆိုကြတီးကြတဲ့ သီချင်းလေး တွေပါ။ ဒါကြောင့် စန္ဒရားတစ်လက် တည်း အစ်ကိုလှထွတ် ထွင်တီးစမ်းသပ် ခဲ့တာပေါ့။ သီချင်းလေးတွေကကောင်း တော့ ကက်ဆက်အခွေကူးပေးတဲ့ဆိုင် တွေကလည်း ခေတ်ထချိန်ဖြစ်လေ အသံလည်းမလွှင့်၊ အခွေလည်းမထုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘဲနဲ့ကူးစားတဲ့ ဆိုင်တွေပေါ် ရောက်သွားတယ်။ တစ်ယောက်ယောက်ဆီက ကြက်သွားတာ သို့မဟုတ် ခိုးထုတ်သွားတာ ဖြစ်လို့ပေါ့။ မာအေးအသက်ဆယ်လောက်မှာ ဆိုခဲ့တာပါ။

***မဲဇာရွှေလီ*** သီချင်းကို ဂီတပဒေသာ စင်မြင့်၊ ကျူ့ကွာစံကွင်းထဲမှာ တစ်ကြိမ်တည်းသာ ပရိသတ်ကို ဆိုပြခဲ့ရဖူးတယ်ရှင်။ ဒီလိုဆိုဖြစ်ခဲ့တုန်းကလည်း ဆိုင်ရာကဆိုတဲ့ ပုဂ္ဂိုလ်များရောက်တွေ့ဆုံပြီး ဒီသီချင်းကိုနောက် မဆို အစ်မကြီးလို့ လာတားခဲ့တာကြောင့် ဖြစ်တော့ပါဘူး။ မာအေးကလည်း တုံးတာကိုးရှင့်၊ ***မဲဇာရွှေလီ*** သီချင်းကို ပြည်ပြေးရေဒီယိုဆိုတာက အသံလွှင့်နေလို့ ဆိုလားပဲ။ မာအေး ဒါတွေ ဘယ်သိပါ့မလဲ။ မြန်မာ့ လိုင်းကလွဲပြီး ဘယ်လိုင်းမှာ ဘာ သံဖမ်းနားထောင်လို့ရတယ် ဘာညာ တွေလည်း မသိပါဘူး။ မာအေးနဲ့ တွေ ကံမစပ်ဘူးထင်ပါတယ်။ ကြီး မမြရင်ရဲ့ဓာတ်ပြား ကိုလည်း နုန်းကတော့ မဖွင့်ရပါဘူးရှင်။

ရုပ်မြင်သံကြားတွေ ပေါ်လာတော့ **ရွှေလီ** ကို ***လက်ဝဲသုန္ဒရ*** လို့ နာမည် ပြီး ညီမတော် ရီရီသန့် ရိုက်ကူးသွားတာကြည့်လိုက်ခဲ့ဖူးပါတယ်။ တော်ကလေးစန္ဒရား တင်ဝင်းလှိုင် တော့ သူတင်ပြနေတဲ့ **‘ခြေခြေမြစ် နှစ်ကာကာ’** အစီအစဉ်မှာ ***လက်ဝဲ*** ***ရ*** သီချင်းကို ***မဲဇာရွှေလီ*** လို့ သီချင်း ခေါင်းစဉ်ပေးပြီး တင်ပြသွား တာတွေ့ ကြိုက်လို့ ဖုန်းဆက်ပြောမိပါသေးတယ်။ ဒီသီချင်းနှစ်ပုဒ်ရဲ့ပြဿနာတွေ ကာမို့ ဒီအကြောင်းတွေ ရေးနေရ ပါပဲ။ ***မဲဇာရွှေလီ*** ကို အသံပြန်သွင်းဖို့ ကူးတော့ပါဘူး။ အစ်ကိုလှထွတ် ကွက်နဲ့ ဖေဖေ တီးပေးတဲ့ စည်းသံ ါတော့မှာ မဟုတ်လို့ပါဘဲ။ နောင် ***ရွှေလီ’*** ကို အသက်ပြန်သွင်းဦး သူများအတွက် မာအေးဆိုတဲ့ စာ ကို ဖော်ပြလိုက်ပါတယ်။

❑

## မဲဇာရွှေလီ

*ရေး-မြို့မငြိမ်း* *ဆို- လေဘာတီမြရင်*

*ခြေဆင်း-*

*မဲဇာတောင်ခြေ...စီးတွေတွေ...ရစ်သန်း...သီတာ...ရေ×××*

*(မဲမှောင်၍ တောင်ငွေ့ဝေဝေ၊ နေရောင်မထိုး ညှိုးငယ်စိတ်ဝယ်မောအောင် တောတောင်ရေမြေ၊ မဲမှောင်၍ တောင်ငွေ့ဝေဝေ၊ လွမ်းဘွယ်ဆွေးဘွယ် သဲညာ မဲဇာရွှေတောင်ခြေ)၂×××(ပင်မြင့်တွေ ပင်စောက်တွေ ပင်အောက်ခြေ ဝင်ရောက်သူလည်း အသဲဝယ်ဖိုမလေ)၂××× အထက်ကို ဘဝင်ကို တက်မလို့ ညို့မှိုင်းနေ၊ မှိုမှိုမှိုင်းမှိုင်း၊ ညိုညို့ဆိုင်းဆိုင်း၊ ရှုလေတိုင်း အုံ့မှိုင်းလို့သာဝေ မြစ်ရေ...တွေတွေ ချိမ့်သဲ လက်ဝဲသုန္ဒရရောက်ခဲ့ရတဲ့ သည်ဝနာမြေ×××*

*(မဲဇာမြစ်ရေ ရစ်ခွေစီးတွေ၊ ဝဲယာပတ်လည် နှင်းတွေဆိုင်းမှိုင်းဝေ)၂×××*

*ဝေးခဲ့ပေါ့ ဌာနေတို့တိုင်းပြေ၊ ခြုံလွှာထွေး မလုံသေးပေ၊ မှုန်းတည့်နေခြည်ဖြာမှ နွေးတယ်၊ တရေးရေး တွေးလေ ဆွေးလေ။ ဖြေသော်လည်း မပြေ၊ လက်ဝဲသုန္ဒရ တမ်းတစိတ်ဘဝင် ငယ်ပေါင်းသက်ဝေ၊ သူကြင်ဆွေ၊ ပြည်တော်ကိုသာ စိတ်ထဲ ရော်ရမ်း မျှော်မှန်းကာ သာနေ×××*

*(သြော်...လွမ်းတိုင်း တွေးမိကာပင် အောက်မေ့ပေ၊ ဝေးသောရပ်ဌာနေမှ သားသမီးတွေ)၂×××အိမ်သူချောမေလှကို တမ်းတယောင်မိပေ၊ ချစ်တင်းနှောလို့ ပြောခဲ့တာတွေ၊ မြင်မြင်ယောင်သေး ဆွေးဘယ်မပြေ၊ ကလေးတွေအရေးစိုက်ကာ ရင်ဝယ်ပိုက်လို့ အကြိုက်စရိုက် အလိုလိုက်ခဲ့တဲ့မောင်တို့အဖေ××× ရှေးဝဋ်ကြွေး မကင်းပြန် ရာဇဒဏ်မြေ×××*

*မဲဇာမြစ်ရေ...မျှော်မှန်းကာသာနေ×××*

❑

ဒါကတော့ မာအေး အရင်ထိတွေ့ သိရှိသီဆိုဖြစ်ခဲ့တဲ့ လက်ဝဲသုန္ဒရ အမတ်အကြောင်းဖွဲ့ဆိုတဲ့ **မဲဇာရွှေလီ** သီချင်းဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလမှာ သန်းအောင်ခိုင် စီစဉ်တဲ့ **မြို့မငြိမ်းနှင့် သူ့အနုပညာ** စာအုပ်ထွက်ပေါ်လာတဲ့အခါ **လက်ဝဲသုန္ဒရ** သီချင်းအောက်ခြေမှာ မူကွဲမရှိလို့ မှတ်ချက်ပြုထားတာ တွေ့ရပါတယ်။ စာမျက်နှာ (၂၉၉)မှာပါ။ အဲဒါကို မာအေးက သဘောမတူနိုင်သလို ခံစားမိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မန္တလေးစင်ရော်တေးသံသွင်းအတွက် *တစ်ချစ်တည်းချစ်* အခွေ အသံသွင်းတဲ့အခါမှာ **လက်ဝဲသုန္ဒရ** နာမည်နဲ့ သီချင်းတစ်ပုဒ်ကို ဆိုထားတာကြောင့် ဒီသီချင်းထဲက စာတချို့ဟာ ***မဲဇာရွှေလီ*** သီချင်းထဲမှာလည်း ပါနေတာကို မှတ်မိနေလို့ ဖြစ်ပါတယ်ရှင်။

ခြေဆင်း၊ ပထမပိုဒ်နဲ့ သံပြိုင်ပိုဒ်တို့ချင်း အသံအားလုံးတူပါတယ်။ စာအနည်းငယ်သာ မတူတာကို တွေ့ရပါတယ်။ သီချင်းနှစ်ပုဒ်လုံးကိုလည်း ဆရာမြို့မငြိမ်းပဲ ရေးခဲ့တာဖြစ်လို့ ‘မူကွဲမရှိ’ ဆိုတာကို ဘဝင်မကျခဲ့တာပါပဲ။ တချို့ကလည်း မာအေးတို့ အောက်ပြည်အောက်ရွာက ဂီတသမားတွေက စာတွေ၊ အသံတွေပြင်ဆင်လိုက်တယ်လို့ ထင်မြင်ကြတာတွေလည်း ကြားဖူးခဲ့ရပါတယ်။ ဆရာငြိမ်းကတောင် ဒါကို မကြိုက်တဲ့ပုံမျိုး ချဲ့ပြောတာကိုလည်း ကြားရပါသေးတယ်။

မာအေးကတော့ ဒီကောလာဟလကို မဖြစ်နိုင်တဲ့ဘက်ကနေပါတယ်။ မြို့မငြိမ်းဟာ သူ့သီချင်း အသံသွင်းရာမှာရှိနေမယ့်လူစားမျိုးလို့ ယုံကြည်လို့ပါ။ မျက်နှာလွှဲခဲပစ်လုပ်မယ့်သူလို့ မထင်ပါဘူးရှင်။

တကယ်လို့ ပြင်ကြဆင်ကြတယ်ဆိုရင်လည်း ဆရာငြိမ်းက ဘာမှ ဒီအကြောင်း ပြောခဲ့တာ မတွေ့ခဲ့ရပါဘူး။ ပြင်လိုက်ကြတယ်လို့ ထင်နေကြတဲ့ နောက်ဆုံးပိုဒ်ရဲ့

အသံလေးက သာသောင့်သာယာရှိတာလည်း နားဆင်သူတွေကသိကြလို့ပါပဲ။ ရှေ့က အပိုဒ်တွေကို ထိခိုက်နိုင်တဲ့စာရေးအသံပါ မရှိပါဘူး။ ဘာ မကျေနပ်ကြတာပါလဲ။

***လက်ဝဲသုန္ဒရ*** သီချင်းရဲ့နောက်ဆုံးပိုဒ်ကတော့ လက်ဝဲသုန္ဒရအမတ်ကြီးရေးခဲ့တဲ့ ရတုထဲကအတိုင်း ပွဲခါညောင်ရေ၊ သဲသာသောင်မြေဆိုတာတွေ၊ သည်ဆီရွှေနန်း သည်ဆီရွှေမြို့ ဆိုတာတွေနဲ့ ပုံဖော်ပါတယ်။

***မဲဇာရွှေလီ*** သီချင်းရဲ့နောက်ဆုံးပိုဒ်က လက်ဝဲသုန္ဒရမိသားစုရဲ့ခံစားချက်တွေ လွမ်းဆွတ်ကြေကွဲမှုတွေကို ပုံဖော်ပါတယ်။ သီချင်းနှစ်ပုဒ်ကို ယှဉ်ကြည့်နိုင်ဖို့ ***လက်ဝဲသုန္ဒရ*** သီချင်းကိုလည်းတင်ပြလိုက်ပါတယ်။ သူက ဓာတ်ပြားရှိမယ် မထင်ပါဘူးရှင်။

❑

## *လက်ဝဲသုန္ဒရ*

***ရေး-မြို့မငြိမ်း***

*ခြေဆင်း-*

*မဲဇာတောင်ခြေ…စီးတွေတွေ…ရစ်သန်း…သီတာရေ…×××*

*(မဲမှောင်၍ တောင်ငွေ့ဝေဝေ၊ နေရောင်မထိုးညှိုးငယ်၊ စိတ်ဝယ်မောအောင်၊ တောတောင်ရေမြေ၊ မဲမှောင်၍ တောင်ငွေ့ဝေဝေ၊ လွမ်းဖွယ်ဆွေးဖွယ် သဲညှာ မဲဇာ မြိုင်ခြေ)၂×××(ပင်မြင့်တွေ ပင်စောက်တွေ ပင်အောက်ခြေ၊ ဝင်ရောက်သူလည်း အသဲဘဝင်ဖိုမလေ)၂×××အထက်ဆို ဘဝဂ်ကိုတက်မလို့ ညို့မှိုင်းနေ၊ မို့မို့ မို့မို့၊ ညို့ညို့ ညို့ညို့၊ ရှုမျှော်တိုင်း အုံ့မှိုင်းမှိုင်း သီခေါင်ဘွေ၊ မြစ်ရေသွယ်တွေတွေဆင်းမင်း လက်ဝဲ သုန္ဒရ ရောက်ရတဲ့သည်နယ်မြေ×××*

*(မဲဇာမြစ်ရေ၊ စီးတွေရစ်ခွေ၊ ဝဲယာပတ်လည်နှင်းတွေဆိုင်း…မှိုင်းဝေဝေ)၂ ×××ကင်းစမ်းတောင်လေပြေ တသွေးသွေး၊ မြိုလွှာထွေးမလုံသေးပေ မှုန်းတည့် နေခြည်ဖြာမှ နွေးမယ်၊ တရေးရေး တွေးလေ ဆွေးလေ၊ ဖြေသော်လည်း မပြေ၊ လက်ဝဲသုန္ဒရ တမ်းတစိတ်တွေ ငယ်ကျွမ်းသက်ဝေ၊ သူ့ကြင်ဆွေ၊ နေပြည်တော်ဆီ ရော်ရမ်း…တမ်းတ,တ တွေတွေ×××*

*ပွဲညောင်ရေ၊ ဆုတောင်းချွေညွှန်း ရေစင်သွန်းလို့ဝေ၊ တကျွန်းလွမ်းလောက်ပေ၊ တို့အောက်နယ်မြေ၊ ရွှေဂူတော်မြတ် ဆည်းကပ်လှန့်ရှိသေ×××သဲသောင်မြေ၊ မြစ်ကမ်းခြေဝှမ်း ရေစင်သွန်းလို့နေ၊ လွမ်းလွမ်းလောက်ပေ၊ မဲဇာမြိုင်ခြေ၊ သည်ဆီရွှေမြို့ သည်သို့စေတီပေ၊ သည်ဆီရွှေနန်း ဖြောင့်တန်းမယ့် သည်အနေ၊ စိတ်မှာထင်မြင် ဦးတင်ပါသည်ဖျာ့၊ တမ်းတယောင်ပေ၊ နေနိုင်တော်မူအား-သနားမညှာရက်ရှာ ပေ×××*

*မဲဇာမြစ်ရေ…တတွေတွေ×××*

❑

**မဲဇာရွှေလီ** သီချင်းစာသားနဲ့ မတူတဲ့စာသားလေးတွေရဲ့အောက်ခြေမှာ မျဉ်းသား ပြထားတာဖြစ်လို့ ယှဉ်ကြည့်လို့ရပါပြီနော်။

ဘယ်လိုပဲဖြစ်ဖြစ်၊ **လက်ဝဲနဲ့ မဲဇာ** ဟာ မြို့မဆရာငြိမ်းရဲ့ လက်ရာတွေဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ မူကွဲလို့ပြောပြော၊ တစ်ပုဒ်စီလို့ထားထား အများက ကြိုက်ပြီးသား သီချင်းများဖြစ်ကြောင်းပါရှင်။ ဒီသီချင်းနှစ်ပုဒ်အကြောင်းကို မနှစ်က မန္တလေးမြို့မှာ မာအေးရဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲတင်ဆက်တုန်းက ရွှေပွဲလာပရိသတ်ကြီးကို မြို့မအဖွဲ့နဲ့အတူ စန္ဒရားကိုသိမ်းမောင် ပါဝင်တီးခတ်တာမို့ ရှင်းလင်းပြောပြ သီဆိုပေးခဲ့ရ ပြီးပြီဖြစ်လို့ မာအေးစိတ်ထဲတော့ ဘဝင်မကျတာ မရှိတော့ပါဘူး။ စာရှုသူ ဂီတဝါသနာရှင်များ ဂီတအသိအမြင်များ ခံစားပျော်မွေ့နိုင်ကြပါစေ။ ■

**မာမာအေး**

***(ခေတ္တ-စန်ဖရန်စစ္စကို၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ နံနက်)***

ရုပ်စုံမဂ္ဂဇင်း


ဖြန့်ချိရေး

စာပေ


အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀

www.burmeseclassic.com



လင်းလွန်းခင်စာပေတိုက်




၅၀၀၀ ကျပ်




၂၅၀၀ ကျပ်




၁၂၀၀ ကျပ်




၃၀၀၀ ကျပ်

ဖြန့်ချိရေး လင်းလွန်းခင်စာပေ


တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှအဆက်...**

Swift က မကြာခင်ထွက်မယ့် အယ်လ်ဘမ်သစ် *1989* ကို အပြည့်အစုံ နား ဆင်ချင်တယ်ဆိုရင်ဖြင့် သူ့ရဲ့ iPhone ကိုပဲ ငှားမှရမှာပါ။ အဲဒီ ဖုန်းထဲမှာ သီချင်း ၁၃ ပုဒ်စလုံးပါတဲ့အပြင် အပိုထည့်ပေးထားတဲ့သီချင်းတွေလည်း ပါ,ပါတယ်။ ဖုန်းထဲမှာ Sailor Twips လို့ အမည်ဝှက်ပေးထားတဲ့ File Folder ထဲမှာ ထည့် ထားတာလေ (Swift က သူ့ရဲ့သီချင်းတွေကို နားကြပ်နဲ့ပဲ နားထောင်တယ်။ ဒီအတိုင်း ဖွင့်နားထောင်ရင် ခိုးပြီး အသံဖမ်းမှာစိုးလို့တဲ့။)။ ဖုန်းထဲမှာ အသံသွင်းထားတဲ့ မှတ်စုတွေနဲ့ ဂစ်တာကော့ဒ်တွေ၊ သီချင်းသံစဉ်တွေလည်း ရာနဲ့ချီပြီး သိမ်းထားပါ သေးတယ်။ သူ့ရဲ့သီချင်းတွေကို အဲဒီလိုသိမ်းထားတဲ့မှတ်စုတွေ၊ တေးသွားအလိုက်




တွေနဲ့ ဖန်တီးတာပဲလေ။ Dunham နဲ့ ချစ်သူတွေဖြစ်တဲ့ တေးရေးဆရာ Anton က သီချင်းတစ်ပုဒ်ကို Taylor Swift နဲ့တွဲပြီး ရေးခဲ့ပုံ ပြန်ပြောပြပါတယ်။ Anton က သံစဉ်တစ်ခုကို ဖုန်းပေါ်ကနေ ပို့လိုက်ပြီး မိနစ်သုံးဆယ်လောက်အတွင်းမှာ Swift က အဆိုထည့်ပြီး ပြန်ပို့လိုက်တာ ခာတ်ပြားသွင်းထားတဲ့အတိုင်းပဲလို့ ဆိုပါ တယ်။ သီချင်းခေါင်းစဉ်ဖြစ်တဲ့ *1989* ဆိုတာက Swift အင်မတန် နှစ်သက်တဲ့ ခုနှစ်တွေရဲ့ ပေါ့ပ်အဆိုတော်တွေ ဩဇာလွှမ်းမိုးတဲ့နှစ် ဖြစ်ပါတယ်။ Phil Collins Annie Lennox နဲ့ Madonna ရဲ့ *Like a Pruyer* သီချင်း လွှမ်းမိုးတဲ့ခေတ်ပေါ့(၁၉ ခုနှစ်ဟာ Swift ရဲ့မွေးနှစ်လည်း ဖြစ်ပါတယ်။)။ *1989* ကို Swift နဲ့ Max တို့ တွဲဖက်ထုတ်လုပ်ခဲ့ကြတာပါ။ Martin က Swift ရဲ့ ၂၀၁၂ ခုနှစ်ထွက် *We*



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

*Never Ever Getting Back Together* အမည်ရ ဆင်ဂဲလ်ဖန်တီးတုန်းက လက်တွဲအလုပ်လုပ်ခဲ့သူပေါ့။ တရားဝင်ပြောရရင်တော့ *1989*ကို အချောသပ်လို့ မပြီးသေးပါဘူး။ ဆွီဒင်နိုင်ငံတစ်နေရာမှာ ရှိနေတဲ့ Martin က ဒရမ်ရိုက်ချက်တချို့ကို စိတ်ကြိုက်မတွေ့လို့ နောက်ဆုံးမိနစ်အထိ ပြင်ဆင်နေတုန်းပါပဲ။

Swift ရဲ့ ၂၀၁၂ ခုနှစ်ထုတ် *Red* အမည်ရ အယ်လ်ဘမ်ဟာ ကျေးလက်ဂီတနဲ့ပေါ့ပ်ဂီတ နှစ်ဖက်ခွနေတဲ့အယ်လ်ဘမ်ပါ။ 'သေချာတာတစ်ခုကတော့ ယုန်နှစ်ကောင်ကို တစ်ပြိုင်တည်းလိုက်ရင် နှစ်ကောင်စလုံးကို လွတ်မှာပဲ' လို့ Swift က ဆိုတယ်။ ဒါကြောင့် ဒီတစ်ခါတော့ ပေါ့ပ်ဂီတဘက်ကို လုံးလုံးလျားလျား ကူးပြောင်းလိုက်တာပေါ့။ Swift ရဲ့သီချင်းတွေကို တစ်ခါတလေမှသာ နားထောင်သူတွေအတွက် ကွဲပြားခြားနားမှုကို သိပ်ပြီးသတိမပြုလောက်ပေမဲ့ Swiftနဲ့ သူ့ရဲ့ကျေးလက်ဂီတအဆိုတော်ဆိုတဲ့ အမှတ်တံဆိပ်ကနေ ပေါ့ပ်အဆိုတော်ဆိုတဲ့ အမှတ်တံဆိပ်ပြောင်းလဲမှုအတွက်ကတော့ ကြီးမားတဲ့ခြေလှမ်းတစ်ရပ်ပါပဲ။ Swift က သူ့ရဲ့ *1989* အယ်လ်ဘမ်အတွက် ဈေးကွက်မြှင့်တင်ရေးအစီအစဉ်တွေကို ကျေးလက်ဂီတရေဒီယိုအစီအစဉ်တွေ၊ ကျေးလက်ဂီတဆုပေးပွဲတွေမှာ သွားမလုပ်ဘူးလို့လည်း ဆိုပါတယ်။ *1989* အတွက် ပထမဆုံးသီချင်းကို အသံသွင်းတော့ Swift ရဲ့ ဓာတ်ပြားတိုက် အကြီးအကဲ Scott Borchetta က အရမ်းကောင်းတဲ့အကြောင်း၊ Swift ရဲ့ အယ်လ်ဘမ်တွေထဲမှာ အကောင်းဆုံးဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် သူ့ကို ကျေးလက်ဂီတသီချင်းသုံးပုဒ်လောက် ပေးဖို့တောင်းခဲ့တယ်လို့ Swift က ပြန်ပြောပြပါတယ်။ အဲဒါက နောက်ကို ဖြစ်လာမှာ မဟုတ်တော့ဘူးလို့ Swift က ဆိုပါတယ်။

*1989* မှာ Swift ရဲ့ ကြီးမားတဲ့ အပြောင်းအလဲတစ်ရပ်ကတော့ အရင်နှစ်တော်တော်များများတုန်းက အယ်လ်ဘမ်တွေလို ချစ်သူဟောင်းတွေ မကောင်းကြောင်းရေးထားတဲ့ သီချင်းတွေ မပါတော့တာပါဘဲ။ သီချင်းတချို့က ချစ်သူဘဝ ဆက်ဆံရေးတွေအကြောင်း ရေးထားတာဖြစ်ပေမဲ့ အများစုက တမ်းချင်းတွေ၊ လွမ်းချင်းတွေချည်းပါပဲ။ သူတစ်ပါးကို လက်ညှိုးထိုး အပြစ်ပုံချထားတာတွေ မပါပါဘူး။ 'ဘဝရဲ့ခြားနားတဲ့အချိန်အပိုင်းအခြားတွေက ကွဲပြားခြားနားတဲ့ အသည်းကွဲဝေဒနာတွေကို ပေးတယ်' လို့ Swift က ဆိုပါတယ်။ 'လက်ရှိအချိန်မှာတော့ ကိုယ့်အသည်းက ပြင်မရလောက်အောင် ကွဲနေတာ



'တစ်ခါတလေမှာ သီချင်းထဲက စာသားတစ်ကြောင်းက အပြင်ယောက်ကမှာ တစ်ယောက်ယောက်ဆီကို လက်ကိုင်ဖုန်းကနေ မက်ဆေ့ချ်ပို့လိုက်ချင်တဲ့ စာသားတွေ ဖြစ်တယ်' လို့ Swift က ဆိုပါတယ်

မဟုတ်ဘူးလေ။ အဲဒါကြောင့်ပဲ ဒီအယ်လ်ဘမ်က ယောကျ်ားလေးတွေအကြောင်း အဓိကရေးဖွဲ့ထားတာ မဖြစ်လာတာပေါ့' လို့ Swift က ရှင်းပြပါတယ်။ တကယ်တော့ One Direction ဂီတအဖွဲ့က အဆိုတော် Harry Styles နဲ့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်မှာ လမ်းခွဲပြီးကတည်းက ဘယ်ယောကျ်ားလေးနဲ့မှ မတွဲဖြစ်ခဲ့ဘူးလို့ Swift က ပြောပြခဲ့ပါတယ်။ 'ရည်းစားမထားဖူးတဲ့သူလိုပေါ့။ ဒီအကြောင်းတွေ သီချင်းရေးရင် လူတွေက စိတ်မကောင်းဖြစ်ကြတယ်။ ဒါပေမဲ့ ဒါက အဟုတ်ပဲလေ' လို့ Swift က ဆိုပါတယ်။

ရည်းစားထားရတဲ့အလုပ်ဟာ သူ့အတွက် ခက်လှတယ်လို့ Swift က ဆိုပါတယ်။ အခက်အခဲတစ်ခုတော့ သွားဖို့လာဖို့ ခက်တာပါပဲ။ 'ခုနစ်ဆယ်ရာခိုင်နှုန်းလောက်အချိန်တွေမှာ လူတစ်ယောက်က ကိုယ့်ကို အပြင်ထွက်ဖို့ ခေါ်တာဆိုရင် ဒါဟာ ကြုံကြိုက်သွားတဲ့ အီးမေးလ်တစ်စောင်ကနေတစ်ဆင့် လာတာပါပဲ' လို့ Swift က ပြောပြပါတယ်။ တချို့ ရုပ်ရှင်သရုပ်ဆောင်တွေဆို သူ့ရဲ့ သတင်းပြန်ကြားရေးတာဝန်ခံဆီကတစ်ဆင့် လိပ်စာတောင်းပြီး အီးမေးလ်ပို့ကြာ ချိန်းဆိုတတ်ကြ Swift က အလီမွှာနဲ့ ငြင်းပယ်ခဲ့ ကြောင်း ပြောပြပါတယ်။ အဲဒီကြား ကမှ ဆက်ဖြစ်သွားရင်တော့ နှစ်ယော ကြား ဆက်ဆံရေးတစ်ရပ်ကို ခက်ခ ခဲခဲ တည်ဆောက်ရပြန်တာပေါ့။

ရည်းစားတွေများခဲ့တဲ့ ဘဝကို တွေးကြည့်တော့ လူတကာ ပြော တစ်ခုဖြစ်နေတာ တွေ့ခဲ့ရပြီး အဲ သတင်းတွေနဲ့ လူတကာကို ဖျော်ဖြေ နေရတာ မနေတတ်အောင် ဖြစ်လာ လို့ Swift က ဆိုပါတယ်။ 'ကိုယ် တွဲခဲ့တဲ့သူတွေရဲ့ ဓာတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကြည့်ရတာကို မနှစ်သက်တော့ ဆုပေးပွဲတွေမှာ လူရှင်တော်တွေက အကြောင်း ဟာသလုပ်ပြောတာကို ချင်တော့ဘူး။ သတင်းစာစောင် ခေါင်းစီးတွေတင်ပြီး 'ညီအစ်ကို သတိထားကြ၊ မင်းတို့အကြောင်း လုပ်ရေးလိမ့်မယ်' ဆိုတာမျိုးတွေ တာ မမြင်ချင်တော့ဘူး။ ဒါတွေ ကိုယ့်အလုပ်အတွက် အရေးမပါတာ ပြီးတော့ မကြိုက်ဆုံးက အဲဒီ အလက်ပေါင်းရုံးပြီး ကိုယ့်ရဲ့ ဆံရေးအသစ်တစ်ရပ်အပေါ် ဖိအား ကြီး သက်ရောက်စေတာပဲ။ ကြောင့် ရည်းစားမထားတော့တာ' လို့ က ပြောပြခဲ့ပါတယ်။

ဘယ်သူနဲ့မှ တွဲမနေတော့ဘူးဆိုရင် ရေး၊ ထောက်စရာလည်း မရှိတော့ ထင်တာလည်းပါတဲ့အပြင် လော ဆယ်မှာ အချစ်ဇွမ်းအင်တွေ မရှိ တာလည်းပဲ တစ်ကြောင်းအပါ ဖြစ်တယ်လို့လည်း Swift က ပြော တယ်။

နည်းနည်းပင်ပန်းနေပုံရတဲ့ လေသံ Swift က သူ့အကြောင်း ပုံနိုင်းပြောပြ ပြနိုပါတယ်။ 'Loneliest Whale တဲ့ ဇာတ်ကားအကြောင်း ကြားဖူး အဲဒါက ဝေလငါးတစ်ကောင် ကြောင်း မှတ်တမ်းရုပ်ရှင်ပေါ့။ ထုတ်တာက Adrian Grenier ထင်ပါ ဒင်လယ်ထဲမှာ ကူးခပ်သွားလာနေ အဲဒီ ဝေလငါးဟာ တခြား ဝေလ တွေနဲ့ မတူတဲ့ အော်သံတစ်ခုရှိတယ်။ တော့ တခြား ဝေလငါးတွေက သူနဲ့ ရာ မသွားချင်ကြဘူး။ ဒါပေမဲ့ အဲဒီ ငါးက သူ့တစ်ကိုယ်တည်း ကူး သွားလာနေတာဟာ ပျော်စရာ ဖြစ် ယ်လို့ မြင်ရင် ဘယ်လိုပြောမလဲ။ တွေအားလုံးကတော့ သူ့ကို သနား ကြတာပေါ့။ အခုလည်း ကိုယ်က စုံတစ်ယောက်ကို မျှော်လင့်ချက်မရှိ အချစ်မျိုးနဲ့ ချစ်နေတာမှ မဟုတ် တာ။ ဒါဆိုရင် ဆိုးတော့ မဆိုးဘူး ။ ဒါဟာ လွမ်းစရာ မဟုတ်ဘူး။



Swift က Harry Styles နဲ့ [illegible] Harry Styles [illegible]



www.burmeseclassic.com

www.burmeseclassic.com

အချိုးကြီးဘ၀နဲ့ အရှုံးပေးရတာ မဟုတ်ဘူး။ ဒီလိုနဲ့ ကိုယ့်မှာ ကြောင်တစ်ကောင် ထပ်တိုးလာတော့မှာပေါ့'လို့ Swift က ရယ်မောပြောကြားခဲ့ပါတယ်။

'ဒါပေမဲ့ သေချာတွေးကြည့်တဲ့အခါ ဘယ်လောက်စိတ်ကူးယဉ်တတ်လိုက်တဲ့အတွေးလဲလို့ စဉ်းစားမိပါတယ်။ တစ်ယောက်ယောက်က ကိုယ့်ကို အကြောင်းကြောင်းကြောင့် ရည်းစားမထားတာလို့ တွေးရင် တွေးမယ်လေ။ ကိုယ့်မှာ ကြောင်နှစ်ကောင် ရှိပြီးသားမို့လို့ ရည်းစားမထားတာဆိုတာကို မစဉ်းစားမိခင်ပေါ့'လို့ Swift က ဆိုပါတယ်။

တစ်ကိုယ်တည်းသမား ဖြစ်လာတဲ့ Swift ဟာ မိန်းကလေးဖော်တွေကို ဟိုတုန်းက ယောက်ျားလေးတွေအပေါ် ချစ်ခဲ့သလိုမျိုးကို ချစ်တတ်လာတယ် (ဥပမာပြောရရင် လွန်ခဲ့တဲ့နှစ်နှစ်လောက်တုန်းက Vogue မဂ္ဂဇင်းနဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ Karlie Kloss နဲ့ မိတ်ဆွေဖွဲ့ချင်တယ်လို့ သူ ပြောခဲ့ပြီး၊ အခုဆို Kloss နဲ့အတူ အားကစားရုံသွား၊ လမ်းအတူထွက်နဲ့ အတော်ခင်မင်တဲ့သူတွေ ဖြစ်နေပြီလေ။)။ ဒါဟာ တစ်ကိုယ်တည်းနေခြင်းရဲ့ ဘေးထွက်ရလဒ်တစ်ခုဖြစ်တယ်လို့ Swift က ဆိုပါတယ်။ 'ကိုယ်က ယောက်ျားလေးတွေကို ရည်းစားထားဖို့ပဲ ဦးစားပေးနေတာဆိုရင် မိန်းကလေးချောချောလှလှလေးတွေကို မြင်တော့မှာ မဟုတ်ဘဲ၊ 'ဒီမိန်းမက ကိုယ်ကြိုက်တဲ့ကောင်လေးကို လုယူတော့မှာပဲ'ဆိုတဲ့ အတွေးမျိုး ဝင်လာမှာ'လို့ Swift က ဆိုပါတယ်။ အဲဒီလို ယောက်ျားလေးမိတ်ဆွေ အဝယ်ထွက်တဲ့အမြင်နဲ့ မကြည့်ဘဲ နောက်ဆုတ်ကြည့်လိုက်မယ်ဆိုရင် တခြား မိန်းမလှလေး အများကြီးကို မြင်တတ်လာမှာဖြစ်ပြီး 'သူတို့နဲ့ ခင်ချင်လိုက်တာလို့ ဖြစ်လာမှာပါ'လို့ Swift က ပြောပြပါတယ်။ ဥပမာအားဖြင့် Swift က Ella လို့ ခေါ်တဲ့ အဆိုတော် Lorde အကြောင်းပြောပြပါသေးတယ်။ 'ဒါက အလျှံညီးညီးတောက်နေတဲ့ မီးပုံလိုပဲ။ မီးက ပူပြင်းလွန်းလှတော့ အနားကပ်ရမှာကို ကြောက်နေတာလည်း ဖြစ်နိုင်သလို အနားမှ သွားရပ်လိုက်တဲ့အခါ ပျော်စရာကောင်းပြီး ကိုယ့်ကို လင်းလက်တောက်ပလာစေတာ တွေ့ရမယ်'လို့ Swift က ဆိုပါတယ်။

Swift ဟာ သူ့ရဲ့ အဆိုတော်ဘ၀ အစောပိုင်းကာလတွေမှာတုန်းက အမျိုးသား၊ အမျိုးသမီး တန်းတူဖြစ်ရေး ဦးတည်တဲ့ အမျိုးသမီးဝါဒအကြောင်း မေးခွန်းတွေမေးလာရင် ရှောင်လွှဲလေ့ရှိခဲ့ပါတယ်။ အမျိုးသားပရိသတ်တွေနဲ့ အနေစိမ်းသွားမှာစိုးလို့ပေါ့။ အခုတော့ Swift က သူ့ကိုယ်သူ အမျိုးသမီးဝါဒ လက်ကိုင်ထားသူအဖြစ် ထုတ်ဖော်ပြောကြားရတာကို ဂုဏ်ယူတတ်လာပါပြီ။ အမျိုးသမီးဝါဒဆိုတာ Swift အတွက်ကတော့ အမျိုးသမီးအားလုံး အမျိုးသားတွေနဲ့ တန်းတူ အခွင့်အရေးရဖို့ပါပဲ။ 'ဒါကို ဘယ်လိုဆန့်ကျင်ဘက် အတိုက်အခံလုပ်ပြောမလဲဆိုတာ စဉ်းစားလို့မရပါဘူး'လို့လည်း သူက ဆိုပါတယ်။ မိတ်ဆွေဖြစ်သူ Dunham ကတော့ Swift ဟာ သူ့ကိုယ်သူ အမျိုးသမီးဝါဒီလို့ ထုတ်ဖော်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အမြဲပဲ အမျိုးသမီးဝါဒ လက်ကိုင်ထားသူဖြစ်တယ်လို့ ဆိုပါတယ်။ 'Swift က သူ့ကုမ္ပဏီ သူ ကိုယ်တိုင် ဦးစီးတယ်။ တခြား အမျိုးသမီးတွေနဲ့ ဆက်နွယ်တဲ့ သီချင်းတွေ ဖန်တီးတယ်။ အမျိုးသားတွေရဲ့ဆွဲဆောင်မှုတွေ အကြောင်း ရေးဖွဲ့မနေဘဲ ဒီလို ရေး... တာလေ။ သူ့ကို ဘယ်သူကမှ ထိန်းချု... ထားတာ မရှိဘူး။ ဒါကိုမှ အမျိုးသမီးဝါဒလို့မခေါ်ရင် ဘယ်ဟာကိုခေါ်မ...'လို့ Dunham က ပြောကြားခဲ့ပါတယ်။

အမျိုးသမီးတစ်ယောက်ယော... က သူ့အပေါ် စည်းကျော်လာခဲ့မယ်ဆိုရင်လည်း Swift က ကြောက်စ... ကောင်းအောင် တုံ့ပြန်တတ်ပါတယ်။ *1989* ထဲမှာပါတဲ့ *Bad Blood* ဆို... သီချင်းက Swift ရဲ့ဒေါသဒီဂရီ အမြ... ဆုံးနဲ့ ရေးဖွဲ့ထားတဲ့ သီချင်းပါပဲ။ အဲ... သီချင်းက Swift အနေနဲ့ နာမည်ထု... မပြောချင်တဲ့ အမျိုးသမီး အနုပညာရှ... တစ်ယောက်အကြောင်းပါ။ 'အဲဒီ အမျိုး... သမီးနဲ့ ခင်ခဲ့မင်ခဲ့တယ်ဆိုတာ ဟုတ်ရဲ့... လားလို့တောင် နှစ်အတော်ကြာအောင် ပြန်စဉ်းစားခဲ့ရတာပါ'လို့ သူက ဆို... တယ်။ 'သူက ဆုပေးပွဲတွေမှာ အနား... လာပြီး ရမည်ရှာစကားပြောတတ်... တယ်။ တစ်ခုခုပြောပြီးရင် လစ်ထွက်... သွားတတ်ပါတယ်။ ဒီမိန်းမနဲ့က မိတ်... ဆွေဖြစ်နေပြီလား၊ ဒါမှမဟုတ် ကိုယ့်ကို... လာစော်ကားသွားတာလားဆိုတာ ဝေ... စားယူရတယ်။ ဒီလိုနဲ့ ပြီးခဲ့တဲ့နှစ်... တော့ တခြားအမျိုးသမီး နာမည်ကြီး... တစ်ယောက်က စည်းကျော်ပြန်ပါလေ... ရော။ တကယ် ကြောက်စရာကောင်း... တာကို သူ လုပ်ခဲ့တာ'လို့ Swift က ဆိုပါတယ်။

'ရန်သူနဲ့တော့ ထိပ်တိုက်တည့်... တည့် တွေ့နေပြီလို့ တွေးမိတယ်။ ပြီးတော့ ယောက်ျားလေးကိစ္စလည်း မဟုတ်ဘူး။ ဒါက အလုပ်ကိစ္စနဲ့ပတ်... သက်တာ။ ဒီမိန်းမက ပွဲခင်းတစ်ခုလုံး... ကို ဖျက်ဆီးပစ်ဖို့ ကြံစည်ခဲ့တာ... ဒါပေမဲ့ သူ့ကို ထိပ်တိုက်သွားပြီး မ... ရှင်းခဲ့တာကိုပဲ ကိုယ့်ကိုယ်ကိုတော... အံ့ဩမိတယ်။ အဲဒီလို ပဋိပက္ခတွေ ဖြ... တာမျိုးကို ဘယ်လောက်မုန်းသလဲ... တာ ပြောပြရင် ယုံမှာမဟုတ်ဘူး။ ဒီ...



www.burmeseclassic.com


ဘဝရဲ့ခြားနားတဲ့အခါနဲ့အပိုင်းအခြားတွေက ကွဲပြားခြားနားတဲ့ အသည်းကွဲတွေနာကျင်မှုတွေကို ပေးတယ်'လို့ Swift က ဆိုပါတယ်

သူကို တားတာတော့ တားမယ်လေ။ ဒါက အဆင်မပြေလှလို့ ကြိုက်လို့ရယ်လည်း မဟုတ်ပါဘူး' လို့ Swift က ပြောပြခဲ့ပါတယ်။

(အဲဒီ ပဋိပက္ခက ပုဂ္ဂိုလ်ရေးနဲ့ သက်တာဖြစ်လောက်တယ်လို့ Swift က ဝန်ခံပြောကြားခဲ့ပေမဲ့ 'သူက ကိုယ်နဲ့ ဘက်ပြိုင်လောက်အောင် မတွေဘူးဆိုရင် ပုဂ္ဂိုလ်ရေးပြဿနာ ရှိမယ် မထင်ဘူး' လို့လည်း ပြောကြားခဲ့ပါတယ်။)

အဲဒီလိုတွေဖြစ်လာတော့ Swift က သူ့ရဲ့စိတ်ထဲက ခံစားချက်တွေကို သီချင်းတွေထဲမှာ ချရေးတော့တယ်။ 'တစ်ခါတလေမှာ သီချင်းထဲက စာတစ်ကြောင်းဟာ အပြင်လောကမှာ တစ်ယောက်ယောက်ဆီကို လက်ကိုင်ဖုန်းကနေ မက်ဆေ့ချ်ပို့လိုက်ချင်တဲ့ စကားတွေ ဖြစ်တယ်' လို့ သူက ဆိုပါတယ်။ 'အဲဒီလို ကိုယ့်ကို အပုပ်ချသူတွေကို သီချင်းထဲမှာ အမြဲထည့်ရေးတယ်။ *Burn* ဆိုတဲ့ သီချင်းလိုပေါ့။ အဲဒီသီချင်းက အခုနက ပြောတဲ့ အမျိုးသမီးကို တိုက်ရိုက်ထိတာပဲ။ ဘယ်သူ့အကြောင်းကို ရေးလိုက်တာလဲဆိုတာ ပရိသတ်တွေလည်း သိကြတယ်လေ။ သူတို့က ကိုယ့်ရဲ့ လူမှုဆက်ဆံရေးကိစ္စတွေအားလုံး သိနေကြတာကိုး။ ဒါပေမဲ့ သီချင်းထဲမှာတော့ တဲ့တိုးကြီးရေးထည့်ထားတာ မဟုတ်ဘူးနော်။ ကိုယ့်ရည်ရွယ်ချက်က အတင်းပြောပွဲတစ်ခု ဖြစ်ဖို့ မဟုတ်ဘူးလေ။ ပရိသတ်တွေရဲ့ ဘဝမှာ တစ်စုံတစ်ယောက်က သစ္စာဖောက်သွားတာကို ခံရတဲ့အခါ ဒီသီချင်းလေးကို ခံစားကြည့်စေချင်ရုံပါ' လို့ Swift က ပြောပြခဲ့ပါတယ်။

သူ့သီချင်းတွေက ဘယ်သူ့အကြောင်း ရေးထားတာဆိုတာကို အကျယ်တဝင့်ရှင်းပြစရာမလိုတာကို Swift က သဘောကျပါတယ်။ သူက စာသားတွေထဲမှာ အဓိပ္ပာယ်ကောက်လို့ရအောင် သဲလွန်စလေးတွေ ထည့်ပေးတာမျိုး လုပ်တတ်ပါတယ်။ ဒါမျိုးကိစ္စတွေမှာ Swift ဟာ စည်းကမ်းကြီးလှပြီး ရည်းစားဟောင်းနာမည်ကိုတောင် လှုပ်ပုံလယ်မှာ ကျယ်ကျယ်မပြောတတ်သူပါ။ တစ်ခါတလေ ခြေချော်လက်ချော်ဖြစ်ခဲ့ရင်တောင် ဖျော်ဖြေရေးအမြင်နဲ့ အပြစ်မြင်စရာ မရှိဘူးလို့ ဆိုရမှာပါ။

Swift က *Bad Blood* သီချင်းအကြောင်း ဆက်ပြောပြပါသေးတယ်။ ဒီသီချင်းဟာ အမျိုးသမီးတစ်ယောက်အကြောင်းဆိုတာ ပရိသတ်အားလုံးကို သိစေချင်တယ်လို့လည်းဆိုပါတယ်။ 'မိန်းကလေးချင်း ရန်ပွဲပဲလို့ လူတွေထင်ကြမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒါဟာ ယောကျ်ားလေးတစ်ယောက်အကြောင်း မဟုတ်ဘူးဆိုတာ လူတွေအသေအချာ သိစေချင်လို့ပါ။ ကိုယ်နဲ့တွဲခဲ့ဖူးတဲ့ သူ့ရဲ့အရိပ်က ကိုယ့်အပေါ်မိုးနေတာကို ဘယ်သူမှ မခံချင်ဘူးလေ။ ဒါနဲ့ပဲ သူ့ကို မုန်းတယ်လို့ ထင်မြင်စရာဖြစ်စေတယ်။ လူတွေက ချက်ချင်းပဲ တစ်ခုတည်းသော ဦးတည်ရာဘက်ကို စဉ်းစားကြမယ်ဆိုတာလည်း သိပါတယ်' လို့ Swift က ရှင်းပြပါတယ်။

တစ်ခုတည်းသာ ဦးတည်ရာဆိုတဲ့ စကားက One Direction ဆိုတဲ့ ချစ်သူဟောင်းရဲ့ ဂီတအဖွဲ့အမည်ကို ရည်ညွှန်းလိုက်သလို၊ မထင်မှတ်ဘဲ ပြောလိုက်မိတဲ့အတွက် Swift ရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပါတော့တယ်။ သူက မျက်နှာကို လက်နဲ့အုပ်ပြီး 'ဘာဖြစ်လို့လဲ' လို့ မြည်တမ်းရှာပါတယ်။ ဒီအချိန်ဟာ ဂန္ထဝင်သီချင်းသည်မလေး Taylor Swift ရဲ့အံ့အားသင့်ဖွယ် ပကတိမျက်နှာကို မြင်တွေ့လိုက်ရတဲ့ အချိန်ပါပဲ။

Swift က Harry Styles နဲ့ သူ့အကြောင်းတွေကို သိပ်ပြီးတော့ ပြောပြမှာ မဟုတ်ပါဘူး။ အခုတော့လည်း သူငယ်ချင်းတွေလိုပဲပေါ့။ ဒါပေမဲ့ သူနဲ့စကားပြောကြည့်တဲ့အခါ *၁၉၈၉* ထဲမှာ ပါတဲ့ သီချင်းအတော်များများမှာ ရည်ညွှန်းထားတဲ့ တစ်ယောက်သောသူဟာ Harry Styles ပဲဆိုတာ သိလာရပါတယ်။ *I Wish You Would* ဆိုတဲ့ သီချင်းထဲမှာ သူ့အိမ်နဲ့ နှစ်လမ်းခြားတဲ့နေရာမှာ အိမ်တစ်လုံး ဝယ်ယူခဲ့တဲ့ ချစ်သူဟောင်းအကြောင်း ရေးဖွဲ့ထားပါတယ်(အဲဒါက Harry Styles ကို ညွှန်းတာပါ။)။ *All You Had to Do Was Stay* ဆိုတဲ့ သီချင်းကလည်း ဘယ်တော့မှ သစ္စာမတည်လိုတဲ့သူ တစ်ယောက်အကြောင်းပါ။ (ဒါကလည်း Harry Styles ကိုပဲ ညွှန်းပါတယ်။) အဲဒီအပြင် Swift နဲ့ ပတ်သက်တဲ့ လူမှုရေးဆိုင်ရာ လျှို့ဝှက်စကားတွေအတွက် စိုးရိမ်ရေမှတ် အသစ်ထပ်ပြီး သတ်မှတ်ပေးလိုက်တဲ့ သီချင်းတစ်ပုဒ်လည်း ပါပါသေးတယ်။ **Miami Vice** ဇာတ်ကားထဲက ဇာတ်ကောင်စတိုင်လ်နဲ့ ဆံပင်ကို နောက်ပြန်လှန်ဖြီးပြီး တီရှပ်အဖြူရောင် ဝတ်တတ်တဲ့ ကောင်လေးတစ်ယောက်၊ ပြီးတော့ စကတ်တိုတိုကျပ်ကျပ်လေး ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက်တို့ ပါဝင်တဲ့ *Style* အမည်ရ သီချင်းဖြစ်ပါတယ်။ *Style* လို့ နာမည်ပေးထားတာ ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com

တော့ မဟုတ်ပါဘူး။ (ကျေနပ်တဲ့ အပြုံးနဲ့ ပြုံးနေတဲ့ Swift က ဒီသီချင်းကို *I'm Not Even Sorry* လို့ နာမည်ပေးရမှာလို့ ဆိုပြန်ပါတယ်။)

အယ်လ်ဘမ်သစ်ထဲမှာပါတဲ့ Harry Styles အကြောင်း ရေးထားတာလို့ ထင်ရတဲ့ သီချင်းတွေထဲမှာ ထူးထူးခြားခြား စိတ်ဝင်စားစရာ အကောင်းဆုံး သီချင်းကတော့ *Out of the Woods* အမည်ရသီချင်းပဲ ဖြစ်ပါတယ်။ Antonoff နဲ့တွဲရေးတဲ့ သီချင်းတစ်ပုဒ်ပါ။ သူတို့နှစ်ယောက်ကြားက ပတ်သက်မှုကို တကယ့်ကို ပြင်းပြတဲ့စိတ်နဲ့ ရေးသားထားတာ ဖြစ်ပါတယ်။ 'နေ့တိုင်းဟာ ရုန်းကန်လှုပ်ရှားမှုတွေနဲ့ပဲ ဘဝအတွက် ရည်မှန်းထားတာတွေကို မေ့ပစ်လိုက်။ အဲဒါတွေကို နောက်သီတင်းပတ်မှာ လုပ်ကြမယ်' လို့ Swift က ရေးသားခဲ့ပါတယ်။ စိတ်ဝင်စားစရာ အကောင်းဆုံး အပုဒ်မှာတော့–

'မှတ်မိသေးရဲ့လား၊ ကားရဲ့ ဘရိတ်ကို မင်းနင်းတာ စောသွားခဲ့တာ၊ ဆေးရုံပေါ်မှာ အချက်နှစ်ဆယ်ချုပ်ခဲ့ရ' ဆိုတဲ့ အပိုဒ်ပါ။ အဲဒီတုန်းက သူ့ရဲ့ချစ်သူနဲ့ နှင်းတောစီးယာဉ်တစ်စီးကို အတူစီးနင်းခဲ့ကြရာမှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရတဲ့အကြောင်း Swift က ပြန်ပြောပြခဲ့ပါတယ်။ အဲဒီတုန်းက နှစ်ယောက်စလုံး ဓာတ်မှန်ရိုက် စစ်ဆေးမှု ခံယူခဲ့ကြရပြီး Swift က ဘာမှ အနာတရ မဖြစ်ခဲ့ပါဘူး။

ဘာလေးပဲလုပ်လုပ် နောက်က တကောက်ကောက် မှတ်တမ်းလိုက်ယူတာ ခံနေရတဲ့ စုံတွဲတစ်တွဲအနေနဲ့ ဆေးရုံတစ်ရုံရဲ့ အရေးပေါ်ခန်းထဲ ရောက်သွားတယ်ဆိုတာ တကယ့်ကို သတင်းတန်ဖိုး ကြီးလှပါတယ်။ ဒါပေမဲ့ Swift က ဒီအကြောင်းတွေ အပြင်မှာ မပျံ့အောင်၊ အင်တာနက်ပေါ်မှာ မပျံ့ရအောင်လို့ လိုက်တားရတာပေါ့။ ဆေးရုံကို သွားတာတောင် လူသိမခံဝံ့ဘဲ ခိုးကြောင်ခိုးဝှက် သွားခဲ့ရတာ။ တွေ့တဲ့လူ သုံးလေးယောက်ရှိပေမဲ့ ဘယ်သူ့ကိုမှ

**သတင်းစာစောင်တွေက ခေါင်းစီးတွေတင်ပြီး 'ညီအစ်ကိုတို့ သတိထားကြမင်းတို့အကြောင်း သီချင်းလုပ်ရေးလိမ့်မယ်' ဆိုတာမျိုးတွေ ရေးလာတာ မမြင်ချင်တော့ဘူး**

ပြန်မပြောခဲ့ကြပါဘူး။

Swift က အဲဒီတစ်ချက်ကို ပြောချင်တာပါ။ 'လူတွေက ကျွန်မရဲ့ ဘဝတစ်လျှောက်လုံးကို သိနေတယ်လို့ ထင်နေကြတာ။ ဒီတစ်ခါမှာတော့ ကြီးမားတဲ့ အဖြစ်အပျက်တွေကို မသိလိုက်ကြဘူးဆိုတာ လူတွေကိုသတိပေးရလိမ့်မယ် ထင်တယ်' လို့ Swift က ပြောပါတယ်။

'ဘယ်လိုကော်ဖီ ကြိုက်တတ်မှန်းမသိလို့ ရွေးလို့ရအောင် မျိုးစုံယူလာခဲ့တယ်' လို့ Swift က ပြောလိုက်တာကတော့ နောက်သီတင်းပတ် နှစ်ပတ်အကြာ Central Park ကို တစ်လိမ့်ချင်း မောင်းသွားနေတဲ့ SUV ကားပေါ်မှာပါ။ Swift ရဲ့ ပေါင်ပေါ်မှာတော့ ကော်ဖီအေးလေးခွက်ပါတဲ့ လင်ပန်းတစ်ချပ်ကို ဟန်ချက်မပျက်အောင်ထိန်းပြီး တင်ထားပါတယ်။ အပြင်ဘက်မှာတော့ ပါပါရာဇီ သတင်းဓာတ်ပုံသမား တစ်ဒါဇင်လောက်နဲ့ ပရိသတ် တော်များများ စောင့်ဆိုင်းနေကြလေ အစီအစဉ်ကတော့ ပန်းခြံထဲမှာ လမ်း လျှောက်ဖို့ပါ။ ပြီးတော့ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရတာတွေကိုလည်း တစေ့တစောင်း ကြည့်ဖို့ပေါ့။

Swift က သက်တော်စောင့် လက်ကိုကိုင်ပြီး ကားပေါ်က ဆင်းလိုက် တယ်။ Swift က သက္ကလတ်ကွ စကတ်နဲ့ ပန်းရောင်အပေါ်ပိုင်းပြတ် အင်္ကျီဝတ်ထားပြီး အဝါရောင် Dol & Gabbana အိတ်ကို လွယ်ထားတယ် Swift လှမ်းလျှောက်သွားရာနောက်မှာ လူတွေက ပေအနည်းငယ် အကွာက အော်ဟစ်အားပေးနေကြတာ။ သက် တော်စောင့် နှစ်ယောက်က ရှေ့က လမ်းရှင်းသွားပေးပြီး Swift နောက်က သက်တော်စောင့် နောက်တစ်ယောက် တော့ ယိုသုတ်စားရတဲ့ ကိတ်မုန့်တွေ အိတ်တစ်လုံးနဲ့ သယ်လာပါတယ်။

Swift က တစ်ဖက်လမ်းလေး တစ်ခုထဲ ချိုးဝင်လိုက်တော့ ဓာတ် သမားတွေ ဆက်မလိုက်နိုင်တော့ ကန်စပ်ကနေ နေရာယူပြီး စောင့်ကြည့် နေကြတယ်။ သစ်လုံးတိုင်တွေမှာက ပန်းခြံထဲကိုလာတဲ့ စုံတွဲတွေရဲ့ အမှတ် တရ လက်မှတ်တွေ ရေးထွင်းတာ အပြည့်ပဲ။ Swift ရဲ့ သီချင်းထဲမှာ ပါတာ မျိုးပေါ့။ စိတ်လှုပ်ရှားနေပုံရတဲ့ Swift က ကန်ရေပြင်ကို လက်ညှိုးထိုးပြရင်း 'လိပ်တွေ၊ ဘဲလေးတွေ' လို့ ဆိုပါတယ် ပြီးတော့ မြေပြင်တစ်နေရာကို လက်ညှိုး ထိုးပြပြန်ရင်း 'အို…သုံးပြီးသား အဖော်ဟောင်းတစ်ခုပါလား' တဲ့။

ပန်းခြံထဲကို အေးအေးဆေးဆေး သွားလာလည်လို့ရတဲ့ အချိန်က ည သန်းခေါင်ကျော်မှလို့ Swift က ပြော ပါတယ်(အန္တရာယ်တော့ များတာပေါ့ လို့လည်း ဆိုပါတယ်။)။ ဒါမှမဟုတ် မနက်လေးနာရီလောက် လာ ဆိုတယ်။ Swift ဟာ မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com

...ကတ်တည်း မောင်းပြီး မသွား ...နှစ်လောက် ရှိပါပြီ။ အိမ်က ...တယ်ဆိုရင်ကို နောက်ကနေ ...တ်တွေ ဝိုင်းအုံပါမလာဘဲ မပြီး ...စရာ ၁၂ နှစ်အရွယ် ကလေး ...ယောက်က သူ့အမေကို Taylor ... ဒီကနေ တစ်နာရီခရီးလောက် ...မှာ နေတာလို့ ပြောလိုက်ရင်ပဲ၊ ...တွေက တစ်နာရီမက ကြာပါစေ၊ ...အောင် လာတတ်ကြတာလေ။)။ ...က လူတွေ အဲဒီလို ဂရုတစိုက် ...ထားတာမျိုးကို ကြိုက်တာတော့ ...ဘူး။ ဒါပေမဲ့ သူ့သီချင်းတွေက ...အတွက် ဖုံးကွယ်ထားတဲ့ သတင်း ...တွေ ပါတယ်လို့ ထင်ထားကြတဲ့ ...တ်တွေလည်း မထင်မှတ်ဘဲ ရှိနေ ...တယ်လို့ ဆိုပါတယ်။

စကားပြောကောင်းနေတုန်းမှာပဲ ...ကျော်သက် မိန်းကလေးနှစ် ...နဲ့ ယောက်ျားလေးတစ်ယောက် ...တဲ့ လှေလေးတစ်စီး ကန်ရေပြင်ကို ...ပြီး လှော်လာတာ တွေ့ရတယ်။ ...ကို မြင်သွားတဲ့ မိန်းကလေးတစ် ...ယောက်က ဘုရားတ,ရင်း 'ဒီကနေ့ ...မွေးနေ့ပါ။ ဓာတ်ပုံအတူ တွဲရိုက် ...လို့ ရမလားဟင်'လို့ လှမ်းပြောလာ ...တယ်။ Swiftက ပြုံးပြုံးရယ်ရယ်နဲ့ပဲ '...ပေါ့၊ ဒါပေမဲ့ ဘယ်လိုရိုက်မှာလဲ၊ ...က လှေပေါ်မှာလေ'လို့ ဆိုပါတယ်။ ...လေးမက ကမ်းကပ်ပြီး ဆင်းလာ ...ဆိုလို့ Swiftနဲ့ သူ့ရဲ့ သက်တော် ...င့်ကပဲ လှေပေါ်က ဆင်းလို့ရအောင် ...ပေးကာ နားနေဆောင်လေးရှိရာကို ...လာခဲ့ကြပါတယ်။ ကလေးမလေး ...က မမျှော်လင့်ဘဲ သူ့ရဲ့ မွေးနေ့မှာ ...lor Swiftနဲ့ ဆုံတွေ့ရလို့ ငိုတောင် ...ချင်မိတယ်လို့ ဆိုပါတယ်။

'တကယ်ရော မင်းမွေးနေ့ ဟုတ် ...လား။ အသက်က ဘယ်လောက်လဲ'

'ဆယ့်ခုနစ်နှစ်ပါ'

'အိုး အရွယ်ကောင်းပဲ'

'ကျွန်မ စိတ်တွေလှုပ်ရှားနေတာပဲ ...ပါတယ်'

ကလေးမက Long Island မှာနေတာလို့ ဆိုပါတယ်။ သူနဲ့ သူငယ်ချင်းတွေ မွေးနေ့မှာ ရထားလျှောက်စီးကြတာတဲ့။ 'ပျော်စရာပဲ'လို့ Swift က ဆိုရင်း 'ညနေစာ ဘယ်သွားစားကြမှာလဲ'လို့ မေးလိုက်ပါတယ်။

ကလေးမလေးက မျက်နှာငယ်လေးနဲ့ မော့ကြည့်ရင်း 'Chipotle မှာ သွားစားမှာ'လို့ ခပ်ဖြည်းဖြည်း ပြန်ဖြေပါတယ်။ (Chipotleဆိုတာ မက္ကဆီကန် စားသောက်ဆိုင်ပါ။)

Swiftက ပြုံးပြီး ပိုက်ဆံအိတ်ထဲကို နှိုက်လိုက်တော့ ဒေါ်လာ ကိုးဆယ် ထွက်လာပါတယ်။ 'ကဲ ရော့၊ ဆိုင်ကောင်းကောင်းတစ်ခုမှာ သွားစား'လို့ Swift က ပြောရင်း ပိုက်ဆံတွေ ပေးလိုက်ပါတယ်။

'ဘုရားရေ ကျေးဇူးတင်လိုက်တာ'လို့ ကလေးမက နှုတ်ဆက်ကျေးဇူးစကားပြောပြီး လှေပေါ်ပြန်တက်ကာ အဖော်နှစ်ယောက်နဲ့အတူ လှေကို လှော်ခတ် ထွက်ခွာသွားကြပါတော့တယ်။

မကြာခင် ဒီကနေ သွားကြရတော့မယ်လေ။ Swiftရဲ့သက်တော်စောင့်တွေထဲက တစ်ယောက်ဖြစ်တဲ့ Jeffက မရိန်းစစ်သည်ဟောင်းဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုတန်ပြန်တိုက်ဖျက်ရေး ကျွမ်းကျင်သူ တစ်ယောက်လည်း ဖြစ်ပါတယ်။ Jeffရောက်လာပြီး မိန့်ခွန်းခြွေတော့တာပဲ။ 'အိုကေ၊ ဒီကနေ ထွက်ပေါက်ကိုလျှောက်ဖို့ ခြောက်မိနစ် အချိန်ရမယ်။ Twitter ဆိုတာက တောမီးလို သိပ်မြန်တာ'လို့ လောဆော်တော့တာပါ။

Swift က လက်ကိုင်ဖုန်းထဲက ကင်မရာနဲ့ သူ့ရဲ့ နဖူးဆံစတွေကို တစ်ချက် ပြန်စစ်ဆေးလိုက်ပြီးမှ ရေကန်ဘက်ကို ကြည့်ရင်း 'လှေလေးတစ်စီးလောက်ရှိဖို့ကောင်းတာ'လို့ ဆိုပါတယ်။

အဲဒီနေရာကနေ ထွက်ဖို့ မတ်တတ် ထရပ်လိုက်ခါစပဲ ရှိသေးတယ်၊ သတင်းဓာတ်ပုံသမားတွေနဲ့ ပရိသတ်တွေ အုပ်လိုက်ကြီး ဝိုင်းလာပါလေရော။ ဟော့ တော့၊ မုန့်ရောင်းတဲ့ လမ်းဘေးဈေးသည်ကအစ ဓာတ်ပုံဝင်ရိုက် ယူနေကြတယ်။ Swift က လူအုပ်ကြီးထဲ တိုးထွက်မယ်လုပ်တော့ ပရိသတ်က ပိုများလာပြီး သူ့ထက်ငါ တိုးဝှေ့ကြည့်လာကြတယ်။ ဒါဟာ နည်းနည်းတော့ ကြောက်စရာ အနေအထားပါ။ Jeffက တော့ ပရိသတ်ကို လမ်းဖယ်ပေးဖို့ တတွတ်တွတ် တောင်းပန်ပြောကြားရင်း Swift ရှေ့ကနေ လမ်းရှင်းပေးနေရှာပါတယ်။

ဒါပေမဲ့ Swift ကတော့ တုန်လှုပ်ဟန် မရှိပါဘူး။ 'လူအုပ်ကြီး ဝိုင်းလိုက်ခံရတဲ့ ခံစားမှုကနေ ပျော်စရာတစ်ခု ဖြစ်သွားတဲ့ ခံစားမျိုးကို ချက်ချင်း ပြောင်းပစ်လိုက်လို့ရတဲ့ လှည့်ကွက်မျိုးကို သိလား'လို့တောင် Swiftက လှမ်းမေးခဲ့ပါသေးတယ်။ မေးမေးပြောပြောနဲ့ Swift က သူ့ရဲ့ လက်ကိုင်ဖုန်းနဲ့ နားကြပ်ကို စာရေးသူရဲ့လက်ထဲ လှမ်းထည့်ပေးလာပါတယ်။ သီချင်းစာရင်းကို ဖွင့်ပြီး Swift ကိုယ်တိုင် Play ခလုတ်ကို နှိပ်လိုက်တယ်ဆိုရင်ပဲ Kendrick Lamar ရဲ့ *Backseat Freestyle* အမည်ရသီချင်းက နားကြပ်ထဲကနေ ထွက်ပေါ်လာပါတယ်။ Swift က ခေါင်းတဆတ်ဆတ် စည်းချက်လိုက်နေတုန်းမှာပဲ Lamar ရဲ့ ရက်ပ်သီချင်းသံက ပျံ့လွင့်နေပါတယ်။

*'တစ်ဘဝလုံးမှာ ငါဟာ ငွေနဲ့အာဏာကိုသာ မက်မောခဲ့။ ငါ့ရဲ့စိတ်ကို လေးစားပါ၊ ဒါမှမဟုတ် ကျည်ဆန်မိုးထဲမှာ သေလိုက်ပါ။ အိုဖယ်မျှော်စင်ကြီးလောက် ကြီးပါစေ၊ ငါဆုတောင်းတယ်။ ဒါမှသာ ကမ္ဘာလောကကြီးကို ၇၂ နာရီကြာအောင် ချစ်ပွဲဝင်နိုင်မှာ။ ငါဟာ ပျော်ရွှင်မှုကို ခံစားနေ။ ငါဟာ ပုံစံခွက်ထဲမှာ'*

Swiftကတော့ ခပ်ပြုံးပြုံးနဲ့ လှမ်းပြောလိုက်ပါတယ်။ 'စာသားတစ်လုံးချင်းကို သိထားတာနော်'တဲ့။ ■

**ရာပြည့်**

**Refence:The Reinvention of Taylor Swift by Josh Eells, Rolling Stone Magazine**



www.burmeseclassic.com

www.burmeseclassic.com




# ညီညွတ်မှုနဲ့ စေတနာလွှမ်းခြုံတဲ့ စာပေပွဲတော်

မှတ်တမ်းဓာတ်ပုံများကို
နေရှင်နယ်မီဒီသားစု၊ ၃၅ လမ်း၊ ရန်ကုန်မြို့က ပံ့ပိုးပါသည်။



စာပေပွဲတော်မှာ ပါဝင်ခဲ့သည့်
စာရေးဆရာ ရဲသျှမ်း

၂၀၁၅ ဖေဖော်ဝါရီ ၁၇၊ ၁၈၊ ၁၉ ရက်နေ့များမှာ နိုဘယ်-မြန်မာ စာပေပွဲတော် ကျင်းပခဲ့ပါတယ်။ ၃ လ၊ ၄ လလောက် အချိန်ယူ ညှိနှိုင်းပြင်ဆင်ခဲ့တဲ့ စာပေပွဲတော်ကြီးပါ။ နိုဘယ်အကြောင်း နည်းနည်းပြောကြည့်ချင်တယ်။ ဆွီဒင်လူမျိုး အဲလ်ဖရက်နိုဘယ်လ်(Alfred No… (၁၈၃၃ -၁၈၉၆)က ဓာတုအင်ဂျင်နီယာတစ်ယောက် ဖြစ်ပါတယ်။ သူ့အသက် ၃၀ ကျော်လောက်မှာ ဒိုင်းနမိုက်ကို တီထွင်နိုင်ခဲ့တယ်။ လူသားအကျိုးပြုလုပ်ငန်းတွေ အတွက် သူရည်ရွယ်ခဲ့တဲ့ ဒိုင်းနမိုက်က လူသတ်လက်နက် ဖြစ်သွားတဲ့အတွက် ယူကျုံးမရ ဖြစ်သွားခဲ့ပြီး ကမ္ဘာကြီးအတွက် အကျိုးရှိမယ့်လုပ်ရပ်တွေ

www.burmeseclassic.com

www.burmeseclassic.com




၂၀၁၅ ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ နေ့ရက်များမှာ မြန်မာနိုင်ငံ၌ နိဘယ်-မြန်မာစာပေပွဲတော်ကို မြန်မာစာရေးဆရာများ ဦးဆောင်မှုဖြင့် ပထမဆုံးအကြိမ် ကျင်းပရာ တက်ရောက်လာသော မြန်မာစာပေလောကသားများအား အတူတွေ့ရစဉ်



ဘာဆန်ချင်သူ ' ပြဇာတ်မှာ
ကပြကြသည့်
း(ဓာတု-မန္တလေး)နှင့်
ပြုနှ



' မဟာဆန်ချင်သူ ' ပြဇာတ်မှာ
ပါဝင်ကပြကြသည့်
ခင်သန္တာနှင့်မောင်လှမျိုး(ချင်းချောင်းခြံ)



' မဟာဆန်ချင်သူ ' ပြဇာတ်မှာ
ပါဝင်ကပြကြသည့်
မိချမ်းဝေနှင့်အောင်စိုးသူ



ဆရာကြီး ဇော်ဂျီ ရေးသားခဲ့သည့် ' မဟာဆန်ချင်သူ ' ပြဇာတ်ကို
စာရေးဆရာ၊ ဆရာမများက ကိုယ်တိုင်ပါဝင်သရုပ်ဆောင် ကပြခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဘယ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်နေ့က ပြုလုပ်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်

ကိုဖော်ဆောင်၊ သုတေသနပြုပေးနိုင်တဲ့ ပညာရှင်တွေကို ဆုငွေချီးမြှင့်ဖို့ သူကြိုဆောင်ပေးခဲ့တယ်။

ဘဏ်မှာရှိတဲ့ သူ့ပိုင်ဆိုင်မှုငွေ အကျိုးအမြတ်တွေကို နိုဘယ်လ်လို့ သူ့အမည်အစွဲပြုပြီး ၁၉၀၁ မှာ ချီးမြှင့်ပေးခဲ့ပါတယ်။ နောင်တော့ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေ၊ စီးပွားရေး၊ ငြိမ်းချမ်းရေးဆိုပြီး ဆု ၆ ဆု ပေးနိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို နော်ဝေးနိုင်ငံ အော်စလိုမြို့မှာ ပေးအပ်ပြီး ကျန်ဆုတွေကိုတော့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ပေးအပ်တာဖြစ်တယ်။ နိုဘယ်လ်ဆုတံဆိပ်ကို ရွှေငွေရော ၂၄ ကာရက်နဲ့ လုပ်ထားပြီး ၄.၈ ဂရမ် ရွှေအစစ် ဖို့ပေးထားပါတယ်။ ဒီဆုကို ကျွန်တော်တို့နိုင်ငံရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၁ မှာ ရရှိခဲ့တာပါ။ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပဲ ဖြစ်ပါတယ်။ ပညာရှင်၊ စာပေအနေနဲ့တော့ ကျွန်တော်တို့နိုင်ငံက တစ်ဦးတစ်ယောက်မှ မရသေးပါဘူး။

၁၉၉၁မှာ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို ဒေါ်စုကိုယ်စား သားအကြီးက လက်ခံယူပေးခဲ့ပါတယ်။ ဒေါ်စုက အကျယ်ချုပ် အကျဉ်းကျနေတာကြောင့်ပဲ ဖြစ်ပါတယ်။

ပြောရရင် နိုဘယ်လ်ဆုက ကမ္ဘာ့ထိပ်တန်းဆု ဖြစ်ပါတယ်။ နော်ဝေး အခြေစိုက် ဆုရွေးချယ်ရေးအဖွဲ့ဝင် Mr. Harald Bockman, Mr.Gunnar Stalsett တို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုဘယ်လ်ဆုရ စာအုပ်စာပေများနဲ့ ထိတွေ့နိုင်ရေးဆိုတဲ့ စိတ်အခြေခံရှိတဲ့ ဆရာ ဖေမြင့်တို့ နိုဘယ်-မြန်မာ စာပေပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် အစပျိုး ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ နိုဘယ်-မြန်မာ စာပေပွဲတော်ကြီး ကျင်းပနိုင်ခဲ့တာပါပဲ။

ရန်ကုန်မြို့ မြို့မကျောင်းလမ်း၊ အမျိုးသားကဇာတ်ရုံမှာ ၃ ရက် ကျင်းပမယ်။ စာအုပ်ဆိုင်များ ဖွင့်လှစ်မယ်။ ဓာတ်ပုံ၊ ပိုစတာ၊ ကာတွန်းများ ပြသမယ်။ ငြိမ်းချမ်းရေးအတွက် စာပေခေါင်းစဉ်အောက်မှာ လုပ်ကြမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ တကယ်တမ်း ကျင်းပတဲ့အခါမှာတော့ အကြောင်းအရာစုံ ဖြစ်သွားပါတယ်။

ရည်ရွယ်ချက် ၄ ချက်ဖြစ်တဲ့-

(၁) နိုင်ငံတကာစာပေများ အထူးသဖြင့် နိုဘယ်ဆုရ ပုဂ္ဂိုလ်ကျော်တို့၏ စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊

(၂) မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်လာစေရန်၊

(၃) မြန်မာစာပေရေးသားသူတို့၏ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊

(၄) စာပေ၏ အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင် ဗဟုသုတကြွယ်ဝခြင်းနှင့်အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှု ရရှိစေခြင်းဖြစ်ကြောင်း အများပြည်သူတို့ တိုးတက်သိမြင်လာစေရန်

ဆိုတဲ့ အချက်တွေကို ပုံဖော်နိုင်ခဲ့သလားဆိုတာ ကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့တဲ့ အတွေ့အကြုံနဲ့ အမြင်ကို ပြောကြည့်ပါမည်။ ဇာတ်ရုံခန်းမကြီးမှာတော့ နိုင်ငံခြားသား စာရေးဆရာများ၊ နိုဘယ်လ်ဆု ရွေးချယ်ရေးအဖွဲ့များ၊ ပါစကယ်ခူးသွယ်၊ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဆရာမ မနှင်းဖွေးနဲ့ ဆရာ၊ ဆရာများ၊ ဆရာဝန် စာရေးဆရာများ၊ ဆရာကြီး ဦးကိုလေး(အင်းဝဂုဏ်ရည်)၊ ဟိန်း



www.burmeseclassic.com

www.burmeseclassic.com




မောင်ခင်မင်၊ ဆရာ ဦးအုံးမောင်၊ ဆရာ ကြည်မင်းတို့ရဲ့ စာတမ်းများ ကားဝိုင်းများအတွက် နေရာပေး ပြီး ရွက်ဖျင်တဲ B1, B2, C, D တို့ ကျန်တဲ့ စကားဝိုင်းဆွေးနွေးပွဲ စာတမ်းဖတ်ပွဲ၊ ဝတ္ထုတိုဖတ်ပွဲ၊ ရွတ်ပွဲတွေ စီစဉ်ပေးထားပါ ဒီမှာ နည်းနည်း ပြဿနာရှိလာ တယ်။ ခန်းမထဲက စာတမ်း သို့ တ် စကားဝိုင်းကို တက်ရောက်ချင် တခြားရွက်ဖျင်တဲမှာလုပ်တဲ့ ပွဲက အစီအစဉ်းအဝိုင်းဖြစ်လေတော့ တစ်ခုခု လွှတ်လိုက်ရတဲ့ အချိန်တိုက်ဆိုင်မှု ပြဿနာပါပဲ။

ပွဲတော်လာ စာဖတ်သူတွေခများ သွားရနိုး၊ ဒီသွားရနိုးနဲ့ အစီအစဉ် ကောင်းတချို့ကို လက်လွှတ်ခဲ့ရတယ်။ အစီအစဉ် များပြားမှုကြောင့်လား ခေါင်းစားစရာ ဖြစ်ပါတယ်။

အင်္ဂလိပ်လို ဆွေးနွေးတဲ့ပွဲတွေ၊ အောင်ဆန်းစုကြည်ကို ဘာကြောင့် ဘယ်လ်ဆု ရွေးချယ်ခဲ့သလဲဆိုတဲ့ တင် ပြမှုတွေမှာ ပရိသတ် အလွန်နည်းပါ တယ်။ Translator ထားပေးထားပါ လျက်နဲ့ နည်းနေတာပါ။ အထူးသဖြင့် ခက်ခင်း ၉၊ ၁၀ နာရီ ကျင်းပတဲ့ပွဲ



ကဗျာဆရာ မောင်စိမ်းနိုး၊ မောင်ကြည်ဦး၊ မောင်မိုးမင်း၊ ကိုလေး(အင်းဝဂုဏ်ရည်)နှင့်သမ္မာ

ဒေါက်တာ ခင်အောင်ညို၊ ဒေါ်ခင်နှင်းဦး၊ ဇကောင်းသန္တိ၊ သန္တိသော်ကောင်းနှင့်ခြေရှုံလွင်



မင်းခိုက်စိုးစန်၊ မြနှင်းညို၊ ဟော်ဘရည်ကျော်၊ ဂျူးနှင့်ဒေါက်တာစိုးလွင်


အနာဂတ်အလင်းရောင်လူငယ်ပရဟိတအဖွဲ့မှ လူငယ်မောင်မယ်များက နိုဘယ်-မြန်မာစာပေပွဲတော် ညှိနှိုင်းကြိုဆိုရေးနှင့်နေရာချထားရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


Mr. Audun Aagre




စာရေးဆရာဖေမြင့် နှင့် အဆွ... သတင်းထောက် လယ်ရီဂျေဂင်


ကာတွန်းအောင်ဝိကျယ်

တွေပဲ ဖြစ်ပါတယ်။

ရွှက်ဖျင်တဲတွေက တစ်ခုနဲ့တစ်ခု နီးကပ်နေတာဆိုတော့ Sound Box အသံတွေက ဘုရားပွဲဈေး ရောက်နေသလိုလိုကို ဖြစ်နေပါတော့တယ်။ တက်ရောက်သူ နည်းနေတဲ့ ရွှက်ဖျင်တဲတွေက လူခေါ်နေကြတာဟာ တကယ့်ကို ပွဲဈေးအတိုင်းပါပဲ။ ဒါကိုကပဲ ပျော်စရာဖြစ်နေကြပုံရပါတယ်။

၁၈ ရက်နေ့ နေ့လယ်က ကျင်းပခဲ့တဲ့ **ဘဝထဲက အနုပညာ** ခေါင်းစဉ်အောက်မှာ ဆရာဝန် စာရေးဆရာ၊ ဆရာမများဖြစ်တဲ့ မြနှောင်းညို၊ ဂျူး၊ လင်္ကာရည်ကျော်၊ ဒေါက်တာ စိုးလွင်၊ မင်းခိုက်စိုးစန်တို့ စကားဝိုင်းက ရှုံပြည့်ရှုံလျှံပါပဲ။ ပရိသတ်အားပေးမှု အများဆုံးလို့ ထင်မြင်မိပါတယ်။ ဆွေးနွေးပွဲတချို့ကတော့ ဆွေးနွေးပွဲပုံစံ (Panel Discussion)မျိုး မဟုတ်ဘဲ ကိုယ့်အကြောင်းကိုယ်ပြော၊ ကိုယ့်ဝတ္ထုဇာတ်လမ်းပြော ရောက်တတ်ရာရာ ဖြစ်နေတာကိုလည်း သတိထားမိတယ်။ ဆွေးနွေးတာမဟုတ်ဘဲ စာဖတ်ပြနေတာလည်း တွေ့ရပြန်ပါတယ်။

အထူးသဖြင့် မေးခွန်းမေးတဲ့အခါ အများစုက ကိုယ့်အကြောင်းကိုယ်ပြော၊ ကိုယ်ရည်ကိုယ်သွေးတွေ ချပြပြီးမှ မေးခွန်းတိုလေး ထွက်လာပါတယ်။ အချိန်အကန့်အသတ်ကို နားမလည်ကြတာလားလို့ ထင်မြင်ယူဆမိတယ်။

ကျွန်တော် တွေးမိတာတစ်ခုက အစီအစဉ်တွေကို အချိန်ပြည့် လိုက်ထည့်တဲ့အတွက် တချို့သော စာတမ်း၊ ဆွေးနွေးချက်တွေဟာ တစ်ခါလာ မဲပြာပုဆိုး ဖြစ်နေတာမျိုး၊ ဆွေးနွေးမယ့် ခေါင်းစဉ်နဲ့ မဆိုင်တာတွေ ပြောဆိုနေတာမျိုး၊ ဦးဆောင်ဆွေးနွေးပေးသူ moderator ကိုယ်တိုင်က အချိန်တွေ အများကြီးယူပြီး ပြောနေတာမျိုးလည်း အနည်းအကျဉ်းရှိတာကို သတိထားမိပါတယ်။

တချို့ ကိုယ့်အစီအစဉ်ရောက်မှသာ ရွှက်ဖျင်တဲသီရောက်လာကြပြီး အပြင်မှာ တရုန်းရုန်းဖြစ်နေတာကိုတော့ ကျွန်တော်ဘဝင်မကျလှဘူး။ ကြိုတောင့်ကြိုခဲ ရခဲ့တဲ့အခွင့်အရေးကို အမိအရဆုပ်ကိုင် ဝင်ရောက်ဆွေးနွေး၊ နားထောင်တာမျိုး ဖြစ်သင့်တာပေါ့။ ဒီပွဲကြီးကနေ ရလဒ် ကောင်းတွေကို ယူနိုင်ရမှာပေါ့။ ဒါပေမဲ့ လက်လွှတ်ခဲ့ရတယ်။ ကျွန်တော်ကိုယ် တိုင် လွဲချော်လွှတ်ထွက်သွားတဲ့ အစီ အစဉ်တွေရှိခဲ့ကြောင်း ဝန်ခံရပါမယ်။

အလွန်များပြားတဲ့ ဆရာ၊ ဆရာမ များ၊ စာပေချစ်သူများ၊ စာအုပ်ဆိုင်များ ရဲ့ ညီညွတ်မှုကို ဒီပွဲမှာ တွေ့မြင်လိုက် ရတာက ပီတိဖြစ်စရာကောင်းလှပါ တယ်။ ပွဲတော်ကြီး ဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဆရာဖေမြင့်ရဲ့စိတ်စေတနာ၊ အား လုံးကို လိုက်လျောညီထွေဆက်ဆံ နိုင်ခဲ့တဲ့ ဆရာအာသာ၊ ဦးဝင်းချို၊ ကို ဦးမျိုးညွန့် စသူတို့ကိုလည်း ကျေးဇူး တင်ရမှာ ဖြစ်ပါတယ်။ တာဝန်ခံတာ ဖြစ်တဲ့ ဆရာကြည်မင်းကလည်း အသက်အရွယ်နဲ့ မလိုက်အောင်ကို ပြေးလွှားအားပေး၊ ကြီးကြပ်၊ ညွှန်ကြား နေတာမို့ လူငယ်မျိုးဆက်သစ် အတွက် "အား"ဖြစ်ခဲ့ရပါတယ်။

ထမင်း၊ ညပြဇာတ်လက်မှတ် ညစာစားပွဲလက်မှတ်တို့အပြင် ငွေတွေပါ အနှမြောမရှိပေးတာဆို ပွဲတော်ကြီးရဲ့တာဝန်ယူထားသူအား ဟာ ဒီပွဲတော်ကြီး စည်ကားသိုက်မြိုက် စွာ ဖြစ်မြောက်ရေးကို အဓိက ထား ကြတယ်ဆိုတာ ထင်ရှားလှပါတယ် ကျေးဇူးတင်ရမှာပါပဲ။

စာအုပ်ဆိုင်တွေမှာ စာအုပ်ဝယ် တွေနဲ့ စည်ကားလှတယ်။ တိုးဝှေ့ ယူနေကြတာပါ။ နယ်စာကြည့်တိုက် များက သိန်းဆယ်ချီဝယ်ယူနေကြတယ် နိုဘယ်ဆုရ စာရေးဆရာများရဲ့စာအု တွေကို အချိန်မီပြန်ထုတ်လာကြတာ ဈေးကွက်ဝင်သွားတယ်လို့မြင်မိပါတယ်

စာဖတ်သူတွေ စာအုပ်တွေ အားပါးတရ ဝယ်နေကြတာ မြင်ရ ကြည်နူးရပါတယ်။ ကျွန်တော်တို့ မှာ စာဖတ်သူဦးရေ ကျဆင်းမြ တာ ဒီပွဲတော်ကြီးရဲ့မြင်ကွင်းကို မြ



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရတဲ့အခါမှာ ဟုတ်မှဟုတ်ရဲ့လား ဆိုအောင် ဖြစ်ရပါတော့တယ်။ တကယ် တော့ စာဖတ်သူနဲ့ စာအုပ်တွေ မဆုံစည်း ရတဲ့ အခြေအနေတွေကြောင့်ပဲ ဖြစ်ပါ လိမ့်မယ်။

၁၇ ရက်နေ့က နိုဘယ်-မြန်မာ စာပေပွဲတော်ကြီး ဖွင့်ပွဲကို ဖိတ်ကြားတဲ့ အမှာ၊ ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်နိုင်ခဲ့ပေမဲ့ သဝဏ်လွှာ များကိုတော့ ပေးပို့ခဲ့တဲ့အတွက် စာပေ ပွဲတော်ကြီးအပေါ် လေးနက် တန်ဖိုးထား မှုအပေါ် ကျွန်တော်တို့ ကြည်နူးဝမ်း မြောက်ရပါတယ်။ ဒေါ်စုပေးပို့တဲ့ ဗီဒီယို ထဲမှာ စာပေယဉ်ကျေးမှုဟာ နိုင်ငံတစ် နိုင်ငံအတွက်သာမဟုတ် တစ်ကမ္ဘာလုံး အတွက် အရေးကြီးတယ်။ စာပေရဲ့ တန်ဖိုးဟာ လူတွေရဲ့စိတ်ကို ပိုပြီးတော့ ကျယ်ဝန်းအောင် လုပ်ပေးနိုင်တယ်။ ကမ္ဘာက စာပေအနုပညာရှင်များနဲ့ ပိုပြီး ထိရောက်တဲ့ဆက်ဆံမှု ဖြစ်လာမယ်။ အရေးကြီးတဲ့အချိန်အခါတစ်ခုကိုရောက် နေပြီမို့ ပြည်သူလူထု အမြင်ကျယ်ဖို့ စာပေပညာရှင်များက ကူညီထောက်ပံ့ ပေးပါလို့ တိုက်တွန်းပြောသွားပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ စာပေပွဲ တော်ကြီးမှာ စာရေးဆရာ၊ ဆရာမများ ပါဝင်တဲ့ ဆရာဇော်ဂျီရဲ့ မဟာဆန်ရှင်သူ ပြဇာတ်ကလည်း ပရိသတ်လက်ခုပ်ရ ခဲ့ပါတယ်။ စာပေသမားများ ညီညွတ်စွာ အပေးအယူမျှတာလို့လည်း ထောင်မြင်တာလို့ သုံးသပ်ချင်ပါတယ်။

ပွဲတော်ကြီး ပြီးသွားပါပြီ။ မီးသေ သွားမှာကိုတော့ စိုးရိမ်လှပါတယ်။ ဒီပွဲ တော်ကြီးက နိုင်ငံတကာ စာပေပွဲတွေနဲ့ တူညီနိုင်ပေမဲ့ ဆွေးနွေးပွဲ အလေ့အထ လေးတွေကိုတော့ ခေါင်ကြဉ်းပေးနိုင် ပါပြီ။ မှတ်သားဖွယ်စာတမ်းများကိုတင် ပြင်းပေးနိုင်ခဲ့ပါပြီ။ အနာဂတ်အတွက် ပြင်ဆင်ရမှာတွေ ဆွေးနွေးနိုင်ခဲ့ပါပြီ။

ညီညွတ်မှုနဲ့ စေတနာကြောင့် ပွဲတော်ကြီး 'လှ'သွားခဲ့ပါပြီ။ ဒီတော့ မြန်မာမှာလည်း ကြော့နေကြပါပြီလေ။

■ ရဲသျှမ်း


PEN Myanmar အဖွဲ့ဝင်များ၏ ကဗျာရွတ်ဆိုတင်ဆက်မှုတွင် တွေ့မြင်ရသည့် သိမ့်၊ စောဝေနှင့် စီအိပ်ချိုဦးချော


ကျောင်းသူကျောင်းသားများကလည်း စာပေပွဲတော်ကို ... ကြပါသည်


ဒေါက်တာအောင်ကြီး၊ စိုးဘားဒိုင်၊ ခင်ခင်ထူး၊ ဝင်းဝင်းမြင့်(နှန်းတော်ရှေ့)


စာအုပ်... စာပေ...


ကာတွန်းပညာရှင်များက ... လာသူများ၏ ... ပုံတူများရေးဆွဲကြပါသည်


ပွဲတော်မှာ ... ဇော်ဝင်း၊ ... ကိုလေး(... )

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာကို
အေးသီတာ ဘယ်လိုမှ
အဓိပ္ပာယ်မဖွင့်ချင်ပါဘူး။
ဖွင့်လည်းမဖွင့်တတ်ပါဘူး။
ပြီးတော့ စာဆိုကဝိ
ပညာရှိတွေသာမက
သာမန်လူသားတွေကပါ
အချစ်ဆိုတာကို အမျိုးမျိုး
အဓိပ္ပာယ်ဖွင့်ဆို
ရှင်းလင်းနေကြတာဆိုတော့
အေးသီတာရဲ့
အချစ်အဓိပ္ပာယ်ဟာ
မရှိရင်လည်း ဖြစ်ပါတယ်။
အဓိကက ချစ်တတ်တဲ့
နှလုံးသားရှိနေဖို့ပဲ
မဟုတ်လား။

ချစ်တတ်ရင်ဖြစ်ပြီ။
လူ့လောကထဲ
နေလို့ရနေပြီ။
ဒါကြောင့်
အချစ်နဲ့ပတ်သက်ပြီး
ဘာအဓိပ္ပာယ်မှ
မဖွင့်ချင်တာပါ။
ဒါပေမဲ့ အေးသီတာ
တစ်ခုတော့ ပြောချင်တယ်။
အချစ်ဆိုတာ
ဘယ်လိုနေတယ်
မသိပေမဲ့ ဖူးစာ
ဆိုတာကတော့ အင်မတန်
ဆန်းကြယ်တဲ့အရာလို့
အေးသီတာပြောချင်တယ်။
❑



www.burmeseclassic.com

www.burmeseclassic.com

ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုတာနဲ့ ဆက်သွယ်ရေးရုံးက တယ်လီဖုန်းအင်ဂျင်နီယာကြီး အဖေ့ဆီကို မင်္ဂလာဆောင် ဖိတ်စာတွေက တသဲသဲ၊ တဖွဲဖွဲနဲ့ မစဲအောင်ကို ရောက်လာတတ်လေ့ရှိတယ်။ အဖေ့လက်အောက်က ဝန်ထမ်းတွေရဲ့ပွဲပဲဖြစ်ဖြစ်၊ သူတို့ သားသမီးတွေရဲ့ ပွဲပဲဖြစ်ဖြစ်၊ အဖေ့ရုံးနဲ့ မကင်းတဲ့သူတွေဆီကပဲ ဖြစ်ဖြစ်၊ အခြားမိတ်ဆွေအပေါင်းအသင်းတွေဆီကပဲဖြစ်ဖြစ် မင်္ဂလာဆောင်ဖိတ်စာတွေ ရောက်ရောက်လာတတ်တာ နည်းနည်းနောနော မဟုတ်ဘူး။ ဖိတ်လာတဲ့ ပွဲတိုင်းကိုတော့ မတက်ရောက်နိုင်ပါဘူး။ ဒီလိုပဲ အလုပ်ကိုအကြောင်းပြပြီး အဖေက သွားလေ့မရှိဘူး။ တချို့ မသွားမဖြစ်တဲ့ မျက်နှာနာစရာ ပွဲမျိုးဆိုရင်တော့ အမေက အေးသီတာနဲ့ အောင်ဇော်ထွန်းကို လက်ဆွဲပြီး သွားလေ့ရှိတယ်။ အေးသီတာတို့လည်း အဲဒီအချိန်တုန်းက,ကလေးပဲ ရှိသေးတာကိုး။ အေးသီတာက ရှစ်နှစ်၊ ကိုးနှစ်၊ အောင်ဇော်ထွန်းက ဆယ်နှစ်၊ ဆယ့်တစ်နှစ် အရွယ်လေးတွေဆိုတော့ စားရသောက်ရဖို့ဆိုပြီး မောင်နှမနှစ်ယောက် အမေ့နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ကြတာပေါ့။

အဲဒီလို မင်္ဂလာပွဲတွေက ပြန်လာတဲ့အခါ တစ်ခါတစ်ရံ အမေပြောလေ့ရှိတာက-

'သြော် ဖူးစာ ဖူးစာ။ တော်တော်ဆန်းကြယ်သားနော်။ သိလား ကိုထွန်းရေ သတို့သားက ရုပ်ကလေးဆိုး

သိလား
ကိုထွန်းရေ
သတို့သားက
ရုပ်ကလေးဆိုး
ရှာတယ်
ကောင်မလေးက
ကျတော့
လှတယ်တော်။
ဘယ်လို
အကြောင်း
ပါကြလဲ
မသိဘူး
ဖူးစာများ
အံ့သြစရာ
ကောင်းတယ်

ရှာတယ်။ ကောင်မလေးကကျတော့ လှတယ်တော်။ ဘယ်လိုအကြောင်းပါကြလဲ မသိဘူး။ ဖူးစာများ အံ့သြစရာ ကောင်းတယ်'

အေးသီတာတို့ကတော့ သတို့သား၊ သတို့သမီးကို ကြည့်မနေအားပါဘူး။ ကိုယ့်ရှေ့က စားစရာကိုပဲ သဲသဲမဲမဲ စားနေကြတာကိုး။ ပြီးတော့ အဲဒီတုန်းက ကလေးဆိုတော့ အမေ့စကားကိုလည်း အကျယ်ချဲ့ပြီး စဉ်းစားမနေအားပါဘူး။ စဉ်းစားရင် ခေါင်းရှုပ်လာတာမို့ ကိုယ့်ဘာသာပဲ ဆော့နေလိုက်တယ်။ အမေကတော့ အဲဒီလို အကြောင်းဆက်စပ်ပြီး ပြောတိုင်း…

'အင်း…ကိုထွန်းရေ၊ ကျန်တဲ့ ကလေးတွေတော့ ဘယ်လို လာကြဦးမလဲ မသိဘူးနော်'

လို့ ပြောတတ်တယ်။

အဲဒီအချိန်တုန်းက မမကြီးက အိမ်ထောင်ကျပြီးသား။ မမကြီးယောကျ်ား ကိုအောင်သန်းက ဦးနှောက်ထဲ အကျိတ်ပေါက်ပြီး ဆုံးသွားတော့ မမကြီးခမျာ သမီးတစ်ယောက်နဲ့ မုဆိုးမဆိုတဲ့ သညာတစ်ခု အဖတ်တင်သွားခဲ့တယ်။ အမေပူမယ်ဆိုလည်း ပူစရာပါပဲ။ မွေးထားတာက သားသမီးဆယ်ယောက်တောင်ကိုး။ ပြီးတော့ မမကြီးရဲ့အိမ်ထောင်ရေးကလည်း အမေ့ကို သင်ခန်းစာပေးသွားတာကိုး။ တကယ်တော့ မမကြီးတို့ လင်မယားက သိပ်လိုက်ဖက်ညီတာ။ အားလုံးက မမကြီးကို ကံလှတယ်လို့ ယူဆနေကြချိန်မှာ ကိုအောင်သန်း အကျိတ်က တဖြည်းဖြည်းရင့်လာပြီး ခွဲစိတ်ရတော့တာပဲ။ ခွဲစိတ်ပြီးရင် ကောင်းသွားမှာလို့ ထင်ခဲ့ကြပေမဲ့ ကိုအောင်သန်း သတိပြန်လည်မလာခဲ့တော့။ ဒီတော့ အမေ့ခမျာ သူ့သားသမီးတွေရဲ့ အိမ်ထောင်ရေးကို ချောချောမွေ့မွေ့လေး ဖြစ်စေချင်ခဲ့တယ်။ အေးသီတာက မောင်နှမတစ်တွေထဲမှာ အငယ်ဆုံးဆိုတော့ အမေ့နား ကပ်ခွဲရင်း အမေ့စိတ်ခံစားချက်တွေကို ရိပ်မိခဲ့ရတယ်။

ဒါပေမဲ့ အေးသီတာရဲ့ ဉာဏ်တစ်ထွာ တစ်မိုက် ကလေးနဲ့ ထူးထူးထွေထွေ စဉ်းစားမနေပါဘူး။ အောင်ဇော်ထွန်းရယ်၊ ဘေးအိမ်က ကလေးတွေရယ်နဲ့ ဆော့နေ လိုက်တယ်လေ၊ ပြီးရော။

❑

ဝင်းစန္ဒာက လာပြော တော့ အေးသီတာက မမကြီး အတွက် အမောပြေ သံပရာ ရည် ဖျော်နေတဲ့အချိန်၊ အဒေ တို့စကားဝိုင်းနား သွားစပ် ပြီး ပြန်လာတဲ့ ဝင်းစန္ဒာက အေးသီတာကို အလန့်တကြား ဖောက်သည်ချတယ်။ ကြား ကြားချင်း ကိုယ့်နားကိုယ် တောင် မယုံနိုင်ဘူး။

'ဟုတ်ရဲ့လား မမ ရယ်'

လို့ အံ့သြခြင်းကြီးစွာနဲ့ ပြန်မေးနေမိတယ်။ ဇော်ထွန်း ဦး မိန်းမယူလာပြီတဲ့။ အံ့သြ စရာပဲ။ သူ့အစွမ်းအစနဲ့လား မိန်းကလေးက စ,ရတာလား လို့တောင် တွေးနေမိတယ်။

ဟုတ်တယ်လေ။ အေး သီတာတို့အစ်ကို ဇော်ထွန်း ဦးက ရုပ်ရည်လေးကတော့ ချောပါရဲ့။ အသားကဖြူဖြူ မျက်ခုံးမွေးထူထူ၊ နှာတံ စင်းစင်း၊ အရပ်က ထော ထောင်မောင်းမောင်းနဲ့ ကု မင်းသားလိုလို၊ ဘာလို ဒါပေမဲ့ အဲဒီဇော်ထွန်းဦး ဘာကိုမှ ရဲရဲဝံ့ဝံ့ မရှိရှာဘူး အနေအေးတယ် ဆိုတ လောက်နဲ့ မပြည့်စုံဘူး။ သိ ကြောက်တတ်တာ။ ည ဘက်၊ ညဘက် အပေါ့သွား ချင်ရင် အဖော်ပါမှ သွား တတ်တာ။ ရန်တွေ၊ ဘာတွေ ဖြစ်ရင်လည်း အမြဲတမ်း ခံဘက်က။ သူငယ်ချင်း အပေါင်းအသင်းတွေနည်း များ



www.burmeseclassic.com

www.burmeseclassic.com

…စား မရှိဘူး။ သူ…မဟုတ်တာ လုပ်လာ…း မပေါ်ဘူးဆိုတာ… သူက အဖေ့ရှေ့…ရင်ကို မလုံမလဲနဲ့ ဒူး…ဆတ်တုန်နေတော့…မသက်သာလို့ စစ်…ရင် ပေါ်ရော။ သိပ်ရိုး…သိပ်အ,တာ။

အဲဒီလို ဇော်ထွန်းဦးက…လာတယ်ဆိုတော့…တာတို့ အံ့သြတာ…ခဏနေတော့ မမကြီး…သံပရာရည် သွားပို့…း သူတို့ ပြောနေကြ…ကို အကဲခတ်ရတယ်။

အမေကတော့ မျက်နှာ…ညှိုးလို့။ အဖေကတော့…ပြောတာကို စိတ်ဝင်…နားထောင်နေတယ်။

'သမီးလည်း ဘာမှ…အဖေရဲ့။ သူ ပုံမှန်ဆို…ကြာနေ့ ညနေရထားနဲ့…ပြန်လာတာလေ။ ဒီတစ်…ကျတော့ သောကြာနေ့…ကတည်းက ရောက်…တယ်။ မျက်နှာလည်း…ကောင်းဘူး။ ရောက်ရောက်…လည်း သမီးကို ဘာမှ…ပြောဘူး။ နေဝင်းကို ပြော…နေဝင်းကမှ သမီးကို…ဆင့် ပြောခိုင်းတာ။ သူ…ယ် မကြိုက်ပါဘူးတဲ့။…ဖြစ်လို့ပါတဲ့ အမေရယ်။…ပြီး ပြောရှာတယ်'

'ငါ့သားလေး ဘယ်လို…များ ဖြစ်လာတာလဲအေ'

အမေက မချိတင်ကဲ…ပြောတယ်။ အေးသီတာ…ည်း သူတို့ပြောနေတဲ့…ားတွေကို ဆက်စပ်မရ…နဲ့ မီးဖိုချောင်ထဲ ပြန်ဝင်ခဲ့…ယ်။ ဝင်းစန္ဒာကိုမေးတော့ လည်း…

'ကိုဇော်က ကြိုက်ပုံ မရဘူးဟဲ့၊ ဘယ်လိုဖြစ်လာကြတာလဲမသိဘူး' လို့ မရေမရာ ဖြေတယ်။

မမကြီး တောင် သာစည်ကနေ ပြန်လာတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲလို့ တွေးမိတယ်။ အဖေ တာဝန်ကျရာ မုံရွာကို အငယ်တွေပဲ ပါလာတာလေ။ မမကြီးတို့သားအမိ၊ နေဝင်းထွန်း၊ သိန်းဇော်ထွန်းနဲ့ ဇော်ထွန်းဦးတို့ အကြီးပိုင်းတွေက သာစည်မှာပဲ နေခဲ့ကြတယ်။ ဇော်ထွန်းဦးက သာစည်မှာ တာဝန်ကျတာတော့ မဟုတ်ပါဘူး။ သာစည်နဲ့ လေး,ငါးဘူတာလောက်ခြားတဲ့ သပြေတောင်းဆိုတဲ့ ရွာကလေးမှာ တာဝန်ကျတာပါ။ ခုရလာတဲ့ မိန်းမက အဲဒီရွာကဆိုပဲ။ မကြိုက်ဘူးလည်း ပြောသေးတယ်။ ဘယ်လိုမှကို ဆက်စပ်လို့ မရတာနဲ့ ညီအစ်မနှစ်ယောက် ခင်ညိုရီကို လက်ကုတ်ပြီး မီးဖိုထဲ ခေါ်လာမေးရတယ်။

'ငါလည်း သေချာတော့ မသိဘူးအေ့။ ဟိုမိန်းမက ကိုဇော့်ကို ဖွတ်ယူတာတဲ့အေ'

ဘယ်လိုမိန်းမမျိုးပါလိမ့်။ အေးသီတာစိတ်ထဲ အဲဒီ မိန်းမကို အတော် စိတ်ဝင်စားသွားတယ်။ အမေတို့ စကားဝိုင်းနားအကဲခတ်ကြည့်တော့ အားလုံးက မမကြီးအသံကိုပဲ စိတ်ဝင်တစား နားစွင့်နေကြတယ်။

'အမေတို့ကိုတော့ ကြိုပြောထားမယ်နော်။ မိန်းမပုံစံကတော့ တော်တော်ဆိုးတယ်။ အို…တွေးမိလေလေ၊ ကိုဇော့်အတွက် စိတ်မကောင်းဖြစ်ရလေပဲ။ ဘယ့်နယ်ဟာ ကြီးမှန်းကို မသိပါဘူး အမေရယ်…'

ကြူကြူမှာက မျက်ရည်စိုစိုနဲ့ ပြောတော့ အမေ့မျက်နှာမှာ ထိတ်လန့်စိုးရိမ်ပူပန်မှုတွေက ရှန်းရင်းဆန်ခတ် လှုပ်ရှားလာတယ်။ အေးသီတာတောင် ရင်ထဲ ခုတုတု၊ နင်တင်တင်နဲ့ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး။

မမကြီးပြောတဲ့ ပုံစံအရ ထောက်ချင့်ကြည့်ရင်တော့ တော်တော် ဆိုးဆိုးဝါးဝါး မိန်းမမျိုးပဲနေမှာလို့ တွေးမိရင်း ကိုယ့်အစ်ကို ပုံရိပ်ကို မြင်ယောင်ပြီး သနားနေမိတယ်။

အမေက သားသမီးတွေ ငယ်ဘဝအကြောင်း စားမြုံ့ပြန်တိုင်း ဇော်ထွန်းဦး ငယ်ငယ်က အတော့်ကို လူတာလို့ ခဏခဏ ပြောတယ်။ ဆံပင်လေးက နီကြောင်ကြောင်၊ စုတ်ဖွားဖွားနဲ့ အသားလေးကလည်း ဖွေးနေတာပဲတဲ့။ ပြီး ဘာကိုမှ ရဲရဲရင့်ရင့် မရှိဘဲ အမြဲအားငယ်နေတတ်သတဲ့။ အမေတို့ကလည်း အဲဒီလို အားငယ်နေ၊ ကြောက်နေတာလေးကိုပဲ ချစ်နေကြပြီး ပြုပြင်ပြောင်းလဲမှု မလုပ်ခဲ့တော့ ဇော်ထွန်းဦးမှာ ကြောက်တတ်တဲ့စိတ်ကလေးက အသက်ကြီးတဲ့အထိ ပါလာတုန်း။ ခုချိန်ထိကို စွဲမြဲနေတုန်း။ လူပုံက ဖြူဖြူနုနု၊ ပါးပါးလှပ်လှပ်ကလေးကိုမှ ကြောက်စိတ်ကလေးက ကဲတတ်တော့ အမေဟာ ဇော်ထွန်းဦးရေးရေးအတွက်ဆို အမြဲပူပန်လေ့ရှိတယ်။

အေးသီတာတို့ကတော့ ကိုယ့်အစ်ကို ရုပ်ရည်နဲ့ ဥစ္စာပေါ၊ ရုပ်ချော၊ အဆင့်အတန်းရှိရှိ မိန်းမမျိုးကို ခေါင်းခေါက်ယူနိုင်တယ်လို့ပဲ တွက်တယ်။ ဒါပေမဲ့ အေးသီတာ တွက်ကိန်းကတော့ လွဲနေပြီ။ ဘယ်လောက်အတိုင်းအတာထိ လွဲသလဲ၊ အေးသီတာ တွက်ကိန်းနဲ့ လက်တွေ့ ဘယ်လောက်ကွာဟနေလဲ ဆိုတာကတော့ ပဟေဠိတစ်ခုလိုပဲ စိတ်ဝင်စားစရာကောင်းလှတယ်။

မမကြီး ပြောစကားအရ ဇော်ထွန်းဦးတို့ လင်မယား နက်ဖြန်ခါ ရောက်လာကြမတဲ့။ အေးသီတာကတော့ မနက်ဖြန်ကိုသာ ချက်ချင်းရောက်ချင် စမ်းလှပါတယ်။

❑

အိုခနဲ ငိုချလိုက်တဲ့ အမေ့ငိုသံနောက်ပါးမှာ အေးသီတာ့ငိုသံက ကပ်လိုက်လာတယ်။ ဝင်းစန္ဒာတို့၊ ခင်ညိုရီတို့ကလည်း မျက်ရည်တွေ ဝိုင်းတက်လာလိုက်တာ တမံကျိုးတော့မယ့်ဆည်အတိုင်းပဲ။ ကျော်ထွန်းဇော်ကတော့ ကျွတ်ခနဲ စုတ်သပ်ပြီး အတွင်းခန်းထဲ ဝင်သွားတယ်။ အဖေကတော့ မျက်နှာချင်းဆိုင် နံရံအမြင့်မှာ ချိတ်ထားတဲ့ မိသားစုဓာတ်ပုံကြီးကို တွေတွေကြီး ငေးစိုက်ကြည့်နေတယ်။

မမကြီးက မြင်ဖူးပြီးသားဆိုတော့ ဟန်မပျက် ဧည့်ခံနိုင်တယ်။ ဌေးဝင်းဇော်ကလည်း သူ့အစ်ကို အားမငယ်အောင် ပဋိသန္ဓာရစကားလေးတွေ ပြောပေးရှာတယ်။ ဇော်ထွန်းဦးကတော့



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာလေး ညှိုးရော်နွမ်းခွေပြီး အောက်က သမံတလင်းကို ကြည့်လိုက်၊ အမေ့ကို အကဲခတ်လိုက်၊ အမေ့ကို ငိုမဲ့မဲ့လေးနဲ့ ကြည့်လိုက် လုပ်ရင်း ငြိမ်ကုပ်နေတယ်။ သူ့ဘေးမှာတော့....

ကြည့်ပါဦး....။

ဒါ ဇော်ထွန်းဦး မိန်းမတဲ့လား။ ရှေ့သွားနောက်လိုက် မညီလိုက်တဲ့ဖြစ်ခြင်း။

အသားအရေက မညိုပေမဲ့ မဖြူဘဲ ဝါညစ်ညစ် အရောင်မျိုး ထွက်နေတယ်။ အရပ်က ပေမမီ၊ ဒေါက်မမီ ပုတလက်လေး။ နှုတ်ခမ်းနှစ်လွှာက ထူပိန်းပိန်း ပြူထွက်နေပြီး ဝမ်းဗိုက်သားတွေကလည်း အပျိုလေးတစ်ယောက်လို့ ထင်ရက်စရာ မရှိလောက်အောင် စူထွက်နေတယ်။ ကျောရယ်၊ ခါးရယ်၊ တင်ရယ်ကို ဘယ်နေရာက ဘာပါလို့ ခွဲခြားပြဖို့ တော်တော်ခဲယဉ်းမယ်လို့ အေးသီတာ တွေးနေမိတယ်။ မမကြီးကို ပြုံးပြလိုက်တဲ့ သူ့အပြုံးကို မြင်လိုက်ရတော့ စပ်ဖြဲဖြဲကြီးလို့ အေးသီတာ စိတ်ထဲက ရေရွတ်လိုက်မိတယ်။

အမေက ဧည့်ခန်းထဲမှာ ဆက်ထိုင်ပြီး စကားပြောဖို့ အင်အား မရှိလောက်ဘူးလို့ ယူဆတာနဲ့ အေးသီတာ အမေ့ကို အိပ်ခန်းထဲ တွဲပို့ပေးလိုက်တယ်။ အေးသီတာလည်း ဧည့်ခန်းထဲမှာ ဆက်ထိုင်ပြီး အဲဒီမိန်းမမျက်နှာကို စေ့စေ့ကြည့်ဖို့ စိတ်မခိုင်လှတာမို့ မီးဖိုခန်းထဲ ဝင်နေမိတယ်။ အောင်ဇော်ထွန်းကလည်း လိုက်ဝင်လာတာမို့ အေးသီတာ သိချင်စိတ်ကို

> ဆူကြ၊ ပူကြ
> ဆဲကြ၊ ဆိုကြနဲ့
> ညံပွက်နေတဲ့
> အိမ်ထောင်တစ်ခုမှာ
> သားသမီးကလည်း
> ခြောက်ယောက်
> တိတိ
> မွေးဖွားခဲ့တယ်
> စီးပွားရေးကလည်း
> မိုးသည်းလိုက်
> နေသာလိုက်နဲ့
> အစိုတစ်ခါ
> ခြောက်တစ်လှည့်
> ရုန်းကန်ခဲ့ရတယ်
> ဒါပေမဲ့
> ဇော်ထွန်းဦး
> ကိုယ်တိုင်ကတော့
> ဒီမိသားစု
> ဘဝထဲမှာပဲ
> ကျေကျေနပ်နပ်ကြီး
> လုံးထွေးရစ်ပတ်
> သွားခဲ့တယ်

မအောင့်နိုင်ဘဲ မေးကြည့်လိုက်တယ်။

'ငါလဲ ကိုကျော် ပြန်ပြောပြမှ ရှင်းတာဟ။ သပြေတောင်းသူတွေ ညနေ၊ ညနေ ရေချပ်ဆင်းရင် ဘူတာကို ဖြတ်ရတယ်တဲ့။ အဲဒီတော့ ရွာသူတွေ ထုံးစံ ပေး၊ ဟားနဲ့ ကိုဇော့်ကို စ,ကြမှာပေါ့ဟာ။ အဲဒီလိုနဲ့ မျက်မှန်းတန်းလာပြီး တစ်ညနေကျတော့ ညနေခြောက်နာရီကျော်နေမှ ကိုဇော့်လိုင်းခန်းကို တစ်ယောက်တည်း လာလည်သတဲ့။ မှောင်နေတော့မှ မပြန်ရဲဘူးဆိုပြီး ပြောတာတဲ့။ အဲဒီအချိန် သူဦးလေးဆိုလား၊ သူ့အစ်ကိုဆိုလား လိုက်လာပြီး ဖွတ်ယူခိုင်းတာတဲ့'

အောင်ဇော်ထွန်းက စကားခဏအဖြတ် မီးဖိုခန်းထဲဝင်လာတဲ့ ခင်ညိုရီက ဆက်တယ်။

'ဓားကြိမ်းကြိမ်းတာတဲ့ဟယ် မယူရင်သတ်မယ်ပေါ့၊ ဒီတော့ ကိုဇော် ကြောက်ပြီပေါ့အေ။ တို့အစ်ကိုထုံးစံပဲ။ ဟိုမိန်းမကလည်း ချိန်းတွေ့တယ်လို့ ဖွပ်စွဲတာကို မငြင်းဘူးတဲ့။

'တခြားကပ်လျက် လိုင်းခန်းက လူတွေကလည်း ဝင်ပြောပေးတာ မရဘူးတဲ့။ ရုံပိုင်ကြီးကလည်း မပေးစားရင် ကိုဇော် ဒီမှာဆက်အလုပ်လုပ်ရတာ ရွာနဲ့ အဆင်မပြေမှာစိုးလို့ ပေးစားလိုက်ရသတဲ့အေ၊ အီး...ဟီး...ဟီး...'

ခင်ညိုရီက ပြောရင်း ငိုချပါလေရော။

အေးသီတာကတော့ ပါးစပ်ထဲ အာစေးထည့်ထားသလိုမျိုး ဘာပြောရမှန်း မသိဘဲ ဆွံ့အ,နေမိတယ်။ ရင်ထဲ နင့်ခနဲ ဖြစ်သွားပြီး မျက်ရည်တွေက အလိုလို ဝေ့တက်လာတယ်။ အတွေးထဲမှာတော့ အရင်တုန်းက အမေပြောခဲ့တဲ့ စကားလေးတစ်ခွန်းက ပဲ့တင်ရိုက်နေတယ်။

'ဖူးစာဆိုတာ ဆန်းကြယ်သားနော်'တဲ့။

❑

ပြန်တွေးကြည့်လိုက်တိုင်း ခံစားမှုတွေက အသစ်အတိုင်း လတ်ဆတ်နေဆဲ။ အခုအချိန်မှာတော့ အဖေလည်းမရှိတော့။ အမေလည်း မရှိတော့၊ သိန်းဇော်ထွန်း၊ နေဝင်းထွန်းသာမက ဇော်ထွန်းဦးပါ မရှိတော့။

နှစ်ပေါင်းသုံးဆယ်နီးပါး ဒီမိန်းမကလွဲပြီး တခြားသူနဲ့ ဖောက်ပြန်ပြောင်းလွဲခြင်း မရှိ၊ လက်တွဲသွားခဲ့တဲ့ ဇော်ထွန်းဦးရဲ့ အိမ်ထောင်ရေးက ချောချောမွေ့မွေ့၊ အဆင်ပြေပြေတော့ မဟုတ်ခဲ့ဘူး။ ဆူကြ၊ ပူကြ၊ ဆဲကြ၊ ဆိုကြနဲ့ ညံပွက်နေတဲ့ အိမ်ထောင်တစ်ခုမှာ သားသမီးကလည်း ခြောက်ယောက်တိတိ မွေးဖွားခဲ့တယ်။ စီးပွားရေးကလည်း မိုးသည်းလိုက်၊ နေသာလိုက်နဲ့ အစိုတစ်ခါ၊ ခြောက်တစ်လှည့် ရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ ဇော်ထွန်းဦး ကိုယ်တိုင်ကတော့ ဒီမိသားစုဘဝထဲမှာပဲ ကျေကျေနပ်နပ်ကြီး လုံးထွေးရစ်ပတ်သွားခဲ့တယ်။ လက်ထပ်ရတုန်းက တကယ်မကြိုက်ဘဲ လက်ထပ်ခဲ့ရပေမဲ့ နောက်ပိုင်းမှာတော့....

'စန်းသဘော'၊ 'စန်းစိတ်ကြိုက်'နဲ့ စန်းသာအရေး ဖြစ်သွားခဲ့တယ်။ ခင်စန်းဝင်းလို မိန်းမမျိုးကို ချစ်ခင်နှစ်ခြိုက်သွားတဲ့ ဇော်ထွန်းဦးကို ပြစ်မှားရပေမဲ့ ဒါဟာ သူတို့နှစ်ယောက်ရဲ့ ဖူးစာပေါ့လေလို့ နားလည်လိုက်ရပြန်တယ်။

ကိုယ်ကိုယ်တိုင်လည်း စိတ်ကူး မှန်းဆဖူးခဲ့တဲ့သူနဲ့ တကယ်လက်ထပ်ဖြစ်သွားတဲ့ သူတို့ရဲ့အနေအထားချင်းက ဘယ်လိုမှမဖျော့လင့်တာလောက်အောင်ကို လွဲချော်ခဲ့ပြန်တော့ အမေပြောခဲ့ဖူး 'ဖူးစာဆိုတာ ဆန်းကြယ်သားနော်'ဆိုတဲ့ စကားလေးကို တဖွဖွ ညည်းနေမိ တစ်ပါး...။

**ဝေမိုးနိုင်မျိုး**

www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

ဤအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

ချင်ဝိရိယ[တောင်စွန်း]
စည်းမှုအောင်ပွဲနှင့် အာဏာနည်တို့လာရာလမ်း / ၉၀၀ိ -
ခြမ်းကိုပြောင်းလဲစေခဲ့သောသာမဏောနှင့်
ရွေး / ၂၀၀ိ -

)
အာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
...etics and Philosophy of Art Criticism
...rome Stolnitz / ၂၂၀ိ -

တာလ မပွင့်သေးသောဘုရားများအား
သင့်နှင့်ဘာသာရေးဖြတ်ထုံးများ / ၁၂၀ိ -
နှင့် သီဟိုဠ်ဓမ္မဝတ္ထုတိုများ / ၁၅၀ိ -

(ဝန်ကြီးဟောင်း)
အပျောက်စေဆရာကြီး ရပ်စပြူတာင် / ၂၀၀ိ -

ကြီးဦးတင့်ဆွေ
စိတ်ထား / ၇၀ိ -

(စမ်းချောင်း)
သက်ဆင့်ကာမ်း Message to Teen / ၂၀၀ိ -
ကျော်တို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀ိ -

...
သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဗိုဝတ္ထုတိုများ / ၁၆၀ိ -

ပြည့်တုန်း
တတောင်ကန်မြောက်ကန် / ၁၂၀ိ -
ဓတ်မယ် / ၁၅၀ိ -

သည်မောင်မောင်
လပ်ရေးသမိုင်းဝင်စစ်မြေပြင်စရီးကြမ်းနှင့်
မှတ်တမ်း / ၂၅၀ိ -

...
နဲ့ မနီ / ၃၀၀ိ -
မှ သရဇီသို့ / ၁၂၀ိ -
ဝေကဗျာ ၈၀ / ၂၀၀ိ -

(ဟသာတ)
စကား အရှင်တို့တရား / ၁၅၀ိ -

...
င်းစရုံးတစ်ကြောင်းခြစ် / ၃၅၀ိ -

အရှင်သာမိန
ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀ိ -
ညည်တွေဘယ်ကိုရောက်နှင့်
ရေးအတွေးဆောင်းပါးများ / ၂၀၀ိ -

- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့ရွဲများ / ၂၅၀ိ -
- နတ်စည် (ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြပွဲ / ၂၅၀ိ -
- သာထက်အောင်
  တွေးမိသမျှ ငေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေ့အကြုံ
  (ဩစတေးလျအတွေ့အကြုံဆောင်းပါးများ) / ၃၅၀ိ -
- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံအတွဲပြွတ်၊ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀ိ -
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဖက်လမ်း / ၂၅၀ိ -
- မောင်သိမ်
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀ိ -
- ဝဏ္ဏသိရိ
  ချုပ်ရာငြိမ်းရာ / ၁၀၀ိ -
- နှစ်ဖက်လှ ဦးကျော်လွင်
  ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀ိ -
  နှစ်ဘက်လှ တဏှာသိုလ်တရားများ / ၄၀၀ိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀ိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀ိ -
- **ပေလေးပင်နတ်မိုးတောရ အရှင်ဆန္ဒာမိက**
  မေတ္တာစစ်သည်တော် / ၁၅၀ိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့်စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀ိ -









...ရား–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်
နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း
တစ်နည်း မြန်မာ့လွတ်လပ်ရေး
ကြိုးပမ်းမှုသမိုင်းသည်
ထောင်သောင်းများစွာသော
မြန်မာတိုင်းရင်းသား
အာဇာနည်သူရဲကောင်းတို့
ဇာတိသွေး၊ ဇာတိမာန်
အပြည့်အဝဖြင့် ပြင်းပြင်းထန်ထန်
ရှန်းကန်လှုပ်ရှားကာ အသက်၊
သွေး၊ ချွေး အမြောက်အမြား
စတေးပေးဆပ်တော်လှန်ခဲ့ကြ၍
အောင်ပွဲဆင်ခဲ့ကြရသည့်
သမိုင်းမှတ်တမ်း(မှတ်တိုင်)
မော်ကွန်းကြီးပင် ဖြစ်လေသည်။
သမိုင်းစဉ်တစ်လျှောက်
ဘုန်းမီး နေလ
ထွန်းလင်းတောက်ပခဲ့သည့်
ပဒေသရာဇ် မြန်မာနိုင်ငံတော်ကြီး
ခရစ်နှစ် ၁၈၂၆ ခုနှစ်
အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊
၁၈၅၂ ခုနှစ် ဒုတိယစစ်ပွဲ၊
၁၈၈၅ ခုနှစ် တတိယစစ်ပွဲ၊
သုံးကြိမ်တိုင် နယ်ချဲ့ဗြိတိသျှ၏
မတရားကျူးကျော်စော်ကားသည့်
စစ်ပွဲတို့၏ အဆုံးအဖြတ်နှင့်
သိမ်းပိုက်ခံခဲ့ရပြီး၊ ၁၈၈၆ ခုနှစ်
ဇန်နဝါရီလ ၁ ရက်
(သက္ကရာဇ် ၁၂၄၇ ခုနှစ်
နတ်တော်လပြည့်ကျော် ၁၂ ရက်)နေ့
သီပေါမင်း၏ နိုင်ငံတော်ကို
ဝိတိုရိယဘုရင်မကြီးပိုင်သော
ဗြိတိသျှအင်ပါယာ အတွင်းသို့
သိမ်းသွင်းလိုက်ကြောင်း
အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင့်
(Lord Dufferin) တရားဝင် ထုတ်ပြန်
ကြေညာလိုက်သည့်အချိန်မှစ၍
ကိုယ့်မင်းကိုယ့်ချင်းဘဝနှင့်
အချုပ်အခြာအာဏာ ခိုင်ခံ့စွာ
တည်ရှိခဲ့သည့် မြန်မာနိုင်ငံတော်ကြီး
ထီးကျိုးစည်ပေါက်
ဘဝပျောက်ကာ တိုင်းတစ်ပါး
နယ်ချဲ့လက်အောက်တွင်



မည်သို့မျှ ခေါင်းထောင် မထနိုင်တော့ဘဲ သူ့ကျွန်အဖြစ် နှစ်ပျက်သုဉ်းကား မရှု-
ဆုံးရှုံးနစ်နာခဲ့ရလေသည်။

အမိမြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက် ဝကွက်အပ်လိုက်ရပြီဆိုသည်-
သူ့ကျွန်မခံ ဇာတိမာန်၊ ဇာတိသွေး ပြင်းထန်ကြသည့် မြန်မာမျိုးချစ်ပုဂ္ဂိုလ် အ-
နည်သူရဲကောင်းများစွာတို့ ရရာလက်နက် စွဲကိုင်ကြကာ အရိုးကြေကြေ၊ အ-
ခန်းခန်း မလျှော့သောအား မာန်၊ ဖွဲ့သတ္တိတို့ဖြင့် ပြင်းထန်တက်ကြွစွာ -
ပုန်ကန်ခဲ့ကြလေသည်။ အမိနိုင်ငံတော်၏ အထွေထွေသော အားနည်းချက်များကြေ-



www.burmeseclassic.com



ပေသိန်းမြင့်

အလောင်းဘုရား
ခေတ်ကုန်ဆုံးပြီး
နှစ်ပေါင်း ၂၀၀ နောက်ပိုင်း၊
အောင်ဆန်း
တစ်ဦးတည်းမှတစ်ပါး
မည်သူမျှလည်း
ဗမာပြည်သူများကို
ကိုယ်စားပြု၍
၎င်းတို့အား
စည်းလုံးညီညွတ်
စိတ်အားတက်ကြွအောင်
မစွမ်းဆောင်နိုင်ခဲ့'



www.burmeseclassic.com

www.burmeseclassic.com

> 'စစ်အတွင်း ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ '၁၉၄၆' ရေးဆွဲပြဋ္ဌာန်း အတည်ပြုလိုက်လေရာ ဗိုလ်ချုပ်အောင်ဆန်း အပေါ် စွပ်စွဲထားသည့် ပြဿနာသည်လည်း ကွင်းလုံးကျွတ် လွတ်မြောက် သွားခဲ့ရလေ တော့သည်

အားမတန် မာန်လျှော့ကြရသည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြရသော်လည်း မည်သို့မျှ မခန်းခြောက်နိုင်သည့် ဇာတိမာန် ပြင်းထန်သော စိတ်ဓာတ်များဖြင့်၊ ခေတ်ကာလအပိုင်းအခြားအလိုက် အာဇာနည်မျိုးချစ်သူရဲကောင်းတို့ မြော်မြင်ကြီးစွာဖြင့် အမိနိုင်ငံတော် ပြန်လည်လွတ်မြောက်ရေးအတွက် 'လေ့ခွက်ချည်းကျန်၊ အောင်လံမလှဲ' မကြောက်မရွံ့နောက် မတွန့်ဘဲ အသက်၊ သွေး၊ ချွေးအမြောက်အမြားစတေး ပေးဆပ်ကြကာ ရဲရဲဝံ့ဝံ့ တော်လှန်ပုန်ကန်ခဲ့ကြလေသည်။ ထိုကဲ့သို့ အမိမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးအတွက် အားကြိုးမာန်တက် စွန့်လွှတ်စွန့်စား ရန်းကန်လှုပ်ရှား ပေးဆပ်ခဲ့ကြသည့် မြန်မာ့မျိုးချစ် အာဇာနည်သူရဲကောင်းအပေါင်းတို့တွင် တစ်ဦးအပါအဝင်ဖြစ်သည့် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အခန်းကဏ္ဍသည် လွန်စွာအရေးပါသည့်(တန်ဖိုးမဖြတ်နိုင်သည့်) မြန်မာ့ကိုလိုနီခေတ်နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ တစ်နည်းမြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းမော်ကွန်းမှတ်တိုင်ကြီးပင်ဖြစ်လေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဘဝသည် အလွန်တိုတောင်း(၃၂-နှစ်အရွယ် ကွယ်လွန်ရှာ)လှသော်လည်း ဘဝအဖြစ်သနစ်တို့ကစာဖွဲ့၍မကုန်နိုင်အောင် ထူးခြားဆန်းပြားများပြားလွန်းလှပေသည်။ ယနေ့တိုင်အစားထိုး၍မရနိုင်သည့် အာဇာနည်သူရဲကောင်းကြီးဖြစ်သည်မို့ ကွယ်လွန်ခဲ့သည်မှာ ၆၇ နှစ်(မွေးနေ့ နှစ် ၁၀၀ ပြည့်)တိုင်သော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ အသည်းနှလုံးတွင် အောက်မေ့တသ သတိရလွမ်းဆွတ်ကြေကွဲကြဆဲပင် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းဟေ့ဆိုလျှင် မြန်မာတစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးက တိုင်းပြည်အပေါ် သစ္စာရှိသူ၊ မျိုးချစ်ခေါင်းဆောင်၊ မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင်ဟူ၍ သိရှိကြလေသည်။ မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းတို့ကလည်း ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စု၏ ရှေ့ဆောင်လမ်းပြကြီး (Pioneer), မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး၊ မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး၊ မြန်မာ့နိုင်ငံရေးသုခမိန်ကြီး၊ မြန်မာ့တပ်မတော်ဖခင်ကြီး စသည်ဖြင့် နှလုံးသားတိုင်းတွင် ထာဝရကမ္ပည်းတင်ထားခဲ့ကြပြီး ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ခဲ့ဖူးသည့် စစ်အတွင်း မြန်မာနိုင်ငံ ဒု-မြို့ပြရေးရာ အရာရှိချုပ် ဒွန်နီဆင် (F.S.V Donnison) ကပင် သူ၏'British Military Administration in the Far East London 1956, P-369' တွင် 'အောင်ဆန်းကား ဗမာများအဖို့ တကယ့်မျိုးချစ်ပုဂ္ဂိုလ်ပင် ဖြစ်သည်။

××× အလောင်းဘုရားခေတ် ကုန်ဆုံးပြီး
နှစ်ပေါင်း ၂၀၀ နောက်ပိုင်း၊ အောင်ဆန်း
တစ်ဦးတည်းမှတစ်ပါး မည်သူမျှလည်း
ဗမာပြည်သူများကို ကိုယ်စားပြု၍ ၎င်း
တို့အား စည်းလုံးညီညွတ်စိတ်အားတက်
ကြွအောင် မစွမ်းဆောင်နိုင်ခဲ့'ဟူ၍ ဗိုလ်
ချုပ်၏ယှဉ်တုမရသည့် သူမတူ စွမ်းရည်
များကို ရေးသားချီးကျူးခဲ့ဖူးလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်
လပ်ရေးကြိုးပမ်းစဉ်ကာလမှ စတင်၍
ကွယ်လွန်ချိန်အထိ ရုန်းကန်လှုပ်ရှား
ဆောင်ရွက်ခဲ့မှုများတွင် ဂုဏ်ယူစရာ
အတုယူစရာ၊ သနားစရာ၊ ကရုဏာ
သက်စရာ၊ အံ့သြစရာ၊ ဝမ်းနည်းကြေကွဲ
စရာ၊ ထိတ်လန့်ချောက်ချားစရာ၊ ရယ်
စရာမောစရာ စသည့် မြောက်မြားလှစွာ
သော အကန့်အသတ်၊ အဟန့်အတား
အနှောင့်အယှက်တို့နှင့်လည်း ရင်ဆိုင်
ကျော်လွှားဖြတ်သန်းခဲ့ရလေသည်။
ဥရောပစစ်မျက်နှာတွင် ဒုတိယကမ္ဘာစစ်
မီးကြီး ဟုန်းဟုန်းတောက်လောင်နေချိန်
မြန်မာ့မျိုးချစ်ခေါင်းဆောင်တို့သည်လည်း
ထိုအခွင့်အရေးကိုအသုံးချ၍ လွတ်လပ်
ရေးကိုအရတိုက်ယူရန် စည်းရုံးဆောင်
ရွက်ခဲ့ကြလေသည်။ သခင်အောင်ဆန်း
၏ကြိုးပမ်းမှုဖြင့် ဒေါက်တာ ဘမော်၏
ဆင်းရဲသားအဖွဲ့နှင့်သခင်အဖွဲ့တို့ ပူး
ပေါင်းကြကာ 'မြန်မာ့ထွက်ရပ်လမ်း'
ဟူသောအဖွဲ့အစည်းကြီးကို ဖွဲ့စည်း
ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုအမျိုး
အဟုန် မြှင့်တင်ဆောင်ရွက်ကြရာတွင်
ခေါင်းဆောင်များကို နေရာအနှံ့အပြား
ဖမ်းဆီးအကျဉ်းချနေကြသည်ဖြစ်ရာ
သခင်အောင်ဆန်းသည် အဖမ်းမခံဘဲ
ရှောင်တိမ်းလှုပ်ရှားလျက် ရှိလေသည်။
ထိုစဉ် ဟသ်ာတခရိုင် ရဲဝန်က ၁၉၄၀
ခုနှစ် ဖွန်လအတွင်းက 'ဒေါင်းကြီးသ
ရှာ'တွင် သခင်အောင်ဆန်း ပေ
ချက်များသည် အစိုးရကို အကြည်
ပျက်စေမှုများကြောင့် သခင်အောင်ဆန်း
အား ဖမ်းဆီးနိုင်ရေးအတွက် သတင်း
ပေးသူအား ဆုငွေ 'ငါးကျပ်' ပေး
ဟူ၍ သရော်စော်ကားစွာ ကြေညာ



www.burmeseclassic.com

ပြန်ခဲ့လေသည်။ သို့နှင့် သခင်အောင်ဆန်းသည် ရှောင်ကာ တိမ်းကာ ...င် ၁၉၄၀ ခုနှစ် ဩဂုတ်လ ၈ ...(ဂျာမနီလေတပ်ကြီး မကြဲဖူး ...င် လန်ဒန်မြို့တော်ကြီးကို ဝင်တိုက် ...နေ့)၊ တရုတ်သင်္ဘောသားများ စီမံ ...ခဲ့သည့် နော်ဝေးပိုင်သင်္ဘောနှင့် ...တ်သင်္ဘောသားယောင်ဆောင်၍ ...ချုပ်၏ တရုတ်အမည်မှာ 'တန်လွန် ...င်')တိတ်တဆိတ် ထွက်ခွာ(ဂျပန် ...ဆက်သွယ်ရန်)သွားခဲ့ရသည့် အခြေ ...သို့ ရောက်ရှိသွားခဲ့ရလေသည်။

သို့နှင့် သခင်အောင်ဆန်း ၁၉၄၀ ...စ် ဩဂုတ်လ ၂၄ ရက်နေ့၊ တရုတ် ...င်း အမွိုင်မြို့သို့ ရောက်ရှိခဲ့ရပြီး ၂လ ...ာက်အကြာ ထိုင်ဝမ်ကျွန်းသို့ ထွက် ...ခွင့်ရခဲ့လေသည်။ နိုဝင်ဘာ ၁၂ ရက် ...တွင် ထိုင်ဝမ်ကျွန်း 'ဟာနေဒါလေ ...ဆိပ်ကွင်း'တွင် ဗိုလ်မိုးကြိုးခေါ် ကာ ...ဆူဇူးကီး(မစ္စတာ မီနာမီ)လာရောက် ကြိုဆိုခေါ်ဆောင်သွားခဲ့ရာ တိုကျိုမြို့ ...တော်တွင် သုံးလလောက် လုပ်ငန်းအစီ ...အစဉ်များ ဆောင်ရွက်ခဲ့လေသည်။ ထို့ ...နောက် ဂျပန်သင်္ဘောတစ်စင်းဖြင့် ...သင်္ဘောသားဟန်ဆောင်ပြီး ပြန်လာခဲ့ရာ ...ကုန်သို့ ၁၉၄၁ ခုနှစ် မတ်လ ၃ ...ရက်နေ့တွင် (ရဲဘော်သုံးကျိပ် စုရန်)ပြန် ...ည်ရောက်ရှိလာခဲ့ပြန်လေသည်။ ...သို့ အပြန်ခရီးတွင် သခင်အောင်ဆန်း ...လှုပ်ရှားဆောင်ရွက်မှုများသည် ငိုအား ...ထက် ရယ်အားသန်လောက်သည့်အဖြစ် ...အပျက်များလည်း တွေ့ကြုံခဲ့ရလေသည်။ သခင်အောင်ဆန်းသည် သွားတုတပ် ...ဆင်ထားပြီး ဦးထုပ်ဆောင်းကာ မျက် ...မှန်ကတပ်၍ တရုတ်တစ်ယောက်ကဲ့သို့ ...ရုပ်ဖျက်ထားပြီး ဂျပန်သင်္ဘောသားများ ...နှင့် ရောနှောကာ ဆိပ်ကမ်း(ပုသိမ်ဆိပ် ...ကမ်း)ပေါ်သို့ တက်လာခဲ့လေသည်။ ထို့ ...နောက် သခင်အောင်ဆန်းသည် အငှား ...ကားတော်တစ်စီးကိုခေါ်၍ မပီမသ အိုး ...နင်းခွက်နင်း မြန်မာစကားဖြင့်'မက်ဝဲလ် ...လမ်းက'ကိုတင်'၏အိမ်ကို သိပါသလား' ...ဟု၍ မေးလိုက်သည်။ ကားသမားက လည်း သိကြောင်း၊ ကိုတင်သည် ဤမြို့တွင် နာမည်ကြီးဖြစ်ကြောင်း ပြောကာ ကားမောင်း၍ ပို့ပေးလေသည်။ ကိုတင်သည် ၁၉၃၆ ကျောင်းသားသပိတ်ခေါင်းဆောင်(သခင်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသူငယ်ချင်း)ဖြစ်လေသည်။ ထိုစဉ်ကာလက သခင်အောင်ဆန်း ထိုအိမ်သို့ တစ်ခေါက်ရောက်ဖူးသည်။ ယခုကားသမား ပို့ပေးသောအိမ်နှင့် လွဲမှားနေ၍ ကားသမားကို သခင်အောင်ဆန်းက 'ကိုတင်ဟာ ဘာအလုပ် လုပ်ကိုင်သလဲ'ဟု မေးလိုက်ရာ ကားမောင်းသမားက 'ခေါင်းလုပ်စားတယ်လေ၊ လူတိုင်း သိသားပဲ၊ ခင်ဗျားလည်း သိမှာပေါ့'ဟု ပြန်ဖြေလေသည်။ နာမည်တူ ကိုတင်ကြောင့် သခင်အောင်ဆန်းမှာ ငိုအားထက် ရယ်အားသန်ရသည့်အခြေအနေများ ရင်ဆိုင်ခဲ့ရဖူးကြောင်း ဆရာကြီး မန်းတင်၏ **'ကလောင်တစ်ချောင်းက ပြောသော သမိုင်းကွက်များ'**ဆောင်းပါး(စာပေဂျာနယ် အမှတ်၁၀၊ ၁၉၉၀ ပြည့်နှစ်)တွင် ဖော်ပြရေးသားခဲ့ဖူးလေသည်။

(ဤသို့မှားပြီးနောက် သခင်အောင်ဆန်း ပုသိမ်မြို့မှ အခြားတက္ကသိုလ်ကျောင်းနေဖက် သူငယ်ချင်း ကိုမြစိန်အိမ်ကိုလည်း ရှာပြန်ရာ၊ ကိုမြစိန် ခရီးထွက်နေ၍ မတွေ့ရဘဲရှိရာ ပုသိမ်မြို့ပေါ်တွင် တဝဲလည်လည် ဖြစ်နေပြီး နောက်ဆုံး ညလုံးပေါက် ကပြနေသော ငှက်ပျောတန်းလမ်းမှ တရုတ်ပွဲတွင် ဝင်ရောက်ကြည့်ရှုနေပြီး နံနက်စောစောမှ မီးရထားဖြင့် ရန်ကုန်သို့ ဆက်ထွက်ခွာခဲ့လေသည်။)

ဒုတိယကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာချိန် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး(ဖ·တ·ပ·လ) အဖွဲ့ကြီးနှင့် မြန်မာ့မျိုးချစ်တပ်မတော်သားတို့၏စွမ်းရည်သတ္တိများ ပါဝင်၍ ဖက်ဆစ်တော်လှန်ရေးကြီး အောင်ပွဲဆင်ခဲ့ရသည် မှန်သော်လည်း ဗြိတိသျှဗျူရိုကရေစီယန္တရားမှ ပုဂ္ဂိုလ်တချို့သည် ထိုအချက်ကို အသိအမှတ် မပြုလိုကြ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့မျိုးချစ်တပ်မတော်၏အရေးပါသော အခန်းကဏ္ဍကို သေးသိမ်မှေးမှိန်အောင် ကြံစည်ကြိုးစားခဲ့ကြလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်ခေတ် သထုံဘက်၌ လူသတ်မှုကျူးလွန်ခဲ့သောပြစ်မှုဖြင့် ၁၉၄၆ မတ်လတွင် စစ်ရာဇဝတ်ကောင်အဖြစ် ဖမ်းဆီးချုပ်နှောင် အပြစ်ပေးရန် ထိုစဉ်က မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေး အရာရှိချုပ် မေဂျာဂျင်နရယ်ပီးယားစ်က စတင်အကြံပေးတိုက်တွန်းခဲ့လေသည်။ ၁၉၄၆ ဖေဖော်ဝါရီလအတွင်းကလည်း ဂဠုန်ဦးစောသည် စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း သထုံတွင် ကျူးလွန်ခဲ့သည့် ပြစ်မှုကို မည်သည့်အတွက် အရေးမယူသေးကြောင်း တို့မီးရှို့မီးလုပ်ခဲ့ဖူးလေသည်။ ဘုရင်ခံက ဦးစောသည် ဤနည်းမျိုးဖြင့် နိုင်ငံရေး အယူဝါဒ မတူသူများဖယ်ရှားတတ်သည့်ဉာဉ်ရှိကြောင်း ကောက်ချက်ချကာ အလေးမထားလှသော်လည်း ထိုပြဿနာသည် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ရောက်ရှိသွားကာ စွပ်စွဲခံရသည့် အဆင့်သို့ ရောက်ရှိသွားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း မိမိအား ဖမ်းဆီးအရေးယူရန် ကြံရွယ်နေသည်များကို ကြိုတင်ကြားသိထားသည်ဖြစ်ရာ ယင်းဖြစ်ရပ်များနှင့် ပတ်သက်၍ မိမိဆောင်ရွက်လုပ်ကိုင်မှုများပေါ်တွင် မကွယ်မဝှက် ပြတ်ပြတ်သားသား ရပ်တည်ချေပရေးသားတုံ့ပြန်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် စွပ်စွဲထားချက်များကိုလည်း ရန်ကုန်သတင်းစာများ၊ အိန္ဒိယစတိတ်မင့်နှင့် လန်ဒန် သတင်းစာများကပါ ဟိုးလေးတကျော် ဖော်ပြရေးသားခဲ့ကြသည်ဖြစ်ရာ၊ ထိုစွပ်စွဲချက်သည် ထိတ်လန့်၊ အံ့အားသင့်စရာကောင်းလှလေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် လုံးဝတုန်လှုပ်ချောက်ချား

www.burmeseclassic.com

ခြင်းမရှိဘဲ နှလုံးရည်များဖြင့် ပြန်လည်တုံ့ပြန်ချေပခဲ့လေသည်။ ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲဖြင့် ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ သတင်းစုံ ဂျာနယ်တွင် 'ကျွန်ုပ်၏ လိပ်ပြာမှာ အမြဲသန့်ရှင်းလျက်' ဟူသော ခေါင်းစဉ်ဖြင့် *'ကျွန်ုပ်၏ လိပ်ပြာတည်းဟူသော ကိုယ်စောင့်နတ်ရှေ့တွင် ကျွန်ုပ်သည် အမြဲအားဖြင့် စေ့စေ့ကြည့်ကာ တည့်တည့်ဖြေဆိုနိုင်သည်။ ကျွန်ုပ်အား ပုတ်ခတ်စွပ်စွဲသူများသည် မိမိတို့၏ လိပ်ပြာကို ကိုယ်စောင့်နတ် တရားခုံတွင် ရှေးဦးစွာ မိမိတို့ကိုယ်ကို မိမိတို့ အစစ်ဆေးခံပြီးမှ သူတစ်ပါးတို့အား စွပ်စွဲကြရန် အကြံပေးလိုသည်'* ဟူ၍ ဘွင်းဘွင်းရှင်းရှင်း စိန်ခေါ်ရေးသားခဲ့ပြီး ၁၉၄၆၊ ဧပြီ ၁၄ ရက် ပြည်သူ့သတင်းစာကမူ *'သမာသမတ် ကြားခုံတွင် စစ်မှ တရားလမ်းမှန်ပေါ်လာနိုင်မည်'* ဟူ၍ ခေါင်းစီးတပ်ဖော်ပြခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကြေညာချက်တွင်လည်း *'၁၉၄၂ ခု နှစ်ဦးပိုင်းတွင် ဗြိတိသျှအစိုးရတို့ တနင်္သာရီနယ်မှ ဆုတ်ခွာသွားသောအခါ ထိုသူအား ရွာသားများက ဖမ်းဆီး၍(ရွာသူရွာသားများအပေါ် အလွန်ဆိုးသွမ်းပြီး ရက်စက်ညှဉ်းပန်းသည့်ရွာသူကြီး) သထုံခရိုင်သို့ ရှေးဦးစွာ ရောက်လာသော B.I.A အား အပ်နှံကြောင်း။ … တရားခံ၏ ကျူးလွန်ချက်များအရ သူ့အား သေဒဏ်အပြစ်ပေးမှ ဖြစ်မည့်အကြောင်းကိုလည်း ကျွန်ုပ်အား အစီရင်ခံလေသည်။ ကျွန်ုပ်က ဤသို့ဖြစ်လျှင် သူ့ကို သတ်ပစ်ရမည်ဟုပြောလိုက်ပြီးနောက် တရားစီရင်လိုက်လေသည်…'* စသည်ဖြင့် ရှင်းလင်းပြတ်သားစွာ ဖော်ပြပါရှိလေသည်။

အဆိုပါ ပြဿနာအား အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစုစစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်၊ စစ်ပြေးဘုရင်ခံ ဆာဒေါမန်စမစ်၊ ယာယီဘုရင်ခံ ဆာဟင်နရီနိုက် အစရှိကြသည့် နိုင်ငံရေး အမြော်အမြင်

> 'အောင်ဆန်းသည်
> ဗမာပြည်၏
> အများဆုံး
> လက်ခံကြည်ညိုသော
> အာဇာနည်
> ဖြစ်သည်
> အလွန်
> ရိုးသားဖြောင့်မတ်သူ
> တစ်ဦးဟု
> ကျွန်ုပ်
> ယူဆသည်'
> ဟူ၍
> 'Last and first in Burma'
> စာမျက်နှာ
> ၂၈၀ တွင်
> မောရစ်ကောလစ်က
> ရေးသားခဲ့လေသည်

ပြည့်ဝသည့် ပုဂ္ဂိုလ်များကြောင့် (အခြေအနေအရပ်ရပ်တို့ကို အမျိုးမျိုးဝေဖန်သုံးသပ်ကြပြီး) 'စစ်အတွင်း ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ '၁၉၄၆' ရေးဆွဲပြဋ္ဌာန်း အတည်ပြုလိုက်လေရာ ဗိုလ်ချုပ်အောင်ဆန်းအပေါ် စွပ်စွဲထားသည့် ပြဿနာသည်လည်း ကွင်းလုံးကျွတ် လွတ်မြောက်သွားခဲ့ရလေတော့သည်။ ထိုအချိန်တွင် ဘုရင်ခံ ဆာဒေါမန်စမစ် ရာထူးမှ နုတ်ထွက်သွားခဲ့ပြီး ၁၉၄၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ယာယီဘုရင်ခံ ဆာဟူးဘတ်ရန့်စ် တာဝန်လွှဲပြောင်းထမ်းဆောင်ခဲ့သည်ဖြစ်ရာ ဘုရင်ခံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးတိုင်ပင်၍ ဖ·ဆ·ပ·လ အဖွဲ့ချုပ်အား အာဏာအပ်နှင်းရေးဆောင်ရွက်ခဲ့ပြီး၊ ၁၉၄၆ ခုနှစ်

စက်တင်ဘာ ၆ ရက်နေ့တွင် ဗိုလ်ချု
အောင်ဆန်း ဒု- ဥက္ကဋ္ဌအဖြစ် ပါဝင်
ဆောင်ရွက်သည့် ဘုရင်ခံ၏ အမှုဆောင်
ကောင်စီကို ဖွဲ့စည်းခဲ့လေသည်။' ဟူ၍
စာရေးဆရာ ဗိုးရှိန်က Hugh Tink
တည်းဖြတ်သည့် Burma: the Struggle
for Independence, 1944-48 စာအုပ်မှ
ကောက်နုတ်ဘာသာပြန်၍ စာမော်ကွန်
အမှတ် ၈- ဇူလိုင် ၁၉၈၈ တွင် ရေ
သားခဲ့လေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်
ချုပ်အောင်ဆန်းသည် လွန်စွာ ရိုးသား
ဖြောင့်မတ်၍ သူရသတ္တိပြည့်ဝသည့်
အာဇာနည်ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။
ဆာဒေါမန်စမစ်က ယာယီဘုရင်ခံ ဆာ
ဟင်နရီနိုက်အား 'အောင်ဆန်းသည်
ဗမာပြည်၏ အများဆုံးလက်ခံကြည်
ညိုသော အာဇာနည်ဖြစ်သည်။ အလွန်
ရိုးသားဖြောင့်မတ်သူ တစ်ဦးဟု ကျွန်
ယူဆသည်။' ဟူ၍ 'Last and first in
Burma' စာမျက်နှာ ၂၈၀ တွင် မောရစ်
ကောလစ်က ရေးသားခဲ့လေသည်။
ထို့ပြင် အခြားအခြားသော ခေါင်းဆောင်
အမြောက်အမြားက အံ့သြစွာ မချီးကျူး
ဘဲ မနေနိုင်လောက်အောင် ဗိုလ်ချု
အောင်ဆန်း၏ အရည်အချင်းတို့က
လည်း စူးရှတောက်ပြောင်လှလေသည်။
ယခုအခါ မြန်မာ့လွတ်လပ်ရေး ဗိသု
ကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်
ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စ ရောက်
သွားခဲ့သည်မှာ ၆၇ နှစ်တိုင်ခဲ့ပြီး မွေး
နေ့ နှစ် ၁၀၀ ပြည့်ကာလသို့တိုင် ရောက်
ရှိနေသည်ဖြစ်ရာ အမျိုးသားခေါင်း
ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြီး
မားမြင့်မြတ်လှစွာသော ကျေးဇူးတရား
တို့ကို **ရာပြည့်အလွမ်းဆောင်းပါး**ဖြင့်
ရှိသေလေးစားစွာ ဂုဏ်ပြုရေးသား
တင်ပြရင်း အာဇာနည်ခေါင်းဆောင်ကြီး
များအားလုံး ကောင်းရာသုဂတိသို့
ရောက်ရှိကြပါစေကြောင်း ဆုမွန်
ကောင်း တောင်းလိုက်ရသည်တကား

**ဖေငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com





**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းချက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ မြန်မာစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဇါတိဂ္ဂ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



ညွှန်ကြား သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးဖြစ်နိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရဂါထာရှုထောင့် - မင်းနှင့်(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သိလမ္မမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာဝနာရေးထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည့်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၁၀၂။

Designed by Lynn Wunna

www.burmeseclassic.com

ထွက်ပြီ

www.burmeseclassic.com



တစ်ညလုံး အိပ်လို့မရခဲ့တဲ့
ကျွပ်မျက်လုံးတွေ ဘာကြောင့်
မညှိုးမနွမ်း လန်းဆန်းနေခဲ့ပါသလဲ။
ရင်ထဲမှာရော ဘာကြောင့်များ
တစ်ချိန်လုံး လှုပ်ရှားနေခဲ့ပါလိမ့်။
အယောင်ယောင် အမှားမှားတွေ
ဖြစ်တာကလည်း လွန်ရော။
မီးဖိုထဲက ရေနွေးချိုးတွေ
အထပ်လိုက်နဲ့ အခိုးလေးလှတဲ့
စိတ်မရှည်ချင်စရာ
ရေနွေးအိုးကြီး ဒီမနက်
အဆူ မြန်တယ်။
နည်းနည်းစိုနေသေးတဲ့
ကုက္ကိုထင်းတွေကလည်း မီးခိုးမအူ၊
ဘာမအူ ရှောရှောရှူရှူ။
မီးတောက်တယ်။ အိမ်ရှေ့က
မန်ကျည်းပင်အိုတန်းတွေတောင်
ဒီမနက်မှာ လှနေလိုက်တာ။
အိမ်ဝိုင်းထောင့်က ကွပ်ပျစ်လေးနဲ့
သရက်ပင်ပျိုလေးကတော့
အလှဆုံးပေါ့။ တစ်မနက်လုံး ကျွပ်ကို
နာနာကြည်းကြည်းတွေ ပြောဆိုနေတဲ့
အမေ့ရဲ့ဒေါသမျက်နှာကြီးကတောင်
လှနေပါတယ်။ ကျွပ် သမီးလေး
ဒီနေ့ပြန်လာမှာလေ။ ဒီနေ့ပြန်လာမှာတဲ့၊
နိုင်ငံကျော်ဓာတ်အဖွဲ့ကြီးရဲ့
နာမည်ကျော် ပြဇာတ်မင်းသမီးလေး
ဒီနေ့ ပြန်လာမှာ...။

❑

အိမ်ဝိုင်းထောင့် ကွပ်ပျစ်လေးပေါ်က
လှမ်းကြည့်ရင် ရွာလယ်လမ်းကို
ကောင်းကောင်းမြင်နေရတာပဲ။
သမီးလေး အဲဒီလမ်းက လာမှာ...။
ကျွပ် ထိုင်နေတဲ့ ဟောဒီ
ကွပ်ပျစ်လေးပေါ်မှာ ကျွပ်တို့

အမှတ် ၃၀၁ ဖေဖော်ဝါရီ ၂၀၁၅

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ နုနုရည်အင်းဝ ရေးသားပြီး ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ချစ်တဲ့သူ သခင်မြင်လာဦး' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သားအမိနှစ်ယောက် တူတူထိုင်ဖူးတယ်။

ဒီကွပ်ပျစ်လေးပေါ်မှာ အနီးထွေးထဲက သမီး နီတာရဲ လေးကို ပွေ့ချီချော့မြူခဲ့ဖူးတယ်။ ဂျပန်ဆံတောက် သမီးဆံပင် လေးတွေကို အုန်းဆီရွှဲရွှဲလိမ်းပေးခဲ့ဖူးတာလည်း ဒီနေရာပေါ့။

သနပ်ခါးအဖွေးသား၊ မအေ့ထဘီကြီး တဝဲဝဲနဲ့ ဒီကွပ်ပျစ် ပေါ်မှာ သမီးလေး ကွေးနေအောင် က,တော့ သမီးအသွားက ဒေါသတကြီးနဲ့ လိုက်ရိုက်ပါရောလား။ ကွပ်ပျစ်လေးကို ပတ် ပြေးရင်းနဲ့ ထဘီတုပ်ပြီး သမီးလေး လဲရှာတယ်။ နှုတ်ခမ်း လေးပေါက်သွားပြီး ငိုလိုက်တာလေ မအေ့ရင်ခွင်ထဲမှာ…။

ကျုပ်ကိုလည်း သမီးလေးလိုပဲ ဒီကွပ်ပျစ်ပေါ်မှာ အမေ ရိုက်ခဲ့ဖူးပါတယ်။ သမီးလေးလိုတော့ ကျုပ်က မပြေးဘူး။ အမေ ဆံပင်ဆွဲပြီး ပါးတွေနားတွေ ရိုက်တာကို ကြိတ်ခံတယ်။ ချစ်ဆိပ်တက်နေတဲ့ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ် ယောက်ရဲ့ သတ္တိနဲ့ပေါ့။ ကျုပ်ကို အမေရိုက်တာက သမီးလေး လို က,လို့ရိုက်တာ မဟုတ်ဘူး။ ရည်းစားထားလို့ ရိုက်တာ။ သဘောမတူလို့ ရိုက်တာရယ်။

သမီးလေး အဖေနဲ့ ကျုပ်ကို အမေက သဘောမတူခဲ့ ဘူး။ တကယ်တော့ ကျုပ်အစ်မဝမ်းကွဲ မခင်သိန်းပြောသလို ပေါ့၊ ဝေလွင်လို ပြဇာတ်မင်းသားက ကိုယ့်လို တောသူကို ကြိုက်တယ်ဆိုတာ ဂုဏ်တောင်ရှိသေးတယ် အရီးရဲ့တဲ့။

ဝေလွင်ဆိုတာ နိုင်ငံကျော် ပြဇာတ်မင်းသားရယ်။ ကျုပ် တို့တောမြို့လေးရဲ့ ဘုရားပွဲမှာ နှစ်တိုင်း သူတို့ဇာတ်ပါအောင် ငှားရတာ။ တောမြို့ကလေးနဲ့တောင် ရှစ်မိုင်ဝေးသေးတဲ့ ရွာ ကလေးက တောသူတစ်ယောက်ကို ပြဇာတ်မင်းသား ဝေလွင် လိုလူမျိုးက ကြိုက်ဖို့လွယ်ပါ့မလား။ ဝေလွင်လို လူမျိုးကို မပြောနဲ့၊ သူတို့ဇာတ်က နောက်ပိုင်းမင်းသားလတ်လိုဟာမျိုး ကိုတောင် ကျုပ်တို့ရွာက မိန်းမတွေ ကြိုက်ကြသေးတာ။

ကျုပ်နဲ့ ပြဇာတ်မင်းသား ဝေလွင် ရွာဘုရားပွဲတွင်း သမီးရည်းစားဖြစ်ကြလို့ဆိုတဲ့ သတင်းဟာ ရွာနီးချုပ်စပ် အကုန်လုံး အကျော်ဒေးယျကိုဖြစ်ရော။

ကျုပ်ကအစ်မ ခင်သိန်းတို့၊ အပျိုကြီး မဥတို့ ပွဲမထွက် ခင် ဝေလွင့်ကိုသွားကြည့်တဲ့နောက် လိုက်သွားမိတာလေ။ ဇာတ်စင်နောက် ခပ်လှမ်းလှမ်းကပေါ့။ ကျုပ်တို့လို လာကြည့် တဲ့သူတွေလည်း အောတိုက်လို့။

‘ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ကြုံရာအိပ် ကြုံရာစားတွေ ဒီအဖေက မွေး၊ ဒီသွေးပါလာသာပေါ့။ ငါတို့ကတော့ပော့ မကောင်းလို့ကတော့ ကိုယ့်လက်မောင်းသွေး ကိုယ်တောင် ဖောက်ထုတ်ပစ်မယ် နားလည်လား။ ဘာပြဇာတ်မင်းသမီးလဲ ဘာနာမည်ကျော်လဲ ထွီ ရှုံလွန်းလို့၊ အောနှလုံးနာလွန်းလို့

ဝေလွင်က ခေါင်းဘီးလေးနဲ့ ခေါင်းဖြီးရင်း လူတွေ… လှမ်း…လှမ်း ပြုံးပြတယ်။ ကျုပ်တို့မယ် သူ့ကိုကြည့်ဖို့ … မြို့ အသွားအပြန် ဆယ့်ခြောက်မိုင် ခြေကျင်လျှောက်ရ… ရယ်။ ဒါပေမဲ့ မောတယ် မထင်ပါဘူး။ သူ့မျက်နှာကိုမြင် ရင် အမောပြေတာပဲ။

နောက်နေ့ညကျတော့ ကျုပ်တို့ အစ်မခင်သိန်းတို့၊ … သူ့ကို ထန်းလျက်ထုပ်တွေ လက်ဆောင်သွားပေးကြတယ်… လက်ဆောင်က နုပ်တော့ ရုက်တော့ ခပ်ရုက်ရုက်ပါပဲ။ ဒါ… ကိုယ့်ရွာထွက်ပစ္စည်းက ဒါရှိတာကိုး။ သူများတွေလည်း… ပေးကြပါတယ်၊ သကာအိုးတို့၊ ပေါက်ပေါက်ဆုပ်… သနပ်ခါးမြစ်တို့၊ ဆီးထုပ်တို့ပေါ့။

အဲဒီမှာ ရေစက်များ ဆုံချင်တော့လေ၊ ကျုပ်ပေါ့ … ကျုပ်…။

ဆံပင်လိုင်းတွန့်လေး တစ်တွန့် နဖူးပေါ်ဝဲကျနေ… သူ့မျက်နှာပြုံးပြုံးလေးကို အနီးကပ်မြင်ရတာနဲ့ ဘယ်လို… မှန်း မသိဘူး။ သဒ္ဒါတွေပေါက်ပြီး အဲဒီနေ့ညမှ ထုတ်ကိုင်… ကျုပ် ပခုံးတင် ဖျင်တဘက်အသစ်လေးကိုပါ ပေးလိုက်… တယ်။ ကျုပ်ကိုယ်တိုင် ရက်ထားတာပါ။ အဖိုးမတန်လို့ … မသုံးချင်လည်း နေပေ့စေပေါ့။ ကျုပ် စေတနာပဲလေ။ ဒါ… သူကလေ ကျေးဇူးတင်ပါတယ်ဗျာတဲ့။ နာမည်ဘယ်… ခေါ်လဲ၊ ဘယ်ရွာကလဲတဲ့။ ရွာသစ်တောင်ရွာက ချစ်… ကောင်းတဲ့ မသက်နှံပေါ့နော်တဲ့။ ပြီးတော့လေ အဲဒီည ပြဇာတ် မှာ တောသားခန်းလုပ်တော့ ကျုပ် ဖျင်တဘက်လေးကို ခေါင်း… ပေါင်းလို့ သိလား။

အို ဘာပြောကောင်း… နောက်နေ့ ရွာလယ်ရေတွင်း… ကုန်းမှာ ကျုပ်မျက်နှာပွင့်… တော့ အစ်မခင်သိန်း ကြွား… သန်တာလေ။ ကျုပ်တို့ရွာ… လူတွေမြို့မှာ ဇာတ်လာ… ဘုရားပွဲချိန်ဆို ဒီရေတွင်း… မှာ ဘယ်သူက ဘယ်လူ… နဲ့ စကားပြောခဲ့တာ။ မင်းသ… က ဘယ်လိုပြောလိုက်တာ။ မင်းသမီးနဲ့ ယိမ်းသ… နှစ်ယောက်က ရွာတောင် လာလည်ဦးမှာတို့ အပြိုင်အ… ကြွားရတာကို အရသာသိပ်ရှိကြတာ။

ဟုတ်လည်း ဟုတ်တယ်။ အရသာကတော့ တက… တာရယ်။ အစ်မခင်သိန်းအပြောနဲ့ ကျုပ်ကို ဝိုင်းမေးကြ… ဝေလွင်က ဘယ်လိုပြောတာလဲ၊ ညည်းဆီလာလည်… မပြောဘူးလား၊ အနီးကပ် တော်တော်ချောလားနဲ့…။ … မနေတတ် မထိုင်တတ်ကိုဖြစ်ရော။ အပျိုကြီး မဥတို့… ဝေလွင်တစ်ယောက် ခေါင်းစွပ်ဆွယ်တာ အဝါကျ… လည်… စည်းလေးနဲ့ ဘယ်လိုလှတဲ့အကြောင်းတွေပြောတော့ ကို…



www.burmeseclassic.com

www.burmeseclassic.com

တဲ့သူလို ဂုဏ်တက်ရသေးတယ်။ ရင်ထဲမှာ တလှပ်လှပ်နဲ့ ယ် အရသာရှိတာရယ်။

ဝေလွင်နဲ့ ပတ်သက်ပြီး အရသာမရှိတဲ့သူကတော့ ကျုပ် ပေါ့။ ဝေလွင် ဝေလွင်နဲ့ ကျုပ်ပါးစပ်ဖျားက မချ ည်းက ပေါင်တွင်းကြော ဆွဲလိမ်ပြီး သတိပေးတော့တာ အေတစ်ခု၊ သမီးတစ်ခုဆိုပြီး ညှာလိမ့်မယ် မမှတ်နဲ့တဲ့။

ယောက်ျားတန်မဲ့ တို့ဖတ်တဖတ်ဖတ်လုပ်နေတဲ့ဟာမျိုးက ယ်လိုလုပ် လက်ကြောတင်းမှာတဲ့လဲ။ စံလှတို့လို ကောင် သော သစ်နင်းသစ်ကျိုး၊ ဝါးနင်းဝါးကျိုး လုပ်ကိုင်ကျွေး တို့မှဆိုးမသားအမိ အားကိုးလောက်တဲ့ဟာမျိုးပဲ ယူပါအေ ဲ့တဲ့။

အမေ သဘောတူတာက လယ်အလုပ်၊ ကိုင်းအလုပ် နှံတော်တယ်ဆိုတဲ့ မည်းမည်းတုံးတုံး ကိုရင်စံလှ။

ကျုပ် ကြိုက်တာက ဆံပင်လိုင်းတွန့်လေးနဲ့ ချောမွန် ်နေတဲ့ ကိုဝေလွင်။

ကျုပ်က ဘာကိုများ စဉ်းစားနေရဦးမှာလဲ။

ဘုရားပွဲပြီးတဲ့ညမှာ ကိုဝေလွင့်နောက်ကို ကျုပ် လိုက် ားတာပေါ့။

❑

'ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ကြုံရာအိပ် ကြုံရာစားတွေ။ အမေက မွေး၊ ဒီသွေးပါလာသာပေါ့။ ငါတို့ကတော့ဟော င်းလို့ကတော့ ကိုယ့်လက်မောင်းသွေး ကိုယ်တောင် က်ထုတ်ပစ်မယ် နားလည်လား။ ဘာပြဇာတ်မင်းသမီးလဲ၊ မည်ကျော်လဲ ထွီ ရွံလွန်းလို့၊ အော့နလုံးနာလွန်းလို့'

အမေ့ စကားနာတွေက ကျုပ် ကွပ်ပျစ်ပေါ်ထိ လိုက်လာ ်ပြီ။ ပြောပလေ့စေ၊ ပြောစမ်းပါစေ။ ဒီလိုပဲ ကျုပ် ဝေလွင့်နောက် လိုက်သွားတုန်းကလည်း ထမင်းမစား၊ င်းမစား ရေသောက်ပြောတာတဲ့။

ကျုပ်နာမည်ကိုလည်း လူသေလို တ,တပြီး ငိုလိုက်နဲ့ ။ အမေ အဲလိုဖြစ်နေချိန်မှာ ကျုပ်ကတော့ ကမ္ဘာကြီးကို နေတာပေါ့။

ကိုဝေလွင့်နောက် ကျုပ် ခိုးရာလိုက်ပြီး တစ်ပတ်လောက် သူတို့ ဇာတ်နားနေရတယ်လေ။ ကိုဝေလွင်က ကျုပ်ကို လေးက ဘုန်းကြီးကျောင်းတစ်ကျောင်းကို ခေါ်သွားတယ်။ က ဇာတ်နားတဲ့အချိန် ဒီမှာနေတာတဲ့။ ဘုန်းဘုန်းက သူ့ စားအဖေတဲ့။ သူ့ကို ခြောက်နှစ်၊ ခုနစ်နှစ်သားကတည်းက က ခေါ်လာခဲ့ပြီး ဘုန်းကြီးကျောင်းသား လုပ်ခိုင်းထား ာပေါ့။

ကျုပ်ကတော့ ဘာမှ တောင်တောင်ညှိညှိ တွေးမနေ ဘူး။ ဇာတ်နားတဲ့တစ်ပတ်မှာ ကျုပ်မရောက်ဖူးတဲ့ ဘုရား းတို့၊ မန္တလေးတောင်တို့၊ မင်းကွန်းတို့ကို ကိုဝေလွင်နဲ့ ွဲသွားရတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူး။ ကျေးဇူးလည်း င်ပါတယ်။

ဘုန်းကြီးကျောင်းမှာ တစ်ပတ်လောက်နေပြီး ဇာတ်ပြန် ထွက်တော့ ကျုပ်လည်း ဇာတ်နဲ့လိုက်သွားတာပေါ့။ ထွက် သွားတဲ့နယ်ဘက်ကလည်း ကျုပ်တို့နယ်ဘက်ဆီရယ်၊ ဇာတ်ကတဲ့ အချိန်ကျတော့ ကျုပ်ထင်သလို ပျော်စရာလည်း မကောင်းလှပါဘူး။ ဘာလို့လဲဆိုတော့ ကျုပ်က ကိုယ့် ယောက်ျား ပြဇာတ်မင်းသားနားမှာနေပြီး ဝေယျာဝစ္စလုပ် ပေးချင်တာကို ကိုယ့်လင်နားကိုယ် မနေရဘူး။

ပြဇာတ်မင်းသားဆိုတာ လူပျိုဆိုမှ ပရိသတ်က ကြိုက် တာတဲ့။ ကျုပ်မယ် နေဝင်လို့ ပတ်မကြီးထိ ထီဆို ထုတာနဲ့ ခပ်ဝေးဝေး သွားနေရတယ်။ အပျိုတော် ဒေါ်စိန်ပွင့်ကြီးနား အနေများတာပါပဲ။ မင်းသမီးနားလည်း ကျုပ် မနေချင်ပါဘူး။

နောက်တစ်ရွာ အကူးကျတော့ ကိုဝေလွင်ကပဲ ကျုပ်ကို ပြောတယ်။ ဇာတ်ထဲမှာ လူပိုမလိုက်ရဘူးတဲ့။ ခုဟာက ကျုပ် ကို သူ့မိန်းမမို့ ခဏတစ်ဖြုတ် လက်ခံထားတာတဲ့။ ဟုတ် တော့လည်း ဟုတ်ပါတယ်။ ဇာတ်ထဲမှာ အလုပ်ကိုယ်စီရှိတဲ့ လင်မယား၊ သားမိသားဖတွေကလွဲရင် ဘယ်သူမှ အပိုတစ် ယောက်ခေါ်လို့ မရတာ ကျုပ်လည်း အမြင်ပါပဲ။ ဒီတော့ ကျုပ်က ဘယ်သွားနေရမှာလဲ ကိုဝေလွင်ရဲ့ဆိုတော့ အမေ့အိမ် ပြန်နေတဲ့။ ပွဲနားရင် ကိုဝေ ပြန်လာမှာပေါ့တဲ့။ ကျုပ်က အမေ့ ဆီ ဘယ်လိုလုပ် ပြန်ရဲမှာလဲ။

ဒါပေမဲ့ အမေဟာ အပြောပဲ ဆိုးတာပါ။ နေဝင်ရီတရော လေး ကိုဝေရယ်၊ ကျုပ်ရယ်၊ အပျိုတော် ဒေါ်စိန်ပွင့်ကြီးရယ် ကုပ်ကုပ်လေးတွေ အိမ်ဝိုင်းထဲဝင်သွားတော့ အမယ်လေး သေရွာပြန်မကြီးရဲ့လို့ တစ်ခွန်းပဲအော်ပြီး ကျုပ်ကို ခေါ်ထား လိုက်တာပါပဲ။ ကိုဝေ့ကိုတော့ လှည့်မကြည့်ဘူး။ ဒေါ်စိန် ပွင့်ကြီးကိုတော့ စကားပြောသား။ ကျုပ် သိသားပဲ။ အမေက အပျိုတော်ကကို ကြိုက်တယ်။

'...အံ့ဩပါ့၊ အံ့ဩပါ့အရပ်ကတို့ရယ် ဒီလိုမိန်းမမျိုး ကို။ နာချက်မရှိ၊ ကျင်ချက်မရှိ၊ ဒီလင်မျိုး၊ ဒီသမီးမျိုးကို များတော်၊ ငါတို့လိုများဆိုလို့ကတော့ နာချက်ကတော့... နာချက်ကတော့...'

အမေ့ပြောင်းဖူးဖက် ဆေးလိပ်နံ့က ကျုပ်ကွပ်ပျစ်ပေါ်ထိ မွှေးလာတယ်။ သမီးဇာနဲ့ ကျုပ် ဒီမနက် ဆေးလိပ်လေး တစ်ဖွာတောင် မဖွာမိပါလား...။

'မိသက်နဲ့'

'တော်'

'ညည်းက တစ်မနက်စာလုံး ဒီပေါ်ထိုင်ပြီး ဘာလုပ်နေ တာလဲ၊ ကျောက်တုံးကျောက်ခဲမ၊ နကန်မနာတဲ့ နွားမ၊ လင် မျှော်ပြီးတော့ သမီးမျှော်ပေါ့။ ညည်းအလုပ်က ဒါပဲ။ နွားစာ ကျွေးဖို့၊ ချည်ချဖို့တွေလည်း အကုန်မေ့၊ ကိုယ်သောက်မယ့် ဆေးလိပ်တောင် မလိပ်နိုင်တဲ့အဖြစ်က ဘယ်အဖြစ်တုံး။ ကျုပ် ပြောပါဦး ဘုရားအမ...ကျောင်းအမရဲ့'

အမေကလည်း နော်၊ တော်ပါတော့ ကျုပ်မျက်နှာမျ



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်မီးနဲ့ ထိုးမိပါဦးမယ်။ ကျုပ်အလုပ်တွေ ကျုပ် သိပါတယ်။ ကျုပ် လုပ်ပါ့မယ်။ ခုမှ ဆွမ်းခံတောင် မပြန်သေးဘူး။ ဟင်… မဟုတ်ဘူး၊ ဆွမ်းခံပြန်ပြီရယ်၊ ရွာလယ်လမ်းမှာ ကိုရင်တွေ၊ ကျောင်းသားတွေ တန်းစီလို့၊ ဆွမ်းခံပြန်ချိန်တောင် ရောက်ပါပေါ့လား။ ကျုပ်သမီးလေး ကျုပ်ဆီကို လာနေပြီပေါ့နော်။

'ဩော် တယ်လဲ တော်လိုက်ပါလား။ လင်တရူး၊ သမီးရူးက ထမင်းဟင်းလေး ချက်ဖော်ရလို့ တော်သေးတယ်ဟဲ့လို့ ချီးမွမ်းမယ် ကြံသယ်။ အပြီးသတ်တော့ သင်းသမီးအကြိုက်တွေ၊ ဟင်… နွားနို့ခဲချက်လေးက ဆီရောင်လေးကိုဝင်းထိန်၊ ငရုတ်သီးစိမ်းနဲ့လေးကို မွှေးကြိုင်လို့၊ ဟဲ့ ငါ့ မုဆိုးမလုပ်စာ နှင့်သမီး ဇာတ်သမကို ကျွေးဖို့ မဟုတ်ဘူးဟဲ့ မိသက်နှံရဲ့'

အမေရယ်၊ အမေ့မြေး ခင်သက်ဝေကြိုက်တာကို ကျုပ် သိသလို အမေလည်း သိနေရက်နဲ့များ၊ နို့ခဲချက်ကို သမီးလေး ကြိုက်သလို သင်းအဖေလည်း ကြိုက်ချက်တော့။ မှတ်မှတ်ရရပါတော်၊ ကျုပ်ကို အမေ့ဆီပို့ပြီး ပြန်လာတဲ့ သုံးခေါက်မှာ သုံးခေါက်စလုံး ကျုပ်ချက်ကျွေးခဲ့ပါတယ်။

ဒါပေမဲ့ သမီးလေးက ကိုယ်ဝန်ငါးလ၊ သူလာတဲ့ နောက်ဆုံးခေါက်ပေါ့။ အဲဒီအခေါက် ပြန်သွားပြီးကတည်းက သူ ဘယ်တော့မှ ကျုပ်ဆီ ပြန်မလာတော့ပါဘူး။

❑

ကြာခဲ့ပါပြီလေ။ ဒါတွေဟာ ကြာခဲ့ပါပြီ။

နွားစာကျင်းနားကနေ ဆေးလိပ်တောင်းယူဖို့ အိမ်ပေါ်ကို ကျုပ် တက်ခဲ့တော့ အမေ့အသံ ငြိမ်နေတယ်။ အမေ ဘာလုပ်နေပါလိမ့်။ မီးဖိုထဲကို ကျုပ် အသာချောင်းကြည့်လိုက်တယ်။ ဩော် အမေ ထမင်းစားနေတာကိုး။ ဒေါ်လှမေတစ်ယောက် မောသွားရှာပြီ။ အမေ့ ထမင်းပန်းကန်ထဲမှာ အာပွဲခြောက်ဖုတ်နဲ့ ငရုတ်သီးထောင်း ပုံထားတယ်။ နို့ခဲချက်ကို ဘာလို့ ထည့်မစားတာလဲ အမေရဲ့။

ဆေးလိပ်တောင်းယူပြီး အမေ မသိအောင် ကျုပ်ကွပ်ပျစ်ဆီ ပြန်ဆင်းခဲ့တယ်။

အဖေဆိုတာကို မမြင်ဖူးခဲ့ရှာတဲ့ သမီးလေးကို ကျုပ်ရော အမေရော စုပုံချစ်ခဲ့ကြပါတယ်။ အမေကဆို သူ့မြေးကို ရွာကျောင်းကနေ မြို့ကျောင်းပို့ဖို့ သူ့ ရှိစုမဲ့စုထဲက လယ်တစ်

နာသယ်၊ နာသယ်၊ သဘင်သည်ဆိုတာကို
တို့ကတော့ နာလွန်းလို့ ပော့၊ နာချက်ပြင်းပုံက
ရွှေမန်း ပြန်ရှင်ပြီး ထကပြမယ်ဆိုတောင်
လှမေတို့တစ်သက် မကြည့်ဘူးမှတ်၊ မအေတုန်းကလည်း
မအေမို့၊ သမီးကျတော့လည်း သမီးမို့၊ မအေတောသူမ
အ အကိုကျ လိမ်ညာသွား

ကွက်ရောင်းပစ်ခဲ့တယ်။ မြို့ကျောင်းမှာ အပ်ဖို့လုပ်တော့ သမီးနာမည် ခင်သက်ဝေနဲ့ ခင်သက်မေကို ကျုပ်တို့သားအမိ ငြင်းခုံကြရသေးတယ်။ ကျုပ်က ခင်သက်ဝေ၊ အမေက ခင်သက်မေလေ။ အမေ့ကို သနားလို့ ကျုပ် အလျှော့ပေးလိုက်ပေမဲ့ ကျုပ် ခေါ်ရင် ခင်သက်ဝေပဲ ခေါ်တယ်။ အမေကတော့ ခင်သက်မေပဲ။ ဘာပဲဖြစ်ဖြစ် ဝေလွင့်သမီးဟာ ဝေလွင့်သမီး၊ ဝေလွင့်သွေးဟာ ဝေလွင့်သွေးပဲ အမေရဲ့လို့ ကျုပ် နှုတ်လုံထိုးလို့မှ မဆုံးသေးဘူး၊ ငါးတန်းနှစ်မှာ ဒေါ်လှမေမြေး ခင်သက်မေတစ်ယောက် ကျောင်းဇာတ်ခုံပေါ် ရောက်သွားပြီလေ။

သမီးက ကျောင်းပြဇာတ်မှာ သူယောင်မယ် မင်းသမီးလေးတဲ့။ အငြိမ့်မှာ အငြိမ့်မင်းသမီးတဲ့။ နားဖောက်တုန်းကတောင် ထိုင်မသိမ်း မဝတ်ဖူးရှာတဲ့ သမီးလေးဟာ ထိုင်မသိမ်း ထဘီနားကို ဘယ်တုန်းကများ လှလှပပ ခတ်တတ်သွားပါလိမ့်။ ကျုပ်ဖြင့် အဟုတ်အံ့သြပါရဲ့။ ဝမ်းလည်း သာပါရဲ့။ သမီးပျော်ရင် ကျုပ် ပျော်တာပေါ့။ သမီး ကြိုက်တာလုပ်ပါစေ။ သမီးကို စင်ပေါ်မှာ မြင်နေရတာ ကျုပ်အဖို့တော့ သွေးကြီးစရာပဲ။ ဟိုသင်း… သူ့အဖေ ပြဇာတ်ကနေတုန်း ကျုပ်ဖြစ်နေတတ်တဲ့ ခံစားချက်မျိုးကို ခံစားရတယ်။ ဝမ်းသာ ကျေနပ်၊ ကြည်နူးနေပြီး လူတွေငေးမောကြည့်နေအောင် လုပ်နိုင်စွမ်းတဲ့ စင်ပေါ်က မင်းသားရဲ့ မိန်းမဟာ ငါပေါ့ ဆိုတဲ့ ခံစားချက်လေ…။

ကျောင်းကပွဲ က,တာတွေကို အမေ မသိအောင် ကျုပ်တို့ ဖုံးထားတာပေါ့။ ကျုပ်တို့ဆိုတာ ကျုပ်တို့သားအမိနဲ့ သမီးနေ တဲ့မြို့ပေါ်က ကျုပ်အစ်ကိုဝမ်းကွဲ သမီးဦးကြီးတို့ မိသားစုပေါ့။ ဒါပေမဲ့ နွေကျောင်းပိတ် သင်္ကြန်မြို့ပေါ်မဏ္ဍပ်မှာ သမီး က,ဖို့ ကျုပ် တိတ်တိတ်လိုက် ပို့တာကို အမေ သိသွားတယ်။ ဒေါသတကြီးနဲ့ အမေ ရိုက် လိုက်တာလေ။ ဘယ်သူ့ကိုရ မလဲ၊ ကျုပ်ကိုရယ်။ ကြီးတောင် ကြီးမားနဲ့ ကျုပ် အရိုက်ခံရတာ ရယ်။

သူ ရိုက်ခံရတာမဟုတ်တော့ ကျုပ်သမီးကလည်း မမှတ်၊ ရိုက်ခံရတဲ့ ကျုပ်ကလည်း မမှတ်ပါဘူးလေ။ သမီးဟာ ကျောင်းကပွဲတွေမှာ က,မြဲ၊ မြို့ပေါ်က အရပ်ပြဇာတ်စင်တွေမှာ က,မြဲ။ သမီး စတိတ်ရှိုးဆိုတာဟာ သိပ်ကို နာမည်ကြီးတာ။ သမီး ရှစ်တန်းနှစ်ပေါ့။ ဘယ်လောက် သမီး နာမည်ကြီးသလဲဆို မြို့ရောက်နေတဲ့ ဗလာဇာတ်တစ်ဇာတ်က ခေါ်ရတဲ့ ဖြစ်လာတယ်။ အဲဒီဇာတ်က မြို့က ဘုန်းကြီးပျံ လာက,တာ သမီးကို သူတို့ဇာတ်စတိတ်ရှိုးခေါ်ပြီး အဆိုခိုင်းတယ်။ သမီး တစ်ယောက်တည်းရော၊ စုံတွဲရော။ ဇာတ်ပိုင်ရှင် မင်းသား နဲ့ မင်းသမီးကြီးက မွေးတဲ့ မင်းသားငယ်လေးနဲ့လေး သမီး

www.burmeseclassic.com

တူပေါ့။ အရွယ်တူ၊ အသွေးတူ၊ အမွေးတူလေးတွေ၊ ည့်ရတာ ချစ်စရာကောင်းတော့ ပရိသတ်ကလည်း သောကျချက်တော့။ ဇာတ်ပိုင်ရှင် မင်းသားကြီးနဲ့ မင်းသမီးကြီးက ဖွတ်ပြောတော့တာပဲ။ သမီးကို ခေါင်းဆောင်ပြဇာတ်မင်းသမီး ခန့်ပါ့မယ်တဲ့။ ညကြေးလည်း ထိုက်ထိုက်တန်တန်ပေးပါမယ်တဲ့။ ဇာတ်နှစ်ခွင်၊ သုံးခွင်ထိလည်း ကျုပ် လိုက်နိုင်ပါတယ်တဲ့။ ဇာတ်စည်းကမ်းအရ လူပိုမလိုက်ရပေမဲ့ ကျုပ် ခဏ ခဏ လာလည်နိုင်ပါတယ်တဲ့။

ဘယ့်နှယ်လုပ်ပါ့မလဲ၊ သမီးကလည်း သိပ်လိုက်ချင်၊ မင်းသားကြီးနဲ့ မင်းသမီးကြီးကလည်း ကိုယ်ကြိုက်ခဲ့တဲ့သူတွေဆိုတော့ အားနာ၊ ပြီးတော့ ကျုပ်လည်း ပွဲကောင်းကောင်း မကြည့်ရတာ ကြာပြီရယ်။ အမေ့ကိစ္စ၊ နောင်ခါမှ ရှင်း ကျုပ်တို့သားအမိ ဇာတ်နောက်လိုက်သွားကြတာပေါ့။

ပွဲခွင် နှစ်ခွင်၊ သုံးခွင်နဲ့ သမီးလေးက အောင်မြင်လိုက်တာ ဖအေတူ ပြဇာတ်မင်းသမီးကြီး သက်ထားဝေပေါ့လေ။ ဇာတ်ဆရာ မိသားစုကလည်း သိပ်အရေးပေးတာပဲ။ သမီးလေးကလည်း ပျော်လို့။

ပွဲ ငါးခွင်၊ ခြောက်ခွင်လောက် ကျုပ် လိုက်ပြီး သမီး နေသားတကျဖြစ်လောက်တဲ့အချိန် ကျုပ် အမေ့ဆီ ပြန်လာခဲ့တယ်။

လူပိုဖြစ်နေတဲ့ ဇာတ်စည်းကမ်းကိုလည်း အားနာရဦးမယ်လေ။ ပြီးတော့ အမေ့ကိုလည်း ချော့ရဦးမယ်။

အမယ်လေး ဒီတစ်ခါတော့ အမေ့ကို တော်တော်နဲ့ ချော့လို့ရမယ် ထင်သလား။ မြေးအနှစ်လေ၊ မြေးအနှစ်။ ကျုပ်ကို အိမ်ဝိုင်းဝ,ကနေ တွေ့ရာနဲ့ အကုန်ပေါက်တော့တာပဲ။ သူ့မြေးမပါရင် မဝင်ခဲ့နဲ့တဲ့။ ကျုပ်မယ် တော်တော်နဲ့ အိမ်ထဲ မဝင်ရဘူးရယ်။ သမီးပုံပါတဲ့ ဇာတ်ကြော်ငြာစာရွက်ကို အိမ်ထရဲ ကပ်ဖို့ အတော်ပြောယူရတယ်။ နောက်တော့လည်း ကြော်ငြာကို မျက်နှာမူပြီး ပြောင်းဖူးဖက်ကြီး တထောင်းထောင်း ဖွာနေတော့တာပဲ။

သမီးတို့ ဇာတ်ကတော့ သမီးပါပြီးမှ အောင်မြင်ချက်တော့၊ ပြဇာတ်မင်းသမီး သက်ထားဝေ၊ သက်ထားဝေနဲ့ နာမည်ကလည်း ကြီးချက်။ မင်းသားလေး နာမည်ကလည်း ကျော်လိုက်တာ။ ဗလာကနေ ရုံတောင်ကူးမယ်လိုလိုတောင် သံတွေ ဖြစ်လာတယ်။ ပွဲကူးတွေ ဆက်နေတော့ သမီးက ကျုပ်တို့ဆီ ဘယ်ပြန်နိုင်မလဲ။ ကျုပ်ကသာ ကျုပ်တို့ နယ်နဲ့ နီးတဲ့ဘက်ဆီ သမီးလာရင် သွားပြီး တွေ့ရတယ်။ သူ့ဘွားအနေနဲ့ဆို မတွေ့ရတာ ကြာပေါ့။ သမီးလေးရယ် စိတ်ဆိုးပေမဲ့ ညည်းသွားအောက သမီးကို တွေ့ချင်နေရှာတယ်…။

'နာသယ်၊ နာသယ်၊ သဘင်သည်ဆိုတာကို တို့ကတော့ နာလွန်းလို့ဟေ့၊ နာချက်ပြင်းပုံက ရွှေမန်း ပြန်ရှင်ပြီး ထ,ကမယ်ဆိုတောင် လှမေတို့တစ်သက် မကြည့်ဘူးမှတ်၊ မအေတုန်းကလည်း မအေမို့၊ သမီးကျတော့လည်း သမီးမို့၊ မအေ တောသူမ အ,အကိုကျ လိမ်ညာသွား၊ သမီး ပြဇာတ်မင်းသမီးကြီးလေ၊ ပြဇာတ်မင်းသမီးကြီးကျတော့ ဇာတ်မင်းသားရဲ့ ဘာတုံးဟဲ့၊ ဘာတုံး ပြဇာတ်မင်းသမီး အမေကြီးရဲ့ ပြောစမ်းပါဦး'

အို အမေ။ လိပ်လက်စ ဆေးလိပ်ထဲက ဆေးရိုးတွေ အကုန်ပြန့်ကျဲကုန်တော့တယ်။ မပြောပါနဲ့ အမေရယ်။ မပြောပါနဲ့။ ကျုပ် အဲဒါတွေ မေ့ထားတာ၊ ကျုပ် သမီးလေးနဲ့ တွေ့ရမှာကိုပဲ တွေးနေတာ။ ပြီးတော့လေ အမေ သိတာက နည်းနည်းလေးရယ်၊ သိလား၊ နည်းနည်းလေး။ အမေ မသိပါဘူး။ အမေ ဘာမှ မသိပါဘူး။ အမေ စာမတတ်တာဟာ အများကြီး ကံကောင်းပါတယ် အမေရယ်။ ကျုပ် ဘော်လီအိတ်ထောင်ထဲမှာလေ အမေ့မြေးရဲ့ စာလေးတစ်စောင်ရှိတယ်။

❑

*'အမေ ဒီစာကို ရေးနေချိန်မှာ အမေနဲ့ ဘွားလှမေကို သမီး သိပ်ကို သတိရနေမိပါတယ် အမေရယ်။ သမီးလေ သမီး သိပ်ပြီး အားငယ်တာပဲ။ ဒီနေ့ ကြုံတွေ့ရတဲ့အဖြစ်ကို သမီး မျိုသိပ်မထားနိုင်တော့ဘူး။*

*အမေ သမီးနဲ့ ကိုလေးမင်းသားတို့လေ လူငယ်ချင်း ကြိုက်မိကြတယ်။ ကိုလေးမင်းသားက ရည်းစားများပေမဲ့ သမီးကိုတော့ ယူမယ် ပြောပါတယ်။ သမီးနဲ့ ကိုလေးမင်းသားတို့ ကြိုက်ကြတာကို တစ်ဇာတ်လုံးက သိပါတယ်။ ကိုလေးမင်းသား အဖေနဲ့ အမေလေ၊ အဖေကြီးနဲ့ အမေကြီးလည်း သိပါတယ်။ သူတို့ကတောင် စ,တယ်၊ နောက်တယ် အမေရဲ့။ သမီး စိတ်ထဲမှာ ကူးထားတာပေါ့။ ဒီမိုးတွင်း ဇာတ်နားရင် ကိုလေးမင်းသားကိုပါ ခေါ်ခဲ့ပြီး ရွာပြန်လာမယ်ပေါ့။ ဘွားလှမေနဲ့ အမေ့ကို နားဖောက်ခိုင်းမယ်ပေါ့။*

*ဒါပေမဲ့ အမေရယ်၊ သမီးအဖြစ်က အဲဒီအချိန်ထိ မစောင့်နိုင်ဘူး ဖြစ်လာတယ်။ မရှိသေ့စကား သမီးမှာလေ ကိုလေးမင်းသားရဲ့ ရင်သွေးလေးရှိနေပြီ။ သမီးလည်း ဘာလုပ်ရမှန်း မသိဘဲ ကိုလေးမင်းသားကို ပြောပြတော့ ကိုလေးမင်းသားက သူ့အမေကို ပြောပြတယ်။ ပြီးတော့လေ ကိုလေးမင်းသားကရော၊ အဖေကြီးတို့၊ အမေကြီးတို့ကရော သမီးကို ဆူကြတယ် အမေ။ ဒီလောက် 'အ'ရသလားတဲ့။ ဘာ'အ'တာလဲ အမေ။ ဒါ သမီးအပြစ်လား။*

*သမီး ဘယ်လိုမှ မယုံနိုင်ခဲ့ပါဘူး အမေရယ်၊ ကိုလေးမင်းသား နာမည်တက်နေတဲ့ အချိန်မှာ ကလေးအဖေ အဖြစ် မခံနိုင်ဘူးတဲ့ အမေရဲ့။ မိန်းမလည်း မယူနိုင်သေးဘူးတဲ့။ အစတုန်းကတော့ သူတို့ပဲ အတွဲညီလွန်းလို့ အတွဲညီလွန်းလို့နဲ့။*

*သမီးကိုလေ ဒီနေ့ အမေကြီးက မိန်းမတစ်ယောက်နဲ့ မြင်းလှည်းတစ်စီးပေါ်တင်ပြီး လွှတ်လိုက်တယ်။ အဲဒီမိန်းမရဲ့ လွယ်အိတ်ထဲမှာ အရက်ပုလင်းတစ်လုံးလည်း ပါတယ်။ ဘယ်*

www.burmeseclassic.com

*ကိုသွားတာမှန်း မသိလို့ သမီးက ကြောက်ပြီး ငိုတော့ အဲဒီအခေါ်က သမီးကို မငိုပါနဲ့ သမီးရယ်၊ မင်းသမီးဘဝမှာ ဒီလိုပါပဲ၊ ဘာမှကြောက်စရာ မရှိပါဘူးတဲ့။ ဘယ်သွားမှာလဲ ဟင်လို့ သမီးကမေးတော့ သူက အံ့သြပြီး သမီး မသိဘူးလားတဲ့။ သူက ပြောပြမှ အမေရယ်၊ သမီး ရင်သွေးလေးကို သတ်ပစ်မယ့်နေရာကို ကိုလေးမင်းသားအမေကြီးက လွှတ်လိုက်တာတဲ့။ သမီးကလည်း သဘောတူပြီးသားလို့ ပြောသတဲ့။ သမီးလေ အဲဒီအခေါ်ကို ဖက်ငိုပြီး တောင်းပန်ရတယ်။ သမီး သဘောမတူပါဘူး။ သမီးကို သနားပါ၊ သမီးကို ပြန်ပို့ပါ၊ သမီးရင်သွေးကို သမီးဘာသာ မွေးပါ့မယ်လို့။ သမီးအမေနဲ့ အဘွား တောမှာ ရှိပါတယ်လို့။ တော်ပါသေးရဲ့ အမေရယ်၊ အဲဒီအခေါ်က သမီးကိုသနားပြီး ဟိုကို မသွားတော့ပါဘူး။ အမေ သမီးရင်သွေးလေးကို အမေ မွေးပေးမယ် မဟုတ်လားဟင်၊ ဘွားလှမေကိုလည်း ပြောပေးပါနော်။*

*သမီးလေ အခု တစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ နာနေတာပဲ။ သမီး ဟိုကိုမသွားဘဲ ပြန်လာလို့ ကိုလေးမင်းသားရဲ့ အမေကြီးက ရိုက်တာ။ အခုလေ သူတို့က ဖအေနာမည်ကိုတော့ တိုးတိုးတိတ်တိတ် ဖော်ပေးမယ်တဲ့။ သမီးအမေ့ဆီကို ပြန်လာခဲ့မယ် အမေ။ သမီးကို မဆူပါနဲ့၊ မရိုက်ပါနဲ့နော် အမေ။*

*သမီး ပြန်လာမယ့်ရက် စာထပ်ရေးပါ့မယ်။ အခု လောလောဆယ် သမီးတို့ တောင်ပေါ်သွားကာရမယ်။ အမေ လိုက်မလာပါနဲ့၊ သမီး နေကောင်းပါတယ်…’*

နေကောင်းပါစေ၊ ကျုပ်သမီးလေး နေကောင်းပါစေ။ လွန်ခဲ့တဲ့ ခြောက်လလောက်က ဒီစာလေး ရောက်လာတဲ့အချိန် ကျုပ် ဘယ်လောက် လောင်မြိုက်ခဲ့ရတယ်ဆိုတာကို အမေ တစ်ယောက် မသိခဲ့ပါဘူး။ အမေသာ သိခဲ့ရင် ကျုပ်သမီးလေး ပြန်လာတော့မယ်အတွက် ကျုပ် ပျော်နေတာကို၊ ကျုပ်စိတ်စောနေတာကို အမေ ခွင့်လွှတ်နိုင်မှာပါ။ ကိုယ်ချင်းစာနိုင်မှာပါ။

‘… ခုချိန်ထိ ထမင်းမစား၊ ဟင်းမစားနဲ့ ဖြစ်နေရတဲ့ အဖြစ်က…၊ မိသက်နှံ…ဟဲ့… ကောင်မ ထမင်းသွားစားပါတော့လား၊ အလိုတော် မျက်ရည်လေး တစိုစိုနဲ့၊ ပူ…ပူ ညည်းပဲပူ၊ ညည်းပဲငို၊ မြန်မြန် အသက်တိုသွားမှပဲ ညည်းအပူတွေ အေးမှာ၊ ညည်း မြန်မြန် အသက်တိုမှ အေးမှာ’

ခဏလေး အမေ၊ ခဏလေး ကျုပ်ဆံပင်တွေကို လွှတ်စမ်းပါ။ ရွာထိပ်က စီခနဲလိုပဲ၊ ကျုပ် ကြားတယ်။ အမေ ဒေါသကြီး ခဏဖယ်ထားပေးပါဦး။ သမီးလေး ပြန်လာ ပြီထင်တယ်။

ဘုရား…ဘုရား…တီ…တီ…တီ…တီ နဲ့ ဒါ မော်တော်ကား ဟွန်းတီးသံ အစစ်ပါ။ ကျုပ်တို့ရွာမှာ ကားရှိဖို့ဝေးလို့ ကားလမ်းပေါက်တာတောင်မှ မကြာသေးတာ။ ကျုပ်သမီးလေးက ကားနဲ့ ပြန်လာတာလား။

ဟိုမှာ ဟိုမှာ၊ ဖုန်တွေ တလုံးလုံး၊ ကလေးတွေ၊ ခွေးတွေ တစီစီနဲ့ မော်တော်ကားအပြာလေး မောင်းချလာနေတာ ကျုပ် မြင်ရတယ်။

မော်တော်ကား အပြာလေးက ကျုပ်တို့ ဝိုင်းရှေ့မှာ တည့်တည့်ထိုးရပ်လိုက်တယ်။ ဟော ကားနောက်ခန်းက ခုန်ဆင်းလိုက်တာ သမီးလေး။ အလို ကျုပ်သမီးလေးက အရင်အတိုင်းလေးပဲ ချောလို့လှလို့၊ ဘာမှမပြောင်းလဲဘူးလား။ ဘာမှမဖြစ် ဘူးလား၊ လူတွေကလည်း ဝိုင်းအုံနေတာပဲတော်၊ ဖယ်ကြစမ်းပါ။

ဟင်… ကားရှေ့ခေါင်းထဲက ထွက်လာတာ ဘယ်သူ တုံး။ လှလိုက်တာ ဂေါ်သဇင်ပန်းတွေကလည်း တစ်ခေါင်းလုံး ဝေလို့၊ နားရွက်နှစ်ဖက်ကလည်း လက်လက် လက်လက်နဲ့ မိတ်ကပ်တွေကလည်းရဲလို့၊ သိပြီ သိပြီ ကျုပ် သိပြီ၊ နှလုံး တာနော်။ ရုပ်မပြောင်းဘူး။ မင်းသမီးကြီးလေ၊ ကျုပ်တို့ တစ်နယ်လုံးသိတဲ့ မင်းသားလေးအမေ၊ မင်းသမီးကြီးပေါ့ အမေ ကြည့်ပါဦး၊ အမေ ငယ်ငယ်ကကြိုက်တဲ့မင်းသမီးလေ

လူအုပ်ထဲကနေ မင်းသမီးကြီး ထိုးထွက်လာတယ် ဘုရား… ဘုရား၊ ကျုပ် မိုက်ခနဲ ဖြစ်သွားသလိုပဲ။

ကျုပ်လေ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတယ်။

မင်းသမီးကြီး ရင်ခွင်ထဲ အနီးထွေးလေးနဲ့ ကလေး ပေါက်စလေးရယ်။

ကျုပ်နားကို မင်းသမီးကြီးကပ်လာတယ်။ မင်းသမီးကြီး မျက်နှာက ညှိုးသလို ဖြစ်သွားပြီး ကလေးကို တစ်ချက် ငုံ့ နမ်းလိုက်တယ်။ ပြီးတော့ ကျုပ်ရင်ခွင်ထဲ အနီးထွေးလေးကို ထည့်ပေးလိုက်တယ်။ မြေးကလေး ဒါ ကျုပ် မြေးကလေး ပေါ့။ ကျုပ် သိပါတယ်။

‘ကျွန်မတို့ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ သားလေး ကိုလည်းနားလည်ပေးပါရှင်၊ နာမည်တက်နေတဲ့ အချိန်ဆိုတော့ အိမ်ထောင်ပြုဖို့က ဘယ်လိုမှ…။ ကလေးကိုတော့ ကျွန်မတို့ မြေး၊ သားလေးရဲ့သမီးအဖြစ် အသိအမှတ်ပြုပြီးသား… သက်ထားဝေကိုလည်း ရင်းနှီးစားဖို့…။ အမေ… ဘွားလှမေ သမီး ပြန်လာပြီ။ …ကလေးလေးက ခင်သက်ဝေ ကလေး ဟုတ်လား…ဘယ်သူနဲ့…။

ပြောကြ၊ ပြောကြ။ ပြောချင်တာတွေ ပြောကြ။ ကျုပ် ဘာမှ နားမထောင်ချင်ဘူး။ ကြည့်ကြပါဦးကွယ်။ ချစ်စရာ ကောင်းလိုက်တဲ့ ကျုပ်မြေးကလေးကို။ ပေါ့ပါးနူးညံ့တဲ့ အနီ ထုပ်လေးကို ကျုပ် ပါးနဲ့ အပ်လိုက်တယ်။ အမေ…၊ အမေ ပြောသလို ကျုပ် အသက်တိုလို့ မဖြစ်သေးဘူးရယ်။ ဟော ကျုပ်မြေး အချောအလှလေး အနုပညာသမဖြစ်ဖို့အတွက် ကျုပ် အသက်ဆက်ရှင်ရဦးမယ်။

**နုနုရည်…**

**ပေဖူးလွှာမဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉…**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးဝေထွန်း မျက်မှန်သည်



(၁)

'လူပျိုကြီး မိန်းမ မရသေးဘူးလား' လို့ မေးရင်... 'မိန်းမ,မရသေးတာ မဟုတ်ဘူး။ မယူသေးတာ' လို့ ကိုဝေထွန်းက ဖြေတတ်တယ်။ ကိုဝေထွန်းဆိုတာက မန္တလေးအရှေ့ဘက် ဆင်ခြေဖုံးရပ်ကွက် အောင်မင်္ဂလာရပ်ကွက်မှာ နေတယ်။ အသက် ၄၀ ကျော်အရွယ် လူပျိုကြီးပါ။ တစ်ကိုယ်တည်းနေတယ်။ ဝင်းပိုင် အိမ်ပိုင်ပါ။ အသား လက်တွန်း လှည်းလေးတစ်စီး ရှိတယ်။ အဲဒီလက်တွန်း လှည်းလေးကို အမြဲသ,တယ်။ နေ့စဉ် ရေဆေးတယ်။ ဆေးရောင်မှိန်ရင် ဆေးသုတ်တယ်။ ဈေးရောင်းရင်လည်း သပြေပန်းတွေ၊ စံပယ်ပန်းတွေ ဝေနေတယ်။ ဒီလက်တွန်းလှည်းလေးနဲ့ စီးပွားရှာနေရတာကို။ လက်တွန်းလှည်းနဲ့ အချဉ်ပေါင်းရောင်းတယ်လေ။ ကိုဝေထွန်းက စီးပွားရေးလည်း ကုန်းရုန်းလုပ်တယ်။ အသောက်အစား မရှိဘူး။ အပျော်အပါးကင်းတယ်။ ရုပ်ရည်လည်း မဆိုးဘူး။ ဒါနဲ့ လူပျိုကြီးဖြစ်နေတော့ အံ့ဩသလို စဉ်းစားမရ သလို ဖြစ်ကြတယ်။ လူချင်းတွေ့ရင်- 'လူပျိုကြီး မိန်းမ မရသေးဘူးလား' လို့စပြီး နှုတ်ဆက်တတ်ကြတယ်။

❑

(၂)

လှမွှေး ကိုယ်ဝန်ရှိနေပြီ ဆိုတဲ့သတင်း



www.burmeseclassic.com

www.burmeseclassic.com

အောင်ခံ့ကော ရပ်ကွက်မှာ သိုသိုသန့်သန့် ဖွံ့နေတယ်။

'ဟုတ်ရဲ့လား…'

တချို့က မယုံချင်ဘူး။ လှဌေးလို့ ခေါ်ပေမဲ့ နာမည်အရင်းက 'လှလှဌေး' ပါ။ ဒါပေမဲ့ သူ့ကို ဒေါ်မြကရော သူကိုယ်တိုင်ရော 'လှဌေး' လို့ ပြောတော့ 'လှဌေး' လို့ပဲ ခေါ်ကြတာပေါ့။ ဘိုကေနဲ့ စပို့ရှပ်နဲ့ ဂျင်းပင်နဲ့ဆိုတော့ မိန်းမချော့ချော့တဲ့ကောင်လေးလို့ ထင်ကြတယ်။

လှဌေးတို့မိသားစု ရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူး။ သူ့ဝင်းက ရပ်ကွက်ထဲမှာ အကျယ်ဆုံးဖြစ်တယ်။ ပေ ၁၀၀ ပတ်လည်လောက်ကျယ်တယ်။ ဝင်းလယ်ကောင်မှာ အာစီ ၂ ထပ် ဆောက်ထားတယ်။ အုတ်တံတိုင်းမြင့်မြင့် ကာထားတယ်။ သံပန်းဝင်းတံခါးကလည်း အမြဲပိတ်ထားတယ်။ သူတို့တိုက်က ရပ်ကွက်ထဲက သူတွေနဲ့ အဆက်အဆံ သိပ်မရှိဘူး။

အဲ လှဌေးနဲ့ ဒေါ်မြကတော့ သူတို့အိမ်က လိုအပ်တာရှိရင် ဒေါ်ချိန့်ဈေးဆိုင်ကို ထွက်ဝယ်တတ်တယ်။ ဒေါ်ချိန့်က စပ်စုတော့ လှဌေးအဖေက ညွှန်ကြားရေးမှူးဟောင်းဖြစ်တယ်။ အမေက အငြိမ်းစားကျောင်းအုပ်ဆရာမကြီးဖြစ်တယ်။ အစ်မနှစ်ယောက်က စင်ကာပူမှာသွားပြီး အလုပ်လုပ်နေတယ်။ အစ်မတစ်ယောက်က မန္တလေးက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတယ်။ လှဌေးကရတနာပုံ တက္ကသိုလ် တက်နေတယ်။

ဒေါ်မြကတော့ လှဌေး

> 'ငါလည်း လှဌေးကို အစက ယောကျ်ားလေးလို့ ထင်တာ လွန်ခဲ့တဲ့ လကတည်း က ငါ့ဆိုင်ကို ဈေးလာဝယ်ရင် အော့လိုက် အန်လိုက် ဖြစ်နေလို့ မသင်္ကာနေတာ ငါက လှဌေး ဘာလို့ အော့လိုက်အန် လိုက်ဖြစ်နေတာလဲ မေးတော့ သူက ရောဂါပါလို့ သာမန်ပဲ ဖြေသွားတာ

တို့နဲ့ ဆွေမျိုးတော်စပ်သူဖြစ်တယ်။ အတူနေလာတာကြာပြီလောက်ပဲ သိကြတယ်။

'ငါလည်း လှဌေးကို အစက ယောကျ်ားလေးလို့ ထင်တာ၊ လွန်ခဲ့တဲ့လကတည်းက ငါ့ဆိုင်ကို ဈေးလာဝယ်ရင် အော့လိုက်အန်လိုက်ဖြစ်နေလို့ မသင်္ကာနေတာ။ ငါက လှဌေး ဘာလို့အော့လိုက်အန်လိုက်ဖြစ်နေတာလဲမေးတော့ သူက ရောဂါပါလို့ သာမန်ပဲ ဖြေသွားတာ။ ငါ မယုံဘူး။ ဒါကြောင့် သူ ဈေးလာဝယ်တိုင်း သေချာကြည့်တော့မှ လှဌေးမှာ ဗိုက်လေးက ပူနေတယ်'

'ဟင်…ဗိုက်ပူတယ်ဆိုတော့ ဗိုက်ကြီးတာပေါ့'

အမျိုးသမီးတစ်ယောက်က အလန့်တကြားနဲ့ ပြောလိုက်တယ်။

'အစစ်ပေါ့…'

ဒေါ်ချိန်က မှိုတွေ့တဲ့ မျက်နှာမျိုးနဲ့ပြောလိုက်တယ်။ ❑

(၃)

လှဌေး ကိုယ်ဝန်ရှိနေတယ်ဆိုတဲ့ သတင်းကြားတော့ ကိုဝေထွန်း ထိုင်ရမလို ထရမလို ဖြစ်နေတယ်။

ဈေးလည်းမထွက်နိုင်ဘူး။ လက်တွန်းလှည်းလည်း မသ,နိုင်ဘူး။

ကိုဝေထွန်းလည်း အစက လှဌေးကို မိန်းကလေးမှန်း မသိဘူး။ ယောကျ်ားလေးလို့ ထင်နေတာ။

ကိုဝေထွန်းအိမ်က ဒေါ်ချိန့်အိမ် အရှေ့ဘက်က ကပ်လျက်အိမ်။ လှဌေးကို ဒေါ်ချိန့်ဈေးဆိုင်မှာ ဈေးဝယ်တာကို အမှတ်တမဲ့ တွေ့ဖူးတယ်။ စကားမပြောဖူးဘူး။

လှဌေးကို မိန်းမမှန်းသိတာ သိပ်မကြာသေးဘူး။ လွန်ခဲ့တဲ့ ၂ လလောက်က လှဌေး ဒေါ်ချိန့်ဈေးဆိုင်ရှေ့ အမောတကော ရောက်လာတယ်။ ည ၁၀ နာရီကျော်ဆိုတော့ ဈေးဆိုင်ကလည်းပိတ်ပြီ။ ရပ်ကွက်ကလည်း တိတ်ဆိတ်နေတယ်။

'အဒေါ် အဒေါ်'

'ဘယ်သူလဲ လှဌေးလား ဘာဝယ်မလို့လဲ'

ဒေါ်ချိန်က တံခါးဖွင့်ပေးတယ်။

'ဈေးဝယ်မလို့ မဟုတ်ဘူး။ ဒေါ်မြဆုံးသွားလို့'

လှဌေးအသံက တုန်နေတယ်။

'ဟေ…ဟုတ်လား'

'ဟုတ်တယ်။ အိမ်မှာ ဘယ်သူမှ မရှိဘူး။ အဖေနဲ့ အမေက စင်ကာပူလိုက်သွား တယ်။ မမမြက ရန်ကုန်ဆင်း သွားတယ်။ သူတို့ကို ဖုန်း ဆက်တာ မနက်မှ လာနိုင် မယ်တဲ့။ အိမ်မှာ ကျွန်တော် တစ်ယောက်တည်း ဘာလုပ် ရမှန်း မသိဘူး။ ကူပါဦး…'

လှဌေးအသံက ငိုသံပါ နေတယ်။

'ရပါတယ် ကူညီရမှာ ပေါ့။ သန်းဖေ လှဌေးနဲ့ လိုက် သွားလိုက်၊ လိုအပ်တာတွေ လုပ်ပေးလိုက်ပါ'

ဒေါ်ချိန်က သူ့မောင်ကို ပြောလိုက်တယ်။

'ဟ ဒါမျိုးက ငါ မလုပ်တတ်ဘူး၊ လူပျိုကြီး တိုင်ပင်ရမယ်'

ကိုဝေထွန်းက မအိပ် သေးဘူး။ မနက်ဈေးထွက်ဖို့ အချဉ်တွေလုပ်နေရတယ်။ ပြောတာဆိုတာ အားလုံးကြား နေရတယ်။

'လူပျိုကြီး…လူပျို ကြီး'

ကိုသန်းဖေ အိမ်ရှေ့ ရောက်လာတယ်။ ကိုဝေ ထွန်းက တံခါးဖွင့်ပြီးထွက်ခဲ့ တယ်။ ကိုသန်းဖေ ဘာမှ မပြောခင်–

'ကျုပ် အားလုံးကြား ပြီးပြီ။ အိမ်နီးချင်းတွေ ကူညီ ရမှာပေါ့။ ခင်ဗျား လှဌေးနဲ့ လိုက်သွား။ ကျုပ် မောင်တော ကို လိုက်ရှာပြီးခေါ်ခဲ့မယ်' ဆို ပြီး ကိုဝေထွန်းက မောင်တော အိမ်သွားတယ်။ ကိုသန်းဖေ က လှဌေးအိမ်လိုက်သွားတယ်။

'အိမ်မှာ အစောင့်မရှိ မဖြစ်ဘူး။ မနက်မှ ပဲ လာ ကူမယ်'



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ချိန်က လှမ်းပြော တယ်။

မောင်တေက အိမ်မှာ ရှိဘူး။ အရက်ဆိုင်သွား ရှာ တယ်။ မူးပြီးအိပ်နေတယ်။ နိုးပြီးခေါ်ခဲ့တယ်။

ရပ်ကွက်ဓမ္မာရုံက အစောင့်ဘကြီးကို နှိုးပြီး ခုတင်နဲ့ ခြင်ထောင်အုပ် ဆောင်းကို ငှားခဲ့ကြတယ်။

လှ ငွေးအိမ် ရောက် တော့ ခုတင်ကို ဧည့်ခန်းထဲ မှာ ဆင်လိုက်တယ်။ ဒေါ်မြ ကို သူ့အခန်းထဲက မ,သယ်ပြီး ခုတင်ပေါ်တင်လိုက်တယ်။ မောင်တေက အလောင်းကို ခြင်ပေးပြီး အုပ်ဆောင်းနဲ့ အုပ်လိုက်တယ်။

'ဒီနေ့အဖို့ ကျုပ် ကိစ္စ ပြီးပြီ၊ အရက်ဖိုးပေး…'

မောင်တေက လက်ဝါး ဖြန့်တောင်းတယ်။ လှငွေးက ကိုသန်းဖေကို လှမ်းကြည့် တယ်။

'ဟုတ်တယ်။ ဒါ သူ့ ဆုံးစံပဲ ပေးရတယ်'

ကိုသန်းဖေက ပြော လိုက်တယ်။

'ဟို ပိုက်ဆံက အခန်း ထဲသွားယူရမှာ ဦးလေး လိုက် ခဲ့ပါဦး'

လှငွေးက ကိုသန်းဖေ ကိုခေါ်ပြီး တိုက်ပေါ်တက် သွားတယ်။ တော်တော်နဲ့ပေါ် လာ။ အမူးပြေသွားတဲ့ မောင်တေက စိတ်မရှည်ဘူး။

'ကြာလိုက်တာကွာ။ ဘာလုပ်နေကြလဲ မသိဘူး' လို့ တောက်တခေါက်ခေါက်ဖြစ် နေတယ်။ ခေါက်တုံ့ခေါက် ပြန် လမ်းလျှောက်နေတယ်။ တိုက်ပေါ်က လှငွေးနဲ့ကိုသန်း ဖေဆင်းလာမှ ငြိမ်သွားတယ်။

လှငွေး
ကိုယ်ဝန်က
မောင်တေလိုလို
ကိုဝေထွန်းလိုလို
ကိုသန်းဖေလိုလိုနဲ့
ရပ်ကွက်ထဲမှာ
သတင်းပျံ့နေတယ်
'ဟော့
မောင်တေက
အရက်သာ
မူးနေတယ်
နှာမဘူးဘူး၊
ငါ မဟုတ်ဘူး'
မောင်တေက
အရက်မူးမူးနဲ့
ရပ်ကွက်ထဲလိုက်
ရှင်းနေတယ်

'ဘယ်လောက်ပေးရ မှာလဲ'

'ငါးထောင်'

လှငွေးက လက်ထဲမှာ ကိုင်ထားတဲ့ငွေထဲက ငါး ထောင်ပေးလိုက်တယ်။ မောင်တေက ငွေယူပြီးတိုက် ထဲက ထွက်သွားတယ်။

'မောင်တေ ပြန်လာဦး၊ ဒီမှာ လူ မရှိဘူး။ မင်းရော စောင့်ပေးရမှာ'

ကိုသန်းဖေက လှမ်း ပြောတယ်။

'ဒါဆိုရင် မနက်ကျ အရက်ဖိုးပေးရမှာ'

မောင်တေက ခေါင်းကို သမင်လည်ပြန်လှည့်ပြော တယ်။

'ပေးမှာပေါ့ဗျ'

လှငွေးက ပြောလိုက် တော့ မောင်တေက အပြေး တစ်ပိုင်းထွက်သွားတယ်။ အရက်သောက်ပြီး ပြန်လာမှာ သေချာတယ်။

'ကိုသန်းဖေ မောင်တေ လာရင် ကျုပ်ပြန်မယ်နော်။ မနက်ကျဈေးရောင်းရဦးမှာ'

ကိုဝေထွန်းက ပြော လိုက်တယ်။

'မောင်တေ လာရင်ပြန် လေ'

သူတို့ ၃ ယောက် အလောင်းဘေးမှာ ငေါင် တောင်တောင်နဲ့ ထိုင်စောင့်နေ ကြတယ်။ မောင်တေက ပေါ် မလာသေး။

'လူပျိုကြီး စောင့်ရင်းနဲ့ ပိုကာ ကစားရအောင်၊ လှငွေး ကစားတတ်လား'

ကိုသန်းဖေက မေး တယ်။ ကိုသန်းဖေက ဖဲရိုက် ဝါသနာပါတယ်။

'ကစားတတ်ပါ တယ်။ ဒီပြင်လူတွေ အိမ်ခေါ် ရိုက်လို့မဖြစ်ဘူး။ အဖေက ကြိုက်မှာ မဟုတ်ဘူး…'

'ဒီပြင်လူတွေ မခေါ်ပါ ဘူး။ တို့သုံးယောက်ပဲ ရိုက် တာပေါ့။ ငါ အထုပ်သွားယူ လိုက်မယ်။ လူပျိုကြီးပိုက်ဆံ ရောပါလား'

'ပါ…ပါတယ်'

ကိုသန်းဖေတိုက်ထဲက ထွက်သွားတယ်။ တော်တော် နဲ့ ပေါ်မလာဘူး။ အိမ်ထဲမှာ ကိုဝေထွန်းရယ်၊ လှလှငွေး ရယ်၊ ဒေါ်မြအလောင်းပဲ ရှိ တယ်။ တိတ်ဆိတ်နေတယ်။ လှငွေးကကြောက်လို့ ကိုဝေ ထွန်းနားတို့ကပ်ထိုင်တယ်။

ဒီအချိန်မှာ မထင်မှတ် ဘဲ မီးကပျက်သွားတယ်။ ကြောင်တစ်ကောင်ကလည်း ဝုန်းခနဲ ခုန်ချလိုက်တယ်။

'အမေ့…'

လှငွေးက ကြောက် ကြောက်လန့်လန့်နဲ့ အနားမှာ ရှိတဲ့ ကိုဝေထွန်းကို အမှတ် တမဲ့ ဖက်လိုက်တယ်။

ကိုဝေထွန်းတစ်ကိုယ် လုံး ဗို့အား ၁၅၀၀ ရှိတဲ့ လျှပ်စစ်ဓာတ်အား အလိုက်ခံ ရသလို တုန်ခါသွားတယ်။

မီးက လင်းသွားတယ်။

'ဆောရီး…'

လှငွေး ကပျာကယာ ကိုယ်က ခွာသွားတယ်။ လှငွေး မျက်နှာ ရဲနေတယ်။ ကိုဝေထွန်း နှလုံးသားက ခုန် နေတယ်။ ကိုသန်းဖေက တိုက်ဝကနေ သူတို့ကို ကြည့် နေတယ်။

'ဦးလေးကလည်း ကြာ လိုက်တာ'

လှငွေးအပြစ်တင်သံနဲ့ ပြောတယ်။ အသံကတုန်နေ တယ်။

'အစ်မကြီး နှိုးနေရလို့ ကွ'

ကိုသန်းဖေက အနား ဝင်ထိုင်ပြီး ပြောတယ်။ လှငွေးက ဖဲထုပ်ကို ယူပြီး ကုလားဖန်ထိုးတယ်။ ကိုဝေ ထွန်းမှာ လှငွေးကိုကြည့်ပြီး ရင်ခုန်မပြေသေး။ လှငွေးက တော့ ဣန္ဒြေမပျက်–

'ကြေးမကြီးနဲ့နော်'

'အေးပါ…'

သုံးယောက်သား ပိုကာ ကစားကြတယ်။ ကိုဝေထွန်း စိတ်က ဝေမူးနေတယ်။ လှ ငွေးကိုယ်သင်းရနံ့က နှလုံး သားထိ ထုံသင်းနေတယ်။ အဲဒီအချိန်ကစလို့ လှငွေးကို မိန်းမသားမှန်းသိလိုက်တယ်။

မနက်မိုးသာ လင်းသွား

www.burmeseclassic.com

တယ်။ ကိုဝေထွန်းတစ်ခါမှ မအေါင်းဘူး။ လှဋ္ဌေးပဲ နိုင်တယ်လေ။

မနက်ရောက်တော့ လှဋ္ဌေးအစ်မ မြမြဋ္ဌေး ရန်ကုန်က ပြန်လာတယ်။

ကိုဝေထွန်း ဈေးမထွက်ဖြစ်တော့ပေ။ လှဋ္ဌေးနဲ့ မျက်မှန်တန်းမိရုံရှိပေမဲ့ မြမြဋ္ဌေးနဲ့တော့ ခင်တယ်။ ကိုဝေထွန်း ဈေးရောင်းရင် မြမြဋ္ဌေးတို့ ကုမ္ပဏီရှေ့ရောက်ရင် မောင်းကို ထုတယ်။

'မှောင်…မှောင်…'

မောင်း သံကြားရင်–

'မှောင်မှောင်သည် နေပါဦး'

ကုမ္ပဏီရုံးထဲကနေ အမျိုးသမီးတစ်သိုက် အချဉ်ပေါင်းထွက်ဝယ်တတ်တယ်။ မြမြဋ္ဌေးက ရှေ့ဆုံးက။ ဒါကြောင့် မြမြဋ္ဌေးနဲ့ ခင်နေတယ်။ သိနေတယ်။

'မှောင်မှောင်သည် ကူပါဦး'

ဆိုတော့ ဈေးမထွက်ဖြစ်တော့ပေ။ ရက်လည်ထိ ကူညီလုပ်ကိုင်ပေးမိတယ်။ ကိုယ်သင်းရန့်လေး စွဲမိစိတ်နဲ့လေ။

□

(၄)

လှဋ္ဌေးကိုယ်ဝန်က မောင်တေလိုလို၊ ကိုဝေထွန်းလိုလို၊ ကိုသန်းဖေလိုလိုနဲ့ ရပ်ကွက်ထဲမှာ သတင်းပျံ့နေတယ်။

'ဟော့ မောင်တေက အရက်သာမူးနေတယ်။ နှာမဘူးဘူး။ ငါ မဟုတ်ဘူး'

မောင်တေက အရက်မူးမူးနဲ့ ရပ်ကွက်ထဲလိုက် ရှင်းနေတယ်။ ရပ်ကွက်ကလည်း ဒေါ်မြသေတဲ့ ညကိုရည်ညွှန်းပြီး စွပ်စွဲကြဟန်တူတယ်။

'မောင်တေက သူ မမဟုတ်ဘူးတဲ့'

'မောင်တေ မဟုတ်ရင် ငါ့မောင်နဲ့ လူပျိုကြီး နေမှာပေါ့'

ဒေါ်ချိန်က ဈေးလာဝယ်သူများကို ရှင်းပြနေတယ်။

ထိုဝေထွန်းမှာ အိမ်ထဲက အိမ်ပြင်မထွက်ရဲအောင် ဖြစ်နေတယ်။ ဈေးလည်း မရောင်းရ။

မောင်တေ မဟုတ်တာတော့ သူ သိတယ်။ နောက်ပြီး သူလည်းမဟုတ်ဘူး။ ဒါဆိုရင် ကိုသန်းဖေဖြစ်ဖို့များတယ်။ အဲဒီညက သန်းဖေက လှဋ္ဌေးနဲ့အတူ လိုက်သွားတယ်။

ကိုသန်းဖေက အသက် ၃၀ ကျော်အရွယ်။ အသားဖြူဖြူ ရုပ်ဖြောင့်ဖြောင့်ရယ်။ အပြောလည်း ကောင်းတယ်။ မိန်းမလည်း စွံပုံရတယ်။ ၃ ယောက်ရပြီးပြီ။ အခုတစ်ယောက်လည်း လင်မယားချင်း စကားများလို့ သူ့အစ်မ ဒေါ်ချိန်အိမ်ရောက်နေတာ။ ကိုသန်းဖေက မုံရွာက။ တော်တော်ယုတ်မာတဲ့ လူ။ အခုလည်း လှဋ္ဌေးကိုယ်ဝန်ရှိလို့ ရှောင်သွားပုံရတယ်။

'ဒေါ်ချိန် ကိုသန်းဖေရော'မေးတော့–

'ရွာပြန်သွားပြီလေ' လို့ ဒေါ်ချိန်က ဖြေတယ်။

ကိုဝေထွန်းက ကိုသန်းဖေ့ရွာ လိုက်သွားဖို့စဉ်းစားမိတယ်။ လိုက်သွားပါပြီတဲ့။ ဟိုက ဟုတ်ပါပြီ ပြောရင် ဘာလုပ်ရမှာလဲ။ ကိုသန်းဖေမှာက မိန်းမနဲ့ကလေးတွေလည်း ရှိဦးမယ်။ မဖြစ်ဘူး။

လှဋ္ဌေး စိတ်မဆင်းရဲစေချင်ဘူး။ စိတ်ချမ်းသာစေချင်တယ်။ လှဋ္ဌေးကို ဒုက္ခမရောက်စေချင်ဘူး။ ကယ်တင်ချင်တယ်။ နောက်ပြီး သူ့မိဘတွေလည်း သိက္ခာမကျစေချင်ဘူး။

ရပ်ကွက်ထဲ ပြောစကားတွေအရ ချောလဲရောထိုင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ခုလိုအချိန်ခါမှာလှဋ္ဌေးလည်း ငြင်းမှာ မဟုတ်ဘူး။ ကျိတ်ပြီးတောင် ကျေးဇူးတင်နေဦးမယ်။

□

(၅)

ကိုဝေထွန်း အရက်နဲ့ ရဲဆေးတင်လိုက်တယ်။ လှဋ္ဌေးတို့ဝင်းရှေ့ ရောက်သွားတယ်။

'လှဋ္ဌေး…လှဋ္ဌေး'လို့ လှမ်းခေါ်တယ်။ တော်တော်နဲ့ အသံမကြားဘူး။ ခဏနေမှ တံခါးပွင့်ပြီး မြမြဋ္ဌေးထွက်တွေ့တယ်။

'မှောင်မှောင်သည်ကြီးပါလား။ ဘာကိစ္စလဲ'

မြမြဋ္ဌေးက မေးတယ်။

'ကျွန်တော် ဝန်ခံစရာရှိလို့ပါ…'

'ဘာလဲ'

'လှဋ္ဌေးကိုယ်ဝန်က ကျွန်တော်နဲ့ပါ'

'ဘာ'

မြမြဋ္ဌေး အော်လိုက်သံကြောင့် ကိုဝေထွန်း အမူးပြေသလိုတောင် ဖြစ်သွားတယ်။

'ဟုတ်ပါတယ်…'

'ရှင် ရိုင်းလှချည့်လား။ ကျွန်မ ညီမက အပျိုနုနုထွတ်ထွတ်ရှင့်၊ ဘာစကားတွေလာပြောနေတာလဲ'

မြမြဋ္ဌေး အသံက ပိုကျယ်လာတယ်။ မျက်လုံးကလည်း နီရဲနေတယ်။ အနေ…

ထဲကလည်း လူတွေလစ်…ထွက်ကြည့်နေကြတယ်။

'ဟို ကိုယ်ဝန်…'

ကိုဝေထွန်း စကား…နေတယ်။

'ဘာကိုယ်ဝန်လဲ ကျွ…ညီမမှာ ဘာကိုယ်ဝန်မှ …ဘူး။ ဒါမြို့က်ဆစ်ရောဂါ…နေလို့ ဗိုက်ထဲမှာ အသား…လုံးကြီးက တဖြည်းဖြည်း…ကြီးလာတာ။ အဲဒါကို ခွဲစိတ်…ထုတ်ဖို့ ညီမလေးက ဆေး…တင်ထားတယ်။ ဘာလာ…ကြောင်တာလဲ'

'ဂျိန်း…'

မြမြဋ္ဌေးက ပြောပြီး… စိတ်တိုတိုနဲ့ တံခါးကိုဆောင့်…ပိတ်သွားတယ်။

ကိုဝေထွန်းမှာ ပါးစပ်…အဟောင်းသားနဲ့ ဖြစ်ကျန်ခဲ့…တယ်။

□

(၆)

လက်တွန်းလှည်းလေး…ကို ဆေးပြန်သုတ်ပြီး ကိုဝေ…ထွန်းအချဉ်ပေါင်း ပြန်ရောင်း…တယ်။

'မှောင်မှောင်သည် လာ…ပါဦး'

ဈေးခေါ်ဝယ် …တယ်။ ပြီးတော့–

'လူပျိုကြီး မိန်းမ မ…သေးဘူးလား' လို့ ထုံးစံအတိုင်း…မေးကြတယ်။ ကိုဝေထွန်းက…တော့ ခါတိုင်းလို မဖြေတော့…ဘူး။

'မိန်းမရတော့ မယ်…ဒါမှတ်ဆိတ်ရှုပ်သွားလို့…ပေါ့ဗျာ' လို့ ဆွေးဆွေးမြည့်…မြည့် ဖြေတယ်။

မေဓာ…

မင်းဇေ…ထွဋ်…



www.burmeseclassic.com

www.burmeseclassic.com

# မီးခိုးရောင်ကြွင်းတဲ့ ညဉ့်ဦးယံ

ဏီလင်းညို

ရွှေအိမ်စည်မေ



ရ သ ဝ တ္ထု တို စု စည်း မှု

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလထုတ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ **အမှတ် (၂၇၄)တွင် ပုဂံရှင်းတမ်း** ဆောင်းပါးကို စာရေးသူ ရေးသားခဲ့ပါသည်။ ပုဂံရှင်းတမ်းနှင့် ပတ်သက်၍ သခင် ရဲညွန့်ဆိုသူ ပြောပြသည့် ပုဂံမြို့၊ ဖွားစောရွာသူကြီး ဦးထွန်းဦးဆိုသူ၏ ကြံဖန်ရေးစပ် ပြောကြားမှုများကို ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးကို ကုံကော်ဝတ်ရည် စာပေတိုက်မှ ၂၀၁၄ ခုနှစ်၊

# ပုဂံ ရှင်းတမ်းနှင့် ပတ်သက်၍

**မောင်သန်းဆွေ၊ ထားဝယ်၊**






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေသည့် စာရေးသူ၏ **သမိုင်းလည်ပြန်** စာအုပ်တွင် အခြားဆောင်းပါးများနှင့်အတူ ထည့်သွင်းဖော်ပြခဲ့ပါသည်။

ရွှေအမြုတေမဂ္ဂဇင်းတွင် ဆောင်းပါး ပါစဉ်က စာဖတ်ပရိသတ်များထံမှ ဤဆောင်းပါးနှင့် ပတ်သက်၍ ဝေဖန်ရေးသားမှုများ မရရှိခဲ့သော်လည်း၊ **သမိုင်းလည်ပြန်** စာအုပ်ထွက်ပြီးမှ ပုဂံရှမ်းတမ်းဆောင်းပါးနှင့် ပတ်သက်၍ စာဖတ်သူ ပရိသတ်များထံမှ ရေးသားချက်စာများ ရရှိခဲ့ပါသည်။

တစ်ဦးက ဆရာ ဇော်ဂျီ ရေးသားသည့် **မြစေတီကျောက်စာ** ဆောင်းပါးကို ပြန်ဖတ်ရန် ညွှန်းထားသည်။ သို့ဖြစ်၍ စာရေးသူသည် ဆရာ ဇော်ဂျီ ဆောင်းပါးကို လိုက်ရှာရာ၊ ပုဂံစာအုပ်တိုက်မှ ၁.၁၂.၆၅ တွင် ၁၃၂၇ ခုနှစ်၊ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် ပုဂံဆိုသည့် စာအုပ်တွင် သွားတွေ့ပါသည်။ ဆရာ ဇော်ဂျီ၏ ဆောင်းပါးကို ဖတ်ကြည့်ရာ-

'ပုဂံပြည်ကောင်းစားစဉ်က ပုဂံပြည်တွင် အိမ်ခြေပေါင်း (၉၉၉၉၉၉၉၉၉) ရှိလေဟန်ကို *'ကိုး ကိုးတန် ပုဂံအိမ်ခြေပေါင်း'* ဟူ၍လည်းကောင်း၊ ရပ်ကွက်တိုင်းတွင် လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်ရေးကိစ္စများအတွက် တီးခတ် နှိုးဆော်အပ်သော မောင်းတစ်လုံးစီထားရှိသဖြင့် ရပ်ကွက်ပေါင်း (၃၃၃၃) ရှိလေဟန်ကို *'သုံးသုံးသည်သည် ပုဂံဆော်သည့်မောင်း'* ဟူ၍လည်းကောင်း၊ ပုဂံတစ်ခွင်တစ်ပြင်တွင် စေတီဂူဘုရားပေါင်း (၄၄၄၆၇၃၃) ဆူ ရှိလေဟန်ကို *'လေးသည်းဝင်ရိုးသံ တည်ည် ပုဂံဘုရားပေါင်း'* ဟူ၍လည်းကောင်း စကားအစဉ်အလာ ရှိလေသည်။ ထိုစကားတို့သည် ပုဂံပြည်၏ဂုဏ်ကို အံ့ဖွယ်သူရဲ ဖြစ်လောက်အောင် မြှောက်ပင့်ဖွဲ့ဆိုထားသော ပုဂံပြည်ဖွဲ့ စကားများ ဖြစ်လေသည်။ သို့ရာတွင် ရှေးခေတ်ပုဂံပြည် တကယ်ပင်ကြီးကျယ်ခဲ့သည်။ ကျက်သရေရှိခဲ့သည်ဟူသော အချက်သည်လည်း အမှန်ပင်ဖြစ်လေသည်။' ဟူ၍ ရေးသားချက်ကို တွေ့ရပါသည်။ ဆရာ ဇော်ဂျီကလည်း သူကြားဖူးသည့်အတိုင်း ပြန်လည်ရေးသားထားချက်များသာ ဖြစ်သည်။ ဖွားစောရွာသူကြီး ဦးထွန်းဦးထံမှ ကြားရသည်ဟုလည်း မဆိုပါ။ 'ထိုစကားတို့သည် ပုဂံပြည်၏ ဂုဏ်ကို အံ့ဖွယ်သူရဲဖြစ်လောက်အောင် မြှောက်ပင့်ဖွဲ့ဆိုထားသော ပုဂံပြည်ဖွဲ့စကားများသာ ဖြစ်လေသည်။' ဟူ၍ ဝေဖန်ရေးသားထားပါသည်။ စာရေးသူ ရေးခဲ့သည်များနှင့် မည်သို့မျှ ကွဲလွဲချက် မရှိပါ။

နောက် စာဖတ်ပရိသတ်တစ်ဦးထံမှ စာတစ်စောင် ရရှိခဲ့ပြန်ပါသည်။ သူ၏စာတွင် ဖွားစောရွာသူကြီး ဦးထွန်းဦး၏ လုပ်ကြံဖော်ပြထားသော အခြားရွာများအကြောင်းကို စာရေးသူအား သိရှိစေရန် ရေးသားလိုက်ခြင်း ဖြစ်၏။ ထိုအကြောင်းများကို စာရေးသူ မသိရသေး၍ ယခုလို ရေးသားပေးပို့ခြင်းအတွက် ကျေးဇူးတင်ပါသည်။ သူ၏ရေးသားဖော်ပြချက်တွင်-

'ပုဂံနယ်မြေတွင် 'ကစကောင်းရွာ' နှင့် 'ကစပိုရွာ' ဟူ၍ ရှိပါသည်။ ကစကောင်းရွာသည် တူရွင်းတိုင်မြို့နယ်အနောက်မျက်နှာ နယ်စပ်တွင်ရှိ၍ စဥ့်ကူ၊ ရွာသာ၊ ပုဂံမြို့ကျေး ညောင်ပင်ရွာတို့နှင့် ကျောခိုင်းဖြစ်သည်။

ကစပိုရွာသည် တူရွင်းတိုင်မြို့နယ်၌ပင် ရှိပြီး၊ ထိုရွာ၏ နယ်မြေအပိုင်းအခြားမှ အရှေ့ကို လက်ဝဲရေဝေလမ်းမ၊ အရှေ့တောင်ကို ပန်းသုံးချောင်း၊ ဓီးချင်းကန်နှင့် စဥ့်ကူ၊ တောင်ကို စမ်းစိမ့်စမ်းရိုး၊ ထနောင်း၊ ဥက္ကာ၊ ကျောက်ပုံ၊ အနောက်တောင်ကို မြင်းမအိုင်၊ အနောက်ကို တောင်ပြုဝ၊ မြောက်ကို ကြခပ်ဝန်း မြေဖြူမြေဝါလမ်း၊ အရှေ့မြောက်ကို ချောင်းဖီလာ မျက်ခါးကြီးတော ရေဝေကုန်းတို့ ဖြစ်၏။ ကစပိုရွာ နယ်မြေအလုံးသည် ပုဂံရွှေကျောင်းဝတ်မြေချည်းဖြစ်၍ ၁၁၆၄ ခုနှစ်တွင် ရွာသူကြီးမှာ အသက် ၃၅ နှစ်ရှိသော သောကြာသား ငမြတ် ဖြစ်သည်။' ဟူ၍ ကစပို စစ်တမ်းတွင် တွေ့ရပါသည်။ အဘယ်ကြောင့် ကစကောင်းရွာ၊ ကစပိုရွာဟုခေါ်ကြောင်း မသိရပါ။ ဤသည်ကို ဦးထွန်းဦးက 'ကစကောင်းရွာ ခေါ်ခြင်းမှာ ကိစ္စကောင်းသော နေရာဖြစ်၍ ကိစ္စကောင်းရွာဟု တွင်ရာမှ ကစကောင်းရွာ ဖြစ်လာကြောင်း၊ ကိစ္စသည် အပိုဖြစ်နေ၍ ထိုနေရာကို ကိစ္စပိုရွာဟု ခေါ်ခြင်းမှ ကစပိုရွာ ဖြစ်လာကြောင်း' ဟု ပြောသွားသည် ဆိုပါသည်။ မည်သည့်ကိစ္စ ဟူ၍လည်း မသိရပါ။

ထို့ကြောင့် ဆရာရေးသည့် ဆောင်းပါးကို ဖတ်ပြီးမှ ဦးထွန်းဦး ရမ်းသန်းဖြီးဖြန်း ပြောခဲ့သည့် စကားဟူ၍သာ ယူဆလိုက်ရပါသည်။' ဟု ရေးသားထားသည်။ ထိုစာ နောက်တစ်နေရာတွင်-

'ကျွန်တော်တို့ ပုဂံနယ်၌ 'ကတုံ့ရွာ' နှင့် 'ကမြရွာ' ဟူ၍ ရှိပါသည်။ ကတုံ့ရွာနယ်မြေသည် ရှေ့ကို လက်ပံမြေအထိ၊ တောင်ကို တရာနိုင်ငံမြေအထိ၊ အနောက်ကို စချိုရွာမြေအထိ၊ မြောက်ကို နဘဲရွာမြေအထိ ဖြစ်၏။ ကတုံ့ရွာသည် ချောင်းရှည်ရွာ၏ တောင်ဘက်၊ ကမြရွာ၏ အရှေ့ဘက်တို့၌ရှိရာ သက္ကရာဇ် ၁၁၄၅ စစ်တမ်း၊ ရေးစဉ်သိမ်းခံချိန်တွင် သူကြီးမှာ အသက် ၄၅ နှစ်အရွယ် ကြာသပတေးသမီး မိယဖြစ်၏။' ဟု ၄၅ ခု၊ ချောင်းရှည်ရွာ၊ ကမြရွာ ကတုံ့ရှည်ရွာ စစ်တမ်းများတွင် ရေးသားထားသည်ကို တွေ့ရပါသည်။

ဤသည်ကို ဦးထွန်းဦးက စုဏ္ဏတေးနှင့် အနော်ရထာ စီးချင်းထိုးရာ စုဏ္ဏတေးက ကြောက်ရွံ့၍ လက်တုန်နေခဲ့သဖြင့် လှံကို ကောင်းစွာ မကိုင်နိုင်ပါ။ နောက်မှ လှံကို မြဲမြံစွာ ကိုင်နိုင်သွားသည်ဟု ဆိုပါသည်။ ထို့ကြောင့် လှံကိုင်ရာတွင် လက်က (တုံ့တုန်)နေ



www.burmeseclassic.com

နေရာကို ကတုံရွာဟုခေါ်ပြီး၊ လုံကို
တ မြိမြိစွာ ကိုင်နိုင်သည့်နေရာကို
ရွာဟုခေါ်ကြောင်း ပြောခဲ့သည်
ပါသည်။

ဆရာရေးသည့် ဆောင်းပါးကို
ပြီးမှ ဦးထွန်းဦး လုပ်ကြံ၍ ပြောခဲ့
စကားများသာ ဖြစ်မည်ဟု ယူဆ
သည်ခင်ဗျား။'

ဟူ၍ ရေးသားထားသည်ကို
ဖတ်ရပါသည်။

ထိုစာတွင်ပင် ထိုသူက ဆက်၍
သားထားသည်မှာ-

'ပုဂံမြို့စီရင်စု ကုက္ကိုရွာသည်
ောင်ဘက်တန်း ၂၇ ရွာအဝင်ဖြစ်၍
နယ်မြေ အပိုင်းအခြားသည် အရှေ့
သရောက်မြေအထိ၊ အရှေ့တောင်
ရွှယ်တော်ရှင်မြေအထိ၊ အနောက်
ောင်ကို တူရွင်းတိုင်မြေအထိ၊ မြောက်
ကူရွာမြေအထိ၊ အရှေ့အနောက်နှစ်
တောင်မြောက်တာ ၇၀၀ ဖြစ်၏။
ရွာမြေအားလုံးကို အနော်ရထာမင်း
သက္ကရာဇ် ၄၂၁ ခုနှစ်တွင် တူရွင်း
ယ်တော်ရှင်ဘုရားအား ဝတ်မြေအဖြစ်
ခဲ့သည်။

ထိုကုက္ကိုရွာကို ဦးထွန်းဦးက
ကုက္ကိုပင်များရှိ၍ ကုက္ကိုရွာခေါ်ကြောင်း
ပြောခဲ့သည် ဆိုပါသည်။ ဤစကား
သည် မှန်ချင်လည်း မှန်ပေမည်။ ယခုမူ
ပြောပလောက်အောင် ကုက္ကိုပင်များ မရှိ
ပါ။ သို့ရာတွင် ဆရာရေးသည့် ဆောင်း
ပါးကို ဖတ်ပြီးမှ ဦးထွန်းဦး ပြောသည်
ဆို၍ ယုံရခက်ခက် ဖြစ်သွားပါသည်။

ထိုသူ၏ စာတွင်ပင် ပုဂံမှ 'ကန်
စောင်းရွာ'အကြောင်းနှင့် ပတ်သက်ပြီး
ဆပ်၍ ဖော်ပြထားသည်။ ကန်စောင်း
ရွာသည် 'တောင်ရွှေပြည်စိုး စီရင်စု
အပါအဝင်ဖြစ်ကြောင်း၊ ငှင်းရွာသည်
ပုဂံမြို့ကျေး၊ ပွန်ရွာနယ်မြေစပ်၌ ရှိ
သည်-ဟု တောင်ရှေ့ရွာစစ်တမ်း၊ ပွန်ရွာ
စစ်တမ်း၊ ၄၅ ခုတွင် ပါပါသည်။' ထို
ကန်စောင်းရွာကို မည်သည့်ကြောင့် ကန်
စောင်းရွာဟု ခေါ်မှန်းမသိရပါ။ ဦးထွန်း
ဦး မှတ်ချက်ပေးခဲ့သည်ဟူ၍လည်း မရှိ
ပါ။ ဆရာများသိလျှင် ဖော်ပြပေးပါ
ခင်ဗျား။'

ဟူ၍ ဖြစ်၏။

ဦးစိန်မောင်ဦး(ရွှေးဟောင်းသုတေသန-ငြိမ်း)ကလည်း ဖွားစောရွာသူကြီး ဦးထွန်းဦးနှင့် ပတ်သက်၍ စာရေးသူအား ပြောပြပါသည်။ သူပြောပြသည့်အကြောင်းမှာ ဖွားစောရွာနှင့် မင်းနန်းသူရွာတို့ အနီးတွင် 'မလာဖြစ်' ဘုရားဟု ရှိကြောင်း၊ ဤသည်ကို ဖွားစောရွာသူကြီး ဦးထွန်းဦးက-

'ဖွားစောရွာသားများနှင့် မင်းနန်းသူရွာသားများ နပန်းလုံးရန် ချိန်းကြသည်ဆိုကြောင်း၊ ပထမချိန်းသည့်နေရာသို့ မလာဖြစ်ကြပေ။ နောက်ထပ်လာသောအခါ၌လည်း နပန်းမလုံးဖြစ်ကြချေ။ သို့ဖြစ်ရာမှ တည်သည့်ဘုရားဖြစ်၍ မလာဖြစ်ဘုရားဟုတွင်သည်။'

ဟု ပုဂံဝန်ထောက် ဦးတင်အား ဖြီးဖြန်း၍ ပြောကြားခဲ့သည် ဆိုပါသည်။ အမှန်မှာ 'အမလရာဇာ'မှ ဆင်းသက်၍ 'မလာ'ဟု ဖြစ်လာရာမှ 'မလာဖြစ်ဘုရား'ဟု တွင်ခြင်းဖြစ်ကြောင်းကို အစ်ကိုကြီး ဦးစိန်မောင်ဦးက ပြောပြခြင်း ဖြစ်ပါသည်။

အမည်မဖော်လိုသူတစ်ဦးက စာရေးသူကို ဖွားစောရွာသူကြီး ဦးထွန်းဦး ကြံကြံဖန်ဖန် ပြောတတ်သည့် အကြောင်းကို ပြောပြဖူးပါသည်။ သူပြောပြသည်က-

'ဦးထွန်းဦးထံတွင် အလွန်လှသည့် ဓားလေးတစ်ချောင်းရှိကြောင်း၊ ဓားအိမ်မှာလည်း အလွန်လှကြောင်း၊ ထိုဓားကို သူ၏ဆရာ ပုဂံဝန်ထောက် ဦးတင်က လိုချင်ကြောင်း၊ သို့ဖြစ်၍ တောင်းရာ ဦးထွန်းဦးသည် သူ၏ဓားကို မပေးလိုပေ။ သို့ကြောင့်-

'ဒီဓားကို မလိုချင်ပါနဲ့ဘုရား၊ ကျွန်တော်မျိုး ဒီဓားကို ကျွန်တော် မျိုး၏ ခန္ဓာကိုယ်အောက်ပိုင်း၌ရှိသော အမွေးအမှင်များကို ရိတ်သဖြင့် ဒီဓားသည် မသန့်တော့ပါဘုရား'

ဟု ပြောလိုက်သည် ဆိုပါသည်။ သို့ဖြင့် ပုဂံဝန်ထောက် ဦးတင်လည်း အဆိုပါဓားကို မတောင်းတော့ချေ။'

ဟု ဖြစ်၏။

ပုဂံဝန်ထောက် ဦးတင်၊ ပုဂံလာသည့် တစ်ခေါက်တွင် သူ၏ဇနီးလည်း ပါလာသည်ဆိုပါသည်။ သို့ဖြင့် ဖွားစောရွာသူကြီး ဦးထွန်းဦးတို့ လင်မယားကိုလည်း ဇနီးချင်းတွေ့ရန် ထမင်းစားဖိတ်သည်ဟု ဆိုသည်။ သို့သော် ထိုထမင်းစားပွဲသို့ ဦးထွန်းဦးက သူ၏ဇနီးကို မခေါ်လာပါ။ အဘယ်ကြောင့်ဟူ၍လည်း မသိရပါ။ သို့သော် ဦးတင်သည် ဦးထွန်းဦး၏ဇနီး မပါသည့်အတွက် မေးလေသည်။ ထိုအခါ ဦးထွန်းဦးက-

'အိမ်မှာ ကျွန်တော့်မယားနဲ့ ပတ်သက်တဲ့ ငနီဆိုသူရောက်နေလို့ မ,ပါလာတာပါဘုရား'

ဟုပြောလေသည်။ ပုဂံဝန်ထောက် ဦးတင်က-

'ဘယ်ကလဲ'

ဟု မေးရာ-

'သွေးထဲသားထဲကပါပဲ ဘုရား'

ဟု ပြန်၍ဖြေသည်။ ပုဂံဝန်ထောက် ဦးတင်က-

'ငါမေးတာ ဘယ်အရပ်ကလဲလို့ မေးတာ'

ဟု ပြန်မေးရာ၊ ဦးထွန်းဦးက-

'တွင်းထဲရွာကပါ ဘုရား'

ဟု ဖြေလေသည်။ ပုဂံဝန်ထောက် ဦးတင်က သဘောမပေါက်၍ နားမလည်သည့်ပုံဖြင့် ကြည့်နေသည်။ သို့သော် ဦးတင်၏ဇနီးက ရိပ်မိသဖြင့် ဦးတင်ကို လက်ကုတ်ပြီး တိုးတိုးပြန်ပြောသောကြောင့် သိသွားပြီး ဘာမျှဆက်မမေးတော့ပေ။ ဖွားစောရွာသူကြီး ဦးထွန်းဦးသည် ကြံကြံဖန်ဖန် ဖြီးဖြန်းလုပ်ကြံ ပြောရာတွင် ဤမျှလောက် ပြောတတ်ကြောင်း ဖြစ်သည်။ ■

**မောင်သန်းဆွေ(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ဒီကနေ့ မနက်အိပ်ရာထ ပြတင်းပေါက်က လိုက်ကာကို အသာလှပ်ကြည့်စဉ်မှာ…


တစ်ဖက်ခြံထဲက ထူးဆန်းတဲ့မြင်ကွင်းကြောင့် အံ့သြသွားမိတယ်။ အမြဲတမ်း လူသူမရှိသလို တိတ်ဆိတ်နေတဲ့ တစ်ဖက်ခြံထဲမှာ ကျွန်မတို့ ရပ်ကွက်ထဲက လူသုံး၊လေး ယောက်ကို တွေ့ရတယ်။ သူတို့တွေက အဲဒီအိမ်ထဲကို ဘာလာလုပ်တာလဲ ကြည့်နေဆဲ၊ ခဏနေတော့ ရပ်ကွက်က နာရေးပြင်ဆင်ဖို့ ထိုင်ခုံတွေ အမိုးအကာတဲတွေ လာချတော့မှ ကျွန်မစိတ်ထဲ တထိတ်ထိတ်နဲ့ ခန့်မှန်းမိသွားတော့တယ်။

ဩော် ဖြစ်မှဖြစ်ရလေ၊ ဆုံးသွားပြီပေါ့။ ခံနေရတဲ့ ဝဋ်ကြွေးတွေ အဆုံးသတ်သွားတာပေါ့လို့ တစ်ယောက်တည်း ညည်းမိတယ်။ မနေ့ညက ကျွန်မ ကြားခဲ့ရတဲ့ အဘွားအိုရဲ့ အသံက ဘာလဲ၊ မနေ့ညကတည်းက အော်ရင်း ဆုံးပါးသွားခဲ့တာလား။ ဒါမှမဟုတ် ရုန်းကန်ရင်း ဆေးရုံမပို့တာကြောင့် အသက်ရှူရပ်ရင်း ဆုံးသွားတာလား။ တစ်စုံတစ်ခု ထိခိုက်မိသွားတာလား။ ဘယ်သူမှ သေချာမသိနိုင်။ သေချာတိတိကျကျ သိနိုင်တာကတော့ အဘွားအိုနဲ့ အတူနေ သူ့သမီးပင် ဖြစ်လိမ့်မယ်။

လူတွေ ခြံထဲမှာ တစ်စတစ်စ နည်းနည်းစီ ရောက်လာတယ်။ လွန်ခဲ့တဲ့ သုံး၊လေးနှစ် ပြောင်းလာကတည်းက ရပ်ကွက်ထဲက လူတွေနဲ့ပတ်သက်ရင်းနှီးတာ မတွေ့ရပေမဲ့ နာရေးအိမ်မို့ လာပေးကြတာ ဖြစ်လိမ့်မယ်။ ကျွန်မလည်း ခဏနေရင်တော့ အိမ်ချင်းကပ်ဆိုတော့ သွားရဦးမယ်။







အဘွားအိုက တစ်နှစ်ကျော်အတွင်း ဘယ်လိုဝေဒနာတွေ ခံစားသွားခဲ့ရတာလဲဆိုတာ သိချင်စိတ် ဖြစ်မိတယ်။ အဘွားအိုက ဘယ်မှ မထွက်ရ၊ မသွားလာရနဲ့ လှောင်ချိုင့်ထဲ ပိတ်လှောင်ခံရသလို စိတ်တွင်းဒုက္ခရာ အနှာတရများ တော်တော်ခံစားသွားရပုံပေါ်တယ်။ သူ့သမီးက ဘယ်သူနဲ့မှ အရောအယှက်မပြုဘဲ ခပ်တင်းတင်း မျက်နှာထားနဲ့ နေတတ်တာမို့ လမ်းတွေ့ရင်တောင် နှုတ်မဆက်မိဘူး။ အဘွားအိုကို အရင်တုန်းက မမြင်ဖူးပါ။ နောက်ပိုင်း သူ့ကို မွေးခဲ့တဲ့ အမေရင်းဆိုတာ သိခဲ့ရပြီး သူ့ယောက်ျားဆုံးမှ အမေရင်း အဘွားအိုကို နယ်မြို့တစ်မြို့ကနေ ဆေးကုသပေးဖို့ ခေါ်လာခဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

သိရတယ်။ ပေါင်းသင်းဆက်ဆံရေး မပြေပြစ်တဲ့ သူမမှာ အသိုင်းအဝိုင်းလည်း ကြီးကြီးမားမားရှိပုံမပေါ်။ ယောကျ်ားရှာဖွေစုဆောင်းထားတဲ့ပိုက်ဆံတွေ ပစ္စည်းတွေနဲ့ ချမ်းသာခဲ့ပြီး ခုလတ်တလောက ချဒိုင်ကိုင်လိုက်တာ အတော်ထိသွားတယ်လို့ သတင်းထွက်ခဲ့တယ်။ သိပ်မကြာသေးခင်က ကြွေးရှင်တွေ လာကြတာမို့ အခြားနေရာမှာ နှစ်ပတ်လောက် သွားအောင်းနေသတဲ့။

သူ့အမေရင်းဆိုတဲ့ ဒီအဘွားအိုက တစ်ချိန်တုန်းက စိန်ကုန်သည် လုပ်ခဲ့ဖူးတယ်။ နေနိုင်စားနိုင်ပြီး အဆင့်တစ်ခုတော့ရှိတယ်လို့ ကြားရတယ်။ အဘွားအိုမှာ ရှေးလက်ဝတ်လက်စားတွေ အများကြီး စုဆောင်းခဲ့ပြီး သူ့သားတစ်ယောက်နဲ့ နယ်မှာ နေတယ်။ သူ့သားက ဆုံးပြီး ဘယ်သူမှ အားကိုးစရာ မရှိတော့လို့ သူ့သမီးက သွားခေါ်တာတဲ့။

သူတို့အိမ်မှာ အရင်အိမ်ဖော်လုပ်တဲ့ ကောင်မလေးက ကျွန်မတို့အိမ်က ကောင်မလေးကိုပြောပြလို့ သိရတာ။ အဲဒီအိမ်ဖော်လေးကိုလည်း အကြောင်းမရှိ အကြောင်းရှာပြီး အလုပ်ဖြုတ်ပစ်လိုက်တယ်တဲ့။ လခကလည်း နည်းနည်းလေးပေးတာ၊ အကျင့်မကောင်းဘူး။ အဘွားအပေါ်လည်းမကောင်းဘူး။ အဘွားကို သေအောင် တစ်ရက်ပြီး တစ်ရက် နှိပ်စက်နေတာလို့ ပြောတော့ ကျွန်မပင် မယုံနိုင်အောင် အံ့ဩခဲ့ရတယ်။

အသက်ရှစ်ဆယ်ကျော် အဘွားအိုက သူ့ကို ဘာပြန်လုပ်နိုင်မှာလဲ။ ဘာလို့ နှိပ်စက်တာလဲ။ အကြောင်းတစ်ခုတော့ ရှိရမယ်လို့ ကျွန်မထင်တယ်။ ကျွန်မ ကြားကြားနေတဲ့ အသံတွေက ဘာပါလိမ့်။ သေချာတာကတော့ အဘွားမသေခင် မနေ့ညက အော်ဟစ်ဆူပူနေသံတွေက နားထဲက မထွက်။

**ခံနေရတဲ့ ဝဋ်ကြွေးတွေ အခဆုံးသတ် သွားတာပေါ့လို့ တစ်ယောက်တည်း ညည်းမိတယ် မနေ့ညက ကျွန်မ ကြားခဲ့ရတဲ့ အဘွားအိုရဲ့ အသံက ဘာလဲ မနေ့ညကတည်းက အော်ရင်း ဆုံးပါးသွားခဲ့တာလား**

'ငါ့ပစ္စည်းတွေ ပြန်ပေး၊ မပေးရင် ငါသေတောင် မကျွတ်ဘူး သိလား၊ နင့်နားပဲ နေမှာ'

'ကောင်းတယ် မကျွတ်နဲ့၊ ခင်ဗျားက မသေဘူး၊ ကျုပ်ပဲ အရင်သေမှာ။ ဘာပစ္စည်းမှ မရှိဘူး၊ ဥစ္စာရူး ရူးမနေနဲ့'

'လွှတ်... လွှတ်... ငါ့ကိုလွှတ်'

'မလွှတ်ဘူး၊ ခင်ဗျားက လူလိုပြောနေတာကို နားမလည်ဘူး၊ ရိုက်မှ သိတာမလား'

'မရိုက်နဲ့ နာတယ်'

'နာတယ်ဆို အော်မနေနဲ့၊ ခင်ဗျားကြောင့် ကျုပ် စိတ်ဆင်းရဲတယ်'

'ဘာ စိတ်ဆင်းရဲတာလဲ၊ ငါ့ပစ္စည်းတွေ ယူထားပြီးတော့'

'ပြောပြန်ပြီ၊ ဖြန်း... ဖြန်း... ဖုန်း... ဒုန်း'

အဘွားအိုနဲ့ သူ့သမီး အပြန်အလှန် အော်ဟစ်ပြောနေကြတာတွေက ထူးဆန်းနေတယ်။ နောက်ပြီး ကိုယ့်မိခင်ရင်းကို ကိုယ်ထိလက်ရောက် လုပ်နေတာတော့ ဒီမိန်းမ တော်တော်လွန်နေပြီ။ နောက်ဆုံး အဘွားက အရိုက်ခံပြီး ဇာတ်သိမ်းလိုက်ရပုံရတယ်။ အိမ်ဖော်မလေး ပြောတာတော့ နောက်ဆုံး သူလည်း မနေချင်တော့ဘူး၊ အတ္တကြီးပြီး အရမ်းရက်စက်လွန်းတာ ယုံတောင် မယုံနိုင်တော့ဘူးတဲ့။ အဘွားကို သနားပေမဲ့ ဝင်ပြောခွင့်မရှိတဲ့ ဘဝမို့ တော်တော် သည်းခံ ချုပ်တည်းရတယ်တဲ့။

ကျွန်မအခန်းနဲ့ တန်းလျက် အပေါ်ခန်းက သူမအခန်း ဖြစ်ပုံရတယ်။ ညည ဆို အော်သံ အမြဲလိုလို ကြားရတယ်။ အနောက်အစွန်အခန်းလေးထဲမှာ အဘွားအိုကို ထားပုံရတယ်။ အဲဒီအခန်းထဲက ပုရိပ်တစ်ခုကို လှန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်မ မျက်ဝါးထင်ထင် တွေ့ထားတာ။ စူးစူးဝါးဝါး တစ်ချက်အော်သံကြောင့် ကျွန်မ အိပ်ရာထက်က ထရင်း လက်က အံဆွဲထဲက မှန်ပြောင်းလေးကို ထုတ်ပြီး သေသေချာချာ မြင်ချင်တဲ့စိတ်ကြောင့် ကြည့်လိုက်မိတယ်။

'ဘုရားရေ...'

ကျွန်မနှုတ်က တကယ့်ကို ဘုရား တ,မိသွားတယ်။ အိမ်ဖော်မလေး ပြောတာ မှန်နေပြီပဲ။ လိုက်ကာ အကွယ်ကနေ နေရာယူ၊ မှန်ပြောင်းတစ်လက်နဲ့ ကျွန်မ ထိုအချိန်ကစပြီး အလုပ်များခဲ့ပါတယ်။ အဘွားအိုရဲ့ဆံပင်တွေက ဖွာလန်ကျဲလို့။ သူမရဲ့လက်သည်းချွန်ချွန်တွေနဲ့ အဘွားအိုရဲ့ခေါင်းကို ဘယ်ညာနှံ ဖက်ကိုင်ပြီး ကုတ်ခြစ်လို့ပါလား။ ခေါင်းကိုကိုင်ပြီး ဘယ်ညာယမ်းလိုက်သေးတယ်။ ရင်ဘတ်က အင်္ကျီစကို ကိုင်ပြီးဆောင့်ဆောင့် တွန်းလိုက်တာ နှစ်ချက်သုံးချက်တော့။ အဘွားအိုက သူ့ရဲ့ လက်သေးသေးလေးနဲ့ ပြန်လုပ်ပေမယ့်မမီ။ လူကလည်း ယိုင်နဲ့နေတယ်။ ကြည့်ရင်း ရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။ စိတ်မကောင်း။ အဘွားအိုရဲ့ အရိုးပဲရှိတဲ့ ခန္ဓာကိုယ်လေးက သူမရဲ့ သန်မာတဲ့လက်တွေနဲ့ ခန္ဓာကိုယ်ကြား နှစ်မြှုပ်လို့ ငှက်ကလေးတစ်ကောင်ကို ငှက်သမားက ဆုပ်ကိုင်ထားသလိုမျိုးပါပဲ။

'ရူးမနေနဲ့ ဥစ္စာရူး'

'ဟဲ့ နင့်ကို ငါက ... ထားတာ၊ မွေးထား ... ရူးတောင် မသိဘူး၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

သလုပ်တယ်'

'ဘာမွေးတာလဲ၊ ...ကမြင်းကြောထပြီး။ ...ပြီ ထပ်မပြောချင်ဘူး'

'ငါ သေမယ်၊ နင့်ကို ...တယ်၊ ငါ့သားဆီ ပြန်...'

'ခင်ဗျားသားက သေ... မသိဘူးလား'

'မသေဘူး… သေပြီ... ငါ့သား သေပြီလား'

ခဏနေတော့ မီးမှိတ် ... အသံတွေ တိတ်ဆိတ် ...တယ်။ ကျွန်မလည်း ...ပြောင်းကိုချရင်း ရင်မော ... ခုတင်ပေါ် ပက်လက် ... အိပ်လိုက်မိပြီး အတွေး ...ရှာနဲ့ မောနေမိတယ်။ ...စတစ်စ စိတ်ဝင်စားလာ ... အသွားအိုရဲ့ နိုပ်စက်ခံရ ...င်းအပေါ် ဘယ်လိုကူညီ ...နိုင်မလဲလို့ စဉ်းစားပေမဲ့ ...ယ်လိုမှမပေါ်။ လမ်း ...ကြောင်းမရှိ အပြင်တောင် ...က်ခွင့်မရှိ။ အသွားအိုကို ...သေရုံတစ်မည် ကျွေးပြီး ...ပ်စက်နေပုံရတယ်။ တစ် ...က ကျွန်မအိမ်က ကောင် ...လေးယုယု တုပ်ကွေး ကွေး ...တော့တယ်။ တော်တော်နဲ့ ...ပျောက်တာမို့ ဆေးခန်းသွား ...တယ်။ ဆရာဝန်ကလည်း ...က်နှာသိ ဆရာဝန်မို့ ဘာ ...ဖြစ်ဖြစ် သူ့ဆီ ပြေးရတာပါ ... အိမ်က အသွားကတော့ ...ဆရာဝန်ကလွဲလို့ ဘယ်သူ့ ...ကိုမှ အပြမခံဘူး။ ကိုယ့်မှာ ...လည်း အသက်ကြီးကြီး အသွားရှိတော့ အသွားအိုကို ...ကိုယ်ချင်းစာမိတယ်။ သမီး ...ရင်းမှ ဟုတ်ရဲ့လား မသိ ...ဘူးလို့ တွေးမိတယ်။

ဆေးခန်းအပြင်မှာ

> **ရပ်ကွက်ထဲက
> လူတွေနဲ့
> ပတ်သက်
> ရင်းနှီးတာ
> မတွေ့ရပေမဲ့
> နာရေးအိမ်မို့
> လာပေးကြတာ
> ဖြစ်လိမ့်မယ်
> ကျွန်မလည်း
> ခဏနေရင်တော့
> အိမ်ချင်းကပ်
> ဆိုတော့
> သွားရဦးမယ်**

စောင့်နေတုန်း အခန်းထဲက ထွက်လာတာ အသွားအို၊ မျက်နှာထားတင်းတင်းနဲ့ သူ့သမီး၊ ခိုင်းတဲ့ ကောင်မလေး။ ကျွန်မ ရုတ်တရက် အံ့သြသွားတယ်။ ကောင်မလေးက နှုတ်မဆက်ရဲ။ ယုယုကို မျက်လုံးလေးနဲ့ တစ်ချက်ကြည့်ရင်း အသွားအိုလက်ကို တွဲပြီး ထွက်သွားတယ်။ ဟိုမိန်းမကတော့ ကောင်တာက ဆေးယူပြီး နောက်မှ ထွက်သွားတယ်။ သူမထွက်သွားပြီး ကောင်တာက ဆေးပေးတဲ့ ဆရာမလေးတွေရဲ့ မဲ့မဲ့ရွဲ့ရွဲ့ စကားသံက ကျွန်မရဲ့ စိတ်ဝင်စားမှုကို ပိုတွန်းအားပေးလာပါတယ်။

'အံ့ပါရဲ့ အေ၊ သားအမိနှစ်ယောက် ရုပ်ကတစ်ရုပ်တည်း ဖြစ်နေတာကို ဘာမှမတော်ဘူးလို့ ပြောသေးတယ်'

'ခိုင်းတဲ့ကောင်မလေးကို မေးလိုက်တော့ သားအမိလို့ ပြောတာပဲ'

'ဘာဖြစ်လို့ ကိုယ့်အမေကို ဘာမှမတော်ဘူးလို့ ပြောတာလဲ။ ဦးနှောက် သိပ်မကောင်းလို့ လာပြတာတဲ့'

'ဟဲ့ အဲဒီအသွားက အရင်က ဒီလောက်မဟုတ်ဘူး။ သူ့သမီးတိုက်တဲ့ ဆေးတွေက အရမ်း အန္တရာယ်များတယ်လို့ ဒေါက်တာ ပြောတာကို ငါကြားတယ်။ ဆရာဆိုရင်တော့ ကောင်းကောင်းသိမှာပဲ'

'အေး မဖြစ်လို့ ဆေးခန်းလာပြပေးနေတဲ့ ပုံစံပဲ'

ဆရာမလေးတွေက ပြောရင်း ဆရာဝန် ထွက်လာတာနဲ့ ရပ်သွားတယ်။ ယုယုကိုပြပြီး ဆရာဝန်နဲ့ စကားပြောရင်း မေးမိတယ်။

'ဆရာ အဲဒီအသွားအိုက ကျွန်မအိမ်ဘေးခြံကပါ။ ဘာရောဂါ ဖြစ်တာလဲဟင်'

'အမိကကတော့ စိတ်ဓာတ်ကျ၊ စိတ်အားငယ်တဲ့ ရောဂါပဲ။ ရောဂါကြီးကြီးမားမား မရှိဘူး။ ဒါပေမဲ့ အံ့သြတာတစ်ခုက သူ့သမီးက အိပ်ဆေးဆိုပြီး စိတ်ငြိမ်ဆေးတွေကို နေ့တိုင်း တိုက်ထားတယ်။ များလွန်းရင် မကောင်းဘူး၊ လူကလည်း အားရှိနေမှ။ ခု အသွားက အားနည်းနေတယ်၊ စိတ်ငြိမ်ဆေးတွေလည်း များထားတယ်။ ကျွန်တော်တိုက်တဲ့ဆေးတွေကို အကုန်ယူခဲ့ပါဆိုမှ သိရတာ။ ဒါမျိုးရောဂါက စိတ်သိပ်ကျဉ်းကျပ်ပြီး ထွက်ပေါက်မရှိနဲ့ စွဲလမ်းချင်ရာကို စွဲလမ်းနေတတ်တယ်။ အားရှိတာလေးကို ပုံမှန်စား၊ အသက်ရှုချောင်အောင် အပြောင်းလဲလေးတစ်ခုခုလုပ်ပေးရင် သက်သာသွားနိုင်တယ်။ ခုက မသက်သာဘူး၊ ပိုဆိုးနေတယ်။ ကျွန်တော်က စိတ်ရောဂါအထူးကုနဲ့ပြဖို့ ညွှန်းပေမဲ့ သူ့သမီးက ခေါင်းမာနေတယ်'

'ဆရာ အဲဒါ သူ့သမီး မဟုတ်လား'

'ဟုတ်တယ်လေ၊ မေးစရာတောင် မလိုဘူး။ သူ့အမေနဲ့ တစ်ရုပ်တည်းပဲ'

'ဆရာ့ဆီ အမြဲလာပြလား'

'မပြပါဘူး၊ တစ်လမှ နှစ်ခါ သုံးခါပါ။ ခက်တာက အဲဒီအမျိုးသမီးက မြင်းရှေ့က ပြေး ဆိုသလိုပဲ သူက ဆရာဝန်ထက် ပိုတတ် ပိုသိပြနေတယ်။ ကျွန်တော်လည်း သိပ်မပြောချင်ဘူး'

ဒီလိုနဲ့ ဆရာဝန်နဲ့ပြောတဲ့ စကားထဲမှာ စိတ်ဝင်စားစရာ အကြောင်းတွေက ပါလာပြန်တယ်။ စိတ်ငြိမ်ဆေးတွေကို သူ့သဘောနဲ့သူ တိုက်နေတာလား။ ဘာလို့ တိုက်တာလဲ။ အင်း အမေရင်းဆိုတာကို အပြင်မှာ ဘာလို့ ဖုံးကွယ်ချင်ရတာလဲ။ နောက် အသွားအိုက ပြန်ပေးလို့ တောင်း၊ တောင်းနေတာက ဘာပစ္စည်းလဲ။ အရင်က စိန်ကုန်သည်ဆိုတော့ စိန်တွေလားလို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဆက်တိုက် တွေးနေမိတော့တယ်။

တစ်နေ့က ကျွန်မ မနက်စာစားနေတုန်း ယုယုက သတင်းတစ်ခုကို ပြောပါတယ်။ ဟိုဘက်အိမ်က ကောင်မလေး မနေ့ညနေကပဲ ပြန်သွားပြီတဲ့။ အဲဒီကောင်မလေးက ယုယုကို အဲဒီမိန်းမက သမီးအရင်းမှန်တယ်။ အဘွားရဲ့ဘိုးဘွားလက်ထက်ကတည်းက စိန်ထည်ပစ္စည်းတွေနဲ့ ရွှေချောင်းတချို့ထုပ်သိမ်းထားတဲ့ပစ္စည်းတွေကို သူ့သမီးက ခိုးယူလိုက်တာကြောင့် အဘွားက ပြန်တောင်းနေတာ။ သတိမေ့သွားအောင် ဘာဆေးတွေလဲ မသိဘူး အများကြီးတိုက်တယ်။ ဒီအကြောင်းတွေကို သူက တဖြည်းဖြည်းသိပြီး အပြင်ကို ပေါက်ကြားမှာစိုးလို့ အလုပ်က နားလိုက်ကြောင်း၊ အဘွားကတော့ ဒီအတိုင်းဆို သေမှာပဲလို့ ပြောသွားတဲ့ ကောင်မလေးကို ကျေးဇူးတင်မိတယ်။ ကျွန်မ စိတ်ထဲမှာ ကိုယ်တိုင်မေးချင်နေတဲ့ မေးခွန်းတွေကို ဖြေပေးသွားသလိုပဲ။

ဒါဆို အဘွားအိုမှာ ရှေးအစဉ်အဆက်ကတည်းက ချမ်းသာခဲ့ပြီး ပါလာတဲ့ပစ္စည်းတွေကို သူ့သမီးက မသိအောင် ယူထားလိုက်တယ်။ ဒါကို ခဏခဏပြောနေ မေးနေတော့ ပိုပြီး စိတ်နောက်အောင် သတိမေ့အောင် ဆေးတွေတိုက်ထားတယ်။ မသေခင်မှာ အလိုလောဘကြောင့် ပစ္စည်းတွေယူတယ်။ သူ့အကြွေးရှင်တွေအတွက် Save ဖြစ်အောင် လုပ်ထားတယ်လို့ သဘောပေါက်လိုက်တယ်။

အသက်
ရှစ်ဆယ်ကျော်
အဘွားအိုက
သူ့ကို
ဘာပြန်
လုပ်နိုင်မှာလဲ
ဘာလို့
နှိပ်စက်တာလဲ
အကြောင်း
တစ်ခုတော့
ရှိရမယ်လို့
ကျွန်မ
ထင်တယ်
ကျွန်မ
ကြားကြားနေတဲ့
အသံတွေက
ဘာပါလိမ့်

သမီးဖြစ်သူက အမေရင်းကို အိုနာနေတဲ့အချိန်မှာ ကောင်းကောင်းပြုစုပြီး၊ အဘွားအိုသေရင်လည်း ပစ္စည်းတွေ အကုန်ရနိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ အဘွားအိုကို စိတ်ဒဏ်ရာရအောင် နှိပ်စက်နေသလဲ ဆိုတာကိုတော့ ကျွန်မသိချင်တဲ့ နောက်ဆုံးအချက်ပင်။ ကျွန်မ မျက်လုံးနဲ့ သေသေချာချာ မြင်ရတဲ့ ပုံရိပ်နဲ့ အသံတွေကတော့ ကိုယ့်မျက်လုံးနဲ့ နားကိုပင် မယုံနိုင်။ ကောင်မလေးက ထွက်သွားပြီဆိုတော့ ကျွန်မတို့အတွက် သတင်း သိပ်မကြားခဲ့ရတော့။

သိပ်မကြာခင်မှာ အဲဒီအမျိုးသမီး အိမ်တံခါးတွေပိတ်ပြီး ထွက်သွားတာတွေ့ရတယ်။ အဘွားအို တစ်ယောက်တည်းသာ ကျန်ခဲ့ပြီး ဘာလုပ်နေမလဲလို့ တွေးနေတုန်းမှာ အုံ့ဩစွာပဲ ခြံထဲက သစ်ပင်တွေနားမှာ လှုပ်လှုပ်နဲ့ အဘွားအိုကို တွေ့လိုက်ရတယ်။ အဘွားအိုကို ခြံထဲမှာ တွေ့ရဖို့က မလွယ်။ အိမ်ပေါ်ကနေ ဆင်းပြေးပြီး အဘွားနဲ့ အနီးဆုံးနေရာကို ခုံနဲ့တက်ပြီး အဘွားအိုနဲ့ စကားပြောဖို့ ကြိုးစားမိတယ်။

'အဘွား…အဘွား'

အဘွားအိုက ရုတ်တရက်မော့ကြည့်ပြီး တစ်ချက်ပြုံးလိုက်တယ်။

'အဘွား ဘာလုပ်နေတာလဲ၊ တစ်ယောက်တည်းလား'

'အင်း…သူတို့က ထွက်သွားပြီ။ အဘွား အိမ်ပြန်ချင်တယ်၊ တံခါးဖွင့်ပေးပါ၊ လိုက်ပို့ပေးပါ'

'အဘွားက ဘယ်သွားချင်တာလဲ'

'သားဆီ'

'ခု အတူနေတာက သမီးလား'

'ဟုတ်တယ် သမီး၊ သူက အဘွားကို ရိုက်တယ် … ဒီမှာ…'

အဘွားလက်ကို လှန်ပြတယ်။ ကုတ်ခြစ်ထားတဲ့ သွေးစို့စို့ ဒဏ်ရာ ခြစ်ရာများ စိတ်ထဲ စစ်ခနဲ နာကျင်သွားမိတယ်။

'အဘွားမှာ ဘာပစ္စည်းမှ မရှိတော့ဘူး။ ပိုက်ဆံလည်း တစ်ပြားမှ မရှိဘူး'

'သားက ဘယ်မှာလဲ

အဘွား ဟိုမှာလာနေပြီ'

ကျွန်မလည်း ခုံပေါ်က
နေ ချက်ချင်းဆင်းလိုက်
ရတယ်။ ဟို အမျိုးသမီးက
တံခါးဝမှာ မျက်လုံးပြူး မျက်
ဆန်ပြူးနဲ့ ရောက်လာပြီး ခေ
နေတော့ ကျွန်မစိုးရိမ်မိတဲ့
အတိုင်း အော်ဟစ် ဆူပူရိုက်
သံတွေနဲ့ အိမ်ထဲကို ကြောင်
လေးတစ်ကောင် ခေါ်သွားတဲ့
အတိုင်း ဆွဲပြီး ခေါ်သွား
တယ်။ တံခါးပေါက်တွေကို
လုံအောင် ပိတ်ထားပေမဲ့
နောက်ဖေးပေါက်ကနေ
အဘွားအိုက ဖွင့်ပြီး ခြံထဲကို
ထွက်လာကြောင်း သိရ
တယ်။ သူမရဲ့ ပြင်းပြင်းထန်
ထန် တံခါးပိတ်သံတွေလည်း
ကြားရတယ်။ ကျွန်မ အဘွား
အိုနဲ့ တိုက်ရိုက် စကားပြော
လိုက်ရတော့ ပိုပြီး စိတ်
မကောင်း ဖြစ်လာတယ်။ သူ
သားသေသွားပြီဆိုတာကို မေ့
သွားပုံရတယ်။ ဆရာဝန်ပြော
တဲ့ စိတ်ကျရောဂါတွေက ပို
ဖြစ်အောင် သူ့သမီးက တွန်း
ပို့နေတာ အသေအချာပါပဲ။
ကူညီချင်ပေမဲ့ ဘယ်လိုမှ
အခြေအနေကမပေး။ ကြည့်ရ
မြင်ရ ကြားရတာတွေက စိတ်
မသက်သာ။ ထိုမိန်းမကို စိတ်
ပျက်မိတယ်။ သေချာတာက
တော့ သူ့အပြစ် သူခံရမှာပဲ
ဆိုပေမဲ့ လတ်တလော
အဘွားအိုက စိတ်ဒဏ်ရာတွေ
ခံစားနေရပြီ။

အဲဒီလို တစ်ကြိမ်တည်း
အဘွားအိုနဲ့ ဆုံခဲ့ ပြောခဲ့ရတာ
တွေက နောက်ဆုံးပါပဲ
နောက်ဆုံးမှာ အဘွားအိုရဲ့
အကူအညီတောင်းသံနဲ့ မဆုံး



www.burmeseclassic.com

www.burmeseclassic.com

…ညက ကြားခဲ့ရတဲ့ အသွားအိုရဲ့ ကြောက်ရွံ့နာကြည်းမှု အသံတွေက ကျွန်မနှလုံးသားအထိ ခံနိုင်ရည် မရှိခဲ့။

ဘယ်လိုပဲ ဟိုအမျိုးသမီးကို မုန်းမုန်း၊ အသွားအိုရဲ့နောက်ဆုံးနာရေးကို ယုယုနဲ့ သွားဖို့ ပြင်ဆင်လိုက်တယ်။ အသွားအိုနဲ့ပတ်သက်တာတွေ ဘယ်သူများ လာမလဲ။ ဟို အမျိုးသမီးက ဘယ်လိုဟန်ဆောင်မျက်နှာဖုံးတွေနဲ့ ပြောနေမလဲ။ အခြားသူတွေ ဒီဖြစ်စဉ်ကို သိရင် ယုံကြမှာ မဟုတ်ပါဘူး။ အသွားအို ဝဋ်ကြွေးငြိမ်းပြီး ကောင်းရာသုဂတိ ရောက်ပါစေလို့ ဆုတောင်းမိတယ်။

❑

တစ်ခါမှ မရောက်ဖူးတဲ့ ဒီအိမ်ခြံဝင်းမှာ အမှိုက်တွေ၊ မြက်တွေအပြည့် ဖုံးအုပ်နေတယ်။ တချို့ရပ်ကွက်ထဲက လူတွေ အမှိုက်လှည်း၊ ခုံချနေကြတယ်။ နှစ်ထပ်တိုက်ကြီးထဲက ဧည့်ခန်းထဲကိုအရောက် မမြင်ဖူးတဲ့ အမျိုးသမီးတစ်ယောက်က ခေါ်တယ်။ ကျွန်မက အသွားရဲ့ ရုပ်အလောင်းထားရှိရာ ဇာအုပ်ထားတဲ့ ခုတင်နားအရောက် ပါးစပ်ကို ကိုယ့်လက်နဲ့ ပြန်ပိတ်မိအောင် အံ့သြသွားရပါတယ်။ ယုယုကလည်း ကျွန်မဘေးနား လိုက်ပါလာတာကြောင့် ကျွန်မလက်ကို ရုတ်တရက် လာကိုင်ပြီး ဆုပ်ထိုက်တယ်။ ဘာမှမပြောနိုင်အောင် ကျွန်မရော ယုယုရော ပါးစပ်အဟောင်းသားနဲ့ အံ့သြသွားမိတယ်။ ထိုင်ခုံမှာထိုင်ရင်း အိမ်ထဲ ဝေ့ကြည့်မိတုန်း ဧည့်ခန်းထဲ လူတစ်ယောက်ဝင်လာတယ်။ သူ့ပုံစံက ဆရာဝန်တစ်ဦးနဲ့ တူတယ်။

'ဒေါ်ခက်မာသွေးက ဘယ်လိုဖြစ်သွားတာလဲ။ သတင်းကြားတော့ ယုံတောင် မယုံဘူး'

ကျွန်မတို့ကို ဧည့်ခန်းထဲ ခေါ်တဲ့ အမျိုးသမီးက…

'ကျွန်မက တိုက်တိုက်ဆိုင်ဆိုင် ဒီအိမ်လာရင်းနဲ့ သိရတာပါ။ သူ့အခန်းထဲမှာပဲ အသက်မရှိတော့ဘူး။အဆက်အသွယ်က သိပ်မရှိပါဘူး။ ကျွန်မက သူ့အမျိုးသားရဲ့ ညီမဝမ်းကွဲပါ'

'ကျွန်တော့်ဆီ လာလာပြနေတာ။ သိပ်တော့ မကြာသေးပါဘူး။ သူ့မှာ စိတ်အထီးကျန် အနုစား ရောဂါရှိနေတယ်။ ကိုယ်ဖြစ်ချင်တာတွေ စိတ်တိုင်းမကျတော့ရင် စိတ်တွေ ယောက်ယက်ခတ်လာတယ်။ စိတ်ငြိမ်ဆေးတွေ ပေးရတယ်။ သွေးတိုးရှိတယ်ဆိုတော့ သွေးဆောင့်တက်သွားပုံရတယ်။ ဆေးတွေလည်း စနစ်တကျ မသောက်တတ်ဘူး။ တစ်ခါတလေ နှစ်ကြိမ် သုံးကြိမ် သောက်မိနေတတ်တယ်'

'ဒါတွေလည်း မသိပါဘူး ဆရာ။ ယောကျ်ားနဲ့ကွဲပြီး ယောကျ်ားဆုံးသွားတော့ ယောကျ်ားအမျိုးတွေက သူ့စရိုက်ဆိုးတွေကြောင့် မပတ်သက်တော့ဘူး။ လောင်းကစားက အရမ်းလုပ်တော့ ဒီအိမ်ကြီးကိုတောင် ပေါင်ထားရတယ်'

ဒေါ်ခက်မာသွေးရဲ့ ဆရာဝန်လည်း အံ့သြမှုတွေနဲ့ ပြန်သွားပြီး အသွားအိုနဲ့ သူမရဲ့ ကျွန်မသိချင်တဲ့ အကြောင်းအရာကို ထိုအမျိုးသမီးနဲ့ ပြောဖြစ်တယ်။ သဘောကောင်းပုံရတဲ့ ထိုအမျိုးသမီးက…

'ကျွန်မက အစ်ကိုဆုံးကတည်းက စိတ်နာလို့ မလာတာကြာပြီ။ အဲဒီနေ့က ဘာလို့မှန်းမသိဘူး အရမ်းလာချင်နေတာနဲ့ လာတာ။ ညီမတို့က အိမ်ချင်းကပ်ဆိုတော့ သူဆိုးတာ ပိုသိမှာပါ။ ဒီမှာရှိနေတဲ့ အသွားအိုက အမေရင်းပါ။ သူက အလကားနေ သူ့အမေရင်းတောင် စိတ်နာနေတာ။ သူ့ကို အဖေမပေါ်ဘဲ မွေးခဲ့လို့တဲ့။ သူ့သားက မြောင်မှာနေတာ။ ပထမယောကျ်ားနဲ့ ရတဲ့သားပေါ့။ သားက မြွေကိုက်လို့ ဆုံးသွားတာ။ လူပျိုကြီးဆိုတော့ အသွားကိုကြည့်မယ့်သူ မရှိတော့ သွားခေါ်လာတာ။ အမိကကတော့ ဆေးကုပေးချင်လို့ မဟုတ်ဘဲ ပစ္စည်းတွေ ယူချင်လို့ပါ။ အသွား စိန်ပစ္စည်းတွေကို သူ့ခုတင်ရဲ့ အံဝှက် Box ထဲက တွေ့ခဲ့တယ်။ ကျွန်မကတော့ အသွားကို ဘိုးဘွားရိပ်သာမှာ သေချာလေးအပ်ပြီး သူလှူချင်တာတွေကို အကုန်လိုက်လုပ်ပေးရမှာ။ ဒီအိမ်ကိုတော့ လူလည်းမရှိတော့ဘူးဆိုတော့ သူ့ယောက်မတွေ ဘာလုပ်မလဲ မေးရမယ်။ သူတို့တွေကလည်း နိုင်ငံခြားမှာပဲ အခြေချ နေထိုင်နေတာ။ ဒီမှာ တယောက်မှ မရှိဘူး။ ကိစ္စတွေပြီးအောင် လုပ်ပေးဖို့ ကျွန်မပဲရှိတယ်'

'ခု အသွားကရော'

'ထမင်း ကျွေးထားတယ်။ သူ့သမီးဆုံးတာတော့ မနက်မှ သိတာ'

'ကျွန်မကလေ အမှန်ပြောရရင် အသွား ဆုံးတာ မှတ်နေတာ'

'သူ့အပြစ် သူခံရတာ။ သူ့အမေပေါ် တစ်စက်မှ မကောင်းခဲ့ဘူးလေ။ အသွားကတော့ မိခင်ဆိုတော့ မျက်ရည်ကျရင်း ဝဋ်ကြွေးတွေလို့ ပြောတယ်'

'ဘယ်လိုပဲဖြစ်ဖြစ် ဒီအမေက မွေးခဲ့လို့ လူ့လောကထဲ ရောက်လာတာလေ။ မိခင်စိတ်မရှိဘဲ ဖျက်ချခဲ့ရင် လူ့ဘဝထဲတောင် ရောက်လာမှာ မဟုတ်ဘူး။ ဒါကြီးကိုတွေးပြီး မကျေမချမ်းနဲ့ နှိပ်စက်တာက ကံကြီးထိုက်သွားတယ်လို့ ပြောရမလိုပါပဲ။ အမေဟာ နူနေ ဝဲစွဲနေရင်တောင် အမေက အမေပါပဲ'

ဒီဘဝမှာ အဆုံးသတ်ပေမဲ့ နောင်ဘဝတွေမှာ အကြွေးပြန်ဆပ်ရမယ့် ဝဋ်ကြွေးတွေအတွက် ကြက်သီးထအောင် ကြောက်စရာကောင်းလှတယ်။ အိမ်ပြန်လာချိန်မှာတော့ အိမ်ကို အလည်လာတတ်တဲ့ တူ၊ တူမတွေကို အဖေနဲ့အမေက ဒီမှာ စမ်းရေတွေ ရောက်နေတယ်ဟေ့လို့ ပြောတယ်။

ကလေးတွေကို စမ်းရေလို့ ညွှန်းဖွဲ့တတ်ကြတယ်။ ဆည်းလည်းသံလေးတွေလို့ တင်စားကြတယ်။ ဒါတွေက အမြဲ မှန်နိုင်ပါသလား။ ခေါင်းခါမိတယ်။ အသွားအိုအတွက်ကတော့ စမ်းရေတွေ အေးမြခဲ့လို့လား၊ စမ်းရေတိုင်း အေးစေခဲ့သလား၊ စမ်းရေတိုင်း အေးစေခဲ့ပါသလား။

■

**ချောအိမ်မာန်**၊မန္တလေး၊

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ခံစားနေရသည်။ ကြည့်လေ၊ မြင်လေရာ ဝန်းကျင်တွင် အပူရှိန် တညီးညီးဖြင့် နွမ်းဖတ်နေကြသည်။ အခါတိုင်း စာတိုကြီးများပေါ်တွင် အမြဲနားနေတတ်ကြသော

နံနက်ခင်း ၁၀ နာရီခန့်သာ ရှိသေးသော်လည်း နေက အတော်ပြင်းနေချေပြီ။ ကောင်းကင်ပြင်တစ်ခုလုံးသည်လည်း တိမ်တစ်ဝပ်စာပင် မိုးတိမ်တို့ မရှိဘဲ ပြာလဲ့စွာ ကြည်လင်တောက်ပနေသည်။ ရင့်ကျက်ခါစ သစ်ရွက်စိမ်းများပင် နေအပူရှိန်ကြောင့် ညှိုးရော်ရော်ရှိနေ၏။ တစ်ခါတစ်ရံမှသာ တိုက်ခတ်လာသော လေပြည်သည်လည်း အပူငွေ့ကြောင့် မလတ်ဆတ်သလို





www.burmeseclassic.com

www.burmeseclassic.com

ခိုင့်ကျတစ်အုပ်ပင် မတွေ့ရ တော့။ သူတို့လည်း သစ်ပင် ရိပ်၊ တိုက်ရိပ်များ၌ အပူခို နေရှာကြရော့မည်။

ကိုဝင်းတာသည် သူ၏ စွပ်ကျယ်ရင်ဘတ်ကို တစ် ချက် နှစ်ချက်ဆွဲခါလိုက်ရင်း လေဝင်လာအောင် လုပ်နေ သည်။ လက်တစ်ဖက်တွင် ယပ်တောင်ကိုင်လျက် လေပူ တစ်ချက်ကို နှမ်းလျစွာ မှုတ် ထုတ်လိုက်၏။ ပြင်းထန် လွန်းလှသော နေရောင် ကြောင့် မျက်စိကို အသာ မှေးပြီး နဖူးကြောများကို ရှုံ့ ကြည့်နေရသည်။ နှစ်နှစ်သား ခန့်ရှိ ပိတောက်ပင်ပျိုအောက် တွင် ခွေတွရပ်နေရာမှ အိမ် အတွင်းသို့ လေးကန်သော ခြေလှမ်းများဖြင့် ဝင်လာခဲ့ ၏။ အိမ်ရှေ့ဝရန်တာတွင် ထိုင်နေလျက် အတွေးပွားနေ မိပြန်သည်။

❑

လွန်ခဲ့သော နှစ်နှစ်ခန့် က လောင်ကျွမ်းခဲ့သော မီး ကြီးကြောင့် ကိုဝင်းတာတို့ လမ်းလေးထဲတွင် သစ်ပင် ကြီးများ မရှိတော့ပေ။ ပြန် လည်စိုက်ခဲ့သော အပင်လေး များမှာလည်းလောက်လောက် လားလား မကြီးသေး။ တစ် နှစ်ထက်တစ်နှစ် ပိုပိုပူလာ နေသောရာသီဥတုကို သတိ ထားမိသည်။ အထူးသဖြင့် သစ်ပင်ကြီးများ မရှိသော မီးလောင်ပြင်၌တည်ရှိနေသည့် ကိုဝင်းတာတို့ လမ်းလေးမှာ ပိုပူပြင်းနေသယောင်ယောင်။

မီးကြီးလောင်ပြီး နောက်ပိုင်း ကိုဝင်းတာတို့ လမ်းကလေးတွင် အပြောင်း အလဲများစွာ ဖြစ်ခဲ့ရသည်။

ငယ်စဉ်က ပြေးလွှား ဆော့ကစား ခဲ့ဖူးသော အရိုးစိန်တို့ ခြံဝင်းကြီးနှင့် ငယ် သူငယ်ချင်းများကို လွမ်းနေမိသည် သဘာဝဘေး အန္တရာယ် ရန်သူမျိုးငါးပါး ဘေးအန္တရာယ် တို့ကြောင့် ဘဝတွေများစွာ ပြောင်းလဲခဲ့ရပြီ

ငယ်စဉ်ကတည်းက ရှိနေခဲ့ ကြသော စိမ်းစိမ်းစိုစို သစ် ကြီးဝါးကြီးများလည်း မရှိ တော့။ ငယ်စဉ်ကတည်းက ပေါင်းသင်းဆက်ဆံလာခဲ့ရ သော မိတ်ဆွေ၊ သူငယ်ချင်း၊ အိမ်နီးနားချင်းများမှာလည်း မရှိသလောက်ပင် ရှားခဲ့ပြီ။ အများစုမှာ လက်ရှိမြို့ထဲရပ် ကွက်များမှ မြို့သစ်ရပ်ကွက် များဆီသို့ ပြောင်းရွှေ့သွားခဲ့ ကြရလေပြီ။ ကိုဝင်းတာတို့ ခေါင်းရင်းခြံမှ အရိုးစိန်တို့ မိသားစုပင် မြို့သစ်၌ နေ သားကျနေလောက်ပြီ ထင် ၏။

ငယ်စဉ်က ပြေးလွှား ဆော့ကစားခဲ့ဖူးသော အရိုး စိန်တို့ခြံဝင်းကြီးနှင့် ငယ် သူငယ်ချင်းများကို လွမ်းနေ မိသည်။ သဘာဝဘေး အန္တရာယ်၊ ရန်သူမျိုးငါးပါး ဘေးအန္တရာယ်တို့ကြောင့် ဘဝတွေများစွာ ပြောင်းလဲခဲ့ရ ပြီ။ ကိုဝင်းတာသည် ခေါင်း ရင်းခြံမှ အုတ်တံတိုင်းမြင့်မြင့် ကြီးကို စိတ်မသက်မသာဖြင့် ငေးကြည့်နေမိ၏။ အရိုးစိန် တို့ခြံကို ဝယ်ယူလိုက်သော သူဌေးသည် ခြံဝင်းပတ်ပတ် လည်ကို အုတ်တံတိုင်းအမြင့် ကြီး ကာရံပစ်လိုက်သည်။ ခြံဝင်းအတွင်း ခေတ်မီလှပ ခံ့ညားသည့် နှစ်ထပ်တိုက် မြင့်မြင့်ကြီးတစ်လုံးကို ဆောက်လိုက်သည်။ ခြံဝင်း အတွင်း မြက်ခင်းစိမ်းစိမ်းနှင့် အလှပန်းပင်များကိုလည်း စိုက်ပျိုးထား၏။ 'အရှင်မွေး နွေချင်းကြီး' သော သစ်ပင်ကြီး များကို အစီအရီစိုက်ထား သော သူ့ခြံကြီးမှာ အေးချမ်း လှပနေပါသည်။ ခြံဝင်း တံခါးကြီးကိုလည်း အနိုင် အမာပြုလုပ်ထားပြီး အစဉ် အမြဲပိတ်ထားလေ့ရှိ၏။ ရပ် ကွက်ပတ်ဝန်းကျင်နှင့်လည်း အဆက်အဆံ သိပ်မရှိလှပေ။ အိမ်နီးနားချင်းဖြစ်သူ ကိုဝင်း တာပင် ပိုင်ရှင်သူဌေးဖြစ်သူ အား တစ်ခါတစ်ရံကားဖြင့် အဝင်အထွက်၊ ဖြတ်သွား ဖြတ်လာလောက်သာ ရိုးတိုး ရိပ်တိပ်တွေ့ဖူး၏။ သူတို့အိမ် မှ ကားမောင်းသူ ကိုငွေစိုး နှင့်ထမင်းချက်အကူကောင်မ လေး လုံးလုံးတို့နှင့်သာ ကောင်းကောင်းသိကျွမ်း သည်။ လုံးလုံးကလည်း

ဈေးသွား ငါးဝယ်၊ အပြင် ထွက်တိုင်း ကိုဝင်းတာတို့ အိမ်သို့ ဝင်ဝင်လာတတ်ပြီး ဇနီးသည် မခင်သစ်နှင့် စကားလက်ဆုံ ကျလေ့ရှိ[illegible] ကိုဝင်းတာတို့မှာ တစ်ဖ[illegible] နှင့် ပတ်သက်ပြီး သူဌေး လင်မယားအမည်နှင့် သား သမီး သုံးဦးရှိသည် ဆိုသော အကြမ်းဖျင်းလောက်သာ သိကြလေသည်။

❑

'ပူလိုက်တဲ့ရာသီဥတု[illegible] မိုးကလည်း မရွာတော့ ပိုဆိုး သေး၊ ညကလည်း အိပ်[illegible] က မဝတော့ လူကို [illegible] နောက်နောက် ဖြစ်နေတာ[illegible] ဒီကြားထဲ မီးကပျက်[illegible] မီးစက်သံကြီးက နှိပ်[illegible] ပတ်ဝန်းကျင်ကိုလည်း [illegible] မနာဘူး၊ ကျုပ်ပါးစပ်နဲ့[illegible] တွေ့တော့မယ်...တကတဲ'

ဗျစ်တောက် ဗျစ်[illegible] တောက် ရေရွတ်ရင်း နံ[illegible] ဝင်ထိုင်လာသည့် မခင်သ[illegible] ၏အသံကြောင့် ကိုဝင်း[illegible] တစ်ယောက် အတွေးစပြ[illegible] သွားပြီး ဘေးလှည့်ကြည့် လိုက်မိ၏။ ထဘီကို [illegible] ရှားထားပြီး လက်တစ်ဖ[illegible] တွင် ယပ်တောင်ကိုင်လျ[illegible] မသက်မသာ ညည်းညူ[illegible] သော အိမ်သူကို ငေးကြည့်[illegible] ၏။ မခင်သစ်၏ ရင်တွင်း ဖြစ်အပူများသည် ကိုဝင်း[illegible] ကိုပါ ကူးစက်လာသည်။

'မရွှေသစ်... ဘာ[illegible] တင်းနေတာတုံး ရာသီဥတု[illegible] က ပူပူနဲ့၊ ဒေါသတွေ သိ[illegible] ကြီးမနေနဲ့ဦး၊ တော်[illegible] ဦးနှောက်သွေးကြော[illegible] သွားမှ ငါ့မှာ က[illegible] ယောက်နဲ့ ယော[illegible]လည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့နေရဦးမယ်’

ကိုဝင်းတာ၏ စကား ဆုံး မခင်သစ်က လက်ထဲ တွင် ကိုင်ထားသော ယပ် တောင်ကို ‘ဘတ်’ခနဲ အောက်ပစ်ချလိုက်ပြီး-

‘ဘာတွေ တင်းရမှာ တုံး၊ တော်ပဲ စဉ်းစားကြည့် သော ရာသီဥတုကပူ၊ မီးက ချက်၊ အိပ်ရေးကမဝတော့ ေါသဖြစ်တာပေါ့။ ကျုပ်တို့ ဝ,တဲ့သူတွေက ပိုပူတယ် တော့၊ တော့်စွန့်ကိုယ် ငါး ဆောင်ရိုးနဲ့တောင် ဘယ် ောက်ပူနေတုံး၊ ကိုယ်ချင်း စာပါဦး ကိုဝင်းတာရဲ့။ ပြီး တော့ ကြည့်ဦး၊ ဟိုဘက်ခြံ က သူဌေးမင်းတို့လေ မီး ချက်တဲ့ညတိုင်း မီးစက်ကြီး နိူးထားလိုက်တာ၊ ည ပေါက်ပါပဲတော်…သူ့ခြံ ထောင့်က မီးစက်ကြီးက ကျုပ်တို့ အိပ်ရာခေါင်းရင်း ကပ်နေတာ။ ဘယ် ောက် အသံလုံတယ်ပြော မှာ ည မိုးချုပ် လူခြေတိတ် င် အဲဒီအသံကြီးက နှိပ်စက် တော့တာပါပဲ။ အိပ်မက် ော်ချိန်တောင် မရဘူး။ တော့်ခြင်ထောင်ထဲ ခြင်တစ် ကောင်လောက်ဝင်ပြီး တဝီဝီ ေါ်နေရင်တောင် တော် ယ်လောက်ကသိကအောက် ဖြစ်ရတုံး၊ မဖြစ်ပါဘူး အဲဒီ ဘက် တော် သွားပြောပေး ဦး’

စကားအရှည်ကြီး ပြောက်ခွဲလိုက်ပြီးနောက် အနည်းငယ်နေသာသွားသလို မခင်သစ်တစ်ယောက် ယပ် တောင်ကို တဖျပ်ဖျပ်ခတ် နေရင်း ယောကျ်ားဖြစ်သူ ကိုဝင်းတာအား မျက်စောင်း

စကားအရှည်ကြီး
ဖောက်ခွဲ
လိုက်ပြီးနောက်
အနည်းငယ်
နေသာသွားသလို
မခင်သစ်
တစ်ယောက်
ယပ်တောင်ကို
တဖျပ်ဖျပ်ခတ်
နေရင်း
ယောကျ်ားဖြစ်သူ
ကိုဝင်းတာအား
မျက်စောင်း
တစ်ချက်
လှမ်းထိုး
လိုက်လေသည်

တစ်ချက် လှမ်းထိုးလိုက်လေ သည်။ ကိုဝင်းတာလည်း ဇနီးသည် မခင်သစ်ဒေါသ ဖြစ်နေပုံကိုကြည့်ရင်း-

‘ငါ့မိန်းမရယ်၊ စိတ် လျှော့ စိတ်လျှော့။ မင်း ဒေါသဖြစ်နေလို့ အေးမသွား ပါဘူးကွာ။ ကိုယ့်ဘာသာ ယပ်တောင်ခတ်၊ ရေဝဝ သောက်ပြီး မိုးရွာအောင် ဆု တောင်းပေါ့ကွာ’

‘တော့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒီလိုလာမယ်ဆို တာ သိပြီးသား။ ဒီမယ် တရားရှင်ကြီးရေ တော်သာ စိတ်လျှော့၊ တော်သာ သည်းခံ၊ ကျုပ်ကိုတော့ လာ နားမချနဲ့၊ ဒီက တော်တော် တင်းနေပြီ။ တော့်ဘက်ကို မြားဦးလှည့်လာမယ်နော်၊ ဟုတ်တယ်…ပြောရင်းပြော ရင်း ဒေါသက ထွက်လာပြီ။ ပတ်ဝန်းကျင်ကို အားမနာ တတ်ကြဘူး။ သူတို့ရောက် လာပြီး ခြံဝင်းအုတ်ထရံ အမြင့်ကြီးကာလိုက်ကတည်း က လေလည်း မဝင်တော့ ဘူး။ အလင်းရောင်လည်း မရ၊ အကုန်ပိတ်ဆို့နေပြီ။ အရင်က အရိုးစိန်တို့ကိုပဲ လွမ်းမိတော့တာပါပဲ’

မခင်သစ် စကားအဆုံး ကိုဝင်းတာက ခပ်ပြုံးပြုံးကြီး ကြည့်ပြီး ဆေးပေါ့လိပ်တစ် လိပ်ကို ထုတ်ယူလိုက်သည်။ ဆေးလိပ်ဖင်အစီခံကို မီးခြစ် တွင် တထောက်ထောက် ခေါက်နေလျက်-

‘ဒါဆိုလည်း… မရွှေ သစ်ရယ်တို့လည်း အရိုးစိန် တို့ရှိတဲ့ဆီ ပြောင်းကြရအောင် လေကွာ။ အိမ်နီးချင်းဆိုတာ ပြဿနာမဖြစ်ကောင်းပါဘူး ကွာ၊ ကိုယ့်ဘက်က တတ်နိုင် သလောက်တော့ သည်းခံမှာ ပေါ့ကွယ်၊ မရွှေသစ်ရာ အကောင်းမြင်တဲ့ အမြင်နဲ့ပဲ မြင်လိုက်စမ်းပါ။ ကဲ… သူတို့ ခြံဝင်းကြီးက အမြင့် ကြီး၊ တိုက်ကြီးက အကောင်း စားကြီးဆိုတော့ ငါတို့လမ်းပဲ ဂုဏ်တက်တာပေါ့ကွ။ ငါတို့ အိမ်ကိုလမ်းညွှန်ချင်ရင်လည်း လွယ်တာပေါ့၊ အုတ်တံတိုင်း အမြင့်ကြီးနဲ့ ခြံကြီးဘေးက လို့ဆိုရင် လူတိုင်းကို သိလို့။ မုဒိတာ ပွားစမ်းပါကွာ’

‘တော်ပါ တော်စမ်းပါ ကိုဝင်းတာရာ၊ သူတို့နှိပ်စက် တဲ့ဒဏ် အနီးကပ်ခံနေရတာ ဘယ်လိုလုပ် အကောင်းမြင်နဲ့ မြင်ရမှာတုံး။ တော်သာ တစ် ယောက်တည်းပဲမြင်နေ၊ မုဒိတာပွားနေ။ ရာသီဥတုက ပူတာတစ်မျိုး၊ သူနဲ့ အတိုက် အခံပြောလို့ မောရတာတစ် မျိုး၊ သွားမယ် ရေသွားချိုး တော့မယ်၊ မိုးရယ် ရွာလိုက် ပါတော့’

တစ်ယောက်တည်း ညည်းညူပြောဆိုထွက်သွား သော ဇနီးသည် မခင်သစ်ကို ကြည့်ရင်း ကိုဝင်းတာမှာ သဘောကျစွာ ပြုံးနေပါတော့ ၏။

❑

ညနေစောင်းဆိုသော် လည်း နေမှာ အနည်းငယ်ပူ နေသေးသည်။ တစ်နေ့ခင်း လုံး ပူထားသည့်အပူရှိန် ကြောင့် လမ်းမတစ်လျှောက် သည် တငွေ့ငွေ့ဖြင့် ရှိန်းရှိန်း ထ, ပူလောင်နေဆဲပင်။ ကိုဝင်းတာတစ်ယောက် အိမ် သို့ ခပ်သွက်သွက်လျှောက် ပြီးပြန်လာနေ၏။ လမ်းမ ပေါ်မှာ အပူသည် ဖိနပ်ကို ဖောက်ထွက်လျက် ခြေဖဝါး များကို ပူလောင်နေသည် ထင်ရ၏။ အိမ်ဝင်းတံခါးကို အသာတွန်းဖွင့် ဝင်လာပြီး နောက် လူရိပ်လူယောင် မမြင် ရသဖြင့် အသံလှမ်းပြုလိုက် သည်။

‘မရွှေသစ်ရေ ဘယ် ရောက်နေတာတုံး၊ အိမ်ရှေ့ လူလည်း မရှိပါပဲလား’

ကိုဝင်းတာ၏ ခေါ်သံ အဆုံး မခင်သစ်တစ်ယောက် အိမ်နောက်မှ ပျာယီးပျာယာ ထွက်လာရင်း-

‘ကိုဝင်းတာ တော် ပြန်

www.burmeseclassic.com

လာပြီလား၊ ကျုပ်က မီးလာတုန်း ရေမော်တာစုပ်နေတာလေ။ ရေက ပြတ်ပြတ်သွားလို့ ခဏခဏ ရေပြန်ချူနေရတာ၊ လူကို ဖပ်ဖပ်မောပဲ။ တော် ရေတန်းမချိုးနဲ့ဦးနော်၊ အေးအေးလူလူ ရေ၀,အောင်သောက်ပြီးမှ ချိုး'

မခင်သစ်က ကိုဝင်းတာ၏ လက်ထဲမှ လွယ်အိတ်ကို လှမ်းယူလိုက်ပြီး နံရံတွင် ချိတ်ထားလိုက်သည်။ ရေအိုးစင်မှ သောက်ရေတစ်ခွက် ခပ်လာပြီး လှမ်းပေးလိုက်၏။ ကိုဝင်းတာကလည်း အပေါ်ဝတ်ကိုချွတ်လိုက်ပြီး ရေတစ်ဖန်ခွက်ကို တစ်ကျိုက်တည်း ကုန်အောင် သောက်လိုက်သည်။

'အင်း… ရာသီဥတုက ပူတော့ သောက်ရေအိုးထဲက ရေတောင် မအေးတော့ဘူး။ လူတွေလည်း ပူလှပါပြီကွာ၊ မိုးရွာမှ အေးတော့မှာ'

ကိုဝင်းတာက ကုလားထိုင်ပေါ် ဝင်ထိုင်လိုက်ရင်း ညည်းညူလိုက်၏။ မခင်သစ်လည်း နံဘေးမှာ သင်ဖြူးဖျာကို ဆွဲယူခင်းလိုက်ပြီး ထိုင်လိုက်သည်။

'စောစောလေးကတင် ဟိုဘက်လမ်းက ဘကြီးထွန်းတို့ လာသွားကြသေးတယ်၊ တော့်ကို မေးနေကြတာ။ ညဘက် ဓမ္မာရုံကို လာခဲ့ဦးတဲ့၊ ငါးရံ့မင်းပင့်ပြီး မိုးခေါ်ပရိတ် ရွတ်ကြမယ်တဲ့။ လွန်ဆွဲပွဲလည်း လုပ်ကြရအောင် ဓမ္မာရုံမှာ အစည်းအဝေး လုပ်မယ် ပြောတာပဲ။ တော့်ကို ဆက်ဆက်လာခဲ့ဦးမှာသွားတယ်။ ကောင်းပါလေ့ ဒါဆို မိုးရွာပြီး အားလုံး

> လုံးလုံးကလည်း
> အာပေါင်အာရင်း
> သန်သန်ဖြင့်
> ပြောလို့ပင်မဆုံး
> နောက်ဆုံး
> ပြန်ခါနီး
> ပြောသွားသည့်
> စကား
> တစ်ခွန်းကြောင့်
> မခင်သစ်မျက်နှာ
> ရှုံ့မဲ့သွားသည်
> ကြားလိုက်ရသည့်
> စကားကြောင့်
> ကိုဝင်းတာလည်း
> အံ့သြစွာ
> လှမ်းကြည့်
> နေမိပါသည်

BURMESE CLASSIC

အေးသွားမှာနော်။ တော် ရေချိုး၊ ထမင်းစားပြီး သွားလိုက်ဦး'

ကိုဝင်းတာလည်း လေးလံသော ခြေလှမ်းများဖြင့် ရေချိုးရန် ထ,လာခဲ့သည်။

❑

ကိုဝင်းတာတို့ ဓမ္မာရုံတွင် ဆုံကြ၏။ အားလုံးက အားတက်သရော ဝိုင်းဝန်းဆွေးနွေးကြသည်။ တတ်နိုင်သလောက် အလှူငွေများ ထည့်ဝင်ကြမည်၊ ရပ်ကွက်ထဲတွင်လည်း အလှူခံထွက်ကြမည်၊ အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြမည်ဟု ဆုံးဖြတ်ကြ၏။ ငါးရံ့မင်းပင့်ပြီး ပရိတ်ရွတ်ကြမည်၊ နောက်နှစ်ရက်၊ သုံးရက်အတွင်း မိုးခေါ်လွန်ဆွဲပွဲကို သုံးရက်ပြုလုပ်ကြမည်ဟု ညှိနှိုင်းပြီး ရက်သတ်မှတ်ခဲ့ကြသည်။

ဒီလိုနှင့် လွန်ဆွဲမည့်နေ့ ရောက်လာသည်။ ရာသီဥတုအပူကို ကြံကြံခံ လျက်ပျော်ရွှင်စွာ လွန်ဆွဲခဲ့ကြပါ၏။ ပထမနေ့က အမျိုးသမီးများဘက်ကပင် အနိုင်ရသဖြင့် မခင်သစ်တစ်ယောက် ကိုဝင်းတာအား စကားအနိုင်ယူပြီး ပြောမဆုံးနိုင်ခဲ့ပေ။ လွန်ဆွဲပွဲ နှစ်ရက်ဆွဲအပြီး နောက်နေ့ နံနက်ပိုင်းတွင် မိုးအနည်းငယ် ရွာ၏။ နံနက်စောစော ငါးနာရီခန့်မှ ရွာသော မိုးသည် အရမ်းကြီး မသည်းသော်လည်း ထိုက်သင့်သလောက် ရေပါသဖြင့် အပူဒဏ် အနည်းငယ် သက်သာသွားပါသည်။ ကိုဝင်းတာလည်း အိမ်ရှေ့ဝရန်တာတွင် ထိုင်နေရင်း ကျေနပ်ပျော်ရွှင်နေလေ၏။ တိုက်ဆိုင်မှုဟုဆိုဆို၊ ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် မိုးရွာသည်နှင့် ဝမ်းသာရသည်။ ဇနီးသည်ကလည်း နံဘေးတွင်ရပ်နေပြီး လွန်ဆွဲပွဲအကြောင်း အားရပါးရ ပြောနေလေသည်။

ထိုစဉ် တစ်ဖက်ခြံမှ ထမင်းချက်အကူ ကောင်မလေး လုံးလုံး ဝင်လာသည်။ လက်ထဲမှ ခြင်းတောင်းထဲတွင်လည်း အုန်းသီး၊ ငှက်ပျောသီးများကို တွေ့လိုက်ရ၏။ ဝင်လာနေရင်း မခင်သစ်အား လှမ်းနှုတ်ဆက်လေသည်။

'ဒေါ်လေး ဈေးမသွား ဘူးလား၊ ကျွန်မကတော့ ပြ လာခဲ့ပြီ။ ဒီနေ့ ဟင်းချက်ဖို့ ဝယ်စရာ မလိုဘူးလေ၊ သူဌေးသမီး မွေးနေ့လုပ်မှာဆို တော့ အကုန်လုံး ဟိုတယ် က မှာတာတဲ့။ ညနေစောင်း ရင် ဧည့်သည်တွေ အများ ကြီး လာကြမှာ။ ခြံထဲမှာ လည်း မီးတွေ အလှဆင်ထ ကြပြီ၊ တီးဝိုင်းလည်း ပါမှာ ကျွန်မတော့ ကြည့်ရမယ် ထင်ပေါင်'

မခင်သစ်နှင့် လုံးလုံးတို့ နှစ်ယောက် စကားပြော ကြသည်ကို ကိုဝင်းတာ ဆေးလိပ်ဖွာရင်း နားစွင့်နေ မိသည်။ လုံးလုံးကလည်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောလို့ပင်မဆုံး။ နောက်ဆုံး ပြန်ခါနီး ပြောသွားသည့် စကားတစ်ခွန်းကြောင့် မခင်သစ်မျက်နှာ ရှုံ့မဲ့သွား သည်။ ကြားလိုက်ရသည့် စကားကြောင့် ကိုဝင်းတာ လည်း အံ့သြစွာ လှမ်းကြည့် နေမိပါသည်။ မခင်သစ်က သူ့ယောကျာ်းအား ပခုံးတ ချက် တွန့်ပြလိုက်၏။ ပြီး နောက် မေးငေါ့ပြီး မဲ့ပြ တစ်ချက် ပြုံးလိုက်ရင်း-

'ဟင်း… ဟင်း လုပ် လိုက်စမ်းပါဦး ကိုတရား ကြီးရဲ့၊ မုဒိတာလေးများ လည်း ပွားပေးလိုက်စမ်းပါ ဦး'

စကားအဆုံး ခြေ ဆောင့်ပြီး အိမ်ထဲဝင်သွား သော မခင်သစ်အား ငေး ကြည့်နေရင်း ကိုဝင်းတာ တစ်ယောက် ဆွံ့အ,နှုတ် ဆိတ်နေပါတော့သည်။ မျက် တွေကြီး ရပ်နေရင်း လုံးလုံး

www.burmeseclassic.com

ခါနီး ပြောသွားသောစကားများ
သာ နားထဲထပ်ကာထပ်ကာ ကြား
ောင်နေပါတော့၏။

'ဒေါ်လေးရေ ကျွန်မကတော့
နေကုန် တစ်ညလုံး မအားတော့
ဘူး၊ သူဌေးက တာဝန်ပေးထား
လေ။ သူ့သမီးလေးမွေးနေ့ကို
ပြီးပျက်မှာစိုးတယ်တဲ့၊ ဒါကြောင့်
ကိုးကွယ်တဲ့ဆရာကို ပင့်ပြီး မိုးလွှဲ
တာ။ ဆရာက ဖယောင်းတိုင်ထွန်း
တော့ပွဲပေးပြီး မိုးလွှဲပေးတာ၊ သူ့
ယောင်းတိုင်ကို တောက်လျှောက်
ငြိမ်းအောင် ထွန်းထားရမှာတဲ့။
က စောင့်ပြီး ထွန်းနေရတော့မှာ၊
ိုင်းလည်း ကြည့်ရတော့မယ်
ောင်ပါဘူး… စိတ်ညစ်တယ်'

❑

လအနည်းငယ်အကြာတွင် ဖြစ်
သည်။ နံနက်ခင်း စောစော ကိုဝင်း
နှင့် မခင်သစ်တို့လင်မယားနှစ်
ောက် သူတို့ခြံဝင်းရှေ့၌ အလုပ်ရှုပ်
သည်ကို တွေ့ရ၏။ ကိုဝင်းတာက
ိုင်းဘုတ်တစ်ခုကို ဝင်းထရံတွင်
နှင့်ရိုက်ပြီး ချိတ်ဆွဲနေသည်။
င်သစ်က နံဘေးတွင် ခါးထောက်
ကြည့်နေလေသည်။ ပြီးလျှင် နှစ်
ောက်သား နောက်သို့ အနည်းငယ်
ပြီး ဆိုင်းဘုတ်အား တည့်၊
ည့် ကြည့်ကြပြန်၏။ ၎င်းနောက်
ယောက်မျက်နှာ တစ်ယောက်
ပြီး ကျေနပ်စွာ ပြုံးလိုက်ကြပြန်
သည်၊ ခေတ္တခဏ အကြာတွင် အိမ်
ွင်းသို့လက်ချင်းချိတ်ပြီး ဝင်သွား
လေ၏။

အဖြူခံ သုံးထပ်သားပေါ်၌ အနီ
ောင်စာလုံးဖြင့် စာကြောင်းနှစ်
ကြောင်းကို အထက်အောက်တစ်ကြောင်း
ထားသော ဆိုင်းဘုတ်လေးမှာ
အတိုက်တွင် တလှုပ်လှုပ်ခါယမ်းနေ
သည်။ အောက်အကြောင်းတွင် ရေး
သည့် 'ပွဲစားမလိုပါ' ဆိုသော စာ
ကြောင်းက ပိုပြီး ထင်ထင်ရှားရှားမြင်
သလိုပင်…။ ■ ခန့်ညီဖေ


ပဲ့တင်သံ ဂျာနယ်
Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

ဘယ်လိုမျိုးနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊ ပါတီအသံ၊
တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ ဈေးသည်အသံ၊ အနုပညာသည်အသံ၊
မြန်မာတစ်လွှားက နိုင်ငံသားအသံ၊
ကမ္ဘာတစ်လွှားက မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊
'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊
'သမဂ္ဂသတင်း'၊ 'သတင်းလူသား'
'သတင်းဝတ္ထု'…
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

**ဘုံလက္ခဏာများနှင့် အမျိုးအစား ကွဲပြားမှုလက္ခဏာများ**

ကမ္ဘာပေါ်ရှိ ဘာသာစကားများ၏ ဖွဲ့စည်းပုံများသည် တူညီမှုများရှိသ... ကွဲပြားခြားနားမှုများလည်း ရှိသည်။ အဘယ်ကြောင့် ဤသို့တူညီမှု၊ ကွဲပြား... ဖြစ်ပေါ်ရသည်ဆိုသည်ကို သမိုင်းအမြင်ဖြင့် လေ့လာမည်ဆိုလျှင် ဘာသာစကား... ပေါ်ပေါက်လာပုံအစကို စူးစမ်းလေ့လာရန်နှင့် ဘာသာစကားပြောင်းလဲမှု၏ အ... ကို ဖော်ထုတ်ရန်ဖြစ်သည်။ အခြားလေ့လာပုံတစ်နည်းမှာ သမိုင်းကြောင်းကို... မစဉ်းစားဘဲ ဘာသာစကားများ၏တူညီမှု၊ ကွဲပြားမှုများကို အသေးစိတ်သရုပ်... နှင့် ထိုမှတစ်ဆင့် ဘာသာစကားဖွဲ့စည်းပုံနှင့် အသုံးပြုပုံ(အလုပ်)ကို ယေဘုယျ... လေ့လာရန်ဖြစ်သည်။

ဤသို့လေ့လာရာတွင် လေ့လာပုံနှစ်နည်းရှိပါသည်။ ဘာသာစကားအားလုံး... ဖြစ်စေ၊ ဘာသာစကား အများစုတွင်ဖြစ်စေတွေ့ရသော တူညီမှုများကို လေ့လာ... နည်းနှင့် ကွဲပြားခြားနားမှုများကို လေ့လာသည့်နည်းတို့ဖြစ်သည်။ တူညီမှုများ...



လေ့လာခြင်းဖြင့် 'ဘာသာစကားများ၏ဘုံလက္ခဏာများ' (Language Univers... ကို ဖော်ထုတ်နိုင်ပြီး ကွဲပြားခြားနားမှုများကို လေ့လာခြင်းဖြင့် ဘာသာစကားအမျိုး အစားကွဲပြားမှုလက္ခဏာများ (Language Typology)ကို လေ့လာနိုင်သည်။ ထိုလေ့လာ... မှု နှစ်မျိုးသည် အပြန်အလှန် အထောက်အကူပြုပါသည်။

၁၈ ရာစုကုန်ကတည်းက ဘာသာစကားလေ့လာမှုတွင် ဘာသာစကားကွဲပြား... သဘာဝကို ရှင်းလင်းဖော်ပြရန် ပဓာနအားဖြင့် အားပြုလေ့လာခဲ့ကြသည်။ ဤ... လေ့လာရာတွင် အနှိုင်း ဝေါဟာရဗေဒ (Comparative Philology) နှင့် ဒေသိယ... (Dialectology) တို့ကို အာရုံပြုလေ့လာကြပြီး ဘာသာစကားများ၏ မျိုးနွယ်အ... ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအစားများကို လေ့လာရန် အားထုတ်ကြသည်... ၂၀ ရာစုအထိ ထိုလေ့လာမှုကို ဆက်လက်ပုံဖော်ခဲ့သည်။ လက်တင်ဘာသာစကား... အကောင်းဆုံးစံအဖြစ် အများလက်ခံပြီး ဘာသာစကား အသုံးပြုရာတွင် ဘယ်စ... ကို ဘယ်လိုသုံးရမည် ဘယ်လို မသုံးရဟူ၍ ပြဋ္ဌာန်းသည့် ၁၉ ရာစု အစဉ်အလာ... ဆန့်ကျင် တုံ့ပြန်လျက် ဘာသာစကားများ ကွဲပြားပုံကို ဘာသာဗေဒပညာရပ်...



www.burmeseclassic.com

www.burmeseclassic.com

...ခဉ်တစိုက် အလေးထား ထောက်ပြခဲ့သည်။

၁၉၅၀ လွန်နှစ်များကစ၍ ဘာသာစကား လေ့လာမှုတွင် ဘာသာစကားကွဲပြား မှုကို အားမပြုတော့ဘဲ အမေရိကန်ဘာသာဗေဒပညာရှင် နိုအမ်ချွန်စကီး (Noam Chomsky 1928-)၏ သုတေသနမှပေါ်ထွက်လာသည့် ဘာသာစကားများ၏ ဘုံလက္ခဏာ သဘောလေ့လာမှုသည် ရှေ့တန်းရောက်လာသည်။ ချွန်စကီး၏ထုတ် လုပ်မှု သီအိုရီ (Generative Theory)အရ ဘာသာစကားတစ်ခုမှ သဒ္ဒါမှန်ဝါကျ အားလုံး ထုတ်ဖော်နိုင်သည့်တစ်ခုတည်းသော ဖွဲ့ထုံးစည်းကမ်းဖော်ထုတ်မှုကို အဆိုပြု သည်။ ဤစည်းကမ်းများကို တိကျကျစ်လျစ်စွာ သတ်မှတ်ဖွင့်ဆိုရန်အတွက် အသုံးပြု သည့်သဒ္ဒါသည် ယေဘုယျမှုတစ်ခုပေါ်တွင် အခြေပြုရန်လိုအပ်သည်။ ထိုမှုများကို ဘာသာစကားဘုံသဘောဆိုင်ရာလက္ခဏာများအဖြစ်မှတ်ယူရန် ဖြစ်သည်။ ဘုံလက္ခ ဏာများကို နားလည်သဘောပေါက်ခြင်းသည် ဘာသာစကားကို နားလည်မှုနက်ရှိုင်း စေသည်သာမက လူ့အသိဉာဏ်စွမ်း အားကိုနားလည်ရန်အတွက် လိုအပ် သော ခြေလှမ်းတစ်လှမ်း ဖြစ်သည်။

> ဘာသာစကား အမျိုးအစားကွဲပြားမှုကို လေ့လာသူများ၏ အလိုအရ ဘာသာစကားများ၏ ပုံမှန်မဟုတ်သည့် လက္ခဏာများ သီးသန့်ကွဲပြားသည့် လက္ခဏာများကို ကြိုတင်တွက်ဆ၍ မရ ဟု ဆိုပါသည် ထိုအခြေအနေတွင် ဘာသာစကားတစ်ခုချင်း အနက်အရှိုင်း လေ့လာခြင်းထက် ဖြန့်ကြက်လေ့လာခြင်းက ပို၍ သင့်လျော်သည်ဟု ဆိုပါသည်

ချွန်စကီးအမြင်အရ ဘာသာဗေဒ ၏ ရည်မှန်းချက်သည် ဘာသာစကား တစ်ခုချင်း လေ့လာသည့် နယ်ပယ်မှ ကျော်လွန်ပြီး ဘာသာစကား၏ ဘုံ သဘောဆိုင်ရာ လက္ခဏာများကို ဖော် ထုတ်ပြီး ဘုံသဒ္ဒါ (Universal Grammar) တစ်ခုကို တည်ဆောက်ရန် ဖြစ်သည်။ ဘုံသဒ္ဒါတွင် လူ့သဘာဝနှင့် အညီ ဘာသာစကား ကွဲပြားခြားနားမှု အတိုင်း အတာလည်း ရှိမည်ဖြစ်သည်။ သို့ဆို လျှင် လူ့ဘာသာစကား ကွဲပြားခြားနား မှုတွင် မည်သို့သော ကန့်သတ်ချက်များ ရှိပါသလဲ။ ဘာသာစကားများသည် လူတို့ပါးစပ်ကထွက်နိုင်သော အသံ အားလုံးအသံတွဲအားလုံး၊ စကားလုံးအစီ အစဉ်အားလုံးကို အသုံးမပြုပါ။ သို့ဆို လျှင်ဘာသာစကားများတွင် လိုအပ်သော လက္ခဏာများအဖြစ် အသုံးပြုနေသောပုံစံများနှင့် ဘယ်ဘာသာစကားတွင်မှ အသုံးမပြု သောပုံစံများကို နယ်ကန့်ပိုင်းခြားနိုင်သည်။ ထိုသို့မဟုတ်လျှင်လည်း ထိုအစွန်းနှစ်ခု ကြားတွင် ဘာသာစကားအများဆုံး၌ တွေ့ရသော လက္ခဏာများမှသည် ဘာသာ စကားအနည်းငယ်၌သာ တွေ့ရသော လက္ခဏာများအထိ ဆင့်ကဲဆင့်ကဲ ကွဲပြားသွား သည့် ဖြစ်စဉ်တန်းကြီး တည်ရှိနေပါလိမ့်မည်။ ထိုပြဿနာများသည် လက်ရှိဘာသာ ဗေဒပညာရှင်အများအပြား အာရုံစူးစိုက်သော ပြဿနာများ ဖြစ်သည်။

ဘာသာစကား အမျိုးအစားလေ့လာမှုနှင့် ဘုံလက္ခဏာလေ့လာမှုတို့သည် မိမိတို့ ...သန်ရာ လေ့လာကြခြင်းဖြစ်ပြီး လေ့လာမှုနှစ်မျိုးစလုံးက အသိအမြင်များပေးပါ သည်။ လေ့လာပုံ လေ့လာနည်းမှာမူ ကွဲပြားခြားနားသည်။ ဘာသာစကားအမျိုးအစား လေ့လာသူများက ဘာသာစကားများကို ဖြန့်ကြက်၍လေ့လာပြီး စကားလုံး အစီ အစဉ်၊ စကားလုံးအမျိုးအစား၊ အသံအမျိုးအစား စသည့် မြင်သာသော ဖွဲ့စည်းမှုများကို ယေဘုယျခြုံ၍ ကောက်ချက်ချကြသည်။ ဘုံလက္ခဏာ လေ့လာသူများကမူ ထိုသို့ ဖြန့်ကြက် လေ့လာမှုမပြုဘဲ ဘာသာ စကားတစ်ခု ချင်းကို အနက်အရှိုင်း လေ့လာကြသည်။ အထူးသဖြင့် သဒ္ဒါ နယ်ပယ်ကို အာရုံပြုကြသည်။ ဘာသာ စကားတစ်ခု၏ အကောင်အထည် မမြင် သာသောအရင်းခံသွင်ပြင် လက္ခဏာများ စွမ်းရည်သတ္တိများကို စူးစမ်းဖော်ထုတ် ကြသည်။ ကောက်ချက်ချကြသည်။

ဘာသာစကားများ၏ ဘုံလက္ခ ဏာများကို လေ့လာမည်ဆိုလျှင် ဘာ သာစကား အများအပြား လေ့လာရန် မလိုအပ်ဘူးလားဟု မေးစရာရှိပါသည်။ ချွန်စကီးက မလိုအပ်ဟု ဆိုသည်။ အကြောင်းမှု ဘာသာစကားတစ်ခုသည် လူသားတို့ ပြောဆိုနေသော ဘာသာ စကား ဖြစ်သည့်အတွက် ထိုဘာသာ စကားတွင် ဘာသာစကား အားလုံး၏ ဘုံလက္ခဏာများ ပေါင်းစည်းပါဝင်နေ မည်ဖြစ်သည်။ လေ့လာသော ဘာသာ စကား၏ သီးခြားလက္ခဏာများလည်း ပါဝင်နေသည်ဖြစ်သည်။ ထိုလက္ခဏာ များကို ဖော်ထုတ်နိုင်ရန်မှာ ဘာသာ စကား တစ်ခုချင်းကို အသေးစိတ် လေ့ လာဖို့ပင် ဖြစ်သည်ဟု ချွန်စကီးက ဆိုပါ သည်။ လေ့လာရာတွင် ဘာသာစကား များများကို စူးစမ်းလေလေ ထိုဘာသာ စကား တစ်ခုချင်း၏ နောက်ကွယ်မှာ ရှိနေသော အချက်အချာကျသည့် လက္ခ ဏာများကို မြင်နိုင်ဖို့ ခဲယဉ်းလေလေ ဖြစ်သည်ဟု ဆိုပါသည်။

တစ်ဖက်ကကြည့်လျှင် ဘာသာ စကားတစ်ခုချင်း အသေးစိတ် လေ့လာ ခြင်းဖြင့် ဘုံလက္ခဏာများကို မှန်ကန်စွာ တွေ့မြင်နိုင်မည် မဟုတ်ဟု ဆိုနိုင်သည်။ အကြောင်းမှု အလေ့လာခံဘာသာစကား ၏သွင်ပြင်လက္ခဏာများတွင် အခြား ဘာသာစကားများတွင် ယေဘုယျအား ဖြင့် တွေ့မြင်နိုင်သော လက္ခဏာများ မပါဘဲ ကျန်နေနိုင်သောကြောင့် ဖြစ် သည်။ သာဓကအားဖြင့် အလေ့လာခံ ဘာသာစကားအဖြစ် အင်္ဂလိပ်ဘာသာ စကားကို ရွေးချယ်မည်ဆိုပါစို့။ အင်္ဂလိပ် ဘာသာစကားတွင် ပစ္စုပ္ပန်ကာလ

www.burmeseclassic.com

ကြိယာအတွက် နောက်ဆက်တစ်ခုသာ ရှိခြင်း(ပုံစံ She Runs)၊ တုမှယောဂ (နာသူ) အသုံး(You)တွင်(ပြင်သစ်ဘာသာမှာ tu နှင့် Vous ခွဲသကဲ့သို့) ဧကဝုစ်၊ ဗဟုဝုစ် မခွဲခြားခြင်းတို့ကို တွေ့ရသည်။ အခြားဘာသာစကားများတွင်ရှိသော်လည်း အင်္ဂလိပ်ဘာသာမှာ မရှိသော လက္ခဏာများဖြစ်သည်။ ဘာသာစကား အမျိုးအစားကွဲပြားမှုကို လေ့လာသူများ၏အလိုအရ ဘာသာစကားများ၏ ပုံမှန်မဟုတ်သည့် လက္ခဏာများ၊ သီးသန့်ကွဲပြားသည့် လက္ခဏာများကို ကြိုတင်တွက်ဆ၍ မရဟု ဆိုပါသည်။ ထိုအခြေအနေတွင် ဘာသာစကားတစ်ခုချင်း အနက်အရှိုင်းလေ့လာခြင်းထက် ဖြန့်ကြက်လေ့လာခြင်းက ပို၍သင့်လျော်သည်ဟု ဆိုပါသည်။

ဘုံလက္ခဏာ လေ့လာသူများကမူ ဘာသာစကားအားလုံးအတွက် ခြွင်းချက်မရှိသော လိုရင်း ဖော်ပြသည့် ဖော်ထုတ်ချက်များ ပြုလုပ်ရန် စံအဖြစ် ရည်မှန်းကြသည်။ လက်တွေ့အားဖြင့် အနည်းအကျဉ်းသာ ဖော်ထုတ်နိုင်ကြသည်။ ဖော်ထုတ်ချက်များမှာလည်း ထင်ရှားပြီးသားဖြစ်သော 'ဘာသာစကားအားလုံးမှာ သရ ရှိသည်'ဟူသော ဖော်ထုတ်ချက်များ ဖြစ်နေသည်။ အမှန်အားဖြင့် ခြွင်းချက်မရှိသော ဘုံလက္ခဏာဟူ၍ မရှိနိုင်ပါ။ နှိုင်းယှဉ်ဖော်ပြသော ဘုံလက္ခဏာမျိုးကိုသာ စာရင်းအင်း ကိန်းဂဏန်းတို့ဖြင့် ဖော်ထုတ်နိုင်ကြသည်။ သာဓကအားဖြင့် 'ဘာသာစကားများ၏ ၉၉ ရာခိုင်နှုန်းကျော်ကို လေ့လာသောအခါ စကားလုံးအထားအသို အစီအစဉ်တွင် ကတ္တားပုဒ်သည် ကံပုဒ်၏ရှေ့မှာ ရှိသည်ကို တွေ့ရသည်'ဟူသော ဖော်ပြချက်မျိုး၊ 'ဘာသာ စကား ၃၀၀ ကျော်၏ စကားသံဖွဲ့ပုံကို လေ့လာကြည့်သောအခါ နာသံ ဗျည်းမရှိသော ဘာသာစကား အရေအတွက်မှာ ၃ ရာခိုင်နှုန်းအောက်မှာ ရှိသည်'ဟူသော ဖော်ပြချက်မျိုးကိုသာ ဖော်ပြနိုင်ပါသည်။

'ဘာသာစကား အားလုံးမှာ နာမ် ရှိသလား၊ သရရှိသလား'ဟူသော မေးခွန်းကို 'ရှိသည်'ဟု ဖြေကြမည်ဖြစ်သော်လည်း အချို့သော အစိတ်အပိုင်းများမှာမူ 'နာမ်'၊ 'သရ'တို့ကဲ့သို့ ဘာသာစကားတိုင်းမှာရှိသော အစိတ်အပိုင်းများ မဟုတ်ပါ။ ဘာသာစကားအားလုံးမှာ ကာရကပစ္စည်းများ၊ ဝိဘတ်များ၊ အနာဂတ်ပြစကားများ မရှိပါ။ ဘာသာစကား အားလုံးမှာ စကားလုံး ရှိသလားဟူသော မေးခွန်းကိုဖြေလျှင် စကားလုံးကို ဘယ်လိုသတ်မှတ်သည်ဟူသော အချက်ပေါ်တွင် မူတည်၍ ဖြေရမည်ဖြစ်သည်။ အချို့သော ဘုံလက္ခဏာများသည် သဘောနှစ်ခု၏ ဆက်သွယ်မှုပေါ်တွင် မူတည်နေသည်။ သာဓကအားဖြင့် 'ကြိယာ+ကတ္တား+ကံ' ဟူသော အစီအစဉ်ဖြင့် ဝါကျဖွဲ့သည့် ဘာသာစကားများတွင် နာမဝိသေသနသည် နာမ်၏နောက်တွင်ရှိသည်'ဟူသော ဘုံလက္ခဏာ ဖော်ပြချက်မျိုး၊ 'နာမ်တွင် သဒ္ဒါလိင်ရှိသော ဘာသာစကားများ၌ နာမ်စားတွင်လည်း သဒ္ဒါလိင်ရှိသည်'ဟူသော ဘုံလက္ခဏာ ဖော်ပြချက်မျိုးတို့ ဖြစ်သည်။ ■

**မောင်ခင်မင်(ဓနုဖြူ)**


Dictionary for All

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉...

၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၉၉၂၂၈





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို
တန့်ဆည်နယ်သားလို့
သိထားရင်
လုံလောက်ပါတယ်။
ဟိုးအနောက်နားက
ခင်နုဆည့်တို့
ဝါးရှာငယ်တို့ ဆိုတဲ့
ရွာနာမည်တွေ
လျှောက်ပြောနေရင်
ရှုပ်ကုန်မှာမို့
ယ်မှာ ချက်မြှုပ်ဆိုတာက
ဒီအခါက မကျလှပါဘူး။
ဒါပေမဲ့ ခုတော့ ကျုပ်
ဘယ်ရောက်နေလဲ သိလား။
နိုင်ငံခြားမှာတဲ့
နိုင်ငံခြားမှာ။
ရုရှားတိုင်းပြည်ထဲလာပြီး
လုပ်ကိုင်စားနေရတာ
ဒီလိုပဲ အိုကေစုံပြည့်အောင်
မြှုပ်ပြင်စီရင်နေရတာပေါ့။
အလုပ်ဆိုတာကတော့
ဘယ်အလုပ်ကများ
လွယ်ကူတယ်၊
သက်သာတယ်
ရှိရမှာတုံးဗျာ။
လူ မဟုတ်ရင် စိတ်
တစ်ခုခုတော့
ပင်ပန်းနေရတာပါပဲ။
ဓားပြတိုက်လည်း
မသက်သာဘူး၊
ခါးပိုက်နှိုက်တာလည်း
မလွယ်ဘူး။ ခု
ကျုပ် အလုပ်မျိုးက
ပိုတောင်ခက်ဦးမယ်။
ကာစတန်မာလို့
လူအထင်ကြီးအောင်
သုံးရင်လည်း
ရမယ်ထင်ရဲ့။
ရိုးရိုးပြောရင်
စားသုံးသူပေါ့ဗျာ။
အဲ အဲဒီဖောက်သည်ရဲ့
စိတ်ကြိုက်ဖြစ်အောင်
ညှိနှိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ဝန်ဆောင်မှုပေးရတယ်။ သူတို့ခံစားချက်က ဘာအတွက်လဲ၊ ဘယ်နည်းဘယ်ပုံ ဖြစ်သွားစေချင်တာလဲ စသဖြင့်ပေါ့။ ဒီနေရာမှာ သူတို့ ရွေးချယ်ပေးတဲ့သားကောင် မှားမပစ်မိဖို့က အတော် အဓိကကျတယ်။ ဒီအလုပ် စ, လက်ခံတုန်းက တစ်ခါ မှားဖူးသေးတယ်၊ ကျုပ် စိတ်ကို မကောင်းဘူး။ အချောင်ခံလိုက်ရတဲ့ သတ္တဝါကို သနားမိသလို ကျုပ်လည်း မလိမ္မာနှစ်ခါပန်းရတာပေါ့။ ထားပါ။ အဲဒီကတည်းက နောက်မယွင်းဖြစ်အောင် သတိဆောင်နေရတော့တာ။

ကျုပ်က မိရိုးဖလာ ဗုဒ္ဓဘာသာက ဆင်းသက်လာတဲ့ တောသူတောင်သားတစ်ယောက်ပါပဲ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွေရဲ့ အကျိုးဆက်ကို ယုံတယ်။ ဝဋ်ကြွေးတို့ အတုံ့အလှည့်တို့ ဆိုတာတွေလည်း ကြောက်တယ်။ သံသရာကိုလည်း မြင်ယောင်မိတယ်။ နို့ ဘာဖြစ်လို့ ဒီအလုပ်ထဲမှာ ပျော်ပိုက်နေရတာလဲလို့ မေးချင်မှာပေါ့။ ကျုပ်က ပျော်ပိုက်ပါတယ်လို့မှ ပြောမထားဘဲဗျာ။

❑

ပျော်ရာမနေ တော်ရာမှာနေ ဆိုတာက လူကြီးတွေ ခံတွင်းချဉ်လို့ ရွတ်သွားတဲ့ စကားမှ မဟုတ်ဘဲကိုး နော့။ ကျေးလက်တောရွာလေးတစ်ခုမှာ မထင်မရှားနဲ့ဘဲ မွေးဖွား၊ လယ်ကြိုချောင်းကြား လူလားမြောက်ခဲ့ရတဲ့ ကျုပ် ငယ်ဘဝဖြစ်စဉ်တွေက အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ပြစရာ တစ်ကွက်

> 'လူရှုပ်လူပွေ
> ရွှေလီနေ
> လူလိမ်လူကောက်
> ရွှေလီရောက်'
> ဆိုပြီး
> တချို့
> စပ်ဆိုသွားတဲ့
> ပညာရှင်ကို
> သိရင်
> ဒီစကားကို
> တစ်ပြားလောက်နဲ့
> ဂုဏ်ပြုချင်
> လိုက်တာဗျာ

မှ မရှိခဲ့ပါဘူး။ ကျုပ် ကြီးကောင် ဝင်လာချိန်မှာ အမေ အိပ်ရာထဲလဲပြီဆိုတော့ အဘ ပြောတဲ့ စကားကို စိတ်နောက်ကျိနေတဲ့ကြားက ပြုံးဖြစ်သေးတယ်။ 'ငါ မိန်းမယူမယ်လို့ စဉ်းစားတုန်း မီးယပ်ပိန် မီးယပ်ကျိုးတွေ အတွေးထဲ မပါပါဘူးကွာ' ဆိုတာ ပြန်ကြားမိတိုင်း အမေနဲ့ အဘကို သတိရနေမိတော့တာပဲ။

အဲဒီမီးယပ်ကျိုး အတွေး မရှိခဲ့ဘူးဆိုတဲ့အဘကိုယ်တိုင် လည်း ဒုလာခွစီးပြီး ခရီးဆက်ထွက်သွားပြီဆိုတော့ ကျုပ် ရွာမနေချင်တော့ဘူး။ အဖော်ကောင်းလို့ ကျောက်မြောင်းတစ်ခေါက် မရောက်ဘဲ မိုးကုတ် တက်လာခဲ့မိတယ်။ ဘဝဆိုတာ ကိုယ်ဖြစ်ချင်ရာဖြစ်တာလား၊ သူဖြစ်ချင်ရာဖြစ်နေတာလား ဆိုတဲ့ မေးခွန်းကို ခုထိ ကျုပ် မဖြေနိုင်သေးဘူး။ ကျုပ်လို ဉာဏ်ထုံဆွံ့နဲ့လည်း ဘယ်တော့မှ ဖြေနိုင်မှာ မဟုတ်ပါဘူး။ သူငယ်ချင်း ဆက်စပ်ပေးတဲ့ 'ပေါလန်' အိမ်မှာ စတည်းချနေလိုက်ရုံပဲ ရှိတော့တယ်။ 'ပေါလန်၊ မဲလန်' ဆိုတာ ကျွေးတဲ့ အမေ အဖေ လို့ အဓိပ္ပာယ်ထွက်မှာပေါ့၊ ရှမ်းလိုဆိုလား။

လူကိုယ်တိုင် မရောက်ဖူးသေးခင်ကတော့ ပတ္တမြားမြေဆိုတာ နတ်ဘုံနတ်နန်းတမျှ ခမ်းနားလှတယ်လို့ ကြားစကားတွေနဲ့ နားဝမှာ တင့်တယ်နေမိတာပေါ့။ ရောက်လာရတော့လည်း ရာသီဥတု ကလွဲရင် ကျန်တာတွေက တယ် မထူးလှပါဘူး။ တကယ် နေထိုင်ကြည့်မိတော့မှ မိုးကုတ်သူ မိုးကုတ်သားတွေဟာ 'လူအ' တွေ များနေတာကို သတိထားမိလာတယ်။ ဘာတုံး၊ မယုံချင်ဘူးလား၊ ကြည့်လိုက်လေ။ ရှိုးမန်းနီး ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ တစ်မြို့လုံးရှိသမျှ ပိုက်ဆံတွေ ဖျူပြာခါပြီး ချွတ်ခြုံကျသွားတာကို အမှတ်သည်းခြေ မရှိနိုင်ကြသေးဘူး။ နောက်တစ်ခါ ဖောက်လာပြန်ပါပြီ။ 'ငွေစုလေလံ' တဲ့။ လုပ်လိုက်ပဟ။ တစ်တုံးကုန်လည်း မသိ၊ နှစ်တုံးကုန်လည်း မမှတ်လို့ပြော

ရင် ကျုပ် လွန်တယ် ဖြစ်ဦး တော့မယ်။ အသေအပျော ရော၊ ရုံးတိုင်ဂတ်ရောက်တွေ ပါ နည်းသလား။ ဒီအမှုတွေ ဟာ သူများက လာပြုနေတာ မဟုတ်ဘူး။ ကိုယ့်မိုးကုတ် က လူတချို့တွေကပဲ အမှိုက် ကို အမှိုက်ချင်း ရှုပ်နေကြတာ

သာရေး၊ နာရေး တွေ မွေးတဲ့နေရာမတော့ ဒီမြို့ လေးဟာ အင်မတန် ရ ရောရှာပါတယ်။ ဘယ်အေ နဲ့မှုကို မတူစေရဘူး။ ရန်ကု က 'ဘူဖေး' ဆိုတာများ ခေ တစ်နေ့ကမှ စ, ထွင်လာတာ ကျုပ်တို့ တောရွာတွေမှာ ကျွေးနေတာဖြင့် ကြာမြင့် လှပြီ။ ကိုယ့်ပန်းကန် ကိုယ် ဆွဲ၊ ကိုယ့်စားပွဲကိုယ်ဦး လုလုယက်ယက် အချေ သွက်စရာကြီး။ ဖွယ်ဖွယ် ရာမျိုးတော့ ဘယ်ဟုတ် မလဲ။ ပဲတီချဉ်၊ ငါးခြော ထောင်းနဲ့ မှန်ရောင်ဟင်း ဆိုရင် လည်ချောင်းနင်တော မျိုမဝနိုင်ကြဘူး။ အဲ အ ဒီမိုးကုတ်မြို့ကတော့ တော လည်း ကွာတယ်။ မြို့ထ လည်း သာတယ်။ အ ပယ်ကျွေးပစ်တာ။ ဒီစေတ အကိုးပေးတွေကြောင့်ပဲ မြ နိုင်ငံမြေပုံထဲက မိုးကု ပျောက်မသွားတာ ထင်ရဲ့

ကျုပ် မိုးကုတ်ရော တော့ မြို့လေးက ယဲ့ယဲ့ တော့တာပါ။ ဟိုနား ' စပ်'၊ ဒီနား 'ဦးပိုင်' နဲ့ 'သ ပိုင်' စရာကို မကျန်တော့ မိုးကုတ်က ထွက်တဲ့ကျေ ကို မိုးကုတ်မှာ မမြင်ဖူး လည်း ကြာပြီ။ ဒါ ရောက်လာပြီးမှတော့ ပေကတ်နေရတာ လ။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင့်နောင် ဖောင်ဖျက်ပုံနဲ့ နှိုင်းရက်စရာ မတန်ပေမဲ့ နောက်လှည့်ကြည့်ရင် ဖနောင့် ခဲရှိတဲ့ ကျုပ်အတွက် ပြန် ွက်သွားစရာမှ မရှိတာဘဲ။ ဒီလိုနဲ့အကျိုးပေးက အကြောင်း င်ချင်တော့ ကျုပ်အတွက် း‌လောက်စွဲလောက်တဲ့ ျောက်ကောင်းလေးတွေ မြကြီးထဲက သီးပွင့်လာသ ာ ကျုပ် ဒီမြေမှာ ပျော်စပြု တာမှန်ပေမဲ့ အဲဒီအပျော် ကြာကြာမခံလောက်ပါဘူး။

ပြောမယ်လေ။ ပေါ န်မဲလန်တို့မှာ သမီးချည်း သုံးယောက် မွေးထားတာ အဲဒီထဲက အလတ်မ စ်ယောက်ကို ကျုပ် သက်ဘူး။ ဒီအိမ်ကို ရောက်စကတည်းက ကျုပ် ကို ထိချင်ငြိချင်သလိုတွေ သိသားပေါ့။ ရဟန္တာ ည်း မဟုတ်၊ သစ်ငုတ် ည်း မမည်တဲ့ ကျုပ်ဟာ ခဉ်ဆိုတာထက် ဘာမှ နိုင်ပါဘူး။ ခက်တာက ကျုပ်ဆိုတဲ့ကောင်ကလည်း မဆို အလိုလို ရွံ့နေတတ် ကလား။ အဘပြောဖူးတဲ့ ယ်ကျိုးကြောင့် မဟုတ် လို မိန်းမမုန်းတီးရေးဝါဒ ည်း မသိပါဘူး။ ဒီလိုဖြင့် ုန်းကြီးလားလို့ မေးမယ် ပါတော့။ သိချင်ရင် လာ ကြည့်လို့ရပါတယ်။

ကျုပ် ဝေစုပိုင်ဆိုင်သမျှ က်ဆံတွေကို အဲဒီအလတ်မ သိမ်းထားပေးမယ် တစ် ချေးငှားပါဦး တစ်သွယ် သူ့ဘဏ်စာရင်းထဲ ကဲ့ယူ ည့်လှောင်ပြီး လက်ဖက်ချုး လို အညွန့်ဖူးတွေ ဆိတ် ထားတာ။ ကျုပ်က လည်း ငတုံး။ အောက်နတ်တွေလို အငွေ့ဘုဦးရုံနဲ့ တင်အာရုံမှာ လုံလောက်နေတဲ့ကောင်။ တကယ်တမ်း လက်တွေ့ဆန်ဖို့ အကောင်အထည်ဖော်တော့ အလတ်မဘေးမှာ ကျုပ် မရှိရတော့ဘူး။ တစ်မြို့တည်းသားချင်း လူမျိုးစုတူတဲ့ သူတစ်ယောက်ကပဲ ကျုပ်ကိုယ်စား သင့်မြတ်တော်မူလှတဲ့ မင်္ဂလာစုံတွဲအဖြစ်နဲ့ပေါ့လေ။ မျှော်လင့်ချက်တွေ အက်သံပေးလို့ အဆွေးဒဏ်ရာထင်တဲ့ နွေ့စွဲများဆိုပြီး ကဗျာဆန်ပစ်ဖို့ ကောင်းလိုက်ဘူးလားဗျာနော့။

ကျုပ် ဆိုတာက ရိုးရိုးနေ စင်းစင်းပြောတဲ့ တောသားစစ်စစ်ပါ။ ဒီလိုတော့ ဘယ်ငြိမ်ခံနေလိမ့်မလဲ။ ကျုပ်ပိုက်ဆံ ဘယ်ရွှေ့ဘယ်မှုအတွက်ကို လွှမ်းမနေပါဘူး။ အလှည့်ဖြားခံယောက်ျားတစ်ယောက်ရဲ့သိက္ခာ အရောင်ပြန်လက်အောင် အမောက်ထောင်ပြရုံလေးမို့ ချွေးမစို့လိုက်ရတာကိုပဲ အားနာမိတော့တယ်။ အလတ်မရဲ့ မျက်နှာ၊ လည်ပင်း၊ ရင်ညွန့်နဲ့ ကျောကုန်းမကျန်အောင် စိတ်ဖိစီးသမျှဓားနဲ့လှီးပြီး မွှမ်းပစ်လိုက်ရတာကို တန်ရာတန်ကြေးလို့ပဲ ဖြေသိမ့်နိုင်လိုက်ပါပြီ။ သူ့သွေးတွေက ပူနွေးနေပေမဲ့ ကျုပ်သွေးကတော့ အေးဆေးပါပဲ။

❑

'လူရှုပ်လူပွေ ရွှေလီနေ၊ လူလိမ်လူကောက် ရွှေလီရောက်' ဆိုပြီး 'စာချိုးစပ်ဆိုသွားတဲ့ ပညာရှင်ကိုသိရင် ဝီစကီတစ်ပြားလောက်နဲ့ ဂုဏ်ပြုချင်လိုက်တာဗျာ။ အတော်ကြီး မှန်နေတာကိုး။ မှန်လွန်းလို့ပဲ ပြုစုချင်တာပါ။ ဝေးဝေးမကြည့်နဲ့ ကျုပ်ကိုပဲ မြင်လိုက်။ လူလိမ်လူကောက်ထဲမှာ မပါတောင် လူရှုပ်လူပွေစာရင်းမှာတော့ ကျုပ် အတို့ခံရပြီးသား။ ဟုတ်တယ်မို့လား။ ဒီဂုဏ်ပုဒ်ကြောင့်ပဲ ဒီလိုနေရာရောက်လာခဲ့ရတာပေါ့။ မြန်မာနိုင်ငံအနှံ့အပြားက နာမည်ဆိုးနဲ့ ကျော်ကြားတဲ့သူရဲကောင်းအများစုဟာ ဒီရွှေလီဘက်မှာ ကျုပ်လို လာဥ,နေရတာချည်းပဲ။

အသက်မပြည့်သေးတဲ့ ရှမ်းခနုမနဲ့ ငြိပြီး ပြဿနာတွေ ရှုပ်ထွေးလာလို့ ထွက်ပြေးလာရတဲ့ တောင်ကြီးက လျောင်ကီး၊ နံပါတ်မဲ့တဲ့ကားကိစ္စနဲ့ ရှောင်တိမ်းခဲ့တဲ့ မုံရွာက အုံနာ၊ လူကုန်ကူးမှုပုဒ်မတွေကြောင့် မိုးကြိုးသွားကို ထန်းလက်ဖြန့်ကာတဲ့ မော်လမြိုင် ဒေါ်ကြိုင်၊ ကုန်သည်ပေါင်းစုံဆီက ကျောက်မျက်ရတနာတွေကို လိမ်ညာယူထားလို့ အိမ်မှာမနေရဲတော့တဲ့ မိုးကုတ်က ဖိုးတုတ် အပါအဝင် အိုးပုတ်နဲ့ ချိုးရုပ်တို့အာ စုံလို့ စုံလို့။ ကိုယ့်အရပ်ဒေသမှာ နေထိုင်လုပ်ကိုင်စားသောက်လို့ မရတော့တဲ့ လူစုတ်တွေအားလုံးနီးပါး ဒီနား လာစုကြတာပဲ။

ပြောပြီးပြီလေ။ ကျုပ်ကိုပဲကြည့်ပါလား ရောက်စ,တုန်းကတော့ ငတ်တစ်ခါပြတ်တစ်လှည့်ပဲ။ အင်္ဂလိပ်စာလည်း ဘီနဲ့ အီးနဲ့ မကွဲပြား။ တရုတ်စာဆိုပြန်တော့ ဘူးသီးကြော်လား၊ ဂေါ်ရခါးသီးကြော်လား မခွဲခြားနိုင်တဲ့ အခြေခံပညာ အားနည်းခဲ့သူဆိုတော့ အများတကာရဲ့ ခိုင်းဖတ်ပေါ့။ မသေရုံ စားရသောက်ရတယ်ဆို ပြီးပြီ။ ခိုင်းချင်ရာခိုင်း၊ အောက်ခြေသိမ်း အကုန်လုပ်ရတယ်။ အိမ်သာကစ ဆေးတယ်ဗျာ။ ကျန်တာတွေဆို ပြောမနေနဲ့တော့။

အကြွေဘဏ်ဆိုတာကလည်း ငတ်ဖော်ငတ်ဖက်ချင်းမှ သွေးစည်းတတ်တာပေါ့။ ပန်းရန်နောက်လိုက် အလုပ်ရခဲ့တယ်။ သူတို့ပြောတဲ့ လောပန်းဆိုတာကို မမြင်ဖူးပါဘူး။ လိုမှ မလိုတာဘဲလေ။ လောပန်းရဲ့လူယုံနဲ့ဆို လုံလောက်နေပြီပဲ။ ဘယ်လုပ်ငန်းခွင် ဝင်ရမယ်။ လုပ်အားခ ဘယ်လောက်ခံစားခွင့်ရှိမယ်ဆိုတာတွေက အဲဒီလူနဲ့ညှိရင် ရပြီ။ အစပိုင်းမှာတော့ ဟုတ်နေသေးရဲ့။ ဒီပုံအတိုင်းရေရှည်ဆိုရင် ငွေပိုငွေလျှံလေးတောင် စုမိနိုင်ကောင်းတယ်ဆိုပြီး အားတွေတက်လှပေါ့။ လုပ်နိုင်ဖို့ရာအတွက်တော့ မပူပါဘူး။ လူသားအရင်းအမြစ်ဆိုတဲ့ ကျုပ်ခန္ဓာကိုယ်မှာ စွမ်းအားတွေ အများကြီး ပိုနေသေးတာပဲ။

ကျုပ် စောစောက ပြောခဲ့တဲ့ဘဝဆိုတာ ကိုယ်ဖြစ်ချင်ရာ ဖြစ်တာလား၊ သူ ဖြစ်ချင်ရာ ဖြစ်နေတာလားဆိုတာ အဲဒါပြောတာပေါ့။ လိုရာပျံသန်းခွင့်မရှိတဲ့ ပလီစဉ်းလဲတောင်ပံတစ်စုံကို ဘယ်လိုယုံကြည်နိုင်ရတော့မလဲ။ အလုပ်စ,ဝင်တုန်းကတော့ လုပ်အားခအတွက် ငွေသံကြေးသံမြည်နေသေးတယ်။ နောက်ပိုင်းကျ ကိုယ့်လူက မှုမမှန်ချင်တော့ဘူး။ နေ့ရွှေ့ညရွှေ့တွေ များလာတယ်။

www.burmeseclassic.com

ကိုယ်ယောင်ဖျောက်ပြီး မောက်မာပြနေတတ်တယ်။ ခက်ပြီ။ ရှိတာလေးစားရင်းနဲ့ အဲဒီ ကိုရွှေလူလည်ကြီးကို စုံစမ်းရှာဖွေလုပ်နေရတာ ကြာလာတော့ ဆေးလိပ်လည်းတို၊ နေလည်း ညိုပြီမို့ ကျုပ်ကိုသာ ကဗျာထဲက ဆွဲထုတ်ပစ်လိုက်ပါ ဆရာ တင်မိုးခင်ဖျား…။

လူဆိုတာမျိုးက ကိုယ်ပြေလည်နေချိန်မှာ မေ့ပျောက်ထားနိုင်ပေမဲ့ ကျုပ်တည်းငတ်မွတ်လာပြီဆိုရင် ကိုယ် ပိုက်ဆံရစရာရှိတဲ့သူရဲ့ မျက်နှာကိုပဲ ပြေးမြင်နေတတ်ကြတာကလား။ ခင်ဖျားတို့လည်း ကြုံဖူးမှာပါ။ ကျုပ်အဖြစ်ကလည်း ငတ်အုံ့မှုံးမှုံးဖြစ်လေ အဲဒီလူကို တွေ့ချင်နေလေ ဖြစ်မိရတာ ကိုယ်ချင်းစာကြည့်နိုင်ပါတယ်။ သိပ်မစောင့်လိုက်ရပါဘူး။ ကမ္ဘာကြီးတောင် ကျဉ်းလွန်းပါတယ်လို့ ဆုန်သင်းပါရဲကိုယ်တိုင် အော်သွားသေးတာပဲဗျာ။ နိုင်ငံတစ်ခုရဲ့ ပြည်နယ်တစ်စိတ်တစ်ဒေသလောက်များ ဘယ်ကလောက် ကျယ်ဝန်းမှာမို့တုံး။ ဘဝတူ ခံစားချက်ချင်းညီတဲ့ ဒီပဲယင်းသားနဲ့ နှစ်ယောက်ပေါင်းပြီး အဲ့ကောင်စုတ်ကို နှောင်ကြိုးအောင် လုပ်ပစ်လိုက်ကြတာ…။ ပြီးရင် ကျုပ်တို့လည်း ပြေးနိုင်မှ လွတ်မနော်မအော်ဘဲ တိမ်းပေဦးပေါ့။

ခုတော့ဖြင့် ရင့်ကျက်လာခဲ့ပြီလို့ ခပ်တည်တည်ပြောရတော့မယ် ထင်တယ်။ အဖြူထည်မှုလ လုံးဝမဟုတ်တော့ဘူး။ သူတော်ချင်းသတင်းလွှေ့လွှေ့ကြားမှာ

> သူတို့ဘက်ကို
> စိုပြည်
> စိမ်းလန်းစေဖို့
> ကျုပ်တို့
> တိုင်းပြည်က
> ခြောက်သွေ့
> ပေးရမယ်
> ဆိုတာ
> ဖြုပ္ပစိုရ်တရားနဲ့
> ညီသတဲ့လား
> မုဒ္ဒဘာသာ
> ထွန်းကားပါတယ်
> ဆိုတဲ့
> နိုင်ငံထဲက
> တာဝန်ရှိ
> ပုဂ္ဂိုလ်မြတ်တွေ
> ဘာလို့
> ရေငုံထားနေ
> ကြတာပါလိမ့်

ကျုပ်ကို ယုံကြည်သူတွေ တိုးလာတယ်။ ကျုပ်ကလည်း လူကသာ ဘာမှမဟုတ်ပေမဲ့ သစ္စာကိုတော့ တန်ဖိုးထားတတ်တဲ့ကောင်ပဲ။ ပေးတဲ့လက်ကို မရိုက်ဘူး၊ ကျွေးတဲ့လက်ကို မကိုက်ဘူး။ ဘယ်အလုပ်မဆို စာတွေနဲ့ ဘယ်လောက်ပဲ တတ်မြောက်ထားပါစေဦး၊ လက်တွေ့ကြုံမှ သက်လုံမှာ ဘက်စုံတိုးတက်လာရတာကိုး။ ကျုပ်အလုပ်မှာက စာတွေ့ မရှိပါဘူး။ ရှိလည်း အသုံးတည့်မှာ မဟုတ်ဘူး။

❑

ကျုပ်လက်တွေ ယဉ်လာသလို 'လက်ဆ'ကလည်း မှန်လာတယ်။ ကိုယ့်အလုပ်ရှင်က ဖြစ်စေချင်တဲ့အတိုင်း တစ်သဝေမတိမ်းဘဲ ငြိမ်းစေရမယ်။ ကတိ။ 'ဝေရီ၊ ဝေအယ်၊ ဝေဆန်း'ဆိုတဲ့ ဝေါဟာရကို ကမ္ဘာပေါ်မှာ ရှိသမျှ ဘယ်လူမျိုးကမှ နားလည်မှာ မဟုတ်ဘူး။ ဘယ်သိနိုင်မတုံး။ ကျုပ်တို့ချင်းပြောလို့ရအောင် လုပ်ထားတဲ့ဟာကို။ အရှေ့က 'ဝေ' ဆိုတာ စီးပွားရေးတက္ကသိုလ်က ရူပါမော်ဒယ်လ် စာရေးဆရာမလေး 'ဝေ'ကို ရည်ညွှန်းတာ မဟုတ်ဘူး။ ကျုပ်တို့ဘာသာထဲက 'ဝေဒနာ'ကို ကိုယ်စားပြုထားတာ။ နောက်က 'ရီ၊ အယ်၊ ဆန်း'ဆိုတာ သူတို့ဂဏန်းအရေအတွက် 'တစ်၊ နှစ်၊ သုံး'ကို ဆိုလိုတာ။ ကိုင်း…။

အဲဒီတော့ ဆေးရုံပေါ်မှာ ဝေဒနာကို တစ်လ ခံစားစေချင်သလား၊ နှစ်လ၊ သုံးလအထိ အောင်းနိုင်းထားမလား။ ဒါပဲ။ နောက်ထပ်ဖောက်သည်ရဲ့ခံစားချက် ပြင်းရင်ပြင်းသလို အသေအပျောက်ထိ လိုအပ်သလား၊ ရတယ်။ ကျိုးကန်းရုံဆို တော်ပလား။ စိတ်တိုင်းကျဖြစ်စေရမယ်။ ကဲ ကြား ကြားသမျှတို့ရေ…။ ဘဝ ဆိုတာ ကိုယ်ဖြစ်ချင်ရာဖြစ်တာလား၊ သူဖြစ်ချင်ရာ ဖြစ်နေတာလား ဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ အဖြေမေးနေတာမို့ ကျုပ်ကိုသာ နာနာလေး မေတ္တာပို့ကြကုန်ပါတော့။

လုပ်ငန်းသဘာဝ … သမ္ဗုကတော့ ဒီအတိုင်းချည်း… ပါပဲ။ စိတ်နှစ်ပြီး စေတ… ထားရင် ကိုယ်က ငွေကိုလိုက်… ရှာနေစရာ မလိုပါဘူး။ ငွေ… ပဲ ကိုယ့်ကို လာရှာဖွေနေတော့… တာ။ ကြည့်လေ အမည်… မည်းစာရင်းဝင် ပုဂ္ဂိုလ်သုံး… ယောက် ကျုပ် ရှေ့ရောက်… ကြပြီ။ ရန်ကုန်က စာရေး… ဆရာတွေဆိုလား၊ နိုင်ငံရေး… တွေဆိုပေမဲ့ ကျုပ်လို … ပေနဲ့ ဝေးတဲ့ကောင်အတွက်… ဘယ်သိမှာတုံး။ ခင်ဖျား… ကတော့ ကြားဖူးမှာပေါ့… 'မင်းဝေဟင်'တဲ့၊ 'ထွန်း… တောက်ထွန်း(သချာ)'တဲ့… နောက်တစ်ယောက်က ခေါင်း… တုံးပုံလှလှနဲ့ 'ညီငယ်လေး' ဆိုလား။ အဲဒီဦးထုပ် လုံး… မချွတ်ရဲတဲ့လူဆိုရင် မှ… က ဆရာပြေ(ဆေး-၂)… ဆေးခန်းမှာ ဆေးဖိုးပေး … ကျန်သေးတယ်လို့ ပြော… ကြားတာပဲ။ ထားပါ။ ဒါ… ကိစ္စမရှိပါဘူး။ ဘယ်လိုများ… ဆောင်ရွက်ပေးရဦးမှာ… ဆိုပြီး မေးစမ်းကြည့်တော့… လား… လား မှားပြီး။ သူ… အလွဲကြီးလွဲအောင် မှား… ပြီ။

ဒီမောင်တွေက ကျုပ်… များ ယောက်ျားဘဝရဲ့ … ဆုံးဆိုက်နေတဲ့ 'ဖွန်ကောင်'… လို့ ထင်ယောင်နေသ… မသိဘူး။ ခမျာတွေမယ် … နိုင်ရန်ကောဆိုပြီး … ခွင့်လွှတ်နေပါတယ်။ သူ… လိုလားတောင့်တနေတာ… တွေက ထမင်းတန်းလို့… ခေါ်တဲ့ ပုတီးကုန်းသ… ရင် ဖြစ်နေတဲ့ဥ… ။ အ…



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ဆီ လာနေရသေး ... အံ့သြပါ့။ ပန်းတန်း ... ရာက စောင့်ဖမ်းရင် ... မိနိုင်တာပဲ။ ရန်ကုန် ... ဟုတ်ရဲ့လား မသိပါ ... ဆူးလေကုန်းကျော် ... နဲ့ ပန်းဆိုးတန်းမှတ် ... တို့ကို 'ပုရိသကင်းမဲ့ ဇုန်' ... သတ်မှတ်ထားလို့နဲ့ ... တယ်။

ကျုပ်လေ ခန္ဓာကြီးက ... တွေလိုပေမဲ့ စိတ်ထဲမှာ ... နေတာကတော့ အမိမြေ ... သစ်ပင်ကြီးတွေကို ... ကစ,တူးလှန်ပြီး ကား ... တွေနဲ့ တိုက်ယူလာကြ ... ကျုပ်ရွာထိပ်က နှစ် ... ပင်ကြီးများလားလို့ မျက် ... ဝဲမိသေးတယ်။ အခိုင် ... လုပ်ထားတဲ့ အဆောက် ... ထဲမှာ ကျောက်ဖြစ်နေတဲ့ ... ကြင်းပင်တုံးကြီးတွေ ... လျှောင်းနေတာ မြင်ရပြန် တော့လည်း အံ့ကြိတ်နေရပြီ။ ဒီသယံဇာတတွေဟာ ကျုပ်တို့မြေပေါ်က ပိုင်ဆိုင်သမျှတွေဗျ။ ဒါတွေကို အိတ်ကပ်ထဲမှာ သွားကြားထိုးတံလို ဝှက်ယူလာလို့ ရတာ မဟုတ်ဘူး။ သူတို့ဘက်ကို စိုပြည်စိမ်းလန်းစေဖို့ ကျုပ်တို့တိုင်းပြည်က ခြောက်သွေ့ပေးရမယ်ဆိုတာ ဗြဟ္မစိုရ်တရားနဲ့ ညီသတဲ့လား။ ဗုဒ္ဓဘာသာထွန်းကားပါတယ်ဆိုတဲ့နိုင်ငံထဲက တာဝန်ရှိ ပုဂ္ဂိုလ်မြတ်တွေ ဘာလို့ ရှေ့ထားနေကြတာပါလိမ့်။ ထိန်ထိန်ညီးတဲ့ လျှပ်စစ်မီးတွေ မြင်လေတိုင်းလည်း ဖယောင်းတိုင်မီးမှိတ်တုတ်လေးနဲ့ ငုတ်တုတ်မေ့နေရတဲ့ ကျုပ်တို့အဖြစ်တွေဟာ ရင်ထုမနာပါဘဲ။ ဖောင်စီးရင်း ရေငတ်တယ်ဆိုတာ မြန်မာစကားပုံစစ်စစ်မှ ဟုတ်ရဲ့လားဗျာ။

ခွေးပါးစပ်က နတ်စကားထွက်လေခြင်းလို့ အပြစ်တင်ရင်လည်း ကျုပ် မငြိုငြင်ပါဘူး။ ရင်ဘတ်ကြီးထဲ မချိလွန်းလို့ပါ။ ဒီစနစ် ဒီဖြစ်ရပ်မျိုးတွေ ပျောက်ကွယ်သွားမယ်ဆိုရင် ကျုပ် အခု လက်ရှိကျင်လည်နေတဲ့ သက်မွေးလုပ်ငန်းနဲ့ အခမဲ့ ဝန်ဆောင်မှုပေးလိုက်ချင်ပါတယ်။ အသက်ကို စွန့်လိုက်ရစမ်းပါစေ မမှုပါဘူး။ စာရေးဆရာတွေလို စာမစီတတ်လို့သာ ဒီအတိုင်းကြည့်နေရတာ။ နို့မို့များဖြင့် လှိုင်ကော်မင်းသမီး 'မကျည်းတန်' လို 'ရိက္ခာယူကြသူများ' စီးရီးအတွဲလိုက် ရေးပစ်တာကြာလှပြီ။

သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်တဲ့ သတ္တဝါဆိုတာ ဒီလိုနေမှာပါပဲလို့ သိုးတစ်ကောင်ရဲ့ တောင်ပံတစ်စုံဟာ ကိုယ်တိုင်သာ လိုရာပျံသန်းခွင့် မရှိရပေမဲ့ တခြားလူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်အသီးသီးရဲ့ရင်ဘတ်တွေဆီက လှုံ့ကျနေတဲ့ နာကြည်းမှုတွေကိုတော့ တတ်စွမ်းသလောက် ထောက်ညှာဖေးမပေးနေချင်ပါတယ်။ သိုးကလေးရဲ့ရိုးသားမှုနဲ့ ခုချိန်ထိတော့ ကျုပ် အနေအထားက ခလုတ်မထိ ဆူးမငြိအောင် သတိဆောင်ရင်း ကျန်းမာပကတိ လန်းဖြာစွာ ရှိနေတုန်းပါ။

ဘယ်လို ကျုပ်နာမည်နဲ့ ကျုပ်နေထိုင်ရာ လိပ်စာကို သိထားချင်တယ်။ ဟုတ်စ။ ခင်ဗျား ဗျာ။ မလိုအပ်ဘဲနဲ့တော့ ခပ်ကင်းကင်းနေလိုက်တာက အကုသိုလ် မလွတ်နိုင်ဘူးလား။ အပါယ်တံခါးဝ လာမရပ်ချင်စမ်းပါနဲ့။

■

ပန်းရေဂျီး၊မိုးကုတ်၊


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ နှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ 4 skills တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ 01 245211, 01 251850, 09 49329071, 09 250280028





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အိအိခင်နဲ့သူ့ယောက်ျား
ကိုယ့်မျက်လုံး
ကိုယ်တောင်မယုံ၊
တစ်၊ နှစ်၊ သုံး၊
လေး၊ ငါး၊ ခြောက်၊
ဟား…ခြောက်လုံးစလုံး
တိုက်တယ်။
ယောက်ျားလုပ်သူက
ထမအော်ဘဲ
ငြိမ်သွားတယ်။
ပြီး တုန်တုန်လှုပ်လှုပ်နဲ့
အိခင်ကို ခပ်တိုးတိုး
ပြောတယ်။ မိန်းမရေ
ငါတို့ တွတ်ဝင်တယ်တဲ့၊
အကွာရာ လွဲပြီး

# ဖြစ်မှဖြစ်ရလေ...

**နန်းကေကြီရှင်**

ဂဏန်းခြောက်လုံး
တူတာပေါ့။ ဒီတော့မှ
အိခင်လည်း
သူ့ယောက်ျားလက်ထဲက
ထီပေါက်စဥ်နဲ့
ထီကို ဆက်ခနဲ ဆွဲယူပြီး
တစ်လုံးချင်း
ပြန်တိုက်မိတယ်။
အို ဟုတ်ပါရဲ့၊ သူတို့
သိန်းတစ်ရာဆုကို
ဂဏန်းတူတယ်။ ဒါဆို
ခုဏ်သိန်းပေါ့။
သိန်းတစ်ရာဆု
မဟုတ်စေမှ
ဝမ်းသာလှတယ်။
မနေ့ကတောင်
ယောက်ျားနဲ့
ရန်ဖြစ်ရသေးတယ်။
ပြဿနာက
ဘာဖြစ်ရမလဲ၊
အိမ်ထောင်ရှုတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတဲ့ ငွေရေးကြေးရေးပေါ့။ မီးဖိုချောင်စရိတ်၊ အိမ်စရိတ်ပေါ့။ အိခင်က ပညာရေးအောက်က ရုံးအုပ်၊ လစာက ခြောက်သောင်းကျော်၊ ယောကျ်ားဖြစ်သူက ကုမ္ပဏီဝန်ထမ်းတစ်သိန်းခွဲ၊ နှစ်သိန်းလောက်ရတယ်။ သမီးကြီးက နှစ်တန်း၊ သမီးငယ်က မူကြို။ မိသားစုလေးယောက်အတွက် လင်မယားနှစ်ယောက်ဝင်ငွေနှစ်သိန်းကျော်က ခြိုးခြိုးခြံခြံ နေနိုင်လွန်းသော် ၁၅ ရက်ကျော်ရင် လက်ထဲငွေမရှိတော့။ တစ်လတစ်လ ငါးသောင်းနီးပါး စိုက်စားနေရတယ်။ သက်သက်သာသာလေးစိုက်စားနေရတာတော့ မဟုတ်။ မဖြစ်မနေ ဟိုရောင်းဒီချေး၊ ဒီကဆွဲ၊ ဟိုကယူပေါ့။ ခေါင်းပူအောင်လည်း စဉ်းစားနေမိတယ်။ စနေ၊ တနင်္ဂနွေ ဘာလုပ်ရရင်ကောင်းမလဲပေါ့။ တစ်ပတ်နှစ်ရက် အိမ်ထိန်းလိုက်လုပ်ရင် ကောင်းမလား၊ သူငယ်ချင်းကို ဖွင့်ပြောအကူအညီတောင်တောင်းပြီးပြီ။ တစ်နေ့တစ်နေ့ မိုးလင်းတာနဲ့ ကလေးနှစ်ယောက်မုန့်ဖိုးကစလို့ အိပ်ချိန်အထိ မရှိပေမဲ့ သုံးနေရတယ်။ တစ်ထောင်တန်တစ်ရွက် ဖျက်လိုက်တယ်ဆို လက်ထဲ အကြွေလေးတွေပဲ ကျန်ရစ်တယ်။ ဟောတစ်ရွက် ဟောတစ်ရွက်နဲ့ ဈေးဖိုးမဟုတ်ပါဘဲ ဗာဟီရကို တစ်နေ့တစ်နေ့ သုံးလေးထောင်အထက်ရှိနေတာ။ ရုံးက ငွေစုငွေချေးကို ချေးလိုက်၊ ဖြတ်လိုက်၊ ပြန်ချေးလိုက်၊ နောက်အတိုးအရင်းလေးပေးထားတာလေးနဲ့ လစာထုတ်လာပြီဆို အကြီးမ ဖယ်ရီခက

တစ်ထောင်တန်
တစ်ရွက်
ဖျက်လိုက်
တယ်ဆို
လက်ထဲ
အကြွေ
လေးတွေပဲ
ကျန်ရစ်တယ်
ဟောတစ်ရွက်
ဟောတစ်ရွက်နဲ့
ဈေးဖိုး
မဟုတ်ပါဘဲ
ဗာဟီရကို
တစ်နေ့တစ်နေ့
သုံးလေးထောင်
အထက်
ရှိနေတာ

နှစ်သောင်း၊ အငယ် မူကြိုက တစ်သောင်း၊ ငွေစုငွေချေး၊ ဟိုဟာဖြတ်၊ ဒါဖြတ်နဲ့ အိခင်လစာပြောင်လုလု၊ ယောကျ်ားကလည်း ဘာမှမထူးပါဘူး။ ပြောတော့သာ တစ်သိန်းခွဲ၊ သူ့အသုံးစရိတ် ပြန်ပေးရတာငါးသောင်းလောက်ဆိုတော့ တစ်လစာ ဆန်၊ ဆီ ဝယ်ပြီးပြီဆို လက်ထဲ ဘာမှမကျန်တော့။ အကြောင်းသိဆိုတော့ ယောကျ်ားလုပ်သူကလည်း သူ့ အသုံးစရိတ်ကို တစ်ပါတည်းတင်တယ်။ ပေါက်တဲ့ ဒီထီတောင် ထိုးလာတော့ ထီလက်မှတ်ယူလာပြတယ်။ စာရင်းထဲလည်း ထည့်တယ်။ ခုတော့ ဒီလက်မှတ်လေးကို ရွှရွလေးကိုင်ရင်း အိအိခင် သူ့ယောကျ်ားကို စ,တယ်။ ပေါက်မယ်မှန်းသိရင် ရှင်ကျုပ်ဆီ ဘယ်စာရင်းတင်မလဲလို့၊ ဟုတ်တယ်လေ သူက ဘာတွေသုံးလို့ ကုန်တယ်ဆိုတဲ့အကြောင်း ထင်ရှားချင်လို့သာ တင်တာ။ မနေ့က ထီထွက်တော့ ရှင့်လက်မှတ်တိုက်ကြည့်ပါလားဆိုတော့ နည်းနည်းမှ မလုပ်၊ အိခင်က ထီပေါက်စဉ်ငှားပြီး အတင်းတိုက်လို့သာ ခုလိုသိတာ။ ထိုးတဲ့ ထီဆိုင်ကိုတောင် လိပ်စာ အတိအကျမပေးခဲ့ဖူးတဲ့။ ထိုးပြီး မယုံကြည်ပုံများ ပြောပါတယ်။ ခုမှပြုံးပြုံးပျာပျာ ဖြစ်နေတယ်။

'မေကြီး၊ မီးတို့ ထီပေါက်တယ်ဆို'

သိတတ်နေပြီဖြစ်တဲ့ သမီးကြီး ဝမ်းသာအားရအော်တော့ မူကြိုကျောင်းသူ သမီးငယ်ကလည်း အော်ဟစ်တယ်။ အိခင်နဲ့ ယောကျ်ားလုပ်သူ ဖြိုင်တူ(ဖြိုင်တူလောက်နီးနီး)သမီးနှစ်ယောက်ပါးစပ်ကို ပြေးပိတ်မိကြတယ်။

'သမီးလေး မေ့ကို ကြည့်စမ်း။ ဘယ်သူ့မှမပြောရဘူးနော်။ ပြောရင် ဘာမှဝယ်မပေးဘူး'

အကြီးမထက် ချက်ချက်ချာချာရှိတဲ့ အငယ်မလေးက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး အိခင်မျက်နှာကို ကိုင်ကာ လိုချင်တာတွေစီပြီး ပြောတော့တာပဲ။ ဒီတော့ အဖေ့ လက်ထဲမှာ အချုပ် အနှောင်ခံနေရတဲ့ အကြီး ငပေါက အတင်းရုန်းကန် ထွက်လာပြီး-

'မေကြီး၊ သမီး စလင်းဘက်အိတ်နေ နောက်ပြီး ဒေါက်မြင့် ကော'

အိခင်က အကြီး ခေါင်းပေါ် ဒေါက်ခနဲခေါ ပြီးသား ဖြစ်သွားတ ခေါင်းကိုပွတ်ပြီး ငိုမဲ့ သူ့ကျတော့ မရိုက်ဘူး အငယ်မဘက် လှည့် စောင်းထိုးတယ်။ သိပ်မကြာ ပါ အကြီးမက အမှတ် လာပြန်တယ်။

'မေကြီး တီဗွီ အောင်၊ ဒါကြီးက အော နေပြီ။ သူငယ်ချင်းတွေ မှာဆို ဖလက်တွေနဲ့၊ နောက် အဝတ်လျှော်စက်လည်း နော်။ သမီး အဝတ်မ ချင်ဘူး'

ခပ်လှမ်းလှမ်းရော နေတာမို့ ခေါင်းမခေါ ပေမဲ့ အကြီးမကို ကြည့် အိခင် ရင်တွေပူလာရတ ဒီကောင်မ ငပေါမနဲ့ မလွယ်ပါဘူး။ ဘယ်နည်း ဒီပါးစပ်တစ်ပေါက် မပိတ် ရာ။ အရင်ဆုံးယောကျ် ညှိရမယ်။

'ဒီမှာ ရှင့်ဘက်က မျိုးတွေကို ကျုပ်ပေါက်တ လို့ ပြော၊ ကျုပ်ဘက်ကို ပေါက်တယ်လို့ ပြောမယ်'

'အေးပါ'လို့ ဆို မျက်နှာက ခပ်တွေ နောက် အိခင်မျက်နှာ မကြည့်ဘဲ မျက်လုံးလွဲ အမေ့ကို တစ်သိန်းလေ ကန်တော့ချင်တယ် တယ်။



www.burmeseclassic.com

www.burmeseclassic.com

'အေးလေ၊ ကန်တော့ ပါ့'

စိတ်ထဲကတော့ တော် ါသေးရဲ့ တစ်သိန်းဆိုလို့။ ာပြောပြော ပြန်ရောင်းရင် ခြင်မှာ သိန်းနှစ်ဆယ် ောက်တော့ ရမှာပါ။ တစ် န်းတော့ပေးသင့်ပါတယ်လို့ ည်းတွေးမိလိုက်တယ်။ ာစ်နှစ် တစ်နှစ် သီတင်းကျွတ် ာသီလေးပဲ အသီးအနှံလေး၊ ုံချည်လေးနဲ့ ကန်တော့တာ လွဲလို့ အသေအချာလည်း ာန်တော့နိုင်ပါဘူး။ ညအိပ် ာဝင်တော့ လင်မယားနှစ် ောက် တိုးတိုးတိတ်တိတ် ိုင်ပင်ရတယ်။ ဒီအကြောင်း ာသွားလို့ကတော့ သူ့အမျိုး ကိုယ့်အမျိုး၊ သူ့ရုံးကိုယ့်ရုံး ာယ်မလွယ်လှ။ ဆင်ဖိုး ာက် ချွန်းဖိုးကြီးနေမှ အခက်၊ ိန်းတစ်ရာဆု ပေါက်တာ ည်း မဟုတ်၊ ကျေးလို့ဆုံး ာမဟုတ်တော့။ အင်း ဒါနဲ့ ူလည်း သူ့အမေကို ကန် ာ့တော့ ကိုယ်လည်း ကိုယ့် ာ မိဘမရှိတော့ပေမဲ့ မောင် မတစ်တွေ ရှိတယ်လေ။ ာစ်သိန်းနဲ့ ညီမျှအောင် တစ် ယောက်နှစ်သောင်းစီလောက် ာ့ ပေးမှတော်မယ်။ အလ ားရတာဆိုတော့ နည်းတယ် ဆိုပြီး အတွန့်တက်ရင် ဒုက္ခလို့ တွေးတဲ့အတိုင်း ညီမအငယ် ဆုံးက မမ ပြန်ရောင်းရင် သိန်းနှစ်ဆယ်လောက် ရမှာ ပါ။ နှစ်သောင်းတော့ နည်း ာပေါ့လို့ဆိုတော့လည်း မှင် သေသေနဲ့ ဟဲ့၊ ငါ ပေါက်တာ ဟုတ်ဘူး။ ငါ့ယောက်ျား ေါက်တာ၊ လင့်ပစ္စည်း ယားပိုင်တယ်ဆိုပေမဲ့ သူ့ ာသိုလ်နဲ့ သူရတာဆိုတော့

ယောက်ျား
ကလည်း
ဘာမှ
မထူးပါဘူး
ပြောတော့သာ
တစ်သိန်းခွဲ
သူ့အသုံးစရိတ်
ပြန်ပေးရတာ
ငါးသောင်းလောက်
ဆိုတော့
တစ်လစာ
ဆန်၊ ဆီ
ဝယ်ပြီးပြီဆို
လက်ထဲ
ဘာမှ
မကျန်တော့

ငါက ငါ့သဘောနဲ့ငါ ဝေ သသန္တရာလုပ်ဖို့ မတော်ဘူးလို့ ပြောရသလို၊ ယောက်ျားလုပ် သူ ညီမရှေ့ကျလည်း ကိုယ့် ကုသိုလ်နဲ့ကိုယ်ရသလို ခပ် တည်တည်နေရပြန်တယ်။ သူ့အစ်ကိုကို ယူလို့ အမျိုး တော်လိုက်ရပေမဲ့ နဂိုကတည်း က မျက်နှာကြောမတည့်တာ မို့ ယောက်မလုပ်သူကလည်း ရယ်စရာစကားနဲ့တောင် မနှောက်ပါ။ ဒါပေမဲ့ အားလုံး ကိုသိပ်ကြာကြာတော့ ဖုံး ကွယ်လို့မရ။ တစ်ဆင့်စကား တစ်ဆင့်ကြားလို့ သိကုန်တာ ပါပဲ။ အင်း ကိုယ့်ရုံးကလည်း တောင်းဆိုတယ်၊ ဒံပေါက်နဲ့ အအေးတိုက်ရမတဲ့။ ကိုယ့် ဌာနရယ် ခင်ရာမင်ရာ ပေါင်း အနည်းဆုံးတော့ နှစ်ဆယ် အောက်တော့ မကျ၊ ဈေး တွက်ပြီး အိခင် ကိုယ်ပူချင် လာတယ်။ ကိုယ့်သဘော ကတော့ ခေါက်ဆွဲလေးကိုယ် တိုင်ချက်ပြီး ဘုန်းကြီး လည်းကပ်၊ ရပ်ကွက်လည်း ဖိတ်၊ သူ့ရုံးကိုယ့်ရုံးတစ်ခါ တည်းပေါ့။ ဒါပေမဲ့ ကိုယ့် ရုံးက မရသလို သူ့ရုံးက လည်း မရ။ ကြက်ဆီ ထမင်း၊ ဒံပေါက်ထမင်းတို့က တစ်ပြားမှမလျှော့တာမို့ သူ့ တို့သဘောတိုင်း ကျွေးလိုက် ရတယ်။ ဒီမှာပင် တစ်သိန်း လောက် ထွက်သွားတယ်။ အိမ်နီးပါးချင်းမပါသေး။ ဖြစ် ချင်တော့ ပိုက်ဆံရလာပြီး တစ်ပတ်အကြာအငယ်မလေး နဲ့ သူ ဖျားလိုက်တာ၊ ဆေးခန်း သွားတော့ သူက အသည်း ရောင်အသားဝါ၊ အငယ် မလေးက သွေးလွန်တုပ်ကွေး တဲ့၊ သိန်းကျော်လောက်ထွက် သွားပြန်တယ်။ ဒီထီလေးသာ မပေါက်မိရင် ဒုက္ခပါလား ယောက်ျားရေလို့ အိခင်ညည်း မိတော့ ငွေဝင်လို့ လူထိတာ ကွလို့ သူယောက်ျားက တွေး တွေးဆဆပြောပါတယ်။ ဒီ ကြားထဲ အိမ်စရိတ်လိုလည်း ဒီထဲက နှိုက်ပေါ့။ တစ် ထောင်တန်အုပ်တွေ တစ်အုပ် ပြီးတစ်အုပ်ကုန်သွားတာမြန် လွန်းလှတယ်။ မတတ်နိုင် တော့ တစ်ရက်သုံးဃာသုံးပါး ပင့်ပြီး ဝတ္ထုကပ်၊ ပရိတ်ရွတ်၊ အိမ်နီးနားချင်းတွေကို ကော်ဖီ တိုက်၊ မုန့်လေးကျွေးတော့ ရပ်ကွက်ထဲ အတင်းပြောစရာ ဖြစ်ခဲ့ရပြန်တယ်။

ညည အိပ်ရာဝင်ချိန် ကလေးတွေ အိပ်ပြီဆို ယောက်ျားနဲ့ တိုးတိုးတိတ် တိတ်တိုင်ပင်ရတာလည်း အမော၊ ဘာလုပ်ရင်ကောင်း မလဲ။ လွန်ခဲ့တဲ့လေးငါးနှစ် လောက်ကလိုသာဆိုရင်တော့ ခြင်းဖုန်းလေးဝယ်ထားပြီး နှစ်အိမ်ကျော်က ဒေါ်လေးတို့ အိမ်မှာထားခဲ့ပြီး ညနေရုံးဆင်း ပြန်ယူ၊ ဒေါ်လေးလည်း ကျေ နပ်အောင်ပေးပေါ့။ တစ်နေ့ နှစ်ထောင်လောက်ရရင်တော့ မဆိုး၊ ဈေးဖိုးကာမိတာပေါ့။ ခုတော့ တစ်ထောင့်ငါးရာ တန်ဖုန်းတွေ ထုတ်ပေးတဲ့ သမ္မတကြီးကိုတောင် ဘာမ ဆိုင်ညာမဆိုင် အိခင် စိတ် ဆိုးလိုက်မိတယ်။ ဘာဖြစ်ဖြစ် ဒီငွေလေးနဲ့ တစ်ခုခုတော့ ရ အောင်လုပ်မယ်။ အဲ ဘာလုပ် လို့ ရနိုင်မလဲ။ အိခင်စဉ်းစား ခန်းဝင်လိုက်တာ ဆွမ်းချက် ရုံက ဘွန်ပွဲအော်တဲ့တိုင် အဖြေက မရ၊ အိပ်နေရာက တောက်တစ်ချက်ခေါက်ပြီး သတိလက်လွတ်ဆတ်ခနဲ ထ လိုက်မိတာ အိခင်လိုပဲတလိမ့် လိမ့်ဖြစ်နေတဲ့သူ့ယောကျ်ား အလန့်တကြားဖြစ်သွားတယ်။

'ဩော် ဘာလို့များ အက္ခရာ လွဲသွားရပါလိမ့်။ သိန်းတစ်ရာဆုသာ ပေါက် လိုက်ပါတော့လားလို့'

ညမီးရောင် အောက် ဆံပင်စုတ်ဖွာနဲ့ အဆီတဝင်း ဝင်း မိန်းမမျက်နှာကို သူ့ ယောကျ်ား ပါးစပ်အဟောင်း သား ကြည့်နေပါတယ်။ ■

**နန်းကေရီခင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဆရာမြနှင့်ပတ်သက်လျှင် ကျွန်တော်တို့ မြိုင်သားတွေက အလွန်ပဲ ဂုဏ်ယူကြပါသည်။ စာရေးဆရာ 'မြသန်းတင့်'ဆိုတာ ကျွန်တော်တို့ 'မြိုင်သား'ပေါ့ဟု မြိန်ရေရှက်ရေ ပြောလေ့ရှိသည်။ ဂုဏ်ယူချင်စရာကောင်းနေသော ဆရာမြ၏ ဂုဏ်ရည်များကိုတော့ အထူးပြောပြစရာ လိုမည်မထင်ပါ။ ပြောပြန်လျှင်လည်း တစ်ထိုင်တည်းနှင့် မိုးလင်းသွားပေလိမ့်မည်။ ပြောရင်းပြောရင်းဖြင့် ကျွန်တော်လည်း 'မြင်းထိန်း တော' ဖြစ်မှန်းမသိ ဖြစ်မှာကတော့ သေချာနေသည်။ ကျွန်တော် ၇ တန်း ကျောင်းသားအရွယ်၊ အတန်းပိုင်ဆရာမကြီး ဒေါ်သန်းကြည်က ကျွန်တော်တို့ကို စာစီစာကုံး တစ်ပုဒ် အရေးခိုင်းသည်။ ခေါင်းစဉ်က **'ကျွန်တော့်ရည်မှန်းချက်'**။ အဲဒီတုန်းက ကျွန်တော့် စာစီစာကုံးထဲမှာ ခုလိုရေးခဲ့သည်။ ကျွန်တော်ကြီးလျှင် 'စစ်နှင့်ငြိမ်းချမ်းရေး'ကို ရေးခဲ့သော ကမ္ဘာကျော် စာရေးဆရာကြီး 'တော်စတွိုင်း' လိုဖြစ်အောင် ကြိုးစားမည်ဟု။ စာအုပ်တွေကို မမြင်ဖူး၊ မဖတ်ဖူး သေးသော်လည်း

# မြသန်းတင့်အလွမ်း

**ကိုရွှေလေး**

ဂေါ်ကီ၏ **အမေ**၊ မစ်ခေးရှိုလိုကော့၏ **တောရိုင်းမြေ**၊ တော်စတွိုင်း၏ **စစ်နှင့်ငြိမ်းချမ်းရေး** စသည့် နာမည်တွေက ကျွန်တော်နှင့် ရင်းနှီးနေပေပြီ။ ကျောင်းစာကြည့်တိုက်ကလေး ကျေးဇူးကြောင့် ကျွန်တော်က စာရူးပေရူး စာဖတ်သမားပေါက်စလေး ဖြစ်နေခဲ့သည်။ ဒီစာအုပ်ကြီးတွေရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို လေသံကြားနှင့် ဖမ်းတရားနာလိုက်ခြင်းဖြစ်သည်။ ဘယ်သူတွေ ဘာသာပြန်သည်ကိုပင် ကျွန်တော်ကား မသိ။ ဘာသာပြန်ဆို၍ 'ဒဂုန်ရွှေမျှား' ဘာသာပြန်သော **အလန်ကွာတာမိန်း** ဝတ္ထုတွေလောက်ပဲ ကျွန်တော်နှင့် ရေစက်ဆုံသေးသည်။ အတန်းကြီးလာမှ ပြန်ဆိုသူ ဆရာများကို သိလာရသည်။ ဂေါ်ကီ၏အမေက **ဂုဏ်ဝင်း** ဘာသာပြန်သည်။ ကျွန်တော်ဖတ်ရတော့ 'တောင်တွင်းကိုကိုကြီး' ပြန်ဆိုသော **အမေ** ဖြစ်သည်။ **တောရိုင်းမြေ**ကို 'ကျော်အောင်'က ပြန်သည်။ မှတ်မှတ်ရရ မဂ္ဂဇင်းဆိုက်ကြီး ဖြစ်သည်။ **စစ်နှင့်ငြိမ်းချမ်းရေး**ကိုတော့ 'မြသန်းတင့်'က ဘာသာပြန်သည်။ ၁၂ တွဲရှိသည်တဲ့။ ဒီ ၁၂ တွဲကား ကျွန်တော်ဖတ်ခွင့် မကြုံသေး။ စာအုပ်များသော်မှ မမြင်ဖူး။ သို့သော် ဘာသာပြန်သူ စာရေးဆရာ 'မြသန်းတင့်'က မြိုင်သားဆိုသည့် အချက်သည် ကျွန်တော့်အတွက် ရင်ခုန်လှ၏။ စာအုပ်က ရှားလှသည်။ ဖတ်ချင်နေသည်မှာကတော့ ရူးနေပြီ။

ဒီလိုနှင့် စာရူးပေရူးဘဝမှာ ၁၀ တန်း တစ်နှစ်ကျသည်။ ဒုတိယနှစ်မှာ စစ်နှင့်ငြိမ်းချမ်းရေး လမ်းစပေါ်လာသည်။ ဆရာမြနှင့် ဆွေမျိုးနီးစပ်သော တူမတစ်ယောက်က မြိုင်မှာရှိသည်။ သူ့နာမည်က 'ဆယ်တင်မ'။ သူနှင့် ကျွန်တော်က သူငယ်ချင်း။ တစ်နေ့ သူကပြောသည်။ ရန်ကုန်က သူ့ဦးလေး ဆရာမြတို့ဆီ အလည်သွားမလို့၊ မင်း လိုချင်တဲ့စာအုပ် မှာလိုက်ပါလား၊ ငါ ဝယ်ခဲ့မယ်တဲ့။ ရေငတ်နေတုန်း ရေတွင်း ထဲကျသည်။ 'စစ်နှင့်ငြိမ်းချမ်းရေး ၁၂ တွဲ ဆရာ့ဆီက ဝယ်ခဲ့စမ်းပါ'ဟု မှာလိုက်သည်။ စာရေးဆရာဆီက ဝယ်ရင်လည်း ရသည်လို့ပဲ ကျွန်တော်က ထင်သည်။

သူပြန်လာတော့ 'ဒီစာအုပ်တွေက ဦးလေးဆီမှာတောင် မရှိဘူးတဲ့ဟ၊ သိပ် ရှားနေပြီတဲ့။ ခုထွက်တဲ့ ဦးလေးရဲ့ အသစ်စာအုပ် ပေးလိုက်တယ် ရော့'ဟု စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ ကျွန်တော်ကား ကံကောင်းလှ၏။ ဆရာ မြသန်းတင့်၏ ပင်ကိုရေး ဂန္ထဝင် **ဓား တောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ် မည်** ပထမဆုံးထုတ် စာအုပ်ဖြစ်သည်။ ကျွန်တော် အမှတ်မမှားပါက နှင်းဆီပွင့် ပေါ် ဓားတစ်လက်စိုက်နေသော ပန်းချီ သရုပ်ဖော် မျက်နှာဖုံးနှင့် ဖြစ်သည်။ ကျွန်တော်ကား ကံဆိုးလှ၏။ စာဖတ် ဖက် သူငယ်ချင်းတစ်ယောက် ကောင်း မှုကြောင့် မကြာမီမှာပင် ကျွန်တော့် စာအုပ် ပျောက်ဆုံးသွားသည်။ ရလျှင် ရချင်း အစအဆုံး ဖတ်လိုက်မိ၍သည်



www.burmeseclassic.com

www.burmeseclassic.com

တော်သေး၏လို့အောက်မေ့ရတော့သည်။

ကျွန်းကလေးတစ်ကျွန်းပေါ်မှာ ဆရာမြတစ်ယောက် ဆိုရှယ်လစ်နိုင်ငံတစ်ခု တည်ဆောက်ခဲ့ လေသလော။ ဦးဘရန်က အရင်းရှင်ကိုယ်စားပြုဇာတ်ကောင်၊ ကိုနန္ဒာက ပညာတတ်လူလတ်တန်းစား ကိုယ်စားပြုဇာတ်ကောင်၊ သံချောင်းက အလုပ်သမားကိုယ်စားပြုဇာတ်ကောင်၊ ဓားတစ်လက်က ကုန်လုပ် ကိရိယာ။ အဲဒါတွေက အဲဒီတုန်းက ကျွန်တော့်ရဲ့ မပီပိုးဝါး အတွေးများဖြစ်သည်။ ပြီးခဲ့ပြီ။ ၁၀ တန်းကျောင်းသားဘဝက အတွေးများ။

❑

၂။

ငယ်ရွယ်စဉ်အိပ်မက် တော်စတွိုင်းအကျိုးဆက်အဖြစ် ဝတ္ထုတို သုံးလေးပုဒ်လောက်တော့ ရေးဖြစ်ခဲ့သေးသည်။ ဆရာကြီး တော်စတွိုင်းသာ သက်ရှိထင်ရှားရှိပြီး ဒီအကြောင်းကို သိလျှင်ဖြစ်စ့် ကျွန်တော့်ကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ချစ်စနိုးပြုံးနေမှာ ဧကန်ဟု တွေးမိသေးတော့သည်။ စာပေဖြင့် မွေ့လျော်ရင်း စာဖတ်သမားတစ်ယောက်ဖြစ်ခဲ့ရသည်မို့ ကိုယ့်ကိုယ်ကို ကျေနပ်မိသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက 'မီးရထားဝတ္ထုတိုပြိုင်ပွဲ' ခေါ်သည်။ ရည်ရွယ်ချက်ကတော့ ရထားနှင့်ပြည်သူပေါင်းကူးရန်တဲ့။ ရန်သစ်မဂ္ဂဇင်း စာပေသတင်းမှာတော့ ရထားနှင့်ပြည်သူပေါင်းကူးရန်(မေတ္တာပေါင်းကူးမှ မဟုတ်ပါ) ကြိုက်သလို ရေးဖွဲ့နိုင်ပါသည်ဟု ဆိုသည်။ ကျွန်တော် စိတ်ဝင်စားသည်က ပြိုင်ပွဲမဟုတ်။ 'အကဲဖြတ်အဖွဲ့'ဖြစ်သည်။

ဆရာကြီး မောင်ထင်၊ ဆရာ တက္ကသိုလ် ဘုန်းနိုင်၊ ဆရာ မြသန်းတင့်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နုနုရည် အင်းဝတို့ဖြင့် ဖွဲ့စည်းအကဲဖြတ်ကြမည်။ အကဲဖြတ်အဖွဲ့နှင့်ပင် ကျွန်တော့်မှာ ရင်တွေခုန်လှပြီ။ ကိုယ့်အနုပညာကို ဒီဆရာတွေ အကဲဖြတ်ပေးမည့် အခွင့်

ကျွန်တော်တို့လေ

. . .

မြိုင်မြို့ကလေးရဲ့

အနာဂတ်ကို

တည်ဆောက်ဖို့

ဆရာရဲ့ ကြီးမြတ်မှုကို

ဖွဲ့ဆိုဖို့

စာကြည့်တိုက်ကလေး

တစ်တိုက်

ထူဆစ်နေကြတယ်

ဆရာ

စာကြည့်တိုက်ကလေး

နာမည်က

. . .

'မြသန်းတင့်

စာကြည့်တိုက်'

အရေးက ကြုံတောင့်ကြုံခဲ အခွင့်အရေး။ အထူးသဖြင့် အကြိမ်ကြိမ် ဦးချရမည့် စာပေကြယ်ပွင့်ကြီး ၃ ဦး။ မြန်မာစာပေလောက၏ ထာဝရ ထွန်းပြောင်နေမည့် ကြယ်ကြီးများ။

ခက်တာက မခံစားရဘဲနှင့် မရေးတတ်တာက ကျွန်တော်။ သို့သော် အခြေအနေတွေက မခံစားချင်၍မရ။ အဲဒီတုန်းက မြိုင်နယ်တစ်နယ်လုံး ရထားလမ်းလုပ်အားပေး ဝေဒနာတွေနှင့် ကျပ်ခဲလို့နေခဲ့သည်။ ပြိုင်ဖြစ်ခဲ့သည်။ ဝေဒနာတစ်စ···။

ဒီလိုနှင့် ဆုတစ်ဆု ရခဲ့သည်။ နှစ်သိမ့်ဆု။ ကံအားလျော်စွာ မြိုင်သား ၃ ယောက် ဆုရသည်။ သာထပ်ဖေ (မောင်သာလင်း)၊ ညီညီအောင်(မြိုင်မြို့) နှင့် ကျွန်တော်။ ဆုပေးပွဲမှာ မြိုင်သားတွေဂုဏ်ယူမဆုံးရှိရသည့် ဆရာ မြသန်းတင့်ကို တွေ့ရသည်။ ကျွန်တော်တို့ကို 'မြိုင်သားတွေမှန်း သိရတော့ ဆရာမြမှာလည်း ဂုဏ်ယူမဆုံးတော့။ အဲဒီတုန်းက မီးရထားဝန်ကြီး ဦးဝင်း...

'ဒါ ကျွန်တော့်မြိုင်သားတွေ' ဟု ... နူးရိပ်အပြည့်နှင့် မိတ်ဆက်ပေးသည်။

'ဟာ ဒါဆိုဆရာ ရိုးရဲ့လား' ... ဝန်ကြီးက အပြုံးမျက်နှာဖြင့် ... သည်။ ဝန်ကြီးက ရိုးရဲ့လားဟုဆို... ကျွန်တော့်တို့ဆရာက ရိုးလှသည်... နောက်မှန်းပင် မသိ··· 'သူတို့ ဒီ... မှ မြိုင်သားတွေမှန်း သိရတာပါ' ... ရှင်းပြနေသေးသည်။ 'နောက်တာ... ဆရာရဲ့'ဟု ဝန်ကြီးက ပြုံးရွှင်စွာ ... လေမှ ဆရာရော ကျွန်တော်တို့တစ်... ပါ ရယ်မောကြရသည်။

မှတ်တမ်းတင်ဓာတ်ပုံတွေ ... တော့ မြိုင်သားစာပေကြယ်ပွင့်ကြီး... ဆရာမြနှင့် မြိုင်သားစာပေပိစိ... ၃ ယောက် အမှတ်တရ ရိုက်ကြသည်... မဖိတ်ခေါ်ဘဲနှင့် ကလေးသား 'မြဆင့်... ချယ်'ကြီးက ဝင်ရောက်နေရာယူသည်... ဓာတ်ပုံဆရာက မှတ်တမ်းတင်လိုက်ပြီ... 'မသိလို့ပါ'ဟု မြဆင့်ချယ်က တောင်း... ပန်သည်။ ကျွန်တော်တို့မှာ ရယ်ရအား... ငိုရအခက်။

'ဆရာ့ဆီကို ကျွန်တော်တို့လာ... ဦးမယ် ဆရာ'

'လာခဲ့လေ၊ ကျွန်တော် စောင့်... မယ်'

ဆုပေးပွဲမှာ တွေ့ခဲ့ရသော ဆရာ... မြသန်းတင့်သည် ကျွန်တော်တို့ 'မြိုင်... သား'အညာသားစစ်စစ် ဧကန်ဖြစ်... သည်။

❑

၃။

မောင်သာလင်းဆိုတာ အသ... အရွယ်အရရော၊ ဝါအရပါ ကျွန်တော်... အတွက်ကတော့ စာပေဆိုင်ရာ အစ်... ကြီး။ သူက ရန်ကုန်ကို ကျွမ်းကျင်... သည်။ 'ရွှေလေးရော ညီညီအောင်ပါ... လာခဲ့ကြ၊ ပုဇွန်တောင်ဘုတာနား... ကျိုက်ထီးရိုးကျောင်းမှာ ငါတည်း... တယ်။ မြို့ထဲ ငါလိုက်ပို့မယ်'

ဟု ဆိုသည်။ ချိန်းသည့်နေ့... ညီညီအောင်တစ်ယောက် ရောက်မ...



www.burmeseclassic.com

www.burmeseclassic.com

မောင်သာလင်း လိုက်ပို့သဖြင့် သူငယ်ချင်း မြင့်မောင်ကျော်ဆီ ရောက်သည်။ သူကလည်း ကျွန်တော်တို့ 'မြိုင်သား'။ နိုင်ငံကျော် ပန်းချီဒီဇိုင်းဆရာ။ ကျွန်တော့်ကိုတွေ့တော့ သူအတော်အံ့သြဟန်တူသည်။ အားရဝမ်းသာဖြင့် 'ဟာ ကိုရွှေလေး ဘယ်က ဘယ်လို' သူစကားပင်ဆုံးအောင် မပြောနိုင်။

ကျွန်တော်က အကျိုးအကြောင်း ရှင်းပြတော့...

'ပြော ပြော ရန်ကုန်ရောက်တုန်း ခင်ဗျားဘာတွေလုပ်ချင်သတုံး အကုန်ပြော' ဟု သူ့မူအတိုင်း ကူညီချင်စိတ်အပြည့်ဖြင့် မေးသည်။

'ပထမဆုံး ငါ ဆရာ မြသန်းတင့်ဆီ သွားချင်တယ်။ ဒုတိယ 'ရှုမဝ' ဆရာ မောင်ဆွေတင့်ဆီ သွားချင်တယ်'

'အင်း ပြောပါဦး'

'တတိယ လေထန်ကုန်း သွားချင်တယ် သူငယ်ချင်း'

ကျွန်တော့်စကားဆုံးတော့ မြင့်မောင်ကျော်က...

'ဟုတ်ပြီ အားလုံးလိုက်ပို့မယ်၊ ဒါပေမဲ့ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ ညနေ လေထန်ကုံန်းဆင်းပြီး နက်ဖြန်မှ ဆရာတွေဆီ သွားရအောင်'ဟု သူစီစဉ်သဖြင့် ဆရာ မြဆီ မသွားခင် 'လေထန်ကုန်း'မှာ ကျွန်တော် 'စာပေသိမ်'ဝင်ခဲ့သည်။

❑

၄။

နောက်တစ်နေ့ မနက်စောစော မြင့်မောင်ကျော်က သူ့ကားဖြင့် ဆရာ မြအိမ် လိုက်ပို့သည်။ မောင်သာလင်းသားအဖနှင့် ဖတ်ညွှန်းဆရာ ကိုကျော်စိုးဝင်းလည်း ပါသည်။ ကျွန်တော်တို့ရောက်တော့ ဆရာ မြက လမ်းလျှောက်ရာက မပြန်လာသေး။ ၅ မိနစ်ခန့် စောင့်ရသေးသည်။ ဆရာ မြ ပြန်ရောက်လာတော့...

'ဟာ ကိုမြင့်မောင်ကျော်တို့ ရောက်နေတာ ကြာပြီလား'ဟု အားနာစွာဖြင့် ဆရာက မေးသည်။

'မကြာသေးပါဘူးဆရာ၊ ဆရာနဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ'ဟုဆိုမှ ဆရာမှာ နေသာဟန်ရှိသည်။ ကြီးငယ်မရွေး တလေးတစားရှိလှသော ဆရာ့ကိုကြည့်ပြီး ကျွန်တော့်မှာ အကြည်ညိုတိုးရ၏။ ကျွန်တော်တို့ ဆရာ့ကို ကန်တော့ကြသည်။

ကျွန်တော့် ကန်တော့ပစ္စည်းက 'မြိုင်လက်ဖက်နှင့် အကြော်စုံ'။ ဆရာ၏ နာမည်ကြီး စာတမ်းတစ်ပုဒ်ဖြစ်သော **တမာနှင့်ချိနဲ့စစ်တမ်း**တွင် ကလေးအရွယ် ဆရာ မြတစ်ယောက် အဖော်ဖြစ်သူနှင့်အတူ မြို့အဝင် တမာတန်းအဆုံးကို စူးစမ်းရှာဖွေရင်း အိမ်ပြေးသဖွယ်ဖြစ်ခဲ့ဖူးသည်။ လမ်းတွင် ပခုက္ကူမှ ဈေးဝယ်ပြန်လာသော လက်ဖက်ကုန်သည်ကြီး၏ လှည်းနှင့် တွေ့သည်။ ကြောင်းကျိုးသိသောအခါ လမ်းဘေးနဘူးချုံမှ ကြိမ်ချိုး၍ တစ်ချက်စီရိုက်ပြီး 'ကလေးတန်မဲ့ ဒီလိုလုပ်ရကောင်းလား'ဟု ဆုံးမကာ ခေါ်လာခဲ့ပြီး မိဘများလက်သို့ ပြန်အပ်သည်။

ရန်ကုန်ရောက်လျှင် ဆရာ့ကို ဘာနှင့်ကန်တော့မလဲဟု တွေးတော့ ဒီဇာတ်လမ်းကလေးက ကျွန်တော့်ခေါင်းထဲဝင်သည်။ ဘိုးစဉ်ဘောင်ဆက် လက်ဖက်ရောင်းသော ဦးတိုက်ကြီး လက်ဖက်သည် ဆရာ မြနှင့် ဆက်စပ်တန်ကောင်းရဲ့ဟု ကျွန်တော် တွေးသည်။ ဒါကြောင့် မြိုင်လက်ဖက်နှင့် အကြော်စုံတို့ကို မြိုင်က တခုတ်တရ ဝယ်ယူလာခဲ့ပြီး ဆရာမြကို ကန်တော့ခဲ့ခြင်းဖြစ်သည်။ ဆရာ့ကို ဒီအကြောင်း ရှင်းမပြခဲ့သော်လည်း ကျွန်တော့်အတွေးနှင့်ကျွန်တော် များစွာ ကျေနပ်မိသည်။

'လာ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောရအောင် လက်ဖက်ရည်ဆိုင် သွားကြမယ်'ဟု ဆရာက ဆိုမှ ကျွန်တော့်အတွေး ဆုံးသည်။ ဆရာတို့အနားက 'စိတ်တိုင်းကျ'လက်ဖက်ရည်ဆိုင်မှာ ကိုမြင့်မောင်ကျော်နှင့် ကိုကျော်စိုးဝင်းတို့က တစ်စားပွဲ၊ ဆရာမြ၊ မောင်သာလင်းသားအဖနှင့် ကျွန်တော်တို့ကို တစ်စားပွဲ ကိုမြင့်မောင်ကျော်က စီစဉ်ပေးသည်။ သိပ်အလိုက်သိတဲ့ ပန်းချီ ဒီဇိုင်းဆရာ။

ဆရာနှင့် မောင်သာလင်းက သိပြီးမို့ ကျွန်တော့်အကြောင်းကိုပဲ ဆရာ့ကို ပြောပြရသည်။ ကျွန်တော့်မိဘများကို ပြောပြတော့ ဆရာက မသိ။ 'ကျွန်တော် မြိုင်ကလူတွေ သိပ်မသိတော့ဘူးဗျာ၊ တော်တော်ကြာခဲ့ပြီပဲ'ဟု ဆရာက ဆိုသည်။ ကျွန်တော် ၁၀ တန်းကျောင်းသားဘဝက စစ်နှင့်ငြိမ်းချမ်းရေး ၁၂ တွဲ ဆရာ့ဆီတောင်းဖူးကြောင်း၊ **မားတောင်** ဝတ္ထုစာအုပ် လက်ဆောင်ရကြောင်း ပြောပြတော့ 'ဟုတ်လိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်မမှတ်မိတော့ဘူး ကိုရွှေလေး' ဟု ဆရာက စဉ်းစားရင်း ပြောသည်။ ဆရာစိတ်ဝင်တစားမေးသော အကြောင်းက 'ရထားလမ်းလုပ်အားပေး'အကြောင်း၊ ကြားနေရသော သတင်းများ ဟုတ်မဟုတ်၊ ကျွန်တော်တို့ရေးဖွဲ့သော ဝတ္ထုများထဲက ရထားဇာတ်လမ်းများ။ ဆရာသိချင်သည်များကို မောင်သာလင်းနှင့် ကျွန်တော်တို့နှစ်ယောက် ရှင်းပြရသည်။

စူးစူးစိုက်စိုက် နားထောင်ရင်း 'သြော် ဟုတ်လား'ဟုဆိုကာ အဝေးတစ်နေရာဆီ ဆရာ ငေးမောနေသည်။ အတိတ်ဆီကို ဆရာ ပြန်သွားလေသလား။ ကျွန်တော်တို့ စကားဝိုင်းက ခေတ္တမျှ ငြိမ်ဆိတ်သွား၏။ မျက်မှန်အောက်မှ ဆရာ့မျက်လုံးများမှာ အလွမ်းငွေ့တို့ဖြင့် ရီဝေလျက်နေသည်။ ဆရာရင်ပွင့်လေပြီ...။

'ကျွန်တော် မြိုင်လာချင်တယ်ဗျာ'

ဒီတော့မှ စကားဝိုင်းက ပြန်လည်အသက်ဝင်လာသည်။

'ဆရာလာရင် သိပ်ကောင်းတာပေါ့၊ လာခဲ့ပါဆရာ။ ကျွန်တော်တို့လည်း ရှိတာပဲ'ဟု အားတက်သရော ကျွန်တော်ပြောတော့...

'အဲလို မလာချင်ဘူးဗျ၊ စာပေဟောပြောပွဲကလေးအကြောင်းပြုပြီး လာချင်တာ'ဟု ဆရာက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့လည်း လုပ်ချင်တာပေါ့ ဆရာ။ ဒါပေမဲ့ ဆရာသိတဲ့ အတိုင်း ကျွန်တော်တို့နယ်မြေက ခြောက်ခန်းတယ်ဆရာ။ စာပေဟောပြောပွဲတစ်ပွဲရဲ့ စရိတ်ဆိုတာကလည်း…'

ကျွန်တော် စကား အဆုံးမသတ်နိုင်၊ ဆရာ့ကို အားနာလှ၏။

'ကိုရွှေလေး အဲဒါ မပူနဲ့။ မြို့နယ်အာဏာပိုင်ရဲ့ ခွင့်ပြုချက်သာ ကိုရွှေလေးတို့က ရအောင်တောင်း၊ ကျွန်တော်တို့ စရိတ်နဲ့ ကျွန်တော်တို့ လာခဲ့မယ်။ ကိုအောင်သင်းကို ကျွန်တော် ခေါ်ခဲ့မယ်။ ကျန်တဲ့သူတော့ ခင်ဗျားတို့ကြိုက်ရာခေါ်ဗျာ'ဟု ဆရာက အားတက်သရော ပြောရှာသည်။

'ပြန်ရောက်ရင် ကြိုးစားကြည့်မယ်ဆရာ'ဟု ကျွန်တော် ကတိပေးခဲ့သည်။

ကျွန်တော့် ဒိုင်ယာရီအဟောင်းကလေးကို ဖွင့်ကာ 'ဆရာ တစ်ခုခုရေးပေးပါဦး'ဟုဆိုတော့ စာအုပ်ကလေးကို တယုတယကိုင်ရင်း ခုလို ဆရာ ရေးပေးခဲ့သည်။

*ကိုရွှေလေး*
*မြိုင်က ထန်းတောညိုညိုတွေ*
*တမာတန်း စိမ်းစိမ်းတွေ*
*သဲချောင်း ဖြူဖြူတွေ*
*အဲဒါတွေကြောင့် ကျွန်တော်*
*စာရေးဆရာ ဖြစ်လာတာ*
*ပြီးတော့ မြိုင်က လူထုတွေ*
*ကြောင့်လည်း ပါတာပေါ့။*

*မြသန်းတင့်*
*၇ ၆ ၉၆*

❑

၅။

မြိုင်ပြန်ရောက်ပြီ။ ဆရာမြကို ပေးထားခဲ့တဲ့ ကတိတစ်လုံး ကျွန်တော် အကောင်အထည်ဖော်ရမည်။ စာပေအပေါင်းအသင်းများကို ကျွန်တော် ပြောပြသည်။ မောင်ချစ်ခင်(မြိုင်)၊ ဝေမှိုင်း၊ ညီညီအောင်(မြိုင်မြို့)။ 'လွယ်တော့ မလွယ်ဘူး။ ဒါပေမဲ့ ကြိုးစားကြည့်ကြမယ်'။ အားလုံး သဘောမျှသည်။ အဲဒီတုန်းက စာရေးဆရာကြီး သန်းအောင် (အညာမြေ)က မြို့နယ်ပညာရေးမှူးတာဝန်ဖြင့် မြိုင်မှာရှိနေခဲ့သည်။ တစ်နေ့ ဆရာကြီးထံ သွားလည်ကြရင်း 'မ.ဝ.တ'အတွင်းရေးမှူးနှင့် ဆုံသည်။ စာပေဟောပြောပွဲ ခွင့်ပြုချက်အတွက် အပူကပ်သည်။

'ခင်ဗျားတို့က ဘယ်ဆရာတွေခေါ်ချင်တာတုံး'ဟု သူကမေးတော့ 'ဆရာ မြသန်းတင့်၊ ဆရာ အောင်သင်း၊ ဆရာ တင်မောင်သန်း'ဟု အားတက်သရော ကျွန်တော်တို့ ပြောဖြစ်သည်။

'ဟာ ခင်ဗျားတို့ဟာက ထောက်လှမ်းရေးကပ်ပါမယ့်သူတွေချည်းပဲ။ ကျွန်တော်တို့မှာ ရှင်းရတာ မလွယ်ဘူး။ ကျွန်တော်ပြောမယ် ဒီလိုလုပ်၊ ဗဟိုစာပေလုပ်သား အစည်းအရုံးကိုတောင်းလိုက်၊ သူတို့ပေးတဲ့သူနဲ့ စာပေဟောပြောပွဲလုပ်၊ ဒါဆို ကျွန်တော် ကူညီမယ်'ဟု အကြံကြီးဉာဏ်ကြီး ပေးသည်။

တော်ပါပြီ။ ရွေးချယ်ခွင့်မရှိသည့် ခေတ်မို့ပေးတာနှင့် ကျေနပ်ရတော့မည်လား။ မြိုင်သားတွေ ရာဇဝင် ရိုင်းရော့မည်။ စာပေဟောပြောပွဲတွေ ဆိတ်သုဉ်းနေသည့် ကာလတစ်ခုအလွန် 'မြသန်းတင့်'ဆိုသော မြိုင်သား စာရေးဆရာတစ်ယောက်က သူမွေးဖွားရာဇာတိမြေ မြိုင်နယ်တစ်ခွင်မှာ စာပေဟောပြောပွဲတွေ ဝှဲချီးကျင်းပနေတာ လူကြီးမင်းတို့ကိုယ်တိုင် နားဆင်ရပေလိမ့်မည်။

❑

၆။

ဆောင်းရာသီ အေးအေးလေးက နှုတ်ဆက်ရန် အားယူနေပေပြီ။ အိမ်ရှေ့တမာပင်မှ ရွက်ဝါတို့လည်း တဖွဲဖွဲကြွေဆင်းနေကြသည်။ ဒီအချိန်မှာပဲ ဆရာမြ၏ ကြေကွဲစရာသတင်းက ဆရာ့ဇာတိ ကျွန်တော်တို့ မြို့ကလေးသို့ ရောက်ရှိလာခဲ့သည်။

၁၆ ၂ ၉၈ တနင်္လာနေ့ အရုဏ်ဦးအချိန် အိမ်အပေါ်ထပ် လှေကားပေါ်မှ ဆရာမြတစ်ယောက် လိမ့်ကျပြီး ဦးခေါင်းထိခိုက်သွားသည်။ ဆေးရုံတင်ထားရသည်။ ဆရာဝန်ကြီးများ ... စားကုသနေသည်။ သတိမရ... အခြေအနေက စိုးရိမ်ရသည်။ ၁၈ ... ၉၈ ဗုဒ္ဓဟူးနေ့ည ၉ နာရီ ၁၅ ... ရန်ကုန်ဆေးရုံကြီးမှာ ဆရာ ကွယ်... သွားပြီ။

သတင်းတွေက ဆက်တိုက်... ရှိလာပြီး ဆရာမြကို ကျွန်တော်တို့ ... ရှုံးလိုက်ရပြီ။ မြန်မာစာပေလောက... တစ်ခုလုံးအတွက် နစ်နာဆုံးရှုံးမှုက... တိုင်းဆလို့ပင် မရနိုင်။ အခါတို... စိုပြည်နေကျ ကျွန်တော်တို့ မြိုင်... စကားဝိုင်းကလေးလည်း ဆရာမြ... နှမြောတသခြင်း ယူကျုံးမရခြင်း... ခြောက်သွေ့လို့နေခဲ့သည်။

ဆရာကိုချစ်သော စာဖတ်ပရိသ... များ၊ အနုပညာနယ်ပယ် အသီးသီး... အနုပညာများ အထူးသဖြင့် စာပေ... မှ စာရေးဆရာများ၊ ကဗျာဆရာ... က ဆရာ့အတွက် တမ်းတမဆုံး ... မဆုံးနိုင်အောင် ရှိတော့သည်။ ဆရာ... အမှတ်တရစာများ၊ အလွမ်းစာ... ထွက်ရှိနေသော မဂ္ဂဇင်းစာမျက်... အတော်များများမှာ နေရာယူလို့... သည်။ ကျွန်တော်၏ စိတ်ထိခိုက် ... ကွဲမှုကို ဖော်ပြဖို့ လုံလောက်သ... စကားလုံး ဝေါဟာရတို့ ကျွန်တော့်... ရှိမနေခဲ့။ တခြားသူတွေ၏ အလွမ်း... တွေထဲမှာပဲ ရှာဖွေကြည့်နေမိသည်... အာသာမပြေခဲ့။

ဟော… တွေ့ပြီ။ ၁၉၉၈ ခု... မေလထုတ် မဟေသီ။

**ပတ္တမြားမျက်ရည်**

*ဟောဒီ ရေသောက်မြစ်တစ်...*
*ရင်ထဲကျောက်တည်နေတာ ...*
*ဒီနေ့*
*ငါ့မျက်ဝန်းများက*
*ထိုးဖောက်ဖြာဆင်းလာ*
*ပတ္တမြားဟူသည်*
*ငါမြင်ဖူးပြီ။ ။*
*(မြသန်းတင့် ကွယ်လွန်ခြင်း...*
*အနု...)*

လွမ်းတတ်လိုက်တာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

နှန်းမြင့်လှိုင်ရယ်။ ဆရာ့လို ကျွန်တော် ရွှမ်းတတ်ချင်လိုက်တာ။

❑

၇။

လွတ်လပ်ကျယ်ပြန့်ပြီး အမိုးခိုကင်း နဲ့ ရည်ရွယ်ချက်နှင့် မီးရထား စာပေဆု ကို 'မြတ်မိခင်'စာပေဆုအဖြစ် ပြောင်း လဲဖွဲ့စည်းခဲ့တော့ အကဲဖြတ်အဖွဲ့မှာ အသက်အရွယ်အရ ဆရာကြီးမောင်ထင် အနားယူသွားခဲ့သော်လည်း ဆရာ တက္ကသိုလ် ဘုန်းနိုင်၊ ဆရာ မြသန်း တင့်၊ ဆရာ ချစ်ဦးညို၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ နုနုရည်-အင်းဝတို့ ဆက် လက် တာဝန်ယူခဲ့တာမို့ '၁၉၉၇'မှာ ခင်ပြိုင်ရင်း နှစ်သိမ့်ဆုတစ်ဆု ရရှိခဲ့ သည်။ ကျွန်တော့်မှာ ကျေနပ်ပျော်ရွှင် ဆုံးတော့။

ပြိုင်ပွဲဝင်စာမူတွေကို ဆရာ မြသန်း တင့်တစ်ယောက် ပါဝင်အကဲဖြတ်ခဲ့ သော်လည်း ဆုပေးပွဲ ကျင်းပချိန်မှာ တော့ ဆရာမြ မရှိတော့။ ဆုံးပါးကွယ် လွန်ခဲ့ပြီ။ ဆရာကိုယ်တိုင် ဆုမပေးနိုင် တော့ပြီ။ အဲဒီနှစ်က ဝတ္ထုရှည်ပြိုင်ပွဲ စတင်ထည့်သွင်းပေးခဲ့သည်။ စည်း ကမ်းသတ်မှတ်ချက်အရ ဆုကတစ်ဆု တည်း။ ဆရာမ ဝင်းဝင်းမြင့်(နန်းတော် ရှေ့)က ဆုရသည်။ စည်းကမ်းအရ ဆု တစ်ဆုတည်း ပေးရသော်လည်း အခြား ပြိုင်ပွဲဝင် ဝတ္ထုရှည်တစ်ပုဒ်ကို ဆရာမြ တစ်ယောက် ကြိုက်နှစ်သက်ခဲ့သေး သည်။ ထို့ကြောင့် ဆုပေးသောအချိန် တွင် ကွယ်လွန်သူ ဆရာမြအား ဂုဏ်ပြု ၍ 'ဆရာမြသန်းတင့်အကြိုက်ဝတ္ထုရှည် ဆု'အဖြစ် တစ်ပုဒ်ထပ်တိုးချီးမြှင့်ခဲ့ သည်။ စိုးအောင်(မန္တလေး)၏ ဝတ္ထုရှည် က ရသည်။ သူ့ဝတ္ထုရှည်နာမည်က **အစိမ်းရောင်ကြေကွဲစများ**တဲ့။ စိုးအောင် (မန္တလေး)အတွက် ကျွန်တော်တို့အားလုံး ဂုဏ်ယူအားကျကြရသလို အဲဒီနှစ်မြတ် မိခင်စာပေဆုပေးပွဲမှာ 'ဆရာမြသန်း တင့်အတွက် ကြေကွဲစများ'ကလည်း ကိုတစ်စ ဒီတစ်စ။

❑

၈။

နှစ်စဉ် ဖေဖော်ဝါရီလရောက်တိုင်း ဆရာမြ အမှတ်တရ အလွမ်းစာတွေ တမ်းတမ်းတတ ရေးဖွဲ့ကြသည်။ ကျန် ရစ်သူတွေမှာ ဆရာ့စာတွေ ဖတ်မိတိုင်း ဆရာဆုံးပါးသွားသည့် အချိန်ရာသီ ရောက်တိုင်း အမှတ်တရ လွမ်းမိ၊ ကျေးဇူးဆင်ခြင်မိကြစမြဲ။ မိတ်ဆွေ ကဗျာဆရာ 'အောင်စိုးသန်း(ပခုက္ကူ)'၏ ဆရာမြ အမှတ်တရ ကဗျာတစ်ပုဒ် မဂ္ဂဇင်းတစ်အုပ်မှာ ဖတ်ရသည်။ ဖတ်မိ ကြောင်း ကျေနပ်ကျေးဇူးတင်ကြောင်း ပခုက္ကူသို့ ရောက်သည့်အခိုက် ပြော ဖြစ်သည်။

'ခင်ဗျားတို့ မြို့င်သားစာပေသမား တွေရော ဘာလုပ်နေကြသလဲ၊ ခင်ဗျား တို့ တာဝန်မကျေဘူး'ဟု သူက ဆို သည်။ ဆရာမြအတွက် စာတစ်တို ပေ တစ်စ မရေးဖွဲ့သည်ကို သူက ဆိုလိုဟန် ရှိသည်။ 'မှန်ပါတယ် ဆရာ။ ဆရာ သိတဲ့ ကျွန်တော်တို့ရဲ့ တာဝန်မကျေမှုက အနည်းအကျဉ်းသာ။ စာပေဟောပြောပွဲ လေးအကြောင်းပြုပြီး 'ကျွန်တော် မြိုင် လာချင်တယ်ဗျာ'လို့ လွမ်းလွမ်းဆွေး ဆွေး ပြောခဲ့တဲ့ ဆရာမြကို 'ကြိုးစား ကြည့်မယ်ဆရာ'လို့ ကတိပေးခဲ့ပြီးမှ ဆရာဆုံးပါးသွားတဲ့တိုင် မြိုင်မှာ ဆရာ ဟောတဲ့ စာပေဟောပြောပွဲကလေး တစ်ပွဲလောက်မှ စီစဉ်မပေးနိုင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ နှလုံးသားနာကျင်မှုကို တော့ ကျွန်တော်တို့သာလျှင် ကျွန်တော် တို့ သိပါတယ်'

❑

၉။

နှစ်ကာလများ…။

အရာရာ ပြောင်းလဲသွားခဲ့ပြီလား။

ကျွန်တော်တို့ကို ဆရာ ခွဲခွာသွားခဲ့ တာပဲ ၁၅ နှစ်ကျော်ခဲ့ပြီ မဟုတ်လား။

စာပေဟောပြောပွဲတွေ ကျွန်တော် တို့ မြိုင်နယ်တစ်ခွင်မှာ ခပ်စိပ်စိပ် ကျင်းပနေကြပြီ။ ကျော်ဝင်း၊ ဂျူး၊ မောင်သွေးသစ်၊ ချစ်စံဝင်း၊ နေဝင်းမြင့်၊ ခင်ခင်ထူး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ အော်ပီကျယ်၊ မောင်သာချို၊ သန်းမြင့် အောင်၊ မောင်နွေထက်၊ စိုး ဘားဒိုင်၊ စိုးအောင်(မန္တလေး)၊ ဦးဘုန်း(ဓာတု မန္တလေး)၊ မြေလတ်မောင်မြင့်သူ၊ ရဲသျှမ်း၊ ချစ်ဦးညို…ပြည်သူချစ် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်း ဆရာ စုံမှစုံ။ ကျွန်တော်မသိလိုက်၍ ကျန်ခဲ့သည့် ဆရာတွေလည်း ရှိဦးမှာပဲ။

စာရေးဆရာကြီး မြသန်းတင့်၏ ဇာတိမြေမို့ ဖိတ်လိုက်မှဖြင့် အားရဂုဏ် ယူစွာ လာရောက်ဟောပြောပေးကြစမြဲ။ ဆရာမြ၏ ဇာတိမြေအလွမ်း **တမာနုချိန် စစ်တမ်း** ရသစာတမ်း၏ အရှိန်သြဇာက လည်း ကြီးမှကြီး။ လာသမျှ စာရေး ဆရာတွေ မြို့အဝင် တမာတန်းမှာ ဆရာ မြ၏ ခြေရာတွေ တမ်းတရှာဖွေရင်း မှတ်တမ်း အမှတ်တရ ဓာတ်ပုံတွေရိုက် ကြ၊ ပြန်သွားလျှင် စာ၊ ကဗျာတွေ၊ အလွမ်းစာတွေဖွဲ့ကြနှင့် မြိုင်သားစာပေ သမားတွေလည်း တစ်ပိုင်းတစ်စ တာဝန်ကျေလာကြပြီ။ ကဗျာဆရာ မောင်ချစ်ခင်(မြိုင်)က မော်နီတာဂျာနယ် မှာ 'သစ်ခက်သရ ဖူးဆောင်းတဲ့၊ သံမဏိ သူရဲကောင်း သို့မဟုတ် ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ရဲသူ ဆရာမြ'ဆိုသည့် ကဗျာရှည်ကြီးတစ်ပုဒ် ဖွဲ့ဆိုဂုဏ်ပြုခဲ့သလို အေးအေးနွဲ့(မြန်မာ စာ)ကလည်း ပေဖူးလွှာမဂ္ဂဇင်းမှာ 'တောင်ယမား ချောင်းဘေးက လွမ်း တေးသံ' ဆိုသည့် ဆောင်းပါးတစ်ပုဒ် နှင့် ဆရာ့ကို လွမ်းတခဲ့ကြပြီ။

'ခုတော့ ကျွန်တော့်မှာ ဆရာ့ အလွမ်းတွေက အရသာရှိလာခဲ့ပြီဆရာ။ ကျွန်တော်တို့လေ…။

မြိုင်မြို့ကလေးရဲ့ အနာဂတ်ကို တည်ဆောက်ဖို့၊ ဆရာ့ရဲ့ ကြီးမြတ်မှုကို ဖွဲ့ဆိုဖို့ စာကြည့်တိုက်ကလေးတစ်တိုက် ထူဆစ်နေကြတယ် ဆရာ။ စာကြည့် တိုက်ကလေး နာမည်က…

'မြသန်းတင့်စာကြည့်တိုက်'

လွမ်းတယ်ဆရာ…..'

■

**ကိုရွှေရေး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာ
ရပ်ကွက်ကို
ညီညီညာညာ၊ တိတိရိရိ
သုံးပိုင်းပိုင်းထားသလို
အရှေ့အနောက်
ဖြောင့်ဖြောင့်တန်းတန်း
ဝပ်စင်းလျက်ရှိကြသော
ကတ္တရာခင်းလမ်းမ
သုံးသွယ်ရှိကြသည်။
မြောက်ဘက်မှ စ၍
အစဉ်လိုက် ခေါ်ဆိုရမည်
ဆိုလျှင် မာဃလမ်း၊
ဝိသကြီလမ်း၊
သုမာလာလမ်း
ဟူ၍ဖြစ်ကြသည်။
ထိုလမ်းသုံးသွယ်စလုံး
မြို့ပြင်စက်မှုဇုန်နှင့်
မဟာရန်ကုန်ဗဟိုချက်ကို
ဆက်သွယ်ထားရာ
သုဝဏ္ဏလမ်းမကြီးဆီသို့
ဦးတိုက်ထားကြ၏။
မာဃလမ်းနှင့်
သုဝဏ္ဏလမ်းမကြီးတို့
တွေ့ဆုံရာ တံတောင်
ဆစ်ချိုးကွေ့သည်
အောင်ချမ်းသာရပ်ကွက်၏
အထင်ကရနေရာပင်ဖြစ်
သည်။ ထိုလမ်းဆုံတွင်
ဘတ်စ်ကားမှတ်တိုင်၊
အနေးယာဉ်ဂိတ်၊
ဆေးလိပ်ကွမ်းယာဆိုင်နှင့်
မုန့်ပဲသရေစာဆိုင်
ကလေးတွေ စုပြုံတည်ရှိ
နေကြသည်။ ထို့ပြင်
အောင်ချမ်းသာရပ်ကွက်နှင့်
သက်တမ်းတူ
ဖွားဖက်တော်ဟုခေါ်ဆို
နိုင်သည့် 'စည်းစိမ်'
လက်ဖက်ရည်
ဆိုင်သည်လည်း
ထိုလမ်းထောင့်မှာ
ဣန္ဒြေကြီးစွာတည်
ရှိနေသည်။

ခင်ပို့ရှိ
မိန်းမက
တကယ့်
ကြောက်စရာနော
ကြည့်လိုက်ရင်
သူ့မျက်နှာက
ပြုံးပြုံး
ကလေးရယ်
ကိုယ်လုံး
ကိုယ်ပေါက်
ကလည်း
ဖိုင့်ဖိုင့်
နှောင်းနှောင်းနဲ့
အဲဒါမျိုးက
အသည်းကျ
သိပ်မှာတာ
သူ့ ဝါသနာမျိုးက
သေမှပဲ ပြတ်မယ့်
ဝါသနာမျိုး



www.burmeseclassic.com

www.burmeseclassic.com

အောင်ချမ်းသာရပ်ကွက်သူ ရပ်ကွက်သားအချို့လည်း အလုပ်မသွားမီ 'စည်းစိမ်' မှာ ဝင်ထိုင်ပြီး အဆာပြေစားသောက်တတ်ကြသည်။ အချို့က စားရင်းသောက်ရင်း ဆိုင်တွင်းနံရံတစ်နေရာဆီမှ ၇၂ လက်မအကျယ်ရုပ်မြင်သံကြားဖန်သားပြင်သို့ လှမ်းငေးကြသည်။ ဆိုင်ရှင်က မနက်ခင်းဆိုလျှင် စားသုံးသူပရိသတ် လန်းဆန်းတက်ကြွအောင် ကိုရီးယားအဆိုအကဗီဒီယိုတွေ ပြလေ့ရှိသည်။ မြန်မာနိုင်ငံမှ အခြားအခြားသော အရပ်ဒေသအသီးသီးရှိ လက်ဖက်ရည်ဆိုင်များနည်းတူ စည်းစိမ်တွင်လည်း နံနက်ခင်းသတင်းစာယဉ်ကျေးမှု ပျောက်ကွယ်သွားခဲ့လေပြီ။

သို့သော် အောင်ချမ်းသာရပ်ကွက်အတွင်းမှာ နေ့စဉ်ဖြစ်ပေါ်နေသော 'အရပ်အတင်း' ကို 'ပါးစပ်သတင်း' အဖြစ် အခမဲ့ထုတ်ဝေဖြန့်ချိပေးနေသူ တစ်ဦးကတော့ 'စည်းစိမ်' မှာ နံနက်တိုင်း လန်းဆန်းတက်ကြွသည့်ဟန်အမူအရာဖြင့် ထိုင်နေတတ်သည်။ အလုပ်အကိုင်မည်မည်ရရမရှိသည့်ဘဝမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ စာပို့လုလင်၊ စာရေးအလုပ်ရရှိခဲ့ပြီးနောက် ရပ်ကွက်ပြည်သူအချို့ထံမှ လာဘ်အတောင်းကြမ်းသဖြင့် အလုပ်ပြုတ်နေပြန်သော မျိုးဝင်းဆိုသည့် ပိန်ညောင်ညောင်ရှုံ့နာရှုံ့ကျက်ကုန်းလူရွယ်တစ်ယောက်ဖြစ်သည်။

> အိမ်ထောင်ပြိုကွဲ
> လုလုဖြစ်အောင်
> မကြာခဏ
> ဖန်တီးနေ
> သူကကော
> ဘယ်သူလဲ
> မိမိကိုယ်တိုင်ပါပဲ
> ဟု
> ကိုယ်စောင့်နတ်
> ကလွဲ၍
> ဘယ်သူ့ကိုမျှ
> မခင်ပို
> ဝန်မခံရဲပါ

မျိုးဝင်းသည် စာရေးအလုပ်ပြုတ်ခဲ့သော်လည်း ယခုအခါ မော်တော်ဆိုင်ကယ်ပွဲစားအလုပ်ဖြင့် ရပ်ကွက်ထဲမှာ လတ်လျားလတ်လျား ဟိုသွားဒီသွား အလုပ်ရှုပ်နေပြန်သည်။ 'စည်းစိမ်' တွင် နံနက်တိုင်း မျိုးဝင်းထံမှ ပါးစပ်သတင်းအသစ်များ ထွက်ပေါ်လာတတ်ရာ ထိုသတင်းတွေကို တောင့်တောင့်တတ၊ တော်တော်မွတ်မွတ်နှင့် လာရောက်ကြားနာတတ်ကြသည့် 'အတင်းအဖျင်းဆာလောင်သူ' နှစ်ဦးလည်းရှိကြသည်။ တစ်ဦးမှာ တစ်ခေတ်တစ်ခါက သ/မလူကြီးဖြစ်ခဲ့ပြီး ကိုယ်ကျိုးအရှာလွန်ကာ ထောင်ကျခဲ့သည့် အသက် ၆၀ အရွယ် ဦးမင်းကြည်ဆိုသော အသားမည်းမည်း ပုပုဝဝလူကြီးဖြစ်သည်။ နောက်တစ်ဦးကတော့ ဦးမင်းကြည်နှင့်ရွယ်တူ အစိုးရဆန်ဂိုဒေါင်ဒရဝမ်(လုံခြုံရေးအစောင့်)ဟောင်း ဦးရွှေသောင်းဖြစ်သည်။ ဦးရွှေသောင်းမှာလည်း အမည်းစက်စွန်းသောရာဇဝင်ရှိသည်။ သူ့အစောင့်ကျသော ဆန်ဂိုဒေါင်သို့ စာရင်းစစ်တွေ ရောင်တခင်ဝင်စစ်စဉ် စာရင်းကွာနေရာမှ တစ်ပြုံလုံးအလုပ်ပြုတ်ကြရာတွင် ဦးရွှေသောင်းမှာ ရှေ့ဆုံးတန်းမှ ပါသွားသည်။ ဦးရွှေသောင်းကတော့ ရိုးကြီးဂေါင်ဂင်ပိန်ရှည်ရှည်ဖြစ်ကာ မျက်နှာထား တည်ကြည်သည်။ အမှတ်တမဲ့ကြည့်ပါက သူသည် အငြိမ်းစားမူလတန်းကျောင်းအုပ်ကြီးတစ်ယောက်နှင့် တူလေသည်။ တကယ်တော့ ဦးရွှေသောင်းမှာ စတုတ္ထတန်းပင် အောင်မြင်ခဲ့သူ မဟုတ်ပါ။

မျိုးဝင်းက အက်ကွဲကွဲ ညောင်စာစာ အသံလေးဖြင့် စကားစ,လိုက်ချိန်မှာ နံနက် ၆ နာရီ ၁၅ မိနစ်သာရှိသည်။ 'စည်းစိမ်' ထဲမှာ စားသုံးသူ မများသေး။ အသံဗလံ မဆူညံသေး။ ရုပ်မြင်သံကြားမှာ ကိုရီးယားအဆိုအကပေါ် မလာသေး။

'မနေ့ညက မခင်ပို အတော်နာတယ် ဗျ။ ကျွန်တော်တော့ ဆေးရုံရောက်ပြီထင်တာ။ ည ၉ နာရီလောက်မှာ ဆူဆူညံညံ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေ ထွက်လာတော့ ကိုခင်မောင်လွင် သူ့မိန်းမကို သမပြန်ပြီဆိုပြီး လိုအပ်ရင်ဆွဲရလွဲရ၊ တားရဆီးရအောင် သူတို့အိမ်
ရှေ့ မယောင်မလည်သွား
တယ်။ ကျွန်တော်လည်း
ရောက်ရော အသံတွေ
သွားရောဗျ။ နောက်
အိမ်ထဲကနေ သူတို့သား
ဆိုတဲ့ကောင်ကလေး
ထွက်လာလို့ ကျွန်တော်
မေးကြည့်တော့ ကောင်က
က 'ဘာမှမဟုတ်ဘူး။
သွားပြီ...ပြီးသွားပြီ' လို့
ပြီးမှ ထိပ်ဘက်လျှောက်
တယ်။ ကျွန်တော်လည်း
များ ထူးဦးမလဲဆိုပြီး ငါး
လောက်ရပ်၊ နားစွင့်ကြည့်
တယ်။ ဘာမှမထူးတော့
အိမ်ထဲက ဘာသံမှ မကြား
တော့ဘူး။ ဒါနဲ့ ကျွန်
လည်း ပြန်လာခဲ့တယ်'

'မင်း သတိမထား
ပါ မျိုးဝင်းရာ၊ ခင်ပို့ကို
ယောကျ်ားက ၆ လတစ်
လောက် ရိုက်နေတာကွ။
ပိုကလည်း ၆ လတစ်
လောက် အတွဲပြောင်း
သလားမှ မသိတာ'
ဦးမင်းကြည်က အသံ
အုပ်ဖြင့်ပြောသည်။

'ခင်ပိုက ငါးဖယ်လို
ထုလေ မာလေပဲ။ မယုံ
စောင့်ကြည့်နေ၊ ကြာရင်
မောင်လွင် လက်ပန်းကျ
အလျှော့ပေးသွားရလိမ့်
ခင်ပို့လို မိန်းမက တက
ကြောက်စရာနော။
လိုက်ရင် သူ့မျက်နှာက
ပြုံးကလေးရယ်၊ ကိုယ်
ကိုယ်ပေါက်ကလည်း
နှောင်းနှောင်းနဲ့။ အဲဒါမျိုး
အသည်းကျသိပ်မာတာ၊
ဝါသနာမျိုးက သေမှပဲ
မယ့် ဝါသနာမျိုး'

ဦးရွှေသော
ပဲနံပြားတွေ ပလုတ်ပလော



www.burmeseclassic.com

www.burmeseclassic.com

…နှင့် မလိုတမာသံမျိုးဖြင့် …ပြောသည်။ ဦးရွှေသောင်း …စကားကို သဘောကျဟန် …မျိုးဝင်းက ဟက်ခနဲရယ် …လိုက်သည်။

စည်းစိမ်လက်ဖက် …ဆိုင်က ညစောင့်ဒရဝမ် …ကောင်းကြီး ဦးရွှေသောင်း …သလို ခင်ပိုက အသည်း …ရှုံး။ စိတ်ထားမာကျောရုံ …သာ မဟုတ်။ မျက်နှာထား …သည်း လိုအပ်သည့်အခါ …မတူအောင် မာကျော …သည်။

မှန်တင်ခုံရှိ ဘဲဥပုံမှန် …မှာ ထင်ဟပ်နေသော မခင် …၏ မျက်နှာထားက ယနေ့ …တ် ၆ နာရီလောက်မှာ …သူကြီးရုပ်တုမျက်နှာလို …င်းရင်းအေးစက်လျက်ရှိ …သည်။ မဟာနဖူးအထက် …ပ်နေရာ တစ်နေရာသည် …ညိုရောင်သန်းလျက် မသိ …သော ဖူးရောင်နေသည့် …ရာကို စူးစိုက် ကြည့်ရင်း … မခင်ပို ရင်ထဲမှာ ဒေါသ …တွေ အလိပ်လိုက် ကြွလာရ … ရင်ခေါင်းထဲမှာ အယုတ္တ …တ္တသံတွေ မြည်ဟည်း …သွား၏။

သေချာကြည့်လျှင်… …ခင်ပို၏ ဝဲဘက်နားထင်စပ် …ပင်တွေကြားမှာ ပဲကြီးလှော် …လောက် အမာရွတ်ကလေး …တစ်ခုရှိနေကြောင်း တွေ့ရ …သည်။ ထိုအမာရွတ်ဟောင်း … လက်ရှိပူပူနွေးနွေး ဖူးမို့ …ဆောင်တင်းနေသော ဒဏ်ရာ …ကို ဖန်တီးခဲ့သည့် လက်သည် …ရားခံမှာ တစ်ဦးတည်းဖြစ် …သည်။ မခင်ပို၏ ကိုယ်ခန္ဓာ …မှာ အမာရွတ်မထင်သော …ဘောက်ကွယ်ငုပ်လျှိုးသွား

> မိမိက
> ယခု
> အသက် ၄၂ နှစ်၊
> ကိုခင်မောင်လွင်က
> အသက် ၄၅ နှစ်
> ရှိကြပြီး
> အနည်းဆုံး
> နောက်ထပ်
> နှစ်ပေါင်း ၂၀
> လောက်
> ဆက်လျှောက်
> ရဦးမည့်
> ခရီးရှည်ကြီးကို
> တွေးမိသည့်အခါ
> မခင်ပို
> မွန်းကျပ်လာပြီး
> တစ်ကိုယ်လုံး
> လှုပ်လှုပ်ခါခါ
> ဖြစ်သွား
> တတ်သည်

ကြသည့် ဒဏ်ရာဟောင်းတွေ ရှိကြသေးသည်။

'ရှင် မကျေနပ်ရင် သတ်လိုက် သေအောင်သတ်လိုက်။ ဘယ်လိုမိန်းမစား အောက်မေ့လို့တုံး။ ဒီက သေဝံ့တယ်။ သေရမှာ မကြောက်ဘူးဆိုတာ မှတ်လိုက်'

ဤသို့ ဒဏ်ရာရသားကောင်တစ်ကောင်၏ စူးစူးလှိုက်လှိုက်အသံမျိုးဖြင့် အော်ဟစ်ခဲ့ဖူးသည်ကို မခင်ပိုက သတိရနေဆဲဖြစ်ကြောင်း မှန်ထဲက မျက်နှာကို နှုတ်ခမ်းတွန့်၍ အသိပေးလိုက်သည်။ နှုတ်ခမ်းတွန့်ရာက တစ်စုံတစ်ခုကို သတိရသွားသလို သူ့မျက်နှာသည် တစ်မဟုတ်ချင်း ဆွေးရိပ်သန်းသွားပြန်သည်။

'ငါကလည်း ဒေါသဖြစ်ဖြစ်၊ အသားနာနာနဲ့သာ စိန်ခေါ်ခဲ့ရတာ။ တကယ်က ငါ မသေရဲပါဘူး။ သေလည်း ဘယ်သေချင်လိမ့်မတုံး။ ဒင်း(သင်း)ကို ခွဲနိုင်ပေမဲ့ သမီးကြီး ခင်ဝေလွင်၊ သားဝေမိုးနဲ့ သမီးလေး သဲသဲပိုတို့ကို ငါ မခွဲနိုင်ဘူးလေ။ ဒင်း(သင်း)ကတော့ ငါ့ကိုကော သားသမီးတွေကိုပါ မစွန့်လွှတ်နိုင်တဲ့ အလကားလူကြီးပဲ'

မခင်ပိုက 'လူပေါ်ကြီး' ဟု တိတ်တခိုးသတ်မှတ်ထားသော်လည်း တစ်ကမ္ဘာလုံးအတွက်တော့ ကိုခင်မောင်လွင်သည် လူပေါ်ကြီး မဟုတ်ရဘဲ 'လူရိုး၊ သူတော်ကောင်းကြီး' တစ်ဦးသာဖြစ်သည်။ အရပ် ၅ ပေ၊ ၄ လက်မမြင့်သော မခင်ပိုအောက်မှ ကိုခင်မောင်လွင်က ၂ လက်မနီးပါး နိမ့်သည်။ မခင်ပိုက အသားဝါဝါ၊ ကြွေရုပ်မျက်နှာနှင့်။ ကိုခင်မောင်လွင်က မျက်နှာပေါက်မဆိုးသည့်တိုင် ကျောက်ပေါက်မာသုံ့သုံ့ရှိသည်။ ပန်းနာရင်ကျပ်ရောဂါရှိရသည့်တွင် ဗိုက်ရွှဲနေသောအခါ ကိုခင်မောင်လွင်၏ အမြဲတမ်းအမူအရာမှာ သူမနှစ်မြို့သော ခန္ဓာဝန်ကြီးကို မလွှဲမရှောင်သာ ထွေးပိုက်သယ်ဆောင်ထားရသည်နှင့် တူနေသည်။

'ငါ့မိဘတွေက သမက်အရွေး သိပ်တော်ကြတာ' ဟု မခင်ပိုက အထည်ချုပ်စက်ရုံရှိ လုပ်ဖော်ကိုင်ဖက်အမျိုးသမီး မိတ်ဆွေအချို့ကိုလည်း ရယ်သရော၊ မောသရော ပြောလေ့ရှိသည်။ စိတ်ထဲမှာတော့ မအေတူ အသားအရေနှင့် ရုပ်သွင်လှလှ၊ အရပ်အမောင်းကောင်းကောင်း သားသမီးသုံးယောက်ရရှိခဲ့ခြင်းက အသားတင်အမြတ်ဟု မခင်ပို ခံယူ ယုံကြည်ထားသည်။ ဒီအိမ်ထောင် မပြိုကွဲခဲ့ခြင်းမှာလည်း ထိုသားသမီးသုံးယောက်ကြောင့်သာဖြစ်ကြောင်း မခင်ပို ပြောဝံ့သည်။ အိမ်ထောင်ပြိုကွဲလုလုဖြစ်အောင် မကြာခဏ ဖန်တီးနေသူကကော ဘယ်သူလဲ။ မိမိကိုယ်တိုင်ပါပဲဟု ကိုယ်စောင့်နတ်ကလွဲ၍ ဘယ်သူ့ကိုမျှ မခင်ပို ဝန်မခံရဲပါ။

သဘော်ကျင်းတစ်ခုမှာ လခစားသံဂဟေဆရာအဖြစ် အမှုထမ်းသော ကိုခင်မောင်လွင်သည် ရသမျှလစာကို ဇနီးလက်ထဲတစ်ပြား၊ တစ်ချပ်မကျန် အပ်သည်။ ဆေးလိပ်မသောက်၊ ကွမ်းမဝါး၊ အရက်ဆို အနံ့ပင်မခံ။ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်။ သားသမီးတွေကို လိုအပ်သည်ထက် ပို၍ အလိုလိုက်သည်။ သူ့လိုလင်ယောကျ်ားမျိုးမှာ ဘယ်လိုအပြစ်မျိုး ရှိနေပါလိမ့်ဟု အချို့က စဉ်းစားကြမည်ဖြစ်ပြီး အဖြေကိုတွေ့ကောင်း တွေ့ကြလိမ့်မည်။

အဖြေအစစ်အမှန်၊ အတိအကျကိုတော့ မခင်ပိုပဲ သိ၏။ သူများကိုထုတ်ပြောဖို့ မဆိုနှင့်၊ ကိုယ်စောင့်နတ်ကိုပင် ဖွင့်ဟရန်မသင့်သော အဖြေဖြစ်သည်။

မိမိက ယခုအသက် ၄၂ နှစ်၊ ကိုခင်မောင်လွင်က



www.burmeseclassic.com

www.burmeseclassic.com

အသက် ၄၅ နှစ်ရှိကြပြီး။ အနည်းဆုံး နောက်ထပ် နှစ်ပေါင်း ၂၀ လောက်ဆက် လျှောက်ရဦးမည့်ခရီးရှည်ကြီးကို တွေးမိသည့်အခါ မခင်ပို မှန်းကျပ်လာပြီး တစ်ကိုယ်လုံး လှုပ်လှုပ်ခါခါ ဖြစ်သွားတတ်သည်။ လတ်တလောကာလမှာ မိမိသေသွားလျှင် ကိုခင်မောင်လွင်တစ်ယောက် ရှုးကြောင်ကြောင် ကယောင်ကယင်ဖြစ်သွားနိုင်လည်း…၊ ကိုခင်မောင်လွင် သေခဲ့လျှင်တော့ မိမိ တောင့်တသော အခွင့်အလမ်းတွေနှင့်အတူ နှစ်အနည်းငယ်မျှ ယစ်မူးနိုင်လိမ့်ဦးမည်။

မှန်ထဲမှ မျက်နှာဆီသို့ သက်ပြင်းလေပူတွေကို မှုတ်ထုတ်ရင်း မခင်ပို မှန်တင်ခုံရှေ့မှ ထ,သည်။ စက်ရုံဝတ်စုံကို အမြန်ဆုံးဝတ်ဆင်သည်။ ည့်ခန်းထဲသို့ ထွက်လာသည့်အခါ သမီးကြီးပြင်ဆင်ပေးထားသည့် ထမင်းချိုင့်နှင့် ရေဘူးပါသည့်ပလတ်စတစ်ဆွဲခြင်းကို အသင့်ဖြစ်နေကြောင်း တွေ့ရသည်။ သားနှင့်သမီးငယ်တို့က ဖခင်နှင့် မရေးမနှောင်းပင် ကျောင်းသို့ သွားကြပြီး ၈ တန်းစာမေးပွဲကျကတည်းက ကျောင်းပြန်တက်ရမှာ (ရှက်လှချည့်ရဲ့)ဆိုကာ အိမ်မှာပဲနေသော သမီးကြီး ခင်ဝေလွင်သည် ယခုတော့ အိမ်တွင်းမှုတာဝန်ခံ စားဖိုမှူးကြီးဖြစ်နေပြီ။

'သမီးကြီး အသက် ၂၀ ကျော်မှ အိမ်ထောင်ပြုနော်' ဟု သမီးကို မှာကြားသတိပေးတုန်းက ခေါင်းညိတ်ပြခဲ့သည့်သမီးသည် ယခု ၁၇ နှစ်တစ်ရက်ကျော် ၁၈ နှစ်ထဲ

အမျိုးသမီး အုပ်စုထဲမှ တစ်ယောက်ကမူ သူ့အနီးမှ အမျိုးသမီး တစ်ယောက်ကို လက်တို့ကာ 'ခင်ပိုတို့များ တွဲလိုက်ရင် တူအရွယ် သားအရွယ် နုနုထွတ်ထွတ် ကလေးတွေ ချည်းပဲတော့' ဟု လေသံဖြင့် ပြောလိုက်သည်

အရောက်မှာ ရည်းစားအပြောင်းအလဲများနေကြောင်း သားက သတင်းပေးသဖြင့် မခင်ပို သိထားနှင့်ခဲ့ပြီ။ ဘာတတ်နိုင်မှာလဲလေဟု သက်မချရုံသာ။

'မေမေ သွားပြီဟေ့'ဟု သမီးကို အသံပေးကာ မခင်ပိုသည် အိမ်ပေါ်မှာ ခပ်သွက်သွက်လှမ်းဆင်းသွားရာ ဒေါက်ဖိနပ်ခွာသံကပါ အဖော်လိုက်သလို ထင်ရသည်။

'ဟုတ်ကဲ့… ဟုတ်ကဲ့' ဟူသော ခင်ဝေလွင်၏ အသံတိမ်တိမ်က မီးဖိုခန်းထဲမှ ပြေးလိုက်လာ၏။ ခင်ဝေလွင်ကပျာကယာထွက်လာပြီး ခြံဝရှိသစ်သားတံခါးဆီသို့ လျှောက်လာသည်။ သစ်သားတံခါးကို ခြင်းတိုင်နှင့်တွဲ၍ သော့ခတ်သောသံကြိုးကို ဆွဲယူပြီးမှ ခင်ဝေလွင်သည် သော့မခတ်တော့ဘဲ တံခါးကို စေ့ရုံသာစေ့ထားလိုက်သည်။

စည်းစိမ်လက်ဖက်ရည်ဆိုင်ထဲမှ ဦးမင်းကြည်၊ ဦးရွှေသောင်းနှင့် မျိုးဝင်းတို့သည်'ဟွန်ဒိုင်း'အမျိုးအစား ဖယ်ရီကားပေါ်သို့ ခပ်သုတ်သုတ်တက်နေကြသော အမျိုးသမီးအုပ်ကိုငေးကြည့်နေကြသည်။

'ညကတုန်းက တိုက်ပွဲမှာ ဒဏ်ရာပြင်းပြင်းထန်ထန် မရဘူး တူတယ်ကွ။ ခင်ပိုတို့ သွက်သွက်လက်လက်၊ လန်းလန်းဆန်းဆန်းပဲနော်'ဟု ဦးရွှေသောင်းက ပြောလိုက်သောအခါ မျိုးဝင်းက ဟက်ခနဲရယ်ပြီး…

'ဦးလေးပဲ စောစောက ပြောတော့ ငါးဖယ်ဆိုတာ ထုလေမာလေပဲဆိုဗျ'ဟု မပွင့်တပွင့်ပြောသည်။

နောက် ၁၀ မိနစ်ခန့် အကြာမှာတော့ အောင်ချမ်းသာ ရပ်ကွက်ထဲမှ အလုပ်လက်မဲ့ ယောကျ်ားသုံးယောက်လည်း လက်ဖက်ရည်ဆိုင်ထဲမှ ပြိုင်တူထွက်ခဲ့ကြကာ တစ်ယောက် တစ်လမ်းစီ ခွဲ၍ ထွက်ခွာသွားခဲ့ကြသည်။

မခင်ပိုတို့၏ ပုဂ္ဂလိကကုမ္ပဏီပိုင်အထည်ချုပ်စက်ရုံ ဝင်းတံခါးကြီးရှေ့မှာ သူတို့၏ ဟွန်ဒိုင်းဖယ်ရီကားကြီးက ဆောင့်ကြီးအောင့်ကြီး မီးခိုးတထောင်းထောင်းဖြင့် ရပ်လိုက်သည်။ အမျိုးသမီးတွေလည်း ဖယ်ရီပေါ်မှ ဆင်း

ကြပြီးနောက် ဟ,ထား[illegible] တံခါးတစ်ချပ်ကြားမှ [illegible] ဝင်းထဲသို့ ဝင်ကြသည်[illegible] မခင်ပို ဖယ်ရီကားပေါ်[illegible] ဆင်းကတည်းက ၁၄/၁၅ နှ[illegible] အရွယ် မြင်းမြီးဆံပင်နှင့် ယ[illegible] ငယ်လေးတစ်ယောက်[illegible] မခင်ပိုဆီသို့ ရေးကြီးသုတ်[illegible] လျှောက်လာနေသည်။ [illegible] ငယ်ကလေးကို မခင်ပို ကော[illegible] ကောင်းသိသည်။ သား [illegible] ၏အပေါင်းအသင်းတစ်[illegible] ယောက်ဖြစ်ပြီး အိမ်သို့မ[illegible] ခဏဝင်ထွက်သွားလာနေတတ်[illegible] သည်။ သူ့နာမည်က စိုးစိုး[illegible] လား၊ စိုးကြီးဆိုလား။

လူငယ်ကလေး[illegible] မျက်နှာထားက တည်ကြည်[illegible] ခြင်းတစ်ဝက်၊ ညှိုးလျှ[illegible] တစ်ဝက်နှင့် တစ်ခုခု[illegible] အားယူနေပုံရသည်။

'အန်တီကို ကျွန်တော်[illegible] အရေးကြီးတဲ့စကားတစ်[illegible] လောက်ပြောချင်လို့'

လူချင်းလက်[illegible] ကမ်းအကွာလောက်ရော[illegible] တော့ လူငယ်ကလေးက[illegible] ပြုံးကလေး ပြုံးရင်ခပ်[illegible] လေသံဖြင့်ပြောသည်။

မခင်ပိုက နဖူး[illegible] ဖူးရောင်နေသောဒဏ်ရာ[illegible] အောင် ဆောင်းထား[illegible] မြက်ဦးထုပ်ပုံစံ ပလတ်[illegible] ဦးထုပ်ကို ရှေ့သို့ပို[illegible] အောင် အသာဆွဲချသည်[illegible]

'ဘာများလဲကွဲ[illegible] စိုးကြီး'

လူငယ်က[illegible] နှုတ်ခမ်းတွေကို လျှာ[illegible] ရာက ဆုံးဖြတ်ချက်[illegible] သလို မခင်ပို၏ မျက်လုံး[illegible] တည့်တည့်ကြည့်[illegible]

'ကျွန်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရိုးကို ပြောပြပါတယ်။ ဒါပေမဲ့ သူက ကျွန်တော်ပြောပြတာကို စိတ်မဝင်စားဘူး။ ပြီးတော့ ဒီကိစ္စ ငါ့မလာပြောနဲ့ ငါ့အမေကို ပြောလို့ ဆိုတာနဲ့ အန်တီ့ကိုတမင်လာ ...ောင့်ပြီးပြောတာပါ'

'ဘာကိစ္စများလဲ ဖိုးကြီး'

မခင်ပို၏ လေသံထဲမှာ စိတ်မရှည်ချင်သည့်အရိပ်အငွေ့တွေ ပါလာသည်။ စက်ရုံထိ ...ကူးတက လိုက်လာပြီး ပြောရအောင် ဒီကောင်ကလေးမှာ ဘာများအရေးကြီးနေပါသိမ့်။

'ရပ်ကွက်ထဲက ပါလေ ...ပဲခူးဆား မျိုးဝင်းဆိုတဲ့ ...ောင်ကို အန်တီ သိမှာပေါ့'

'အေး...သိတယ်။ ...ဘက်စားလို့ အလုပ်ပြုတ်သွားတဲ့ ရပ်ကွက်ကောင်စီ ...ရေးလေ။ ကျောက်ကျော ...ျက်နှာနဲ့ အကောင်လေ။ ဒီ...ောင်နဲ့ တို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဖိုးကြီးသည် မျက်လွှာချပြီး ခေါင်းငုံ့လိုက်ရာမှ မျက်နှာကို ပြန်မော့သည်။

'ဒီကောင် အန်တီ့သမီး ခင်ဝေလွင်ကို ချဉ်းကပ်နေတယ်ဗျ။ ဈေးသွားရင်လည်း ...ကောက်ကောက် လျှောက်လိုက်နေတယ်။ အိမ်မှာ မခင်ဝေလွင်တစ်ယောက်တည်း ရှိ...န်းဆိုရင်လည်း ခြံဝကနေ ...ပ်ပြီး မခင်ဝေလွင်ကို လှမ်းစကားပြောနေတယ်'

'အေး...အဲဒါ ဘယ် ...ပြဿနာရှိလို့လဲ ဖိုးကြီး'

မခင်ပိုအသံမာသွားခြင်းက ဖိုးကြီးကို လိုရင်း ...မြန်ပြောဖို့ နှိုးဆော်လိုက်

သလို ဖြစ်သွားသည်။ သူက အသက်မရှူအားဘဲ ဗလုံဗထွေး ပြောချလိုက်လေသည်။

'ဒီကောင် လူပျိုမဟုတ်ဘူးဗျ။ မိန်းမ ရဖူးတယ်။ ကလေးတစ်ယောက်ရမှ ကွဲသွားတာ'

'ဩော်...ဩော်...'

မခင်ပို၏ မျက်နှာအမူအရာက မှုန်မှိုင်းတင်းမာသွားရမည့်အစား ပြုံးယောင်ယောင် ပျော့ပျောင်းလာသဖြင့် ဖိုးကြီး တအံ့တဩနှင့် စကားဆက်ရန်ဆွံ့အ,နေသည်။

'ကျွန်...ကျွန်တော် စေတနာနဲ့ ပြောတာပါနော်။ အန်တီ ကျွန်တော့်ကို တစ်မျိုး မထင်ပါနဲ့။ ကျွန်တော် ချွန်တွန်းလုပ်တာမဟုတ်ပါဘူး။ ဝေမိုးကလည်း စိတ်မဝင်စားဘူးလို့ ပြောတာနဲ့ ကျွန်တော် အန်တီ့ကို လာပြောတာပါ'

'အေး အန်တီ သဘောပေါက်ပါတယ်ကွယ် ကဲ... အန်တီအလုပ်ဝင်ရဦးမယ်'

မလှမ်းမကမ်းကနေ မခင်ပိုနှင့် ဖိုးကြီးတို့ကို အကဲခတ်နေကြသော အမျိုးသမီးအုပ်စုထဲမှ တစ်ယောက်ကမူ သူ့အနီးမှအမျိုးသမီး တစ်ယောက်ကို လက်တို့ကာ

'ခင်ပိုတို့များ တွဲလိုက်ရင် တူအရွယ် သားအရွယ် နုနုထွတ်ထွတ်ကလေးတွေ ချည်းပဲတော့'ဟု လေသံဖြင့် ပြောလိုက်သည်။

စက်ရုံရှေ့မှ ပြန်ထွက်လာခဲ့သော ဖိုးကြီးမျက်နှာထားကမူ ငိုမဲ့မဲ့ဖြစ်နေသည်။ အမှားတစ်ခုခုကို ကျူးလွန်မိခဲ့သည့်မျက်နှာထားမျိုးဖြစ်သည်။ 'သူတို့နဲ့ ငါနဲ့ သွေးတစ်စက်တောင်မှ အမျိုးတော်တာမှ မဟုတ်တာ။ သူတို့ဘာသာ ဖြစ်ချင်ရာဖြစ်၊ ငါနဲ့ ဘာဆိုင်တာမှတ်လို့။ ခုတော့ ငါက အလေးအနက်ထားပြီး စေတနာနဲ့ ပြောသလောက် အန်တီမခင်ပိုက သူနဲ့ဘာမှ မဆိုင်သလို အေးစက်စက်နဲ့ ပါကလား။ ငါ လာပြောမိတာ မှားပြီ၊ အမှားကြီးမှားပြီ'ဟု ဖိုးကြီးတွေးကောင်း တွေးနေမိလေသည်။

နံနက် ၁၀ နာရီလောက်မှာတော့ ကိုခင်မောင်လွင်သည် အလုပ်ထဲမှာ ရှိနေရမည့်အချိန်၌ နေအိမ်ရှိရာသို့ ရေးကြီးသုတ်ပျာ လှမ်းလျှက် ပြန်လာလျှက် ရှိသည်။ သူ့မျက်နှာကြီးက နေရောင်အောက်ချွေးစီးကြောင်းတွေထဲမှာ ပြောင်တင်းတောက်ပနေသည်။ သူ့အလုပ်ထဲသို့ ရောက်ရောက်ချင်း 'ပစ်စာ' တစ်စောင်က အသင့်ဆီးကြိုနေသည်။ သူ အိမ်ကို ချက်ချင်း မပြန်လျှင် မဖြစ်တော့။

ပစ်စာက တိုတိုတုတ်တုတ်ဖြစ်၍ တစ်ခေါက်ဖတ်မိသည်နှင့် ချက်ချင်းအလွတ်ရကာ သူ့ဦးခေါင်းထဲမှာရော ရင်ခေါင်းထဲမှာပါ မကောင်းဆိုးရွားတစ်ကောင်၏ အသံမျိုးဖြင့် တရစပ်အော်မြည်လျက်ရှိတော့သည်။

*မယားမိန်းမအို ကို ပစ်စလက်ခတ်ထားချင်ထား၊ သမီးမိန်းမပျိုကိုတော့ အိမ်မှာ တစ်ယောက်တည်း လွှတ် မထားစေချင်ဘူး။*

*(ကိုယ်ချင်းစာတတ်တဲ့ သမီးရှင်တစ်ဦး)*

ပစ်စာကို ကွန်ပျူတာဖြင့် ကျကျနန ဂရုတစိုက်ရေးထားခြင်းဖြစ်၍ ပစ်စာကို ပစ်စာဟုပင် ကိုခင်မောင်လွင် မထင်တော့။ သူ့နားတစ်ဖက် အနီးမှ ကပ်၍ တိုးတိုးအုပ်အုပ်ပြောလိုက်သော သတိပေး၊ သတင်းပေးစကားဟု မှတ်လိုက်သည်။

စေ့ထားသော ခြံတံခါးကို အသာအယာတွန်းဖွင့်ကာ အိမ်ပေါ်သို့ ခြေဖွနင်း၍တက်သွားသည်။

မီနစ်ဝက်အတွင်း ကိုခင်မောင်လွင်သည် ရှန်းကန်ရုန်း ကြိုးစားနေသော မျိုးဝင်း၏ အင်္ကျီရင်ဘတ်ကို ဆွဲကိုင်ရင်း အိမ်အောက်သို့ ဆွဲခေါ်လာသည်။

'ဦးလေး...ကျွန်...ကျွန်တော်...ရှင်း...ရှင်း...'

ကိုခင်မောင်လွင်က ညာလက်သီးဖြင့် မျက်နှာကို အနီးကပ် ထိုးလိုက်သောကြောင့် မျိုးဝင်းစကားပြတ်သွားသည်။

'မင်းလို လူလိမ်လူကောက်၊ လူပွေလူရှုပ်က ငါ့သမီးကို ကြံလို့ရမလားကွ။ မင်း အပုပ်နံ့က တစ်ရပ်ကွက်လုံးမှာ နံဟောင်နေတာ။ ငါ့သားက မင်းအကြောင်း ငါ့ကိုပြောပြထားပြီးပြီ။ မင်းလို ဂျလေဘီ တစ်ခုလပ်ကများ'

'ကျွန်...တော်...'

မျိုးဝင်း၏ ရှပ်အင်္ကျီရင်ဘတ်အသံမြည်၍ စုတ်ပြဲသွားချိန်မှာ ကိုခင်မောင်လွင်၏ တူကိုင်၊ သံဖြတ်လွှကိုင်၊ ပလယာကိုင်နေကျ လက်သီးကြမ်းကြီးက မျိုးဝင်း၏ မျက်နှာပေါ်သို့ မိုးသီးမိုးပေါက်တွေလို အတောမသတ် ကျလာနေကြသည်။ ■

ကျူး...



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ –)နှင့်နှင့်
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၈၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉-၈၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတာလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၃၄)
ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၀
ဒေါ်စန်းစန်းဝေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၃၀၀၄၂၇၊၀၁-၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ဖုံးချိန်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၂၈၁။ ဦးမောင်မောင်ခင်+ဒေါ်ခင်ညို(မြရိပ်မွန်)မိသားစု ၁,၀၀,၀၀,၀၀၀
အမှတ် ၁၀၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ (သိန်းတစ်

၂၈၂။ ဦးသိန်းလွင်+ဒေါ်ရီရီနွဲ့မိသားစု ၁၀,၀၀,၀၀၀
အမှတ်(၄၇-ဘီ)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ (ဆယ်သိ

၂၈၃။ ဦးမောင်မောင်+ဒေါ်ခင်မြဦး(ရတနာမုခ)မိသားစု ၅,၀၀,၀၀
အမှတ် (၁၀၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ (ငါးသ

၂၈၄။ ဦးအောင်မြင့်ထွန်း+ ဒေါ်မြတ်သန္တာထွန်း၊ (သမီး)လင်းကလျာထွန်းမိသားစု ၅,၀၀,၀
မီနီယာပိုလ်စ် MN.55426 USA. (ငါးသ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၂၈၅။ ဦးဘမို+ဒေါ်သန်းသန်း မိဘနှစ်ပါးအား ရည်စူး၍<br>သမီး ဒေါ်ခင်မြင့်ကြည်(မတွတ်)မိသားစုကောင်းမှု<br>အမှတ် ၁၃၅ (J-4) သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ | ၃၀,၀၀,၀၀၀/-<br>(သိန်းသုံးဆယ်) |
| ၂၈၆။ ဦးခင်+ဒေါ်ကျော့မေတို့အား ရည်စူး၍<br>ဒေါ်ထားကြည်မိသားစုနှင့်ဒေါ်ခင်မြင့်ကြည်မိသားစု<br>အမှတ် ၁၃၅ (J-4) သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ | ၁၀,၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၂၈၇။ ၃-မိုလ်မှူးကြီး ကြည်ထွန်း+ဒေါက်တာဒေါ်သီတာအေး<br>(မြိုင်မာလာ)မိသားစု၊ မန္တလေး။ | ၁၅,၀၀,၀၀၀/-<br>(တစ်ဆယ့်ငါးသိန်း) |
| ၂၈၈။ ဦးမြထွန်း(နိုင်ငံခြားရေး)+ဒေါ်သန်းနွဲ့(မြေစာရင်း)နှင့်<br>သားသမီးမြေးများမိသားစု<br>အမှတ် ၁၇၀/၂၊ ပထမသီရိရိပ်သာ၊ အလုံ၊ ရန်ကုန်။ | ၃၀,၀၀,၀၀၀/-<br>(သိန်းသုံးဆယ်) |
| ၂၈၉။ ဦးမောင်ကြီး+ဒေါ်မြင့်စန်း၊ (သမီး)မဝင်းမြင့်၊ မကေခိုင်မိသားစု<br>No.20,AcKeron Str. Mayfield 2304,NSW,Australia. | ၂၀,၀၀,၀၀၀/-<br>(သိန်းနှစ်ဆယ်) |
| ၂၉၀။ ဦးဘရွှေ+ဒေါ်မြဝင်း၊ (သား)ဦးတင်ဝင်း၊ ဦးဝင်းရွှေ၊ ဦးသက်ထွေး၊<br>ဦးရဲဝင်းထွဋ်၊(သမီး)ဒေါ်တင်တင်ခိုင်မိသားစု<br>စက်မှု(၂)၊ မန္တလေး။ | ၁၀,၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၂၉၁။ ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာဦးမြသင်အားရည်စူး၍<br>ဦးသီဟသင်+ဒေါ်အေးအေးခိုင် မိသားစု<br>အမှတ်(၁၁၉/၁၂၁)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ | ၅,၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၂၉၂။ ဦးကြည်လင်+ဒေါ်ခင်မေ၊ (သမီး)မလေးခင်၊<br>(သား)ကိုဝင်းနိုင်+မဥမ္မာအောင်၊ (မြေး)သိမ့်သိမ့်သူ၊ ဉာဏ်လင်းကျော်မိသားစု<br>အမှတ် (၁၉၇)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ | ၅၀,၀၀,၀၀၀/-<br>(သိန်းငါးဆယ်) |
| ၂၉၃။ ဦးရှိန်မြင့်+သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်<br>(စိန်ရတုအကြိုမွေးနေ့အလှူ)၊ ပပဝင်းရတနာ၊ ဂုဏ်ရှိန်မြင့်မိသားစု<br>အမှတ်(၉၈)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ | ၂၀,၀၀,၀၀၀/-<br>(သိန်းနှစ်ဆယ်) |
| ၂၉၄။ ဦးသိန်းဦး (C/E)၊ ဒေါက်တာမီမီခိုင်၊ (သမီး)ရတနာဦး၊ ရတနာထူးမိသားစု<br>ပပဝင်းရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး။<br>(၂၄-၅-၁၅ တွင် ကျရောက်သည့် ၁၈ နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အလှူ) | ၁၈,၀၀,၀၀၀/-<br>(တစ်ဆယ့်ရှစ်သိန်း) |
| ၂၉၅။ မိဘများဖြစ်ကြသော ဦးရွှေလျောင်+ ဒေါ်ငွေဘော်နှင့်<br>အစ်မ၊ ညီမများဖြစ်သော ဒေါ်ကျင်ရိန်၊ ဒေါ်မြင့်မြင့်ဝင်း၊<br>ဒေါ်ညွန့်ဝေတို့အားရည်စူး၍ ဒေါ်ကျင်မြကောင်းမှု<br>အမှတ်(၇/ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့။ | ၁,၀၀,၀၀,၀၀၀/-<br>(သိန်းတစ်ရာ) |
| ၂၉၆။ ဒေါ်ဝင်းစိန်၊ (သမီး)ဒေါ်ဖြူဖြူဝင်းနှင့်မောင်ညီမ မိသားစု<br>အမှတ်(၇/ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာ၊<br>ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့။ | ၃၀,၀၀,၀၀၀/-<br>(သိန်းသုံးဆယ်) |

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

(၁)
ဤသို့သော
အကြောင်းကြောင့်ပင်
ကျွန်တော်နှင့်
ဖြူမွေးတို့သည်လည်း
ဇာတ်သိမ်းခန်းသို့
မရောက်ချင်ဘဲ
ရောက်ရချေတော့မည်။

(၂)
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
ဖြူမွေးတို့နှင့် အိမ်နီးချင်း
ဖြစ်ချင်းကပ်ဆိုသော[illegible]
သဝချင်းက
ကွာခြားလှသည်။
ရွာမှာ အကြီးဆုံးအိမ်နှင့်
အကျယ်ဆုံးလယ်ယာကို
ပိုင်ဆိုင်သူက ဖြူမွေး၏
မိဘများ၊ ကျွန်တော့်မှာက
အဖေမှန်း
မသိခင်ကတည်းကပင်
လယ်ကူလီအဖေ ပိုးထိ၍
ကွယ်လွန်သွားသည်။
လူမှန်းသိတတ်စကတည်းက
အကြော်ကြော်ရောင်းသော
အမေ့ရင်ခွင်တွင်
အမေတစ်ခု
သားတစ်ခုဘဝဖြင့်
ကြီးပြင်းလာရသည်။
'ဒေါ်တုတ်
အကြော်ကြော်မယ်ဆိုရင်
ရွာပြင်
ကျွန်တော့်လယ်ကွင်းစပ်မှာ
အကြော်တဲ ထိုးပေးမယ်။
အဲဒီမှာ သွားကြော်ပါလား။
အိမ်ကို



လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအရေးအခင်းသ
ကျွန်တော် မမွေးဖွားခင် ဟိုရှေးရှေးကတည်
ဇာတ်လမ်းစတင်လာခြင်းဖြစ်သ
ဒုတိယကမ္ဘာစစ်မဖြစ်မီ 'ဟာသီတာ ဦးမြ'
လက်ပံတောင်းတောင်တွင် ကြေးနီစမ်းသပ်ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သင့်တင့်တဲ့ပေါက်ဈေးနဲ့ ဖြတ်ပြီးဝယ်ဆိုလည်း ဝယ်ပါ့မယ်'

အိမ်ကြီး ရခိုင်ဘေးတွင် အမြင်မတော်သော ကျွန်တော်တို့သားအမိ၏ အကြော်တဲကို မရှုဆိတ်ပြီလား မသိ။ ဖြူဖွေးတို့ အဖေက မောက်မာစွာ ဆိုလာသည်။

'သား အဖေ ဆောက်ပေးသွားတဲ့အိမ်ကို ဘယ်လောက်ပေးပေး မရောင်းနိုင်ပါဘူးတော်'

အမေကလည်း အလျှော့မပေး၊ လေသံကလည်း မာသလား မမေးနှင့်။

'ဒီလိုပါ၊ ဒေါ်တုတ်လည်း အသိပါပဲ။ ကျွန်တော်တို့မှာ သားသမီး အဖတ်မတင်လို့ ဒီတစ်ကြိမ်နောက်ဆုံး အခွင့်အရေးပဲ ဖြစ်မယ်ထင်ပါတယ်။ အဲဒီအခွင့်အရေးကို လက်လွှတ်မခံချင်လို့ပါ။ အကြော်ကြော်တာအညှော်မိချင် မိနိုင်တာမို့ ပြောရတာပါ။ အပြောမတတ်လို့ နားကလောရင်လည်း ခွင့်လွှတ်ပေးပါ'

ဖြူဖွေးတို့အမေကလည်း သား လျှောရတာနှင့်၊ မွေးပြီးဖွားပြီး ရက်သားလေးမှာ အသားဝါဝင်ပြီး ဆုံးရတာနှင့် သားသမီးတစ်ယောက်မျှ အဖတ်မတင်ရှာပါဘူး။ ယခု ဖြူဖွေး လူ့လောကထဲရောက်လာမည့်အရေး ဟိုလိုစိုးရိမ်၊ ဒီလိုစိုးရိမ်နှင့် အငြိမ်မနေနိုင်ရှာပါ။

'ကျုပ်က လူမှုရေးမခေါင်းပါးပါဘူးတော်။ အိမ်မရောင်းနိုင်တာဘဲ ရှိမယ်၊ တော် ပြောတဲ့ ရွာပြင်လယ်ကွင်းစပ်မှာ တော့်မိန်းမ မီးဖွား

၁၉၇၈
ခုနှစ်တွင်
စံပယ်တောင်
ကျေးစင်တောင်
စီမံကိန်း
အတွက်
အစိုးရက
မြေဧက
၅၀၀၀ ကျော်
သိမ်းယူသည်
၁၉၉၄
ခုနှစ်တွင်
ကနေဒါ
အခြေစိုက်
အိုင်ဗင်ဟိုး
ကုမ္ပဏီက
ဝင်ရောက်
လုပ်ကိုင်သည်

မပြီးမချင်း အကြော်ကြော်ဆိုလည်း ကြော်ပါ့မယ်'

ဤသို့ဖြင့် အိပ်ချိန်လောက်သာ ရောက်ရပြီး နေ့ရှိသရွေ့ လယ်ကွင်းစပ်က အကြော်တဲမှာပဲ အမြဲနေရသည်။ ဖြူဖွေးအဖေက စေတနာတော့ မခေါင်းပါးပါ။ အကြော်တဲ မည်ကာ မတ္တ မဟုတ်။ အကြော်တဲနှင့်မတန်အောင် အမေ့အိမ်ထက် ပိုမိုကောင်းမွန်အောင် လိုလေသေးမရှိ ဆောက်ပေးသည်။ အကြော်လာစားသူတွေအတွက် ခုံစားပွဲတွေ၊ အိမ်သာ၊ ရေချိုးခန်း၊ ရေတွင်း တကယ့်ကို လိုလေသေး မရှိ စီစဉ်ပေးသည်။ ထို့ကြောင့် ဖြူဖွေး မွေးပြီးသော်လည်း ရွာလယ်အိမ်သို့ ပြန်မလာနိုင်တော့ပါ။ ဖြူဖွေးအဖေ၏ သိတတ်သော စေတနာ၊ တစ်နည်းအားဖြင့် လိုတာကို နည်းမျိုးစုံဖြင့် ရအောင်ယူတတ်သောနည်းပညာတို့ကြောင့် အိမ်အိုဟောင်းလေးကို ပေါက်ဈေးထက် ပိုပိုသာသာ ပေးလာသဖြင့် ရောင်းချလိုက်ရတော့သည်။ ကျွန်တော့်ကျောင်းစရိတ်၊ အိမ်သုံးစရိတ်တို့အတွက် အဖေဆောက်ပေးသော အိမ်လေးကို အဆုံးရှုံးခံလိုက်ရသည်။ ကျွန်တော်တို့သားအမိ ရွာလယ်က ရွာပြင်ရောက်တာပဲ အဖတ်တင်သွားသည်။ အမေက ငွေလိုချိန် ငွေရ၍ ဖြူဖွေးမိဘများကို ကျေးဇူးတင်ရှိသော်လည်း ကျွန်တော့်အဖို့မှာမူ ငွေရှင်ကြေးရှင်တို့၏ လိမ္မာပါးနပ်သော အကြံအစည်ကို စာတွေအဖတ်များလေလေ ကျေးဇူးမတင်လေ ဖြစ်မိသည်။ ထို့ကြောင့် ညိုတိုတိုကောင်မလေးကို ဖြူဖွေးရယ်ဟု မအပ်မရာ အမည်ပေးတတ်လေခြင်းဟူ၍ အခြောက်တိုက် မြင်ပြင်းကတ်မိသည်။

'ကိုစိုးမိုးရယ်၊ ရှင်က ပေါ်လာသေးတယ်နော်။ ဖြူဖွေးဖြင့် ကိုစိုးမိုးကို မျှော်ရတာ လည်ပင်းကို ရှည်လို့'

ကျွန်တော်နှင့် သုံးလေးနှစ်လောက် ငယ်သူမို့ အရွယ်ချင်းလည်း မတူ၊ ကျောင်းသွားဖော်လည်း မဟုတ်သောကြောင့် တစ်ရွာတည်းနေသော်လည်း ဖြူဖွေးနှင့် အနေဝေးပါသည်။ ငယ်ငယ်က ညိုတိုတိုကောင်မလေးဟု မရှုဆိတ်နိုင်ခဲ့သော်လည်း

ဖြူဖွေးကို တွေ့ရတော့

လန်းဆန်းသော ပန်း

ကို မြင်ရသလို ကြည်

သည်။ ဖြူဖွေးဆိုတာ

ဖြူမွေး အမှန်တကယ်ဖြစ်

ပါသကောရယ်လို့ ရင်သ

မောနေမိသည်။

'ဖြူဖွေးကို မမြင်

ကျလို့ မြို့မှာ အနေကြာ

မမှတ်မိဘူး ထင်တယ်'

ပြောလာတော့မှ အကြည့်

ရပ်တန်းက ရပ်လိုက်ရသည်

သို့ရာတွင် မကြည့်ပေမဲ့ မြင်

နေသည်။

'မမြင်တာ ကြာလို့

မသိဘူး၊ ဖြူဖွေး တော်

လှလာတယ်နော်'

'ဖြူဖွေးကို မြှောက်

ပြောစရာမလိုပါဘူး၊ ထမင်း

ကျွေးချင်လို့ လာခေါ်တာပါ

ဒေါ်ကြီးသားကို ခေါ်သွား

မယ်နော်။ ထမင်းတွေ ဟင်း

တွေ ချက်မနေနဲ့၊ ကိုစိုးမိုး

အိမ်မှာကျွေးမယ်၊ ဒေါ်ကြီး

ကိုလည်း ပို့ပေးမယ်'

ဖြူဖွေး ခေါ်ရာသို့

အကြောင်းမသိဘဲ လိုက်

လာရသည်။ ခေတ်နှင့်အညီ

တိုးတက်ခေတ်မီနေသော ဖြူ

ဖွေးတို့ အသစ်ဆောက်

သည့် တိုက်တာအဆောက်

အအုံက ယခင် ကျွန်တော်

အိမ်ဝင်းမြေကို လွှမ်းခြုံ

တင့်တယ်ထည်ဝါနေသည်

ခေတ်မီပစ္စည်းအဆင်တန်ဆာ

တို့ဖြင့် ရွာနှင့်မတန်အောင်

တခမ်းတနား ရှိလှသည်။

'ဖြူဖွေး ဒီနှစ်အ

သင်ဖြေမလို့ မြန်မာစာ

ထားတယ်။ ကိုစိုးမိုး

မြန်မာစာနဲ့ ဘွဲ့ရထား

တော့ ဖြူဖွေး

www.burmeseclassic.com

www.burmeseclassic.com

တွေ မေးချင်လို့ပါ'

ကျွန်တော့်ကို ဖိတ်ခေါ်လာရခြင်းအကြောင်းရင်းကို သိလိုက်ရသည်။ 'ဖြူဖွေးရယ် အဖေ့ခြေရာ နင်းတတ်ပါပကောလား'၊ ဖအေတုန်းကလည်း လိုချင်တာကို ရအောင်ယူတတ်သည်။ ယခု ဖြူဖွေးကလည်း လိုချင်တာကို ရအောင်ယူတော့မည်။

❑

(၃)

ဤသို့ဖြင့် ဖြူဖွေးသည် ကျွန်တော့်ဖြူဖွေး ဖြစ်၍လာပါသည်။ အနန္တမြူကပ်ကျော်စေတီတော်၏ ဆည်းလည်းသံသည် ခါတိုင်းလို အသံ မလွှင်ဘဲ ထင်မိသည်။ လက်ပံတောင်းတောင် ၃၃ လုံးတွင် အမြင့်မတ်ဆုံးတောင်မှာ ရွှေမြင်တင်တောင် ဖြစ်သည်။ အနန္တမြူကပ်ကျော်စေတီတော်သည် ရွှေမြင်တင်တောင်ထိပ်တွင် ကြည်ညိုဖူးတွေ့နိုင်ပါသည်။

'ကိုကိုက ဘာဖြစ်လို့ ရန်ကုန်ကို ပြောင်းချင်ရတာလဲ။ ဖြူဖွေးကို မချစ်လို့တော့ အသင်ပန်းခံပြီး ဝေးဝေးကို ပြေးစရာ မလိုပါဘူးနော်။ ဖြူဖွေးကို မုန်းတယ်လို့သာ တစ်ခွန်း ဆိုလိုက်'

ငိုကြီးချက်မနှင့် ကျွန်တော့်ရင်ခွင်ထဲ ဝင်လာသော ဖြူဖွေး။

'ဖြူဖွေးကို မချစ်ဘဲနေပါ့မလား။ ကိုကိုက စာရေးချင်လို့ ရန်ကုန်ကို ပြောင်းရတာပါ'

'ဒီကနေ ရေးရင်ရော မဖြစ်ဘူးလား'

ကျွန်တော် အလယ်တန်းကျောင်းသားဘဝမှာပင်ချင်းတွင်းမြစ်တစ်ဖက်ကမ်း မုံရွာမြို့က ပွဲရုံတစ်ရုံတွင် လက်တိုလက်တောင်းလေးတွေ လုပ်ရင်း ကျောင်းတက်ခဲ့ရသည်။ ကျွန်တော် ဆယ်တန်းအောင်တော့ ပွဲရုံကို အောက်ခြေသိမ်း လုပ်နိုင်ကိုင်နိုင် ရှိနေပြီမို့ ပွဲရုံမန်နေဂျာ၏ အားအကိုးရဆုံး ညာလက်ရုံး ဖြစ်လာသည်။ ထိုစဉ်ကတည်းက အမေ့ကို အကြော်ကြော်မနိုင်းတော့ဘဲ ပွဲရုံကရသည့် လစာထဲက ထောက်ပံ့နေခဲ့သည်။ ပွဲရုံပိတ်ရက် တစ်ပတ်တစ်ခါ အမေ့ဆီ ပြန်သည်။ အမေ့အတွက် စားသောက်စရာလေးတွေ၊ သုံးဖို့စွဲဖို့၊ လှူဖို့တန်းဖို့ ငွေလေးတွေပေးခဲ့သည်။ အဝေးသင်ဖြင့် မြန်မာစာ အဓိကဝိဇ္ဇာဘွဲ့ ရပြီးကတည်းက ပွဲရုံလုပ်ငန်းတစ်ဖက်နှင့် ရန်ကုန်အခြေစိုက်ဂျာနယ်တစ်စောင်တွင် ဌာနေသတင်းထောက်အဖြစ် ဆောင်ရွက်နေခဲ့သည်။ အမေကံမကောင်းရှာပါ။ ကျွန်တော် လူလားမြောက်ပြီး ငွေထောက်ပံ့နိုင်ချိန်မှာပင် ကွယ်လွန်အနိစ္စရောက်သွားသည်။

'ကိုကို ရေးပို့တဲ့ သတင်းတွေ၊ ဆောင်းပါးတွေကို အယ်ဒီတာက ကြိုက်တယ်။ တိုက်ထိုင်သတင်းထောက်အဖြစ် ကိုကိုကို ခန့်အပ်လို့ ရန်ကုန်ကို ပြောင်းရတာပါ'

'ဒါဆို ဖြူဖွေးကို မချစ်လို့ မဟုတ်ဘူးပေါ့'

'ချစ်လိုက်တာမှ ကိုကို့နှလုံးခုန်သံက ချစ်ချစ် ချစ်ချစ်လို့တောင် မြည်နေတာ'

'ကိုကို့ အပြောက မဟုတ်ပေမဲ့ နားထောင်လို့ အကောင်းသား'

'တကယ်ပြောတာပါ။ မယုံလို့လား၊ အနန္တမြူကပ်ကျော်စေတီတော်မှာ သစ္စာတိုင်တည်ရမှာလား'

'ဟုတ်ပြီ၊ ဒါဆိုရင် ဖြူဖွေးဆိုသလို လိုက်ဆိုရမယ်'

'ဆယ်ခါပြန်လိုက်ဆိုမယ်'

အနန္တမြူကပ်ကျော်စေတီတော် ရင်ပြင်တွင် နှစ်ဦးသားလက်အုပ်ချီ၍ ဘုရားကန်တော့ကြသည်။

'ဘုရားတပည့်တော်၊ တပည့်တော်မတို့သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေတစ်ပန် သက်ဆုံး မမုန်းတမ်း ပေါင်းသင်းကြမည်ဟု သစ္စာပြုပါသည်'

❑

(၄)

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအရေးအခင်းသည် ကျွန်တော် မမွေးဖွားခင် ဟိုရှေးရှေးကတည်းက ဓာတ်လမ်းစတင်လာခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ 'ဟသ်ာတ ဦးမြ'သည် လက်ပံတောင်းတောင်တွင် ကြေးနီစမ်းသပ်ရှာဖွေဖူးသည်။ ၁၉၆၂-၁၉၆၃ ခုနှစ်တွင် ဘူမိဗေဒနှင့် ဓာတ်သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်း (ဘဓရ)က စတင်တူးဖော်သည်။ ၁၉၇၃ ခုနှစ်တွင် ဂျပန်အကူအညီဖြင့် တူးဖော်စမ်းသပ်မှုကို ဆက်လက်ဆောင်ရွက်သည်။ ၁၉၈၅ ခုနှစ်တွင် အမှတ် ၁၊ ကြေးနီတူးဖော်ရေးစီမံကိန်း ထူထောင်ပြီး ယူဂိုဆလားဗီးယားနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်သည်။ ယူဂိုဆလားဗီးယားနိုင်ငံသို့ ပညာတော်သင်များလည်း စေလွှတ်သည်။

၁၉၇၈ ခုနှစ်တွင် စံပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းအတွက် အစိုးရက မြေဧက ၅၀၀၀ ကျော် သိမ်းယူသည်။ ၁၉၉၄ ခုနှစ်တွင် ကနေဒါအခြေစိုက် အိုင်ဗင်ဟိုးကုမ္ပဏီက ဝင်ရောက်လုပ်ကိုင်သည်။ ၂၀၁၀ ပြည့်နှစ်တွင် အိုင်ဗင်ဟိုးက ဦးပိုင်နှင့် ဝမ်ပေါင်ကုမ္ပဏီသို့ လုပ်ပိုင်ခွင့် လွှဲပြောင်းသည်။ ၂၀၁၁ ခုနှစ်တွင် စံပယ်တောင်နှင့် ကြေးစင်တောင်အတွက် မြန်မာယစ်စီကုမ္ပဏီ၊ လက်ပံတောင်းတောင်အတွက် မြန်မာဝမ်ပေါင်ကုမ္ပဏီက စတင်အကောင်အထည်ဖော်သည်။

လက်ပံတောင်းစီမံကိန်းအတွက် ၂၀၁၁ ခုနှစ်ကတည်းက မြေဧက ၇၈၆၈ ဒသမ ၇၈ ကို သိမ်းယူကာ အမှတ် (၁)သတ္တုတွင်းဌာနသို့ လွှဲ ပြောင်းပေးထားခဲ့သည်။ မြေဧက ခြောက်ထောင်နီးပါးမှာ လယ်ယာလုပ်ကိုင်သူ၏ အမည်ပေါက်ဖြစ်ပြီး မြေဧကတစ်ထောင့်ရှစ်ရာကျော်မှာ စားကျက်မြေများဖြစ်သည်။ ၅.၃.၂၀၁၀ တွင် သတ္တုတွင်းဌာနမှ ဦးပိုင်အတွက် လွှဲပြောင်းပေးခဲ့သည်။

လက်ပံတောင်းတောင်အရေးအခင်းသည် လယ်သမားများထံမှ မြေယာသိမ်းခံရခြင်းက စတင်လာခြင်းဖြစ်သည်။ လက်ပံတောင်းတောင်ခြေတွင် အိမ်ခြေ ၁၁၀ ရှိ ဝက်မွေးရွာ၊ အိမ်ခြေ ၉၇ ရှိ ကန်တောရွာ၊ အိမ်ခြေ ၆၆ ရှိ ဇီးတောရွာ၊ အိမ်ခြေ ၁၆၈ ရှိ ဆည်တည်း



www.burmeseclassic.com

www.burmeseclassic.com

ရွာတို့ကို ၂၀၁၁ ခု၊ ဒီဇင်ဘာ ၂ ရက်တွင် ရွာဟောင်းမှ ရွာသစ်သို့ ရွှေ့ပြောင်းစေသည်။ ယာပျောက်သည့်အပြင် ရွာပျောက်သည့်အရေးကိုပါ ရင်ဆိုင်ကြုံတွေ့လာရသည်။

မြေယာများစွာ ပိုင်ဆိုင်သော အိမ်ကြီးရခိုင်နှင့် နေထိုင်သည့်ဖြူဖွေးမိသားစု အထိ နာလိုက်ပုံများ။

ဤသို့ဖြင့် သံဃာတော်ပါး ၅၀၀ ကျော်နှင့် ဒေသခံရွာသား ၆၀ တို့ သပိတ်စခန်း ၆ ခု ဖွင့်လှစ်ကာ ဆန္ဒပြခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့၊ ည ၂ နာရီခွဲခန့်တွင် သပိတ်စခန်းကို အကြမ်းဖက်နှိမ်နင်းခံရသည်။

ဒေါ်အောင်ဆန်းစုကြည်အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်က လေ့လာစုံစမ်းပြီး အပြီးသတ်အစီရင်ခံစာကို ၁၂.၃.၂၀၁၃ နေ့တွင် ထုတ်ပြန်လိုက်သည်။ ထိုအစီရင်ခံစာကို ဆန့်ကျင်ဆန္ဒပြ သပိတ်မှောက်ကြသဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ နှင့် ၁၄ ရက်နေ့များတွင် ဒေါ်အောင်ဆန်းစုကြည်က သပိတ်စခန်းများသို့ ရှင်းလင်းရန် ကွင်းဆင်းလာသည်။ ဂျာနယ်တိုက်က သတင်းယူရန် ကျွန်တော့်ကို လက်ပံတောင်းသို့ စေလွှတ်သည်။

'ဘေးမဦးချ လုပ်ကိုင်လာတဲ့ မြေတွေ ဆုံးရှုံးရလို့ ဝမ်းနည်းတယ်။ ကိုယ့်လက်ကိုယ့်ခြေနဲ့ ဆောက်လုပ်နေထိုင်ခဲ့တဲ့ ကိုယ့်အိမ်ကို စွန့်ပစ်ရလို့လည်း ဝမ်းနည်းတယ်။ ဒေသခံတွေအပေါ် စာနာမှု၊ ညှာတာမှု မရှိတာကိုလည်း ဝမ်းနည်းတယ်။ ကျွန်မတို့မှာ ဝမ်းသာစရာဆိုတာ ဘာတစ်ခုမှ မရှိပါဘူး'

သပိတ်အဖွဲ့ခေါင်းဆောင်ဖြူဖွေးကို ခပ်ဝေးဝေးက လှမ်း၍မြင်သည်။ နေပူစပ်ခါးသွားလာရ၍လားမသိ၊ တစ်နှစ် နှစ်နှစ်အတွင်းမှာပင် နုသားတော်ဝါဝါညက်သည့် ညိုရောင်သန်းကာ နွမ်းရိပ်ဆင်နေသည်။ ကျွန်တော်နှင့် တွေ့လျှင် ဂျာနယ်အလုပ်တွေနှင့် ယား၍မျှ မကုတ်နိုင်သော ကျွန်တော့်ကို အပြုံးနှင့်အပြစ်တင်မှာ မြင်ယောင်သေးတော့သည်။ ဖြူဖွေးအနီးသို့ မတော်တဆသွားမိပါက 'မီဒီယာစိုးမိုး အလိုမရှိ'ဟူသော သပိတ်ကြွေးကြော်သံအသစ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်သည်။

❑

(၅)

လက်ပံတောင်းတောင် ၃၃ လုံးတွင် အကြီးဆုံးတောင်ဖြစ်သော ရွှေမြင်တင်တောင်ဆီသို့ လှမ်း၍မျှော်ကြည့်သည်။ အနုမြူကပ်ကျော်စေတီတော်သည်ပင်လျှင် တောင်ထိပ်ပေါ်က ဆင်းရက်နိမ်းမြင်နေသည်။ အနုမြူကပ်ကျော်ဗို မဆိုထားနှင့် ဝမ်ပေါင်၏တောင်ဖြိုလက်နက်မိုင်းခုံးဒဏ်ကိုပင် ခံနိုင်စွမ်းရည်ရှိမည် မထင်ပါ။

အနုမြူကပ်ကျော်စေတီတော်အား 'တပည့်တော်ချစ်သူ ဖြူဖွေးအား အရှင်ဘုရား၏ အာနုဘော်ဖြင့် စောင့်ရှောက်တော်မူပါဘုရား' ဟု လျှောက်ထားလိုသော်လည်း 'ဟဲ့၊ ငါဘုရားတောင် နေစရာ အတည်တကျမရှိ တာ မင့်ရည်းစား ဘယ်နား သွားထားရမှာလဲ' ဟု ငေါက်ငမ်းပြောဆိုလိမ့်မည်လား ထင်မှားမိသည်။ ■

ငြိမ်း...

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ

ကွန်ပျူတာဗေဒသုခုမ

မှာ



အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်ကြိုစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထိမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော် မှတ်မှတ်ရရ တိတိကျကျ ဆိုရပါက ၁၉… ခုနှစ်၊ မတ်လ ၂၈ ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီခွဲ။ ဤနေ့၊ ဤရက်၊ ဤအ… ကား ကျွန်တော့်ဘဝတွင် အမှောင်မိုက်ဆုံး၊ ယူကျုံးမရ အဖြစ်ရဆုံး အသည်းနှလုံး… ပျက်ကြွေပြန့်းလောက်အောင် ခံစားခဲ့ရသော နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ အကြောင်း… ကတော့ ကျွန်တော့်ဇနီးနှင့် သားသမီး… သုံးယောက် (သားနှစ်ယောက်၊ သမီး… တစ်ယောက်) စုစုပေါင်း မိသားစု… ယောက် ရန်ကုန်မြို့နှင့် ၇ မိုင်အကွာ… တွံတေးတူးမြောင်းဝမှာ မြောင်းမြ… သွားသည့် (တော်ဝင်) သင်္ဘောနစ်မြု… ရာတွင် ပါဝင်သေဆုံးသွားကြ… ကြောင့် ဖြစ်ပါသည်။



မိသားစုစုံစုံညီညီ တွေ့ရသည့် သားရှင်ပြုပွဲ

အဲဒီနေ့က အလွန်ပူပြင်း… နွေရာသီ မတ်လ(တပ်မတော်နေ့)… နောက်တစ်နေ့ မြောင်းမြသို့ထွက်… တော်ဝင်သင်္ဘောပေါ်တွင် လူများ… အပြည့်၊ ပထမနေ့က ပိတ်ရက်ဖြစ်… သည့်အတွက်ကြောင့် သင်္ဘောစီး… သည်များ အလွန်များနေခြင်း ဖြစ်… သည်။ သင်္ဘောပေါ်တွင် ခြေချ… မရှိသဖြင့် ကျန်ရစ်ခဲ့သူများက အ… အပြား။ ကျွန်တော့်မိသားစုအတွ… ကျွန်တော်က ဦးခန်းတွင် ထိုင်ခုံ… လည်း ကိစ္စမရှိ(မအူပင်ခရီး နီးနီး… မို့) မတ်တတ်ရပ်လိုက်ကြပါမည်… ပြောကာ တောင်းတောင်းပန်ပန်… တင်ပေးလိုက်ပါသည်။

တကယ်တော့ ကျွန်တော့်… ဤခရီးကို သွားနေကျ။ သူ့မိဘများ… မအူပင်တွင် နေကြပြီး ကျန်းမာ… မကောင်း၍ မကြာမကြာ သွားသွား… ခြင်း ဖြစ်ပါသည်။ သူသွားတိုင်း… သားသမီးများကို ဘယ်သောအခါ… ခေါ်မသွား။ ရေလမ်းခရီးမို့ မတော်… ဘေးဒုက္ခနှင့် ကြုံရပါက တစ်ယော… တည်းဆို ကိုယ်လွတ်ရုန်း၍ရသ… သားသမီးများပါလျှင် သံယော… ကြောင့် ကိုယ်လွတ်မရုန်းနိုင်ဟု… တစ်ယောက်တည်းသာ သွားလေ့… သည်။ ယခုတော့ သက်ကြီးရွ…

# ဝမ်းနည်းကြေကွဲကြသူများအတွက်

# ကြေကွဲဝမ်းနည်းရခြင်း

**မောင်နှင်းမိုး**

ကျန်းမာရေးမကောင်းကြသော မိဘများက သူတို့မသေခင် မြေးကလေး… တွေ့ချင်သည်ဟု ပြော၍ သားသမီးများအားလုံးကို ခေါ်သွားခြင်း ဖြစ်ပါ…

လူ့လောက-သဘာဝ၊ သေခြင်းတရားနှင့် ကံဆိုးခြင်း၊ ကံကောင်းခြင်းဟု…



www.burmeseclassic.com

www.burmeseclassic.com

ပူသားများ၏ ကံကြမ္မာအလှည့်အပြောင်း ဆန်းကြယ်လှကြောင်းကို ယခုနစ်မြုပ်သွားသော တော်ဝင်သင်္ဘောက သံဝေဂရစရာ ဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်သေဆုံးသွားကြရသူများထဲတွင် ကျွန်တော့်မိသားစုအပါအဝင် မသွားစဖူး သွားကြသူများ၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်ကြသူများ၊ မိမိသားများအား ရှင်ပြုရန်အတွက် သင်္ကန်းပရိက္ခရာများနှင့်အတူ ရှင်လောင်းကလေးများ အပါအဝင် ပြန်လာကြသူများ၊ ဤသူများကား ကံဆိုးသူစာရင်း ဝင်သွားကြပါသည်။ နေရာမရ၍ နေခဲ့သူများ၊ ခြေချစရာနေရာပင် မရှိသောကြောင့် ကျန်ရစ်ခဲ့သူများ၊ သင်္ဘောပေါ်ရောက်ပြီးမှ ကျပ်ညပ်မွန်းကျပ်၍ ပြန်ဆင်းနေခဲ့သူများ ဤသူများကား လွန်စွာမှ ကံကောင်းသူများဖြစ်ကြသည် မဟုတ်ပါလား။

တကယ်တမ်း ပြန်လည်စဉ်းစားကြည့်ပါလျှင် ယင်းတော်ဝင်သင်္ဘော နစ်မြုပ်သည့် ဖြစ်စဉ်ကပင် အံ့ဩစရာကောင်းလှပါသည်။ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာပြီးကြာမီ နေကျဲကျဲတောက် ပူနေရာမှ တဖြည်းဖြည်းနှင့် မိုးက အုံ့မှိုင်းလာကာ မိုးဖွဲကလေးပါ ရွာလာပါသည်။ တဖွဲဖွဲနှင့် နည်းနည်းမျှသာ ရွာနေသည့်မိုးက တဖြည်းဖြည်း သည်းလာသည့်အခါတွင်တော့ ဘေးမှမိုးပက်သဖြင့် ခရီးသည်များက ဘေးဘာ တာလပတ်များကို ချလိုက်ကြသည်။ ဦးခန်းမှ ခရီးသည်များကလည်း ပြတင်းပေါက်တံခါးကို ပိတ်လိုက်ကြသည်။ ဤအချိန်တွင်ပင် မထင်မှတ်ဘဲ လေဆင်နှာမောင်း ခပ်ပြင်းပြင်းလေးတစ်ချက်တိုက်လိုက်ရာ ဘေးအကာများ ချထားသောသင်္ဘောမှာ တစ်ဖက်သို့ တိမ်းစောင်းအသွား လူအများမှာ တိမ်းစောင်းရာဘက်သို့ပါသွားကြပြီး ဖရိုဖရဲနှင့် ပြိုလဲကျကုန်ကြပါသည်။ ပို၍ဆိုးသည်မှာ သင်္ဘောကအောက် ရေအောက်မှ ဝဲကြီးကအစုပ် စုံးစုံးမြုပ်ပြီး သင်္ဘောကြီး၏ ဝမ်းဗိုက်ကလေးသာ မြင်တွေ့ရသည့်အခြေအနေသို့ ရောက်ရှိသွားပါတော့သည်။

သင်္ဘောနစ်မြုပ်သည့်သတင်းဆိုးကြီးကို နောက်နေ့ မိုးလင်းမှ သိလိုက်ရသောကျွန်တော့်မှာ တဒင်္ဂမျှ ကြက်သေ သေသွားမိပါသည်။ နောက်မှ သတိဝင်လာကာ သင်္ဘောနစ်မြုပ်ရာသို့ ဆွေမျိုးအပေါင်းအသင်းများနှင့် အပြေးအလွှား သွားခဲ့ကြပါသည်။ ရန်ကုန် ကမ်းနားမှ ဒလ၊ ဒလမှ ဂျစ်ကားငှား ၇ မိုင်သို့သွား၊ လမ်းဘေးတွင်ထားရစ်၊ လယ်ကွင်းများကို အပြေးအလွှားဖြတ်ပြီး သင်္ဘောနစ်မြုပ်ရာ ကမ်းစပ်သို့ရောက်ရှိခဲ့ကြပါသည်။ သို့သော် နစ်မြုပ်နေသည့် သင်္ဘောက တစ်ဖက်သော ကမ်းစပ်နားမှာ။ ဒီဘက်ကမ်းမှ ကူးသွားစရာ လှေ၊ သမ္ဗန်များကလည်း မရှိ။ မည်သို့သွားရမှန်းလည်း မသိတော့ဘဲ ရင်ထဲ ဗလောင်ဆူကာ မောဟိုက်လာပါတော့သည်။ အားကိုးစရာ ရလိုရငြား မျှော်လင့်ချက်ကလေးဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် လိုက်ရှာသော်လည်း ဘာကိုမျှ မတွေ့မမြင်ရပါ။ တွေ့မြင်နေရသည့် မြင်ကွင်းကတော့ စိတ်မသက်သာစရာ ကောင်းလှပါသည်။ ရေပေါ်တွင် ဖောက်ထိုးမိုးမျှော်ဖြစ်ကာ အနည်းငယ်မျှသာ ပေါ်နေသော သင်္ဘောနှင့် ဆယ်ယူရရှိထားသော အလောင်းများအား ဖုံးအုပ်ထားသည့် ပိတ်စဖြူဖြူလေးများကို အဝေးမှ ခပ်ရေးရေးမျှသာ လှမ်း၍မြင်နေရပါသည်။

ယခုလို နီးလျက်နှင့်ဝေးနေရသော အဖြစ်ကြောင့် ကျွန်တော့်ရင်တွင်းမှာ သောကမီးကြီးက အရှိန်ပြင်းပြင်းနှင့် တောက်လောင်ကာ ပူပြင်းစွာ ခံစားနေရပါသည်။ ကံကောင်းချင်တော့ အမျိုးသမီးကြီးတစ်ယောက်က လှော်ခတ်လာသော လှေကလေးတစ်စင်းကို ခပ်လှမ်းလှမ်းတွင် တွေ့လိုက်၍ ကျွန်တော်တို့အားလုံး အသံကုန်ဟစ်အော်ကာ ခေါ်လိုက်ကြပါသည်။ စိတ်ထားကောင်းသော ထိုအမျိုးသမီးကြီး၏ စေတနာဖြင့် ကူညီမှုကြောင့် ကျွန်တော်တို့ တစ်ဖက်ကမ်းသို့ ရောက်ခဲ့ကြရပါတော့သည်။ ဒီဘက်ကမ်း ရောက်ပြီးနောက် စတင်တွေ့မြင်ရသည့် အနိဋ္ဌာရုံ မြင်ကွင်းကတော့ စိတ်မသက်သာစရာ ကောင်းလှပါသည်။ မျက်နှာလေးများသာ ဖော်ထားပြီး တစ်ကိုယ်လုံး ပိတ်ဖြူများ ဖုံးအုပ်ကာ စီတန်းထားသည့် လူကြီး လူရွယ်၊ ကလေးငယ်များ၏ (မြင်မကောင်း၊ ရှုမကောင်း) အလောင်းပေါင်းများစွာမှာ မမြင်ရက်၊ မကြည့်ရက်စရာ ဖြစ်နေပါသည်။ ဒီအလောင်းများထဲတွင် ကိုယ့်မိဘ၊ ကိုယ့်ဇနီး၊ ကိုယ့်သမီး၊ ကိုယ့်သား၊ ကိုယ့်ညီအစ်ကို မောင်နှမနှင့် ကိုယ့်ဆွေမျိုးသားချင်းများ ပါ၊ မပါ လိုက်ရှာကြည့်ကြရင်း ပူဆွေး၊ ငိုကြွေးနေကြသူများမှာလည်း အတော်ပင် များပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း သေဆုံးသွားကြသူများထဲတွင် 'ငါ့ဇနီး၊ ငါ့သမီးနဲ့ ငါ့သားလေးများ ပါလေမလား' ဟူသော အတွေးကြောင့် လိုက်သာ ရှာနေရသည်၊ စိတ်တထင့်ထင့်၊ ရင်တထိတ်ထိတ် ဖြစ်နေရပါသည်။ တစ်လောင်းပြီး တစ်လောင်း၊ တစ်တန်းပြီး တစ်တန်း ကြည့်ရင်း ကြည့်ရင်း ထိန်းချုပ်နိုင်စွမ်း မရှိအောင် စိတ်လှုပ်ရှားလွန်းသဖြင့် နှလုံးတွေခုန်၊ ရင်တွေတုန်ကာ မျက်ရည်များပါ စီးကျလာပါသည်။ ယင်းမျက်ရည်များကြောင့် မျက်စိများ မှုန်ဝါးလာသည့်အတွက် ကျွန်တော်နှင့် ပါလာသူများအား တစ်လောင်းချင်းစီ ဂရုစိုက်ကာ ကြည့်ပေးပါရန် ပြောရပါသည်။

အချိန်အတော်ကြာ အလောင်းများကို လှည့်ပတ်ကြည့်ပြီးနောက် ကျွန်တော့်မိသားစု တစ်ယောက်မျှ မပါ၍ ကျန်သော ခရီးသည်များ အခြေအနေကို ဟိုမေးဒီမေး လိုက်မေးရပါသည်။ ဒဏ်ရာရသူများကို တွံတေးဆေးရုံသို့ ပို့လိုက်ကြောင်း သိလိုက်ရသောအခါ အဲဒီထဲမှာ ကျွန်တော့်မိသားစုများ ပါကောင်းပါနိုင်ကြောင်း တွေးပြီး တဒင်္ဂတော့ စိတ်သက်သာရာ ရသလိုလို ဖြစ်ခဲ့ပါသည်။ သို့ကြောင့် ငှားထားသော ဂျစ်ကားနှင့်ပင် တွံတေးဆေးရုံသို့ အမြန်လိုက်ကြရပြန်ပါသည်။

ကျွန်တော်တို့ ဆေးရုံသို့ ရောက်သည့်အခါမှာတော့ သောကကြီးစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရောက်နှင့်နေသူများ အတော်များပါသည်။ ကျွန်တော်တို့လည်း လူများကြား တိုးဝှေ့သွားကာ စုံစမ်းမေးမြန်းရပါသည်။ တာဝန်ရှိသူများကလည်း ဆေးရုံသို့ ရောက်လာကြသူများမှာ ဒဏ်ရာအနည်းငယ်သာ ရကြသူများဖြစ်၍ ဆေးထည့်ကာ ပြုစုပေးလိုက်သောကြောင့် အိမ်ပြန်သွားကြပြီဖြစ်ကြောင်း ရှင်းပြပါသည်။ ကျွန်တော်က ဆေးရုံရောက်လာကြသူများနှင့် ပြန်သွားကြသူများ၏အမည်နှင့် လိပ်စာများ ကြည့်ပါရစေဟု တောင်းလိုက်ပါသည်။ ဆေးရုံမှ မှတ်တမ်းပြုစုထားသော လူများစာရင်းကို ပေးရာ၊ ကျွန်တော်က အမောတကော သောကဇောဖြင့် အမြန်ပင် ယူကြည့်လိုက်ပါသည်။ ကိုယ်တိုင်လည်း သေချာကြည့်၊ အပေါင်းအသင်းများအားလည်း ကြည့်ခိုင်းရပါသည်။ စာရင်းတွင်ပါသော အမည်များအားလုံး ပြီးဆုံးသွားသော်လည်း အမည်တူပင် လျှင် မတွေ့ရပါ။ ခုချိန်မှာတော့ ကျွန်တော့်အတွေးများကား ချာချာလည်သွားပါပြီ။ ရင်ထဲကပူ၊ ဗလောင်ဆူသည့် အရှိန်က မြင့်တက်လာပါသည်။


ဒါရိုက်တာ မောင်နှင်းမိုးနှင့်ဇနီး

ဆေးရုံရောက်လာသူများထဲတွင်လည်း ကျွန်တော့်မိသားစုမပါ။ သေဆုံးသွားကြသူများအား ဆယ်ယူထားကြသော အလောင်းများထဲတွင်လည်း ရှာလို့မတွေ့။ ဒီတော့ သင်္ဘောမှောက်စဉ်က အသက်ကယ်ပစ္စည်းတစ်ခုခုရလို့ ဖက်တွယ်လိုက်ပါသွားပြီး (ရေမျောကမ်းတင်)ဆိုသလို တစ်နေရာကိုပဲ ရောက်နေလေသလား။ ရေထဲနစ်မြုပ်ပြီး ရေစီးနှင့်အတူ ပင်လယ်တစ်ကြောမျောကာ ပါသွားရှာလေသလား။ ဒါမှမဟုတ် နစ်မြုပ်နေတဲ့ သင်္ဘောထဲက ထွက်မရလို့ သင်္ဘောဝမ်းဗိုက်အောက်မှာပဲ ရောက်နေသလား။ သို့ကလို 'လား' ပေါင်းများစွာ ရင်လေးဖွယ်ရာ အတွေးများကြောင့် ကျွန်တော့်သောက ဝေဒနာက ပိုမိုပြင်းထန်လာပါသည်။ ခုချိန်မှာ ကျွန်တော် အသိချင်ဆုံးက ကျွန်တော့်မိသားစု ဘယ်မှာလဲ၊ ဘယ်ရောက်နေကြလဲ၊ ဘာတွေကော ဖြစ်နေကြသလဲ၊ ဒါပဲဖြစ်သည် မဟုတ်ပါလား။

ဒီအသိကြောင့်လည်း သတိလေးကပ်ပြီး ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ထိန်းကာ တွံတေးဆေးရုံမှ ပြန်ထွက်ခဲ့ကြပါသည်။ သင်္ဘောနစ်မြုပ်ရာ ပြန်ရောက်သည့်အခါမှာတော့ အပေါင်းအသင်းတချို့ကို နေစေခဲ့ပြီး ကျွန်တော့်မိသားစုအကြောင်း ဆိုးကောင်းမှန်သမျှ သတင်းရလျှင်ရချင်း အမြန်အကြောင်းကြားရန် မှာရပါသည်။ အကယ်၍ သေဆုံးသွားကြ၍ အလောင်းများ ရခဲ့လျှင်လည်း ဖြစ်သည့်နည်းနှင့် သယ်လာခဲ့ကြပါရန်ကိုပါ ပြောထားခဲ့ပြီး ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ အိမ်ပြန်ရောက်သည့်အခါ ကိုယ့်အသိကို သတိကပ်ကာ ထိန်းချုပ်လာခဲ့သမျှ စိတ်လျှော့ချလိုက်ပြီး မခံစားနိုင်တော့သည့်အဆုံး ချုံးပွဲချကာ အားရပါးရ ငိုချလိုက်ရပါတော့သည်။ ကျွန်တော့်ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးမိတ်သင်္ဂဟနှင့် လာရောက်သတင်းမေးမြန်းကြသူများ၏နှစ်သိမ့်အားပေးမှုများကြောင့် တဒင်္ဂမျှတော့ စိတ်သက်သာရာရပါသည်။ စိတ်သက်သာရာ ရလာသည်နှင့်အမျှ စိတ်လှုပ်ရှားနေခြင်းကိုလည်း တဖြည်းဖြည်းတည်ငြိမ်လာအောင် ထိန်းပြီး သတိလေးကပ်လိုက်သည့်အခါမှာတော့ အသိကလေးက ဝင်လာပါသည်။

ဒါကတော့ မိသားစုအလောင်းများ ရပါက သယ်ယူလာခဲ့ကြရန် သောကဇောဖြင့် ပြောခဲ့သည်ကို နောင်တရမိပါသည်။ အဘယ်ကြောင့်ဆိုသော် မိသားစုနှင့်ပတ်သက်ပြီး ဘာမျှမမြင်ရ၊ မတွေ့ရသည့် အခြေအနေကမှ ဖြေနိုင်ပါသေးသည်။ သေဆုံးသွားသူများ၏အနိဋ္ဌာရုံကိုသာ မြင်လိုက်ရပါလျှင်…ဒီအရေးကိုမှန်ကန်စွာ တွေးလိုက်မိတော့မှ အလောင်းများ ရလာပါကလည်း သယ်မလာတော့ရန်နှင့် သက်ဆိုင်ရာမှ စီစဉ်ပေးသလိုသာ လုပ်ကြပါရန် ပြန်ပြောခိုင်းလိုက်ပါသည်။ သုံးရက်မြောက်သောနေ့ (၃၀ . ၃ . ၈၂)တွင် သားကြီးအလောင်း ပေါ်လာကြောင်း သတင်းရပါသည်။ ကျွန်တော် စိတ်ပြောင်း၍ သယ်လာခိုင်းလေမလားဟူသောအတွေးဖြင့် အကြောင်းကြားလာခြင်း ဖြစ်ပါသည်။ ကျွန်တော် သေချာစဉ်းစားဆုံးဖြတ်ထားသည့်အတိုင်း သယ်မလာရန်သာပြောလိုက်ပါသည်။ ကျွန်တော့်ညီအစ်ကို မောင်နှမများကတော့ သူတို့၏တူကြီး အလောင်းကို နောက်ဆုံးအနေနှင့် သွားကြည့်ချင်ကြပါသည်။ ကျွန်တော်က ဘယ်သူမှသွားမကြည့်ရန် ပြောလိုက်သည့်အတွက် မသွားရဲကြတော့ပါ။

နောက်ပိုင်း ရေပေါ်ပေါ်လာသော သားကြီး၏အလောင်းကို ဓာတ်ပုံများ



www.burmeseclassic.com

www.burmeseclassic.com

နိုက်ယူထားကြသည်ဟု ကျွန်တော် ကြားသိရသော်လည်း လုံးဝ မကြည့်ခဲ့ပါ။ ကျွန်တော့်မိသားစုနှင့် ပတ်သက်သည့် အနိဋ္ဌာရုံဟူသမျှ မတွေ့ရ၊ မမြင်ရပါက စိတ်သက်သာရာ ရမည်ဟု ကိုယ့်အသိနှင့်ကိုယ် ယခုအချိန်အထိ မကြည့်ခဲ့ခြင်း ဖြစ်ပါသည်။ ဒါတွေကတော့ ကျွန်တော့်မိသားစု၏ ဖြစ်ပျက်ရပုံအကြောင်းစုံကို ပြန်ပြောင်းသတိရ၊ ကျွန်တော် ခံစားခဲ့ရသမျှ စိတ်ဆင်းရဲခြင်း ဒုက္ခများအား ပြန်လည်တွေး၊ ရေးပြရခြင်း ဖြစ်ပါသည်။

ယင်းအချိန်က ကျွန်တော့်အား သာရောက်အားပေး နှစ်သိမ့်စကား ပြောကြားရင်း၊ မှတ်တမ်းစာအုပ်တွင် ဝမ်းနည်းကြေကွဲခြင်း အမှတ်တရစာများ ရေးသားပေးခဲ့ကြပါသည်။ ယခုလို ကျွန်တော့်အတွက် ရေးသားပေးခဲ့ကြသော အနုပညာရှင်များမှာ ကျွန်တော့်ထက် အသက်အရွယ်ကြီးသူ၊ ကျွန်တော်နှင့်ရွယ်တူနှင့် ကျွန်တော့်ထက် ငယ်သူများပါ,ပါသည်။ ဒီအနုပညာရှင်များထဲမှ(ကြီးငယ်မဟူ)ကွယ်လွန်သွားကြရှာသူအတော်ပင် များပါသည်။ ဒီအနုပညာရှင်ကြီးများ၏ သူတို့အတွေးနှင့် ရေးသားပေးထားခဲ့ကြသည့် နှစ်သိမ့်အားပေးစာများမှာ ဖြေသိမ့်နိုင်ဖွယ်ရာလည်းဖြစ်၊ တန်ဖိုးလည်း ရှိလှပါသည်။

သို့အတွက် လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော်(အတိတ်ကာလ)က ကျွန်တော်ကဲ့သို့ ကျွန်တော်နှင့်အတူ ပူဆွေးသောက ဗျာပါရကြီးမားစွာ ခံစားခဲ့ကြရသူများအတွက်လည်းကောင်း၊ ယခု(ပစ္စုပ္ပန်ကာလ)မိဘ၊ ညီအစ်ကိုမောင်နှမ၊ လင်နှင့်မယား၊ ဆွေမျိုးသားချင်းများနှင့် ကွေကွင်းကြရသူများအတွက်လည်းကောင်း သတ္တလောက၊ သဘာဝတွင် လူတိုင်းလူတိုင်း မည်သူမျှ လွန်ဆန်၍မရသော သေခြင်း တရားနှင့်တွေ့ကြုံ ခံစားရမည်သာ ဖြစ်ပါသည်။ ယင်းကဲ့သို့ ကွေကွင်းဆင်းရဲခြင်း ခံစားရပါက ယခု ကျွန်တော် ရေးသားဖော်ပြသည့် အမှတ်တရ မှတ်တမ်းများကို ဖတ်ရခြင်းအားဖြင့် ဖြေသိမ့်မှုရရှိစေရန် ရည်ရွယ်ကာ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော့်အတွက် နှစ်သိမ့်အားပေးလို၍ 'ဝမ်းနည်းကြေကွဲခြင်း' အမှတ်တရ ရေးသားပေးထားခဲ့ကြသော အနုပညာရှင်ကြီးများမှာ နှစ်ပေါင်း သုံးဆယ်အတွင်း အနုပညာရှင်ကြီးပေါင်း သုံးဆယ်ကျော် ကွယ်လွန်သွားခဲ့ကြရှာပါသည်။ သူတို့အတွေးနှင့်သူတို့ ရေးသားအားပေးခြင်းများကြောင့် ပူဆွေးသောက ဗျာပါရမီးကို ငြိမ်းအေးသက်သာရာရစေသည်ဟု ယုံကြည်မိပါသည်။

၁။ ။ပထမဦးစွာ ဖော်ပြချင်သည့်စာကတော့ ကျွန်တော့် **ဆရာရင်း ဒါရိုက်တာ၊ စာရေးဆရာကြီး ဦးသုခ**၏ အမှတ်တရရေးသားခဲ့သည့်စာပင် ဖြစ်ပါသည်။

**မောင်တင်ကြီး**

ပဋ္ဌာစာရီအမျိုးသမီးဟာ နောက် သုံးလေးလကြာတဲ့အခါ ရဟန္တာမကြီးဖြစ်တော့မယ်။ အဲဒီအတွင်းကလေးမှာ လင်ရော၊ သားနှစ်ယောက်ရော၊ မိဘမောင်ဖွားရော အကုန်သေကုန်ကြလို့ တစ်ယောက်ထီးတည်း ကျန်ခဲ့ရတယ်။ ဒါကြောင့် သူ့ခမျာ ရူးပြီး အရပ်တကာ လှည့်လည်နေရှာတယ်။ နောက် မြတ်စွာဘုရားနဲ့တွေ့တော့ စိတ်တည်ငြိမ်မှုရပြီး ရဟန္တာမကြီး ဖြစ်ရတယ်။

နောင်လာလတ္တံ့သောအခါတွေအတွက် မတွေးနဲ့၊ ဖြစ်ခဲ့တဲ့အကြောင်းတွေကိုလည်း စဉ်းစားမနေနဲ့၊ မဖြစ်ချင်ဘဲ ဖြစ်ရတဲ့ ခုလောလောဆယ် ဒုက္ခကို ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်အောင် ကြိုးစားပြီး နေ။ အချိန်ကာလက ဒုက္ခတွေကို ကုစားပေးလိမ့်မယ်။

*သုခီအတ္တာနံ ပရိဟရန္တု*

*သုခ*

*၃၀. ၃. ၈၂*

၂။ ။ **ဗိုလ်အောင်ဒင် ဖခင်ကြီး၊ ဒါရိုက်တာ ဆရာကြီး ရွှေဒုံးဘိအောင်။**

***မောင်နှင်းမိုး***

ကျွန်ုပ်နှင့် လူချင်းမရင်းနှီးကြသော်လည်း တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးကြသည့်အားလျော်စွာ မောင်နှင်းမိုး၏ မိသားစုများ၏အနိဋ္ဌာရုံသတင်းကို ကြားရ၊ ဖတ်ရသည့်အတွက် အထူးတုန်လှုပ်ချောက်ချားကာ ယူကျုံးမရလောက်အောင် ကြင်နာသနားမိပါသည်။ ကျွန်ုပ်၏အိမ်သားများကပါ ယခုတိုင် ပြောမဆုံးအောင် ကရုဏာသက်နေကြပါသည်။ မောင်နှင်းမိုးအဖို့ဆိုလျှင် ရုတ်တရက်ဖြေဆည်၍ မရနိုင်သောသောကပရိဒေဝမီးဖြစ်၍ 'တရားနှင့်ဖြေပါ' ဟူ၍ပင် အလွယ်တကူ အားပေးစကား၊ ဖြေဆည်စကားပြောရမှာပင် ခက်လှပါသည်။ သို့သော်လည်း သတ္တဝါတိုင်း 'အရင်နှင့်နောက်' ပြေးမလွတ်သော အနိစ္စတရားကြောင့် 'အကြောင်းနှင့်သာ၊ ကြမ္မာနှင့်ချည်း၊ ဖွားကတည်းက' ပါလာကြသည့် (ကံ)အတိုင်း(ဖြစ်၊ပျက်)ကြရမည်မှာ' မလွဲမို့ သူ့ကံနှင့်သူ ကံစီမံရာ ဖြစ်ကြရပါကလားဟု တရားနှင့်ပဲ ဖြေပါဟုသာ ရေးရပါတော့သည်။ သွားလေသူများအတွက် ကောင်းမှုကုသိုလ်များကိုသာ အကြိမ်ကြိမ် ပြုလုပ်ပေးကာ အမျှဝေပါ။ သို့မှသာ သူတို့အတွက် အကျိုးပြုရာရောက်ပါကြောင်း တိုက်တွန်းအားပေးလိုက်ပါသည်။

*ကရုဏာကြီးစွာဖြင့်*

*ရွှေဒုံး*

*၁. ၄. ၈၂*

၃။ ။ **ဒါရိုက်တာ၊ စာရေးဆရာကြီး ဦးသာမု။**

***ညီလေး***

စိတ်ကိုငြိမ်ငြိမ်ထား၊ ဘုရားလည်း ပရိနိဗ္ဗာန်ပြုရတာ သိတယ်မဟုတ်လား။ လောကမှာ တည်မြဲတာ မရှိဘူး။ ရှေ့က သွားတဲ့လူနဲ့ နောက်ကလိုက်တဲ့လူတွေ၊ တစ်နေ့ မြေကြီးထဲရောက်ရတာပဲ။ သွားတဲ့လူသွားပြီ၊ ရှိနေတဲ့လူက နောင်ရေးစဉ်းစား

www.burmeseclassic.com

သောကဝင်လာရင် မြန်မြန်သွားရလိမ့်မယ်။

*သာရ*

*၃၀. ၃. ၈၂*

၄။ ။ **ရပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒါရိုက်တာ ဦးချင်းစိန်။**

'ဝမ်းနည်းကြေကွဲကြောင်း'

၂၈. ၃. ၈၂ ရက်နေ့က ကွယ်လွန်သွားသော ရုပ်ရှင်ကောင်စီဝင် ဦးတင်ကြီး(အောင်တေဇရုပ်ရှင်)၏ ဇနီး ဒေါ်အုံးမြင့်၊ သား မောင်တင်အောင်ဆွေ၊ သမီး မအေးအေးမြင့်၊ သား မောင်အောင်ကျော်မြင့်တို့အတွက် ရုပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီဝင်များ အနေဖြင့်များစွာ ဝမ်းနည်းကြေကွဲကြရပါကြောင်း။

*ချင်းစိန်*

*ဥက္ကဋ္ဌ*

*ရုပ်ရှင်ကောင်စီ*

*စည်းရုံးရေးကော်မတီ*

၅။ ။ **ဦးကျော်စိုး (ဒါရိုက်တာဘိတ်ကလာတဲ့ ငံပြာရည်)။**

**ကိုတင်ကြီး(အောင်တေဇရုပ်ရှင်)**

၃၁. ၃. ၈၂ ရက်နေ့ လုပ်သားသတင်းစာတွင် ကိုတင်ကြီး၏ ဇနီးနှင့် သားသမီး သုံးယောက် ဆုံးရှုံးကြောင်း သတင်းကို ဖတ်ရ၍ အထူးပင် စိတ်မကောင်းဖြစ်ရပါသည်။ ဒီအဖြစ်မျိုး ကျွန်တော် ကြုံခဲ့ဖူး၍လည်း ပိုပြီး စိတ်ဆင်းရဲရပါသည်။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့စဉ်က တရားနှင့်ဖြေဖျောက်၍ မရခဲ့ပါ၍ တရားဖြင့် ဖြေဖျောက်ရန် မတိုက်တွန်းလိုပါ။ ကျွန်တော်ကိုယ်တိုင် သတင်းစာဖတ်ပြီး ဘယ်လိုဖြစ်သွားသည် မသိပါ။

ကျွန်တော်ကိုယ်တိုင် လာရောက်ခြင်း မပြုသည်မှာ ၂၆. ၃. ၈၂ နေ့က အိမ်တွင် ရုပ်ရှင်ရိုက်နေရင်း ဘယ်ဘက်တစ်ခြမ်း လေဖြတ်သွားပြီး ဆေးရုံသို့ ရောက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော် သက်သာနေပါပြီ။ ကိုတင်ကြီး စိတ်သက်သာအောင် နေပါ။ ကိုတင်ကြီး၏ဇနီး၊ သားသမီးများ ကောင်းရာသုဂတိ ရောက်ပါစေ။

*သူငယ်ချင်း*

*ကျော်စိုး(ဘိတ်ကလာတဲ့ ငံပြာရည်)*

*ခေတ္တ၊ ရန်ကုန်ဆေးရုံကြီး*

P.S

ကျွန်တော် နောက်ထပ်ယူထားသော ဇနီးမှာ မြောင်းမြသူ ဖြစ်ပါသည်။ ကျွန်တော့်ဇနီး၏ အဒေါ်အရင်းတစ်ယောက်လည်း ဆုံးရှုံးသွားရပါသည်။

၆။ ။ **ဒါရိုက်တာ အကယ်ဒမီ ထွန်းမြင့်ထွန်း။**

**ကိုတင်ကြီး**

ကိုယ်ချင်းစာပါတယ်။ တစ်ချိန်က ဒီအဖြစ်မျိုး ကြုံခဲ့ဖူးပါတယ်။ တဖြည်းဖြည်းနဲ့ မေ့ပျောက်နိုင်အောင် ကြိုးစားရမှာပေါ့ဗျာ။ သေခြင်းတရားဆိုတာ လူတိုင်း မကင်းနိုင်ကြလို့ပဲ နှလုံးသွင်းပြီး ဖြေသိမ့်ပေါ့ဗျာ။

*ထွန်းမြင့်*

*ထွန်းမြင့်ထွန်း ဒါရိုက်တာ*

*၃. ၄. ၈၂*

၇။ ။ **ဒါရိုက်တာ အကယ်ဒမီ စိန်ဖေတင်။**

**ကိုတင်ကြီး**

ခင်ဗျား မိသားစု အကြောင်းကို ကြားလိုက်သည်နှင့် ရှေ့ကိုဆက်ပြီး မဖတ်နိုင်သေးဘဲ 'ငါဟာ သူ့လိုဖြစ်သွားရင် ဘယ်လိုများ နေမလဲ' လို့ လေးလေးနက်နက်ကိုယ်ချင်းစာပြီး တွေးကြည့်ခဲ့တယ်။ ကာယကံရှင်တစ်ယောက်အနေနဲ့တော့ ဘယ်လိုနေမလဲ၊ စဉ်းစားမိတယ်။ ကျွန်တော် ကော်ပိုရေးရှင်းကို ခင်ဗျားရှေ့က သုံးခေါက်လောက် ဖြတ်သွားခဲ့ပေမဲ့ ခင်ဗျားမျက်နှာနဲ့ ရင်မဆိုင်ရဲသေးဘူး။ ဒီနေ့ ၁. ၄. ၈၂ ရက်နေ့ ၁၀ နာရီလောက်မှ တွေ့ဝံ့ရဲတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ လူရွယ်တွေပဲ ရှိပါတယ်။ သမာဓိအင်အား မရှိကြသေးပါဘူး။ ဒေါသဖြစ်စရာ ရှိရင်လည်း ဒေါသဖြစ်မှာပဲ၊ ဝမ်းသာစရာရှိရင်လည်း ဝမ်းသာကြမှာပါ။ ဒါကြောင့် ခင်ဗျားကို အားတင်းပါလို့ မပြောချင်ပါဘူး။ ပြောရမှာကတော့ ငါဘာတွေဆက်လုပ်မလဲ၊ ကံဆိုးသူ မိသားစုအတွက် ဘာတွေဆောင်ရွက်ရမလဲ။ ငွေကြေးနဲ့ ကုသိုလ်ကောင်းမှု လုပ်ရာမှာလည်း လုပ်တတ်ရင် ငွေကြေးပမာဏကြီးဖို့ မလိုပါဘူး။ ထိရောက်ဖို့သာ အရေးကြီးပါတယ်။ ပကာသနတွေ မပါစေဖို့ဖြစ်တယ်။

နောက်ဆုံး ပြောချင်တာကတော့ 'မိုးကုတ်ဆရာတော်' ဆုံးမတဲ့အထဲမှာ ဘယ်အရာမဆို 'ဖြစ်ပျက်'ပဲလို့ ပြောခဲ့တယ်။ အခုဖြစ်ပျက်ကုန်ပြီး ခင်ဗျားအတွက် သောကကြိမ်လုံး ၄ ချောင်းက တစ်ချိန်တည်း ကျောပေါ်ကျလာတာပါ။ တစ်ပြိုင်တည်း မမိရင်လည်း ကြိမ် ၄ ချောင်းဟာ တစ်ချောင်းစီ၊ တရိရိကျလာမှာ အမှန်ပါပဲဗျာ။

*စိန်ဖေတင်*

၈။ ။ **ဒါရိုက်တာ မြတ်တင်အေး**

**ကိုတင်ကြီး**

ကျွန်တော့်သားသမီးများ နှင့်အတူညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးခဲ့ကြသော ကလေးများ၏ အဖြစ်ကို မိမိကိုယ်တိုင် ခံစားရသကဲ့သို့ သားသမီးချင်းစာနာပြီး ယူကျုံးမရဖြစ်ကာ လွန်စွာမှ စိတ်မကောင်းဖြစ်ရပါသည်။ ကွယ်လွန်ခဲ့ကြသော သားအမိတစ်စုအား ကောင်းရာသုဂတိသို့ ရောက်ပါစေလို့ ဆွေမျိုးတစ်ယောက်ပမာ ရင်ထဲမှာ ရှိသည့်အတိုင်း မေတ္တာပို့၍ ဆုမွန်ကောင်းတောင်းပါသည်။

*ထာဝရ-သင့်*

*တင်အေး*

၉။ ။ **ဒါရိုက်တာ သရုပ်ဆောင် သက်နှောင်။**

**ချစ်သူငယ်ချင်း ကိုတင်ကြီး**

မည်မျှပူလောင်ခံပြင်းသော သောကပရိဒေဝမီး၊ မည်သည့်သောကမီးကိုမဆို ဗုဒ္ဓ၏ တရားရေအေးကသာငြိမ်းသွားစေ၏။ ဗုဒ္ဓ၏ အဆုံးအမများ

www.burmeseclassic.com

ရင်မှာထားပါ။ ဖြစ်ချင်တာ ဖြစ်
ဟာ တရားသဘောမဟုတ်လား။
ငယ်ချင်း၊ သပိတ်အိုင်ဆရာတော်
တော်မူထားသော **နောက်ဆုံးဆယ်**
**မြတ်ဗုဒ္ဓ**ကို နားထောင်ပါ။ သောက
ရိဒေဝမီး အေးငြိမ်းသော မောင်နှင်း
ဖြစ်ပါစေ။

*သင့်*
*သက်နောင်(ဒါရိုက်တာ)*
*၃· ၄· ၈၂*

**၁၀။ ။ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဆိုတော် သန်းဖေလေး။**

**သူငယ်ချင်း ကိုနှင်းမိုး**

လောကမှာ ကိုယ်တကယ် ပိုင်ဆိုင် တဲ့ ပစ္စည်းဆိုတာ မရှိပါဘူး။ ကိုယ့် ယ်ကိုလည်း မပိုင်ပါဘူး။ ဒါပေမဲ့ ယ်ပိုင်တဲ့ ဇနီးနဲ့ သားသမီးရတနာ များ ရုတ်တရက် ပျောက်ကွယ် တော့ သူငယ်ချင်းရဲ့ ရင်ထဲက ကမီးဟာ ဘယ်လောက် လောင် ယ်ဆိုတာ တို့သိပါတယ်။ ဒီတော့ တရားနဲ့ အသိတရားကို ရင်မှာပိုက် သူတို့တစ်တွေ ကောင်းရာမွန်ရာ ကြက်စေဖို့ သူငယ်ချင်း ရန်းကန်ပြီး ပေးဝေဖို့ တို့တာဝန်ရှိနေတယ်။ ဒါ ကြောင့် တို့လည်း သူငယ်ချင်းနဲ့အတူ တို့အတွက် ဆက်လက်ရုန်းကန်ရင်း ဝေကြရအောင်လေ။

*အမျှ-အမျှ-အမျှ*
*ယူတော်မူကြပါလော့*
*အချစ်ဆုံးသူငယ်ချင်း*
*သန်းဖေလေး*
*၁· ၄· ၈၂*

**၁၁။ ။ ဒါရိုက်တာ၊ စာရေးဆရာ၊ ရုပ်ဆောင်ပါလုပ်သူ တက္ကသိုလ် ဝင်း (မိုလ်ထွန်းလှ)။**

**မောင်တင်ကြီး(ဒါရိုက်တာ နှင်းမိုး)**

နှစ်ပေါင်းများစွာ ဆက်ဆံခဲ့ဖူး သော မိတ်ဆွေလို၊ ညီငယ်ရင်းတစ် ယောက်လို ခင်မင်စွာနဲ့ ပြောချင်တယ်။ ဣဋ္ဌာဝါမှန်သမျှ၊ ကံစီမံရာသာ လိုက် ခံနေရသည်။ ကံသာလျှင် အား ရာရှိသည်။ ကံတရားကို မည်သူမျှ မလွန်ဆန်နိုင်'ဟူသော သဘောတရား သည် အင်္ဂုတ္တိုရ်ပါဠိတော် အဘိဏှသုတ် မှာ ပါရှိပါတယ်။ အဲဒီသုတ်ရဲ့ဒုတိယ အချက်ကတော့ 'ချစ်ခင်မြတ်နိုးတွယ် တာသူများနှင့် သင်သည် မလွဲမသွေ (သေကွဲ သို့မဟုတ် ရှင်ကွဲ)ကွဲရမည်' ဟူ၍ ဖြစ်တယ်။ အဲဒီတရားသဘောကို ဆင်ခြင်နှလုံးသွင်းရင် လောလောဆယ် မင်းခံစားနေရတဲ့ ပရိဒေဝမီး အပူရှိန်ဟာ နည်းနည်းတော့ သက်သာရာ ရပါလိမ့် မယ်။ ကြိုးစားပြီးသာ တရားနဲ့ဖြေ ပါ။

*တက္ကသိုလ် နေဝင်း*
*၃· ၄· ၈၂*

(ဤအမှတ်တရစာ ရေးသားပေး ထားခဲ့သူ တက္ကသိုလ်နေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ သက်တော်စောင့် ဗိုလ်ထွန်းလှ ဖြစ်ပါ သည်။ သူ အမြဲပြောလေ့ရှိသော စကား ဖြင့် ပြောရပါလျှင် ဗိုလ်ချုပ်တို့ ကျဆုံး သည့်အချိန်က ပါမသွားခဲ့၍ အာဇာနည် မဖြစ်ထိုက်ရသူ ဖြစ်ပါသည်။)

**၁၂။ ။ သရုပ်ဆောင် မင်းသား အကယ်ဒမီ ဇော်လင်း။**

ပျောက်သောသူ ရှာမတွေ့တဲ့ အဖြစ်လည်း ရှိမှာပဲ။ သေသောသူ ကြာ ပေမဲ့ မမေ့တဲ့အဖြစ်လည်း ရှိမှာပါ။ ခင်ဗျားကို ကျွန်တော် မမေ့နိုင်းပါဘူး။ သတိရပါ၊ တမ်းတပါ။

**ကိုတင်ကြီး**

တစ်သက်မှာတော့ မဖြေနိုင်စရာ အကြောင်းအရာဆိုတာ လူတိုင်း ရှိတတ် ကြပါတယ် ကိုတင်ကြီး ဒါပေမဲ့ ရတဲ့ နည်းနဲ့ ပြေပျောက်အောင်တော့ ဖြေရတာ ချည်းပါပဲ။ ကိုတင်ကြီးမှာ တရားရှိပါ တယ်။ တရားဆိုတာလည်း အပြင်မှာ ရှာလို့မရပါဘူး၊ ကိုယ်ထဲမှာ ရှိပါတယ်။ ကိုယ်ထဲမှာရှိတဲ့ တရားကို ကိုယ်ကိုယ် တိုင် မသိပေမဲ့ တခြားသူတွေ သိတယ်။ ဒါဟာလည်း ခင်ဗျားအသိပါ။ တရားရှိ တာချင်းလည်း မတူပါဘူး။ ရှိတဲ့တရား နဲ့ ကြံ့ခိုင်အောင် ကြိုးစားပါ။ ကြိုးစား လို့ ရလာတဲ့ ရလဒ်တွေဟာ အလကား မဖြစ်ပါဘူး။ တမလွန်ရောက်သူတွေ အတွက်ကော ခင်ဗျားအတွက်ပါ ကောင်းကျိုးအဖြစ် ပြောင်းလဲယူလို့ ရပါ တယ်။ အထီးကျန်ဘဝမို့ အားမငယ်နဲ့။ လောကတည်းက တစ်ယောက်တည်း မဟုတ်လား။ သူတို့ကမှ အစုလိုက် အပြုံ လိုက်သွားရသေးတယ်။ တရားသဘော နဲ့ ကျေနပ်လိုက်ပါ။ ခင်ဗျားနားမှာ ကောင်းသောမိတ်ဆွေအဖြစ် ကျွန်တော် ရှိပါတယ်။

*ဇော်လင်း*
*၈· ၄· ၈၂*

**၁၃။ ။ မင်းသမီး အကယ်ဒမီ စန္ဒာ။**

**ကိုတင်ကြီး**

ကိုတင်ကြီးရဲ့ မိသားစုတွေ အတူ ရှိနေကြတဲ့ အခါတုန်းက ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိခဲ့တာတွေ ခံစားခဲ့ရ တာတွေဟာ ကိုယ့်ဘာသာ အသိဆုံးပါ။ ဒီတော့ ခုချိန်ကစပြီး တမ်းတ၊ လွမ်း ဆွေးရင်း ရှိနေပါ။ ခံစားနေပါ။ ပြီး တော့ ၁၈· ၁၁· ၈၂ နေ့ ဘုရားစင်တွင် ဖြစ်ပေါ်လာရတဲ့ မိသားစု၊ တစ်နည်း အားဖြင့် ပြန်လည်ဆုံတွေ့ရတဲ့ မိသားစု ကို အမြဲရင်ထဲမှာ ရှိနေ၊ အောက်မေ့ တမ်းတ လိုက်နာနိုင်ပါစေလို့။

*စန္ဒာ*

**၁၄။ ။ သရုပ်ဆောင် မင်းသား အကယ်ဒမီ ဇော်လွင်။**

**ကိုတင်ကြီး**

ကျွန်တော် စိတ်ထိခိုက်လွန်းလို့ မျက်ရည်ကျမိပါတယ်။ ခင်ဗျားစိတ် မကောင်းနေတဲ့ အချိန်မှာ ကျွန်တော် ဒီထက်ပို မရေးပါရစေနဲ့။ ခင်ဗျား ကျန်း မာအောင်နေပါ။ ခင်ဗျား ဘယ်လိုမုန်း မုန်း ကျွန်တော်အခုရေးတာ ကျွန်တော့် ရင်ထဲက မခံနိုင်လွန်းလို့ ရေးလိုက်တာ ပါ။ ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ် ရိုက်ပြီး သွားတယ်လို့သာ အောက်မေ့တော့ပေါ့ ဗျာ။ ခင်ဗျား ကျန်းမာပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။

*ဇော်လွင်*
*၇· ၄· ၈၂*

www.burmeseclassic.com

၁၅။ ။စာရေးဆရာ၊ အဆိုတော်၊ အကယ်ဒမီ မင်းသား သုမောင်။

နာနာဝိစိတ္တရလောကော– လောကကြီးသည် အထူးအဆန်း အပြည့်နှင့်ပါ။

*သုမောင်*

*၃· ၄· ၈၂*

၁၆။ ။သရုပ်ဆောင် ဂျော်လီဆွေ

၁၅· ၅· ၈၂

စနေနေ့ည ၈ နာရီ

**ကိုနှင်းမိုး**

ရဲဘော်ကြီး

ခင်ဗျား၏ အိမ်သားများ ဖြစ်ကြသော ဇနီး၊ သမီးနှင့် သားများ၏ သတင်းဆိုးကို နယ်တွင် ကျွန်တော်ရှိစဉ်က ကြားလိုက်ရတော့ လေယာဉ်စီးရင်း (Air Pocket)မိသလို ရင်ထဲမှာ အောင့်သက်သက် လည်ချောင်းမှာ တစ်ဆို့ဆို့ ခံစားလိုက်ရ၊ ဒီထက်မက ပိုကာ ရေးမပြတတ်အောင် ခံစားပြီး တစ်မျိုးကြီး ဖြစ်ကာ ကြေကွဲဝမ်းနည်းမိတာ အမှန်ပါ။ တတ်သလောက် မှတ်သလောက် ကလေးနဲ့ ပြောဆိုအားပေးရမယ်ဆိုလျှင်တော့ ကျွန်တော့်အထက် ဆရာတော်ကြီးများ၊ သမားတော်ကြီးများ မြွက်ကြား အမိန့်ရှိခဲ့ဖူးတာကို ရွတ်ပြပါရစေတော့။ ဘာလဲဆိုရင် 'ရှင်သေဖြစ်ပျက်၊ ရကုန်–ဆုံကွဲ၊ ပူဆင်းရဲ၊ အဲဒါလူ့ဘဝရဲ့ ကမ္ဘာ့ဌာန်းပါပဲ'။

*ဂျော်လီဆွေ*

၁၇။ ။ လူရွှင်တော်ကြီး ဦးရွှေရိုး။

၁· ၄· ၈၂

**ကိုတင်ကြီး(ကိုနှင်းမိုး)**

ဇနီးနှင့် သားသမီးများ၏ သတင်းကို သတင်းစာများ၌ တွေ့ရှိရသဖြင့် ကိုတင်ကြီးကဲ့သို့ ကျွန်တော်တို့ မိသားစု ထပ်တူကြေကွဲ ဝမ်းနည်းခြင်း ဖြစ်ရပါသည်ခင်ဗျား။ ရှင်တော်ဂေါတမ၏ အဆုံးအမများကို ရင်ဝယ်ပိုက်၍ ကိုတင်ကြီး ခံစားနေရသော ဝေဒနာသောကများ ပြေပျောက်ပါစေ။ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြသော ကိုတင်ကြီး၏ ချစ်ဇနီးနှင့် ရင်သွေးများ ကောင်းရာသုဂတိ လားပါစေရန် ဆုတောင်းအပ်ပါသည်။

*ဝမ်းနည်းစွာဖြင့်*

*ရွှေရိုး*

၁၈။ ။ မင်းသမီးကြီး အကယ်ဒမီ ဒေါ်စိန်ခင်။

**သား ကိုနှင်းမိုး**

သားနဲ့အတူ အမေ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါတယ်။ ဒါပေမဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားသုံးပါးကိုတော့ ဘယ်သူမှ ရှောင်လွဲလို့ မရပါဘူးသားရယ်။ သင်္ခါရတရားဆိုတာ ဖြစ်ချင်သလို မဖြစ်ပေမဲ့ မဖြစ်ချင်ပေမဲ့လည်း ဖြစ်တတ်တာ ဓမ္မတာပါသားရယ်။ ဒါကြောင့် ပုတီးကို နာနာစိပ်ပြီး စိတ်ကို ဖြေနိုင်သလောက် တရားနဲ့ ဖြေပါသားရယ်။ အစား၊ အနေအထိုင်လည်း မှန်မှန်စားသောက် နေထိုင်ပါ သားရယ်။ လူကိုတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး လွှတ်မထားပါနဲ့။ သတိကလေးနှစ်ပြီး ထိန်းပါ သား။

*အမေဒေါ်စိန်ခင်*

*(ရုပ်ရှင်)*

*၃· ၄· ၈၂*

ဒါတွေကတော့ ရုပ်ရှင်အနုပညာရှင် ဒါရိုက်တာကြီးများ၊ သရုပ်ဆောင်များ၏ နှစ်သိမ့်အားပေး ရေးသားထားခဲ့သည့် အမှတ်တရစာများ ဖြစ်ပါသည်။

စာပေအနုပညာရှင် စာရေးဆရာကြီးများ၏ ရေးသားအားပေးခဲ့သည့် စာများကတော့···

၁၉။ ။ စာရေးဆရာ၊ ဓာတ်ညွှန်းရေးဆရာ ဦးကိုကို။

**ကိုတင်ကြီး**

လူဟာ မွေးကတည်းက သေဖို့ မွေးလာခြင်းပဲဖြစ်တယ်။ ဘယ်တော့ သေမယ်မှန်း ကြိုတင်ပြီး မသိနိုင်တာသာရှိမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့သူငါငါ သေရမှာသာ ဖြစ်တယ်။ ဒါကြောင့် သေတာဟာ မဆန်း··· သဘောထားလိုက်စမ်းပါ။ အဲဒီနော··· နေ့မြင်ညပျောက် မမြဲတဲ့ အနိစ္စသဘော··· ကို နှလုံးသွင်းပြီး ငါလည်း တစ်နေ့··· သေမှာပဲဆိုတဲ့ အသိနဲ့ မသေခင် ပ··· သံသရာ ကောင်းကျိုးအတွက် တတ်နိုင်··· သမျှ စိတ်တည်ငြိမ်ကြောင်း အားထုတ်··· မှုမျိုးကို ကြိုးစားအားထုတ်သွားစေ··· ပါတယ်။

*ကိုကို*

၂၀။ ။ စာရေးဆရာ၊ ဓာတ်ညွှန်း··· ရေးဆရာ တက္ကသိုလ် မောင်လှသူ။

**သူငယ်ချင်း ကိုနှင်းမိုး**

ကြေကွဲရခြင်း အဆုံးစွန် ခံစား··· ခြင်းကို ထပ်တူ ကြေကွဲရသည်နှင့်··· ကံတရား၏ အတုံ့အလှည့်ဟု··· ဆင်ခြင်နိုင်အောင် တရားနှင့် ဖြေ··· တော့။

*ကြေကွဲစွာဖြင့်*

*တက္ကသိုလ် မောင်လှသူ*

*၃· ၄· ၈၂*

၂၁။ ။ စာရေးဆရာ၊ သရုပ်ဆော··· အောင်ပြည့်။

**ဆရာ ဦးတင်ကြီးခင်ဗျား**

ကျွန်တော် သမီးတစ်ယော··· သားနှစ်ယောက် ပေါင်း ကလေး ··· ယောက်၏ ဖခင်ပါ။ အခုရက်··· အတွင်းမှာ မတင်တင်လှနှင့်တွဲပြီး ··· ပဒေသာကနေဆဲ အဲဒီသတင်းဆိုး··· ကြားတော့···၊ဆရာ ဦးတင်ကြီးခင်··· ပြောစရာ မြောက်မြားစွာ စိတ်ဆ··· စရာများစွာ၊ ···၊ အခြားများစွာ··· ကျွန်တော်ရေးခြင်း ပြောခြင်းအား··· ဦးတင်ကြီး ပို၍သာစိတ်ဆင်းရဲမည်··· ပါသည် ခင်ဗျား။ အဲဒါကြော··· ကျွန်တော် မပြောမရေးဝံ့တော့ပါခင်··

*အလွှမ်းလေးစားစွာ···*

*အောင်···*

*စာရေး···*

၂၂။ ။ ဦးအောင်သိန်း (ရုပ်··· မျက်မှန်)။

**မောင်တင်ကြီးရေ···**

သူငယ်ချင်း မင်းဟာ ··ယော···



www.burmeseclassic.com

www.burmeseclassic.com

ပါနော်၊ ဝမ်းသာဝမ်းနည်းဆိုတာ သူတိုင်း သက်ရှိသတ္တဝါတိုင်းမှာ ရှိရ၊ ဖြစ်ရ၊ တွေ့ရ၊ ကြုံရ၊ မြင်ရ၊ ကြားရမှာ ပဲ အေး ဒါပေသိ 'သတိ' ဆိုတာ မမေ့ဖို့ ပါဘဲ။ မင်းအဖြစ်က ဝမ်းနည်းစရာပေါ့ သော။ ဒါပေမဲ့ ဝမ်းနည်းနေရုံနဲ့ ပြီး မြောက်မှာ မဟုတ်ဘူး။ ဝမ်းနည်းတိုင်း သာ ပြီးမြောက်မယ်ဆိုရင် တို့ပါ ဝမ်းနည်းပေးပါ့မယ်။ ယုံပါ။ ဒီတော့ ကွယ်လွန်သူများကို ရည်စူးပြီး ကုသိုလ် ပြုပါ။ အမျှဝေပါ။ ဒီလို ကုသိုလ်ပြု အမျှဝေနိုင်ရန် အလုပ်လုပ်ပါ။ အလုပ် လုပ်ရင် အားလုံးပြီးမြောက်နိုင်တယ်ဆို တာ ယုံကြည်ပြီး စိတ်ကိုဖြေပါလို့။

*အောင်သိန်း*

*(မျက်မှန်)*

*၁.၄.၈၂*

၂၃။ ။ စာရေးဆရာ၊ ဓာတ်ပုံ ပညာရှင် မျိုးအောင် (ရှမ်းပြည်)။

ကိုတင်ကြီး

သွားတဲ့သူတွေ သွားခဲ့ပြီ၊ သူတို့ အရင်သွားကြပြီ။ ကျွန်တော်တို့လည်း လိုက်ရဦးမယ်။ တစ်ခရီးတည်းကို သူတို့ အရင်သွားကြခြင်း ဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓဝါဒကို လက်ခံကြသူတိုင်း သွားလေ သူတို့အတွက် အလှူအတန်း အမျှပေးဝေကြရတယ်။ ယနေ့ ရက် လည်ဆွမ်းကျွေးမှာ သူငယ်ချင်းရဲ့ ဇနီးနဲ့ ကလေးတွေအတွက် အမျှပေးဝေမှု ကြောင့် သူတို့ရဲ့ ခရီးကို ကျွတ်ကျွတ် လွတ်လွတ် သွားကြရလိမ့်မယ်။ ကျွန် တော့်အဖေ သေတုန်းက အမေက ပြောဖူးတယ်။ ကောင်းမှုကုသိုလ်ပြုပြီး တိုင်း ရည်စူးပြီး အမျှပေးဝေပါတဲ့။ ကျွတ်တရား ရသွားနိုင်တယ်တဲ့။ နောက် လေးနှစ်အကြာမှာ ကျွန်တော့် အမေလည်း ဆုံးသွားပါတယ်။ ကျွန်တော့်အမေရဲ့ မသေခင်က အဖေ့ အတွက် အမျှပေးဝေဖို့ပြောတဲ့ စကားကို အစဉ် ကြားယောင်မိခဲ့လို့ ယနေ့အထိ တရားအားထုတ်ခဲ့တယ်။ အမြဲတမ်း သွားလေသူ မိဘနှစ်ပါးအတွက် နေ့စဉ် မပြတ် အမျှပေးဝေနေပါတယ်။ လောက အမြင်နဲ့ ပြောတမ်းဆိုရင် နှစ်ဖက်အကျိုး ဖြစ်သွားပါတယ်။ ကျွန်တော်လည်း တရားသမားဖြစ်သွားပြီး မိဘနှစ်ပါး အတွက်လည်း အမြဲတမ်း အမျှပေးဝေ ခြင်းပြုခဲ့ရတယ်။ လောကီအတွက် အများနဲ့ညီ၊ လောကုတ္တရာအတွက် တရားနဲ့ညီဆိုတဲ့ စကားကို သူငယ်ချင်း လက်ခံစေချင်တယ်။

*မျိုးအောင်(ရှမ်းပြည်)*

*ဓာတ်ပုံပညာရှင် စာရေးဆရာ*

*၃.၄.၈၂*

အနုပညာရှင် ရုပ်ရှင်ဒါရိုက်တာ ကြီးများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် စာရေးဆရာကြီးများ၏ အားပေးနှစ်သိမ့် စာများအပြီး၊ တေးရေး ဆရာကြီးများ၏ အမှတ်တရစာများကတော့…

၂၄။ ။ တေးရေးဆရာကြီး စာဆို ရန်နိုင်စိန်။

အနုပညာရဲဘော် ကိုတင်ကြီး ရေ…

လူ့ဘဝမှာနေရင် ဒီအဖြစ်မျိုးနဲ့ တိုးကြတတ်တယ်။ ကိုယ်တို့ကိုယ်တိုင် လည်း ဒီအဖြစ်မျိုး မကြုံဖူးဘူး၊ မဆုံဖူး လို့ ဘယ်သူတွေမှ အာမ,မခံထားဘူး။ လူ့ဘဝထဲမှာမှ မဟုတ်ပါဘူးလေ။ သုံး ဆယ့်တစ်ဘုံမှာ ရှိနေသမျှ သူသူငါငါ ဒီဒုက္ခကမလွတ်မှာ သေချာတယ်။ တစ် ဘဝမှာ မဖြစ်ရင်၊ တစ်ဘဝမှာ ဖြစ်မှာ ပါပဲ။ ဒီတော့ ဆယ့်တစ်မီးငြိမ်းရာအေး ရာ နိဗ္ဗာန်ဘုံကို ခိုလှုံနိုင်ရေးအတွက် ဆက်လက်ကြိုးစားပေတော့ရဲဘော်။ ကျွန်တော်တော့ ဒီလမ်းပဲ ရွေးစေချင် တယ်။ ကျွန်တော်ကိုယ်တိုင် ခံစားရရင် လည်း မုချ၊ ဒုက္ခလည်တဲ့ ဒီလမ်းစဉ်ကို တွင်တွင်ကြီး လျှောက်သွားပြီသာမှတ်။

*ဒုက္ခဘုံကို မကြုံပါရစေနဲ့တော့*

*ရန်နိုင်စိန်*

*၃.၄.၈၂*

*(စာဆို ရန်နိုင်စိန်)*

၂၅။ ။သီချင်းရေးဆရာ၊ ကဗျာ ဆရာ မောင်ယဉ်မော်။

ဦးတင်ကြီး

အစ်ကိုခင်ဗျား…

အချစ်တို့မည်သည် မကုန်ဆုံးနိုင် ပါ။ အလွမ်းတို့မည်သည် ဖြေမပြေနိုင် ပါ။ သောက ပရိဒေဝတို့မည်သည် အသက်ခန္ဓာတည်သမျှ ရှိနေရစမြဲသာ။ သွားလေသူတို့ကား ငြိမ်းအေးလေပြီ ဖြစ်ရကား ချစ်စရာ၊ လွမ်းစရာ၊ သောကဒေဝနာများနှင့် မမြင်နိုင်စွမ်း သော အဆုံးတစ်နေ့သို့ အစ်ကိုနှင့်အတူ တမ်းတလွမ်းဆွတ် ခံစားရင်း…။

*ထာဝရ*

*မောင်ယဉ်မော်*

*ကဗျာ သီချင်းရေးတဲ့*

*(မောင်ယဉ်မော်)*

၂၆။ ။တေးရေး တေးဆို တက္ကသိုလ် ထွန်းနောင်။

ကိုတင်ကြီး

တစ်ယောက်တည်း နေခဲ့စဉ်က မိသားစု အိမ်ထောင်သည် ဘဝဟာ အလကားလို့ပဲ ထင်ခဲ့တယ်။ သံယော ဇဉ် အိမ်ထောင်သည်ဘဝကို ခံစားပြီးရ တော့မှ သံယောဇဉ် အဆောက်အဦကို သိရတယ်။ ဒါကြောင့် ကိုတင်ကြီးရဲ့ သောကကို သဘောပေါက်ပါတယ်။ သံယောဇဉ်ဆိုတာမျိုးလည်း ဖြစ်ပျက်ပဲ၊ တစ်ယောက်တည်း လာလမ်းကိုလည်း တစ်ယောက်တည်း ပြန်ရမှာပဲ၊ ဖြေရင် ပြေမယ်၊ မဖြေရင် မပြေဘူး၊ ဒီတော့ အစွမ်းကုန် ဖြေပေတော့။

*ကိုယ်ချင်းစာတရားများစွာနဲ့*

*တက္ကသိုလ် ထွန်းနောင်*

ကျွန်တော့်အတွက် အထက်ပါ အတိုင်း နှစ်သိမ့်အားပေးရင်း 'ဝမ်းနည်း ကြေကွဲခြင်း' ရေးသားပေးထားခဲ့ကြ သော ကွယ်လွန်သူ အနုပညာရှင်ကြီး များအတွက်ကိုလည်း ကျွန်တော့်အနေ နှင့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူ ထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

*သုခီအတ္တာနံ ပရိဟရန္တု*

■ မောင်နှင်းဦး



www.burmeseclassic.com

www.burmeseclassic.com

# သောကဆူးမှ ကင်းလွတ်ရာ

ဇေဦးယျာ

'လူဟာ အတ္တရဲ့
သားကောင်တွေဆိုတာတော့ မှန်ပါတယ်
ကိုမြတ်နိုင်။ ဒါပေမဲ့ ဒီအတ္တဟာ
လူတစ်ယောက်က လူသားဆန်စွာ
ပြုကျင့်ဖို့အတွက် လိုအပ်လာရင်
ဖက်တွယ်သင့်တယ်လို့ ကျွန်တော်တော့
မြင်မိတာပဲ။ အထူးသဖြင့်
ကိုငြိမ်းအောင်ရဲ့အတ္တ ဆိုပါစို့။
သူ့သားအတွက် ပူဆွေးသောကတွေနဲ့
ကျန်နေရစ်ရတော့မယ့် ကိုငြိမ်းအောင်လို
ဖခင်တစ်ယောက်အတွက်
နောက်ထပ် နောင်တ,တရားတွေ၊
သောကတွေ မထပ်ဆင့်စေချင်တော့တာ
ကျွန်တော့်စေတနာပါပဲ။
ဒါဟာ ဆရာဝန်တစ်ယောက်ရဲ့
ဆုံးဖြတ်ချက်ဆိုတာထက် ခံစားချက်နဲ့
ရှင်သန်နေတဲ့ လူသားတစ်ဦးရဲ့
ကိုယ်ချင်းစာတရားလို့ ပြောလို့လည်း
ရပါတယ် ကိုမြတ်နိုင်'

၁။

ရောက်ရောက်ချင်း မြင်လိုက်ရသည့်
အခြေအနေ ဆိုးရွားလွန်းလှသည်။
တစ်ချက်တစ်ချက် တက်သွားသည့်
အချိန်တွင် တစ်ကိုယ်လုံး
ရှိသမျှအကြောတို့သည် တောင့်တင်းလျက်။
မျက်ဖြူတို့သည် လန်လျက်။
မျက်လုံးနှစ်ဖက်နှင့်
ပါးတို့သည် ရွဲ့လျက်။
တဝူးဂူး တဂဲဂဲမြည်သံနှင့်အတူ
ပါးစောင်တစ်ဖက်မှ
အမြှုပ်တို့သည်စီးကျလျက်။
ကိုယ်တိုင်ခံစားရသူ
မဆိုထားနှင့်၊ ဘေးမှ
ကြည့်နေရသူတို့ပင်
ရင်မှာ မချိနိုင်လောက်အောင်
ဝေဒနာက ပြင်းထန်လွန်းလှသည်။
မိခင်ဖြစ်သူ၏ လုပ်ကြပါဦး၊
ကယ်ကြပါဦး၊ ဆရာရယ် လုပ်ပါဦးဟု
ယောင်ယမ်းမြည်တမ်းသံက လူတွေ၏
အသည်းစိုင်ကို ဆုပ်ကိုင်ညှစ်လိုက်သလို
ခံစားရမှုက နာနာကျင်ကျင်။
ဖခင်ဖြစ်သူ ကိုငြိမ်းအောင်ကတော့
ယောက်ျားသားမို့ အသံထွက် မငို။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

လူနာကို ရင်ဘတ်ပေါ် ထွေးပွေ့ထားရင်း မျက်ရည်တွေသာ စီးကျနေသည်။

မောင်စိုးမောင်လေး အဖြစ်ကို မြင်လိုက်ရတော့ သူ့စိတ်ထဲမှာလည်း မကောင်း။ ပြင်းထန်သော ဝေဒနာကို ရင်မှာပိုက် မွေးဖွားလာခဲ့သူလေး။ ကလေးဘဝ ပျော်ရွှင်မြူးထူးရမည့် အရွယ်ကတည်းက ဆေးရုံကို အိမ်အမှတ်နှင့် နေခဲ့ရသူဆိုရင်လည်း မမှားနိုင်။ ယခုအတိုင်းဆို နောက်ဆုံးအချိန်ကို နီးပြီထင်ပါရဲ့။

လူနာကို စမ်းသပ်နေဆဲမှာပင် လမ်းမှာ ဦးလေးထွန်း ပြောပြခဲ့သော စကားတို့က နားထဲမှာ အလိုလို ပြန်ကြားယောင်လာသည်။

'နောက်ဆုံးအချိန်တော့ ရောက်လာပြီထင်ပါရဲ့ မောင်ဆရာရယ်။ ဝေဒနာ ဆိုးချက်ကတော့ ဦးလေးတို့ဖြင့် မကြည့်ဝံ့ မကြည့်ရက်ဆိုသလိုပါပဲ။ ညနေတုန်းကမှ အကောင်းရှိပါသေးတယ်။ စက်ဘီးလျှောက်စီးနေလို့ တောင် ခေါက်မိသေးရဲ့။ ညကျမှ ဖောက်တော့တာပဲ။ ဝေဒနာ ဒီလောက်ဆိုးတာကိုလည်း မမြင်ဖူးပါဘူး။ အေးလေ သေခြင်းတရားဆိုတာကလည်း ကိုယ်က အစိုးရနေတာမှ မဟုတ်ဘဲကိုး။ အချိန်တန်၏ မတန်၏ တွေးတောနေလို့မှ မရတာ၊ သူ့အဖေကတော့ဖြင့် လက်လျှော့ချင်သေးပုံ မရဘူး။ မောင်ဆရာလာမှ တိုင်ပင်ပြီးတော့ မန္တလေးဆေးရုံကို သွားချင်တယ်ပြောနေတယ်။ ဦးလေးတို့အလိုကတော့ဖြင့် မသွားစေချင်တော့ပါဘူးကွယ်။

> တစ်ဖက်က
> မြေးဖြစ်သူ၏
> နောက်ဆုံး
> အချိန်ကို
> မိဘဆွေမျိုးတွေ
> ရှေ့မှာပဲ
> ရှိစေချင်သလို
> တစ်ဖက်ကို
> ကြည့်ပြန်
> တော့လည်း
> သား၏အဖေ
> သားဖြစ်သူ၏
> နောက်ဆုံးခရီး
> အတွက်
> အကောင်းဆုံး
> ကုသ
> ပေးလိုက်ချင်သော
> အဖေ
> တစ်ယောက်၏
> ဆန္ဒ
> ဒါမှမဟုတ်
> မေတ္တာနှင့်
> ယှဉ်သောအတ္တ
> သူ ဘာကို
> ဆုံးဖြတ်
> ပေးရမည်နည်း

မထူးတော့ဘူး ထင်ပါရဲ့။ ရောဂါအနေအထားလည်း သိနေမှကို။ အဲဒီတော့ သူ့အဖေကို မောင်ဆရာပဲ ဖျောင်းဖျပြီး မသွားဖို့ တားပေးပါ'

ရောဂါသည် မြေးလေးမို့ မျက်စိအောက်ကနေ အပျောက်မခံနိုင်အောင် ချစ်ရှာသည့် ဦးလေးထွန်း၏ စကားသံတို့မှာ သောကတွေကို အထင်းသားမြင်ခဲ့ရသည်။ ယောကျာ်းသား ဆိုပေသည့် မြေးအနှစ်ကလေးအတွက်မို့ မျက်ရည်က ကျလုကျချင်။

ယခု လူနာအနေအထားကို မြင်ရတော့ ဦးလေးထွန်း စကားတို့က လွန်သည်ဟု မဆိုသာလောက်အောင်ပင်။ မောင်စိုးမောင်လေး ခံစားနေတာ မြင်ရတော့ ကိုယ်ကိုယ်တိုင်က ဆရာဝန်တစ်ယောက်ပင် ဖြစ်လင့်ကစား သနားကရုဏာနှင့် မသက်မသာ ခံစားနေရသည်။ ရွာမှာ ဆေးခန်းစဖွင့်ဖြစ်ကတည်းက သူ့ဆေးခန်းကို အရောက်အပေါက် များခဲ့သူမို့ သူ့ညီလေး၊ တူလေးတစ်ယောက်လို သံယောဇဉ်ကလည်း ဖြစ်နေမိသူဆိုတော့ ပိုပြီး စိတ်မကောင်း ဖြစ်မိသည်။ မောင်စိုးမောင်လေးအတွက် တကယ်ပဲ နောက်ဆုံးအချိန် နီးနေပြီထင်ပါရဲ့။ သို့ပေမဲ့လည်း ဆရာဝန်တစ်ယောက်အတွက် လုပ်စရာရှိတာကိုတော့ လုပ်ရပေဦးမည်။

❑

၂။

'မန္တလေးသွားဖို့ အဆင်ပြေပါ့မလား ဆရာ'

တစ်နာရီခန့် အကြာလောက်မှာတော့ မောင်စိုးမောင်လေးတက်တာ ငြိမ်သွားသည်။ သို့သော် သတိကတော့ မရတစ်ချက် ရတစ်ချက်နဲ့မို့ စောင့်ကြည့်နေဆဲ အချိန်မှာပင် ကိုငြိမ်းအောင်က သူ့သဘောထားကို ဆိုလာလေသည်။ မန္တလေးသွားကုလို့ ကောင်းမလား၊ လက်လျှော့ရတော့မလားဟု စကားယဉ်နဲ့ မမေးနိုင်တော့။ ဆရာဝန်၏အကြံပြုချက်ထက် ရှေ့ကရောက်နေသည် မရော... နေသည်ကို မစဉ်းစားနိုင်... လောက်အောင် ရိုင်းစိုင်းတ... သူတော့ မဟုတ်ပါ။ ... သူတောင်သားတွေ၏စိတ်ရင်း... မို့ အရိုးခံမှန်း သူလည်း သိ... သည်။ သားဇောက ရှေ့... ခံလာတော့ တခြားဇောတွေ... မေ့ထားတာ ဖြစ်ပါလိမ့်မည်...

ကိုငြိမ်းအောင်သဘော... အရတော့ သွားကိုသွားချင်... သည့် အနေအထား။ အရင်... ကလည်း အသည်းအသန်... ဖြစ်လာတိုင်း မန္တလေးဆေး... ကို တန်းပြေးနေကျ။ သွား... တိုင်းလည်း ပြန်ကောင်းလာ... နေကျဆိုတော့ ဒီတစ်ခါ... လည်း ပြန်ကောင်းလာလိမ့်... မည်ဟု မျှော်လင့်နေသလား... မဆိုနိုင်။ ဒါပေမဲ့ ဒီတစ်ခါ... သည် အရင်တစ်ခါလိုမျိုး... မဟုတ်၊ နောက်ဆုံးအချိန် နီးနေ... ပြီဆိုတာကို သူ ဘယ်... ပြောရမည်နည်း။ သူ့စိတ်ထဲ... မှာ မကောင်းလှ။

'လူနာရဲ့ အခြေအနေ... အရင်ပြောပြပါ့မယ်။ သွား... မသွားဖို့ကိုတော့ နောက်... ဆုံးဖြတ်ကြတာပေါ့ ကိုငြိမ်း... အောင်။ အခုလောလောဆယ်... တော့ ကလေးက တက်... ငြိမ်နေပေမဲ့ သူ့အခြေအနေ... အဆိုးဘက်ကို ဦးတည်သွား... လိမ့်မယ်လို့ ယူဆတယ်။ ... တော့ ဒီတစ်ခါဖြစ်တာလည်း... အခါတိုင်းလို မဟုတ်ဘူး... ရောဂါအနေအထားအ... အဆိုးဆုံးအချိန်လို့ ပြောမယ်... ဆိုရင် ပြောလို့ ရပါတယ်... မန္တလေးကို သွားကုလို့... ကောင်းလာနိုင်တဲ့ ... ချက်က ဆယ်ရာခိုင်နှုန်းတစ်...



www.burmeseclassic.com

www.burmeseclassic.com

ကိုးရေးတစ်ရာဆိုသလို သိပ်တော့ မသေချာတော့ဘူး။ အဓိကကျတာက လမ်းခရီးမှာကို စိတ်မချတာပါပဲ'

သူ့စကားအဆုံးမှာတော့ ကိုငြိမ်းအောင်မျက်ဝန်းမှာ မျက်ရည်တွေ စီးကျလာပြန်သည်။ တစ်ဦးတည်းသော သားလေးလည်းဖြစ်၊ ငယ်ကတည်းက ရောဂါဆိုးစွဲကပ်ခဲ့သူလေးဆိုတော့ သားဖြစ်သူကို မျက်စိအောက်ကပင် အပျောက်မခံခဲ့သည်အထိ ချစ်ရှာလေသူ ဖခင်တစ်ယောက်၏ ရင်ထဲက ဝေဒနာကို ကိုယ်ချင်းစာမိသည်။ သူလည်း မတတ်သာလို့သာ ပြောရသည်။ ဒီစကားတွေကို မပြောချင်။

'ကျွန်တော့်သဘောကတော့ သွားချင်တာပါပဲ ဆရာရယ်။ ဆရာပြောသလို ဆယ်ရေးတစ်ရေးလောက် မျှော်လင့်ချက် ရှိတယ်ဆိုဦးတောင်မှပဲ ကျွန်တော့်သားလေးရဲ့ နောက်ဆုံးအချိန်ကို ကျွန်တော် အကောင်းဆုံး ကုသလိုက်ချင်တယ် ဆရာ'

သားအတွက် ပူပင်နေသော ဖခင်တစ်ယောက်၏ စိတ်ဆန္ဒမို့ သူ ဘယ်လိုတုံ့ပြန်ရမှန်းမသိ ဖြစ်နေချိန်မှာ ဦးလေးထွန်းက ကိုငြိမ်းအောင်ကို နားချသည်။

'မသွားချင်ပါတော့နဲ့ ငါ့သားရယ်။ အဖေလည်း ကိုယ့်မြေးလေးကို ပြန်ကောင်းတာမြင်ချင်တာပေါ့။ ဒါပေမဲ့ ဒီတစ်ခါတော့ နောက်ဆုံးလို့ ထင်ပါတယ်ကွာ။ ရမယ်ထင်တော့ပါဘူး။ ငါ့မြေးလေးရဲ့ နောက်ဆုံးအချိန်ကို အိမ်မှာပဲ ရှိစေချင်တယ်။ သူလည်း ဝေဒနာခံစားရတာ ပင်ပန်းလှပါပြီကွာ။ လမ်းခရီးက နီးတာလည်း မဟုတ်။ မတော်လို့ မပြောကောင်း မဆိုကောင်း လမ်းမှာ တစ်ခုခု ဖြစ်သွားခဲ့ရင်တောင် ငါ့မြေးလေး နောက်ဆုံးအချိန်ကို ငါတို့ မြင်လိုက်ရမှာ မဟုတ်ပါဘူး။ မသွားချင်ပါနဲ့ ငါ့သားရာ'

မြေးတော်သူနှင့် သားတော်သူ နှစ်ဦးကြား သဘောထားကွဲလွဲမှုက မျက်ရည်ကိုယ်စီနှင့်ဆိုတော့ သူပါ နေမထိ ထိုင်မသာ ဖြစ်လာသည်။ မသွားပါနှင့်လည်း မတားရက်သလို သွားပါလို့လည်း မတိုက်တွန်းချင်။ မန္တလေးရောက်အောင် ကားငှားသွားရမည့် ခရီးစရိတ် ကုန်ကျမှုအပြင် ဆေးဖိုးဝါးခ ကုန်ကျစရိတ်ကလည်း အနည်းနှင့်အများဆိုသလို ရှိလိမ့်ဦးမည်။ ဒါ့အပြင် လမ်းခရီးကလည်း ခြောက်နာရီကျော်အောင် မောင်းရဦးမယ်။ တကယ်လို့ လမ်းမှာ တစ်ခုခု တိမ်းပါးယိမ်းပါးဖြစ်ခဲ့လျှင် ကားခက နှစ်ဆဆိုလည်းဟုတ်၊ သုံးဆဆိုလည်းဟုတ် ဖြစ်ဦးမည်။ ဒီတော့ သူ တိတ်ဆိတ်နေတာ အကောင်းဆုံးဖြစ်မည်ဟုပဲ စဉ်းစားရသည်။ ကာယကံရှင်တွေ ကိုယ်တိုင် ဆုံးဖြတ်ပါစေတော့။

'ဖိုးထွန်းပြောတာ သဘာဝကျပါတယ် မောင်ငြိမ်းအောင်ရယ်၊ ငါ့မြေးလေး အသက်ထွက်တာကို ငါတို့ မမြင်လိုက်ရဘဲ နေပါ့မယ်။ မသွားပါနဲ့တော့။ မင်းလည်း မင်းတတ်နိုင်တာထက်တောင် ပိုပြီး အစွမ်းကုန် ကုခဲ့ပြီးပြီပဲ။ ဒီအတိုင်း ထားခဲ့တာမှ မဟုတ်တာဘဲ မောင်ငြိမ်းအောင်ရယ်။ ငါ့မြေးလေးကိုက အဖြစ်ဆိုးလွန်းတာပါဟယ်။ အို မြေးလေးရေ့ အဖြစ်ဆိုးလှချည့်လားဟဲ့။ လူလဲလို့ ရရင် အဘွား လဲပေးပါ့မယ် ငါ့မြေးရဲ့။ ဆိုးလွန်းလှချည့်လား'

ပြောပြောဆိုဆို ငိုချင်းချလိုက်သော ယောက္ခမဖြစ်သူကြောင့် စကားသံတို့ ခဏတိတ်သွားပြန်သည်။ ကိုငြိမ်းအောင် မျက်နှာကတော့ တစ်ခုခုကို ယတိပြတ် ဆုံးဖြတ်သလို နောက်ဆုတ်မည့် ဟန်မျိုးလည်း မတွေ့ရ။

'အဖေတို့ ဘယ်လိုပြောပြောဗျာ။ ကျုပ်ကတော့ ကျုပ်သားလေး ပြန်ကောင်းလာမယ်လို့ ယုံနေတုန်းပဲ။ ကျုပ်ကတော့ မဖြစ် ဖြစ်တဲ့နည်းနဲ့ သွားချင်တာပဲ သိတယ်ဗျာ။ ကျုပ်သားလေးကို ကျုပ် မပစ်နိုင်ဘူး'

'ပစ်ထားတယ်လို့လည်း ဘယ်ဟုတ်ပါ့မလဲကွာ။ သေချာပေါက် ကောင်းလာမယ်ဆိုရင်တော့ အရေးလား။ အခုဟာက ငွေကုန်ကြေးကျကလည်း ရှိသေးတယ်ကွာ။ ရှေ့မှာလည်း တစ်လျှောက်လုံး ကုန်လာခဲ့ပြီ။ မင်းမှာလည်း မောလှပြီ။ မင်းသားရဲ့ အနေအထားလည်း ကောင်းမှ မကောင်းတော့တာကို။ နောက်ထပ် ပိုက်ဆံ အပိုအကုန် မခံပါနဲ့တော့လားကွာ'

ကြားထဲက ဝင်လိုက်သော ယောက်ဖဖြစ်သူ ကိုမြတ်ခိုင်၏ စကားက တုတ်တိုးအိုးပေါက်။ စေတနာစကား ဆိုပေမဲ့ အပြော မတတ်တော့ ကိုငြိမ်းအောင် ဒေါသကို စ,လိုက်သလိုပင်။ ကိုငြိမ်းအောင် မျက်နှာက တင်းမာသွားသည်။

'ဒီမှာ မြတ်ခိုင်။ ဒါ ငါ့သားကွ။ ပိုက်ဆံ ဘယ်လောက်ကုန်ကုန် ငါအရေးမစိုက်ဘူး။ ကုန်ကုန်ပြောရရင်ကွာ ငါ့သားအတွက် ကျွန်ခံပြီး ဆပ်ရမယ်ဆိုရင်တောင် ငါ ဆပ်နိုင်တယ်'

'အေးပါ ငြိမ်းအောင်ရာ ငါလည်း စေတနာနဲ့ ပြောပြတာပါ။ မင်းကြိုက်သလိုသာ လုပ်ပါ'

အခြေအနေအရကြောင့်သာ စကားလျှော့ချလိုက်ပေမဲ့ လူကြားထဲမှာ အော်လိုက်သောကြောင့် ကိုမြတ်ခိုင်က အခဲကျေဟန် တော့ မတူ။ ဟုတ်တော့လည်း ဟုတ်သည်။ ငါးနှစ်သား အရွယ်ကတည်းက စွဲကပ်လာသောရောဂါကို ကုခဲ့သည်မှာ ယခုဆို မောင်စိုးမောင်လေး အသက်တောင် ၈ နှစ်ကျော်ထဲ စွန်းခဲ့ပြီ။ ရောဂါအနေအထားအရ မန္တလေးဆေးရုံမှာပင် မကြာခဏ ကုသမှုခံယူရသဖြင့် ကုန်ကျစရိတ်တွေကလည်း မသေးတာလှ။ ဒီနှစ်ပိုင်းမှာလည်း ရောဂါက မကြာခဏဆိုသလို ဖောက်ဖောက်လာတတ်တော့

www.burmeseclassic.com

မန္တလေးနဲ့က ကူးချည်သန်းချည်လို ဖြစ်နေခဲ့သည်။

'ကဲ အဲဒါဆိုရင်လည်း မောင်ဆရာရဲ့ သဘောထားကို မေးကြည့်ပါဦးလား မောင်ငြိမ်းအောင်။ မောင်ဆရာက သွားသင့်တယ်ဆိုရင်သွားကြတာပေါ့။ မသွားသင့်တော့ဘူးဆိုရင်တော့ မသွားပါနဲ့တော့ မောင်ငြိမ်းအောင်ရယ်။ မောင်ဆရာရဲ့ အမြင်ကိုလည်း မေးကြည့်ပါဦး'

ပြဿနာက အခုမှ သူ့ဘက်ကို မြားဦးလှည့်လာလေပြီ။ သွားသင့်လား၊ မသွားသင့်ဘူးလား ဆုံးဖြတ်ပေးရမည်တဲ့။ ဦးလေးထွန်းက လမ်းမှာတုန်းကတည်းက သူ့သဘောထားကို ပြောပြပြီး သားမို့များ သူ့ကို အားကိုးတကြီး လွှဲချလိုက်တာလား။ ဒါမှမဟုတ် သဘောရိုးနှင့်လား။ သူ မဝေခွဲတတ်။

သဘောထားကွဲလွဲမှု နှစ်ခုကြားမှာ သူ့အတွက်က တစ်ဖက်ကိုသာ ရွေးချယ်ပေးနိုင်မည့် အနေအထား။ တစ်ဖက်က မြေးဖြစ်သူ၏ နောက်ဆုံးအချိန်ကို မိဘဆွေမျိုးတွေ ရှေ့မှာပဲ ရှိစေချင်သလို တစ်ဖက်ကို ကြည့်ပြန်တော့လည်း သား၏အဖေ။ သားဖြစ်သူ၏ နောက်ဆုံးခရီးအတွက် အကောင်းဆုံးကုသပေးလိုက်ချင်သော အဖေတစ်ယောက်၏ဆန္ဒ။ ဒါမှမဟုတ် မေတ္တာနှင့်ယှဉ်သော အတ္တ။ သူ ဘာကို ဆုံးဖြတ်ပေးရမည်နည်း။ ခင်ဗျားတို့ပဲ ဆုံးဖြတ်ကြပါဗျာ ဆိုလျှင်လည်း ပိုရှုပ်ကုန်တော့မည်။

အားလုံး၏ မျက်ဝန်းတွေက သူ့ဆီမှာ ပုံကျလာသည်။ သူ မနေတတ် မထိုင်တတ် ဖြစ်လောက်အောင် ရုတ်ခြည်း အသက်ရှူရ ခက်ခဲလာသလို ခံစားလာရသည်။ လူနာကို ကြည့်လိုက်၊ ကိုငြိမ်းအောင့်မျက်နှာကို ကြည့်လိုက်၊ အားလုံးကို ကြည့်လိုက်။ အားလုံးကလည်း သူ့ဆီက အဖြေကို တိတ်တိတ်ဆိတ်ဆိတ် မျှော်လင့်တကြီး စောင့်နေကြသည်။ ဆုပ်လည်းဆူး စားလည်းရူး အနေအထား။

အဖြေတစ်ခု ရလိုရငြား မျက်ဝန်းအစုံကို မှိတ်လိုက်တော့ မျက်ဝန်းထဲမှာ မျက်နှာတစ်ခုမြင်ယောင်လာမိသည်။ သူ မှတ်မိနေသောအသံနှင့် စကားတစ်ခွန်းက နားထဲမှာ အလိုလိုကြားယောင်လာသည်။ သူ့စိတ်ကိုတစ်ယောက်ယောက်က တွန်းအားပေးလိုက်သလိုမျိုး သူ ခံစားလိုက်ရသည်။ နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်သည်။ ဖြစ်သမျှအကြောင်း အကောင်းဟုသာ မှတ်ထင်လိုက်ရုံ။

'ကဲ အဲဒါဆိုလည်း လှည်းပြင်ဗျာ။ တစ်ယောက်က ကားသွားငှားပြီး ကားလမ်းကစောင့်နှင့်။ ကျွန်တော်ကိုယ်တိုင် မန္တလေးကို လိုက်ပို့မယ်'

❑

၃။

'အဲဒီတုန်းက အမေတို့မှာသာ ငွေကြေးပြည့်စုံခဲ့ရင် မင်းအဖေ အခုချိန်ထိ အသက်ရှိချင်ရှိနေဦးမှာ သားရယ်'

ဒီစကားကို အဖေဆုံးသွားပြီးနောက်ပိုင်းတွင် အမေ မကြာခဏ ညည်းညူတတ်ခဲ့သည်။ အဖေ့ကို လွမ်းဆွတ်တမ်းတမိခြင်းနှင့်အတူ အဖေ၏ နောက်ဆုံးခရီးမှာ သူ့တာဝန်မကျေလိုက်ဟု အမေ ခံစားနေခဲ့သည်။

သူ လေးတန်းရောက်သည့်နှစ်မှာ အဖေဆုံးခဲ့သည်။ လယ်အတွက် ရေတန်းသွားရာမှအပြန် အဖေ မြွေကိုက်ခံခဲ့ရသည်။ မြို့ဆေးရုံလေးမှာ အဖေ့ကို အတတ်နိုင်ဆုံး ကုသခဲ့သော်လည်း နောက်ဆုံးအနေအထားမှာ ကျောက်ကပ်ထဲထိ မြွေဆိပ်ပျံ့နှံ့သွားခဲ့သည်။ မြို့နယ်ဆရာဝန်က မန္တလေးဆေးရုံသို့သွားရောက်ကုသရန် တိုက်တွန်းချိန်တွင် အမေ မတတ်နိုင်ခဲ့တော့။ ထိုစဉ်က ဆေးရုံတွေမှာ မြွေဆိပ်ဖြေဆေးက ခွဲတမ်းထက် ပိုမရ။ လိုအပ်သော မြွေဆိပ်ဖြေဆေးအတွက် ကိုယ်တိုင်ဝယ်နေရသောအချိန်တွင် အမေ၏ တတ်နိုင်စွမ်းက မြွေဆိပ်ဖြေဆေး ဝယ်ရာမှာတင် ကုန်ခန်းနေခဲ့ပြီ။ မန္တလေးဆေးရုံကို သွားရောက်ကုသဖို့အတွက် ဘယ်လိုမှ မတတ်နိုင်တော့သော နောက်ဆုံးအခြေအနေမှာ အဖေ့အလောင်းကို ပိုက်၍ ပြန်လာခဲ့ရသည်။

အဖေ့အလောင်း မြေကျသည့်နေ့က အမေ့ငိုညည်းသံကို ကျွန်တော့်တစ်သက် မမေ့နိုင်ခဲ့။ 'ငါတို့မှာသာ ပိုက်ဆံရှိခဲ့ရင် မင်းအဖေ သေမှာမဟုတ်ဘူး သားရယ်။ အမေ့တာဝန် မကျေလိုက်ဘူးကွယ်' ဆိုသည့် အမေမြည်တမ်းသံနှင့်အတူ နာကျင်မှုတို့ ရင်မှာ စွဲထင်ဖူးခဲ့သည်။ နောက်ပိုင်းတွင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားသော်လည်း တစ်ခုခု တစ်ဦး မြွေကိုက်ခံရသည့် သတင်း ကြားတိုင်း အမေ့အ[illegible] က ပြန်ပေါ်လာတတ်သည်။ ထိုနေ့တွေမှာ အမေထမင်း မစားနိုင်။ တစ်နေကုန် အိပ်ရာ ထဲ ခွေနေလေ့ရှိသည်။

သူ ဆေးပညာအကြောင်း ကို နားလည်လာသော အချိန် မှာတော့ အမေ့ကို ဖျောင်းဖျ ပြောဆိုသည်။ ထိုအချိန် တုန်းက မန္တလေးဆေးရုံတွင် ကျောက်ကပ်ဆေးသော[illegible] တွေ မပေါ်သေးကြောင်း[illegible] အမေသွားလည်း သိပ်ထူး ခြားမည် မထင်ကြောင်း[illegible] အမေ့ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြ[illegible] သည်။ သူ့စကားကို အမေ[illegible] ဘာမှ မတုံ့ပြန်သော်လည်း[illegible] အမေ့စိတ်ထဲတွင် အဖေ[illegible] နောက်ဆုံးခရီးမှာ သူ့တာဝန် မကျေလိုက်ဘူးဆိုသည့် ခံ[illegible] အစွဲက ဖျောက်ဖျက်[illegible] မတူ။ အခွင့်ကြုံတိုင်း [illegible] တမ်းတတ်မြဲ။ ဝေဒနာအ[illegible] ပြန်ပေါ်တတ်မြဲပင်။

အချိန်ဘယ်လော[illegible] ကြာကြာ အကြောင်း[illegible] ဆိုင်လာတိုင်း အမေ[illegible] တတ်သည့် စကားတ[illegible] က သူ့နားထဲမှာလည်း [illegible] လို စွဲဝင်လာတတ်သည်[illegible] ကိုက်ခံရသော လူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...မြင်လာရတိုင်း အမေ့ ...နှာနှင့် အမေ့စကားသံကို ...ယောင် ကြားယောင်မိနေ ...ည်အထိ အမေ့စိတ်အစွဲက ...အပေါ်တွင်လည်း အတိုင်း ...တာတစ်ခုအထိ လွှမ်းမိုး ...နိုင်ခဲ့သည်။

❑

၄။

လမ်းထိပ်လက်ဖက် ...ရည်ဆိုင်သို့ ထွက်လာတော့ ...ထိပ်မှာ လူတွေစုရုံး စုရုံး ...နေကြတာကို တွေ့သည်။ ...မြတ်နိုင်တို့ရော ပါလာတာ ...တော့ စိတ်ထဲမှာ ထင့်ခနဲ ...သွားမိသည်။ မပြော ...ကောင်း မဆိုကောင်း ...မောင်စိုးမောင်များ တစ်ခုခု ...လို့လား။ ဒီကနေ့ရောဆို ...မောင်စိုးမောင် ဆေးရုံတက် ...တာ သုံးရက်ရှိသွားပြီ။

ကိုမြတ်နိုင်ကို အကျိုး ...ကြောင်း မေးကြည့်မိတော့ ...မောင်စိုးမောင်လေး အခြေ ...နေမကောင်း။ ဆရာဝန် ...က လက်လျှော့လိုက်ပြီ ...လို့ ပြန်ခေါ်လာကြပြီတဲ့။ ...ခု သူတို့ပြန်အလာကို လာ ...နေကြတာတဲ့။ စိတ် ...ကောင်းရုံကလွဲလို့ သူလည်း ...ဘာမှ မတတ်နိုင်။ သတ္တဝါ ...ခု ကံတစ်ခုပင် မဟုတ်ပါ ...။ ဘာပဲဖြစ်ဖြစ် ကျန်ရစ် ...သည့် ဖခင်ဖြစ်သူအတွက် ...လိုက်ရလေခြင်းဆိုသည့် ...ခင်တတရားတစ်ခု ကျန်ခဲ့ ...ည် မဟုတ်တော့ဟု ဖြေ ...လေး တွေးမိသည်။

'ကျွန်တော်ပြောသား ...သွားချင်ပါနဲ့တော့ဆိုတာ ...လက်မှ မခံတာ။ အခု ...တော့ ပိုက်ဆံသာကုန်ပြီး ...ကျိုးလည်း မရှိဘူး'

မောင်စိုးမောင်အကြောင်း တွေးနေမိရာမှ ကိုမြတ်နိုင်၏ စကားသံကြောင့် သူ့အတွေးစတို့ ပြတ်တောက်သွားရသည်။ ဟိုနေ့က ကိစ္စကို ကိုမြတ်နိုင့် စိတ်ထဲမှာ အခဲကျေသေးပုံမရ။

'အကျိုးမရှိဘူးလို့လည်း ဘယ်ပြောလို့ ရပါ့မလဲ ကိုမြတ်နိုင်ရယ်။ သူလည်း သူ့သားဆိုတော့ လွယ်လွယ်နဲ့ ဘယ်အဆုံးရှုံးခံချင်ပါ့မလဲ။ ဖခင်မေတ္တာကလည်း ရှိသေးတာကိုး'

ပြေပြေပျောက်ပျောက် စကားကို ရွေးချယ်ဆိုဖြစ်ပေမဲ့ ကိုမြတ်နိုင်စိတ်ထဲမှာ ဘဝင်ကျပုံမရ။

'သားသမီးကို ချစ်တာကိုတော့ လက်ခံပါတယ် ဆရာ။ ဒါပေမဲ့ ဒါကတော့ သူ့စိတ်ကို သူ အလိုလိုက်လွန်းတာပါ။ ဘယ် တစ်ကျပ် တစ်ပြားကိစ္စလည်း မဟုတ်တာကိုး။ ကားငှားရတဲ့ စရိတ်ကိုက နည်းတာမဟုတ်ဘူး။ နောက်ထပ်လည်း အကုန်မလွတ်သေးဘူး။ ဆရာကလည်း အဲဒီတုန်းကတည်းက မသွားနဲ့လို့ ပြောလိုက်ရင် ပြီးတာပဲ။ တကယ်ဆို အခြေအနေကို ဆရာလည်း သိနေတာပဲကိုး'

ဗုဒ္ဓေါ။ စက်ကွင်းထဲမှာ သူတောင် ပါနေပါရောလား။ ခက်လိုက်တာ ကိုမြတ်နိုင်ရယ် ဟုပဲ ညည်းညူရတော့မလိုပင်။ လူကတ်လို့ပဲ ခေါ်လိုက်ချင်တော့သည်။ အလကားသက်သက် ငွေကုန်အောင် သွားခိုင်းသည်များ ထင်နေရောသလား။ လောကကြီးမှာ ငွေကြေးထက် အရေးကြီးသော အရာတွေ ရှိနေသေးသည်ဆိုတာကို ကိုမြတ်နိုင် မေ့များ မေ့နေရော့သလား သူ မတွေးတတ်။

ကလေးအခြေအနေ ဆိုးနေတာလည်း သိပါသည်။ ထို့အတူ ကိုငြိမ်းအောင်၏ စီးပွားရေးအနေအထားကိုလည်း သူ မသိခဲ့တာမဟုတ်။ ဒါပေမဲ့ ဘာကြောင့် လွှတ်လိုက်သည်ဆိုတာအတွက်တော့ သူ့မှာ လုံလောက်သော အဖြေ ရှိပါသည်။

ကိုယ်ချင်းစာတရား။ ပြုပြင်ဖို့ခက်ခဲသော စိတ်အနာတရ။ အချိန်ဘယ်လောက်ကြာကြာ ပြေပျောက်နိုင်ဖို့ ခက်ခဲသော သောက။ ဒါတွေကို ကိုမြတ်နိုင်သိအောင် သူ ဘယ်လိုပြောရမည်နည်း။ ပြောပြန်ဦးတော့ ကိုမြတ်နိုင် နားလည်နိုင်ပါ့မလား။ ကိုမြတ်နိုင်ကို ပြန်ပြောရမည့် အဖြေစကားအတွက် သူ့အသံမှာ ဒေါသ မပါအောင်တော့ ထိန်းရသည်။

'လူဟာ အတ္တရဲ့ သားကောင်တွေဆိုတာတော့ မှန်ပါတယ် ကိုမြတ်နိုင်။ ဒါပေမဲ့ ဒီအတ္တဟာ လူတစ်ယောက်က လူသားဆန်စွာ ပြုကျင့်ဖို့အတွက် လိုအပ်ရင် ဖက်တွယ်သင့်တယ်လို့ ကျွန်တော်တော့ မြင်မိတာပဲ။ အထူးသဖြင့် ကိုငြိမ်းအောင်ရဲ့ အတ္တဆိုပါစို့။ သူ့သားအတွက် ပူဆွေးသောကတွေနဲ့ ကျန်နေရစ်ရတော့မယ့် ကိုငြိမ်းအောင်လို ဖခင်တစ်ယောက်အတွက် နောက်ထပ် နောင်တတရားတွေ၊ သောကတွေ မထပ်ဆင့်စေချင်တော့တာ ကျွန်တော့်စေတနာပါပဲ။ ဒါဟာ ဆရာဝန်တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ဆိုတာထက် ခံစားချက်နဲ့ ရှင်သန်နေတဲ့ လူသားတစ်ဦးရဲ့ ကိုယ်ချင်းစာတရားလို့ ပြောလို့လည်း ရပါတယ် ကိုမြတ်နိုင်'

စကားအဆုံးမှာတော့ သူ လှည့်ထွက်လာခဲ့သည်။ ကိုမြတ်နိုင်ကတော့ ကြောင်အမ်းအမ်းဖြစ် ကျန်နေရစ်သည်။ သူ ပြန်မကြည့်မိတော့။ စိတ်ထဲမှာ ပြည့်တင်းလာသော ခံစားချက်တစ်မျိုးက နှလုံးအိမ်ကို လာဆောင့်သည်။ ဒီခံစားချက်၊ ဒီကိုယ်ချင်းစာတရားတို့ကို စကားလုံးလှရုံသက်သက်အတွက် အသုံးချတာ မဟုတ်မှန်းကိုတော့ ကိုမြတ်နိုင် သိစေချင်ပါသည်။ ခံစားဖူးမှ သိနိုင်သည့် ခံစားချက်တစ်ခုအတွက် သူ့အကြောင်းစုံကိုတော့ ရှင်းမပြလိုတော့ပါ။ ပုထုဇဉ်ဆိုသည်မှာ စိတ်ခံစားချက်နောက်ကို လိုက်၍ ရှင်သန်နေကြသူများပင်။ ကိုယ့်အတွေးနှင့်ကိုယ် ရှင်သန်ခွင့်ရှိကြသူအချင်းချင်းအတွက် အမှန်အမှားကို ခြေစုံကန် မငြင်းလိုတော့ပါ။

ဘာပဲဖြစ်ဖြစ် သူ ကျေနပ်ပါသည်။ ကိုငြိမ်းအောင်၏ အနာဂတ်တွင် အမေ ခံစားခဲ့ဖူးသလို နောင်တတရားတွေ ရှင်သန်နေမည် မဟုတ်ဟု သူ ယုံကြည်ပါသည်။ လူတစ်ယောက်၏ ရင်ထဲတွင် တစ်သက်တာ စူးဝင်နေနိုင်သည့် သောကဆူးလေးတစ်ချောင်းကို သူ ဖယ်ထုတ်ပေးနိုင်ခဲ့သည် မဟုတ်ပါလား။ ■

ဇော်ဦးယံ



www.burmeseclassic.com

www.burmeseclassic.com




'မိညို'
'ရှန်… လာပြီ'
မိညိုက
ပါးစပ်ကလည်း ထူး၊
အခွံနွာနေသည့် အာလူးကို
ပစ်ချပြီး လှလှနုရှေ့သို့
အပြေးတစ်ပိုင်း
ရောက်သွားသည်။
မရောက်လို့လည်း မဖြစ်။
'ငါက ခေါ်လိုက်ရင်
ချက်ချင်းရောက်လာမှ
ကြိုက်တယ်၊
နောက် မှတ်ထား
သွားခေါ်မရဲ့'ဆိုပြီး
လှလှနု၏
နားရွက်ပြတ်မတတ်
လိမ်ဆွဲတာကို မိညို
ခံခဲ့ဖူးသည် မဟုတ်လား။
'ဟဲ့ လူရှေ့မှာ
ဘာရပ်လုပ်နေတာလဲ။
နင့်ကို အလှကြည့်ဖို့များ
လှမ်းခေါ်လိုက်
တယ်မှတ်နေလား။
မိုးရွာလာပြီ တန်းက
အဝတ်တွေ ရုပ်လေ၊
ယောင်ငငနဲ့'
လှလှနုက
ပြောပြောဆိုနှင့်
မိညိုခေါင်းကို
ခေါက်မည်ပြင်လိုက်၏။
ဒါပေမဲ့ လှစ်ခနဲ
ထွက်ပြေးသွားသော
မိညိုကြောင့်
မခေါက်မိလိုက်ပေ။
သို့သော် အိမ်တံခါးဝတွင်
ထိုင်၍ ဘော်လုံးဂျာနယ်
ဖတ်နေသော လှလှနု
ယောက်ျား ဘောလုံးရူး
သန်းမောင်က
သူ့မိန်းမလေးကို
လွှတ်လာသည့် မိညိုကို
အလစ်မပေးဘဲ
'သွားခေါ်မ'ဆိုပြီး
ဘောလုံးတစ်လုံးလို
နောက်မှ အသားလွတ်
ကျူးကန်လိုက်၏။
လှလှနုတို့လင်မယား
နှစ်ယောက်က
တက်ညီလက်ညီနှင့်
ဘာလက်ယဉ်သလဲ
မမေးနှင့်။ ထို့ကြောင့်
သူတို့ကို အတုခိုးပြီး
သူတို့၏ ကလေး
၆ နှစ်သားကပါ မိညိုကို
ကုတ်ဆွဲ၊ ကိုက်ဆွဲ
လုပ်တတ်သည့်အပြင်
တစ်ခါတစ်ခါ သူ့အဖေ
အတုခိုးပြီး မိညိုကို
ကန်လိုက်ချင်သေးသည်။
'ဟယ် ကြည့်စမ်း၊
ဒီအင်္ကျီအဖြူမှာ
ဘာတွေတုံး။ ဟင်၊ မိညို
နင့်လက်က
ပေတာတွေပါ့လား။
လာစမ်း၊ လာစမ်း၊
ငါ့ရှေ့ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လာခဲ့စမ်း'

လှလှနုက သူ့ကိုယ်လုံး ဝဝကြီးနှင့် ရုတ်တရက် မထနိုင် မကြွနိုင်မို့ သူ စိတ်ရှိ လက်ရှိ ခေါက်ဖို့ထစ်ဖို့အရေး မိညို က သူ့အနားအရောက် သွားပေးရသေးသည်။ မိညို ရှေ့ရောက်လာတော့ လှလှနု ပါးစပ်ကလည်းပြော၊ လက်ကလည်း ခေါင်းကိုလေးငါး ခြောက်ချက် ဆင့်ခေါက် လိုက်သည်။ မိညိုမှာ မျက်ရည်အဝဲသားနှင့် ခေါင်းကို ပွတ်နေစဉ် သန်းမောင်က ထိုင်ရာမှ ထ,လာပြီး-

'ခိုင်းလိုက်ရင် အရာရာနဲ့ အကြောင်းကြောင်း၊ သွားခေါ်မတော့ သေတော့မယ်'

ထိုအချိန်တွင် မီးဖိုချောင်ဘက်မှ တရှဲရှဲမြည်သံကြောင့် လှလှနုက မီးဖိုပေါ် ဟင်းအိုးကို သတိရသွားကာ-

'သွား သွား၊ အလွမ်းမင်းသမီးလုပ်မနေနဲ့၊ မီးဖိုပေါ်က ဟင်းအိုးတူးသွားဦးမယ်'

မိညိုလည်း မီးဖိုချောင်ထဲသို့ တရားဝင်ထွက်ပြေးခွင့်ရသွားသဖြင့် သန်းမောင်ကန်ချက်မှ ဒီတစ်ခါ သီသီလေး လွတ်သွားလေသည်။

❑

မိညိုနာမည်က ညိုညိုမြင့်၊ အသက် ၁၂ ကျော်ကျော်။ ရွာမှာနေတုန်းက မိညိုဟု ခေါ်ကြပြီး၊ မြို့က လှလှနုတို့အိမ်ရောက်ခါမှ မိညိုကို သွားခေါ်သည်ဆိုပြီး သူတို့စိတ်နှင့် မတွေ့တိုင်း 'သွားခေါ်မ' ဟု ခေါ်တာကို ခံရတော့သည်။

> ရွာမှာ နေတုန်းက မိညိုဟု ခေါ်ကြပြီး မြို့က လှလှနုတို့ အိမ်ရောက်ခါမှ မိညိုကို သွားခေါ်သည် ဆိုပြီး သူတို့စိတ်နှင့် မတွေ့တိုင်း 'သွားခေါ်မ' ဟု ခေါ်တာကို ခံရတော့သည်

မိညိုကိုမွေးထားသည့် အမေကပင် ထိုကဲ့သို့ တစ်ခါမှ မခေါ်ဖူးသဖြင့် 'သွားခေါ်မ' ဟု ခေါ်သည်ကို ပြန်မပြောရဲ၍သာ မိညို အတော်စိတ်ဆိုးသွားသည်။ ထို့ပြင် ဘာကြောင့်မှန်းမသိ စ,ခေါ်စ က မျက်ရည်ကျသည်အထိ ဝမ်းနည်းမိခဲ့သည်။

မိညို၏ အနည်းငယ် ခေါသောသွားကို အကြောင်းပြုပြီး သွားခေါ်မဟု နှိမ်ခေါ်သော လှလှနုတစ်ကိုယ်လုံးက လှသည့် နုသည့်နေရာ တစ်ကွက်မရှိသည့်အပြင် သူ့ကိုယ်ပေါ်က ဝတ်ထားသည့် ရွှေတွေနှင့်ပင် ဘာမှ မသက်ဆိုင်သည့်ရုပ်မျိုး ဖြစ်သည်။

သူ့ယောကျ်ား သန်းမောင်ကျတော့လည်း ပိန်ပိန်ရှည်ရှည်ကို နှာခေါင်းက တိုလန်လန်နှင့် ကပ်ပလီခေါင်းလို ဆံပင်က တစ်ခေါင်းလုံး ကောက်နေရသည့်အထဲ ကွမ်းစားလွန်း၍ ရဲပခေါင်းထနေသော ပါးစပ်ပြကြီးကြောင့် ကျက်သရေတစ်စက်ကလေးမှ မရှိသည့်ရုပ် ဟု မိညို ထင်သည်။

ထို့အပြင် သူ့အမေလို အသားမည်းမည်း၊ သူ့အဖေလို ဆံပင်ကောက်ကောက်နှင့် အရွယ်လေးနှင့် မလိုက်အောင် စိတ်ပုပ်လှသည့် သူတို့သား ၆ နှစ်အရွယ် ကောင်လေးကပါ အတုမြင် အတတ်သင်ပြီး မိညိုကို သူ့စိတ်အလိုမကျလျှင် 'သွားခေါ်မ' ဟု ခေါ်တတ်လာသည်။

ထို့ကြောင့် 'အောင်မယ်၊ နင်ကများ' ဆိုပြီး ဆိုးဆိုးဆတ်ဆတ်နှင့် ကောင်လေးခေါင်းကို ခေါက်ခနဲ မိညို ခေါက်ပစ်လိုက်သည်ကို သူ့အမေဖြစ်သူ လှလှနုက-

'ဟဲ့ ကလေး ခေါင်းကို မခေါက်ရဘူး။ ဉာဏ်ထိုင်းတတ်တယ်ဆိုတာ မသိဘူးလားဟင်' ဆိုပြီး မိညိုခေါင်းကို ဘယ်နချက်မှန်းမသိ ဆင့်ကဲဆင့်ကဲ ခေါက်ပစ်ခဲ့ဖူးသည်။ ထို့နောက်တော့ မိညိုလည်း ထိုကလေးခေါင်းကို မခေါက်ရဲတော့ပေ။

'ခေါင်းခေါက်ရင် ဉာဏ်ထိုင်းတယ် ဆိုပြီး အန်တီနုကျတော့ ကျွန်မခေါင်းကို ဘာဖြစ်လို့ ခေါက်သလဲ' ဟု မိညိုက အတွင်း တက်ခဲ့မိသဖြင့် လှလှနု၏ ဗိုက်ကျောပြုတ်မတတ် ထ လိမ်ဆွဲခြင်းကို ခံခဲ့ရပြ သည်။ ဒီနောက် လှလှနုအိမ် မှာ အနေကြာလာသည်နှင့် အမျှ 'သွားခေါ်မ' ဆိုသည် နာမည်က မိညိုအတွက် နားယဉ်စ ပြုလာသလို လှလှနု၏ အခေါက်အထစ် အထုအနှက်နှင့် သန်းမောင် ၏ ကန်ချက်တွေကို တဖြည်းဖြည်း အသားကျ လာခဲ့သည်။ ဒါပေမဲ့ လှလှ နုတို့၏သားဖြစ်သူ ၆ နှစ် သားလေးက 'အလုပ်လုပ်ရင် ဘယ်လိုလုပ်မှန်း မသိဘူး ဒီသွားခေါ်မတော့ ငါ လိုက်ရ သေတော့မယ်'

ဆိုပြီး သူ့အဖေ လေး မျိုးလုပ်ကာ သံနေသံထားနှ ကြိမ်းမောင်းသည့်အခါတွင် မိညို အခံရခက် သလောက် လှလှနုတို့ မယားနှစ်ယောက်ကတော့ သူတို့သား စကားတတ် ချည့်ဆိုပြီး သဘောကျ ဖြစ်နေတတ်သည်။ ကြောင့် ရုပ်နှင့် ရည်နှင့်လိုက် ပြီး စိတ်ပုပ်သည့် မိသား ဟု မိညိုစိတ်ထဲက မှတ်ချ ချထားခဲ့သည်။

❑

'သန်းမောင်၊ ငါ့သ မိညိုက တောမှာမွေး၊ မှာကြီးဆိုတော့ မင်းတို့ အထာတွေ ဘာမှ သိ မဟုတ်ဘူး။ အားလုံးသ ပေးပေါ့ကွာ။ ပြီးတော မလိမ္မာတာရှိရင်လည်း ငါ့ကို အားမနာနဲ့နော်၊ က လူ့ရင်းဆိုတော့ ဗို တယ်။ ကုန်ကုန်ပြော



www.burmeseclassic.com

www.burmeseclassic.com

ဘွာ။ ဖုတ်ဖုတ်၊ ကင်ကင်၊ ငါ စိတ်မဆိုးဘူး။ မင်းတို့လက်ထဲ အပ်တယ်'

မိညိုအဖေကိုယ်တိုင်က ငါးခြောက်ကုန်သည် သန်းမောင်လက်ထဲကို စိတ်ချလက်ချ ထည့်ခဲ့ခြင်းဖြစ်သည်။

'ရွာမှာနေရင် ညည်းအဖေနဲ့ နေပူထဲမှာလှေနဲ့ ကွန်ပစ်လိုက်ရတာ ဘယ်လောက်ဆင်းရဲသလဲ၊ သန်းမောင်တို့အိမ်လို ပြည့်စုံတဲ့အိမ် လိုက်နေရမှာဆိုတော့ ရွာမှာနေတာထက် အပုံကြီးသာမှာ ကျိန်းသေတယ်၊ ကိုယ်လိမ္မာရင် ကိုယ်ဖို့ချည်းဖြစ်မှာ'

မိညိုအမေက သူ့အသက် ၄၀ ကျော်သည်အထိ မရောက်ဖူးသောမြို့သို့ လိုက်သွားရန် မိညိုကို နားချသည်။

မိညိုဘွားအေဖြစ်သူကတော့ မိညိုကို မြို့ကိုထည့်ဖို့ သဘောမတူသော်လည်း သမီးနှင့်သမက်ကို မလွန်ဆန်နိုင်ရှာပေ။ ထို့ကြောင့် ခွဲထားစ၊ မျက်လုံးကြောင့် တပ်ထားသည့် မျက်မှန်အမည်းကြီးကို ပင့်တင်ရင်း-

'လောလောဆယ် သူတို့ပြောသလို လိုက်သွားလိုက်ပါ ငါ့မြေးရယ်။ မပျော်တော့လည်း ၁ နှစ် ၁ ဝါနေပြီး ပြန်လာခဲ့ပေါ့။ လူဆိုတာ ဒီလိုပဲ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့၊ မြို့ရောက်တော့ ကိုယ့်ဘဝရှေ့ရေး တိုးတက်တာပေါ့ကွယ်။ ရွာထဲက ငါ့မြေးနဲ့ ရွယ်တူတွေဆို မြို့ကို ရောက်ဖူးချင်လွန်းလို့ မဟုတ်လား' ဆိုပြီး မိညိုကို ဖြေသိမ့်ရှာသည်။

လှလှနု
တစ်ကိုယ်လုံးက
လှသည့်
နုသည့်နေရာ
တစ်ကွက်
မရှိသည့်
အပြင်
သူ့ကိုယ်ပေါ်က
ဝတ်ထားသည့်
ရွှေတွေနှင့်ပင်
ဘာမှ
မသက်ဆိုင်သည့်
ရုပ်မျိုး
ဖြစ်သည်

'ညိုညို၊ သားဖို့ မုန့်ဝယ်ခဲ့နော်'

မိညိုအောက်က နို့ညှာကောင် မောင်အငယ်က ဤသို့ မှာသည်။ အမေ့ရင်ခွင်ထဲမှ နှစ်ခါလည်သာသာ မောင်အငယ်ဆုံးလေးက သန်းမောင်နှင့်ပါသွားသော မိညိုကိုကြည့်ကာ 'ညိုညို ညိုညို' ဟုဆိုပြီး လက်ကို ဆန့်တန်းကာ ငိုကျန်ခဲ့သည်။

မြို့မှာ မိညို အဆင်ပြေတာ၊ မပြေတာကနောက်၊ လောလောဆယ် သန်းမောင် ပေးသည့်ငွေနှင့် ပေါင်ထားသည့်လှေကို ပြန်ရွေးနိုင်သွားသဖြင့် တစ်ပူအေးသွားတာတော့ အမှန်ပင်။

မိညိုအဖေနှင့်အမေက သူတို့ တစ်သက်နှင့် တစ်ကိုယ် ခြေမချဖူးသည့်မြို့မို့ လိုက်သွားရမည့် မိညိုကို ကံထူး၍ သိန်းထောင်ဆုကြီးပေါက်သူလို မှတ်ယူကြသည်။ ထို့ကြောင့် သူတို့သမီးကို မြို့ခေါ်သွားမည့် သန်းမောင်အား ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီး မျက်နှာလုပ်ကာ ကိုယ်တိုင် လှန်းထားသည့် ဆားပေါ်ငါးရံ့ခြောက်ပြားကြီးများကို လက်ဆောင်ပေးလိုက်ကြသေးသည်။ ❑

'ကိုသန်းမောင်ကလည်း ဒီ မလောက်လေး မလောက်စားလေးကို ဘာလုပ်လို့ ရမှာလဲ'

အသားမည်းမည်း၊ ကုပ်တိုတိုနှင့် ရွှေတွေညွတ်နေအောင် ဝတ်ထားသည့် ဗိုက်ကြီးသည် လှလှနုက သူ့ယောကျ်ား ရွာမှာအပြန် ပါလာသော နေလောင်ခံအသားကြေးနီရောင်နှင့် ဆံပင်နီကြောင်ကြောင်၊ သွားခေါခေါ၊ ဆယ့်နှစ်နှစ်အရွယ် မိညိုကို ရှုံ့မဲ့ကြည့်ပြီး ယောကျ်ားဖြစ်သူကို အပြစ်တင်သည်။

'မင်းလိုချင်တဲ့ အရွယ်က မရှိဘူး။ ပွဲစားတွေ လာခေါ်လို့ ပါသွားကြပြီတဲ့'

'ဒါနဲ့ ဘယ်လောက်နဲ့ ပြော ခေါ်လာတာတုံး'

'သူ့အဖေက ငါ ငါးခြောက်ယူနေကျ ဖောက်သည်ပါ။ ဘယ်ရွှေ့ဘယ်မျှ မတောင်းပါဘူး။ ငါတို့ကြည့်ပေးရင် ရပြီတဲ့'

'အိုတော် ဘာပဲဖြစ်ဖြစ် အသုံးမတည့်ဘဲ ပေးနေရမှာပေါ့'

'မင်းကလည်း ငါ ပေးခဲ့တဲ့ ပိုက်ဆံလောက်ကဖြင့် မင်းသားနဲ့တင် တန်ပါတယ်ဟ'

ထိုစဉ်က သန်းမောင်စကားကို မိညို နားမလည်ခဲ့ပေမဲ့ မိဘတွေ အလိုလိုက်သမျှ အကျင့်တန်လှသော အသားမည်းမည်း၊ ဆံပင်ကောက်ကောက်နှင့် ၄ နှစ်သား အောင်ချစ်ပိုင်ဆိုသော ကောင်လေး၏ အဆိုးကို ခံရသည့်အခါမှ သန်းမောင်စကားကို နားလည်တော့သည်။ ထိုကလေးက မိညိုကို အလကားနေ ကုတ်ဆွဲ၊ ကိုက်ဆွဲလုပ်တတ်ပြီး ထမင်းစားနေချိန်တောင် အလစ်မပေးဘဲ မိညိုကျောကို နောက်က တရစပ်ထုနေတတ်သည်။

ထို့အပြင် မကြာခဏဆိုသလို 'ဂျူမုံကွ' ဆိုပြီး ကျောပေါ်တက်ကာ မိညိုဆံပင်ကိုဆွဲ၍ တစ်ကိုယ်လုံး ထုလိုက်၊ ထောင်းလိုက်လုပ်လာသည့် ကစားနည်းများကြောင့် မိညိုမှာ တစ်ခေါင်းလုံး ကျိန်း၊ ဒူးနှစ်ဖက်ပွန်း၊ တစ်ကိုယ်လုံး နာကျင်လှသည်။

'မိညို၊ ဂျူမုံမြင်းစီးတန်း ကစားမယ်'

'ဟော့အေး၊ နင်က ငါ့ကျောကိုထုတာ နာတယ်၊ မကစားချင်ပါဘူး'

သို့သော် ကိုရီးယားရုပ်ရှင်ရူး လှလှနုက ထိုသို့ အဆန်းထွင် ကစားတတ်



www.burmeseclassic.com

www.burmeseclassic.com

သည့် သူ့သား ဉာဏ်ကွန့်မှုကို ချီးကျူးမဆုံး၊ ထို့အပြင် ကစားရန်ငြင်းမိသည့် မိညိုအား-

'မိညို နင်ဟာလေ၊ ကလေးကိုယ် ပေါ့ပေါ့လေးကို သိပ်အကဲပိုတာပဲ၊ အတူဆော့လိုက်စမ်း' ဆိုပြီး အမိန့်ပေးပြန်သည်။ အစားအသောက်ကျပြန်တော့လည်း မိညိုရွာမှာ နေတုန်းကထက်ပင် ဆင်းရဲသေးတယ်။

'မိညို အိုးထဲက ကြက်သား ၂ တုံးကို ရေခဲသေတ္တာထဲ ထည့်ပြီး အိုးနယ်စားလိုက်' ဆိုတာက တစ်မျိုး။

'စားကောင်းကောင်းနဲ့ စားလိုက်တာ နင့်ဖို့တောင် ဟင်းမကျန်တော့ဘူး၊ တစ်နပ်တလေ ငါးပိရည်လေးနဲ့ပဲ စားလိုက်ပါဦးဟာ' ဆိုတာက တစ်ဖုံ။

'မိညိုရေ၊ နင် ထမင်းစားရင် ညက ကျန်တဲ့ ချဉ်ဟင်းလေး နွေးစားလိုက်၊ ငါတို့ကတော့ ထမင်းစားတွ ပျက်နေလို့ ခေါက်ဆွဲကြော် ပဲ ဝယ်စားလိုက်တော့မယ်' ဆိုတာက တစ်နေ့။ ရွာမှာနေတုန်းကမှ နေ့စဉ် ငါးဟင်းတစ်ခွက်နှင့် ငါးပိရည်ပျစ်ပျစ်နှစ်နှစ်ကို မိညို စားရသေး၏။ ရွာမှာ ကျန်ခဲ့သော မိညိုအဖေနှင့် အမေကတော့ တစ်နေ့တစ်နေ့ မဝရေစာစားပြီး အနှိပ်စက်ခံနေရသော မိညိုအဖြစ်ကို မသိဘဲ၊ သူတို့သမီးမြို့ရောက်ပြီး ပျော်နေပြီဟု ထင်ကြရှာသည်။

❏

'အန်တီနု၊ အန်တီနုတို့ဆီမှာ ကျွန်မပိုက်ဆံ ဘယ်လောက်ရှိပြီလဲ'

သန်းမောင်
ကျတော့လည်း
ဝိန်ဝိန်ရှည်ရှည်ကို
နှာခေါင်းက
တိုလန်လန်နှင့်
ကပ်ပလီ
ခေါင်းလို
ဆံပင်က
တစ်ခေါင်းလုံး
ကောက်နေရသည့်
အထဲ
ကွမ်းစားလွန်း၍
ရဲပဒေါင်း
ထနေသော
ပါးစပ်
ပြဲကြီးကြောင့်
ကျက်သရေ
တစ်စက်ကလေးမှ
မရှိသည့်ရုပ်

'ဘယ်ရှိဦးမလဲ၊ ကိုသန်းမောင် ညည်းအဖေကို ရွာမှာ ပေးခဲ့တာ နည်းလား။ နောက် လေးငါးခြောက်လလောက်နေမှ အဲဒီငွေကျေမှာ အေ့'

မိညို ဒီအိမ်ရောက်ပြီး နှစ်လအကြာတွင် လှလှနု အငယ်မလေး မွေးသည်။ အခု ထိုကလေးပင် တစ်ခါလည်ကျော်ကျော် ရှိနေပေမဲ့ မိညိုမေးလိုက်တိုင်း လှလှနုအဖြေက နောက် လေးငါးခြောက်လလောက်ဆိုတာ မတက်သေးပေ။ ဒါပေမဲ့ ပိုက်ဆံ မရမိချင်နေ၊ အဖေယူထားသော အကြွေးကျေရင် မိညို ရွာပြန်ချင်ပြီ။ မိညိုပြန်ချင်သည် ပြောတိုင်း 'နင့်ကို ရွာမှာ အနေဆင်းရဲလို့ မြို့ကို ထည့်လိုက်ပါတယ်ဆိုမှ နင်က ဘာဖြစ်လို့ ရွာ ပြန်ချင်တာတုံး'

'ညည်း ရွာပြန်တော့ ညည်းအဖေနဲ့အတူ နေပူကျဲကျဲ လှေထဲမှာ တစ်နေကုန် ကွန်ပစ်လိုက်ချင်လိုက်။ ဒါမှမဟုတ် တစ်နေကုန် ငါးခွဲငါးလှန်းနဲ့ တစ်ကိုယ်လုံး ညှီစော်မနံ့ချင်အဆုံး နေရမှာများ၊ ရွာပြန်ချင်သေးတယ်၊ အံ့ပါရဲ့'

ရွာပြန်နေရင် တစ်နေကုန် လှေထဲမှာ နေပူပဲ ခံရခံရ၊ တစ်ကိုယ်လုံး ငါးညှီနံ့မကလို့ ပုပ်စော်ပဲနံနံ မိညို ပြန်ဖို့ ဆုံးဖြတ်ပြီးပြီ။

'ညည်းပိုက်ဆံက အခု တစ်သောင်းခွဲတောင် မပြည့်သေးဘူးနော်။ ပြန်မယ်ဆိုရင် အဲဒီထဲကပဲ အပြန်စရိတ်လုပ်ရမှာနော်၊ တကယ်လို့ ဒီအိမ်မှာ ဆက်နေမယ်ဆိုရင် အန်တီနုက လစဉ် မုန့်ဖိုးပိုပေးမယ်။ အဝတ်အစားလည်း ဆင်မယ်။ နေမယ် မဟုတ်လား'

'ဒီတစ်ခါ နင့်မောင်လေးကို ကစားကွင်းသွားရင် နင့်ကိုပါ ခေါ်သွားမယ်၊ တီဗွီကြော်ငြာထဲမှာပါတဲ့ တိုက်ကားမျိုး စီးဖူးချင်တယ်ဆို'

'ရွာပြန်ရင် ဒီအိမ်မှာလို တီဗွီတွေဘာတွေ ကြည့်ရမှာ မဟုတ်တော့ဘူး'

လှလှနုတို့လင်မယားနှစ်ယောက်က မိညိုကို ရွာမပြန်နိုင်အောင် အမျိုးမျိုးဆွဲဆောင်သည်။ ထို့အတူ မိညိုကို အရင်တုန်းကလို သွားခေါ်မဆိုပြီး မခေါ်တော့ဘဲ 'မိညို၊ သမီး' ဆိုတာ ပါးစပ်ဖျားက မချတော့ပေ

သူတို့သား အကျင့်တစ် လေးက မိညိုအား 'သွားခေါ် မ' ဟု ခေါ်လျှင်လည်း 'ဟဲ့ သား မမကို အဲဒီလို မပြော ဘူး။ ငရဲကြီးလိမ့်မယ်' ဟု ဟန့်ဖော်ရလာသည်။

'မိညိုရေ၊ ရော့ မောင် လေးကို ရေခဲမုန့် သွားဝယ် ကျွေး၊ သမီးလည်း တစ်ခု ဝယ်စားခဲ့'

'ရော့၊ ဒီစကတ်လေး က ညည်းနဲ့လိုက်လို့ ဝယ် လာတာ ဝတ်ကြည့်စမ်း'

'ဒီဟင်းတွေ အကုန် စားပစ်လိုက်နော်၊ ရေခဲ သေတ္တာထဲ ထည့်မနေနဲ့ တော့'

'ဟဲ့ မိညိုလာလေ ဒီမှာ သမီးကြိုက်တဲ့ ကိုရီး ယားဇာတ်လမ်းလာနေပြီ။ အဲဒီ ပန်းကန်တွေ နောက်မှ ဆေး'

မိညို ပြန်ပါမည်ဆိုကတည်းက လှလှနုတို့၏ ဆက်ဆံရေးပြောင်းသွားပုံကြောင့် တစ်ခါတစ်ခါ စိတ်ဆုံးဖြတ် ထားသော မိညိုပင် ကိုယ့် စိတ်ကိုယ် ဇဝေဇဝါဖြစ်ရ သည်အထိပင်။ ထို့ကြောင့် တစ်ခါတလေတော့လည်း-

'အင်း၊ အန်တီနုတို့က အစကတည်းက အဲဒီလိုဆို ရင် ငါ ပြန်ချင်မှာ မဟုတ် ဘူး' ဆိုပြီး လှလှနုတို့ကို အား နာသလိုပင် ဖြစ်နေမိတော့ သည်။

'မိညို၊ သမီးသာ ပြန် သွားရင်တော့ သမီးမောင်



www.burmeseclassic.com

www.burmeseclassic.com

...နဲ့ ညီမလေးကတော့ ...ကျန်ခဲ့မှာပဲ'

အကျင့် တန်လှသည့် ...ကြီးကောင်လေးကို မိညို ...ချစ်ပေမဲ့ မညိုရောက်ပြီးမှ ...သည့် အငယ်မလေးကို ...တော့ မိညို ချစ်သည်။ ...ငယ်မလေးကလည်း မိညို ...ကို သူ့မျက်စိအောက်က ...ပျောက်မခံ၊ ဒါပေမဲ့ မိညို ...ဖို့ ဆုံးဖြတ်ပြီးပြီ။ မိညို ...မေနဲ့အဖေကို တွေ့ချင်လှ ...ပြီ။

မိညိုအောက်က မောင် ...ငယ်လေး နှစ်ယောက်ကို ...သည်း မိညို လွမ်းလှပြီ။

မိညို ပြန်ဖို့ရက်လည်း ...ဖြည်းဖြည်း နီးလာလေပြီ။

❑

'ဒုက္ခပါပဲတော်။ ဒီမှာ ...သည်း အမိုးတွေလန်လို့ စိုရွှဲ ...နေတာ တစ်အိမ်လုံး ရစရာ ...ရှိဘူး။ အရေးထဲ ရှင်က ...သည်း သွားရှီးမှာ စိတ်ညစ် ...ပါတယ်'

'ဟာ၊ မသွားလို့ ဖြစ် ...လားကွ၊ ကိုယ်တွေက ကြို တင်ငွေတွေ ပေးထားတာ တွေ၊ ဒါကြောင့် ပျက်စီး တယ် ဘာညာနဲ့ လုံးချကုန် ရင် ဘယ်လိုလုပ်မလဲ'

လွန်ခဲ့သည့် ၃ ရက် လောက်က တစ်ညလုံး လေ တွေမိုးတွေကျပြီး အမိုးတွေ လန်၊ အိမ်ထဲရေတွေဝင်လို့ မိညိုတို့ တစ်ရေးမှ အိပ်မရခဲ့ ကြပေ။ အဆိုးဆုံးကတော့ နံနက်လင်းကတည်းက လေ ပြင်းတွေတိုက်ပြီး သစ်ပင် တွေ ကျိုးကျ၊ ဟိုအိမ်ဒီအိမ်မှ အမိုးတွေပါ လေထဲလွင့်ပါ ကာ အိမ်ထဲမှ အိမ်ပြင်တောင် မထွက်ရဲခဲ့ကြပေ။ ထို့နောက် လေပြင်းမုန်တိုင်းကြီးပြီးနောက် တစ်အိမ်လုံး ပစ္စည်းတွေ ရစရာမရှိအောင် စိုရွှဲပျက်စီး ကျန်ခဲ့သည်။ 'နာဂစ် မုန်တိုင်း'ဟု လူတွေပြောကြ သည်။ ထိုနာဂစ်မုန်တိုင်းကြီး က မိညိုတို့ရွာတစ်ဝိုက်မှာ အဆိုးဆုံးဟု သတင်းရရချင်း မိညိုတို့ရွာတွင် ငါးခြောက် တွေအတွက် ကြိုတင်ငွေပေး ထားသော သန်းမောင်မှာ ရွာ ကို အားချင်းသွားတော့သည်။

သန်းမောင်နှင့် အတူ မိညိုလည်း ရွာကို တစ်ပါ တည်း ပြန်လိုက်ချင်သော် လည်း 'ကားလမ်းတွေ ပိတ် နေတယ်ပြောတယ်၊ ငါ တောင် မဖြစ်လို့ သွားရမှာ။ ဘယ်လိုသွားလို့သွားရမယ် မသိသေးဘူး။ အိမ်မှာလည်း နင့် အန်တီနဲ့ ကလေး နှစ် ယောက်နဲ့ မဖြစ်ဘူး။ နင့်ကို နောက်တစ်ခေါက်လိုက်ပို့မယ် နော်'

သုံးလေးရက်လောက် နေတော့ သန်းမောင် ပြန် ရောက်လာသည်။

'ဘယ့်နှယ်လဲ၊ ကိုသန်း မောင်၊ ရွာရဲ့ အခြေအနေ'

'ဒီရွာလည်း မုန်တိုင်း မိတဲ့ထဲ ပါတယ်'

'အို ရှင်ကလည်း မုန် တိုင်းထဲ ပါတာတော့ပါတာ ပေါ့၊ အခုလကုန် မရလဲ၊ နောက်လ မိညိုကိုပို့ရင်း တစ် ခေါက်ကျရင် ပေးပါလို့ ပြော ခဲ့ပါလား'

'ဟ ငါက ဘယ်သူ့ သွားပြောရမှာတုံး။ တစ်ရွာ လုံး ဘယ်သူမှ မရှိတော့ဘူး။ ရေပြင်ကြီးပဲ ကျန်ခဲ့တာ။ အဲဒီလောက် မဆိုးဘဲ အဖျား အနားလောက် ခတ်သွားတဲ့ ရွာတွေမှာတောင် သေလိုက် ကြတာ သောက်သောက်လဲ၊ ရှင်ပြီးကျန်ခဲ့တဲ့သူတွေလည်း ကယ်ဆယ်ရေးစခန်းတွေ ရောက်၊ ဆေးရုံတွေရောက် ကုန်ကြတာဟ'

သန်းမောင်စကား ကြောင့် လှလှနု ငိုင်ကျသွား သည်။

'ဟို ဒါ၊ ဒါ၊ ဒါဆို ကျုပ်တို့ငွေတွေလည်း အကုန် ဆုံးပြီပေါ့တော်'

'အေးပေါ့'

သန်းမောင်က လှလှနု အမေးကို လေးလေးကန်ကန် ကြီး ဖြေလိုက်သည်။

သန်းမောင်နှင့် လှလှနု စကားကို ကြားပြီး မိညို မျက်စိထဲတွင် သူ့အဖေနှင့် အမေမျက်နှာ၊ မျက်စိခွဲပြီးစ ဘွားအေကြီး မျက်နှာ၊ 'ညီညို မုန့်ဝယ်ခဲ့နော်'ဟု မှာ လိုက်သော မောင်နို့ညွှာ ကောင်နှင့် အမေ့ရင်ခွင်ထဲမှ လက်ဆန့်တန်းရင်း ငိုကျန်ခဲ့ သော အငယ်ဆုံးမောင်လေး တို့၏ မျက်နှာများက တစ် လှည့်စီ ပေါ်လာသည်။

သူတို့နှင့် မိညိုသည် တစ်သက် ပြန်မဆုံနိုင်တော့ သလို၊ မိညိုပြန်ရမည့် ရွာ လည်း မရှိတော့ပေ။ ကလေး အငယ်လေးကို ချီထားရင်း မိညိုမှာ မျက်ရည်ပိုးပိုးပေါက် ပေါက် ကျလာသည်။ ထို့ နောက် ဝမ်းနည်းစွာနှင့် ရှိုက် ကြီးတငင် ငိုချလိုက်တော့ သည်။ မိညိုလက်ပေါ်မှ ကလေးကလည်း မိညိုငို သည်ကို ကြည့်၍ မဲ့ကာမဲ့ ကာနှင့် လိုက်ငိုတော့သည်။ သို့နှင့် မိညိုက ငို၊ မိညိုကို ကြည့်၍ ကလေးကငိုနှင့် ဖြစ် နေရာ လှလှနုက မိညိုလက် ထဲက ကလေးကိုပြောင်းချီ ရင်း-

'ဟဲ့၊ ကလေးက နင် ငိုတာမြင်ပြီး ဝမ်းနည်းလို့ လိုက်ငိုနေပြီ။ အလကား နေရင်း ကလေး ပင်ပန်း တယ်။ တိတ်၊ ငိုမနေနဲ့'

လှလှနုက ဤသို့ ပြော လိုက်မှ မိညိုမှာ ပိုဝမ်းနည်း သွားကာ အသံကုန်ဟစ်၍ အော်ငိုလိုက်လေသည်။

'ဟာ ဒီသွားခေါ်မက တော့ ပြောလေကဲလေနဲ့ ငါ ခေါက်လိုက်ရ သေတော့မှာ ပဲ'

လှလှနုလက်က သူ့ စကားဆုံးသည်နှင့် မိညို ခေါင်းပေါ် ရောက်သွား သည်။ လင်ဖြစ်သူ သန်းမောင်ကလည်း မယား ဖြစ်သူကို အားကျမခံလိုသည့် ထင့်-

'ဟာ ဒီမှာ အလုပ်က အဆင်မပြေလို့ စိတ်ရှုပ်ရတဲ့ အထဲ၊ ငိုလား၊ ရယ်လား လုပ်မနေစမ်းနဲ့၊ ငါ ထမင်း မစားခဲ့ရသေးဘူး။ သွား၊ ထမင်းပြင်'

ဟု ဆိုကာ မိညို တင်ပါးကို ခပ်ပြင်းပြင်း ဆောင့်ကန်ပစ်လိုက်ရာ မိညို မှာ မီးဖိုချောင် ကွန်ကရစ် ကြမ်းပြင်ပေါ်သို့ လှေကား ၃ ထစ်မှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားပြီး သူ့မျက်စိထဲ တွင်လည်း မှောင်အတိကျ သွားလေသည်။ သို့သော် သူ့ နားထဲတွင်တော့ 'ဟဲ့၊ မိညို၊ သွားခေါ်မ၊ မိညို၊ သွား ခေါ်မ' ဟု ခေါ်သံများက သာ ပွဲတင်ထပ်နေတော့သည်။

■ ကျေရို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ဖို့ကောင်း…
ကောင်းသေးတော့။
ကမ္ဘာကျော် လူဆိုးလူသွမ်း
လူရမ်းကားကြီးတွေမို့
သူတို့၏တရားခွင်လျှောက်လဲချက်တွေမှာ
ကမ္ဘာ့အဆင့်မီ ကြီးကျယ်
ခမ်းနားလေမလားလို့ နိုင်ငံတကာက
နားစွင့်နေကြချိန်တွင်
သူတို့တစ်တွေက ဇာတ်တိုက်ထားသည့်
အလား ဒါတွေ…ဒါတွေပဲ
အပ်ကြောင်းထပ်သည့်
ဆိုတာမျိုးတွေချည်း။
ဖြစ်ရပလေ။
တစ်ယောက်လာလည်း ဒါပဲ၊
နောက်တစ်ယောက်လာလည်း ဒါပဲ။
စကားလုံးအသုံးအနှုန်းနည်းနည်းပြောင်း၊
နေရာဒေသဖြစ်ရပ်ကလေး
နည်းနည်းပြောင်း။ ကျန်တာ
ဘာမှမထူးခြား၊ ကြောင်းတူသံကွဲ
ငိုချင်းရှည်ကြီးတွေ။
ဂုဏ်သိက္ခာရှိသော လျှောက်လဲ

ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၀၃၊ ဖေဖော်ဝါရီ၊ ၂၀၁၅



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာမကျေ ဖြောင့်ချက်များ

**မောင်နိုင်လတ်**



၂၀၁၅ ဖေဖော်ဝါရီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၁၇၃

www.burmeseclassic.com

www.burmeseclassic.com

ချက်တွေဆိုတာကလည်း ကမ္ဘာမှာ များများစားစား မရှိပေ။ ကျူးဘားသမ္မတဟောင်း ကက်စထရိုယ်ရွယ်စဉ် ဥပဒေကျောင်းသားဘဝက ကျူးဘားအာဏာရှင် ဘာတစ္စတား အစိုးရကို လက်နက်ကိုင်တော်လှန်ပုန်ကန်ခဲ့သည်။ မွန်ကားဒါး စစ်စခန်းကို ဝင်ရောက်စီးနင်းစဉ် ဖမ်းဆီးတရားစွဲဆိုတော့ ကိုယ်တိုင်လျှောက်လဲချက်ပေးခဲ့သည်။

'နိုင်ငံတစ်နိုင်ငံရဲ့ ကောင်းကျိုးချမ်းသာ ရရှိရေးကို ရည်မျှော်ပြီး တော်လှန်ရေးတစ်ရပ် ဆင်နွှဲခဲ့တဲ့ ကျွန်တော်တို့မှာ ဘာအပြစ်မှ မရှိပါဘူး။ နောင်တစ်ချိန်မှာ သမိုင်းက အဆုံးအဖြတ်ပေးပါလိမ့်မယ်' ဟု သမိုင်းအပေါ် ယုံကြည်မှုအပြည့်နှင့် ရဲရင့်ပြတ်သားစွာ ပြောခဲ့ဖူးသည်။ ကတ်စထရို၏ ရဲဘော်ရဲဘက်ကမ္ဘာ့ပြောက်ကျားခေါင်းဆောင် ဒေါက်တာအားနက်စတိုချေဂွေဗားရားကား တရားရုံးမရောက်ဘဲ ပစ်သတ်ခြင်းခံရသည်။ သူလည်းဒူးမထောက် လက်မမြှောက်ဘဲ ရဲရဲရင်ဆိုင်သွားခဲ့သည်။ သေအံ့မူးမူးအချိန်မှာပင် ကြိုးစင်ပေါ်က မှတ်တမ်းများရေးသားခဲ့သူ ချက်သူရဲကောင်း ဂျေဖူးချစ်၊ တရုတ်ပြည်သူ့ သူရဲကောင်းမလေး ချောအိမာန်ကလည်း သူ့ကိုကွပ်မျက်မည့် လက်မရွံ့သေနတ်သမားများဆီသို့ အင်တာနေရှင်နယ် သီချင်းကို သီဆိုရင်း မတွန့်မရွံ့ ရင်ဆိုင်ခဲ့သည်။

ပြောရလျှင်တော့ ပြည်သူ့အကျိုးအတွက် ရှေ့တန်းမှ စွန့်လွှတ်စွန့်စားခဲ့သူတွေသည် ရန်သူ၏သေမိန့်ကို ထိမထင် ပြက်ရယ်ပြုခဲ့ကြမြဲဖြစ်သည်။ သူတို့ရှုံးနိမ့်ကောင်းရှုံးနိမ့်မည်။ အသက်စွန့်လွှတ်ကောင်း စွန့်လွှတ်ရမည်။ သို့သော် သူတို့သည် သမိုင်းမှာတော့ ထာဝရရှင်သန်နေကြမည်သာ ဖြစ်သည်။ သူတို့ရှုံးနိမ့်လျှင်လည်း ဂုဏ်သိက္ခာရှိစွာ ရှုံးနိမ့်ခြင်းပင်။

အခြားတစ်ဖက်မှာကား အာဏာရှင်တွေ၏ လက်မရွံ့ပါးကွက်သား အာဏာရူးတွေကျတော့ ပြည်သူ့တရားခွင်တွင်တရားစီရင်ခံရမည်ဆိုသောအခါ သွေးပျက်ချောက်ချားစွာ သူတို့၏ အရှင်

> နိုင်ငံတစ်နိုင်ငံရဲ့
> ကောင်းကျိုး
> ချမ်းသာ
> ရရှိရေးကို
> ရည်မျှော်ပြီး
> တော်လှန်ရေး
> တစ်ရပ်ဆင်နွှဲခဲ့တဲ့
> ကျွန်တော်တို့မှာ
> ဘာအပြစ်မှ မရှိပါဘူး
> နောင်တစ်ချိန်မှာ
> သမိုင်းက
> အဆုံးအဖြတ်
> ပေးပါလိမ့်မယ်

သခင်တွေအပေါ် ပုံလွဲချတော့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် နျူရင်ဘတ်စစ်ခုံရုံးတွင် ဖက်ဆစ်နာဇီတွေ၏ ဖြောင့်ချက်တွေက ယိမ်းအက က,နေသလို အဆုတ်၊ အတက်၊ အချိုး၊ အဝိုက်တွေ ညီညာကြပါပေ့။ အထက်အမိန့်ကြောင့်ပါ တဲ့။

အမိန့်အတိုင်း ဆောင်ရွက်ရတာမို့ သူတို့မှာအပြစ် မရှိပါ တဲ့။

ကမ္ဘာ့လောကတွင် စစ်တပ်တွေ၏ ဖွဲ့စည်းအုပ်ချုပ်ပုံချင်း တစ်သဝေမတိမ်းတူညီကြလေသည်။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်၊ ပြန်မပြော၊ စောဒကမတက်ရ၊ အမိန့်ကို နာခံ၊ ဒါပဲဖြစ်သည်။ လက်နက်ကိုင်ထားသူချင်း ဤသို့ အုပ်ချုပ်လေ့ရှိကြသည်။ အမိန့်မနာခံမှုသည် ပြင်ပလောကတွင် စီရင်သောလူသတ်မှုထက်ကြီးလေးသော အပြစ်ဒဏ်ခံရလေ့ရှိသည်။ စစ်အာဏာရှင်တွေ အားလုံး ဤအတိုင်းပင်ဆိုနိုင်သော်လည်း ဖက်ဆစ်တွေက တစ်မူထူးခြားသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးအချိန် စစ်ရှုံးအံ့ဆဲဆဲ အခြေအနေတွင် အဓိပတိကြီးဟစ်တလာက အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ မည်သူမျှ လက်နက် မချရ…ဟူ၏။

ဤအမိန့်ကို မဖြစ်မနေနာခံရန် အဓိဂျာမနီနိုင်ငံတော်တွင် ကျန်ရစ်ခဲ့သော ဇနီး၊ သားသမီး၊ မိဘဆွေမျိုးများအား ဓားစာခံသဖွယ် ဂက်စတာပိုတို့က စက္ကန့်မလပ် စောင့်ကြည့်နေကြသည်။ ကန္တာရမြေခွေးကြီးဟု တင်စားခေါ်ဝေါ်ခံရသည့် စစ်ဗိုလ်ချုပ်ကြီး ရွမ်မဲလ်သည်လည်း ဤအခြေအနေကို ရင်ဆိုင်ခဲ့ရဖူးသည်။

အထက်အမိန့်…။

ဒုတိယကမ္ဘာစစ်ကြီး ပြီးနောက် အလွန်မြည်ဟည်းဟိန်း ပွက်ခဲ့သော စကားလုံးဖြစ်သည်။ ဖြောင့်ချက်အားလုံး၏အရင်းအမြစ်လည်းဖြစ်သည်။ ဖက်ဆစ်နာဇီ၏ အပြောင်မြောက်ဆုံး လူသတ်သမားကြီး အော့ဝစ်ချ် အကျဉ်းထောင်မှူးကြီး အိုက်ခမန်းသည်လည်း စစ်ကြီးပြီးနောက် အနှစ် ၂၀ ကျော်ကြာ ပြေးလွှားပုန်းအောင်းနေခဲ့ပြီး အစ္စရေးထောက်လှမ်းရေး မော့ဆက်၏ စစ်ဆင်ရေးတွင် လက်ရဖမ်းမိခဲ့သည်။ အာဂျင်တီးနားမှ အစ္စရေးသို့ ပြန်လည်ခေါ်ဆောင်ပြီး တရားရုံးတင်ခဲ့သည်။ သူကလည်း မဆိုလှ။ 'အထက်က စီးဆင်းလာသော အမိန့်အာဏာတွေအောက်မှာ ရှင်သန်နေရခြင်းဖြစ်ပါတယ်' တဲ့။ သတ်မလား (သို့မဟုတ်)အသတ်ခံမလား ရွေးချယ်ခြင်း ဖြစ်ပါသတဲ့။ သူ့မှာ လူတွေကို သေစေလိုသောဆန္ဒ၊ နှိပ်စက်ညှဉ်းပန်းလိုသော အာသီသ မရှိပါတဲ့။ အထက်အမိန့်ကြောင့် သူက ထပ်ဆင့် အမိန့်ပေးရခြင်းသာဖြစ်ပြီး သူ့လက်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မသတ်ခဲ့ပါဟူ၏။ ကိန်းဂဏန်းအရေအတွက် အား အကျကောက်ယူပြုစုရန် မစွမ်း သော လူပေါင်းသန်းနှင့်ချီသော ရဲ

www.burmeseclassic.com

ကာလများကို အမှန်တကယ် လိပ်ပြာသန့်စိတ်ဖြင့် ငြင်းဆန်သည်လား။ စစ်ရာဇဝတ်ကောင်တို့ထုံးစံ အသိစိတ်မဲ့ခုခံကာကွယ်သည်လား။ သူတို့ပြောသလို ကမ္ဘာ့သမိုင်းကတော့ မယုံကြည်ခဲ့ပါ။

ဆိုဗီယက်ပြည်ထောင်စုမှ သစ္စာဖောက် ရှာသူကြီး တစ်ဦးကတော့ တပ်နီတော်ကို ဤသို့ဖြောင့်ချက်ပေးခဲ့လေသည်။

'သူတို့(နာဇီတို့)က သူကြီးလုပ်ရမယ်ပြောတော့ လုပ်ရတာပါပဲဗျာ။ အဲဒီလိုလုပ်လို့ ကျွန်တော့်မှာ ဘာ အပြစ်ရှိသလဲဗျာ။ ပြီးတော့ ရွာက လူတွေအလုပ်အကိုင် စိတ်နေစိတ်ထားတွေကို ပြောပြရုံပဲ ပြောပြတာပါ။ တကယ်တော့ ရွာကလူတွေကို ဘယ်သူ့ကိုမှ လက်ညှိုးနဲ့တောင် မထိခဲ့ပါဘူး'

အမှန်ပင် ဘယ်သူ့အပေါ်မှ သူ လက်ညှိုးကလေးနှင့်ပင် မတို့ထိခဲ့ပေ။ သို့သော် သူ့စကားတစ်ခွန်းသည် လူ အမြောက်အမြား ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခံရပြီး အချို့မှာ မသေမရှင်မြေမြှုပ် သင်္ဂြိုဟ်ခြင်းခံရသည်။ သူ၏ဖြောင့်ချက်သည်လည်း သူ၏နောင်တော်တွေ၏ အမွေကို ဆက်ခံခြင်းသာဖြစ်သည်။

ပြောရလျှင်တော့ မဆုံးနိုင်အောင်ဖြစ်လိမ့်မည်။ သို့သော် စဉ်းစားစရာတွေက လှည်းတစ်စီးတိုက်လောက်ရှိလာနိုင်သည်။ အမိန့်တစ်ခုခုအောက်မှာ ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာ၊ အမြော်အမြင်တို့ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်ရလောက်အောင် ဘယ်လိုအာဏာရှင်တွေက တီထွင်ဖန်တီးခဲ့ပါလိမ့်။ ဘယ်လိုနှောင်ကြိုးတွေက တုပ်နှောင်ခဲ့ပါလိမ့်။ မြင်ရသော၊ မမြင်ရသော၊ ဖြတ်တောက်ရန် လွယ်ကူသော၊ ဖြတ်တောက်ရန် ခက်ခဲသော ဘဝ၏ချိုမြတိမ်းမူးဖွယ်ရာ နှောင်ကြိုးများ။

သန်းပေါင်းများစွာသော ပြည်သူတို့ အကျိုးအတွက် တိုက်ပွဲဝင်ခဲ့ကြသူတွေကတော့ အထက်အမိန့်ကြောင့်ဟု မည်သည့်အခါမျှ မပြောခဲ့ကြ။ ဂျေဖူးချစ်၊ ချေဂွေဗားရားနှင့် ငုယင်ဗန်ထရွိုင်း

> ပြည်သူ့အကျိုးအတွက်
> ရှေ့တန်းမှ
> စွန့်လွှတ်စွန့်စား
> ခဲ့သူတွေသည်
> ရန်သူ၏သေမိန့်ကို
> ထီမထင်
> ပြက်ရယ်
> ပြုခဲ့ကြမြဲဖြစ်သည်
> သူတို့
> ရှုံးနိမ့်ကောင်း
> ရှုံးနိမ့်မည်
> အသက်
> စွန့်လွှတ်ကောင်း
> စွန့်လွှတ်ရမည်
> သို့သော်
> သူတို့သည်
> သမိုင်းမှာတော့
> ထာဝရရှင်သန်
> နေကြမည်သာဖြစ်သည်

စသည်…စသည်။ သူတို့တွေက ကြိုးစင်ကိုဖြစ်စေ၊ လက်မရွံ့သေနတ်အဖွဲ့ကိုဖြစ်စေ တည့်တည့်ရင်ဆိုင်ခဲ့ကြသည်။ မျက်လုံးကိုပင် အဝတ်စည်း မခံခဲ့ကြ။

အာဏာရှင်တို့သည်လည်းကောင်း၊ အာဏာရှင်၏ လက်ပါးစေ လက်မရွံ့ အာဏာရူးတို့သည်လည်းကောင်း သူတို့နေဝင်ချိန် စီရင်ချက်ချခံရတော့မည်ဆိုသောအခါ ကမ္ဘာ့အတော်ဆုံးရှေ့နေရှေ့ရပ်များဖြင့် အမှုကို ရင်ဆိုင်လေ့ရှိကြသည်။ ချီလီအာဏာရှင်ဟောင်း ပီနိုချေး၏ ကိုယ်ရံတော် လက်တီသည် စစ်အာဏာရှင်ကို ဆန့်ကျင်ကြသူများအား ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုဖြင့် ယခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ပီနိုချေးလက်ထက်တွင် ကိုယ်ရံတော်၊ မြို့တော်ဝန်နှင့် အစိုးရအဖွဲ့ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ယခု ဖမ်းဆီးခံရသောအမှုကို ၁၉၇၃ ခုနှစ်တွင် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ သူ့ဆရာ ဖြစ်သူ ပီနိုချေးက လူ ၃၀၀၀ ကျော် ပျောက်ဆုံးမှု၊ လူ ၃၆၀၀၀ ကျော် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုတို့ဖြင့် စွပ်စွဲခံခဲ့ရသည်။

နောက်ထပ် ကမ္ဘာကျော်စစ်ရာဇဝတ်ကောင်တွေကတော့ အာရှတိုက်မှဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံကို ၁၉၇၅ မှ ၁၉၇၉ ထိ အုပ်စိုးခဲ့သော ခမာနီကွန်မြူနစ်အာဏာရှင် ခေါင်းဆောင်တွေဖြစ်သည်။ ခမာနီအုပ်စိုးမှု ၅ နှစ်တာကာလအတွင်းမှာ ကမ္ဘောဒီးယားပြည်သူ ၂ သန်းနီးပါး သေဆုံးခဲ့ရမှု၌ အဓိကတာဝန်ရှိသူ ပိုလ်ပေါ့ကတော့ တောတွင်းတစ်နေရာမှာ ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီ။ ယခုလက်ရှိ တရားရုံးတွင် စွဲချက်အတင်ခံနေရသူမှာ ၂ ဦးဖြစ်သည်။

နံပါတ်နှစ်အစ်ကိုဟု လူသိများသော နွန်ချီယာ(၈၈ နှစ်)နှင့် ခီယူဆမ်ဖန်တို့နှစ်ဦးမှာ ဗီယက်နမ်လူမျိုး ၂၀၀၀၀၊ လူမျိုးစုမွတ်စလင်များ ၅၀၀၀၀၀ နီးပါးကို ညှဉ်းပန်းသတ်ဖြတ်မှု၊ မုဒိမ်းမှုတို့ဖြင့် ကုလသမဂ္ဂကျောထောက်နောက်ခံပြု ကမ္ဘောဒီးယား တရားရုံးတစ်ခုက လူသားချင်း ရာဇဝတ်မှုကျူးလွန်သည့် စွဲချက်ဖြင့် ထောင်တစ်သက်ချမှတ်ခဲ့ပြီးဖြစ်သည်။ ယင်းတရားရုံးကပင် အောက်တိုဘာ ၁၇ ရက်နေ့တွင် အမှုငယ်များကို အမြန်ဆုံးစွဲချက်တင်နိုင်ရန် ကြားနာစစ်ဆေးနေခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် Newsweek မဂ္ဂဇင်းက ခီယူဆမ်ဖန်နှင့် အင်တာဗျူးပြုလုပ်ခဲ့သည်။ စိတ်ဝင်စားဖွယ် အချို့နှင့် လက်ပါးစေ အာဏာရှင်တစ်ဦး၏ ကောက်ကြောင်းကို ပြက်ပြက်ထင်ထင် ပေါ်လွင်စေပါသည်။ တချို့ကို ကောက်နုတ်ဖော်ပြချင်ပါသည်။

**Newsweek** - ကျေးလက်မှာ လူတွေအများကြီးငတ်သေခဲ့ရတာနဲ့ ပတ်သက်လို့ ခင်ဗျားဘယ်လိုထင်သလဲ။

**ဆမ်ဖန်** - အဲ့ဒီတုန်းက ကျွန်တော်က ဖနွမ်းပင်ဌာနချုပ်မှာ။ တောမှာဘာတွေ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသလဲ ကျွန်တော် ဘာမှ မသိပါဘူး။ ဖန္တမ်းပင်က အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းလို့ လူတွေဒုက္ခရောက်တာ ကျွန်တော် သိပေမဲ့ ငတ်သေတဲ့အထိ ဖြစ်တာ ကျွန်တော် မသိပါဘူး။

**Newsweek-**ဖန္တမ်းပင်က (အက်စ် ၂၁) အကျဉ်းစခန်းမှာ လူပေါင်း ၁၇၀၀၀ လောက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံခဲ့ရတာ ခင်ဗျားသိလား။

**ဆမ်ဖန်-** အက်စ် ၂၁ အကြောင်း ကျွန်တော် မသိပါဘူး။

**Newsweek-** ခင်ဗျားဟာ သမ္မတကြီး ဖြစ်နေပြီး ဘာကြောင့် ဘာမှမသိရတာလဲ။

**ဆမ်ဖန်-**ကျွန်တော့်အနေအထားက ဂုဏ်ထူးဆောင် ဟန်ပြသက်သက်ပါ။ သေဒဏ်ပေးနိုင်တဲ့ အခွင့်အာဏာ မရှိပါဘူး။ ကျွန်တော့် တာဝန်က မင်းသားကြီး(သီဟာနု)နဲ့ ပါတီကြားဆက်ဆံရေး ထူထောင်ဖို့ပါ။

ပြောချင်တာက ခမာနီဟာ ကွန်မြူနစ်အဖွဲ့အစည်းတွေထဲမှာ လျှို့ဝှက်မှုအကြီးဆုံးပါ။ အတွင်းစည်းအထပ်ထပ်နဲ့ကန့်ထားတာဗျ။ အလျားလိုက်ဆက်ဆံရေးဆိုတာ ရှိကိုမရှိဘူး။

**Newsweek-**ခမာနီခေတ်က ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေ ခုံရုံးဖွဲ့စစ်မယ့်ကိစ္စ ခင်ဗျား ဘယ်လိုသဘောရပါသလဲ။

**ဆမ်ဖန်-**ကျွန်တော့်တိုင်းပြည် ဖွံ့ဖြိုးဖို့၊ လွတ်လပ်ဖို့ ကောင်းဖို့ဆိုရင် ဘာမဆို ရိုးရိုးသားသား လုပ်သွားမှာပါ။ အခုလောလောဆယ်တော့ ကျွန်တော့်ကို စွပ်စွဲနေကြတယ်။ မျိုးဖြုတ်စစ်ပွဲဖန်တီးသူတဲ့။ ကျွန်တော် နားမလည်ဘူး။ ကမ္ဘောဒီးယားလူမျိုးအများစုလည်း နားလည်ကြမယ် မထင်ပါဘူး။

ခီယူဆမ်ဖန်၏ ဖြောင့်ချက်များ၌ အမှန်တရားတွေလည်း ပါဝင်လျက်ရှိကြောင်း အလွယ်တကူတွေ့မြင်နိုင်ပါသည်။ ခမာနီပါတီထဲမှာ အလျားလိုက်ဆက်ဆံရေးရှိကို မရှိဘူးဆိုတာမျိုးဖြစ်သည်။ ဒေါင်လိုက်ဆက်ဆံရေး သို့မဟုတ် အထက်အောက်ဆက်ဆံရေးကိုသာ ကျင့်သုံးခြင်းသည် အာဏာရှင်တို့၏ အုပ်ချုပ်ရေးပုံစံပဲဖြစ်သည်။ ပြည်သူလူထုကို အထင်အမြင်သေးခြင်း သို့မဟုတ်အရာမသွင်းခြင်းသည်လည်း အာဏာရှင်တို့၏ အန္တိမမိုက်မဲမှုဖြစ်သည်။ ခီယူဆမ်ဖန်၏ မျိုးဖြုတ်စစ်ပွဲတဲ့။ ကျွန်တော် နားမလည်ဘူး။ ကမ္ဘောဒီးယားလူမျိုးအများစုလည်း နားလည်ကြမယ် မထင်ဘူးဆိုသော စကားသည် အာဏာရှင်စစ်စစ်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုခြင်းပင်ဖြစ်သည်။

မည်သို့ဖြစ်စေ . . .

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှု တရားရုံး၏ တရားခံဝက်ခြံအတွင်း ကူကယ်ရာမဲ့ ခြေစုံရပ်နေရချိန်တွင်ကား ဂုဏ်ထူးဆောင် ဟန်ပြသမ္မတဖြစ်စေ ဘုမသိဘမသိ သမ္မတဖြစ်စေ အကြောင်းထူးမည်တော့ မထင်ပါ။


လောကပါလ တရားနှစ်ပါး လက်ပြန့တ်ဆက်ခဲ့ရာ စွန့်ပစ်မြေတွင် စိမ်းလန်းဖွံ့ထွားခဲ့သည်ဆိုရုံမျှဖြင့် ကျွတ်တမ်းဝင်ခွင့်မရှိတော့သည့် သမိုင်းတရားခံအဖြစ် ကမ္ပည်းရေးထိုးထိုက်ပြီးဖြစ်သည်။

ဖြောင့်ချက် မလိုပါ။ ■

**မောင်ခိုင်လတ်**



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ပင်တောင်လုံးပြန့်

ယနေ့ တိုင်းနှင့်
ပြည်နယ်အနှံ့
စာဖတ်ပရိသတ်
အပေါင်းတို့၏ ကောင်းချီး
ဩဘာသံများကို
ဘဝင်ညံမျှ
ခံယူရရှိနေသော
စာရေးဆရာ ကိုပတ်ကား
တစ်ယောက် ထီဆိုင်ရှေ့တွင်
အာရုံယူနေရှာ၏။
သူ့အိတ်ထောင်ထဲ၌
စာအိတ်အသစ်တစ်လုံးသည်
ချိတ်ပိတ်လျက်သား
စံမြန်းနေသည်။
ထိုစာအိတ်ပေါ်၌
ရေးထားသည့်စကားလုံးမှာ
ဆယ်လုံးမျှသာ။
ဆရာ ဘယ်သူဘယ်ဝါသို့
ဥာဏ်ပူဇော်ခ ဟူ၍ပင်။
ဆရာ ကိုပတ်ကားသည်
အသက် ၅၀ ကျော်ခဲ့ပြီ။
တတိတိဖြင့်
တွန့်ဆုတ်လာသော
နဖူးပြင်မှ ဆံနွယ်တို့ကြောင့်
လည်းကောင်း၊
တရိပ်ရိပ်တိုး၍ လာသော
အမြင်အားနည်းမှုတို့ကြောင့်
လည်းကောင်း၊ တခုန်ခုန်
ထကြွလျက်ရှိသော
မြို့ပြ၏ လူနေမှုစရိတ်
အဖုံဖုံတို့ကြောင့်လည်းကောင်း
ဆရာ ကိုပတ်ကားသည်
နိစ္စဓူဝ လုံးလည်ချာလည်
လှည့်ကာ နေရရှာ၏။
မြန်မာစာပေ
စင်မြင့်ထက်ဆီဝယ်
ကိုပတ်ကား၏
ကလောင်အမည် မပါရှိသော
ရက်သတ္တပတ်ဟူ၍ မရှိ။
ကိုပတ်ကားသည်
ရှယ်နန်နန်ထပ်ကွမ်းဖြစ်၏။
ဘာသာပြန်၊ သုတ၊
ရသ၊ ဝတ္ထု၊ ကဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါး၊ အက်ဆေး၊ ပေးစာ၊ အမေးအဖြေမှအစ စာပေအင်္ဂါဗျူးနှင့် အသုဘာလွှမ်းစာပါမကျန် ပြောင်းဆန်အောင် အရေးညက်လှသည်။ ဤစာမျက်နှာဝယ် ကမ္ဘာကြီးလုံးသည်ဟု ကိုပတ်ကား ရေးလျှင် ဖတ်သူသည် ဟုတ်ပါပေ၏ဟု မြင်လာမည်။ ထိုစာမျက်နှာ၌ ကမ္ဘာကြီး ပြားသည်ဟူ၍လည်းကောင်း၊ လေးထောင့်စပ်စပ်ဟူ၍လည်းကောင်း၊ သုံးဖက်မြင် ဒစ်ဂျစ်တယ်ပုံသဏ္ဌာန်ဟူ၍လည်းကောင်း ကိုပတ်ကား ထပ်မံရေးဖွဲ့သော် ထိုစာဖတ်သူသည် ဩော်··· ဟုတ်ပါပေရဲ့ဟု ထောက်ခံသွားလိမ့်မည်။ ထို့ ထိုသော စာပေ ဝိဇ္ဇာတစ်ပါးပေမို့ ကိုပတ်ကား၏ စာသံပေသံတို့သည် နေ့စဉ်နှင့်အမျှ စီးဆင်းရှင်သန်နေတော့သည်။

တစ်ခု ခက်သည်ကား ထိုမျှ မနားမနေ ရေးချတ်နေသော်ငြား ကိုပတ်ကား၏ လုံးလည်ချာလည်ဘဝသည် ပို၍ အပတ်စိပ်လာ၏။ ချာလပတ်ရမ်းသထက် ရမ်းလာ၏။ သာမှု၊ နာမှု၊ လူမှုကိစ္စတို့ကြားတွင် ဗျာများသထက် များ၍ လာ၏။ အတို ချုံးရသော် ဒီမိုကရေစီမြို့ပြကြီးတွင် ကျဆုံးလုလု အရေးအရာနှင့် လက်ငင်း ရင်ဆိုင်နေရတော့၏။

ကိုပတ်ကားသည် ထိုဆိုင်ကိုရှေ့တည့်တည့်မှ ကြည့်သည်။ နှာဖျားဝသို့ ဝင်လာသောလေ၊ ထွက်သောလေကို မှတ်၏။ ပါဝါမျက်မှန်အောက်မှ မျက်လုံးအစုံကို မှိတ်လိုက်၏။ ထီဆိုင်မှ ပတ်လည်ထုတ်လွှင့်နေသော ထီ

**ကိုပတ်ကားသည်**
**ဘုရားစင်ထက်ဝယ်**
**စက္ကူနွေကြီးမားစွာ**
**စံမြန်းတော်**
**မူနေသော**
**ကြေးဆင်းတု**
**ကိုယ်တော်မြတ်**
**အား**
**မမှိတ်မသုန်ဖြင့်**
**ကြည့်ရှုနေ၏**
**ဆင်ခံဘုရား**
**ဟူသည် လွန်စွာ**
**ကံလာဘ်ပွင့်သည်**
**အတိတ်က**
**ပြုခဲ့သော**
**ကောင်းမှု**
**ကုသိုလ်တို့**
**မြန်မြန်ကြီး**
**အကျိုးပေးစေခြင်းငှာ**
**ဆင်ခံဘုရားကို**
**ဖူးရသည်ဟု**
**ဆိုကြသည်**

ဖွင့်ရန် ၁ ရက်သာ လိုတော့သည်။ မင်္ဂလာထီဆုကြီးများ အမြန် လာရောက်ကံစမ်းလှည့်ပါဟူသော ဖိတ်မန္တကသံကိုလည်း မောင်းထုတ်လိုက်ပြီ။ ကိုပတ်ကားသည် မိုးသောက်ယံက မက်ခဲ့သော အိပ်မက်အတိတ်ကို တွေး၏။ ထီးဖြူမိုးထားသော မင်္ဂလာဆင်တော်ပေါ်ဝယ် အငြိမ့်သားစီးနင်းခဲ့ရသည်ကိုး။ ကိုပတ်ကားသည် ဘုရားဂုဏ်တော်ကို ရွတ်သည်။ စိတ်ဓာတ်ကို မြှင့်သည်။ ငါသည်မုချမသွေ အဆင့်မြင့်ဘဝသို့ တက်လှမ်းတော့မည်။ အမြင့်သို့ ကူးမည်။ မုချမသွေ ကူးတော့မည်။ ထိုအတွေးဖြင့် သူ့ရှင်မြူးလာသည်။ ထိုရှင်မြူးစိတ်ဖြင့် မျက်လုံးကို ဖွင့်ကာ ထီဆိုင်သို့ကြည့်လိုက်၏။

အံ့ဖွယ်သရဲပါတကား။ ထီဆိုင်ရှေ့တွင် ထီးဖြူဖြူကြီးဆောင်းလျက် ထီထိုးနေသူ အမျိုးသမီးကြီးကိုတွေ့ရသည်။ ကိုပတ်ကား ပြုံးလိုက်သည်။ မင်္ဂလာအချိန်ကား အမှန်ပင် ဆိုက်ခဲ့လေပြီကော။

ကိုပတ်ကားသည် အယူတော်မင်္ဂလာကျမ်းကို စာရွက်ပေါက်မတတ် အခေါက်ခေါက်ကျေညက်စွာ ဖတ်ခဲ့သူမို့ အိတ်ထောင်ကို လက်ဖြင့်ပုတ်ကာ ထီဆိုင်ဆီသို့ ကြွချီတော်မူပါတော့သည်။

❑

ကိုပတ်ကားသည် ဘုရားစင်ထက်ဝယ် စက္ကူနွေကြီးမားစွာ စံမြန်းတော်မူနေသော ကြေးဆင်းတုကိုယ်တော်မြတ်အား မမှိတ်မသုန်ဖြင့် ကြည့်ရှုနေ၏။ ဆင်ခံဘုရားဟူသည် လွန်စွာကံလာဘ်ပွင့်သည်။ အတိတ်က ပြုခဲ့သော ကောင်းမှုကုသိုလ်တို့ မြန်မြန်ကြီး အကျိုးပေးစေခြင်းငှာ ဆင်ခံဘုရားကို ဖူးရသည်ဟု ဆိုကြသည်။ ထို့ကြောင့် ငြိမ်သက်သော သမာဓိဖြင့် ဆင်ခံဘုရားတည်ရှိရာမိတ်ဆွေတစ်ဦး၏ ဘုရားစင်ရှေ့တွင် အဓိဋ္ဌာန်ဝင်နေသည်။ နာရီလက်တံတို့သည် နေ့လယ် ၁၂ နာရီတိတိဆီသို့ ချဉ်းကပ်လာနေပြီ။

ကိုပတ်ကား အဓိဋ္ဌာန်ဝင်နေသော အိမ်နံဘေးတွင် ဈေးဆိုင်တစ်ဆိုင် ရှိသည်။ ထိုဈေးဆိုင်ရှေ့၌ အရပ်ထဲမှ မိန်းမကြီးရွယ်ငယ် နှစ်ဆယ်ကျော် စုရုံးရောက်ရှိနေကြသည်။ မကြာခင် စုပေါင်းမဲနှိုက်တော့သည်။ တစ်နေ့လျှင် ကျပ် ၂၀၀၀ ထည့်ဝင်ကာ၊ အစုရှင်ပေါင်း သုံးဆယ်ပါဝင်သည့် မဲ အတွက် မကြာခင် အလှည့်ကျ ပေါက်မဲနံပါတ် နှိုက်တော့မည်။

မဲကိုင်သည့် ငွေစုသူ အမျိုးသမီးကြီးက မဲလိပ်များတွင် နံပါတ်ထိုးကာ တစ်လိပ်ပြီးတစ်လိပ် ရေခွက်ထဲသို့ ထည့်နေသည်။ သူက နှိုက်ခွင့်မရှိ။ ထိပ်ဆုံးနံပါတ်ကို သူရမည်။ ထို့အတွက် နေ့စဉ်နှင့်အမျှ မည်သူမည်ဝါထံမှာမှ နေ့စဉ်ထည့်ဝင်ငွေကျပ် ၂၀၀၀ မကျန်ရလေအောင် စုဆောင်းရမည်က သူ့တာဝန်။ ထို တာဝန်အပြင် မဲနှိုက်ပြီးချိန်တွင်မဲရှင်များက ကိုယ့်မဲနံပါတ် သိပ်ဝေးနေ၍ အပေးအယူဖြင့် ရှေ့လူနှင့် ချိန်းလိုလျှင် သူက ကြားမှ အာမခံကာ ဆောင်ရွက်ပေးတတ်သည်။

ထိုဈေးဆိုင်ဆီမှ အသံဗလံများသည် တစ်ချက်တစ်ချက်တွင် ကိုပတ်ကားနား သို့ ထွင်းဖောက်လာ၏။ ရာတွင် ကိုပတ်ကား မလှု ရှား။ သူ စိုက်လိုက်မတ်မ ယုံကြည်ထားသည်။ ယခု မဲနံပါတ် ၂ သို့မဟုတ် သည် သူ ဖြစ်ရမည်။ ထို လာဘ်တော်အတွက် နံနက်ကတည်းက အဓိဋ္ဌာန်ပြု ပြီးပြီ မဟုတ်လား။ ဘု ဂုဏ်၊ တရားဂုဏ်၊ သံ ဂုဏ်တို့အား အလုံးစုံ အာ ထားပြီးပြီကော။ ထို့ ရှေ့တူရူတွင် စံမြန်း



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆင်ခံရုပ်ပွားတော်မြတ်ကို စူးစူးနင့်နင့်နှင့် ကြည့်ရှုဖူးမျှော်ကာ အတွင်းစိတ်၌ ဂုဏ်တော်များကို ပွားများနေတော့၏။

မဲ စ,ဖွင့်လေပြီ။

မဲ ဖွင့်ပုံက တရားမျှတပါပေ၏။ တက်ရောက်လာသူအားလုံး လက်ထဲသို့ မဲတစ်လိပ်စီ ညီတူမျှတူ ထည့်ပေးပြီး အားလုံးပြိုင်တူ ကြည့်ကြရ၏။ ကိုပတ်ကားကဲ့သို့ ကိုယ်တိုင် မပါဝင်သူများအတွက်လည်း အမျိုးသမီးကြီးက စားပွဲပေါ်တင်ပေးထားသည်။ မဲလိပ်ဖြေပြီးသည်နှင့် ဆူသံအော်သံများ ပွက်ပွက်ညံ၏။ အနီးဝန်းကျင်မှ လူများလည်း ဝိုင်းအော်ကြသည်။ ပျော်ကြသည်။ စုတ်သပ်ကြသည်။ နာမည်တွေခေါ်ကြသည်။ မဲကိုင်သူ အမျိုးသမီးကြီးက စားပွဲပေါ်မှ မဲရှင်လေးဦးအတွက် အများရှေ့မှာပင် ဖွင့်ပြသည်။

ကိုပတ်ကား ဘယ်လောက်လဲဟူသော မေးသံများ ထွက်လာ၏။

'ဟယ် အရင်အပတ်က နှစ်ဆယ့်သုံး၊ အခု နှစ်ဆယ့်ခုနစ်၊ သနားပါတယ်'ဟူသော စုတ်သပ်သံကို ကြားရ၏။

အောင် ဘာလေထီပေါက်မဲကဲ့သို့ပင် လွဲရပါလေပြီ။

❑

'ငါလည်း ဘယ်လိုမှ မလုပ်တတ်ဘူးဟ၊ တူက ခြောက်ယောက်၊ တူမက လေးယောက်၊ ကိုင်း မဲသာနှိုက်တော့၊ ကံစီမံရာပေါ့ကွာ'

ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်၏ ဘုရားကိုးဆူတန်ဆောင်းတွင်းဝယ် ကိုပတ်ကား ရောက်ရှိနေသည်။ ကံတရားသည် ဆန်းကြယ်လှပေစွ။ တိုင်းနိုင်ငံအနှံ့သို့လှည့်လည်ကာ ဘုရားစုံဖူးရင်း ဘာသာတရား၌ ပျော်မွေ့နေသော ဘကြီးအုံးတွင် တူ၊ တူမ စုံလင်လှပေ၏။ ဘကြီးအုံးသည် လူပျိုလူလွတ်ကြီးပီပီ သူပိုင်ဆိုင်သမျှ လယ်ယာနှင့် ကျွဲနွားများကို လှူသင့်တာလှူ၊ ပေးသင့်တာပေးကမ်း ထားခဲ့ပြီးပြီ။ တူ၊ တူမများ အားလုံး အချိုးကျ ရခဲ့ကြပြီးပြီ။ သို့ပါလျက်ဘကြီးအုံးသည် ဘုရားဖူးကားလက်မှတ်မှ တစ်ဆင့်ကျပ် ခုနစ်သိန်းတန် ဆိုင်ကယ်တစ်စီး ကံပွင့်ခဲ့သည်။ ထိုဆိုင်ကယ်ကို တူ၊ တူမများကိုခေါ်ကာ ကံစီမံရာအတိုင်း ပေးတော့မည်။

ကံ…။

ကံ ဟူသောအသံ ကို ကြားသည်နှင့် ကိုပတ်ကား တစ်ချက် ပြုံးလိုက်သည်။ ယနေ့အဖို့ သူ့ကံကို မည်သူ လိုက်လံ တုပဦးမည်နည်း။ ဤညီအစ်ကိုမောင်နှမတစ်သိုက်သည် အခြားလူနှင့် ယှဉ်လျှင် ကံအရာ၌ နိုင်ခြေရှိပါသည်။ သို့ရာတွင် ကိုပတ်ကားနှင့် ယှဉ်လျှင် ဝေးလွင့်သွားပေလိမ့်မည်။ ထိုအတွေးဖြင့် ကိုပတ်ကား ပြုံးပြုံးကြီး နေနေလိုက်သည်။

ဘကြီးအုံးက အငယ်ဆုံး တူမ ခင်ခင်သိန်းကို ခေါ်၍ တစ်ထောင်တန်ဆယ်ရွက်ကို ပေးသည်။ ခင်ခင်သိန်းက တစ်ယောက်လျှင် တစ်ရွက်စီလိုက်ပေး၏။ နောက်ဆုံးဂဏန်း သုံးလုံးကို ပေါင်းရမည်။ အကြီးဆုံးအပွင့်ရသူက ယူစတမ်းပေကိုး။ ဒါက ဘကြီးအုံး၏ငယ်စရိုက်မို့ တူ၊ တူမများ နောကျေနေကြပြီ။

ကိုပတ်ကားက သူ့တစ်ထောင်ကိုယူ၍ ကြည့်လိုက်သည်။ နံပါတ်များကို မပေါင်းသေး။ ကျန်လူများ၏ရလဒ်ကို အရင်လေ့လာနေသည်။ နှစ်ဦးက '၄' ကျ၏။ နောက်နှစ်ဦးက '၆'၊ တစ်ဦးက '၁'၊ တစ်ဦးက '၇'၊ '၈'ကျသူက နှစ်ဦး။ ခင်ခင်သိန်းကလည်း '၇'။ သွားပြီး '၈'ကျသူ နှစ်ဦးက လက်ဝါးချင်းရိုက်ကာ ဟေးသံပေးကြ၏။ ကိုပတ်ကားသည် ယခုမှပင် သူ့တစ်ထောင်ကို တဖြည်းဖြည်းချင်းကြည့်၏။ နောက်ဆုံးဂဏန်းက '၅'။ ထို '၅'ဂဏန်းရှေ့တွင် သုံည။ ထိုသုံညရှေ့တွင်…။

ကိုပတ်ကား တောက်ခေါက်လိုက်သည်။

ဘကြီးအုံးက နောက်ထပ် ထောင်တန် သုံးရွက်ထုတ်ကာ ခင်ခင်သိန်းကို ကမ်းပေးပြန်၏။ '၈'ကျသူ သုံးဦး ထပ်မံ ကံစမ်းရပြန်ပြီ။ တစ်ချီ။ ကိုပတ်ကားသည် သွေးအေးအေးဖြင့် တစ်ထောင်တန်ကို ကိုင်ထားဆဲ။ တစ်ဦးက '၃'ဟု အသံထွက်လာ၏။ နောက်တစ်ဦးက ဂဏန်းတစ်လုံးချင်း ပွတ်ကာ ရလဒ်ကိုဆွဲယူနေ၏။ သို့သော် မျက်နှာကြီးကုပ်ကာ တစ်ထောင်တန်ကို ပစ်ချ လိုက်ပါပကော။ '၃'ကိုပင် မနိုင်ရှာသကိုး။

ကိုပတ်ကားက ခင်ခင်သိန်းကို သူ့တစ်ထောင် ကမ်းပေးကာ ကြည့်စေသည်။ သူ ပြုံးပြုံးကြီးလုပ်ရင်း ခင်ခင်သိန်းကို အကဲခတ်နေ၏။ ခင်ခင်သိန်းနှင့်အတူ ညီအစ်မနှစ်ဦးပါ ပူးကပ်ကာ တစ်ထောင်တန်ကို ရှုစားကြလေပြီ။ '၄'၊ '၃'၊ '၆'ဟူသော အသံတို့ ပြိုင်တူ ထွက်လာပြန်၏။ ဂဏန်းသုံးလုံးကို တစ်လုံးစီ ရေရွတ်လိုက်ကြခြင်းပင်။

ဘကြီးအုံးက တဟားဟား ရယ်တော့သည်။ ကိုပတ်ကား၏ ကံဇာတာသည် '၃' သမားကိုပင် ပြိုင်တူဖြစ်နေပါပကော။

'အစ်ကိုရာ မနှိုက်နဲ့တော့ဗျာ။ ကျွန်တော်နဲ့ တစ်ဝက်စီ ယူမယ်'

'အေးလေ ပတ်ကား ရယ် ခွဲယူလိုက် ခွဲယူလိုက်ပြီးတာပဲ'

ညီဖြစ်သူ စကားကို အစ်မကြီးဖြစ်သူက ထောက်ခံချက်ပေးရင်း ကိုပတ်ကားကို စကားဆိုလာသည်။

ကိုပတ်ကားက တစ်စက်ကလေးပင် မတုန်လှုပ်။ သူ့ကံကို ထိုသို့ ပစ်ချခြင်းကို လက်မခံ။ ညီဖြစ်သူ က ထပ်၍ တစ်ဆင့်လျှော့လာသည်။

'အစ်ကို လေးသိန်း ယူဗျာ၊ ကျွန်တော့်ကို သုံးသိန်းပေး'

'ဟဲ့ ပတ်ကား နင် အဲဒါတော့ တန်တယ်နော်။ လောဘကြီးမနေနဲ့။ မောင်စိုးမှာ အိမ်အမိုးမိုးရဦးမှာ၊ နင် ကတောင်ပေးရဦးမယ့်ဟာ'

'ဘာဆိုင်လို့လဲ'

ကိုပတ်ကားက ခပ်မာမာပယ်ချလိုက်သည်။ ညီဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သူခများ မခံချိမခံသာ။ ဘကြီးအုံးက ကိုပတ်ကားကို အကဲခတ်နေ၏။ သူ့ တူတော်မောင် နိုင်ငံကျော် စာပေသမားကြီးသည် မည်သို့ ဆုံးဖြတ်မည်နည်း။

ကိုပတ်ကားသည် ဆက်၍ စကားမဆို။

ညီတော်မောင်သည် ဒေါသထွက်လာသည်။ ဘကြီးအုံးထံမှ နောက်ထပ် ထောင်တန်တစ်ရွက်ကို တောင်း၏။ ဘကြီးအုံးက ခေါင်းညိတ်ကာ ညီဖြစ်သူကို တစ်ရွက်၊ ကိုပတ်ကားအတွက် တစ်ရွက်ကို ခင်ခင်သိန်းလက်ထဲသို့ ထည့်၏။

ညီတော်မောင်သည် မကျေမနပ်ဖြင့် ဂဏန်းသုံးလုံးကို ကြည့်ကာ '၁'ဟု အော်ရင်း ပစ်ချလိုက်သည်။ 'ဟယ်'ဟူသော ကရုဏာသက်သံများ လျှံထွက်လာ၏။ ကိုပတ်ကားက ပြုံးလျက်ပင်။ ခင်ခင်သိန်းသည် စိတ်မပါသလိုလုပ်ရင်း တစ်ထောင်တန်ကို အကဲခတ်သည်။ ဟာခနဲ ဝမ်းသာသွားသောမျက်နှာ၊ ကိုပတ်ကားသို့ ကြည့်လိုက်သောမျက်လုံး၊ တစ်ဖန် မောင်စိုးဘက်သို့ လှည့်ရင်း ဝမ်းသာလုံးဆို့ကာ ပြေးဖက်၏။ 'ဘူ'၊ 'ဘူ' ဟူသော အသံပြိုင်ကြီးသည် ဘုရားကိုးဆူတန်ဆောင်းတွင်း ပဲ့တင်ထပ်နေပါတော့၏။

❑

ကိုမောင်မောင်အေးနှင့် ဆုရှင် ချာတိတ်တစ်ဦးတို့ အပြန်အလှန် ဈေးဆစ်နေသည်။ ခြောက်သိန်းပေးသည်။ ချာတိတ်က ခြောက်

ကံဟူသော
အသံကို
ကြားသည်နှင့်
ကိုပတ်ကား
တစ်ချက်
ပြုံးလိုက်သည်
ယနေ့အထိ
သူ့ကံကို
မည်သူလိုက်လံ
တုပဦးမည်နည်း
ဤညီအစ်ကို
မောင်နှမ
တစ်သိုက်သည်
အခြားလူနှင့်
ယှဉ်လျှင်
ကံအရာ၌
နိုင်ခြေ ရှိပါသည်

သိန်းခွဲတောင်းသည်။ ကိုမောင်မောင်အေးက ဖုန်းထဲကတစ်ဆင့် စပွန်ဆာကုမ္ပဏီကို မေးမြန်းပေးနေ၏။

'တော်တော့ဟ၊ ငါ့လခွေး၊ တော်ပါတော့ဟ၊ ယူလိုက် ယူလိုက်၊ ဆီးထဲမှပဲ'

ကိုပတ်ကား၏ ဗလုံးဗထွေးသံကြီးကို နံဘေးအိမ်တွေ ကြားနေရ၏။ တနင်္ဂနွေညချမ်း၏ မြဝတီရုပ်သံထက်တွင် ပဟေဠိနန်းတော် တင်ဆက်နေသည်။ ထိုအစီအစဉ်ကိုကြည့်ရင်း ရမ်ယမကာဖြင့် အောချနေသူကား ယနေ့စာရေးဆရာ အရင့်အမာကြီး ကိုပတ်ကားပေတည်း။

ကိုပတ်ကားသည် တီဗွီထဲမှ ချာတိတ်လေးကို ခြောက်သိန်းကျပ်ဖြင့် နားခိုင်းနေသည်။ ကောင်လေးက ပေါက်မဲကျနေသော ကျပ်သိန်း သုံးဆယ်ကိုလည်း မက်နေ၏။ သူ ရွေးချယ်ထားသော နံပါတ်ကိုလည်း တွယ်တာနေ၏။ ကုမ္ပဏီမှပေးသော ဆုငွေ ခြောက်သိန်းကိုလည်း အဆစ်တောင်းနေ၏။ ထောင်ဂဏန်းက သုံးခုကျန်နေပြန်သည်။ သောင်းဂဏန်း နှစ်ခု၊ သိန်းဂဏန်း နှစ်ခု။

'မင်း တော်ဟ၊ တော်တော်၊ ခြောက်သိန်းယူကွ ယူယူ'

ကိုပတ်ကား ဝရုန်းသုံးကား ဖြစ်နေသည်။

'ဘာကံမှ မယုံနဲ့၊ ဘာကံမှ မယုံနဲ့ဟေ့၊ ပတ်ကား ဘဝနဲ့ယှဉ်ပြီး လောင်းလာတာ ကံကို မယုံနဲ့ကွ'

'ဆရာ၊ ဆရာ ရှိလား၊ ဆရာ ပတ်ကားရေ'

'ဟေ့ မရှိဘူးကွ၊ ပတ်ကား နိဗ္ဗာန်သွားနေတယ်'

'ဆရာ ဆရာပတ်ကား'

အပြင်ဘက် တံခါးတွင် လူတစ်စု ရောက်နေသည်။ ကိုပတ်ကားသည် ထင်သလိုပြန်ဖြေနေ၏။ ဘာကိုမျှ ထိမထင်တော့။ အရက်က တော်တော်လေး မျိုချထားပြီးနေလေပြီ။

'ဆရာ တံခါးဖွင့်ပါဦး ဆရာ'

'ဘယ်သူလဲ'

'ကျွန်တော်ပါဆရာ၊ သိန်းဇော်ပါ၊ ဝတ်အဖွဲ့ကပါ ဆရာ'

'ဟေ'

ကိုပတ်ကား အွန့်ခနဲ အတွေးတွန့်သွားသည်။ ကြည့်စမ်း၊ မွှောရုံမှ ကိုသိန်းဇော်တို့ပါလား။

'ခဏလေးဟေ့၊ ခဏလေး'

ကိုပတ်ကား လက်နှစ်ဖက်စလုံး ဆံပင်တွေကို ထိုးဆွကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်သည်။ ပုလင်းကို ဝှက်၏။ ဖန်ခွက်ကို သိမ်း၏။ တီဗွီကိုပိတ်၏။ အမြည်းပန်းကန်ကို တီဗွီစင်အောက်သို့ သွတ်သွင်း၏။ မတ်တတ်ရပ်တော့ သူ ယိုင်ထိုးသွားသည်။ ချက်ချင်းပင် မဟာကရုဏာဆည်ကာ တံခါးဆီသို့လှမ်း၏။ မျက်မှန်ကိုပင့်လိုက်၏။

'လာပြီဟေ့'

ကိုပတ်ကားက သစ်သားတံခါးချက်ကို ဖွင့်ရင်း အသက်ပြင်းပြင်း ရှူသွင်းသည်။ ကိုသိန်းဇော်ဆိုသူသည် သူ့ကို အင်မတန် လေးစားသူ၊ သူကလည်း လေးစားရသူ။

'ဆရာ ဘုရားရှိခိုးနေသလား၊ ဆောရီးနော်ဆရာ၊ ဆရာ့ကို ဝမ်းသာစရာ ပြောမလို့'

'ဟုတ်၊ ကိုသိန်းဇော် ဟုတ်ကဲ့၊ ဘာများပါလိမ့်'

'မဲလေ ဆရာ၊ ဆရာ မဲ ပေါက်တယ်'

'ဟင်'

'ဟုတ်တယ်၊ ဒုလ္လဘ ပေါက်တယ်၊ ဆရာ ကံကောင်းတာပဲ။ ပရိက္ခရာ အစုံပဲ ဆရာ၊ ဆရာ ဒုလ္လဘ ဝတ်လို့ ရပြီ၊ အဲဒါ လာပြောတာ' ■

မာန်ဟေးတော်လုံးဖြစ်



www.burmeseclassic.com


www.burmeseclassic.com

စာရေးဆရာအောင်နိုင်မြင့်၏ ဤစာအုပ်ပါဆောင်းပါးများသည် သာမန်ဖတ်လိုက်ပါက သာမန်လောက်အကျိုးကျေးဇူးရသည်။

ပို၍လေးလေးနက်နက်ဖတ်ပါက ပို၍အကျိုးဖြစ်သည်။

စဉ်းစားချင့်ချိန် ဆင်ခြင်သုံးသပ်သော ဉာဏ်ဖြင့်ဖတ်ပါက မမျှော်မှန်းနိုင်လောက်သည့် ကျယ်ပြန့်သော အကျိုးကျေးဇူးများကိုရရှိနိုင်ပါမည်။

ဒေါက်တာစံထွန်းအောင်
B.Sc(Engg),M.C.P(Harvard)
D.M.A.,D.E.P.D.Engg




ဖြန့်ချိရေး-မိုးကျော်စာပေ

ဇမ္ဗူတာလူစာပေအတွက်
မိုးကျော်စာပေမှဖြန့်ချိသည်။
အမှတ် (၃၈၅-၃၈၇) ဗိုလ်ချုပ်လမ်း(ရွှေဘုံသာလမ်းနှင့်၂၉လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၀ ၂၉ ၅၉၁၊ ၀၉-၇၃၂ ၄၅ ၂၅၇၊ ၀၉-၅၀၈ ၉၈ ၈၃၊ ၀၉-၄၂၃ ၇၁ ၈၀၀


ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

ကလေးဖတ်ဖို့ ပုံပြင်၊ ဇာတ်လမ်းတွေကို ဘယ်လိုရေးရမလဲဆိုတဲ့ မေးခွန်းဟာ ကလေးစာပေကို ရေးသားလိုသူများအတွက် မေးဖို့ လိုအပ်တဲ့၊ မေးကိုမေးရမယ့် မေးခွန်းတစ်ခုပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးစာပေဟာ ကလေးတွေ ဖတ်ဖို့ရေးရတဲ့စာပေအမျိုးအစားဖြစ်တာမို့လို့ ရေးဖို့ ခက်တဲ့စာပေအမျိုးအစား ဖြစ်လို့ပါ။ လူကြီးဖတ်ဖို့ ဝတ္ထုတိုတွေ၊ ကဗျာတွေကို ရေးတတ်ပေမဲ့လည်း ကလေးဖတ်ဖို့ ပုံပြင်ကိုတော့ ကိုယ်တိုင်ရေးဖို့ မလွယ်ပါဘူး။ ကလေးဖတ်ဖို့ ပုံပြင်ဆိုတာဟာ တကယ်တော့ လူကြီးဖတ်ဖို့ ရေးတဲ့ ဝတ္ထု၊ ကဗျာများထက် ပိုခက်ပါတယ်။

ကလေးပုံပြင်ကို ရေးသားမယ့်သူဟာ ကလေးရဲ့ရှုထောင့်ကနေ ဝင်ပြီးတော့ ရပ်နိုင်၊ တွေးနိုင်တဲ့လူမျိုးဖြစ်ဖို့ လိုပါတယ်။ စိတ်ကူးစိတ်သန်းလည်း ဆန်းပြားဖို့ လိုသလို၊ ကလေးစိတ်ပညာကိုလည်း အတန်အသင့် နားလည်ဖို့ လိုပါသေးတယ်။ ဒီလိုရေးနိုင်ဖို့ဆိုတဲ့ကိစ္စဟာ တကယ်တော့ မလွယ်လှတဲ့ကိစ္စပါ။ ကျွန်မတို့နိုင်ငံမှာ ကလေးစာပေဟာ မထွန်းကားလှသေးသလို ကလေးပုံပြင်၊ ကလေးစာပေကို ကိုယ်တိုင်ရေးသားနိုင်တဲ့ စာရေးဆရာများဟာလည်း သိပ်ကိုမှ နည်းလှပါသေးတယ်။




ကျွန်မတို့နိုင်ငံက ကလေးပုံပြင်၊ ကလေးဇာတ်လမ်း၊ ကလေးရုပ်ပြဆိုတာတွေဟာ များသောအားဖြင့် လူကြီးတစ်ယောက်က လူကြီးလိုတွေးပြီး ရေးထားတဲ့လူကြီးပုံပြင်၊ ဇာတ်လမ်းတွေသာ ဖြစ်နေကြတာများပါတယ်။ ပုံပြင်၊ ကာတွန်း၊ ဇာတ်လမ်းတွေထဲမှာ ဇာတ်ကောင်တွေကသာ ကလေးဇာတ်ကောင်တွေ ဖြစ်နေပေမဲ့ ပြောနေတဲ့စကားတွေကတော့ ကလေးစကားတွေ မဟုတ်ကြပါဘူး။ ကလေးစာပေထွန်းကားပြီးသားဖြစ်တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများမှာတော့ ကလေးပုံပြင်တွေ၊ ကာတွန်းတွေဟာ ကလေးတွေလိုပဲ ချစ်စရာကောင်းလှပါတယ်။ ကလေးနဲ့ တူပါတယ်။ ကလေးတို့ရဲ့အသက်အရွယ်နဲ့ လိုက်ဖက်ပါတယ်။ စကားလုံးတွေက ခက်ခက်ကြီးတွေ မဟုတ်လှတဲ့အတွက် ကလေးနားလည်ဖို့ လွယ်ကူပါတယ်။ ဒါ ဘာကြောင့်လဲလို့ စဉ်းစားကြည့်တဲ့အခါမှာတော့ သူတို့ဆီက ကလေးပုံပြင်ရေးသူ စာရေးဆရာများဟာ ကလေးပုံပြင်ကို ဘယ်လိုရေးရမလဲဆိုတဲ့အကြောင်းကို သေသေချာချာ နားလည်ကြသူများဖြစ်နေတာကို တွေ့ရပါတယ်။

သူတို့ဟာ ကလေးစိတ်ပညာကို နားလည်ကြတဲ့သူများဖြစ်သလို၊ ကလေးတို့ရဲ့ အသက်အရွယ်လိုက် စိတ်ဝင်စားမှုအထွေထွေကိုလည်း နားလည်ကြသူများ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဖို့ ဘက်ပေါင်းများစွာ လိုအပ်နေတဲ့ ကျွန်မတို့နိုင်ငံမှာတော့ ကလေးစာပေရဲ့ဖွံ့ဖြိုးမှုဟာ အင်မတန်မှ နောက်ကျနေပါသေးတယ်။ မြန်မာစာပေလောကမှာလည်း ကလေးစာပေရဲ့ကွက်လပ်ဟာ တကယ့်ကိုပဲ အကြီးကြီး ဖြစ်နေသေးတဲ့ ကွက်လပ်ကြီးပါ။ ဒီကွက်လပ်ကြီးကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ကိစ္စဟာ တခြားတိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများလိုပဲ အင်မတန်မှ အရေးကြီးတဲ့ အလုပ်ကြီးတစ်ခုပဲ ဖြစ်ပါတယ်။ ကလေးတို့ကို စိတ်ဝင်စားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းဆိုတဲ့ ကိစ္စရပ်ကြီးဟာ အနာဂတ်နိုင်ငံတော်ရဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို စိတ်ဝင်စားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းပါပဲ။ ကလေးတို့ရဲ့နှလုံးသားတွေ နူးညံ့လှပစေဖို့၊ စိတ်ကူးစိတ်သန်းကွန့်မြူးစေဖို့၊ မတရားမှုကို တွန်းလှန်ရဲပြီးတော့ တရားမျှတမှုကို မြတ်နိုးတတ်စေဖို့အတွက် ပုံပြင်တွေဟာ ကလေးတွေရဲ့စိတ်နှလုံးသားကို ဆွဲယူလမ်းပြပေးနိုင်ပါတယ်။ ဒါကြောင့်မို့လို့ **နိုင်ငံရပ်ခြားက ပုံပြင်များကို ကျွန်မတို့ကလေးတွေ ဖတ်ဖို့ ဘာသာပြန်ဖို့လိုသလို၊ ကျွန်မတို့ကိုယ်တိုင် ကျွန်မတို့ကလေးတွေ ဖတ်ဖို့ ကိုယ့်ရိုးရာ၊ ယဉ်ကျေးမှုရေခံမြေခံ နောက်ခံပုံရိပ်တွေပါတဲ့ ပုံပြင်လေးတွေကိုလည်း ရေးသားဖို့ လိုတာပါပဲ။** ဒါပေမဲ့ ပုံပြင်ရေးတဲ့အခါမှာ ကလေး ဖတ်ဖို့ရေးတဲ့ ကလေးပုံပြင်ဖြစ်တဲ့အတွက် ကလေး စိတ်ဝင်စားအောင်၊ ကလေး ဖတ်ချင်အောင်၊ ကလေး နှစ်သက်အောင်လို့ ရေးဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

> **ကလေးပုံပြင်ကို ရေးသားမယ့်သူဟာ ကလေးရဲ့ ရှုထောင့်ကနေ ဝင်ပြီးတော့ ရပ်နိုင် တွေးနိုင်တဲ့ လူမျိုးဖြစ်ဖို့ လိုပါတယ် စိတ်ကူးစိတ်သန်းလည်း ဆန်းပြားဖို့ လိုသလို ကလေးစိတ်ပညာ ကိုလည်း အတန်အသင့် နားလည်ဖို့ လိုပါသေးတယ်**

ကလေး စိတ်ဝင်တစားနဲ့ ဖတ်ရှုနိုင်အောင်လို့ ကလေးပုံပြင်ကို ကျွန်မတို့ ဘယ်လိုရေးကြမလဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံက ကလေးပုံပြင်ရေးသူတွေကရော ကမ္ဘာကျော် ကလေးပုံပြင်များကို ဘယ်လိုနည်းစနစ်တွေ၊ ဘယ်လိုအတွေးတွေနဲ့ ရေးကြသလဲဆိုတာကို သိဖို့ သူတို့တစ်တွေ ပုံပြင်ကို ဘယ်လိုဖန်တီးလဲဆိုတာကို ကျွန်မတို့ လေ့လာဖို့ လိုပါတယ်။ ဒါကြောင့် သူတို့ ဘယ်လိုဖန်တီးလဲဆိုတာကို ကျွန်မတို့ လေ့လာကြရအောင်။

**ဇာတ်ကောင်နဲ့ ဇာတ်ကောင်စရိုက်**

ကလေးတို့အတွက် ပုံပြင်ဇာတ်လမ်းလေးတွေ ရေးတော့မယ်ဆိုရင် တိုတိုပဲ ရေးရေး၊ ရှည်ရှည်ပဲရေးရေး ပထမဆုံး စဉ်းစားရမယ့်အရာကတော့ ပုံပြင်ထဲမှာ ပါမယ့်(ထည့်ရေးရမယ့်) ဇာတ်ကောင်နဲ့ ဒီဇာတ်ကောင်ရဲ့ စရိုက်ပါ။ ပုံပြင်ဇာတ်လမ်းတစ်ခုမှာ ဇာတ်ကောင်ဟာ သိပ်ကိုမှ အရေးကြီးလှပါတယ်။ ဇာတ်ကောင်ဟာ ကိုယ်ရေးမယ့်ဇာတ်ကိုသယ်သွားမယ့်သူများ ဖြစ်တာမို့လို့ ဇာတ်ကောင်တွေ နေရာမှန်ဖို့ လိုပါတယ်။ ဇာတ်ကောင်တွေ နေရာမှန်ဖို့နဲ့ စိတ်ဝင်စားစရာကောင်းဖို့ဆိုတဲ့ ကိစ္စဟာ လူကြီးဝတ္ထုတွေ ရေးတဲ့နေရာမှာရော ကလေးဝတ္ထုတွေရေးတဲ့ နေရာမှာပါ အတူတူပဲ ဖြစ်တယ်လို့ ယေဘုယျအားဖြင့် ထင်ရပါတယ်။ ဒါပေမဲ့ ကလေးပုံပြင် ဇာတ်လမ်းအတွက် ဇာတ်ကောင်ကို ရွေးတဲ့နေရာမှာတော့ လူကြီးဝတ္ထုကို ရေးဖို့အတွက် ဇာတ်ကောင်ရွေးသလိုမျိုး ရွေးလို့ မရတော့ပါဘူး။

ကလေးပုံပြင်၊ ဇာတ်လမ်း၊ ဝတ္ထုများက **ဇာတ်ကောင်ဟာ ကလေးနဲ့ တူကို တူရပါမယ်။ ကလေးအတွေး၊ ကလေးစိတ်ကူးတို့လည်း ရှိရပါမယ်။** ကလေးလို တွေးတတ်တဲ့ စိတ်ကူးရှိဖို့အတွက် ကလေးစာပေရေးသူဟာ သူတို့လေးတွေရဲ့ ရှုထောင့်အမြင်ကနေ ကမ္ဘာလောကကြီးကို ကြည့်နိုင်ရပါမယ်။ ဒီလိုကြည့်နိုင်ပါမှ ကလေးအတွေး၊ ကလေးစိတ်ကူးများနဲ့ ကလေးဇာတ်ကောင်ကို သေသေချာချာ ပုံဖော်နိုင်မှာပါ။

ဒီနေရာမှာ ကလေးစာပေရေးသူဟာ လူကြီးတစ်ယောက်ဖြစ်နေတာမို့လို့ ကလေးအတွေး၊ စိတ်ကူးနဲ့ ကလေးဇာတ်ကောင်ကို ပုံဖော်ဖို့ဆိုတဲ့ ကိစ္စဟာ သိပ်တော့လွယ်လှတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကလေးပုံပြင်၊ ဝတ္ထု၊ ကဗျာရေးသူဟာ ကလေးများနဲ့ အချိန်ကြာကြာနေဖို့ လိုတယ်လို့ ဆိုတာပါပဲ။ ကလေးတွေနဲ့ အတူတူဆော့ကစားပြီးတော့ သူတို့ပြောတဲ့စကားတွေကို သေသေချာချာ စိတ်ဝင်တစားနဲ့ နားထောင်တတ်ဖို့ လိုပါတယ်။ ဒီလို နားထောင်ပါမှ အံ့ဩစရာကလေးကမ္ဘာလောက,က ကလေးတို့ရဲ့ အတွေးစိတ်ကူးကို ကျွန်မတို့ လှမ်းကြည့်နားလည်နိုင်မှာပါ။ ဒီနေရာမှာ ဖြည့်စွက်စကားအနေနဲ့ ကျွန်မတို့နိုင်ငံက ကလေးစာပေလောကမှာ တစ်ခေတ်တစ်ခါက အင်မတန်ထင်ရှားခဲ့တဲ့ **ဒေါက်တာမောင်ဖြူး**ရဲ့စကားကို ကိုးကားချင်ပါတယ်။

ဆရာက ဒီလို ဆိုခဲ့ပါတယ်။

*'၁၉၃၇-၃၉ လောက်က မကွေး၌ ကျောင်းအုပ်ဆရာကြီးလုပ်စဉ် သားသမီးမရှိသည့်ဘဝက စတီဗင်ရေးသော* ***အကျွန်ုပ်၏ အရိပ်ကလေး****ကို ကျွန်တော် ဘာသာပြန်သည်။ မအောင်မြင်။ 'ကျွန်တော့် ဘာသာပြန်မှာ ဆွတ်ပျင်းရည်ရရန် ပြုတ်ယူပြီးနောက် ကျန်သော ကြက်သားဖတ်နှယ် အရသာ ကင်းလှသည်'*လို့ ဆရာက ကလေးစာပေကမ္ဘာနဲ့ မြန်မာ့အခြေမှာ ရေးထားပါတယ်။ ဆရာဟာ သမီးလေး သီတာမွေးပြီးတဲ့အချိန်မှာတော့ သီတာ သုံးနှစ်အရွယ်မှာ ညအချိန် နံရံမှာ ပေါ်နေတဲ့ သီတာ့အရိပ်လေးကိုကြည့်ပြီးတော့ ဒီအရိပ်ကလေးကိုပဲ ဘာသာထပ်ပြန်ခဲ့ပါတယ်။ ဒီအခါမှာတော့ ဆရာ့ အရိပ်ကလေးကဗျာဟာ အောင်မြင်ခဲ့ပါတယ်။

ကလေးပညာရေးနဲ့ ဘော့စတွန်တက္ကသိုလ်က မာစတာဘွဲ့ရခဲ့သူလည်းဖြစ်၊ ကလေးစာပေတွေကို ရေးသားနေသူလည်းဖြစ်တဲ့ **Robert Munch** ကတော့ သူ့စာအုပ်များမှာ ကလေးဇာတ်ကောင်စရိုက်တွေကို မွေးတဲ့အခါမှာလည်း စိတ်ကူးယဉ်ဇာတ်ကောင်တွေကို မမွေးဘဲနဲ့ အပြင်မှာ တကယ်ရှိနေတဲ့ ကလေးများရဲ့စရိုက်တွေကို ယူပြီး တော့ ထည့်ရေးတယ်လို့ ဆိုပါတယ်။ ကလေးတို့ရဲ့တကယ့်အတွေးစစ်စစ်တွေ၊ စကားသံတွေကို နည်းနည်းပြုပြင်ဖြည့်စွက်ပြီးတော့လည်း သူ့ဇာတ်လမ်းတွေထဲမှာ

www.burmeseclassic.com

ထည့်ရေးခဲ့တာပါလို့ ပြောခဲ့ပါတယ်။

ဒီလိုသက်ရှိဇာတ်ကောင်တွေကို ပုံပြင်ဇာတ်လမ်းတွဲထဲမှာ ထည့်ရေးတာမို့လို့ သူ့ဇာတ်ကောင်တွေက အသက်ဝင်တယ်လို့ သူတို့ ဆိုပါတယ်။ ဒီနေရာမှာ ခဏရပ်ပြီးတော့ ကျွန်မတို့ဖတ်ခဲ့တဲ့ စာအုပ်တွေထဲက ဇာတ်ကောင်တွေအကြောင်းကို စဉ်းစားကြည့်ရအောင်ပါ။ ဝတ္ထုတစ်ပုဒ်၊ ဇာတ်လမ်းတစ်ပုဒ်ကိုဖတ်တဲ့အခါမျိုးမှာ ကျွန်မတို့ဟာ ဇာတ်ကောင်က အသက်ဝင်တယ်၊ မဝင်ဘူး။ ကာရိုက်တာ ကြွတယ်၊ မကြွဘူး စသဖြင့် ပြောလေ့ ရှိပါတယ်။ စာအုပ်ဖတ်တဲ့အချိန်မှာ လူကြီးစာဖတ်သမား ကျွန်မတို့ဟာ ဇာတ်ကောင်တွေရဲ့ ဆွဲခေါ်ရာနောက်ကို မမောတမ်း လိုက်သွားချင်ကြသလိုပဲ ကလေးများဟာလည်း ဇာတ်ကောင်တွေရဲ့ ဆွဲခေါ်ရာနောက်ကို လိုက်သွားချင်ကြပါတယ်။

ဒါကြောင့်မို့လို့ ကလေးစာပေ ရေးမယ့်သူဟာ ကိုယ်ရေးမယ့် ပုံပြင်၊ ဇာတ်လမ်း၊ ဝတ္ထုအတွက် ဇာတ်ကောင်ကို ရွေးချယ်ပြီးတဲ့အချိန်မှာပဲ ဒီဇာတ်ကောင်ကို အသက်ဝင်လာအောင်လို့ အသက်သွင်းဖို့ လိုပါတယ်။ ပုံပြင်တွေ၊ ဇာတ်လမ်းတွေ၊ ဝတ္ထုတွေ ဖတ်တယ်ဆိုတာဟာ ကျွန်မတို့ဟာ ခံစားချင်လို့ ဖတ်ကြတာပါ။ စိတ်အရသာဖြစ်တဲ့ ရသကို ခံစားချင်တာပါ။ စာဖတ်ရင်းနဲ့ ချစ်စရာကောင်းရင် သိပ်ကိုမှ ချစ်နေချင်ပြီးတော့၊ သနားစရာကောင်းတယ်ဆိုရင်လည်း ပီပီပြင်ပြင် သနားချင်ကြတယ်။ ဝမ်းနည်းစရာ၊ ဒေါသထွက်စရာ စတဲ့ ခံစားစရာများတွေ့ရင်လည်း သေသေချာချာကို စိတ်ထဲက လှိုက်ပြီးတော့ ဝမ်းနည်းချင်၊ ဒေါသထွက်ချင်ကြတယ်။

ဒီလိုဒေါသထွက်ဖို့၊ ဝမ်းနည်းဖို့၊ သနားဖို့၊ ချစ်ဖို့ စတဲ့ ခံစားချက်တွေကို လုပ်နိုင်သူတွေကတော့ ပုံပြင်၊ ဇာတ်လမ်း၊ ဝတ္ထုများမှာပါတဲ့ ဇာတ်ကောင်များပါပဲ။ **ဇာတ်ကောင်များဟာ ဇာတ်လမ်းမှာပါတဲ့ နေရာအလိုက် ချစ်စရာကောင်းတဲ့ ဇာတ်ကောင်ဆိုရင်ဖြင့် တကယ့်ကို ချစ်စရာကောင်းဖို့ လိုသလို၊ ဝမ်းနည်းစရာနေရာမှာ နေရသူဆိုရင်လည်း တကယ့်ကို ဝမ်းနည်းစရာကောင်းတဲ့ ဇာတ်ကောင်ဖြစ်ရပါမယ်။**

ကမ္ဘာကျော် စန်းဒိုက်ပုံပြင်ထဲက စန်းဒိုက်မင်းသမီးလေးဟာဆိုရင်ဖြင့် ဒီနေ့အချိန်ထိ ကလေးတို့ရဲ့စိတ်ထဲမှာ ချစ်စရာ၊ သနားစရာ မင်းသမီးလေးအဖြစ် မပျောက်မပျက် ရှိနေဆဲပါ။ စန်းဒိုက်ရဲ့ ဇာတ်ကောင်ရုပ်ဟာ တကယ့်သက်ရှိအရုပ်တစ်ရုပ်လို အသက်ဝင်နေတာမို့လို့ ကျွန်မနဲ့ သိပ်ကိုမှ နီးစပ်ရင်းနှီးခဲ့ရပါတယ်။

ဇာတ်ကောင်တွေကို အသက်ဝင်လာအောင်လို့ အသက်သွင်းဖို့ဆိုတဲ့ ကိစ္စဟာ ပုံပြင်၊ ဝတ္ထု၊ ရုပ်ပြဇာတ်လမ်းရေးသူ စာရေးသူများအတွက် အရေးကြီးဆုံးအကြောင်းအရာပဲ ဖြစ်ပါတယ်။ ဇာတ်ကောင်တွေကို အသက်ဝင်လာအောင် ဘယ်လို အသက်သွင်းမလဲဆိုတဲ့ အကြောင်းအရာကိုတော့ ကျွန်မ ထပ်ပြီးတော့ ဆွေးနွေးတင်ပြသွားပါဦးမယ်။ ■

**ခေတ်ဘုန်းသစ်**

***Ref: Writing for Kids by Jennifer Smart How to write children story by Polly Dunbar.***

နတ်သမီး
ပလပ်စတစ်အိတ်ပါး နှင့် ပုံနှိပ်လုပ်ငန်း
အမှတ် (၁၄)၊ မောမိဩော်ပင်လမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၄၁၁၁၄၊ ၆၄၅၉၈၇၊ ၀၉-၇၃၂၄၃၂၁၆



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းဆို သူ့အသက်က ၃၀ ထဲမှာပဲ ရှိသေးတယ်။ သူမတစ်ယောက်တည်းအနေနဲ့ဆို ဒီလိုအဖြစ်အပျက်မျိုးကို ကြိုတင်ပြီး မျှော်လင့်ပြင်ဆင်ထားဖို့ဆိုတာ လုံးဝကို မစဉ်းစားမိခဲ့တဲ့ အချောပေါ့။ ဒါပေမဲ့...

'သေခြင်းတရားဆိုတာ အားလုံးရဲ့ အနီးအနားမှာ ရှိနေတယ် စိမ်း။ အဲဒါကို ကိုယ်တို့ အားလုံးလိုလိုက တစ်နည်းနည်းနဲ့ မေ့နေကြတာ။ တချို့ဆို သေခြင်းတရားက အချိန်ကာလ၊ အသက်အရွယ်၊ အတန်းအစားမခွဲခြားဘူးဆိုတဲ့ နိယာမကို ကိုယ်တွေ့မျက်မြင် ကြုံကြရပြီး မှတ်မှတ် ရရရှိသွားတာတောင်မှ အတင်းမေ့ပစ်ဖို့ ကြိုးစားတတ်ကြသေးတယ်။ အဲဒီလို လူမျိုးတွေကိုလည်း အပြစ်တော့ မဆိုသာပါဘူးလေ။ မနက်ဖြန်ကို ဘယ်သူမှ အသေအချာ မပိုင်ဘူးဆိုတဲ့ အမှန်တရားက ကိုယ်တို့လို ပုထုဇဉ်တွေအတွက် အမြဲတမ်း နှလုံးသွင်းထားဖို့ နည်းနည်းခါးနေသေးတယ် မဟုတ်လား။ ဒါပေမဲ့ ကိုယ်တို့ ကြိုးစားကြရမယ်။ ဒါဟာသဘာဝတရားပဲဆိုတာကို နားလည်ထားပြီး ကိုယ်ချစ်မြတ်နိုးရတဲ့ သူတွေရဲ့သေဆုံးခြင်း၊ နောက်ဆုံးကျွာ ကိုယ်ကိုယ်တိုင်ရဲ့ သေဆုံးလွန်မြောက်သွားရခြင်းကိုတောင် သိပ်ပြီး မတုန်လှုပ်မိအောင်ကိုယ်တို့ရဲ့ စိတ်တွေကို ပျိုးထောင်ကြရမယ်'

သူ...သူမကို တစ်ယောက်တည်းထားခဲ့ပြီး လူ့လောကကြီးထဲကနေ အခုလို စောစောစီးစီး ထွက်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တော့မယ် ဆိုတာကို ကြိုများ သိနေလေရော့သလားကွယ်။ သူပြောခဲ့သလိုပဲ သူမ သိပ်ပြီး ချစ်မြတ်နိုးရတဲ့ သူ့ရဲ့သေဆုံး ခြင်းမှာ သိပ်ပြီးသွေးပျက် တုန်လှုပ်မသွားအောင် သူမ ကိုယ်သူမ ထိန်းနိုင်နေပေမဲ့ ရင်ဘတ်ထဲက နှလုံးသားက တော့ ဆောက်တည်ရာ မရ အောင် တုန်လှုပ်ဆူပွက်နေ တော့တယ်။ မျက်ဝန်းအိမ် တွေထဲမှာ ဝေ့လျှံဝဲကျလာတဲ့ မျက်ရည်စတွေကို သူများ အနီးအနားမှာ ရှိနေသေးရင် မြင်များသွားမလားဆိုတဲ့ စိုး ရိမ်စိတ်နဲ့ သုတ်ဖယ်ကွယ်ဝှက် နေမိတယ်။

'မိစိမ်း . . . ငိုချလိုက် လေ။ တင်းမထားနဲ့ သမီး။ အဲဒီလို တင်းထားတာ ပိုပြီး ခံရခက်တယ်'

'ဟင့်အင်း . . . ကိုက စိမ်းကို ငိုနေစေချင်မှာ မဟုတ် ဘူး'

ဒါဟာ ရှောင်လွှဲလို့ မရ တဲ့ သဘာဝတစ်ခုလို့ သူမ နားလည်လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ သူမနဲ့ ဆုံတဲ့အခါတိုင်း စကားတွေ မနားတမ်းပြော တတ်တဲ့ သူ့ရဲ့လွန်ကြူးတဲ့ တိတ်ဆိတ်ငြိမ်သက်နေမှုက သူမရဲ့ရင်ကို တစစ်စစ်နာ လာစေတယ်။ သူ့ရဲ့နှုတ်ခမ်း များတွေ နောက်ထပ်တစ်ခါ လှုပ်မလာနိုင်တော့ဘူးဆိုတဲ့ အသိ၊ သူပြောတဲ့စကားသံတွေ ကို နောက်ထပ်တစ်ခါ မကြား ရနိုင်တော့ဘူးဆိုတဲ့အသိ၊ သူ ငါ့ကိုသိပ်ချစ်တာပဲဆိုတဲ့ အသိ ကိုနည်းနည်းလေးမှ အလျှော့ ပါးမခံတဲ့ သူ့ရဲ့အလိုက်သိ သောဖြည့်ဆည်း ပေးဆပ်မှု တွေကို ဆုံးရှုံးလိုက်ရပြီဆိုတဲ့

> အနုပညာရှင်
> တစ်ယောက်ရဲ့
> အနုပညာ
> လက်ရာတွေ
> အချိန်ကာလနဲ့
> နေရာဒေသရဲ့
> တိုက်စားမှုကို
> ကြံ့ကြံ့ခံပြီး
> တင်ကျန်
> နေသေးသရွေ့
> အဲဒီ
> အနုပညာရှင်ရဲ့
> ရင်ခုန်သံနဲ့
> ခံစားချက်တွေက
> လည်း
> အခြားသူတွေရဲ့
> နှလုံးသားတွေကို
> ကူးစက်
> ခုန်လှုပ်စေရင်း
> ဆက်လက်
> ရှင်သန်နေဦးမှာပဲ

အသိ၊ ပြီးတော့ချစ်ခြင်းမေတ္တာ ရဲ့ကြီးမားတဲ့ အတိုင်းအဆ ပမာဏကို ထိစပ်မှုအခိုက် အတန့်တွေတိုင်းမှာ သက်ဝင် ခံစားနေရစေတဲ့ နွေးထွေးနူးညံ့ သော အငွေ့အသက်တွေကို ထပ်မရနိုင်တော့ဘူးဆိုတဲ့ အသိတွေက သူမ ဆန့်ကျင် မောင်းထုတ်နေတဲ့ကြားကကို စိတ်အလျှဉ်ထဲမှာ အဆက် မပြတ်ဆိုသလို ပေါ်ပေါ်လာ နေကြတယ်။

'ကိုယ်က အနုပညာ သမားတစ်ယောက်ဆိုတော့ ခံစားချက်တွေကို သူများတွေ ထက် ပိုပြီးတန်ဖိုးထားပါ တယ်။ အနုပညာရဲ့အသက်

ဟာ ခံစားချက်ပဲ။ တစ်ခုခု ကို ခံစားနေရတဲ့အခါမှာ ခံစား နေရုံသက်သက် မဟုတ်ဘဲ အဲဒီစိတ်ပိုင်းဆိုင်ရာ ခံစား ချက်နဲ့ ဆက်နွှယ်နေတဲ့ ရုပ် ပိုင်းဆိုင်ရာပြောင်းလဲမှု အကျိုး ဆက်တွေကိုပါ မြင်အောင် လိုက်ပြီး စူးစမ်းရတာ သိပ် စိတ်ဝင်စားဖို့ ကောင်းတယ် စိမ်းရဲ့။ အဲဒီလို စူးစမ်းရင်းနဲ့ စိတ်နဲ့ရုပ်ရဲ့ အဆက်အစပ်ကို စိမ်း သိလာလိမ့်မယ်။ အဲဒီ လို သိလာပြီဆိုတာနဲ့ ရုပ်ပိုင်း ဆိုင်ရာ ပြောင်းလဲမှုတွေကို ကောင်းတဲ့ဘက်ဆီ ဦးတည်စေ ဖို့ စိတ်ကိုဘယ်လို ဘယ်လို ထားရမယ် ဆိုတာကို ပါ တဖြည်းဖြည်းနဲ့ နားလည် လာလိမ့်မယ်'

အတူတူ ကုန်လွန်ဖြတ် သန်းခဲ့ကြတဲ့ အချိန်ကာလ တွေရဲ့ ကြည်နူးချမ်းမြေ့မှုကို သတိရတမ်းတနေမိတဲ့ စိတ် က သူ့အနားမှာ မရှိတော့ခြင်း နဲ့အတူ ရင်ဆိုင်ကြုံတွေ့ လိုက် ရတဲ့ လစ်ဟာမှုအတိုင်းအဆ ကို ကြီးသထက်ကြီးအောင် ဆွဲချဲ့နေတယ်။ ရင်ထဲမှာ ဘာမှ မကျန်တော့သလို လစ် ဟာသွားပေမဲ့ နှလုံးသား တစ်ခုလုံးက ရှေ့ဆက်ပြီး ခုန် လှုပ်နိုင်စွမ်း မရှိတော့လောက် အောင်ကို လေးလံလို့။ သူ အနားမှာ မရှိတော့ဘူးဆိုတဲ့ အရှိတရားကို ကောင်းသော အကျိုးတရားတွေဆီ ရောက်ဖို့ ဘယ်လို ပြောင်းလဲလက်ခံ ယူရမယ်မှန်း သူမ ဝေခွဲမရ ဖြစ်နေမိတယ်။

'ကိုယ်တို့ မလိုချင်တဲ့ အရာတွေကို မဖြစ်မနေ လက်ခံရတော့မယ် ဆိုတာ သေချာသွားပြီဆိုရင် ဒီအတိုင်း

ကြီးတော့ လက်မခံနဲ့။ အဲဒီ အရာကို ကိုယ်မလိုချင်တဲ့အ... အထားကနေ လိုချင်စဖွယ်ဖြစ် အောင် စိတ်နဲ့ အသွင်ပြောင်း ပြီးတော့မှ လိုလိုလားလားကို လက်ခံလိုက်၊ အဲဒါဆို ရလဒ် က တစ်မျိုးထွက်လာလိမ့် မယ်'

သူ မရှိတော့ဘူးဆိုတဲ့ အခြေအနေကို လိုချင်စဖွယ် ဖြစ်အောင် ဘယ်လိုအသွင် ပြောင်းပစ်ရမှာလဲ။ အဲဒီ အလေ့အထနဲ့ပတ်သက်ပြီး သူက သူကြုံတွေ့ခဲ့ရတဲ့ အ... အကြုံတွေထဲကနေ ဥပမာ... တွေ ထုတ်နုတ်ပြီး ရှင်းပြ... ဖူးတယ်။ ဒါပေမဲ့ ကိုယ်ရဲ့ အသက်လိုမြတ်နိုးတန်ဖိုး... ရတဲ့ ချစ်ရသူတစ်ယောက်... အပြီးအပိုင် လက်လွှတ်ဆုံး... လိုက်ရတဲ့ အခြေအနေမျိုး... တော့ မပါခဲ့ဘူး။

ကိုယ်ချစ်တဲ့ မိသား... အရိပ်အောက်မှာ ပျော်ရွှင်... နပ်စွာနဲ့ ကျင်လည်နေထိုင်... ရတဲ့ အခြေအနေကနေ ... လို့မှ ထင်မှတ်မထားတဲ့ ... ကျွန်ဝပ်ကျင်းလေးတစ်ခု... ကို ကိုယ့်ရဲ့အလိုဆန္ဒမပါ... ရောက်ရှိသွားခဲ့ဖူးတယ်... ပြောင်းလဲမှုတစ်ခုဖြစ်ပြီး... နဲ့ ကိုယ်တို့က ဆုံးရှုံးလိုက်... ပြီးဖြစ်တဲ့ အခြေအနေ... ထဲက အရာတွေထဲမှာပဲ ... ရောက်နေတတ်ကြပြီး ... တွေ့ရင်ဆိုင် ဖြတ်သန်း... ဖြစ်တဲ့ အခြေအနေသစ်... ရလာနိုင်တဲ့ အတွေ့အ... အသစ်တွေကို အာရုံစိုက်... စိတ်ကအလိုလို ငြင်း... တတ်ကြတယ်။ ပြီး... အဆိုးဆုံးက အခြေအ... ဆီပြန်သွားဖို့ကိုပဲ တစ်စိုက်...



www.burmeseclassic.com

www.burmeseclassic.com

...တ် မျှော်လင့်စောင့်စားနေ...မျိုး၊ အသည်းအသန်အား...တ် ကြိုးပမ်းကြတာမျိုးတွေဖြစ်လာတာပဲ။ ကိုယ်တို့ရဲ့စိတ်တွေကလည်း အထိန်းအကွပ်မဲ့သာ လွှတ်ထားခဲ့ရင်...သားကျ ကျေနပ်ခဲ့တဲ့ အခြေ...နေဟောင်းထဲကို ပြန်ပြန်...သွားပြီး အဲဒီအထဲမှာပဲ ကျင်...သည်သာယာနေတတ်တယ်လေ'

ဟုတ်တယ်။ အခုဆို သူမရဲ့စိတ်တွေက ပစ္စုပ္ပန်တည့်တည့်ဆီကိုတောင် ဘယ်လိုမှ ဆွဲခေါ်လို့ မရဘူးဖြစ်နေတယ်။ ပစ္စုပ္ပန်တည့်တည့်မှာ သူက လဲလျောင်းငြိမ်သက်နေပေမဲ့ သူမရဲ့ စိတ်ထဲမှာ သူက သွက်လက်လှုပ်ရှားနေတယ်။ ပစ္စုပ္ပန်တည့်တည့်မှာ သူက တိတ်ဆိတ်ဆွံ့အနေပေမဲ့ သူမရဲ့စိတ်ထဲမှာ သူ့အသံတွေကို ပြတ်ပြတ်သားသား ကြားနေရသေးတယ်။ ပစ္စုပ္ပန်တည့်တည့်မှာ သူ့ရဲ့မျက်ဝန်းတွေက မှေးမှိတ်ငြိမ်ဆိတ်နေကြပေမဲ့ သူမရဲ့စိတ်ထဲမှာ သူ့မျက်လုံးတွေက တောက်ပဝင်းလက်နေကြတယ်။ ပစ္စုပ္ပန်တည့်တည့်မှာ သူ့ရဲ့လက်တွေက အေးစက်တောင့်တင်းနေကြပေမဲ့ သူမရဲ့ စိတ်ထဲမှာတော့ သူ့ရဲ့လက်ဖဝါးနုနုတွေက နွေးထွေးလတ်ဆတ်နေတုန်းပဲ။

'မီးသင်္ဂြိုဟ်ဖို့ အလှည့်ကျပြီ ထင်တယ်။ ဟိုမှာ လာခေါ်နေကြပြီ'

'ရှင်...'

ခဏနေကြပါဦး၊ ကျွန်မ အဆင်သင့် မဖြစ်သေးဘူး။ အဲဒီလို တားချင်နေတဲ့ စိတ်ကို မတားရဘူးဆိုတဲ့ နောက်စိတ်တစ်ခုက လိုက်တားနေတယ်။ အဲဒီလိုနဲ့ သူမကို ကျော်ဖြတ်ပြီး သူ့ကိုယူဆောင်သွားကြတယ်။ အခြားသူတွေရဲ့ခေါ်ဆောင်ရာ လမ်းကို အသာတကြည့်နဲ့ စီးမျောလိုက်ပါလေ့ မရှိတဲ့ သူ့ဆီက အခုတော့ ဘယ်လို ငြင်းဆန်တွန်းလှန်မှုမျိုးမှ မတွေ့ရဘူး။ နောက်ပြီး အခြားသူတွေ သယ်ဆောင်ရာနောက်ကို သက်သောင့်သက်သာနဲ့ လိုက်သွားတဲ့ သူ့ရဲ့အသွင်အပြင်မှာ သူမကို ထားခဲ့ရခြင်းအတွက် စိတ်ကသိကအောက် ဖြစ်နေတဲ့ ခံစားချက်တွေလည်း ရှိမနေခဲ့ဘူး။ အဲဒါ သူမှ မဟုတ်ဘဲ။ ဒါဆို သူက ဘယ်မှာလဲ။

'လူတွေဟာ သူတို့ရဲ့ အမျိုးအနွယ်ကို မပျက်စေဖို့ မျိုးဆက်တွေ ထားရစ်ခဲ့ကြတယ်။ အဲဒီလိုပဲ အနုပညာရှင်တွေဟာလည်း သူတို့ရဲ့ အသက်ဓာတ်ကို သူတို့ဖန်တီးတဲ့ အနုပညာပစ္စည်းတွေထဲ သွတ်သွင်းပြီး သူတို့ရဲ့ ရင်ခုန်သံနဲ့ ခံစားချက်တွေကို ခေတ်အဆက်ဆက်တိုင်အောင် အသက်ဆက်ခဲ့တတ်ကြတယ်။ အဝါရောင်ဆိုက်ပရပ်စ်ပင်တွေရဲ့ ယိမ်းနွဲ့တိမ်းညွတ်မှုတွေထဲမှာ ဗန်ဂိုးရဲ့ စိတ်လှုပ်ရှားမှုတွေ ငြိတွယ်ရောယှက်နေတာမျိုး၊ မိုနာလီဇာရဲ့အပြုံးကနေ တစ်ဆင့် လီယိုနာဒိုဒါဗင်ချီရဲ့ ရင်ခုန်သံကို လှမ်းကြားလိုက်ရတာမျိုးပေါ့။ အနုပညာရှင်တစ်ယောက်ရဲ့ အနုပညာလက်ရာတွေ အချိန်ကာလနဲ့နေရာဒေသရဲ့တိုက်စားမှုကို ကြံ့ကြံ့ခံပြီး တင်ကျန်နေသေးသရွေ့ အဲဒီအနုပညာရှင်ရဲ့ ရင်ခုန်သံနဲ့ ခံစားချက်တွေကလည်း အခြားသူတွေရဲ့နှလုံးသားတွေကို ကူးစက်ခုန်လှုပ်စေရင်း ဆက်လက်ရှင်သန်နေဦးမှာပဲ'

သူ့ရဲ့ရင်ခုန်သံတွေကို ပြန်ကြားရနိုင်တဲ့ နေရာက ဒီနေရာမှ မဟုတ်ဘဲ ။ နောက်ပြီး အခု မီးရှို့ဖျက်ဆီးပစ်ကြတော့မယ့် ရုပ်ခန္ဓာကြီးကလည်း သူမှမဟုတ်ဘဲ။ သူမ ခြေလှမ်းတွေရဲ့ ဦးတည်ရာကို ပြောင်းလဲပစ်လိုက်တယ်။ သူ တကယ် ရှိနေသေးတဲ့ နေရာဆီကို။

'စိမ်း မီးသင်္ဂြိုဟ်မယ့် နေရာက ဟိုဘက်မှာလေ၊ နင် ဘယ်ကို သွားမလို့လဲ၊ ဟိုမှာ နင့်ကိုစောင့်နေကြတယ်'

'ဟင့်အင်း၊ ငါ မလိုက်တော့ဘူး သူငယ်ချင်း။ ငါ အိမ်ပြန်တော့မယ်။ အခုအချိန်မှာ ငါ တကယ် ရှိနေသင့်တဲ့ နေရာက ငါတို့ရဲ့အိမ်ကလေးမှာပါ'

နောက်ထပ်ပြီး ဘယ်သူမှ သူမကို မတားလိုက်နိုင်မီမှာပဲ သူမ ကားလေးနဲ့အတူ အိမ်အပြန်လမ်းပေါ်ရောက်နေခဲ့ပြီ။ သူ ရှိနေသေးတယ်ဆိုတဲ့ ယုံကြည်မှုက သူ မရှိတော့ဘူးဆိုတဲ့ အသိကို မောင်းထုတ်ပစ်လိုက်ခြင်းနဲ့အတူ သူမရဲ့စိတ်တွေ ပေါ့ပါးလန်းဆန်းလာတယ်။ ဟုတ်တယ် သူ အသေအချာကို ရှိနေသေးတယ်။ သူနဲ့ သူမရဲ့အိမ်ကလေးထဲမှာ သူ ဖန်တီးဖြစ်တည်စေခဲ့တဲ့ အနုပညာလက်ရာတွေက နေရာမလပ်အောင်ကို ပြည့်နှက်တည်ရှိနေကြဆဲပဲလေ။ သူ ရေးခဲ့တဲ့စာ၊ သူဆွဲခဲ့တဲ့ ပန်းချီ၊ သူရွတ်ခဲ့ဖူးတဲ့ကဗျာ၊ သူဆိုခဲ့ဖူးတဲ့ သီချင်းတွေ များစွာက သူ့ရဲ့ရင်ခုန်သံစည်းချက်တွေကို သူမရဲ့နှလုံးသားဆီ ကူးစက်သယ်ပို့ကြရင်း၊ သူမရဲ့ရင်ကို သူ့အသက်ဓာတ်နဲ့ ခုန်လှုပ်စေလိမ့်မယ်။ ပြီးတော့-

'လူတစ်ယောက်ရဲ့ နှလုံးသားကို ခံစားချက်တစ်ခုခုနဲ့ လှုပ်ရှားသက်ဝင်လာစေနိုင်တဲ့ စွမ်းအားကို အနုပညာရဲ့ မရှိမဖြစ်သော ဂုဏ်အရည်အသွေး တစ်ခုအဖြစ် သတ်မှတ်မယ်ဆို... စိမ်းရဲ့နှလုံးသားကို တုန်ယင်လှုပ်ရှားစေတဲ့ ကိုယ့်ရဲ့အနမ်းတစ်ပွင့်ကိုလည်း ကိုယ်ဖန်တီးတဲ့ အနုပညာပစ္စည်းတစ်ခုအဖြစ် မှတ်ယူလို့ ရနိုင်တာပဲ မဟုတ်ဘူးလား။ စိမ်းရဲ့နှုတ်ခမ်းတွေပေါ်ကို သက်ဆင်းကြွေကျခဲ့ဖူးတဲ့ ကိုယ့်ရဲ့အနမ်းတွေတိုင်းဟာ ကိုယ့်ရဲ့ခံစားချက်တွေ မဖိတ်မစဉ်ရအောင် အာရုံစူးစိုက်မှုအပြည့်နဲ့ ဂရုတစိုက် နမ်းရှိုက်ခဲ့တာတွေချည်းပါပဲ။ ကိုယ်ကတော့ စိမ်းနဲ့ဝေးနေရတဲ့ အချိန်တွေမှာတောင် မျက်စိလေးမှိတ်ပြီး ပြန်တွေးကြည့်လိုက်တိုင်း အဲဒီအခိုက်အတန့်လေးတွေမှာရခဲ့တဲ့ ကြည်နူးကျေနပ်မှုမျိုးကို ပြန်ခံစားမိနေတုန်းပဲ။ အဲဒီလိုပဲ ကိုယ်တို့နှစ်ယောက်အတူ ပိုင်ခဲ့ကြဖူးတဲ့ ချစ်စရာအခိုက်အတန့်လေးတွေဟာလည်း ကိုယ်တို့နှစ်ဦးရဲ့ သီးသန့်အနုပညာတွေပဲပေါ့ စိမ်းရယ်'

ဟုတ်တယ်။ အိမ်ကလေးရဲ့ နေရာတွေတိုင်းမှာ သူ့ရဲ့စူးနစ်သော အနမ်းတွေ ရှိနေတယ်။ သူမ အံ့ဩမှင်

www.burmeseclassic.com

တက်နေလောက်အောင်ကို သူ့ရဲ့ထိတွေ့နမ်းရှိုက်မှုတွေက နူးညံ့သိမ်မွေ့လွန်းလှတယ်။ သူဟာ ချစ်သူကို ချစ်နေရတဲ့ အချိန်ကာလလေးတွေကို တောင် အနုပညာရသမြောက်အောင် ဖန်တီးနိုင်စွမ်းရှိသူပဲ။ အိမ်ကလေးရဲ့ ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် သူတို့နှစ်ဦးရဲ့ အနုပညာဆန်သော ဆက်နွယ်ပတ်သက်ခဲ့မှုတို့ရဲ့အရိပ်တွေ၊ စိတ်ကူးကားချပ်တွေထဲကနေ ထွက်လာပြီး အကောင်အထည်ပြနေကြတယ်။ မြင်ကွင်းတိုင်းမှာ အထင်းသား ပါဝင်ပတ်သက်နေတဲ့ နက်ရှိုင်းစူးနစ်သော ခံစားချက်တို့ရဲ့ ပြင်းရှမှုက သူမရဲ့ နှလုံးသားကိုသူကိုယ်တိုင် အနားနား ရောက်လာပြီး ထွေးပွေ့ယုယနေသလိုမျိုး ခံစားနေရစေတယ်။ နှလုံးသားတစ်ခုတည်းဆီကနေ စီးဆင်းလာသလိုမျိုး ထပ်တူထပ်မျှဖြစ်ခဲ့ကြဖူးတဲ့ ရင်ခုန်သံစည်းချက်တွေဟာ အခုလည်း သူမနှလုံးသား တစ်ခုတည်းရဲ့ ကြိမ်နှုန်းတွေအဖြစ်နဲ့ တစ်သားတည်း ရောယှက်ခုန်လှုပ်နေကြပြီ။ သူမရဲ့ ရင်ခုန်သံစည်းချက်တွေ၊ သူမရဲ့ဝင်သက်ထွက်သက်တွေ၊ သူမရဲ့ အကြိမ်ကြိမ် အထပ်ထပ်သော ကြည်နူးချမ်းမြေ့မှု အခိုက်အတန့်လေးတွေထဲမှာ သူထားရစ်ခဲ့တဲ့ ခံစားချက်လှိုင်းတွေရဲ့တိမ်းမူးဖွယ်ရသက အသေအချာကို ပေါင်းစပ်ပါဝင်နေမှန်း သူမ သိနေရတယ်။ သူ ဖန်တီးခဲ့တဲ့ အနုပညာတွေထဲကနေ စီးထွက်ဖြာယှက်နေတဲ့ ဒြပ်မဲ့လှိုင်းတွေထဲမှာ တလိမ့်လိမ့် တငြိမ့်ငြိမ့်နဲ့ စီး

သူရေးခဲ့တဲ့ စာ
သူဆွဲခဲ့တဲ့ ပန်းချီ
သူရွတ်ခဲ့ဖူးတဲ့
ကဗျာ
သူဆိုခဲ့ဖူးတဲ့
သီချင်းတွေ
များစွာက
သူ့ရဲ့ရင်ခုန်သံ
စည်းချက်တွေကို
သူမရဲ့
နှလုံးသားဆီ
ကူးစက်
သယ်ပို့ကြရင်း
သူမရဲ့ရင်ကို
သူ့
အသက်ဓာတ်နဲ့
ခုန်လှုပ်
စေလိမ့်မယ်

မျောလိုက်ပါနေရခြင်းက သူမ ရှေ့ဆက်ရမယ့် ဘဝပဲ။

'စိမ်းထက်အရင် ကိုယ်က လူ့လောကကြီးထဲကနေ ထွက်ခွာသွားရမယ်ဆိုရင်တောင် စိမ်းကိုတော့ လူ့လောကကြီးထဲ ဆက်လက်ရှင်သန်နေစေချင်သေးတယ်။ စိမ်း ကိုယ့်နောက်လိုက်လာမယ့်အချိန်ကို ဘယ်လောက်ပဲကြာကြာ ကိုယ်စောင့်မှာပေါ့။ လောကကြီးထဲမှာ သေဆုံးလွန်မြောက်သွားရခြင်းတွေရှိသလို နေထိုင်ရှင်သန်နေရခြင်းတွေလည်း ရှိတယ်လေ။ သေသူတွေ သေသွားကြသလိုပဲ နေသူတွေကလည်း ဆက်နေသွားကြရဦးမှာပဲ။ ကိုယ်တို့နှစ်ယောက် အတူတကွ ချစ်မြတ်နိုးခဲ့ကြတဲ့အရာတွေ၊ ကိုယ်တို့နှစ်ယောက်လုံး တန်ဖိုးထားခဲ့ကြတဲ့အရာတွေအတွက် တစ်ယောက်မရှိတော့ရင်တောင် တစ်ယောက်က ဆက်လက်ရှင်သန်နေရမယ်နော်'

သူ ဘာတွေကို ယုံကြည်ခဲ့သလဲ၊ သူဘာကိုမျှော်လင့်ခဲ့သလဲ၊ သူ ပြဋ္ဌာန်းချင်ခဲ့တဲ့ ဘဝရဲ့အဓိပ္ပာယ်က ဘာလဲ။ သေချာတာကတော့ သူတို့နှစ်ယောက် တစ်ထပ်တည်းကျခဲ့တဲ့ယုံကြည်မှု၊ မျှော်လင့်ခြင်းတွေနဲ့ ဘဝတစ်ခုရဲ့ အဓိပ္ပာယ်ကို နှစ်ယောက်ပေါင်းပြီး ပြဋ္ဌာန်းတည်ဆောက်ကြဖို့ ရည်ရွယ်ခဲ့ကြဖူးတယ်။ နှစ်ယောက်စလုံး ယုံကြည်ခဲ့ကြတဲ့ လမ်းပေါ်မှာတစ်ယောက်လက်ကိုတစ်ယောက် ရဲရဲတွဲပြီး တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဖေးကူထူမ,ရင်း ပျော်ပျော်ရွှင်ရွှင်လျှောက်လှမ်းခဲ့ကြဖူးတယ်။ အကောင်းလောကဓံတွေနဲ့ ကြုံရတဲ့အခါ ရင်ချင်းအပ်ပြီး ပျော်ရွှင်ကြည်နူးခဲ့ကြသလို အဆိုးလောကဓံတွေရဲ့ဒဏ်ကို ခံရတဲ့အခါတွေမှာလည်း ကျောချင်းကပ်ပြီး ဝေမျှခံစားခဲ့ကြတယ်။ အခုတော့ သူမက်ခဲ့တဲ့ အိပ်မက်ကို သူမ တစ်ယောက်တည်း ဆက်မက်ရတော့မယ်။ ယုံကြည်ရာလမ်းကို သူ ထားရစ်ခဲ့တဲ့ အနုပညာတွေကတစ်ဆင့် သူ့ရင်ခုန်သံတွေကို ကြားယောင်နားဆင်နေရင်းနဲ့ပဲ သူမ တစ်ယောက်တည်း ဆက်လက်လျှောက်လှမ်းရတော့မယ်။

'စိတ်ချပါ ကိုရယ်... ကို့ရဲ့ နှလုံးသွေးတစ်စက် ရောပါစီးဆင်းနေတဲ့ နှလုံးသားနဲ့ ကို, မက်ခဲ့တဲ့ အိပ်မက်ကို ကျွန်မ ဆက်မက်မယ်။ ကို့ကို လွမ်းတဲ့အခါ ကိုရေးခဲ့တဲ့ သီချင်းလေးတွေကို ဆိုရင်း အလွမ်းဖြေမယ်။ ကို့ကို ပြောစရာတွေရှိတဲ့အခါ ကျွန်မ စပ်ထားတဲ့ ကဗျာလေးတွေကို ရွတ်ပြမယ်လေ။ ကို့ကို သတိတရဖြစ်မိတဲ့အခါတိုင်း ကိုလုပ်စေချင်တဲ့အနုပညာ အလုပ်တွေကိုတိုးတိုးလုပ်ရင်း ကျွန်မရဲ့ တမ်းတစိတ်တွေကို ဖြေသိမ့်မယ်။ ကို ကျွန်မအနားမှာ မရှိတော့လို့ ကို့ကို ယုယထွေးပိုက်ခွင့် မရတော့ပေမဲ့ ကို ဖန်တီးခဲ့တဲ့အနုပညာတွေကို ကို့ရဲ့ အသွေးအသားတွေလို သဘောထားပြီး ကျွန်မ ယုယကြင်နာပါ့မယ် ကို။ စစ်မှန်မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာကို ဝေးကွာခြင်းတရားက တိုက်စားဖြိုချပစ်လို့မရဘူးဆိုတဲ့ သစ္စာကို ကျွန်မဘဝနဲ့ရင်းပြီး တည်စေမယ်။ အဲဒီ စွဲမြဲခိုင်ခံ့တဲ့ ချစ်ခြင်းမေတ္တာရဲ့ စွမ်းပကားကြောင့် ကိုနဲ့ကျွန်မ ဘဝဆက်တိုင်း ဆုံစည်းခွင့် ရ,ရလိမ့်မယ်လို့လည်း ကျွန်မ ယုံကြည်ထားပါရစေကွယ်'

❑

ကောင်လေးဟာ နောက်ဘဝတစ်ခုကနေ သူ့ချစ်သူကို ယုံယုံကြည်ကြည်နဲ့ စောင့်နေတယ်။ သူ့ချစ်သူကောင်မလေးနဲ့က လွဲလို့ အခြားဘယ်သူနဲ့မှ သူ့ရဲ့ရင်ခုန်သံက ထပ်တူကျမှာ မဟုတ်ဘူးလေ။ ■

**နေဘုန်းလတ်**



www.burmeseclassic.com

www.burmeseclassic.com


# aperture

Advertising photo studio / Digital photo lab & framing

◈ စီးပွားရေးကြော်ငြာဓါတ်ပုံများ ◈ ကျောက်မျက်ရတနာများ ◈ လူသုံးကုန်ပစ္စည်းများ

◈ အဆောက်အဦးများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ဖွဲ့စည်းမှုဓါတ်ပုံများ

◈ မော်ဒယ်ဓါတ်ပုံများ ◈ ဖက်ရှင်အလှဓါတ်ပုံများ

◈ မင်္ဂလာမောင်နှံညှို့ကြိုဓါတ်ပုံနှင့်မင်္ဂလာညှို့ခံပွဲဓါတ်ပုံများ

◈ အခြားသောအမှတ်တရဓါတ်ပုံများ

◈ ဓါတ်ပုံ ***Album*** ပြုလုပ်ပေးခြင်း

◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးပေးခြင်း

◈ ***Hand Phone & Tablets*** အမျိုးမျိုးမှ ဓါတ်ပုံကူးပေးခြင်းနှင့်ကော်ဖီခွက်ပေါ်တွင်
အမှတ်တရပုံများရိုက်နှိပ်ပေးခြင်း

◈ ခေတ်မီလှပသေသပ်သောရေစိုခံဓါတ်ပုံဘောင်အမျိုးမျိုးကိုလူကြီးမင်းတို့စိတ်တိုင်းကျ
ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

**မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊**

**သက်ကြီးရွယ်အိုဘိုးဖွားဓါတ်ပုံများကို**

**အိမ်တိုင်ရာရောက် ရိုက်ကူးပေးပါသည်။**

No.169 (C.1), 36th Street (Middle), Kyauktada Tsp, Yangon.
09-73024327, 09-73024328, 09-73041734, 09-73041735. Ext:112,126




www.burmeseclassic.com

www.burmeseclassic.com

မေမေရော ကျွန်တော်ပါ
ပြည်မြို့က ခေတ္တရာမြို့
သစ် ၄/၁လမ်း၊ ၁၃၅၇
အိမ်ကို မလွမ်းဘယ်မှာရှိပါ့။

❑

အိမ်လေးတစ်လုံးကို အသည်းနှလုံးမဲ့စွာ
ဘယ်သူ စွန့်ပစ်နိုင်မှာလဲ။
လူတွေဟာ အကြောင်းတရားကိုယ်စီ၊
အကျိုးတရားကိုယ်စီရှိပြီးသား ဆိုတော့
ငှက်သိုက်လေးကိုပဲ တစ်ခါဖျက်ဖူးသလို၊
ပင့်ကူအိမ်လေးကိုပဲ ဖျက်ဆီးခဲ့သလို အတွေးက
ဝဋ်ကြွေးဆိုတာတွေအထိ တွေးမိလာတယ်။
မိသားမစုနိုင်တဲ့ သားအမိအဖြစ်က
အိမ်တစ်လုံးအပေါ် သံယောဇဉ်မဲ့စွာ စွန့်ပစ်သလို
ဖခင်ရဲ့ လက်ငုတ်လက်ရင်းကို ဖြိုချမိခဲ့ပါတယ်။
ထိုသို့သော အရေးအကြောင်းများ
အတွက် ပြဿနာတို့က လူသားကို
ထုခွဲဖြေရှင်းဖို့ အကြံပေးလာပါတယ်။




ရန်ကုန်မှာ ကျောတစ်နေရာစာ
ရှာဖွေရခက်ခဲ့တဲ့
ကာလများတွင်
ပြည်အိမ်ကို လွမ်းပြီး




www.burmeseclassic.com

www.burmeseclassic.com

ပြည်ပြန်ချင်စိတ်တွေ
ပေါ်လာတယ်။
[အ]စ်ခါကပါ။ ပြည်အိမ်ကို
မရောင်းရသေးခင်
[ခ]န်ကာလတွေတုန်းကပေါ့။
ပြည်မြို့ဟာသိပ်လှပြီး
[ယ]ဉ်ကျေးတဲ့မြို့ဖြစ်ပါတယ်။
အနုပညာရှင်ပေါင်းများစွာ
ပေါ်ထွန်းခဲ့တဲ့မြို့လည်း
ဖြစ်ပါတယ်။
ပြည်နဝဒေးကြီး၊
ဆရာကြီးဒွေဥဒေါင်းအပြင်
ဆရာဗန်းမော်တင်အောင်
သစ်ကုန်သည်လေးအဖြစ်
နေခဲ့ဖူးတဲ့မြို့ဖြစ်ပါတယ်။
ကိုခင်ဝမ်း၊ မောင်ချောနွယ်၊
သုခမိန်လှိုင်၊ ကိုဆွေ၊
ထရမ်းပက် ဝင်းဦး၊

ပြည်မြို့ဟာသိပ်လှပြီး
ယဉ်ကျေးတဲ့မြို့ဖြစ်ပါတယ်
အနုပညာရှင်ပေါင်းများစွာ
ပေါ်ထွန်းခဲ့တဲ့မြို့လည်း ဖြစ်ပါတယ်
ပြည်နဝဒေးကြီး
ဆရာကြီးဒွေဥဒေါင်းအပြင်
ဆရာဗန်းမော်တင်အောင်
သစ်ကုန်သည်လေးအဖြစ်
နေခဲ့ဖူးတဲ့မြို့ဖြစ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

> ကိုခင်ဝမ်း
> မောင်ချောနွယ်
> သုခမိန်လှိုင်
> ကိုဆွေ
> ထရမ်းပက် ဝင်းဦး၊
> တေးရေး စစ်အိမ်
> တေးဆို
> ဇာနည်
> အစရှိတဲ့
> အနုပညာရှင်များ
> ရှင်သန်
> ထမြောက်ခဲ့တဲ့
> ရပ်ဝန်းလည်း
> ဖြစ်ပါတယ်

တေးရေး စစ်အိမ်၊ တေးဆို ဇာနည် အစရှိတဲ့ အနုပညာရှင်များ ရှင်သန်ထမြောက်ခဲ့တဲ့ ရပ်ဝန်းလည်း ဖြစ်ပါတယ်။

ဆရာကြီး ဌေးဥဒေါင်း အိမ်ဆိုရင် ရွှေပလ္လင်မျှော် ဘုရားနားတွင် ရှိခဲ့သလို ဆရာဇန်းမော်တင်အောင်နေခဲ့တဲ့ အိမ်နေရာက အခုဖက်တန်းဈေးနားတွင် ရှိနေသေးပါတယ်။

ကိုခင်ဝမ်း၊ မောင်ချောနွယ်၊ ကိုဆွေ၊ သုခမိန်လှိုင်တို့အိမ်များကလည်း အခုထိ ရှိနေဆဲလို့ ပြောလို့ရပါတယ်။ ကိုခင်ဝမ်းအိမ်က လောကပါရလမ်းကြားထဲတွင် သုံးထပ်တိုက်အဖြစ် တည်ရှိနေပါတယ်။ ယခင်အိမ်ဟောင်းကို ပြင်၍ တည်ဆောက်ထားခြင်းပါ။ ကဗျာဆရာ မောင်ချောနွယ်ရဲ့ မင်းကြီးတောင်အိမ်ကတော့ ခြစားတဲ့အထဲ ပါသွားပါပြီ။ မောင်ချောနွယ် ဖခင်မြို့ပိုင်မင်းကြီးအိမ်က အခုထိ ရှိနေဆဲပါ။ ဆရာကိုဆွေ မိဘပိုင်အိမ်နေရာ ရှိပေမဲ့ ကွယ်လွန်သူ ကိုဆွေ့အိမ်တော့ မဟုတ်တော့ပါဘူး။ ကျွန်တော် မှတ်မိသလောက် ဆရာကိုဆွေဟာ အိမ်ငှားဘဝနဲ့ ပြည်မြို့အနှံ့ မသေခင် လေးငါးခြောက်နေရာ ပြောင်းနေခဲ့တာတော့ မှတ်မိပါတယ်။ သူ မဆုံးခင် နှစ်ပိုင်း ရန်ကုန် လှိုင်သာယာအထိ အိမ်ငှားဘဝနဲ့ ရပ်တည်ဖို့ ကြိုးစားပါသေးတယ်။ တကယ့်သနားစရာ အနုပညာသမားဘဝပါ။ ဆရာကိုဆွေဟာ သေတဲ့အထိ ကိုယ်ပိုင်အိမ်လေးကို အိပ်မက်မက်ရင်း ငှားနေတဲ့အခန်းထဲမှာပဲ ကွယ်လွန်သွားခဲ့တာပါ။ ကျွန်တော်နဲ့ စ,သိကတည်းက သေတဲ့အထိ အိမ်ငှားဘဝနဲ့ ရုန်းကန်ရင်း အနုပညာဆန်သောသူလို့ ပြောရင်ရပါတယ်။

သူ့စကားတစ်ခွန်း မှတ်သားရဖူးပါတယ်။ အိမ်ငှားဆိုတာ ပန်းအိုးထဲထည့်ထားတဲ့ မြေကြီးပဲ ပိုင်ရသလိုတဲ့။ ဝတ္ထုတိုရေးသူ ကိုဆွေဟာ သေတဲ့အထိ အိမ်ငှားဘဝနဲ့ နေသွားခဲ့သူပါ။ ဆရာ သုခမိန်လှိုင်အိမ်ကတော့ အုန်းတောလမ်းထဲ၌ အခုထိ ရှိနေသေးပါတယ်။

❑

ထိုကဲ့သို့ ကဗျာဆရာ ချမ်းငြိမ်းအေး(ကိုတိုးကြီး) ကွယ်လွန်ရဲ့အိမ်ကလည်း လွမ်းမောသတိရစရာအိမ်ပါ။ ခုတော့ သူ့သားသမီးမြေးမြစ်နဲ့ သူ့မိန်းမ ဒွေးရီတို့ရှိနေတဲ့ တကောင်းတွင်းအိမ်ပါ။ ထိုအိမ်လေးကလည်း ဆရာမောင်သင်းခိုင်(ဘိုကြီး)၊ မောင်မြေကြီး ပန်းတောင်း၊ ဆရာရဲခေါင်မဲမောင်(ကိုနေမျိုးအေး)တို့ ရောက်ဖူးစတည်းချရာအိမ်လေး ဖြစ်ပါတယ်။

နောက် ရွှေဆံတော်ဘုရားမြောက်ဘက်မုခ် နာရီစင်နားက စာရေးဆရာ ကိုသရဝဏ်ရဲ့အိမ်လေးကလည်း ပြည်မြို့ရဲ့စာရေးဆရာရဲ့အိမ်ထဲမှာ ပါဝင်သော အထင်ကရ အိမ်လေးပါ။ နောက် ကိုဝင်းသိမ်းအိမ်၊ ပြီးတော့ ကျွန်တော်ရဲ့အချစ်ဆုံးသူငယ်ချင်း စာရေးဆရာ၊ ကဗျာဆရာခိုင်သစ်အိမ်။ ထိုအိမ်က ကျွန်တော့်စားအိမ်သောက်အိမ်ဖြစ်ပါတယ်။ ခိုင်သစ်မိန်းမ မိုးမို၊ သမီးကြီးယဉ်မိုးဦး၊ သမီးလတ် ပုတက်နဲ့ သားငယ် ဖိုးတားလေးတို့ကလည်း ကျွန်တော့်အတွက် အခုအချိန်မှာ လွမ်းမောဖွယ်ရာ မိသားစုလေးပါ။

နှစ်သင်းလေရဲ့ အိမ်လို့ အမည်တပ်ရမယ့် ကြက်သားကာလသားချက်ဆိုင်လေး၊ ရီဝေမှုတွေနဲ့ ဆာလောင်ခြင်းတွေကို ထွက်ပေါက်အဖြစ် ကျွန်တော်တို့သူငယ်ချင်းများကို ခံစားမှုအပြည့်ပေးတဲ့ နဝဒေးတံတားထိပ်က ရပ်ဝန်းလေးဖြစ်ပါတယ်။ ချစ်စရာကောင်းတဲ့ အမွှေးစုတ်ဖွားခွေးလေးတွေနဲ့ အရသာရှိတဲ့ ကြက်သားကာလသားချက်ကလည်း တကယ့်ကို လွမ်းမောဖွယ်ရာကောင်းလှပါတယ်။

ပြည်ကို သတိရတိုင်း ကျွန်တော် အမြဲရောက်ဖြစ်တဲ့ နဝဒေးတံတား ရှုမျှော်ခင်းကို ငေးရီပြီးရင် သူ့ဆိုင်မှာ ပြန်ပြီး နားတတ်ပါတယ်။ သူတို့ဇနီးမောင်နှံ၊ ဖိုးသုတနဲ့ အဘဦးဉာဏ်တို့ကလည်း ကျွန်တော့်အတွက် မပြတ်သော သံယောဇဉ်များပင် ဖြစ်ခဲ့ပါတယ်။

နောက်ပြီး ကျွန်တော့်အတွက် အဓိကသတိတရဖြစ်စေသော အချစ်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ ကဗျာဆရာ ညီဇော်သီ၊ ရွှေဂုဏ်ထူးဘော်ဒါရဲ့ပွဲကိုင်ရှင် ဆရာဇော်မိုးယံအိမ်ကလည်း ကျွန်တော့်ဘဝရဲ့အဓိက သတိတရရှိစေတဲ့အိမ်ပါ။ အခုထိ ပြည်ကိုရောက်တိုင်း သူ့အိမ်မှာ ညအိပ်တယ်။ သူ့မိန်းမ မသီတာကလည်း ပြောမနာဆိုမနာ၊ သူ့မိန်းမ မသီတာက မင်းတုန်းဘက်က ဗူးတောင်းသူ။ စကားဝဲတယ်၊ ရိုးသားတယ်။ ကျွန်တော်မူးလာလျှင် ညီမတစ်ယောက်က အစ်ကိုတစ်ဦးကို ဆူသလို ကြိမ်းမောင်းတယ်။ ညီဇော်သီသမီး နဒီလွင်က ကျွန်တော့် လက်ပေါ်တင်ကြီးခဲ့တာ။ အခုတောင် စတုတ္ထတန်း တက်နေပြီ။ နောင် ၆ နှစ်ဆိုရင် နဒီလွင်တောင်ဆယ်တန်းရောက်



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်။ ကာလတွေအချိန်တွေက တရွေ့ရွေ့ ပြေးလွှားရွေ့လျားနေဆဲ။ သူတို့မိသားစုတွေ စီးပွားရေးအဆင်ပြေဖို့ ကျန်းမာဖို့ကို အမြဲတောင်းဆုပြုနေရပြီး ညီဇော်သစ်ရဲ့ ကိုးတန်းဆယ်တန်းကျောင်းသား ကျောင်းသူလေးများက အမှတ်ရစရာတွေထဲမှာ ပါနေပြန်တယ်။

ကျွန်တော် ပြည်ကနေ စိန်ကန့်လန့်ပြောင်းတော့ ဒီကျောင်းသားလေးတွေပဲ လိုက်ပို့ခဲ့တာကို။ ပြည်မြို့ဟာ ကျွန်တော့်အတွက် တကယ့်ကို လွမ်းမောစရာ။

ပြီးတော့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဆွေငြိမ်းသော်ရဲ့ အိမ်ကလည်း သတိတရဖြစ်ဖို့ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ သူ့အိမ်ကိုဆောက်တဲ့ကာလမှာ ကျွန်တော်လည်း ပါခဲ့တာကို။ သူ့ဇနီး သူဇင်နိုင်နဲ့ သမီးလေး ဩဇာသီးတို့ကလည်း ကျွန်တော့်ကို ခင်ကြတယ်။ ထိုအိမ်သည်လည်း ကျွန်တော့်ရဲ့ စားအိမ်သောက်အိမ်။ ပြီးတော့ ပေါင်းတလည်ကကိုပြုး(ဇကရာဇ်) အိမ်၊ ခွေးရဲ့ရွာက လူခါးဝေ(ကိုညီ)အိမ်။ နောက် ဝက်ထီးကန်ကကာရံချို အရက်ဆိုင်အိမ်၊ ဆွေငြိမ်းသစ်ရဲ့ပန်းချီခန်းဆန်တဲ့အိမ်၊ ချမ်းဝေနိုင်ရဲ့ပင်စင်စားအိမ်လေးတို့က ကျွန်တော့်အသည်းနှလုံးကိုင်ထားတဲ့ သံယောဇဉ်အရိပ်တွေ ဖြစ်ပါတယ်။

အဲ့ဒီမှာ အထူးသတိရစရာကတော့ ဧပြီလထဲကမှ ကွယ်လွန်သွားခဲ့တဲ့ ကိုဒီနေရဲ့ အိမ်ပဲဖြစ်ပါတယ်။ သူ့အိမ်ဟာ သုသာန်နဲ့နီးတယ်။ ကွင်းပြင်ထဲမှာဖြစ်တာကြောင့် လွတ်လွတ်လပ်လပ် ကဗျာရွတ်လို့ရတယ်။ ထိုအိမ်ကလည်း ကျွန်တော့်အတွက် လွမ်းဆွတ်သတိရဖွယ်နေရာလေးပါ။ ပြည်က ကိုပြေမြင့်အိမ်လေးကလည်း အလွန်ချစ်စရာကောင်းတဲ့နေရာလေးပါ။ ကဗျာဆရာရဲ့အသိုက်လို့ ဆိုဖွယ်ရပါတယ်။

ကျွန်တော့်အတွက် အမှတ်ရချက်ရှိသော အိမ်လေးတစ်လုံးလည်း ရှိသေးပါတယ်။ ထိုအိမ်က ကဗျာဆရာသစ်ခက်အိမ်နဲ့ ဆရာမဝေ(စီးပွားရေးတက္ကသိုလ်)တို့ရဲ့ Forever စားဖွယ်ဆိုင်လေးပါ။ အနုပညာဇနီးမောင်နှံဟာ ဘယ်လိုကဗျာဆရာ၊ စာရေးဆရာမဆို ဧည့်ဝတ်ကျေပွန်လွန်းပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နှယ်ခံတွေအပေါ်ကိုလည်း လွန်စွာပျူငှာလွန်းလှပါတယ်။ သား ဇွေဦးလေ ကဗျာများ မဂ္ဂဇင်းစာမျက်နှာပေါ် အတော်ရောက်နေပြီ။ သမီးလေးကလည်း စာရေးပါတယ်။ Forever မိသားစုဟာ တကယ့်အနုပညာမိသားစုလေးပါ။ သာယာအေးချမ်းတဲ့ မိသားစုလေးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အမှတ်တရပွဲလုပ်လျှင် နေရာထိုင်ခင်းခက်ခဲပါတယ်။ ထိုခက်ခဲမှုကို ဆရာသစ်ခက်အိမ်နဲ့ ဆရာမဝေတို့က သူ့ဆိုင်မှာ အခမ်းအနားလုပ်ခွင့်ပေးပြီး ဖြည့်ဆည်းပေးပါတယ်။ သူတို့ဆိုင်မှာ ပွဲလုပ်မည်ဆိုရင် ဘယ်တော့မှမညည်းညူ။ လက်ဖက်ရည်၊ အအေး၊ မုန့်ကအစ မလစ်ဟင်းအောင် ဆောင်ရွက်ပေးတတ်ပါတယ်။

ထို့ကြောင့် ကိုသစ်ခက်နဲ့ မဝေတို့ Forever ကလည်း ကျွန်တော့်အတွက် သတိရစရာပါ။ အမှတ်ရစရာပါ။ မြို့လွမ်းနာတထောင်းထောင်းထနေသော ကျွန်တော့်အတွက် သတိရစရာ၊ အမှတ်ရစရာ၊ လွမ်းမောဖွယ်ရာတွေက တစ်ပုံတစ်ပင်ကြီး ရှိနေပါတယ်။ အဲဒီလို ပြည်မြို့က ကျွန်တော့်အတွက် ချစ်ခြင်းပြည့်စုံတဲ့ မြို့လို့ဆိုရင် ရပါတယ်။ ပြည်မြို့လေးကို အခုတော့ ကျွန်တော် လွမ်းလို့ပဲရပါတော့တယ်။ ပြည်မှာ အိမ်မရှိတော့တဲ့သူမို့ လွမ်းမောစရာနဲ့ပဲ ရပ်ထားမိသလို 'ပြည်မှာဆောင်း' ကိုတောင် ပြန်မရောက်ဖြစ်ခဲ့တော့ပါ။

ဆောင်းရနံ့အပြည့်နဲ့ ပြည်က ထန်းရည်နဲ့ကြွက်ကြော်ကို ဧရာဝတီမြစ်သောင်စပ်တွင် ကိုယ်ထိလက်ရောက်မစွက်ဖက်ရတဲ့ ဘဝ။ အိမ်ရှင်ကနေ ဧည့်သည်ဖြစ်သွားတဲ့အခါ ခံစားမှုစစ်စစ်ကြီးက မျက်ရည်ဝဲရုံမှအပ ဘာမှဖြစ်မလာနိုင်တော့။

❑

ပြည်အိမ်ကို ကျွန်တော်နဲ့ မေမေ ရောင်းခဲ့ကြပါတယ်။ မေမေ့ဆန္ဒကို ကျွန်တော် ဖြည့်ဆည်းပေးခဲ့တာပါ။ အသက် ၆၇ ဆိုသော မေမေ့ အသက်အရွယ်က မိသားစုညီအစ်ကို မောင်နှမအသိုင်းအဝိုင်းထဲမှာ နေတာပဲ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ပြည်မြို့တွင် ဆွေမျိုးသားချင်းအရင်းအချာမရှိ။

ဒါ့ကြောင့် မင်းလှမြို့အရှေ့ဘက် ပဲခူးရိုးမတောင်ခြေရှိ စိန်ကန့်လန့်ဆိုတဲ့ ရွာလေးကို ကျွန်တော်တို့သားအမိ ပြောင်းရွှေ့ခဲ့ပါတယ်။ ပြည်သား ကဗျာဆရာဘဝကနေ တစ်လက်မမှ အလျှော့မခံတဲ့ ကျွန်တော်ဟာ အမြဲတမ်း ပြည်သားတစ်ဦးပါ။

ကဗျာဆရာမောင်ချောနွယ်က ပြောခဲ့ဖူးပါတယ်။ အမေ့သားအိမ်ထဲကနေ ကမ္ဘာကြီးသားအိမ်ထဲ ရောက်ခဲ့တယ်တဲ့။ ကျွန်တော်တို့ အသက်ရှင်နေထိုင်မှုဆိုတာလည်း အိမ်ပေါင်းများစွာလှည့်၍နေတတ်တဲ့ သဘောသဘာဝပြဋ္ဌာန်းမထားဘဲ သင့်တော်သလို ဖြစ်ပျက်နေတဲ့ လူများသာဖြစ်ပါတယ်။ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရတဲ့ သဘောပါ။ လူ့ဘဝမှာ ဘာမှမပိုင်ဘူးဆိုတာကို ကျွန်တော် သဘောပေါက်ခဲ့သလို ဘာမှမမြဲဘူးဆိုတာလည်း သတိချပ်မိပါတယ်။

နာမည်ဟာ ပညတ်ဆိုပေမဲ့ ဘယ်လိုအိပ်မက်တွေရဲ့ ထုထောင်းမှုနဲ့ ကျွန်တော်တို့ ခံစားရင်ခုန်နေရဆဲဆိုတာ စဉ်းစားစရာပါ။ ယခုအချိန်မှာတော့ ကျွန်တော်ဟာ ရိုးမတောင်ခြေက မေမေ့ရဲ့သွပ်မိုးထရံကာအိမ်လေးမှာ နားခိုရင်း မနက်ခင်းတိုင်း ပြည်မြို့က နှင်းတွေလို ဒီအရပ်မှာ နှင်းဝိုင်းခံနေရတော့ ပြည်အိမ်မှာကဲ့သို့ ဒန်းကြီးပန်းရနံ့တွေသာရှိခဲ့ရင် မျက်စိကိုဖွဖွလေးမှိတ်လို့ ပြည်မြို့က အိမ်လို့ပဲ ခံစားမိမှာ အမှန်ပါ။

■

**တိုးနွေမိုး**


www.burmeseclassic.com



ကျွန်မဘေးကလူ ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြုံးယောင်ယောင် မျက်လုံးနှင့် ကျွန်မကိုကြည့်ကာ ကျွန်မအဖြေကို စိတ်လောတကြီး စောင့်နေဟန်ပေါ်သည့်မာယာ့ကို 'ညီမက အိမ်ထောင်နဲ့လား' ဟု ရိုးစင်းစွာပဲ ကျွန်မက ပြန်မေးမိသည်။

'မာယာ အိမ်ထောင်ကျတာ ၉ နှစ် ရှိသွားပြီ'

မာယာက အိပ်မက်ယောင်ပြီး စကားပြောနေသူလို ပြန်ဖြေသည်။

'ဒီတော့ မာယာ့ ယောကျ်ားနာမည်က ဘယ်သူလဲ'

'ကိုတင်ကျော်လှ'

'ဒါဆို အဲဒီ ကိုတင်ကျော်လှက မာယာ့ယောကျ်ားပေါ့'

ကျွန်မက အဲဒီလိုပြောတော့ မာယာက သိရန်ကောဟူသည့်မျက်လုံးနှင့် ကျွန်မကို မျက်စောင်းထိုးသည်။

'မာယာသိပါတယ် အစ်မရဲ့။ ကိုတင်ကျော်လှက မာယာ အိပ်ရာနိုးနေတဲ့ အချိန်မှာ မာယာ့ယောကျ်ားပဲ။ ဒါပေမဲ့ မာယာ အိပ်ပျော်သွားလို့ အိပ်မက်မက်တိုင်း အိပ်မက်ထဲမှာ မာယာ့ဘေးမှာ ယောကျ်ားတစ်ယောက် ရှိနေတာတွေ့တယ်။ ဒါပေမဲ့ အဲဒါ ဘယ် သူမှန်း မာယာ မသိဘူး။ အနားမှာ ရှိတဲ့သူတွေကို မေးတော့လည်း ဘယ်သူမှ မသိကြဘူး။ တချို့ကတော့ အဲဒါ နင့်ယောကျ်ားပေါ့လို့ ပြောတယ်။ အဲဒါ မာယာ့ယောကျ်ားဆိုရင် အဲဒီသူက ဘယ်သူလဲဆိုတော့ သူတို့ မသိကြပြန်ဘူး။ မာယာလည်းမသိဘူး။ မာယာ သိပ်

> မာယာ့မှာ
> သူ့အရင်က
> ရည်းစား
> မရှိခဲ့ဘူးလေ
> သူက
> ချစ်စကား
> ပြောလာတော့
> မာယာ
> ရင်ခုန်တယ်
> သူနဲ့
> စကားပြောနေရရင်
> ပျော်သလိုလို
> ခံစားရတယ်
> အဲဒါ
> ချစ်လို့ပေါ့

အသည်းယားတာပဲ။ မာယာက ကိုယ့်ယောကျ်ား ဘယ်သူလဲဆိုတာ အပြင်မှာရော အိပ်မက်ထဲမှာပါ ပိုင်ပိုင်နိုင်နိုင် ပြောချင်တာပေါ့။ အဲဒီလို အိပ်မက်ထဲမှာ မာယာ့ယောကျ်ား ဘယ်သူမှန်း မသိလို့ အခုလို ကြာသပတေးနေ့တိုင်း ဟောဒီ ဆရာ့ကို လာတွေ့နေရတာပေါ့ အစ်မရဲ့'

မာယာက ပြောရင်း ကျွန်မတို့နှစ်ယောက်လုံး တွေ့ဖို့စောင့်နေသည့် ဆရာဝန်ကြီး၏ ဆေးခန်းထိပ် အဝင်ဝမှာ ချိတ်ထားသည့် ဆိုင်းဘုတ်ကို လက်ညှိုးညွှန်ပြသည်။ ကျွန်မကိုယ်တိုင် အပတ်စဉ်တွေနေကျ ဆရာဝန်ကြီးပေမဲ့ ယောင်ယမ်းပြီး မာယာ လက်ညွှန်ရာကို ကြည့်လိုက်မိသည်။ ကျွန်မတို့ရှေ့မှာ လူ ၂၀ နီးပါး တန်းစီစောင့်နေသော အကွာအဝေးကြောင့် ဆိုင်းဘုတ်မှ စာလုံးများကို သဲသဲကွဲကွဲ မမြင်ရပါ။ ဒီတော့ ကျွန်မက မာယာ့ဘက် မျက်နှာပြန်မူလိုက်သည်။ မာယာက အဲဒီ စကားလေး ပြောလိုက်ရတာကို ကျိုက်ထီးရိုးတောင်ပေါ် မနားတမ်း ခြေလျင်တက်ခဲ့ရသူ တစ်ယောက် အလား မောလျပင်ပန်းသွားပုံရသည်။ ဦးခေါင်း တစ်ဖက်တစ်ချက်နားထင်နှစ်ဖက်ကို လက်မ၊ လက်ခလယ်နှင့်ခွထောက်ရင်း ဖွဖွဖိနှိပ်နေခဲ့သည်။ အဲဒီနေ့က ဘာကြောင့်မှန်းမသိ နောက်တစ်ပတ် မာယာ ဘယ်နေ့ ဆရာဝန်လာပြမလဲ မေးမိလိုက်သည်။ မာယာက ကြာသပတေးနေ့တိုင်း လာပြရတယ်ဆိုသော အဖြေကို ကြားတော့ ကျွန်မလည်း နောက်တစ်ပတ် ဆရာဝန်တွေ့ရမည့်နေ့ကို ကြာသပတေးနေ့ကို ရွေးလိုက်သည်။

နောက်တစ်ပတ် ကြာသပတေးနေ့မှာတော့ မာယာက ကျွန်မထက် အလျင် ရောက်နေသည်။ ဆေးခန်းပေါ်တက်မည့် အုတ်လှေကား ပထမအထစ်ကို ကျွန်မ ခြေထောက်ချရုံရှိသေး မာယာက သူ့ဆေးမှတ်တမ်းတွေ ထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကလေးကို သူထိုင်ခဲ့သောနေရာမှာ ချပြီး ကျွန်မဆီကို အပြေးတစ်ပိုင်း ရောက်လာသည်။

'အစ်မ··လာ။ မာယာ့အနားလာ။ မာယာ အစ်မအတွက်ပါ နေရာယူထားတယ်။ အရင်တစ်ပတ်က မာယာ ဆေးအသစ်တစ်မျိုး ထပ်သောက်ရတယ် အစ်မ။ အရင်ကထက် အိပ်ချိန်ပိုရလာတယ်။ ဒါပေမဲ့ အိပ်မက်ထဲမှာတော့ မာယာ့ယောကျ်ားကို ဘယ်သူမှန်း မသိသေးဘူး'

ထိုနေ့က ကျွန်မ မြင်ဖူးခဲ့ပြီဖြစ်သော မာယာ့ကို ကျွန်မ စပြီးသိခဲ့ရသည်။

❑

မာယာက မြစ်ဝကျွန်းပေါ်မြို့ကလေးတစ်မြို့မှာ မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်သူပေမဲ့ မာယာ့အသားတွေက အညိုဘက်ကဲပြီး ဝင်းပသည်။ နက်မှောင်ဖြောင့်စင်းပြီးရှည်လျားသောဆံပင်များ၊ ရယ်မောနေသလို ရွှန်းပသော မျက်ဝန်းများကြောင့် မြို့ကလေး၏ အလှဆုံး မိန်းကလေးစာရင်းမှာ မပါပေမဲ့ ထင်ရှားသူတစ်ဦးတော့ ဖြစ်ခဲ့သည်။ ဇာတိမြို့က ဈေးကလေးထဲမှာ အထည်ဆိုင်လေးတစ်ဆိုင် ပိုင်ထားသော မိဘများ၏ တစ်ဦးတည်းသောသမီးမို့ မာယာတို့က မရှိမရှားပေါ့။ ဒါကြောင့်လည်း မာယာ ဆယ်တန်းကို နှစ်နှစ်တက်ပြီး မအောင်ပေမဲ့ သိပ် ထူးထူးခြားခြား မခံစားရဘဲ နေ့တိုင်း လှလှပပလေး ပြင်ဆင်ပြီး ငွေသိမ်းကောင်တာနောက်မှာ ကြော့ကြော့



www.burmeseclassic.com

www.burmeseclassic.com

လေးထိုင်၍ ဆိုင်ကို ကူညီနိုင်ခဲ့သည်။

'ကျောင်းတက်တုန်းက မာယာ့ကိုကြိုက်တဲ့သူတွေရှိပေမဲ့ အမေက ပညာသင်နေတုန်း ရည်းစားမထားရဘူးဆိုလို့ မာယာ ရည်းစားမထားခဲ့ဘူး အစ်မရဲ့'ဟု မာယာက ပြောသည်။

'ဒါပေမဲ့ ဆယ်တန်းမအောင်တဲ့နောက်ပိုင်း ဆိုင်ထိုင်ရင်းနဲ့ မာယာ ချစ်တယ်လို့ထင်ရတဲ့သူတစ်ယောက်တွေ့လာတယ်'

ထိုစကားပြောသောအခါ မာယာ့မျက်လုံးတွေ တောက်ပနေခဲ့သည်။ မာယာ ထိုအကြောင်းတွေ စ,ပြောတော့ ထိုတောက်ပမှုကို ကြည်နူးစိတ်ကြောင့်ဟု ထင်ခဲ့သည်။ တဖြည်းဖြည်းနှင့် ထိုတောက်ပမှုတွေက မျက်ရည်များနှင့် ရည်လဲ့လာတော့ ကျွန်မ၏ မှန်းဆတွေးတွေက ဇဝေဇဝါ ဖြစ်ခဲ့ရတော့သည်။

'မာယာ့မှာ သူ့အရင်က ရည်းစားမရှိခဲ့ဘူးလေ။ သူက ချစ်စကား ပြောလာတော့ မာယာ ရင်ခုန်တယ်။ သူနဲ့ စကားပြောနေရရင် ပျော်သလိုလို ခံစားရတယ်။ အဲဒါ ချစ်လို့ပေါ့။ ဟုတ်တယ် မဟုတ်လားအစ်မ။ တကယ်လို့ အဲဒါ အချစ်မဟုတ်ဘူးဆိုရင် အချစ်ဆိုတာ ဘာလဲ မာယာ မသိဘူးလို့ ပြောရမှာပဲ။ ရင်ခုန်ရတာ၊ ပျော်ရတာတွေကြောင့် သူ့ကို ချစ်တယ်လို့ထင်တယ်။ ရည်းစားမထားခဲ့ဖူးတော့ ချစ်သူရှိရတဲ့ စိတ်လှုပ်ရှားမှုကိုလည်း မြည်းစမ်းချင်ခဲ့တယ် ထင်တာပဲ။ ဒါနဲ့ သူ့ကို ချစ်သူအဖြစ် လက်ခံခဲ့တယ်။

ရင်ခုန်ရတာ
ပျော်ရတာ
တွေကြောင့်
သူ့ကို
ချစ်တယ်လို့
ထင်တယ်
ရည်းစား
မထားခဲ့ဖူးတော့
ချစ်သူရှိရတဲ့
စိတ်လှုပ်ရှားမှု
ကိုလည်း
မြည်းစမ်း
ချင်ခဲ့တယ်
ထင်တာပဲ

သူက လူကောင်းပါ။ အရက်မသောက်ဘူး၊ အပျော်အပါး မမက်ဘူး။ မာယာ့ကိုလည်း ချစ်တယ်။ မချမ်းသာပေမဲ့ သူ့အလုပ်ကလေးနဲ့ သူ့ဘာသာသူ ရပ်တည်နိုင်ပါတယ်။ သူ့မိဘက မာယာတို့မြို့ကလေးမှာ လက်ဖက်ခြောက်၊ ကော်ဖီမှုန့်ရောင်းတဲ့ မိသားစုစီးပွားရေးလုပ်တယ်လေ။ သူက သူ့မိဘကို ကူပေါ့။ မာယာက မာယာ သူနဲ့ ချစ်သူဖြစ်နေတာ အမေ့ကို တော့ တိုးတိုးတိတ်တိတ် ပြောထားပါတယ်။ ဒီအမေ၊ ဒီသမီးပဲ တိုးတိုးဖော်ရှိတာ မဟုတ်လား။ ဖြစ်ချင်တော့ မာယာတို့ချစ်သူဖြစ်ပြီး ငါးလလောက်မှာ မာယာ့အဖေ ဆုံးတယ်။ မာယာတို့ရဲ့ အထည်ဆိုင်ကလေးကို အဖေက ဦးစီးလာတာဆိုတော့ အဖေ ဆုံးတဲ့အခါ အဖေ့ကို တစ်သက်လုံး မှီခိုလာတဲ့ အမေက တော်တော် တုန်လှုပ်ခဲ့တယ်။ ယောကျ်ားသားမရှိတဲ့ အိမ်မို့ဆိုပြီး အမေက ညအိပ်ရင်တောင် မဖြောင့်တော့ဘူး။ အဖေဆုံးပြီး ရှစ်လလောက်မှာတော့ အမေက ပြောလာတယ်။ ဟိုကောင်လေးနဲ့ အိမ်ထောင်ပြုလိုက်ပါတော့လား သမီးတဲ့။ ဒါနဲ့ပဲ မာယာတို့ လက်ထပ်ဖြစ်သွားကြတယ်။

မာယာတို့ လက်ထပ်ပြီးတော့ သူက မာယာ့အိမ်မှာ လိုက်နေတယ်။ အမေ့ခမျာ ညအိပ်ရ နည်းနည်းဖြောင့်သွားတာပေါ့။ မာယာက ထုံးစံအတိုင်း ဆိုင်ဆက်ထိုင်၊ အမေက ထမင်းဟင်းချက်။ ထမင်းစားချိန်ဆိုသူက မာယာ့ကို စက်ဘီးလေးနဲ့ ထမင်းချိုင့် လာပို့တယ်။ ဆိုင်မှာ သူနဲ့မာယာ ထမင်းအတူစား။ ညနေ သုံးနာရီလောက်အထိ သူက မာယာနဲ့ အတူ ဆိုင်မှာနေပေးတယ်။ အဲဒီအစပိုင်းမှာတော့ မာယာ အိပ်မပျော်မဖြစ်ပါဘူး။ စိတ်ထဲမှာ တစ်ခုတော့ ထင့်တင့်တင့် ဖြစ်မိတယ်။ သူနဲ့ အိမ်ထောင်ကျခဲ့ပေမဲ့ မာယာ သူနဲ့ ဇနီးမောင်နှံအရာ မြောက်ဖို့ မကြိုးစားနိုင်ခဲ့ဘူး။ အစပိုင်းကတော့ စိတ်ထဲမှာ ရှက်စိတ်ကြောင့်လို့ ထင်ခဲ့မိတယ်။ သူလည်း စိတ်အနှောင့်အယှက် ဖြစ်ရတာပေါ့။ ဒါပေမဲ့ မာယာ ဘာမှ မတတ်နိုင်ဘူးအစ်မ။ သူ့ကို ချစ်လို့ မာယာ လက်ထပ်ခဲ့တာပဲ။ ဒါပေမဲ့ အိမ်ထောင်သည်တစ်ယောက်မှာရှိရမယ့်စိတ် မာယာ့မှာ မပေါ်လာတာကို မာယာဘာမှ မတတ်နိုင်ဘူး။ သူ့ကိုလည်း အားနာတယ်။ ကိုယ့်ကိုယ်ကိုလည်း ဒေါသထွက်တယ်။

အဲဒီအကြောင်း အမေ့ကို ပြောပြတော့ အမေက ထိတ်လန့်အံ့သြရှာတယ်။ ဒုက္ခပါပဲ သမီးရယ်လို့ ညည်းတယ်။ 'သူက ညည်းယောကျ်ားလေ။ ညည်းက မိန်းမတာဝန်ကျေရမှာ' တဲ့။ အဲဒီမှာ တာဝန်ဆိုတဲ့စကား မာယာ့စိတ်ထဲရောက်လာတယ် အစ်မ။ တာဝန်၊ မိန်းမတာဝန်တဲ့။ ဒီတော့ မာယာဟာ နာနာကျင်ကျင်နဲ့ပဲ မိန်းမတာဝန်ကျေပေးရတော့တာပေါ့။ မာယာက အမေနဲ့ပဲ သူငယ်ချင်းလို နေလာတာဆိုတော့ မာယာ ခံစားနေရတာတွေကို ဖွင့်ပြောတိုင်ပင်ရလောက်အောင် စိတ်ချင်းနီးတဲ့ သူငယ်ချင်းကလည်း မရှိဘူးလေ။ ရှိတောင် ရှက်စိတ်နဲ့ ပြောပြမိမှာ မဟုတ်ဘူး ထင်ပါတယ်။ ကိုယ်ခံစားရတာ အမေ့ကို ပြောပြတိုင်းလည်း အမေက ငါ့သမီး အိမ်ထောင်သည် ဖြစ်နေပြီလေ။ အိမ်ထောင်ရှင် မိန်းမတာဝန် ကျေရမယ်လေလို့ချည်း ပြန်ပြောတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

**သူနဲ့ အိမ်ထောင်ကျခဲ့ပေမဲ့ မာယာ သူနဲ့ ဖနီးမောင်နှံ အရာမြောက်ဖို့ မကြိုးစားနိုင်ခဲ့ဘူး အစပိုင်းကတော့ စိတ်ထဲမှာ ရက်စိတ်ကြောင့်လို့ ထင်ခဲ့မိတယ် သူလည်း စိတ် အနှောင့်အယှက် ဖြစ်ရတာပေါ့**

အဲဒီလို နာနာကျင်ကျင်နဲ့ အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့တာဝန်ကျေဖို့ ကြိုးစားပေးနေရင်း ဆိုင်မှာ တဖြည်းဖြည်း ရောင်းစရာတွေ ကုန်လာသလို နေ့စဉ်ဝင်နေကျငွေက နည်းသွားတော့ မာယာ ဘာလုပ်ရမှန်း မသိဘူး။ မာယာက ဆိုင်မှာ ထိုင်ရောင်း၊ ရောင်းလို့ရသမျှ အဖေ့ကိုအပ်၊ ကျန်တဲ့ကိစ္စ အဖေပဲ စီစဉ်ခဲ့တာလေ။ အမေကလည်း ချက်ပြုတ်လျှော်ဖွပ်၊ ယောက်ျားနဲ့ သမီး ဝေယျာဝစ္စ လုပ်ကိုင်ပေးရင်း အဖေ့ အစီအစဉ်အောက်မှာပဲ နေခဲ့တာလေ။ တဖြည်းဖြည်းနဲ့ မာယာတို့ စားနေကျ၊ နေနေကျထက် ပိုပြီးတွက်ချက်လာရတဲ့အခါ သူ့ကို ပြောမိတယ်။ မာယာတို့ ဘာလုပ်ကြမလဲလို့။ သူက သနားစရာကောင်းပါတယ်။ မာယာ့ကို မျက်လုံး ဝိုင်းကြီးနဲ့ ကြည့်ပြီး 'မသိဘူးလေ' လို့ ပြောတယ်။ အမေ့ကိုမေးတော့လည်း 'မသိဘူးလေ' ပဲ။ မာယာမှာတော့ မသိဘူးလေလို့ ပြန်ပြောရမယ့်သူ မရှိခဲ့ဘူး အစ်မ။

ဒီတော့ မာယာက အချေးအငှားကစပြီး ဆိုင်ကလေး စည်စည်ကားကား ဖြစ်လာအောင် ကြိုးစားရတယ်။ ဝင်လာတဲ့ငွေကို ဆိုင်ထဲလည်း ပြန်သုံးနိုင်အောင်၊ စားလို့လည်းရအောင်၊ အကြွေးလည်း ဆပ်နိုင်အောင် ခွဲခြမ်းစိတ်ဖြာရတယ်။ ခက်ခဲတာပေါ့ အစ်မရယ်။ ဒါမျိုး မာယာ မလုပ်ခဲ့ဖူးဘူးလေ။ ခက်ခဲလွန်းလို့ ပထမတစ်နှစ်မှာ အမေ မမြင်အောင် မာယာ ကျိတ်ငိုခဲ့ရတယ်။ ဒီမိသားစုအတွက် မာယာ ခက်ခက်ခဲခဲ ကြိုးစားနေရတယ်ဆိုတာ အမေ မသိစေချင်ဘူးလေ။ အမေက မာယာ့ကိုပဲ မှီခိုနေရတဲ့သူလေ။ အမေ့ကို စိတ်မဆင်းရဲစေချင်ဘူး။ အမေ မမြင်အောင် အိပ်ရာထဲရောက်မှ မာယာ ကျိတ်ငိုတော့ သူ့ဆီက မာယာရခဲ့တဲ့ အားပေးနှစ်သိမ့်မှုက သူ့ရဲ့ သက်ပြင်းချသံတွေပဲ။

မာယာက ကံမကောင်းဘူး အစ်မ။ သုံးလေးနှစ်လောက် မာယာ ကြိုးစားလှည့်ပတ်ပြီး အမေ မသိအောင် ရုန်းကန်လာရင်းကနေ လေးနှစ်မြောက်လောက်မှာ အမေ နေမကောင်းဖြစ်လာတယ်။ အဆုတ်မှာ အစက်အပြောက်တွေတွေ့သတဲ့။ ညတိုင်း ချောင်း တဟွတ်ဟွတ်ဆိုးပြီး ကောင်းကောင်း မအိပ်ရဘူး။ အပတ်စဉ် ဆေးခန်းပြရတယ်။ အမေ့ဆေးဖိုး ပိုလာတယ်။ ဆိုင်မှာ တင်နိုင်တဲ့ အထည်အရေအတွက် နည်းလာတယ်။ မာယာတို့ ထမင်းဝိုင်းမှာ အသားငါး ပိုနည်းလာတယ်။ ဆီပိုခြောက်လာတယ်။ စားရတဲ့ဆန်က ပိုကြမ်းလာတယ်။ ဆန်ကြမ်းကြမ်းကို ဆီနည်းနည်း ဟင်းနဲ့ကျိတ်မျိုချရင်း မာယာတို့ ဘာလုပ်ကြရင်ကောင်းမလဲလို့ သူ့ကိုမေးမိပြန်တော့ သူ့အဖြေက လွန်ခဲ့တဲ့ လေးနှစ်ကနဲ့ အတူတူပဲ။ မသိဘူးလေ တဲ့။

အဲဒီနှစ်ကတည်းက ညဘက် အိပ်မရအောင် ချောင်းဆိုးတတ်တဲ့ အမေနဲ့အတူ မာယာလည်း အိပ်ပျက်လာတတ်တာ။ အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့ ခင်ပွန်းအပေါ်မှာ ကျေရမယ့်တာဝန်ဆိုတာကြီးကလည်း မာယာ့အတွက် ပိုပြီး ခြောက်ကပ်နာကျင်လာရတယ်။ အစပိုင်းမှာ ခန္ဓာကိုယ်က လာတာလို့ မာယာထင်ခဲ့တဲ့နာကျင်မှုဟာ ခန္ဓာကိုယ်တစ်ခုထဲက လာတာမဟုတ်ဘူးဆိုတာ သိလာရတယ်။ မာယာ့စိတ်ကပါ ထိတ်လန့်နာကျင်လာတာ။

မနက်မိုးလင်းကတည်းက ည ရောက်မှာ ကြောက်နေရတဲ့ စိတ်နာကျင်မှုကို အစ်မ စဉ်းစားကြည့်လေ။ ညရောက်ရင် မာယာ နာကျင်ရတော့မယ်။ အမေနဲ့အတူ အိပ်ရေး မဝတဲ့ ညတွေကို ဖြတ်သန်းရတော့မယ်။ အဲဒီ အိပ်ပျော်တာ မဟုတ်တဲ့ အိပ်ချင်မူးတူးညတွေမှာပဲ မာယာဟာ နိုးတစ်ဝက် အိပ်မက်တွေမက်တတ်လာတာ။ အိပ်မက်ထဲမှာ မာယာ့ဘေးမှာ အိပ်နေတဲ့သူဟာ ဘယ်သူလဲ မေးမြန်းတတ်လာတာ။ အဲဒီအဖြေမရှိတဲ့ အိပ်မက်ထဲက မေးခွန်းအတွက် ထိတ်လန့်နာကျင်တတ်လာတာ။

အဲဒီ အိပ်မက်ကို ညတိုင်းလိုလို မက်ပြီး မက်တိုင်းလည်း မာယာ့ဘေးမှာ အိပ်နေတဲ့သူဟာ ဘယ်သူလဲ အမြဲ မေးမိတတ်တယ်။ မာယာကိုယ်တိုင်လည်း သူ ဘယ်သူဆိုတာ မသိဘူး။ အိပ်မက်ထဲမှာ တွေ့သမျှလူတွေကို မေးတော့လည်း ဘယ်သူမှ မသိကြဘူး။ တချို့က ပြောတယ်။ အဲဒါ မာယာ့ယောက်ျားပေါ့တဲ့။ ဒီတော့ သူတို့ကို မာယာက ပြန်မေးမိတယ်။ မာယာ့ယောက်ျားဆိုတာက ဘယ်သူလဲလို့။ သူတို့ မပြောနိုင်ဘူး။ မာယာကိုယ်တိုင်လည်း မသိဘူး။ အစ်မ စဉ်းစားကြည့်စမ်းပါ။ ကိုယ့်ဘေးမှာ အိပ်နေတဲ့သူဟာ ဘယ်သူမှန်း မသိတဲ့ အိပ်မက်ကို ညတိုင်း မက်နေရတာ ဘယ်လောက် ကြောက်ဖို့ ကောင်းလိုက်သလဲ။

www.burmeseclassic.com

ခုဆို အဲဒီအိပ်မက်ကို ဆက်တိုက်မက်ခဲ့တာ ငါးနှစ်ရှိပြီ။ ခုထိလည်း အဲဒီအိပ်မက်ထဲမှာ မာယာ့ဘေးမှာ အိပ်နေတဲ့သူဟာ ဘယ်သူလဲဆိုတဲ့အဖြေကို မရသေးဘူး။ ဒီတော့ လွန်ခဲ့တဲ့နှစ် ပေါင်းများစွာကတည်းက ခံစားခဲ့ရတဲ့အတိုင်း မာယာက မနက်မိုးလင်းကတည်းက ညပြန်ရောက်မှာကို ကြောက်နေရတဲ့ ဘဝထဲမှာ နေ့နေ့ရဆဲပေါ့။ ညမှာနာကျင်ရမှာ၊ ညမှာ အိပ်မပျော်မှာ၊ ညရဲ့နိုးတစ်ဝက် အိပ်မက်တွေထဲမှာ အဲဒီ ဘယ်သူမှန်းမသိတဲ့ ယောကျာ်း ခန္ဓာကိုယ်ကြီးကို မာယာ့ဘေးမှာ တွေ့ရမှာတွေ အားလုံးကို မာယာ သိနေတယ်။ မာယာ ညတွေကို ကြောက်နေတယ်။

မာယာ့ဆိုင်ဘေးက အဒေါ်ကြီးက ပြောတယ်။ သူ အိပ်မပျော်ဖြစ်တုန်းက သူ့သားက ဒီဆရာဝန်ကြီးဆီ ခေါ်လာတာတဲ့။ ဒီဆရာဝန်ကြီးပေးတဲ့ဆေး သောက်လိုက်ရင် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး ဘာမှ မသိတော့ဘူးတဲ့။ မာယာက အဲလို ဘာမှ မသိချင်တော့တာလေ အစ်မ။ ဒါကြောင့် အဲဒီလို ညတွေကို မမှတ်မိနိုင်မယ့် ဆေးလိုချင်လို့ ဒီဆရာဝန်ကြီးဆီကို မာယာလာခဲ့တာပေါ့။ အဲဒီလို လာခဲ့လို့ အစ်မကို မာယာ တွေ့ရတာပေါ့။

အမှန်အတိုင်းပြောတာ အစ်မ။ အစ်မကို တွေ့တွေ့ချင်း မာယာ ကိုယ့်အစ်မအရင်းကို တွေ့ရသလို ခံစားမိတယ်။ အရင်တုန်းက

'အမေက
ထိတ်လန့်
အံ့သြရှာတယ်
ဒုက္ခပါပဲ
သမီးရယ်လို့
ညည်းတယ်
'သူက
ညည်း
ယောကျာ်းလေ
ညည်းက
မိန်းမတာဝန်
ကျေရမှာ'
တဲ့
အဲဒီမှာ
တာဝန်
ဆိုတဲ့စကား
မာယာ့စိတ်ထဲ
ရောက်လာတယ်

မာယာ ခံစားခဲ့ရတာတွေကို အမေ့ကို ပြောပြလို့ရခဲ့ပေမဲ့ အမေ နေမကောင်းကတည်းက မာယာ မပြောတော့ဘူးလေ။ မာယာ ခံစားနေရတာတွေ နားထောင်ပြီး အမေ့ကို စိတ်မညစ်စေချင်ဘူး။ ဒါပေမဲ့ မာယာ တစ်ယောက်ယောက်ကို ပြောပြချင်နေတယ်။ မာယာ့ကို နားလည်မယ့် တစ်ယောက်ယောက်ပေါ့။ ဒါပေမဲ့ ဘယ်သူ့ကို ပြောရမယ်ဆိုတာ မသိခဲ့ဘူး။ အဲဒီ မိုးသည်းသည်း ညနေမှာ အစ်မကို တွေ့တော့ အစ်မဟာ ဒီကမ္ဘာပေါ်မှာ မာယာ့ခံစားမှုကို နားလည်ပေးနိုင်မယ့် တစ်ဦးတည်းသောသူဆိုတာ မာယာ သိသွားတယ်။ ဒါကြောင့် ပြောပြတာပါ။ အစ်မ စိတ်မညစ်နဲ့နော်'

မာယာက စကားဆုံးသွားတော့ သူ လုပ်နေကျအတိုင်း နားထင်နှစ်ဖက်ကို လက်နှင့် ထောက်သည်။ ပြောချင်တာတွေ ပြောလိုက်ရလို့ ရင်ထဲမှာတော့ ပေါ့သွားသလိုပဲ အစ်မရယ်။ ဒါပေမဲ့ ခေါင်းထဲမှာတော့ ကိုက်လာတယ်ဟု ပန်းလျစွာ ပြောသည်။ ကျွန်မ မာယာ့ကို စိတ်မကောင်းစွာ ငေးကြည့်နေမိသည်။ ကျွန်မ သူ့ကို ဘယ်လိုကူမလဲ။ ကျွန်မကိုယ်တိုင်က သူ့လို အိပ်မပျော်တဲ့ညတွေကို ထိတ်လန့်မှုကြောင့် ဒီနေရာကို ရောက်လာသူလေ။ ငါ့လို ညကို ကြောက်သူ ရှိနေသေးတာပဲဟူသော အတွေးကတော့ ကျွန်မကို အဖော်ရသလို ခံစားရစေသည်။

❑

ဒီနေ့လည်း မာယာနှင့် စတင် ဆုံစည်း သိကျွမ်းခဲ့ရသည့်နေ့တုန်းကလို မိုးတွေ သဲသဲမဲမဲ ရွာနေသည်။ အရင် တစ်ပတ်က ဆေးခန်းပြရက် အတူချိန်းကြဖို့ မာယာနှင့် ညှိလိုက်မိသလား ကျွန်မ မမှတ်မိတော့ပါ။ မာယာက ရန်ကုန်နှင့် မဝေးလှသော မြစ်ဝကျွန်း ပေါ်မြို့ကလေးက အပတ်စဉ်လာရတာမို့ များသောအားဖြင့် ကျွန်မတို့ ဆေးခန်းပြရက်ကို ကြိုတင်ချိန်းမိကြမြဲ ဖြစ်သည်။ ထုံးစံအတိုင်း ကိုယ့်ရှေ့က လူတန်းကြီးကို စောင့်ရင်း ဒီကနေ့က မာယာနှင့် စတွေ့ရသည့်နေ့နှင့် တူလွန်းတာမို့ မာယာ့ကို အထူးတလည် သတိရသွားသည်။ ဆေးခန်းကျဉ်းကျဉ်းထဲမှာ ကပ်ကပ်ကျပ်ကျပ် ထိုင်နေကြသည့်လူအုပ်ထဲ မာယာ့ကို မျက်လုံးဝေ့ဝဲ ရှာမိသည်။ မာယာ၏အရိပ်အယောင်တောင်မှ မတွေ့ရပါ။ အကယ်၍ ဒီလူအုပ်ထဲမှာ မာယာရှိမည်ဆိုလျှင် ကျွန်မက သူ့ကိုမတွေ့တောင် သူက ထိုင်နေရာမှ ထ၍ဖြစ်စေ၊ လက်ကို အစွန်းကုန်ဆန့်တန်းမြှောက်ပြ၍ ဖြစ်စေ 'အစ်မ မာယာ ဒီမှာ' ဟု အော်ပြောမှာ သေချာသည်။ ဒီလို အမူအရာနှင့် အသံတစ်စုံတစ်ရာမှ မကြားရလေတော့ ဒီလူအုပ်ထဲ မာယာ မရှိတာ သေချာသွားပြီပေါ့။ ဒီတော့လည်း ပုံမှန်အားဖြင့် ရီဝေဝေနှင့် ဇဝေဇဝါနိုင်လှပေမဲ့ တစ်ခါတစ်ရံ တက်ကြွ တောက်လက်လာတတ်သော မျက်ဝန်းများပိုင်ရှင် အမျိုးသမီးငယ်လေးကို လွမ်းမိသလို ဖြစ်သွားသည်။

မာယာ မရှိတော့ တတွတ်တွတ် စကားပြောသံကင်းမဲ့သော စောင့်ဆိုင်းရချိန်ကလည်း ရှည်လျားလှသလိုပင်။ အဲဒီလို ပျင်းရငြီးငွေ့စွာ စောင့်ဆိုင်းရမှုကြောင့်ပဲ ထင်ပါရဲ့။ ကျွန်မနံမည်ခေါ်သံကို ကျွန်မ မကြားခဲ့ပါ။

'ဒီမှာ အစ်မနာမည်ခေါ်နေတာ ကြာလှပြီ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

လို့ မထူးတာလဲ'

ထဘီအနီဝတ် သူနာပြု ဆရာမလေး တစ်ယောက် ကျွန်မရှေ့ရောက်လာပြီး ခုလို ခပ်ဆတ်ဆတ်ပြောမှ ကျွန်မ သူ့ကို ယောင်ယမ်းမော့ကြည့်မိသည်။ ကျွန်မ မကြားလိုက်ဘူးဟု ပျာပျာသလဲပြောရင်း သူမဦးဆောင်ရာ ကမန်းကတန်း ထ,လိုက်ခဲ့သည်။

ဆရာဝန်ကြီးက ပြုံးယောင်ယောင်မျက်နှာနှင့် ကျွန်မကို ကြိုဆိုခဲ့ပါသည်။

'ကဲ.. ပြောပါဦး။ ဘာတွေထူးသလဲ။ အိပ်လို့ရောပျော်ရဲ့လား။ အိပ်မက်တွေမက်သေးလား'

ကျွန်မက နှုတ်ခမ်းကိုတင်းတင်းစေ့၍ ခေါင်းတဆတ်ဆတ် ညိတ်ပြနေမိသည်။

'ဆရာပေးတဲ့ ဆေးသောက်ရင် အိပ်ပျော်သွားတယ်။ အိပ်မက်တွေကတော့မက်တုန်းပဲ။ တစ်ခုတော့ထူးခြားလာတယ် ဆရာ။ ကျွန်မ အိပ်မက်တွေမက်ရင် အရင်တုန်းကလို အိပ်မက်ထဲမှာ ဇဝေဇဝါဖြစ်ပြီး သိချင်နေတာမျိုးတွေ သိပ်မရှိတော့ဘူး။ မသိရရင်လည်း နေပစေတော့လို့ တွေးမိလာတာမျိုး ထင်တယ်'

'ကဲ..အခုခင်ဗျား အိပ်မက်မက်နေတာ မဟုတ်ဘူး။ နိုးနေတာ။ အခုအချိန်မှာရော ခင်ဗျား ဘာကိုသိချင်နေလဲ'

'ဘာမှ မသိချင်တော့ဘူး။ သိအောင်ကြိုးစားရတာ ပင်ပန်းတယ်ဆရာ။ ကျွန်မ သိချင်တာကို သိအောင် စဉ်းစားရင် ခေါင်းတွေ မူးလာတယ်။ ကျွန်မ အဲဒီ ခေါင်းမူးတာကြီးကို မခံစားချင်တော့ဘူး။ ပြီးတော့ တွေးမိတယ်။ သိချင်တာကို သိအောင် စဉ်းစားနေရတာ အချိန်တွေ ကုန်လှတယ်လို့။ မသိရတော့လည်း ဘာဖြစ်လဲလို့...'

ဆရာဝန်ကြီးက ကျွန်မ ဆေးမှတ်တမ်းစာအုပ်ထဲ တစ်စုံတစ်ရာ ချရေးသည်။ ခင်ဗျား နေကောင်းလာပါပြီ။ ဆေးတော့ ဆက်သောက်နော်ဟုပြောပြီး ကျွန်မကို ဆေးမှတ်တမ်းစာအုပ် ကမ်းပေးသည်။

ဆေးခန်းရှေ့ ကောင်တာမှာ ဆေးဝယ်ဖို့လည်း အတော် စောင့်ရသည်။ မိုးက တစိမ့်စိမ့်ရွာနေဆဲ ဖြစ်သလို မှောင်ရိပ်ကလည်း ကဲလာပြီမို့ ပတ်ဝန်းကျင်က အုံ့မှိုင်းနေပြီး ငြီးငွေ့ဖွယ် ကောင်းလှသည်။

'မမာယာ'

နာမည်ခေါ်သံတစ်ခု ကြားရတော့ ကျွန်မက ကျွန်မနောက်မှာ တန်းစီနေသူတွေကို စောင်းငဲ့ကြည့်မိသည်။ စောင့်ဆိုင်းနေသည့် လူနာတန်းနားမှာ စာအုပ်တစ်အုပ်နှင့် ရပ်နေသော စောစောက သူနာပြု ဆရာမလေး ကျွန်မအနား ခွေ့ခနဲ ရောက်လာသည်။

'မမာယာ ရှင့်နာမည်ခေါ်နေပြန်ပြီလေ။ မကြားပြန်ဘူးလား'

သူမက ကျွန်မလက်မောင်းကိုဆွဲကာ ဆေးကောင်တာနား ခေါ်သွားသည်။ ကျွန်မခန္ဓာကိုယ်က ဆရာမလေးဆွဲခေါ်ရာနောက် တရွတ်တိုက်ပါသွားပေမဲ့ ကျွန်မဦးခေါင်းကတော့ ကျွန်မနောက်က စောင့်ဆိုင်းနေသည့် လူတန်းရှိရာ လည်ပြန်ကြည့်ကာ မာယာ့ကို ရှာနေမိဆဲပင်။

■


ခက်မာ







www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ
ပက်ထရစ်မိုဒီယာနို




စာရေးဆရာမ
ဂျေကေရိုးလင်း

# အောင်မြင်မှုရဲ့ အဓိပ္ပာယ်

မသီတာ (စမ်းချောင်း)

အောင်မြင်မှုရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတာ လူတစ်ယောက်နဲ့တစ်ယောက် တူနိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ ကိုယ်သတ်မှတ်ထားတဲ့ အောင်မြင်မှုရဲ့အဓိပ္ပာယ်နဲ့ တခြားတစ်ယောက်ရဲ့အောင်မြင်မှုကို တိုင်းထွာဖို့ ကြိုးစားချင်ကြတာမျိုးတွေရော၊ သူများသတ်မှတ်ထားတဲ့အောင်မြင်မှုရဲ့ အဓိပ္ပာယ်နဲ့ ကိုယ့်အောင်မြင်မှုကို သုံးသပ်လာကြတာမျိုးတွေပါ တွေ့လာရတဲ့အတွက် ဒီစာကို ရေးဖြစ်တယ်လို့ ဆိုရပါမယ်။ ပထမဆုံး ပြောချင်တာကတော့ စာရေးဆရာများနဲ့ စာရေးဖို့ ကြိုးစားသူများကြားမှာ မြင်တွေ့နေရတဲ့ အောင်မြင်မှုရဲ့အဓိပ္ပာယ်ကို ဆန်းစစ်သွားမှာမို့ ကျန်တဲ့လောကမှာရှိတဲ့ နမူနာတွေကို ဒီနေရာမှာ လျစ်လျူရှုသွားမှာပဲ ဖြစ်ပါတယ်။ အများစုကြီး ရောထွေးနားလည်နေကြတဲ့ အောင်မြင်ကျော်ကြားမှုဆိုတဲ့ ဝေါဟာရကိုပဲ စ,ဆွေးနွေးရမှာပါ။ 'အောင်မြင်မှု'နဲ့ 'ကျော်ကြားမှု' ကို တစ်ထပ်တည်း၊ တစ်ခုတည်းအဖြစ် ကလေးတွေအရွယ်မှာ နားလည်ကြပေမဲ့ ကြီးပြင်းရင့်ကျက်လာသူတိုင်းကတော့ ဒီနှစ်ခုဟာ တစ်ထပ်တည်း၊ တစ်ခုတည်း မဟုတ်ဘူး ဆိုတာကို သဘောပေါက်တတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ လူထုဒေါ်အမာ

အသက်ကြီးလာတဲ့အထိ ဒီနှစ်ခုကို တစ်ခုတည်းလို့ ထင်နေသေးရင်တော့ မရင့်ကျက်သူလို့ပဲ ကင်ပွန်းတပ်ရတော့မှာပါ။ တကယ်တမ်း ပြန်ဆန်းစစ်စေချင်ပါတယ်။ အလွယ်ကူဆုံး နမူနာအဖြစ် ကမ္ဘာမှာ ဟယ်ရီပေါ်တာစာအုပ်နဲ့ နာမည်ကြီး ကျော်ကြားသွားတဲ့ **ဂျေကေရိုးလင်း** ဆိုပါတော့။ သူ့ရဲ့ အောင်မြင်မှုက ဘာလဲ။ သူ့မှာ ကျော်ကြားမှုရှိတဲ့အတွက် သူ အောင်မြင်တာပဲလို့ ကျွန်မတို့ မဆိုနိုင်ပါဘူး။ သူ့ရဲ့အောင်မြင်မှု အစစ်အမှန်က ဘာပါလဲ။ စောင်ရေ ကုဋေချီပြီး ရိုက်ရတာလား၊ ရုပ်ရှင်အဖြစ် အသွင်ပြောင်းခွင့်ရတာလား၊ သန်းကြွယ်သူဌေး ဖြစ်သွားတာလား။ ဟယ်ရီပေါ်တာဟာ စာမူအဖြစ်နဲ့ နှစ်ပေါင်းများစွာ စာအုပ်တိုက်ပေါင်းများစွာလက်မှာ တဝဲလည်လည် ဖြစ်ခဲ့ပါတယ်။ နောက်ဆုံး ထုတ်ဝေပေးမယ့်သူ ပေါ်လာပြီး စာအုပ်ကလည်း ရောင်းကောင်းခဲ့ပါတယ်။ အဲဒီလို ထုတ်ပေးမယ့်သူ မရှိဘဲ ကြန့်ကြာနေတဲ့

www.burmeseclassic.com

ကာလတစ်လျှောက်မှာ စာရေးဆရာမအနေနဲ့ စိတ်ဓာတ်မကျသလို ဘယ်သူ့အပေါ်မှာမှ စိတ်မနာဘဲ၊ ဘဝကို ခါးသီးစွာ မရှုမြင်ခဲ့ဘဲ နောက်ထပ်စာအုပ်ပေါင်းများစွာ ဆက်ရေးနိုင်အောင် သူ့ဘာသာသူ တည်ဆောက်နိုင်ခဲ့တာ၊ နောင်ရေးသမျှ စာအုပ်တွေအားလုံးမှာလည်း အရည်အသွေးပိုင်းမကျအောင် အားထုတ်နိုင်ခဲ့တာ ဒါတွေကသာ သူ့ရဲ့အောင်မြင်မှုလို့ ကျွန်မကတော့ ယူဆပါတယ်။ သူနာမည်ကြီးတာ၊ ငွေရတာ၊ သူ့စာအုပ်တွေ ရုပ်ရှင်ရိုက်ရတာဟာ သူ့အောင်မြင်မှုလို့ ကျွန်မဘယ်တုန်းကမှ မထင်ပါဘူး။ ဒီနေရာမှာ သူကိုယ်တိုင်က ခံယူထားတဲ့ သူ့ရဲ့အောင်မြင်မှု အဓိပ္ပာယ်ကိုတော့ ကျွန်မ မသိနိုင်ပါဘူးလို့ ပြောပါရစေ။

ကျွန်မတစ်ယောက်တည်းအတွက်တော့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ဟာ ကျော်ကြားမှု မဟုတ်ပါဘူး။ ကျွန်မတို့ ပိုပြီး သိသာအောင် အခု ၂၀၁၄ ခုနှစ်မှာ စာပေနိုဘယ်ဆုဆွတ်ခူးသွားတဲ့ **ပက်ထရစ်မိုဒီယာနို** ဆိုရင် သူ့နိုင်ငံထဲမှာတောင် နာမည်ကြီးကျော်ကြား သူမျိုး မဟုတ်ပါဘူး။ သူ့စာရေးသက် ၄၆ နှစ်မှာ ရေးသားထုတ်ဝေနိုင်ခဲ့တဲ့ စာမူအရေအတွက်ကလည်း သိပ်အများကြီးမရှိခဲ့ပါဘူး။ စာအုပ် ၃၀ တောင် မပြည့်ပါဘူး။ သူ့ရဲ့စာအုပ်ကို ရုပ်ရှင်လည်း အရိုက်မခံခဲ့ရပါဘူး။ သူ ရေးတဲ့အကြောင်းအရာတွေကလည်း လူကြိုက်များတဲ့ အကြောင်းအရာတွေ မဟုတ်ခဲ့ပါဘူး။ ဒီတော့ စာပေနိုဘယ်ဆုရတာက သူ့ရဲ့ အောင်မြင်မှုပဲ၊ ဒါကြောင့် သူ နာမည်ကျော်သွားပြီလို့ ပြောချင်စရာတော့ ရှိတာပေါ့။ ဒါပေမဲ့ ကျွန်မအတွက်တော့ သူ့ရဲ့အောင်မြင်မှု အစစ်အမှန်ဟာ ဘယ်သူက ချီးကျူးသည်ဖြစ်စေ ရှုတ်ချသည်ဖြစ်စေ၊ နာမည်ကြီးသည်ဖြစ်စေ၊ လူမသိသည်ဖြစ်စေ၊ ရုပ်ရှင်ရိုက် ရသည်ဖြစ်စေ၊ မရိုက်ရသည်ဖြစ်စေ၊ မီဒီယာတွေမှာ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စာရေးသက် ၄၆ နှစ်လုံးလုံး ကိုယ့်လက်ရာကို အကောင်းဆုံးဖြစ်စေရမယ်ဆိုပြီး ရေးသားခဲ့မှုပဲလို့ ဆိုချင်ပါတယ်။ ဒါဟာ သိပ်ကို အရေးကြီးတဲ့ အောင်မြင်မှုရဲ့ သော့ချက်ပဲလို့လည်း ထင်ပါတယ်။

‘အောင်မြင်မှု’နဲ့
‘ကျော်ကြားမှု’ကို
တစ်ထပ်တည်း
တစ်ခုတည်းအဖြစ်
ကလေးတွေအရွယ်မှာ
နားလည်ကြပေမဲ့
ကြီးပြင်း
ရင့်ကျက်လာ
သူတိုင်းကတော့
ဒီနှစ်ခုဟာ
တစ်ထပ်တည်း
တစ်ခုတည်း
မဟုတ်ဘူး
ဆိုတာကို
သဘောပေါက်
တတ်ကြပါတယ်

တကယ်လို့များ သူဟာ စာရေးသက် ၂၀ နှစ်လောက်မှာ ‘ဩော် ငါ ဒီလောက်ရေးလာတာ နာမည်လည်း မကြီးဘူး၊ မီဒီယာမှာလည်း မပါဘူး၊ ပွဲတွေမှာလည်း မတက်နိုင်ဘူး၊ မဖြစ်ချေဘူး၊ ဒါတွေရအောင် လူအများကြိုက်မှာတွေ ရွေးရေးဦးမှ’ ဆိုတာမျိုးတွေးဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် စာရေးတဲ့အလုပ်ကို ဆက်မလုပ်ခဲ့ရင် ဒီနေ့ဒီအချိန်မှာ နိုဘယ်ဆုရွေးချယ်ရေးကော်မတီက သူ့ကို ဆုပေးခွင့်ရနိုင်မှာ မဟုတ်တော့ဘူးလေ။ သူ့ရဲ့ ကျော်ကြားမှုအပါအဝင် ဆုလာဘ်တစ်စုံတစ်ရာကို မျှော်ကိုးမှုမရှိဘဲ ကိုယ့်အားထုတ်မှုကို မလျှော့တမ်းဆုပ်ကိုင်ပြီး တစ်သက်တာလုံး စာပေရေးသားခြင်းကို စိုက်လိုက်မတ်တတ် ဆောင်ရွက်နိုင်ခဲ့မှုကသာ သူ့ရဲ့ အောင်မြင်မှုအစစ်အမှန်ပါ။

ဒီနေရာမှာ ကျွန်မတို့ စာရေးသူတွေအနေနဲ့ ဂျေကေရိုးလင်း ဖြစ်ချင်တာလား၊ ပက်ထရစ်မိုဒီယာနို ဖြစ်ချင်တာလားဆိုတဲ့ မေးခွန်းကို ကိုယ့်ဘာသာမေးကြဖို့တော့ လိုပါ တယ်။ အောင်မြင်မှုနဲ့ပတ်သက်တဲ့ ကိုယ့်ရဲ့အမြင်ကသာ ဘယ်သူ့လို ဖြစ်ချင်ပြီး ဘယ်လိုဖြစ်ချင်တယ်ဆိုတာကို အဆုံးဖြတ်ပေးနိုင်မယ်လို့ မြင်ပါတယ်။

ကျွန်မတို့နဲ့ နီးစပ်တဲ့ နမူနာကို တွေးကြည့်ရအောင်ပါ။ အမေ **လူထုဒေါ်အမာ** ဆိုရင် စာရေးသူတိုင်းက သိရတဲ့၊ သိကြတဲ့ စာရေးဆရာ ဖြစ်ပါတယ်။ သူ ရေးခဲ့တဲ့ စာပေအမျိုးအစားတွေ အများကြီးပါ။ သူ ရေးခဲ့တဲ့နှစ်ကလည်း သူ့တစ်သက်ပါပဲ။ သူ့ကို အမျိုးသားစာပေဆု မပေးခဲ့နိုင်ပါဘူး။ သူ့စာမူကို ရုပ်ရှင်မရိုက်ခဲ့ပါဘူး။ သူ့ ကျော်ကြားမှုကတော့ အထင်အရှား ရှိခဲ့ပါတယ်။ ဒါဆို အမေမာ့ရဲ့ အောင်မြင်မှု အစစ်အမှန်က ဘာပါလဲ။ သူ နေထိုင်ရာ လူ့အဖွဲ့အစည်းအတွက် ရှိသင့်ဖတ်ထိုက်တဲ့ စာပေအမျိုးအစားများကို ငွေကြေး၊ ကျော်ကြားမှု၊ ဆုလာဘ်

www.burmeseclassic.com

www.burmeseclassic.com

ဘာဆိုဘာမှ မမျှော်လင့်ဘဲ သေတစ်ပန် သက်ဆုံး ရေးသားသွားခဲ့နိုင်ခြင်းကသာ အမေမာရဲ့ အောင်မြင်မှုပါ။ ဒီလိုပဲ ဆရာ **ကြူးနှစ်**ဆိုရင်လည်း ဒီနေ့ထိ လူသိများထင်ရှားကျော်ကြားလှတဲ့ စာရေးဆရာစာရင်းမှာ မပါသလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ဆရာ့လက်ရာဟာ သူ စာစ, ရေးခဲ့တဲ့ လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်လောက်ကနေ ဒီနေ့အထိ ကောင်းမြဲကောင်းဆဲပါ။ စာပေအနုပညာရသရဲ့ အလှတရားကို ခံစားနိုင်သူများကြားမှာ ပြောစမှတ်ပြုလောက်အောင် ကောင်းဆဲဖြစ်ပါတယ်(ဆရာ့စာအုပ်ကို အမျိုးသားစာပေဆု မပေးခဲ့နိုင်တာလည်း ဆုရွေးချယ်ရေးအဖွဲ့ရဲ့နစ်နာမှု၊ မြန်မာစာပေလောကရဲ့ နစ်နာမှုပဲဖြစ်ပါတယ်။)။ ဒီလောက် နှစ် ၄၀ ကျော်မှာ ဝတ္ထုတိုကောင်း၊ ဆောင်းပါးကောင်းတွေကို အရည်အသွေး မလျှော့အောင် ဘာဆုလာဘ်၊ ဘာကျော်ကြားမှု၊ ဘာငွေကြေးကိုမှ ထည့်မတွက်ဘဲ ကိုယ့်စာကို(လူငယ်စကားနဲ့ပြောရင် ရုပ်ပေါက်အောင်) စိုက်လိုက်မတ်တတ် ရေးနိုင်ခဲ့တာဟာ ဆရာကြူးနှစ်ရဲ့ အောင်မြင်မှု အစစ်အမှန်ပဲလို့ ကျွန်မမြင်ပါတယ်။ ဒီလိုပဲ ဆရာမ **ခင်မြဖင်**ဆိုရင်လည်း သူ့စာတွေရဲ့အရည်အသွေးကိုသာ ဂရုစိုက်ပြီး ဘယ်တုန်းကမှ၊ ဘာကြောင့်မှ လူကြိုက်များမှာတွေ ရေးဦးမှလို့ မတွေးသူဖြစ်ပါတယ်။ ဆရာမရဲ့ အားထုတ်မှုထဲမှာ ဘယ်တော့ ပုံနှိပ်ဖော်ပြခွင့်ရမယ်မှန်း မသိဘဲရေးခဲ့တဲ့ လုံးချင်းဝတ္ထု (အဝိဇ္ဇာမြို့ကလေးနာမည်နဲ့ ခုတော့ ထွက်နိုင်ပါပြီ)တောင် ပါလေရဲ့။ ဒါကြောင့် ဆရာမ ခင်မြဖင်ရဲ့ အောင်မြင်မှုအစစ်အမှန်ဆိုတာ မနေ့တစ်နေ့က အမျိုးသားစာပေဆု ရသွားတာကို ဆိုလိုတာ မဟုတ်ပါဘူး။ နောက်ဆက်တွဲ ရစရာရှိတာ ဘာဆိုဘာကိုမှ မမက်မော မမျှော်လင့်ဘဲ ကိုယ့်စာပေလက်ရာအပေါ် သစ္စာကြီးစွာနဲ့ စိုက်လိုက်မတ်တတ် အားထုတ်ရေးသားနိုင်ခဲ့မှုကသာ ဆရာမရဲ့ အောင်မြင်မှု အစစ်အမှန်ပါ။

ကျွန်မကိုယ်တိုင်ရဲ့ နမူနာကိုလည်း ပြောပါရစေ။ ကျွန်မရဲ့ ပထမဆုံး စာမူ ဖော်ပြခံရတာ ဂျာနယ်မှာဆို ၁၉၈၄ ခုနှစ် နှစ်လယ်၊ မဂ္ဂဇင်းမှာဆို ၁၉၈၅ ဖေဖော်ဝါရီပါ။ ဒါပေမဲ့ ၂၀၁၂ နှစ်ကုန်မှာ ထွက်တဲ့ **စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်** နဲ့ကျမှ မြန်မာနိုင်ငံက စာဖတ်သူတွေက ကျွန်မကို စာရေးဆရာရယ်လို့ သိစ, ပြုပါတယ်။ နှစ် ၃၀ လောက်ကြာမှ သူများတကာရဲ့ အမြင်မှာ အောင်မြင်တယ်ဆိုတာမျိုး ဖြစ်တာပေါ့။ **ဒီစာအုပ်ကို အကြိမ်ကြိမ်ရိုက်ရပြီး စာမဖတ်တူးလို့ ယူဆရသူတွေပါ ဖတ်ကြတော့ လူတွေက အောင်မြင်တယ်လို့ ပြောကြပါတယ်။** ကျွန်မအမြင်မှာတော့ ဒီစာအုပ် စ,ရေးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်မှာ အဲဒီစာမူကို ကိုယ့်ကွန်ပျူတာထဲ သိမ်းထားရတာတောင် အန္တရာယ်ရှိနေတဲ့ အချိန်ပါ။ စာပေစိစစ်ရေးခေတ်မှာ စိစစ်ရေးက ခွင့်မပြုရင် စာအုပ်ထုတ်လို့ မရရုံအပြင် ဘာမှ မဖြစ်နိုင်ဘူးလို့ တွက်ထားလို့ မရခဲ့ဘူးဆိုတာ ဒီနေ့ခေတ် လူငယ်စာရေးသူတွေ သိစေချင်ပါတယ်။ စစ်အာဏာရှင်ခေတ်နဲ့ပတ်သက်ပြီး ဝေဖန်ရေးသားထားတာတွေကို လက်ဝယ်တွေ့ရင်ကို ထောင်ချနိုင်တဲ့ အနေအထားပါ။ ထောင်ကြွေးကျန် ၁၄ နှစ် ၆ လလောက် ရှိသေးတဲ့ ကျွန်မအဖို့ ဒီစာမူကို ရေးဖို့ရော သိမ်းထားဖို့ပါ ဆုံးဖြတ်ခဲ့တာဟာ နောင်တစ်ချိန်ချိန်မှာ အကြိမ်ကြိမ် ပုံနှိပ်ခွင့်ရပြီး ငွေလည်းရ၊ ကျော်လည်းကျော်ကြားမှာပဲဆိုတဲ့ မျှော်လင့်ချက်ကြောင့် မဟုတ်တာ သိပ်သေချာပါတယ်။ ကျွန်မအတွက် **ဒီစာအုပ်နဲ့ပတ်သက်တဲ့ အောင်မြင်မှုအစစ်အမှန်ဟာ ဘာလဲလို့ မေးရင် ဒီစာအုပ်မျိုး မြန်မာစာပေလောကမှာ ရှိသင့်တယ်လို့ တွေးပြီး အခြေအနေပေးတဲ့ တစ်နေ့မှာ ထုတ်ဝေဖို့ အဆင်သင့်ဖြစ်အောင် ရေးထားမယ်လို့ ဆုံးဖြတ်မှုနဲ့ သာမန် ဒိုင်ယာရီရေးသလို ဖြစ်သလို မရေးဘဲ အရေးအသားရော အချက်အလက်ကိုပါ စနစ်တကျ ပြင်ဆင်အားထုတ်နိုင်ခဲ့မှုပဲ ဖြစ်မှာပါ။** နောက်ဆက်တွဲရလဒ်တွေကတော့ အောင်မြင်မှုဆိုတာထက် ပွဲတင်သံတွေလို့ပဲ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ဒီနေ့ခေတ် လူငယ်စာရေးသူတွေ မေ့နေတတ်တဲ့ကိစ္စတစ်ခုကို ပြောချင်ပါတယ်။ ဒါကတော့ စာပေစိစစ်ရေးကြောင့် ကိုယ့်စာမူတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြခံရဖို့ တစ်နည်းအားဖြင့် တခြားစာဖတ်သူတွေ ဖတ်ခွင့်ရအောင် ချပြနိုင်ဖို့ နှစ်ပေါင်းများစွာ ကြာနိုင်တယ်ဆိုတာ သိလျက်နဲ့ စာမူတွေကို မပြတ်ရေးသားခဲ့ကြရတဲ့ဘဝတွေ အကြောင်းပါ။ ဒီအကြောင်းတွေကို ဒီနေ့ခေတ် စာရေးသူတွေက မသိတာလား၊ သိသလိုလို ရှိပေမဲ့ သေချာသဘောမပေါက်တာလား၊ သိပြီးမှ မေ့သွားတာလားတော့ မပြောတတ်ပါဘူး။ ဒါကြောင့် ဒီနေ့ခေတ်မှာ ငွေရှိရင် စာအုပ်ဖြစ်ဖို့ လွယ်သွားပြီလို့ ပြောတာကို သဘောမတူနိုင်ဖြစ်ကြရတာပါ။ ခေတ်က ဖေ့စ်ဘွတ်ခ်ခေတ်မို့ လူတွေက အခု ရေးပြီးသမျှကို အခု တင်ပြီး အခု လိုက်ခ်မြင်ချင်ကြတာ အဆန်း မဟုတ်ပါဘူး။ အဲဒီလို မြန်မြန်တုံ့ပြန်တာကို မြင်ချင်သိချင်ကြတဲ့အတွက် ပုံနှိပ်မဂ္ဂဇင်းတစ်

www.burmeseclassic.com

> ကျွန်မရဲ့
> ပထမဆုံးစာမူ
> ဖော်ပြခံရတာ
> ဂျာနယ်မှာဆို
> ၁၉၈၄ ခုနှစ်
> နှစ်လယ်
> မဂ္ဂဇင်းမှာဆို
> ၁၉၈၅
> ဖေဖော်ဝါရီပါ
> ဒါပေမဲ့
> ၂၀၁၂ နှစ်ကုန်မှာ
> ထွက်တဲ့
> **စမ်းချောင်း**
> **အင်းစိန်**
> **ဟားဗတ်**နဲ့ကျမှ
> မြန်မာနိုင်ငံက
> စာဖတ်သူတွေက
> ကျွန်မကို
> စာရေးဆရာရယ်လို့
> သိစပြုပါတယ်

စောင်မှာ တစ်နှစ်လောက် စောင့်ရမှာ မပြောနဲ့၊ နှစ်လ-သုံးလ စောင့်ရမှာကိုတောင် သည်းမခံချင်ကြပါဘူး။ ဒါကြောင့် ကိုယ့်စာမူကို ကိုယ်တိုင် အဖန်ဖန် အထပ်ထပ် ပြန်ဖတ်စိစစ်ပြီး စိတ်တိုင်းကျပြီ၊ အမှားကင်းပြီး အနုပညာအားကောင်းပြီလို့ သေချာယုံကြည်မှ သက်ဆိုင်ရာ ပုံနှိပ်စာမျက်နှာပေါ် တက်နိုင်ဖို့ စိတ်ရှည်လက်ရှည် မကြိုးစားချင်ကြတော့တာပေါ့။

ကျွန်မကိုယ်တိုင်ရဲ့ နမူနာကိုပဲ ပြောပါရစေ။ တစ်နိုင်ငံလုံးမှာ လစဉ်ထုတ်မဂ္ဂဇင်းရယ်လို့ ၈ စောင် လောက်ရှိတဲ့ခေတ်မှာ ကျွန်မ စာစ ရေးပါတယ်။ အဲဒီ ၈ စောင်မှာ ကိုယ်တိုင် သဘောမကျနိုင်လို့ မဖတ်ဖြစ်တဲ့ မဂ္ဂဇင်းတွေကို ကိုယ့်စာမူ မပို့ဘူးလို့ ဆုံးဖြတ်ထားတာမို့ ကိုယ်ပို့နိုင်မယ့် မဂ္ဂဇင်းက ၄-၅ စောင်လောက် ကျန်ပါတယ်။ နှစ်နဲ့ချီစောင့်ခဲ့ရပြီး အချိန်တစ်ချိန်လည်းရောက်ရော သိပ်မစောင့်ရတဲ့ဘဝကို ရောက်သွားပါတယ်။ အဲဒီလိုစောင့်နေချိန်မှာ လျှမ်းလျှမ်းတောက်ကျော်ကြားသူတွေရှိခဲ့ပြီး သူတို့ထဲက တချို့သူတွေရဲ့လက်ရာတွေဟာ ပြောပလောက်တာ မဟုတ်ပေမဲ့ အကြောင်းကြောင်းကြောင့် သူတို့ရေးသမျှကို နေရာတကာမှာ ဖတ်နေရသလို သူတို့ ကျော်ကြားလာတာကို မြင်ရတဲ့သူအဖို့ အားကျစိတ် ရှိခဲ့ဖူးပေမဲ့ သူတို့လို ကိုယ့်မှာ မဖြစ်ရကောင်းလားလို့ ယောင်လို့တောင် မတွေးမိခဲ့တာ ကိုယ့်ဘာသာ ရွေးချယ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ကြောင့်ပဲ ဖြစ်ပါတယ်။ တကယ်လည်း အဲဒီလို ကိုယ် အားကျခဲ့ရတဲ့ အားရခဲ့မိတဲ့ စာရေးဆရာထဲကတချို့ဟာ သူတို့ အားမထုတ်နိုင်တော့တဲ့ အခုအချိန်မှာ ဘဝကို ခါးသီးစွာ ရှုမြင်လာကြတာကို လည်း မြင်တွေ့နေရပါတယ်။ တချို့ကတော့ ဘဝကို ခါးသီးစွာ ရှုမြင်ရုံမကဘဲ အခု အချိန်မှာ နာမည်ရလာတဲ့၊ စာအရေးစိပ်လာတဲ့ စာရေးသူများအပေါ် မုဒိတာ မပွားနိုင်ဘဲ ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ သူတို့ ရွေးချယ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ကြောင့်ပဲ သူတို့ ဒီလိုဖြစ်ရတယ်လို့ မြင်ပါတယ်။

ဟိုတလောက နာမည်ကြီး စာရေးဆရာတစ်ယောက်က ကျွန်မကို ပြောပါတယ်။ အခုနောက်ပိုင်းမှာ ဆုတွေ ဘာတွေ ရလာတဲ့ လူငယ်စာရေးဆရာလေးက သူ့စာမူတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းတော့ ငွေတစ်သောင်းကျပ်လောက်နဲ့ သဘောတူလိုက်ရမှာ သူက စဉ်းစားပါဦးလို့ ဆိုတော့ 'ဆရာရယ် ကျွန်တော်က ဒီအခွင့်အရေးကို စောင့်နေတာပါ။ ကျွန်တော့်အောင်မြင်မှုကို လမ်းမပိတ်နိုင်ပါဘူး' လို့ တုံ့ပြန်ပါသတဲ့။ သဘောက ငွေက အရေးမကြီးဘဲ ရုပ်ရှင်ရိုက်ခွင့်က အရေးကြီးတဲ့ သဘောပေါ့။ တကယ်တော့ ငွေရော ရုပ်ရှင် ရိုက်ခွင့်ရော ကိုယ့်လက်ရာကို တန်ဖိုးထားမှုထက် အရေးကြီးရဲ့လားလို့ တွေးသင့်တယ် မဟုတ်လား။ သူရွေးချယ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ဟာ ဒီလောက်ထိပဲဆိုတာ သိခွင့်ရလိုက်ပြီလို့ပဲ သဘောထားရပါတယ်။ အဲဒီလိုပဲ ထုတ်ဝေဖူးတဲ့ စာအုပ်အရေအတွက် အနည်းအများကို အောင်မြင်မှု အတိုင်းအတာအဖြစ် ခံယူသတ်မှတ်နေသူတွေလည်း ရှိနေတာကို သတိထားမိရပါတယ်။ ပွဲလုပ်လို့ လူများများလာရင်၊ မီဒီယာတွေမှာ ပါလာရင် အောင်မြင်မှုလို့ ထင်နေကြတဲ့ စာရေးဆရာမျိုးလည်း ရှိနေဦးမှာပေါ့။ သူတို့ ရွေးချယ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်က အဲဒီလို ရုပ်ရှင်ရိုက်ခွင့်၊ ငွေကြေး၊ စာအုပ်အရေအတွက်၊ မီဒီယာမှာ ဖော်ပြခံရမှု၊ ပွဲတက်သူ ဦးရေနဲ့ ဖေ့စ်ဘွတ်ခ်က လိုက်ခ်အရေအတွက်တွေ ဖြစ်နေကြတယ်လို့ပဲ ဆိုရမှာပါ။

ခေတ်ရေစီးကြောင်းအရ စာမူတစ်ပုဒ် ရေးပြီးပြီးချင်းမှာ တခြားသူတွေကို ပေးဖတ်ပြီး အသံပြန်နားထောင်ခွင့်ရဖို့ လွယ်ကူလာတဲ့အတွက် ကိုယ်ရေးပြီးသမျှကို အခုပြီးအခု တင်၊ အခု ချပြချင်တဲ့ စိတ်ဆန္ဒဟာ အပြစ်မရှိပေမဲ့ အဲဒီလို စိတ်မြန်လက်မြန် တင်ကြ၊ ရှယ်ကြ၊ လိုက်ခ်ကြ၊ ကွန်မန့်ပေးကြရတဲ့ အဓိက

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းဟာ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ကို လူသိများမှု၊ လူကြိုက်များမှုနဲ့ ကျော်ကြားထင်ရှားမှုလို့ ဆိုလိုရာရောက်မယ်ဆိုရင်တော့ မြန်မာစာပေလောကအတွက် ရင်လေးစရာ ဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်မှာ အချိန်တိုတိုအတွင်း စာမူပေါင်းများစွာ၊ စာအုပ်ပေါင်းများစွာ ရေးသားခဲ့ပြီး နာမည်ကျော်ကြားခဲ့တဲ့ စာရေးဆရာတွေ အများကြီး ရှိခဲ့ပါတယ်။ သူတို့အားလုံးကို အောင်မြင်တယ်လို့ ဆိုနိုင်ပါရဲ့လား။ ဂျေကေရိုးလင်း ဘယ်နှယောက်ပါပြီး ပက်ထရစ်မိုဒီယာနို ဘယ်နှယောက် ပါခဲ့ပါသလဲ။ လူထုဒေါ်အမာ ဘယ်နှယောက်များ ကျွန်မတို့ မြန်မာစာပေသမိုင်းမှာ ရှိခဲ့ပါသလဲ။

ကိုယ့်စာမူတစ်ပုဒ်ကို ဘယ်တော့များမှ ပုံနှိပ်ဖော်ပြခံရခွင့် ရမယ်ဆိုတာ တစ်နည်း လူအများ ဖတ်ရှုခံစားနိုင်ခွင့်ရမယ်ဆိုတာ သေချာမသိနိုင်ဘဲနဲ့ ကိုယ့်လက်ရာ အရည်အသွေးကိုသာ ကြောင့်ကြစိုက်ပြီး သေတစ်ပန် သက်ဆုံး စာပေရေးသားခြင်းအလုပ်ကိုသာ စိုက်လိုက်မတ်တတ်လုပ်ပြီး (ကိုယ့်နိုင်ငံ၊ ကိုယ့်စာပေလောကအတွက်) အားထုတ်သွားမယ်လို့ ဆုံးဖြတ်ရေးသားနေကြတဲ့ စာရေးဆရာများ ရှိနေကြသေးတာကို ကျွန်မ ယုံပါတယ်။ အဲဒီလို စာရေးဆရာမျိုးတွေ ရွေးချယ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်ဟာလည်း မတူကွဲပြားနေမှာပါ။ ဒါပေမဲ့ အခုအချိန်မှာ ဂျေကေရိုးလင်းလို အောင်မြင်ချင်သူတွေက ပက်ထရစ်မိုဒီယာနိုလို အောင်မြင်နေသူတွေကို အပြိုင်အဆိုင်သဘောထားပြီး စကားပြောလာကြတာပါပဲ။ ဒါကြောင့် 'သူက ခုမှ ဘယ်နှအုပ်လေးရေးပြီး လူသိတာပါ၊ ငါက ဘယ်နှအုပ်တောင် ရှိပြီ' ဆိုတာမျိုး ပြောခဲ့ကြတယ်လို့ ထင်ပါတယ်။ ဒီလိုပဲ 'သူက ဒီအဖွဲ့ထဲပါလို့ လူတောတိုးလာတာ၊ ငါက ငါ့လက်ရာနဲ့ငါ လူသိများနေတယ်' လို့ ပြောတတ်ကြတာလည်း အဲဒီ ပြဿနာပါပဲ။ အဲဒီအပြင် အသစ်ဖြစ်ထွန်းလာတဲ့ ဖေ့စ်ဘွတ်ခ်ယဉ်ကျေးမှုအရလည်း ကိုယ့်ကိုယ်ကို နှိမ်ချသလိုလိုနဲ့ သူများကို စောင်းမြောင်းပုတ်ခတ်တဲ့ 'ဒီပေါ်မှာ တင်မိလို့ ပုံနှိပ်ကို ပို့ရခက်သွားပြီ၊ ငါကိုက မှားမိပါတယ်။ သူငယ်ချင်းတွေကို ဦးဦးဖျားဖျား ဖတ်စေချင်မိတာကိုး' ဆိုတာမျိုး ထွက်လာတာ ဖြစ်ပါတယ်။

အောင်မြင်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတာ လူတစ်ယောက်နဲ့တစ်ယောက် တူနိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ ကိုယ် သတ်မှတ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်နဲ့ တခြားတစ်ယောက်ရဲ့ အောင်မြင်မှု ကို တိုင်းထွာဖို့ ကြိုးစားချင်ကြတာမျိုးတွေရော၊ သူများ သတ်မှတ်ထားတဲ့ အောင်မြင်မှုရဲ့ အဓိပ္ပာယ်နဲ့ ကိုယ့်အောင်မြင်မှုကို သုံးသပ်လာကြတာမျိုးတွေဟာ ကိုယ်တိုင်ရဲ့ အောင်မြင်မှုအတွက်ရော သူတစ်ပါးရဲ့ အောင်မြင်မှုအတွက်ပါ ဘာအကျိုးမှ မပြုနိုင်ပါဘူး။ လူဆိုတာ ကိုယ် ရွေးချယ်ခဲ့တဲ့လမ်းကိုပဲ ကိုယ် လျှောက်ကြရပါတယ်။ **ကိုယ် ရွေးချယ်ခဲ့တဲ့လမ်းဟာ ကိုယ့်အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုပါပဲ။ အောင်မြင်မှု အစစ်အမှန်ဟာ ကိုယ့်ရဲ့မဆုတ်မနစ် ကြိုးစားအားထုတ်နေမှုလို့ဆိုရင်တော့ ကြိုးစားနေနိုင်သရွေ့ အောင်မြင်နေမှာပါပဲ။** စာရေးသူလူငယ်များ ကိုယ့်အောင်မြင်မှုကို ကိုယ်တိုင်ဖန်တီး တည်ဆောက်နိုင်ကြပါစေ။

■

**မသီတာ(စမ်းချောင်း)**


ရုပ်စုံမဂ္ဂဇင်း

**ဖြန့်ချိရေး**

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀




www.burmeseclassic.com

www.burmeseclassic.com



ဒီလ စာမူတွေကတော့ ဟုတ်မလိုလိုနဲ့ ဖောင်းပွနေတာမျိုး၊ ဝတ္ထုမမြောက်တာမျိုးတွေ အများစုဖြစ်နေပါတယ်။ လွတ်လပ်မှု အတန်အသင့်ရနေပြီဖြစ်တဲ့ ဒီအချိန်မှာ အကြောင်းအရာပိုင်းကိုသာမက အရေးအသား၊ တင်ပြပုံနဲ့ အဖွဲ့အနွဲ့ပိုင်းတွေမှာပါ ဆန်းသစ်နိုင်မာအောင် ကြိုးစားကြစေချင်ပါတယ်။

၁။ *ဒီထက်လည်း မတတ်နိုင်ပါ မကြည်ပြာ*

၂။ *အပြီးသတ် အချောမကိုင်လိုက်ရတဲ့ အကြမ်းထည်ဝတ္ထု*
မောင်နိုင်စု

စာမူနှစ်ပုဒ်လုံးဟာ ဝတ္ထုရေးဖို့၊ စာရေးဆရာဖြစ်ဖို့ ကြိုးစားတဲ့သူတစ်ယောက်နေရာက ရပ်တည်ရေးဖွဲ့ထားတာဖြစ်ပြီး ဝတ္ထုတစ်ပုဒ်ရဲ့ အခင်းအကျင်းဖွဲ့စည်းပုံတွေကို အားမထုတ်နိုင်တာ တွေ့ရပါတယ်။ အထူးသဖြင့် ရသပိုင်းမှာ အားနည်းလွန်းပါတယ်။ စိတ်ထဲခံစားမိသမျှကို တစ်စုံတစ်ယောက်ကို တိုင်တည်ပြောပြနေသလို အရေးအသားမျိုးသာ ဖြစ်နေပါတယ်။

၃။ *နတ်ပြည်က ပြည်တောင်းကြီး*
လှဦးမင်း(ညောင်လေးပင်)

စကားပြေ၊ စကားပြော ရောထွေးလွန်းသလို ကိုယ်ပြောချင်တဲ့အကြောင်းအရာကို စာဖတ်သူနားလည်သွားအောင် ရေးဖွဲ့နိုင်ခဲ့ခြင်း မရှိပါဘူး။

၄။ *ဆရာမကြီး*

၅။ *အပြစ်ရှိသူ*
ပိုပိုအောင်(ဝန်းသို)

စာမူနှစ်ပုဒ်စလုံးမှာ အပြန်အလှန်စကားပြောကို အားပြုထားသလို စကားပြေ၊ စကားပြော ရောထွေးနေပါတယ်။ စာများများ ဖတ်ပါဦး။

၆။ *အရူးတစ်ယောက်ရဲ့ ရင်ခုန်သံ*
လှဦးဇင်(မကွေး)

ဆောင်းပါးတစ်ပုဒ်အနေနဲ့ ရေးဖွဲ့သင့်တဲ့အကြောင်းအရာမျိုးကို ဝတ္ထုအဖြစ် ဖွတ်ဖန်တီးထားသလို ဖြစ်နေပြီး အရေးအသား အားနည်းလှပါတယ်။

၇။ *လမ်းပြကြယ်*

၈။ *သူရင်းငှား*
ယွန်းမြတ်မွန်းသျှန်

မြန်မာစာ ရေးရာမှာ ကွန်ပျူတာစာစီသလိုပဲ က်၊ ကဏ္ဍား၊ စကားစုတွေကြားမှာ ကွက်လပ်ထားပြီး ရေးသားသင့်ပါတယ်။ အဲဒီလို မဟုတ်ဘဲ စာလုံးတွေ အားလုံးကို တစ်ဆက်တည်း ရေးထားတဲ့အတွက် ဖတ်ရအလွန်ခက်ခဲလှပါတယ်။ နောင်ကို စကားစုအလိုက် မရေးနိုင်ခဲ့ရင် ကွန်ပျူတာစာစီနဲ့ ပေးပို့ဖို့ လိုအပ်ပါမယ်။ ပေးပို့ထားတဲ့စာမူနှစ်ပုဒ်စလုံးမှာ အနုပညာနဲ့ တင်ပြပုံထူးခြားမှု မရှိဘဲ ဇာတ်ကြောင်းတစ်ခုကို အစအဆုံး ပုံပြောသလို ပြောနေတာပဲ တွေ့ရပါတယ်။ စာများများ ဖတ်ပါဦး။

၉။ *အသိုက်မဲ့ငှက်တို့ နားခိုရာ*

၁၀။ *ချစ်သောအညာမြေ အသိသက်သေ*

၁၁။ *မီးခိုးငွေ့တွေ တဝေဝေ*

၁၂။ *ဘုရားဖူးခွင့်*
ကောင်းစေသူ

အသိုက်မဲ့ငှက်တို့....က ကျေးကန်းတစ်ကောင်နေရာက ရေးထားတာဖြစ်ပေမဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် မဖော်ခဲ့နိုင်ပါဘူး။ ကျန်စာမူတွေမှာလည်း ဇာတ်ကြောင်းပြောဖို့ကို အားထုတ်ထားပြီး ဇာတ်ကောင်စရိုက်ကို အသက်ဝင်အောင် မဖော်ခဲ့နိုင်သလို တင်ပြပုံဆွဲဆောင်မှု အားနည်းနေပါတယ်။

၁၃။ *မိနှပ်ခြုပ်သမား*
ယောက်ျား(ဇီးနုပ်စ်)



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစဉ်ကအစ စာလုံးပေါင်းအမှားတွေနဲ့ စကားပြေ၊ စကားပြော ရောထွေးနေတဲ့ စာမူဖြစ်ပြီး အပြန်အလှန်စကားပြောများကိုသာ ရေးသားထားတာ ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၁၄။ *အတုံ့အလှည့်*

၁၅။ *အဲဒီ*

၁၆။ *ချစ်ခြင်းဖွဲ့နှောင်းဦး*
မိုးသက်ငွေ

အသစ်တစ်ယောက်အနေနဲ့ ကလောင်နာမည် ယူရာမှာ ရှိပြီးသား ကလောင်နာမည်နဲ့ ဆင်တူယိုးမှား မဖြစ်ဖို့ အရေးကြီးပါတယ်။ သတိထားပြီး ကလောင်နာမည်ကို ပြင်စေချင်ပါတယ်။ စာမူသုံးပုဒ်စလုံးမှာ ဖောင်းပွနေပြီး တချို့ဇာတ်ကောင်ဖွဲ့ ဇာတ်ကွက်တွေဟာ မလိုအပ်ဘဲ ဖွတ်ဖန်တီးသလို အစွန်းရောက်နေတာတွေ ပါဝင်နေပါတယ်။ စာဖတ်ပါဦး။

၁၇။ *ဈေးတည့်လျှင်တော့*
ဆည်းဆာသစ်

နွားအိုတစ်ကောင်နေရာက ရေးဖွဲ့ထားတာ ဖြစ်ပေမဲ့ အရေးအသား ဆွဲဆောင်မှုအားနည်းပြီး ဇာတ်ကောင်စရိုက်ကို ကြွတက်လာအောင် မဖန်တီးနိုင်ဘဲ ဇာတ်ကြောင်းပြောမှုကသာ လွှမ်းမိုးပြီး အနုပညာအားလျော့သွားပါတယ်။

၁၈။ *ရင်ထဲမှာ မြဲနေတဲ့ မှန်တိုင်း*
လင်းသစ္စာဦး

ဆောင်းပါးတစ်ပုဒ်လို ဇာတ်ကြောင်းပြောသက်သက်ဖြစ်နေတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ ပထမနေရာက ဝတ္ထုတွေကို ဖန်တီးတဲ့အခါ ဇာတ်ကြောင်းပြောသူ ဇာတ်ကောင်ရဲ့စရိုက်ကို သူ့ရဲ့ပြောဟန်နဲ့ပဲ အသက်ဝင်အောင် ဖန်တီးသင့်ပါတယ်။ ဒီဝတ္ထုမှာ ဇာတ်ကောင်စရိုက်ကို ပေါ်လွင်အောင် မဖန်တီးနိုင်ခဲ့ပါဘူး။

၁၉။ *သုံးကျောင်းပြောင်းသော အရှင်*
*သုံးလင်ပြောင်းသော မိန်းမ*

၂၀။ *ငြိမ်း*
ကျင်ကိုချစ်

ပြောချင်တာတွေ ရှိနေတဲ့စာမူတွေ ဖြစ်ပေမဲ့ စာဖတ်သူဘဝင်ခွေ့သွားအောင် တင်ပြပုံနဲ့ အရေးအသားက မလိုက်နိုင်ဘူးဖြစ်နေပါတယ်။ ရသအားနည်းပြီး ဆောင်းပါးဆန်တဲ့အဖွဲ့အနွဲ့ ပါတဲ့အရေးအသားမျိုးတွေကြောင့် အားနည်းသွားရတာပါ။ ကြိုးစားပါဦး။

၂၁။ *အငွေ့ပျံသွားသော သစ္စာရှာစ်များ*
နေမင်းဟိန်း

စကားပြေ၊ စကားပြော ရောနေပြီး အကြောင်းအရာရိုးစင်းနေပါတယ်။ ခေတ်ကာလနဲ့ ကိုက်ညီတဲ့အကြောင်းအရာကို ရွေးချယ်ထားတာဖြစ်ပေမဲ့ ပြောချင်တာကိုပေါ်အောင် အစဉ်တစိုက် ရေးဖွဲ့ခဲ့တာမဟုတ်ဘဲ စာမူဆုံးခါနီးမှ ဖြည့်ပြောသလို ဖြစ်နေတဲ့အတွက် အားနည်းသွားရပါတယ်။ ကြိုးစားပါဦး။

၂၂။ *ရှေကြီးလျှင် နစ်မြုပ်ပျက်စီးနိုင်ကြောင်း*
ထွန်းကျော်လူ

ဆောင်းပါးတစ်ပုဒ်အဖြစ် ဖန်တီးရမယ့်အကြောင်းအရာဖြစ်ပြီး အရေးအသားနဲ့ တင်ပြပုံ ရိုးစင်းလွန်းပါတယ်။

၂၃။ *လှိုင်း*

၂၄။ *ရှူ ရှူ့ ရှူး*

၂၅။ *ကျွန်တော့ နောင်တ*
သင်းနုခွန်

အပြန်အလှန်စကားပြောတွေကို စာကြောင်းတောင် မခြား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ တစ်ဆက်တည်း ရေးသားထားတာမို့ ဇာတ်ကောင်ဖွဲ့နဲ့ ဇာတ်ကောင်စရိုက်ဖော်နိုင်ဖို့ နေနေသာသာ ဘယ်ဇာတ်ကောင်က ဘယ်စကားကို ပြောနေကြောင်းတောင် စာဖတ်သူက မနည်းလိုက်တွေးနေရသလို ဖြစ်နေပါတယ်။ ဖတ်ရလည်း အင်မတန် ခက်ပါတယ်။

၂၆။ *ကျွန်တော်နှင့် စာငှက်ကလေးများ*

၂၇။ *စေ့ညှိန်ရာအဖြေ*

**အောင်နန်းမွေး(သရက္ကုံ)**

ပြောချင်တာတွေ ရှိပေမဲ့ ရသအဖွဲ့အနွဲ့ အားနည်းပြီး စကားပြေ၊ စကားပြော အရေးအနေ့ာတွေလည်း ရှိနေပါတယ်။ ခေါင်းစဉ်ပေးတာကအစ ရိုးစင်းလှပါတယ်။

၂၈။ *(၄၃)နဲ့ (၁၀၂) (သို့မဟုတ်) မိရိုးဖလာ ဗုဒ္ဓဘာသာနဲ့ တကယ့်ဗုဒ္ဓဘာသာ*

၂၉။ *စပ့်စနည်း*

၃၀။ *အကူမပါ လွတ်လပ်စွာ*

**ပန်းမြတ်မာလာ**

ဆောင်းပါးအဖြစ် ရေးသင့်တဲ့စာမူတွေ ဖြစ်နေပါတယ်။ ***စပ့်စနည်း*** တစ်ပုဒ်ကတော့ စာမျက်နှာ နှစ်မျက်နှာသာရှိပြီး စာကြောင်းရေ သုံးဆယ်မပြည့်တဲ့ စာညွှန့်တစ်ခုလို့သာ ဆိုရပါမယ်။ ရွှေအသစ်ကဏ္ဍဟာ ဝတ္ထုများကိုသာ ဖော်ပြနေတာဖြစ်တဲ့အတွက် ဝတ္ထုစာမူများကိုသာ ပေးပို့နိုင်အောင် ကြိုးစားပါ။

၃၁။ *ပြိုလဲသွားသော အမိုးမဲ့ အိမ်ငယ်လေး*

**သုတမောင်**

ဝတ္ထုအစတွေဟာ စာဖတ်သူကို ဆက်ဖတ်ချင်သွားအောင် ဆွဲခေါ်နိုင်ဖို့ အရေးကြီးလှပါတယ်။ စာမူတစ်ပုဒ်လုံးမှာ ဆွဲဆောင်မှုအားနည်းပြီး အရေးအသား ထူးခြားမှုမရှိပါဘူး။

၃၂။ *အချစ်၏ အခြားတစ်ဘက်တွင်*

**ဒဏ္ဍာရီ**

သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။ စာဖတ်ပါဦး။

၃၃။ *ရယ်သံများ၏ အဆုံးသတ်*

**မင်းထင်ကျော်(နစ်ရှည်ပင်)**

ပြောချင်တာတွေ ရှိပေမဲ့ တင်ပြပုံ၊ ဆွဲဆောင်မှု အားနည်းနေပါတယ်။ ကြိုးစားပါဦး။

၃၄။ *အရောင်မဲ့တာဝန်*

**နိုင်လေညင်း(အောင်ပန်း)**

စာရေး ကောင်းပါတယ်။ စာတမ်းဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး အကြောင်းအရာအားဖြင့် အတန်ငယ်ရိုးစင်းနေပါတယ်။

၃၅။ *ရင်ဖွင့်စာ*

**အလင်္ကာလင်းလက်(ထောမ)**

စာညွှန့်ဆန်တဲ့ စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။ စာများများ ဖတ်ပါဦး။

၃၆။ *အဆိပ်သင့် အနာဂတ်*

**ငြိမ်းမောင်(ပုဏ္ဏားကျွန်း)**

စာရေး ကောင်းပါတယ်။ ဇာတ်ဆင်ထားပုံလည်း စိတ်ဝင်စားစရာ ရှိပါတယ်။ ဒါပေမဲ့ ဇာတ်ဆုံးပုံမှာ ပြောချင်တာကို ဟုတ်တိပတ်တိ အထောက်အကူ မပြုနိုင်သလို စာဖတ်သူ တွေးလောက်စရာ အခင်းအကျင်းကိုလည်း ပီပီပြင်ပြင် မရေးဖွဲ့နိုင်ခဲ့ပါဘူး။ ကြိုးစားပါဦး။

၃၇။ *မမြင်ဘူးတော့ မှုံးမြစ်ထင်*

၃၈။ *နားလည်ခြင်းများစွာနဲ့*

**မျိုးမျိုး(ဂါထာ)**

ဆောင်းပါးဆန်တဲ့ အတွေးနဲ့အရေးတွေဖြစ်ပြီး ရေးပုံ



www.burmeseclassic.com

www.burmeseclassic.com

အားနည်းလွန်းလှပါတယ်။ ဝတ္ထုများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၃၉။ *မနှစ်မှုန်းဆေချင်*

**မိုးခကျော်သွင်**

စာအရေးအသား သင့်ပါတယ်။ ဒါပေမဲ့ တင်ပြပုံနဲ့ အဖွဲ့အနွဲ့ အားနည်းနေပါတယ်။ ကြိုးစားပေးပါဦး။

၄၀။ *'ယာသ'ရွာတွင် တောခုတ်ရခြင်း*

၄၁။ *အမေ…။ သမီး ကျောင်းသွားတော့မယ်*

**မင်းတင်သိန်း(ဖွင့်လျက်)**

အရေးအသားနဲ့ တင်ပြပုံ အားနည်းလွန်းပြီး ရသဖန်တီးမှု မရှိသလောက်ဖြစ်ကာ ဇာတ်ကွက်ဆင်ရာမှာလည်း စာဖတ်သူ စိတ်ဝင်စားအောင် မဖန်တီးနိုင်ပါဘူး။ စာများများ ဖတ်ပါဦး။

၄၂။ *ရှိတ်စပီးယားကို ပြောပေးပါ*

**စိမ်းလဲ့ညို**

စာပေနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်လို့ ယူဆရမလို လို ဖြစ်နေတဲ့ စာမူတစ်ခုသာ ဖြစ်ပါတယ်။ စာတမ်းလည်း မကျ၊ ဝတ္ထုလည်း မမည်၊ ဆောင်းပါးလည်း မမြောက် ဖြစ်နေပါတယ်။

၄၃။ *ကံကြမ္မာရဲ့ အလှည့်အပြောင်း*

**သူလေး**

စာမျက်နှာ ၂၀ ရှိနေတဲ့ သာမန်ဇာတ်ကြောင်းပြောစာမူ တစ်ပုဒ်သာ ဖြစ်ပါတယ်။

၄၄။ **နှင်းဝေတဲ့မြို့**

**ရဲစွမ်းနေ**

အရေးအသား ဖောင်းပွပြီး တင်ပြပုံ ဆွဲဆောင်မှု အားနည်းသွားတဲ့အတွက် စာမူကောင်းဖြစ်မလာပါဘူး။ ကြိုးစားပါဦး။

၄၅။ *ကျွန်တော်သိသော ရုပ်မှန်တောင်*

**စီးငှက်(မန္တလေး)**

ဆောင်းပါးဆန်တဲ့ ဇာတ်ကြောင်းပြော စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

- နွေလရဲ့ **အသူရကာယ်မြို့တော်**
- မေ(လားရှိုး)ရဲ့ **သင်းကွဲငှက်၏ တောင်ပံခတ်သံ**
- မြင့်မိုရ်ကျော်လင်း(မိုးမိတ်)ရဲ့ **နှင်းရိုင်းတောမှ မြူမှိုးမြူ**
- လင်းရိပ်ဖြူရဲ့ **သင်္ချိုင်းရကို အသက်ဆက်ခြင်း** တို့ဖြစ်ပါတယ်။

ဒီလ ရွှေအသစ်များကို စ,ဖတ်ကတည်းက ဆရာမ မသီတာ(စမ်းချောင်း)က ဝတ္ထုကောင်း မတွေ့သေးဘူးလို့ ညည်းပါတယ်။ နောက်ဆုံးမှာတော့ ဆရာမက ၄ ပုဒ်ဆန်ခါတင်ရွေးချယ်ပေးလိုက်ပါတယ်။ ဒီ ၄ ပုဒ်ကို ကျွန်တော်ဖတ်တဲ့အခါ ငြင်းပယ်စရာ မရှိလောက်အောင် ကြိုက်ပါတယ်။ တစ်ပုဒ်ကိုပဲ ပြောစရာရှိပါတယ်။ ဆရာ နွေလ ရေးသားထားတဲ့ 'အသူရကာယ်မြို့တော်'ပါ။ ကျွန်တော်က စိတ်ကူးယဉ်ဇာတ်ကွက်များနဲ့ နိုင်ငံခြားဇာတ်ကောင်နာမည်များ သုံးတာကို နှစ်သက်လှ မရှိပါဘူး။ စာဖတ်ပရိသတ်စိတ်ထဲမှာ ဘာသာပြန်ဝတ္ထုလားလို့ ထင်သွားမှာ စိုးရိမ်လို့ပါ။ ရေးလက်ရှိသူတစ်ယောက်အနေနဲ့ နောင်မှာ ဒီလိုဝတ္ထုမျိုးကို ရှောင်စေချင်ပါတယ်။ ဒီဝတ္ထုမှာတော့ ဘာသာပြန်မဟုတ်ဘူးလို့ ကတိခံထားတာလည်း ပါတာကြောင့် စာဖတ်ပရိသတ်ရသ အပြောင်းအလဲလည်း ဖြစ်သွားအောင် ဖော်ပြပေးလိုက်ပါတယ်။ ■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဝေါလားရှီး၊ သင်းကွဲငှက်များတောင်ပံခတ်သံ

အမှတ် ၃၀၃၊ ဖေဖော်ဝါရီ ၂၀၁၇

မိုးကောင်းကင်ကြီးကို
သူမ သိပ်ချစ်ပါသည်။
မိုးကောင်းကင်ကြီးကို
မော့ကြည့်မိတာနှင့်
သူ၏ ဘဝတစ်ခုံဟာ
နွေးထွေးစွာ
ဆီးကြိုပွေ့ဖက်လိုက်သည်ဟု
ထင်ပါသည်။ သူမကို
ချစ်စနိုး ပြုံးပြီ
ငုံ့ကြည့်နေသည့်
အစွမ်းကုန်
အလိုလိုက်တော့မည့်
လူကြီးတစ်ယောက်လိုလည်း
ထင်မိသည်။
အပြာရောင်ဖျော့ဖျော့၊
အပြာလွင်လွင်၊
အပြာရင့်ရင့်
မှောင်မှောင်တွေနှင့်
အပြာရောင်
ရောင်စုံခြယ်ထားသော
မိုးကောင်းကင်သည်
တိမ်စမျှင်မျှင်၊
တိမ်တောင်ထူထူ၊
ဝါဂွမ်းလို လုံးလုံးလိမ့်လိမ့်
တိမ်တန်းတွေနှင့်ဖို့
ပို၍ လှနေသယောင်။
မိုးကောင်းကင်ကြီးကို
မော်ကြည့်ရင်း
တိမ်လေးတွေကို
ပုံဖော်ရတာလည်း
အလွန် စိတ်ဝင်စားစရာ
ကောင်းလှ၏။
'ဒီတိမ်လေးကတော့
သစ်ပင်ကြီးနဲ့ တူတယ်၊
ဒီတိမ်ကလေးကတော့
မြင်းကြီး ပျံနေတာနဲ့
တူတယ်' လို့
ကြည့်နေရင်းမှ
ပုံသဏ္ဌာန်အမျိုးမျိုး
ပြောင်းနေသော
တိမ်လေးတွေပေါ်မှာ
စီးမျောလိုက်ပါ
သွားရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာကောင်းပါသည်။

သူမရင်ထဲမှာ မိုးကောင်းကင်ကြီးမှ တစ်ချိန်ချိန်မှာ တစ်ခုခုပေးတော့မလို အမြဲ ခံစားရ၏။ ထို ဘာမှန်းမသိသော အရာအား သူမလိုချင်လှသည်။ မိုးကောင်းကင်ကြီးဆီသို့ သူမ သွားချင်သည်။ သူမ လက်ကလေးနှင့် ထိတွေ့ကိုင်တွယ်ကြည့်ချင်သည်။ ထို့အတူ တိမ်လေးတွေကိုလည်း ထိတွေ့ကိုင်တွယ်ကြည့်ချင်သည်။ တစ်ရက်ရက် မေမေ အိမ်မှာ မရှိလျှင် ဝါးလှေကားနှင့် ထောင်ပြီး တက်ကြည့်ဦးမည်ဟု တေးထားမိ၏။ မိုးကောင်းကင်ကြီးကို သူမ လက်ကလေးနှင့် ပွတ်သပ်ပေးခဲ့သော် မိုးကောင်းကင်ကြီးသည် တဟားဟားနှင့် ရယ်မောနေလိမ့်မည်ဟု သူမ ထင်ပါသည်။

မိုးကောင်းကင်ကြီးကို တိမ်မည်းညို ဖုံးအုပ်သွားခဲ့သော် အနည်းငယ် စိတ်ဆိုးမိပေမဲ့ ထိုတိမ်များ၏ အရောင်တွေထဲသို့ နစ်မြောသွာခဲ့သော အခါ တဖြည်းဖြည်း ပြန်လည်ပျော်ရွှင်လာပြီး တိမ်တွေ၏ အရောင်နှင့် ဆော့ကစားနေမိသည်။ မီးခိုးရောင်ရင့်ရင့်၊ ဖျော့ဖျော့၊ အဖြူနောက်နောက် အရောင်တို့နှင့် ကောင်းကင်သည် မိုးရွာချချင်နေပြီ။ ထိုနေ့မျိုး၌ မေမေ အိမ်မှာ မရှိသော်လည်း လှေကားထောင်၍ မတက်ချင်ပါ။ သူမ စမ်းသပ် ကိုင်တွယ်ကြည့်ချင်တာ အပြာရောင်လွင်လွင် ကောင်းကင်ကြီး ဖြစ်သည်။ ဖြူနုနု ဝါဂွမ်းလို တိမ်လုံးလုံးလေးတွေကို ကိုင်

> သူမ
> မေမေ့ရင်ခွင်မှာ
> ဘယ်နနှစ်
> အိပ်ခွင့်
> ရလိုက်သလဲ
> လေးနှစ်လား
> မဟုတ်ဘူး
> ထင်သည်
> နှစ်နှစ် သမီးမှာ
> ညီမလေးကို
> မွေးပြီ
> ဖြစ်သောကြောင့်
> နှစ်နှစ်သမီးမှာပင်
> မေမေ့ရင်ခွင်နှင့်
> ခွဲခွာခဲ့ရတာ
> ဖြစ်မည်

ချင်တာဖြစ်သည်။ တစ်ခါတစ်ရံ တွေးမိတာ လှေကားဘယ်နှစင်းထောင်မှ မိုးကောင်းကင်ဆီသို့ ရောက်နိုင်မည်လဲ။

မေမေ့နားကို သူမ ကပ်မိတိုင်း သူမသိချင်တာ တစ်ခုခုမေးတိုင်း…

'မအားသေးပါဘူး သမီးရယ်' လို့ စိတ်ရှည်ချော့မော့ပြီး ပြောတတ်သလို တစ်ခါတစ်ရံ စိတ်မရှည်လျှင်…

'ဘာတွေမေးမှန်း မသိဘူး။ မအားရတဲ့ထဲ' ဟု ခပ်ငေါက်ငေါက် ပြောတတ်သည်။ သူမ သိချင်တာ ထိုတိမ်စလေးတွေကို ကိုင်တွယ်သိမ်းဆည်းလို့ ရ,မရ၊ ကောင်းကင်ကြီးကို လက်နှင့်ထိလို့ ရ,မရမျိုး၊ လိပ်ပြာလေးတွေ ဘာကြောင့် အရောင်မျိုးစုံနှင့် လှပနေတာလဲဆိုသည့် မေးခွန်းမျိုး။ ဒါလေးမေးတာကို မေမေ့မှာ မဖြေအားပါ။ မေမေ့ကို ကြည့်လိုက်လျှင် အမြဲတမ်း မောင်လေး၊ ညီမလေး၊ အိမ်အလုပ်တွေနှင့် ရှုပ်ယှက်ခတ်နေတတ်ပါသည်။ သူမ မေမေ့ကို မကူညီချင်ပါ။ သူမနှင့် မေမေ့ကို ဝေးကွာသွားစေတာ မောင်လေး၊ ညီမလေးများဖြစ်သည့်အတွက် ထိုကလေးများအပေါ်တွင်လည်း သူမ မကြည်လင်ပါ။

သူမ မေမေ့ရင်ခွင်မှာ ဘယ်နှနှစ် အိပ်ခွင့်ရလိုက်သလဲ။ လေးနှစ်လား။ မဟုတ်ဘူးထင်သည်။ နှစ်နှစ်သမီးမှာ ညီမလေးကိုမွေးပြီ ဖြစ်သောကြောင့် နှစ်နှစ်သမီးမှာပင် မေမေ့ရင်ခွင်နှင့် ခွဲခွာခဲ့ရတာ ဖြစ်မည်။ ဒုတိယ ညီမလေးကို မွေးဖွားစဉ် ရင်ခွင်နှင့်ပါမက အိပ်ရာနှင့်ပါ ခွဲခွာခဲ့ရသည်။ တစ်ယောက်တည်း အိပ်ရခြင်းကို အလွန်မုန်းပါသည်။ ညညမေမေ့ ခုတင်ကို သွားကြည့်လျှင် တကယ်ပဲ အိပ်စရာနေရာမရှိပါ။ ဖေဖေ၊ မေမေ၊ ညီမလေးနှစ်ယောက်နှင့်ပင် ခုတင်မှာ မလောက်ချင်။ ထိုအခါ သူမသည် ခုတင်ခြေရင်း ရပ်ကြည့်ရင်း ဝမ်းနည်းအားငယ်ကာ သူမတစ်ယောက်တည်း ရှိနေသလို ခံစားရခြင်းနှင့် တစ်ပြိုင်တည်း ညီမလေးတွေကို မုန်းမိသည်။

ခပ်လှမ်းလှမ်းမှ ကျောင်းလေးဆီ တစ်ယောက်တည်းသွားရင်း သူမ မျက်ရည်များသည် မေမေ၏ မြောင်လှသော အလုပ်များ၏ ခြေရင်းတွင် ကြွေဆင်းနေခဲ့တာ မေမေ ဘာလို့ မသိပါလိမ့်။

'မေမေ ဘယ်တော့ အားမှာလဲဟင်'

ဟု မေးချင်သည်။ သူမ မေမေ့နားမှာ တိုးဝှေ့ချွဲနွဲ့နေချင်လှပါသည်။ ဒါပေမဲ့ မေမေအားမယ့်အချိန်တွေ ရောက်မလာနိုင်တော့ပါ။ ညီမလေးတွေ ပြီးတော့ မောင်လေးတွေ ထပ်ထပ်တိုးတိုးလာသောကြောင့်ပင်။

တစ်ခါတစ်ရံတွင်မှ ရှားရှားပါးပါး အိမ်မှာရှိသော ဖေဖေက…

'သမီးကြီး… ဖေဖေ့ကို ဆံပင်ဖြူ နုတ်စမ်း' လို့ ခိုင်းရင် သူမ ကြည်ရွှင်မြူးဇာ နုတ်ပေးရင်း သူမသိချင်တာတွေ တတွတ်တွတ် မေး[illegible] သည်။ ဖေဖေကတော့ စိတ်ရှည်လက်ရှည် ဖြေပါသည်။ ထိုအခါတွင်လည်း သူမ ဝမ်းနည်း နာကျင်သွားပြန်၏။ [illegible] ကောင်းကင်ပြာကြီးက အဆုံးမရှိ ကျယ်ပြန့်သောကြောင့် ကိုင်လို့မရနိုင်ကြောင်း၊ တိမ်လေးတွေကို ထိတွေ့လို့ မ[illegible] ကြောင်း၊ သူမ အလွန်မျှော်လင့်ထားခဲ့သော မျှော်လင့်ချက်တို့ ပျက်လေသည်။

ဖေဖေ့ဆံပင်ဖြူတွေ နုတ်ပေးရင်း ကြည်နူးချမ်းမြေ့နေတုန်းလေးမှာ မောင်လေး၊ ညီမလေးတွေဟာ အပြေးအလွှား ရောက်လာကာ ရှုပ်ကြပါသည်။ ဖေဖေ့ ကုပ်ပေါ် ခွစီးသူစီး၊ ပေါင်ပေါ် အတင်းဝင်ထိုင်လိုထိုင်၊ ဖေဖေ့ပါးကို အတင်းဆွဲ[illegible] လှည့်ပြီး…

'ဖေဖေ ပုံပြင်ပြော' နှင်း



www.burmeseclassic.com

www.burmeseclassic.com

ခိုင်းကြသည်။

'ဖေဖေ့ သမီးကို ကြက်ကလေးနဲ့ ကြက်မကြီးပုံပြင်ပြောပြ'။တစ်ယောက်က…

'ဟင့်အင်း… ဟင့်အင်း ရွှေယုန်နဲ့ ရွှေကျားပုံပြင်ပြောပြ'နှင့် ဆူပွက်စွာ တောင်းဆိုနေကြသည်။ ထိုအန်တစ်ရာ တေနေသော ပုံပြင်တွေကို သူမ နားမထောင်ချင်ပါ။ ထိုအခါတွင်လည်း သူမ စိတ်ကောက်ကာ ဖေဖေ့နားက ခွာလာရမြဲ။ ဖေဖေသည်လည်း မအားပါ။ ဖေဖေ့ကို ကျောပိုးစီးခွင့်တွေလည်း ထိုမောင်လေး၊ ညီမလေးတွေ အများကြီးရလာချိန်မှာ ပျောက်ကွယ်ခဲ့ပြီ။ ငယ်ငယ်က ကျောပိုးစီးခဲ့တာတောင် ဝိုးတဝါး။ သိပ် မမှတ်မိချင်တော့။ တကယ်ဆို သူမအရွယ်လည်း ကျောပိုးစီးလို့ရသေးသည်ပဲ။

အိမ်မှာရှိသည့် ကြက်မကြီးကို သူမ သတိထားမိတာကြာပြီ။ ကြက်မကြီးသည် နောက်တစ်သားပေါက်ရန် ဥဥနေချိန်တွင် ပထမပေါက်ထားသော ကြက်ကလေးများကို အကပ်မခံတော့ပါ။ ကြက်ကလေးများမှာ အမေနားမို့ ကပ်လာလျှင် နှုတ်သီးနှင့် ထိုးဆိတ်လွှတ်သည်မှာ သူ မွေးထားတာ မဟုတ်သည့်အတိုင်း။ နောက်ပေါက်သော ကြက်ကလေးများကိုတော့ လုံခြုံအောင် အတောင်နှင့်အုပ်၍ ကာကွယ်ပေးလိမ့်မည်။ ထိုကြက်မကြီးကိုလည်း မုန်းပါသည်။

ညီမလေးနှစ်ယောက်၊ မောင်လေးသုံးယောက် မွေးပြီးချိန်တွင် မေမေနှင့် သူမတော်တော် ဝေးနေခဲ့ပြီ။ ထိုကလေးများကို သူမ မုန်းသည်။ သူတို့တွေ မွေးမလာလျှင် ကောင်းမည်။ မေမေ ဘာပြောပြော ပြန်မပြော နားမထောင်သော သူမကို အမြဲဆူပူကြိမ်းမောင်းနေတတ်၏။ မေမေဆူလျှင် ခြံထဲက သစ်ငုတ်တိုမှာ ထိုင်၍ တိမ်တွေပေါ်မှာ စီးမျောရင်း ကောင်းကင်ပြာကြီးနှင့် ဆော့ကစားနေမိသည်။ မိုးရွာလျှင် တံစက်မြိတ်မှ စီးကျလာသော မိုးစက်လေးများ၏ ခြေရာတွေကို ပုံဖော်နေမိသည်။ သူမရင်ထဲမှာ နာကျင်ကြေကွဲမှုတွေကို မေမေ ဘာလို့ မသိပါလိမ့်။ သူမ ပြောမပြချင်ပါ။ မေမေဆူလျှင် သူမ အလွန် စိတ်ကူးယဉ်တဲ့ အကြောင်းလည်း ထည့်ထည့်ဆူတတ်ပါသည်။

သူမ တစ်ခါတစ်ရံ ဖျားလျှင်တော့ အလွန်ပျော်ပါသည်။ ထိုအချိန်မျိုးတွင် မေမေသည် သူမကို ချီချီသာသာပြုစုသည်။ အမြဲတမ်း ဖျားနေလျှင် ကောင်းမည်ဟု တွေးမိ၏။ ကိုယ်ပူကြီးသေးသလားနှင့် နဖူးလေး လာလာစမ်းလျှင် ရင်မှာ တလှပ်လှပ်။ ဆန်ပြုတ်လေး တဖူးဖူးနှင့် မှုတ်တိုက်လျှင် ဝမ်းသာလွန်း၍ မျက်ရည်ကျသည်။ မေမေ သူမကို ချစ်မည်ထင်ပါသည်။ မေမေ မချစ်ဟု ခံစားရသော ခံစားချက်သည် ဆိုးဝါးလွန်းလှ၏။ နောက်ကျောမလုံသလို၊ အကာအကွယ်ကင်းမဲ့သော လေဟာနယ်ထဲမှာ တစ်ယောက်တည်း လွင့်မျောက်လှမ်းနေရသလို။ သူမမှာ တီတီတာတာ ချွဲနွဲ့ပြောပြစရာ လူမရှိပါ။ ဖေဖေနှင့် မေမေသည် သူတို့အလုပ်နှင့် ကလေးများနှင့် မအားလပ်နိုင်တာ မြင်နေရသည်ပဲ။ အားလျှင်လည်း မောင်လေး ညီမလေးများနှင့် လုံးထွေးနေကြသည်။ ထိုမြင်ကွင်းကို သူမ မကြည့်ချင်ပါ။ သူတို့နှင့် ဝေးရာမှာ တစ်ယောက်တည်း နေရသည်မှာ နာကျင်မှုတို့ သက်သာသယောင်။ တစ်ခါတစ်ရံ ဖေဖေက သူမ တွေဝေငေးမောနေတာမျိုး မြင်လျှင်-

'မင့် သမီးကြီးက မဟုတ်သေးဘူးနော်၊ ဒီအရွယ် သူငယ်ချင်းတွေနဲ့ ပြေးလွှားဆော့နေရမယ့် အရွယ်ကွ… မင်း သတိထားမိလား'

'သူ့ဟာသူ နေတတ်သလိုနေတာ ဘာကို သတိထားရမှာတုံး၊ ကလေးတွေ တစ်ပြုံကြီးနဲ့ မနိုင်မနင်းဖြစ်နေတဲ့ မအေကို တစ်စက်မှ ကူဖော်လောင်ဖက်မရတဲ့ဟာ'

မေမေ့ရဲ့ ခပ်ဆောင့်ဆောင့် ဖြေသံကြားမှာ ဖေဖေ တိတ်ဆိတ်သွားသည်။ ကလေးခြောက်ယောက်နှင့် မေမေသည် တစ်နေ့လုံး လုံးချာပတ်လည်လိုက်နေတတ်သည်။ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်းနှင့် အမြဲလို ဖိုသီဖတ်သီ ဖြစ်နေ၏။ ကိုယ်ခွဲလည်းမရှိ၊ အကူငှားရအောင်လည်း မချမ်းသာပါ။ အဘိုးအဘွားရှိကြောင်းလည်း ပြောသံမကြားရ။ ထို့အတွက် သူမ ပို၍ အထီးကျန်ခဲ့သည်လား။ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးသည်။ ထိုသူငယ်ချင်းအား အိမ်သို့ အလည်ခေါ်လာစဉ်-

'ဟယ်…နင်တို့မှာ မောင်နှမတွေ အများကြီး ပျော်စရာကြီး'

ဟု ပြောသဖြင့် နောင်ဘယ်တော့မှ အိမ်လည်မခေါ်တော့ပါ။

အရာရာကို ခြောက်ခု အညီအမျှ ပိုင်းဝေရခြင်းကိုလည်း မကျေနပ်ပါ။ မေမေသာ သူမတစ်ယောက်တည်းကို မွေးခဲ့လျှင် ဟူသော အတွေးတို့ အမြဲလိုလို ရင်ကို ထိုးဆွနေတတ်သည်။ မကျေနပ်မှုတိုင်းကို မောင်လေး၊ ညီမလေးများအပေါ် နိုင်စားခြင်းဖြင့် ဖောက်ခွဲဖြစ်ခဲ့သည်။


'ကိုယ့် မောင်နှမတွေပေါ် နိုင်စားတာ၊ တော်တော် အကြင်နာတရား ကင်းမဲ့တာ၊ ဘယ်လိုကလေး မွေးမိမှန်း မသိပါဘူး။ ဒုက္ခပေးဖို့ လူဖြစ်လာတာ'

ဟု ပြစ်တင် ညည်းညူပါသည်။ သူမရင်ထဲ ပဲ့တင်ထပ်မျှ ကျန်ခဲ့သော စကားများ။ အဝေးဆုံး တစ်နေရာမှာ ပျောက်ကွယ်သွားချင်လှသည်။ ❑

နှုတ်သီး တခေါက်ခေါက်နှင့် သူ့အရင် ကလေးများအား ဆိတ်လွှတ်နေသည့် ကြက်မကြီးကို ကြည့်ရင်း ရင်ထဲမှာ ဗလောင်ဆူ ပေါက်ကွဲသွားခဲ့သည်။ အနားမှ ထင်းချောင်းတစ်ချောင်းအား ဆွဲယူလိုက်ပြီး အသိစိတ်တို့ အမှတ်မဲ့သွားခဲ့၏။ အသိ ပြန်ဝင်လာစဉ် ကြက်မကြီးမှာ သွေးအိုင်ထဲတွင် ငြိမ်သက်လျက်။ ကြက်ကလေးများမှာ ကမ္ဘာပျက်သလို တကျည်ကျည် အော်မြည်လျက်

စာမျက်နှာ ၂၃၄ သို့…

www.burmeseclassic.com



# ဂွာဒလ
# ဟာရာကာယ်မြို့တော်

**Marico City**

အဲ့ဒီမြို့ကို ကျွန်တော် ရောက်သွားတော့ တော်တော်တောင် ညဥ့်နက်နေခဲ့ပြီ။ အချိန်အားဖြင့်ဆိုရရင် မနက် တစ်နာရီထိုးခါနီး အချိန်လောက် ဖြစ်မယ်ထင်ရဲ့။ ဒါပေမဲ့လည်း မာရီကိုရဲ့ညဟာ ညနဲ့ မတူဘဲ နေ့ခင်းနဲ့မခြား မီးရောင်စုံများနဲ့ လင်းထိန်တောက်ပနေတယ်။ သွားလာရွှေ့လျား နေတဲ့လူတွေဆီက တီးတိုး တီးတိုး ရေရွတ်စကားသံတွေ၊ ဟိုဟိုဒီဒီမှ လွင့်ပျံ့လာကြတဲ့ ဆူညံသံစဉ်တွေ၊ ငြိမ့်ညောင်းသံစဉ်တွေနဲ့ လှလှပပ လောင်မြိုက်လို့။ လမ်းဘေးဈေးဆိုင်တွေကလည်း နေရာတိုင်း အစီအရီနဲ့ အခုချိန်ထိ ရောင်းကောင်းနေကြတုန်း။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မာရီကိုမြို့ရဲ့အရာရာဟာ ကျွန်တော့်အတွက်တော့ ပါးစပ်အဟောင်းသား ဟ,လို့ ငေးမောဖွယ်ရာတွေချည်း။ ဘာဖြစ်လို့ မာရီကိုရဲ့ညဟာ ဒီလောက်သက်ဝင်လှုပ်ရှားနေရတာပါလိမ့်။ တကယ်ဆိုရင် ဘယ်လိုညပဲ ဖြစ်ဖြစ် ညတစ်နာရီဆိုတဲ့အချိန်မှာ ညဟာ ညပီပီတိုးဝပ်ငြိမ်သက်နေရမှာ မဟုတ်လား။

လေဆိပ်ကို ဩစတင်လာကြိုတယ်။ 'ဩစတင်' ဆိုတာက ကျွန်တော်နဲ့ နှပ်ချေးတွဲလောင်းအရွယ်ကတည်းက လည်ပင်းဖက် ပေါင်းလာခဲ့တဲ့ ငယ်ပေါင်းကြီးဖော်အရင်းခေါက်ခေါက်ကြီး။ မနှစ်ကမှ သူ မာရီကိုကို ရောက်သွားခဲ့တာ။ အလုပ်အကိုင် တော်တော်လေး အဆင်ပြေတယ် ထင်ရဲ့။ နှစ်သာ ပေါက်သွားတယ်၊ သုံးလေးလနေလို့ ဩစတင်တို့ ချာချီတန်ကို ပြန်မလာဘူး။ ဒီက သူ့မိသားစုကတော့ သူ့ကျေးဇူးကြောင့် ရွှေတွဲလဲ ငွေတွဲလဲတွေ ဖြစ်ကုန်ပြီ။ တစ်နှစ်အတွင်းမှာပဲ ခနော်ခနဲ့ ပျဉ်ထောင်အိမ်ကလေးကို ခိုင်ခိုင်တည်တည် တိုက်အိမ်ကြီးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့တာကိုပဲကြည့်တော့။

ဩစတင်နဲ့ ကျွန်တော် ကွဲကွာသွားတာ နှစ်ပေါက်သွားပေမဲ့ အဆက်အသွယ်တော့ မပြတ်ခဲ့ပါဘူး။ ကမ္ဘာ့ဆက်သွယ်ရေးကိရိယာမျိုးစုံက မာရီကိုနဲ့ချာချီတန်ကို ရေအိုးနဲ့ရေမှုတ်လို အနေနီးစေခဲ့ပါတယ်။ ဩစတင်ပြောပြပုံအရတော့ မာရီကိုဟာ အလုပ်အလွှန်ပေါတဲ့မြို့ဆိုပဲ။ အလုပ်လုပ်နိုင်ရင်လုပ်နိုင်သလောက်

**ပတ်ဝန်းကျင်က အသံတွေကို စူးစမ်း နားထောင် ကြည့်လိုက်တော့ ပတ်ဝန်းကျင်ဟာ ဆူညံချင်တိုင်း ဆူညံနေတာကို သတိ ပြုမိလိုက်တယ် အိုးမိုင်ဂေါ့ မာရီကိုမြို့ဟာ ညမအိပ်တတ်တဲ့ မြို့တော်လား**

ပိုက်ဆံရတဲ့မြို့တဲ့။ ဒါကြောင့်မို့ပေါ့ ကျွန်တော် မာရီကိုကို ရောက်လာခဲ့တာလေ။

'မင်းအဖေရော နေကောင်းသွားပြီလား ဒန်နီရယ်'

ဩစတင်က ကျွန်တော့်လက်ထဲက အထုပ်အပိုးတွေကို လှမ်းယူရင်းက မေးတယ်။ ဩစတင့်ကို ကြည့်ရတာတော်တော်လေး ပြောင်းလဲသွားတယ်လို့ ခံစားမိတယ်။ စကားပြောဆိုပုံကအစ အရင်တုန်းကလို ခပ်ချာချာပုံစံမျိုး မဟုတ်တော့ဘဲ အသားတွေလည်း ဖွေးသန့်လာသလိုပဲ။ ဝတ်ထားစားထားပုံကလည်း စမတ်ကျကျနဲ့။

'နီး၊ ဩစတင်… ဆိုးပြီးရင်း ဆိုးပဲ'

'ဘာမှစိတ်ဓာတ်မကျပါနဲ့ကွာ ၊ မာရီကိုက မင်းကို ကူညီပေးပါလိမ့်မယ်'

ကျွန်တော် ဩစတင်ကို ငဲ့စောင်းကြည့်လိုက်တယ်။ ဩစတင်က ကျွန်တော့်ပခုံးကို ဖက်ပြီး နှစ်သိမ့်ပေးသလို တစ်ချက်နှစ်ချက် ပုတ်လာတော့ ကျွန်တော် ဩစတင်ကို ယဲ့ယဲ့လေးသာ ပြုံးပြလိုက်မိတယ်။ အဲ့ဒီနောက် ကျွန်တော်နဲ့ ဩစတင်တို့ တက္ကစီငှားပြီး ဩစတင်နေရာ အဆောင်ဆီ ချီတက်ခဲ့ကြတယ်။ နှစ်နာရီခွဲလောက်မှာ အဆောင်ကို ရောက်တော့ အထုပ်အပိုးတွေ ဘာတွေချ၊ ကျွန်တော်နေဖို့ အခန်းကို ပြင်ကြဆင်ကြနဲ့ လေးနာရီလောက်မှာနေဖို့ အားလုံးပြီးစီးသွားတယ်။

ကျွန်တော် ပြတင်းပေါက်မှ လိုက်ကာလေးကို မ,ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်တယ်။ အဲ့ဒီမှာ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းက ကျွန်တော့်မျက်လုံးတွေကို အဆမတန်ပြူးဝိုင်းသွားစေတယ်။ ဘုရားရေ ဒီလိုမြင်ကွင်းမျိုး ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါဘူး။ ချောက်ချောက်ချက်ချက်နဲ့ မြည်နေတဲ့ တိုင်ကပ်နာရီမှ လက်တံတို့ကိုကြည့်ပြီး 'ဟုတ်ကော ဟုတ်ရဲ့လား' လို့ မျက်လုံးတို့ကို ပွတ်သပ်ကြည့်မိတယ်။ အိပ်မက်များမက်နေသလားလို့ ကိုယ့်ပါးကိုယ် ခပ်နာနာလေး ရိုက်မိတယ်။ ဒါပေမဲ့ အချည်းအနှီးပဲ။ အမြင်မှားတာလည်း မဟုတ်၊ အိပ်မက်မက်နေတာလည်း မဟုတ်ဘူးလို့ လက်ခံမိလိုက်တဲ့ အချိန်မှာတော့ ကျွန်တော် လိုက်ကာတွေ အကုန်လုံးကို ဆွဲဖယ်ပစ်လိုက်မိတော့တယ်။

အိုး၊ လွန်ခဲ့တဲ့ တစ်နာရီ တုန်းကလိုပဲ အဆောင်ရှေ့ ပတ်ဝန်းကျင်မှာ အခုချိန်ထိ အရာရာ တောက်ပစည်ကား နေတုန်းပါလား။ နေရမယ့် အခန်းကို ဩစတင်နဲ့အတူ သန့်ရှင်းရေး လုပ်နေစဉ်တုန်း ကတော့ ပတ်ဝန်းကျင်ကို သတိမထားမိပေမဲ့လည်း အခု နေခါမှာတော့ ဆူညံလှုပ်ခါ နေတဲ့ပတ်ဝန်းကျင်ကြီးကိုကြည့် ပြီး တစ်ခါမှ မမြင်ဖူးခဲ့တဲ့ ထူးဆန်းတဲ့ အရာတစ်ခုကို ငေးကြည့်နေရသလို မျက်လုံး ပြူး မျက်ဆန်ပြူး ဖြစ်နေ တယ်။ ညဟာ ညမဟုတ် သလိုပဲ လူတွေလူတွေ သွား လာလှုပ်ရှားနေလိုက်တာ နေ့လယ်နေ့ခင်းမှာလိုပဲ။ တစ် ယောက် နှစ်ယောက်တော မဟုတ်ဘဲ ပုရွက်ဆိတ်တွေ အုံလိုက်ကျင်းလိုက် ရွေ့လျား နေကြတယ်။

အဆောင်ရှေ့က … မှတ်တိုင်ကို ကြည့်လိုက်… တွေ့လိုက်ရတဲ့ မြင်ကွင်း… ထူးဆန်းစိမ်းသက်လို့။ … လေးနာရီဆိုတဲ့ အချိန်… ဘတ်စ်ကားမှတ်တိုင်မှာ … တွေ ဒီလောက်စည်ကား… နေစရာ အချိန်လား။ မတော်… တစ်ယောက်စ နှစ်ယောက်… ပေါ့။ အခုတော့ မဟုတ်… လို အချိန်မှာများ ကား… သာ အဲ့ဒီကားမှတ်တိုင်ရှေ့…



www.burmeseclassic.com

www.burmeseclassic.com

ထိုးစိုက်လာကြည့်ပါလား။ ပြေးတက်သွားကြမယ့် ခရီးသည်တွေ အဲ့ဒီကားနဲ့တောင် ဆုံမယ် မထင်ဘူး။ နောက်ပြီး လူတွေက ဝတ်စုံအပြည့် ဘာအပြည့်နဲ့။ မျက်နှာတွေမှာလည်း ချွေးတွေ ပြန်လို့။

တွေးလက်စ အတွေးတို့ကို ခဏရပ်၊ လူကိုကျောက်ရုပ်တစ်ရုပ်လို ငြိမ်လိုက်ပြီး ပတ်ဝန်းကျင်က အသံတွေကို စူးစမ်းနားထောင် ကြည့်လိုက်တော့ ပတ်ဝန်းကျင်ဟာ ဆူညံချင်တိုင်း ဆူညံနေတာကို သတိပြုမိလိုက်တယ်။ အိုးမိုင်ဂေါ့၊ မာရီကိုမြို့ဟာ ညမအိပ်တတ်တဲ့ မြို့တော်လား။ တကယ်ဆို မနက်လေးနာရီဆိုတဲ့အချိန်က ဒီလောက်ထည်ဝါစည်ကားနေစရာမှ မလိုတာ။

ချာချီတန်မှာဆိုရင် ဒီလိုအချိန်မျိုးက ချာချီတန်မှာရှိတဲ့ လူတွေအကုန်လုံးရဲ့ အိပ်မက်မက်လို့ ကောင်းနေတဲ့ အချိန်၊ တခေါခေါနဲ့ စက်တော်ခေါ်လို့ ကောင်းနေတဲ့ အချိန်ပေါ့။ ဘာတွေလဲ။ ဘာတွေလဲကွာ။ ကျွန်တော့်အတွက် ထူးဆန်းလွန်းနေတဲ့ မာရီကိုမြို့ အကြောင်းမေးကြည့်ဖို့ရာ နောက်သို့ လှည့်လိုက်တော့ ဩစတင်က ခုတင်ပေါ်မှာ တခေါခေါနဲ့ အိပ်ပျော်နေလေရဲ့။

'ဩစတင်'

နှိုးမယ်လို့ စိတ်ကူးလိုက်ပေမဲ့လည်း အားနာခြင်းများစွာနဲ့ ဩစတင်ရဲ့ နာမည်က ပါးစပ်ဖျားမရောက်ခင် လျှာထဲမှာတင် ပျော်ဝင်သွားတယ်။ အဲ့ဒီတော့ ဘာမှမတတ်နိုင်တဲ့ အဆုံးလက်ထဲက ကော်ဖီခွက်ကို မော့ချပစ်လိုက်ပြီး ထူးဆန်းနေတဲ့ ပတ်ဝန်းကျင်ကြီးကိုပဲ အကြောင်းသားနဲ့ ငေးမောနေလိုက်ရတော့တယ်။

မာရီကိုရေ၊ မင်းက မင်းဆီရောက်တဲ့နေ့မှာတင် ငါ့ကို ပဟေဠိတွေနဲ့ ဖိတ်ခေါ်ကြိုဆိုလိုက်တာပဲ။

❑

ကျွန်တော် အိပ်ရာက နိုးလာတဲ့ အချိန်မှာတော့ အခန်းထဲမှာ ဩစတင်မရှိတော့ပါဘူး။ ဘေးတစ်ဖက်က ဩစတင်ရဲ့ခုတင်ကို လှမ်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ ညက ဝတ်ထားတဲ့ အင်္ကျီနဲ့ ဂျင်းနံ့ဘောင်းဘီက ပုံလျက်သား။ နားထဲမှာ ရေချိုးခန်းထဲက ရေကျသံ တဗျောဗျောကို အတိုင်းသား ကြားနေရတယ်။ တိုင်ကပ်နာရီက လက်တံတွေက ဆယ်နာရီ ထိုးတော့မှာဖြစ်ကြောင်း အသံပေးနေတယ်။ 'ဩစတင် ရေချိုးနေတာ ဖြစ်မယ်'လို့ တွေးရင်း အိပ်နေရာမှ ထလိုက်ပြီး ပွရောင်းပွထနေတဲ့ ဆံပင်တို့ကို သေသပ်ဝပ်ပြားသွားအောင် လက်နဲ့သပ်ချပစ်လိုက်တယ်။ အဲ့ဒီမှာ ခေါင်းထဲကို ဝင်လာတဲ့ အတွေးတစ်ခုကြောင့် ပြတင်းပေါက်အနားအပြေးလေးလှမ်းသွားမိတယ်။

မာရီကိုမြို့ဟာ ညတုန်းကလို စည်ကားနေတုန်းပဲလား။ နားထဲမှာတော့ ဘာဆူညံသံကိုမျှ မကြားရတော့။ တိတ်ဆိတ်ငြိမ်သက် နေလိုက်တာမှ ကြမ်းပြင်ပေါ် ဖွဖွလေး ချနင်းနေတဲ့ ကျွန်တော်ရဲ့ ခြေသံကတောင် အနည်းငယ် ကျယ်လောင်နေသလို ပဲ။ ဘယ်လိုပါလိမ့်။ ပြတင်းပေါက်မှ လိုက်ကာလေးကို ခပ်ဖြည်းဖြည်း ဟ,လိုက်ရင်း ပြင်ပကို ငေးကြည့်မယ် ဟန်ပြင်လိုက်တော့ ခံစားလိုက်ရတဲ့ ခံစားမှုက ဘယ်လိုစကားလုံးမျိုးတွေနဲ့ တင်စားလိုက်ရမှန်း မသိနိုင်လောက်အောင် ဆိုးရွားလွန်းလှတယ်။ လောလောလတ်လတ်ကမှ တည်ထားတဲ့ ရေနွေးအိုးထဲက ရေနွေးပူနဲ့ လောင်းပက်ခြင်းခံလိုက်ရသလိုပဲလို့ ပြောရင် ခံစားမှုနဲ့ ခိုင်းနှိုင်းမှုတို့ ထပ်တူများကျလေမလား။

'အား...'

ကျွန်တော် အသံကုန်အော်ဟစ်မြည်တမ်းမိတယ်။ မြည်တမ်းမှု မဆုံးခင်မှာဘဲ လက်နှစ်ဖက်စလုံးက လိုက်ကာကို ပိတ်လျက်မိသား။ အရေပြားတွေများ ကွာကျကုန်ပြီလားကွာ။ လိုက်ကာကို အဟာမှာ ကြည်လင်နေတဲ့ ပြတင်းပေါက်မှန်တွေကနေ ဝင်ရောက်လာတဲ့ နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရလိုက်တဲ့ ညာဘက်လက်ဖျံကို ငုံ့ကြည့်လိုက်တော့ လက်ဖျံမှ အငွေ့တွေတထောင်းထောင်း ထနေတာကို ထူးဆန်းစွာတွေ့လိုက်ရတယ်။ ပိုပြီးထူးဆန်းတာကတော့ ထူပျောစွာရှိနေခဲ့တဲ့ ညာဘက်လက်ဖျံပေါ်က အမွေးအမှင်တွေ တစ်မျှင်မှမရှိတော့တာဘဲ။ အမွေးအမှင်အားလုံးမီးလောင်မြိုက်ခြင်းခံလိုက်ရသလို ညာဘက်လက်ဖျံလေးမှာ ဘယ်ဘက်လက်ဖျံလေးနဲ့ ခြားနားစွာ အမွေးအမှင်ကင်းကင်း ရှိနေလေရဲ့။

ဩစတင် ဘာလုပ်နေပါလိမ့်။ ကျွန်တော် ဒီလောက်အော်ဟစ်မြည်တမ်းနေတာ မကြားနိုင်လောက်အောင် သူ့ရဲ့စိတ်အာရုံတွေ ဘယ်ဆီများ ရောက်နေပါလိမ့်။ ထုံးစံအတိုင်း ရေချိုးရင်းကအတွေးတွေ ကမ္ဘာလှည့်နေသလား မသိဘူး။ ကျွန်တော် 'ဩစတင်' လို့ အကျယ်ကြီး အော်ခေါ်ပစ်လိုက်တယ်။ အော်သံအဆုံးမှာတော့ 'ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ဒန်နီယယ်' ဆိုတဲ့ စိုးရိမ်တကြီးအသံနဲ့ အတူ ရေစိုနေတဲ့ ခန္ဓာကိုယ်ကို အမွေးပွတဘက်နဲ့ ပတ်ရင်းက ရေချိုးခန်းထဲက ဝရုန်းသုန်းကားပြေးထွက်လာတာကို တွေ့ရတယ်။

ကျွန်တော် ပြတင်းပေါက်အောက်ခြေက နံရံလေးကို မှီပြီး ထိုင်ချလိုက်တယ်။ နာကျင်မှုတွေက အရိုးထဲအထိ တစိမ့်စိမ့် စီးဆင်းနေလေရဲ့။ ဩစတင် ကျွန်တော့်ရှေ့ရောက်လာတဲ့ အချိန်မှာတော့ အငွေ့တွေ ထနေဆဲဖြစ်တဲ့ လက်ကို တအံ့တဩ ကြည့်ပြီး 'မင်းနေရောင်ခြည်ထိသွားတာလား' လို့ မေးတယ်။ ကျွန်တော့် ညာဘက်လက်ကို ဖွဖွလေး ဆုပ်ကိုင်ထားရင်းက ဩစတင်ကို စူးခနဲမော့ကြည့်လိုက်တယ်။ ကျွန်တော့်အကြည့်မှာ ဩစတင့်မျက်နှာတစ်ခုလုံး ဟာဆင်းသွားရတယ်။ ဩစတင်က ပျက်ယွင်းနေတဲ့ မျက်နှာနဲ့ ရေစက်လက်ဆံနွယ်တို့ကို လက်နဲ့ သပ်တင်လိုက်ပြီး။

'ဆောရီး...ဒန်နီရယ်၊ မာရီကိုမြို့ရဲ့ နေရောင်ခြည်က ထိလိုက်ရင် လူကိုတောင် ပျောက်ကွယ်သွားစေနိုင်တယ် ဆိုတာ ငါ မင်းကို ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com

မေ့သွားတယ်'

ဩစတင့် နှုတ်ခမ်းဖျားမှ ထွက်ကျလာတဲ့ စကားလုံးတွေက ကျွန်တော့်နားထဲရောက်လာတဲ့ အချိန်မှာတော့ အချိန်ကိုက်ထားတဲ့ ဗုံးတွေလို တစ်လုံးချင်း တစ်လုံးချင်း ပေါက်ကွဲသွားတယ်။ ဘာ…ဘယ်လို။ ဩစတင်ရဲ့စကားလုံးတွေက နားမလည်နိုင်လောက်အောင်သူ့အပြောမှာ ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်မူးသွားရတယ်။ မာရီကိုမြို့ရဲ့ နေရောင်ခြည်က လူကို ပျောက်ကွယ်သွားစေနိုင်တယ်၊ ဟုတ်လား။ အတွေးတွေက ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတဲ့ အမှတ်အသားနှစ်ခုမှာ ဟိုဘက် ပြေးလိုက်၊ ဒီဘက် ပြေးလိုက်နဲ့ အလုပ်ရှုပ်လို့။

'အဲ့ဒါကြောင့် မာရီကိုမြို့က လူတွေရဲ့ရင်ထဲမှာ နွေလယ်ခင်းဆိုတာတောင် မရှိတော့တာကြာပြီ၊ ရှိတယ်ဆိုရင်တောင် 'ငရဲ'ဆိုတဲ့ စကားလုံးအဖြစ်နဲ့သာ တည်ရှိနေလိမ့်မယ် '

ဩစတင်ရဲ့စကားမှာ မိုးကြိုးပစ်ခြင်း ခံလိုက်ရသလို ဦးခေါင်းမှာ ရှိနေတဲ့ ဆံပင်မွေးတွေ အကုန်လုံး ထိုးထိုးထောင်သွားသလို ခံစားလိုက်ရတယ်။ 'ငရဲ'ဆိုတဲ့ စကားလုံးက ခန္ဓာကိုယ်အတွင်း ပူကျဉ်စွာစီးဆင်းသွားတော့ ခန္ဓာကိုယ်ပေါ်က ချွေးပေါက်တွေအားလုံး ပိတ်သွားသလိုပဲ။

အမွေးအမှင် မရှိတော့တဲ့ ညာဘက်လက်ဖျံလေးကို ငုံ့ကြည့်မိလိုက်တော့။

လိုက်ကာကို ဟ,လိုက်

လိုက်ကာကို
အဟာမှာ
ကြည်လင်နေတဲ့
ပြတင်းပေါက်
မှန်တွေကနေ
ဝင်ရောက်လာတဲ့
နေရောင်ခြည်နဲ့
တိုက်ရိုက်
ထိတွေ့ခွင့်
ရလိုက်တဲ့
ညာဘက်
လက်ဖျံကို
ငုံ့ကြည့်
လိုက်တော့
လက်ဖျံမှ
အမွေ့တွေ
တထောင်းထောင်း
ထနေတာကို
ထူးဆန်းစွာ
တွေ့လိုက်ရတယ်

တဲ့ အချိန်မှာ ခံစားလိုက်ရတဲ့ ပူလောင်မှုတွေကို သတိရမိတော့။

ဒီအပြင် လိုက်ကာလေး အဟာမှာ တစ်စွန်းတစ်စ မြင်လိုက်ရတဲ့ သုသာန်တစပြင်လို ဖြစ်နေတဲ့ မာရီကိုမြို့ရဲ့နေ့လယ်ခင်း အခြေအနေကြီးကို မျက်လုံးထဲ မြင်ယောင်လာမိတော့…။

❑

'မင်း သိပ်ကံကောင်းတယ် ဒန်နီရယ်၊ မင်းရဲ့လက်သာနေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခဲ့ရင် အရည်ပျော်ကျသွားမှာ သေချာတယ်'

ဩစတင်က ကျွန်တော့်ညာဘက်လက်ကို ဆေးလိမ်းပေးနေရင်းက စိတ်ပူသလို ပြောတယ်။ ကျွန်တော့်မှာတော့ ရှောခ့်ရနေတဲ့ လူတစ်ယောက်လို ဩစတင်ပြောသမျှ၊ ဩစတင် လုပ်သမျှကို ကြောင်အစွာ ငေးကြည့်နေမိတယ်။ ဟုတ်တယ် ဩစတင်ပြောသလို ကျွန်တော် သိပ်ကံကောင်းတယ်။ ကျွန်တော့်လက်သာ နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခဲ့ရင် အရည်ပျော်ကျသွားမလား၊ မသွားဘူးလားမကြုံဖူး၊ မတွေ့ဖူးလို့ သေချာမသိပေမဲ့ နေရောင်ခြည်နဲ့ တိုက်ရိုက်မထိတွေ့ခဲ့တာ ကံကောင်းတယ်လို့တော့ ကျွန်တော် သိတယ်။ ဘာလို့လဲဆိုတော့ ပြတင်းပေါက်မှန်ကို ထိုးဖောက်လာတဲ့ တစ်ဆင့်ခံ နေရောင်ခြည်ကတောင် ဒီလောက် ပူပြင်းနေရင် တိုက်ရိုက်ဆို ဘယ်လောက် ပူပြင်းလိုက်မလဲ။ အတွေးနဲ့တောင် ကျွန်တော် ငရဲရောက်သွားသလို ခံစားမိတယ်။

'ဒါက ဘယ်လိုကြောင့် ဒီလို ဖြစ်ရတာလဲ ဩစတင်'

ဩစတင်က ကျွန်တော့်လက်ကို ပတ်နှောင်နေတဲ့ ပတ်တီးစကို တိပ်နဲ့ သေချာကပ်လိုက်ပြီး 'I don't know' လို့ ဆိုတယ်။ အဲ့ဒီနောက် ဆေးတွေမျိုးစုံ ထည့်ထားတဲ့ ဘူးကြီးကို သူ့နေရာသူ သိမ်းလိုက်ရင်း 'ငါမှ မဟုတ်ဘူး၊ ဒီအကြောင်းကို ဘယ်သိပ္ပံပညာရှင်မှ မသိသေးဘူး' လို့ မဲ့ကာရွဲ့ကာနဲ့ ဆိုပါတယ်။

'ဒီမှာ ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ ဩစတင်'

'အင်း၊ ငါ ရောက်စကတည်းကဆိုတော့ တစ်နှစ်လောက်ရှိမယ် ထင်တယ်'

'ဟာ၊ မင်း တော်တော်ရက်စက်တာပဲ ဩစတင်၊ တစ်နှစ်လောက် ဖြစ်ပြီးနေတဲ့ ကိစ္စရပ်ကြီးကို ပြောဖို့မေ့ရတယ်လို့၊ မတော်လို့ ငါ နေ့လယ်နေ့ခင်း နေပူထဲထွက်မိရင် ဘယ်လိုလုပ်မလဲ၊ အင်းလေ၊ ငါ့ရဲ့ညံ့ဖျင်းမှုလို့ပဲ ထားလိုက်ပါတော့၊ ကိုယ် အလုပ်လာလုပ်မယ့် မြို့အကြောင်း ဂဃနဏ မလေ့လာခဲ့မိတာကိုက ငါ့အမှား'

'တောင်းပန်ပါတယ် ဒန်နီရယ် ၊ ငါ အနူးအညွတ် တောင်းပန်ပါတယ်၊ တကယ်တော့ ငါ မင်းကို တမင်မပြောဘဲ ထားခဲ့တာပါ'

'ဘာ…တမင်မပြောဘဲ ထားခဲ့တာ'

'ဟုတ်တယ် ဩစတင်၊ ငါသာ ဒီအကြောင်းကို မင်းကို ပြောလိုက်ရင် မင်း ဒီကို အလုပ်လာလုပ်တော့မှာ မဟုတ်ဘူး။ မင်းအကြောင်း ငါ အသိဆုံး၊ မင်းအိမ်ရဲ့အခြေအနေကိုလည်း ငါ သိနေတော့ ငါ ဒီအကြောင်းကို ကွယ်ဝှက်ပြီး မင်းကို ဒီကို ခေါ်လိုက်တာ၊ မာရီကိုမြို့မှာ ဒီအချက်လေးကပဲ အားနည်းချက်တစ်ခုအနေနဲ့ ရှိနေတာပါ။ မင်းသာ နေ့လယ်ခင်း နေပူထဲ မထွက်ရင် ဘာမှမဖြစ်ဘူး ငါ အာမခံတယ်။ ငါ့ကိုကြည့်လေ၊ ဒီလိုမြို့ကြီးမှာ ငါ ဘယ်လိုနေခဲ့သလဲ'

ဩစတင့်စကားလုံးတွေက ကျွန်တော့်ဒေါသအငွေ့ကို ကြိုးတွေလို ချိပ်ပတ်ချည်



www.burmeseclassic.com

www.burmeseclassic.com

နှောင်သွားတယ်။ စိတ်ထဲမှာလည်းရှက်သလိုလိုနဲ့ မျက်နှာတစ်ခုလုံး ထူအမ်းနေသလို ခံစားနေရတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ကျွန်တော်သာ မာရီကိုမြို့က ဒီလိုဖြစ်နေတာ သိခဲ့ရင် ကျွန်တော် မာရီကိုမြို့ကို အလုပ်လာလုပ်တော့မှာ မဟုတ်ဘူး။ ငယ်ငယ်ကတည်းက တစ်ခုခုဆို သက်သာရာ သက်သာကြောင်းရှာတတ်တဲ့ ကျွန်တော်၊ အသက်အန္တရာယ်နဲ့ လက်တစ်ကမ်းအလိုမှာ ရှိနေတဲ့ မာရီကိုမြို့ကိုယောင်လို့တောင် ခြေဦးလှည့်မိမှာ မဟုတ်ဘူး သေချာတယ်။

အခုက ဖေဖေ့ကျန်းမာရေးအခြေအနေက တော်တော်လေး ဆိုးနေလို့။ အိမ်ရဲ့စီးပွားရေးအခြေအနေကလည်း တော်တော်လေး ချွတ်ချုံကျလာလို့။ ဖေဖေ ကျန်းမာရေးကောင်းစဉ်တုန်းကဆို ကျွန်တော် အလုပ်တောင် လုပ်တာ မဟုတ်ဘူး။ တစ်နေကုန် တစ်နေခန်း လက်ဖက်ရည်ဆိုင် ထိုင်လိုက်၊ ဂိမ်းဆိုင် ထိုင်လိုက်နဲ့ အချိန်တွေဖြုန်းခဲ့တာ။ ဩစတင်ကဆို သတိရတိုင်း 'အလုပ်လေးတစ်ခုခုတော့ လုပ်ပါလား' လို့ အမြဲပြောတတ်တယ်။ ဩစတင် ကျွန်တော့်အကြောင်း သိမယ်ဆိုလည်း သိလောက်စရာပါပဲ။

'အခု ငါ မာရီကိုမြို့အကြောင်း တစ်လုံးမကျန် သိချင်တယ်၊ မင်း ငါ့ကိုပြောပြနိုင်မလား ဩစတင်'

ဩစတင်က ကျွန်တော့်ကိုကြည့်ပြီး ပြုံးတယ်။ ကျွန်တော် ရှက်တောင် ရှက်သွားတယ်။ သူ ဘာကြောင့်ပြုံးတာလဲ ကျွန်တော် သိနေတယ်။ တစ်ခါတလေမှာ ကိုယ့်အကြောင်းကို အူမချေးခါးမကျန်သိနေတဲ့ လူတစ်ယောက်နဲ့ အတူရှိနေရတာ တော်တော်စိတ်ပျက်ဖို့ ကောင်းတာပဲ။ ဩစတင်က 'အိုကေ…ရစေမယ်' ပုံစံနဲ့ ကျွန်တော့်ကို စာကြည့်စားပွဲဆီခေါ်ဆောင်သွားတယ်။ အဲ့ဒီနောက် စာကြည့်စားပွဲပေါ်က လက်တော့ပ်လေးကို ဖွင့်ပြီး မာရီကိုမြို့အကြောင်း ရေးထားတဲ့ Website တစ်ခုကို ဖွင့်ပြတယ်။

'ကဲ…မာရီကိုမြို့အကြောင်း ဒီဝက်ဆိုဒ်မှာတစ်လုံးမကျန် ရေးထားတယ်။ မင်းသိချင်တာ ရှာဖတ်တော့'

❑

ကျွန်တော်နဲ့ဩစတင်တို့ ဒီနေ့ညလေယာဉ်နဲ့ ချာချီတန်ကို ပြန်ဖို့အဝတ်အစားတွေ သိမ်းနေကြတယ်။ ဘဝတစ်လျှောက်လုံးမှာ ဒီနေ့အပျော်ဆုံးပါပဲ။ 'မာရီကိုကနေ ပြန်ရတော့မယ်' ဆိုတဲ့ အသိကလူကို တိမ်တွေပေါ်မှာ ဆော့ကစားနေရသလို ခံစားရစေတယ်။ စဉ်းစားကြည့်စမ်းပါဦး။ ဘယ်လောက်ပျော်စရာကောင်းသလဲလို့။ နေခြည်နွေးနွေးကို ကောင်းကောင်းထိတွေ့ခံစားလို့ မရတဲ့မြို့ကြီးမှာ ကျွန်တော် မပြောနဲ့၊ ဩစတင်တောင် မနေချင်တော့ဘူးတဲ့လေ။ အခုလို ပြန်ဖြစ်သွားတာကလည်း ဩစတင်ကြောင့်ပါပဲ။

ပြန်လည်း ပြန်ချင်စရာပဲလေ။ ကိုယ်တွေဘဝက ဘယ်လိုဘဝရောက်နေတာလဲလို့တောင် မစဉ်းစားတတ်တော့ဘူး။ ညဆိုရင် တစ်ညလုံး အလုပ်လုပ်၊ နေ့ဆိုရင် တစ်နေ့လုံးအိပ်။ နေ့ဘက်မှာမျက်လုံးတွေက ကျင့်သားမရလို့ အိပ်မပျော်ဘူးဆိုရင်တောင် အတင်းကြိတ်မှိတ်ပြီး အိပ်ရတယ်။ မဟုတ်ရင် ဘာမျှလုပ်စရာမှ မရှိတာကိုး။ တစ်နေကုန် တစ်နေခန်း အအေး ၁၀ ဒီဂရီစင်တီဂရိတ်ပေးထားတဲ့ အလုံပိတ်အခန်းကြီးထဲ ဘာလုပ်နေရမလဲ။ တီဗွီကြည့်နေရမလား၊ စာဖတ်နေရမလား။ တစ်လနှစ်လလောက်ကတော့ အားဆေးတွေနဲ့ ကူပြီး အလုပ်က ပြန်လာတာနဲ့ အိပ်ပျော်ဖို့နည်း ကျင့်သားရအောင် လုပ်လိုက်ရတယ်။ ဒီလိုမလုပ်ရင်လည်း ညဘက် ဘယ်လိုမှအလုပ်လုပ်နိုင်မှာ မဟုတ်ဘူး။

အဆိုးဆုံးကတော့ နေရောင်ခြည်ကို မထိတွေ့ရတာပဲ။ မာရီကိုမြို့မှာ ရှိနေစဉ် သုံးနှစ်ကာလအတွင်းမှာ နေရောင်ခြည်ရဲ့ အထိအတွေ့ကို သိပ်ဆာလောင်တယ်။ သွေးစုပ်ဖုတ်ကောင်တွေ သွေးဆာသလိုမျိုး ဆာတယ်။ စဉ်းစားကြည့်တော့မှ ကျွန်တော်အပါအဝင် မာရီကိုမှာရှိနေကြတဲ့ လူတွေရဲ့အဖြစ်ကသွေးစုပ်ဖုတ်ကောင်တွေရဲ့ဘဝနဲ့ ဆင်တူနေသလိုပဲ။ နေရောင်ခြည်နဲ့ ထိရမှာ သေမလောက်ကြောက်နေကြရတယ်။

တကယ်တော့ မာရီကိုဟာ သိပ်ကိုလှပတဲ့မြို့ကြီးတစ်မြို့ပါပဲ။ မာရီကိုရဲ့ ညရှုခင်းဟာဆိုရင် ကမ္ဘာ့အလှဆုံး ညရှုခင်းလို့တောင် ထင်ရှားတယ်။ နောက်ပြီး တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးအချက်အချာကျတဲ့မြို့ဆိုတော့ ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်းတွေ မာရီကိုမှာ ရှိနေကြတယ်။ လူတစ်ယောက်မှာ ပညာတစ်ခုသာ တတ်ထားစမ်း၊ မာရီကိုမြို့မှာ အလုပ်သွားလုပ်ကြည့်၊ ငွေသောက်သောက်လဲ ရမယ့်ဖြစ်ခြင်းပဲ။ ဒါပေမဲ့ သနားကောင်းစရာကောင်းတာက မာရီကိုမြို့မှာ 'နေ့ခင်းနေ့လယ်' ဆိုတဲ့ ဝေါဟာရမရှိတော့တာဘဲ။

ဆိုရင် မာရီကိုမြို့မှာ ရှိနေကြတဲ့ လူတွေက အသူရကာယ်ဘုံ သားတွေလိုပဲ။ ညကျရင် သိပ်ကိုလှပတဲ့ရှုခင်းတွေကြားမှာ ပြေးလွှားကခုန်နေရပြီးတော့ နေ့မှာဆိုရင် ဘယ်လောက်ပဲ အပြင်ထွက်ချင်နေနေ နေရောင်ခြည်ထိမှာစိုးလို့ အအေးပေးထားတဲ့ အလုံပိတ်အခန်းတွေထဲမှာ နေနေကြရတယ်။ ဝဋ်ခံနေရသလိုပါပဲ။

ဘာပဲဖြစ်ဖြစ်ပါလေ။ တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးအချက်အချာကျနေတဲ့ မြို့တော်ဆိုတော့လည်း မာရီကိုမြို့မှာ ဘယ်လို အားနည်းချက်တွေပဲ ရှိရှိ ဘယ်သူမှ မလွှန်ဆန်ရဲဘူး။ တစ်နှစ်ကို အနည်းဆုံးအလုပ်သမား သုံးလေးထောင်လောက်ကတော့ မာရီကိုကို ရောက်တယ်။ မာရီကိုကလည်း ပညာတစ်ခုသာ တတ်လာခဲ့၊ ပညာရှင်တွေကိုအသက်အာမခံချက်ပေးပြီးကို လက်ခံပေးတယ်။

တစ်ခုပဲ။ ဘာလဲဆိုတော့ မာရီကိုမြို့မှာ နေရတာကြာလာတာနဲ့အမျှ လူဟာလူမဟုတ်တော့သလို ခံစားလာရတယ်။ စိတ်ကျရောဂါပဲ ဖြစ်ချင်လာသလိုလို၊ စိတ်တွေခဲ

www.burmeseclassic.com

ဖောက်ပြန်ချင်သလိုလို ဖြစ်လာမိတယ်။ တစ်ခါကဆို ဩစတင်ကို ဘယ်သူမှန်း မသိတော့လို့ ကျွန်တော့်မှာ ကိုယ့်စိတ်တွေကို မနည်း Control ပြန်လုပ်ရတယ်။ နောက်ပြီး ကြောက်နေရတာက နေရောင်ခြည်နဲ့ မတော်တဆ ထိတွေ့သွားမှာကိုပဲ။ သုံးနှစ်တာကာလအတွင်း နေရောင်ခြည်ထိသွားလို့ ဆုံးပါးသွားတဲ့သူတွေ၊ လက်ပြတ်ခြေပြတ်ဖြစ်သွားသူတွေ အပုံအပင်ပဲ တွေ့နေရတယ်။

အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော် လုံးဝမကျေနပ်ဘူး။ ဘယ်လိုကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတာ ဘယ်သိပ္ပံပညာရှင်မှ မရှာဖွေ မတွေ့ရှိသေးတာလဲ မသိဘူး။ မြန်မြန်ရှာဖွေတွေ့ရှိပါတော့။ အခုထက်ထိ ရှာဖွေနေကြဆဲရယ်လို့ သတင်းစာတွေ၊ ဂျာနယ်တွေမှာတော့ ဖော်ပြနေကြတယ်။ ကျွန်တော်နဲ့ဩစတင်လည်း ဘယ်အချိန်ရှာဖွေနိုင်မလဲ စောင့်စားရင်းနဲ့ မာရီကိုမှာ သုံးနှစ်လောက် ကြာသွားတယ်။ သုံးနှစ်အတွင်းမှာ အဖေလည်း ဆုံးပါးသွားခဲ့တယ်။ အိမ်လည်း အတော်အတန် ပြန်ပြေလည်လာခဲ့ပြီမို့ ဩစတင်က 'ပြန်ကြရအောင်' ဆိုတော့ ကျွန်တော်လည်း 'ပြန်မယ်ကွာ' ဖြစ်သွားခဲ့တာ။

အဲ့ ဒီ အချိန် မှာပဲ 'အားလုံး…ဒီအပတ် သတင်းစာမှာ မာရီကိုရဲ့နေရောင်ခြည်နဲ့ ပတ်သက်တဲ့ သတင်းပါလာတယ်ဟေ့' ဆိုတဲ့ အသံကို လိုဏ်သံများများနဲ့ကြားလိုက်ရတယ်။ အသံကို သေချာနားထောင်ကြည့်လိုက်တော့ အဆောင်ဖော် ဆန်နီရဲ့အသံ။ လိုဏ်သံတွေဆုံးသွားတဲ့ အချိန်မှာ ကျွန်တော်နဲ့ ဩစတင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ အဲ့ဒီနောက် သိမ်းလက်စပစ္စည်းတွေကို ဆတ်ခနဲချထားခဲ့လိုက်ပြီး ဆန်နီရို့အခန်းဆီ အပြေးအလွှားသွားမိတော့တယ်။

'ဘယ်မှာလဲ ဆန်နီရို ဘယ်မှာလဲ'

'ဒီမှာ… မာရီကိုမြို့ရဲ့ နေရောင်ခြည်က ထိလိုက်တာနဲ့ လူတွေကို ဘာကြောင့် အရည်ပျော်ပျောက်ဆုံးသွားစေရတာလဲ ရှာဖွေတွေ့ရှိခဲ့ပြီတဲ့၊ ရှာဖွေတွေ့ရှိတဲ့သူက မင်းတို့ ချာချီတန်နိုင်ငံသားမိုဒီလိုနာတဲ့၊ ဘယ်လို ရှာဖွေတွေ့ရှိခဲ့တာလဲဆိုတော့ မာရီကိုကို အလည်အပတ်ရောက်ခိုက် ချာချီတန်နဲ့ မာရီကိုကြားမှာ ရှိနေတဲ့ ခြားနားချက်ကနေ တွေ့ရှိခဲ့တာတဲ့၊ ဘယ်လိုခြားနားချက်လဲဆိုတော့ သိချင်တယ်ဆိုရင် သင်တို့အိမ်က ပြတင်းပေါက်တွေကို ဖွင့်ပြီး မာရီကိုမြို့ကြီးကို ငေးကြည့်လိုက်ပါတဲ့၊ ကြည့်ရမယ့်အချိန်က ညအချိန်မဟုတ်ဘူး၊ နေ့အချိန်တဲ့'

ဆန်နီရိုက သတင်းစာထဲက စာကြောင်းတွေကို ဖတ်ပြနေရင်းက ခဏရပ်လိုက်ပြီး 'ဘာလဲ…ပဟေဠိလာဝှက်နေတာလား' လို့ ဆိုတယ်။ ပြီးတော့ နှာခေါင်းကို ရှုံ့ပြီး ခေါင်းကို ကုတ်တယ်။ ဘေးနားက အဆောင်သားတွေထံကလည်း ကျွက်စီကျွက်စီ အသံများ ထွက်လာကြတယ်။ အဲ့ဒီနောက် တစ်ဆောင်လုံး ဆန်နီရိုအခန်းထဲက တစ်ပေါက်တည်းသော ပြတင်းပေါက်ဆီ ရောက်သွားကြတယ်။ ပြတင်းပေါက်ရှေ့ ရောက်သွားချိန်မှာတော့ ဆန်နီရိုက 'နောက်ဆုတ် နောက်ဆုတ် နေရောင်ခြည် ထိမယ်' ဆိုပြီး ပြတင်းပေါက်ကို ဖြည်းဖြည်းချင်း ဖွင့်ပေးတယ်။ တံခါးက မဖွင့်တာ ကြာလို့လား မသိ။ တော်တော်နဲ့ ဖွင့်မရဘဲ ကျပ်တပ်တပ် ဖြစ်နေတယ်။ ဖွင့်လို့ ရသွားတဲ့ အချိန်မှာတော့ …

အဲ့ဒီမှာ ကျွန်တော်တို့တွေ မြင်တွေ့လိုက်ရတာက ပုစွန်ဆီရောင် ယှက်သန်းနေတဲ့ ကောင်းကင်နောက်ခံနဲ့ အထပ်မြင့် အထပ်နိမ့် အဆောက်အဦတွေကလွဲပြီး ဘာဆို ဘာမှ ရှိမနေတဲ့ ပတ်ဝန်းကျင်ကြီးတစ်ခု။ ညတုန်းက သိပ်ကို လှခဲ့တဲ့ ရှုခင်းတွေနဲ့ ခြားနားစွာ။ နေ့ခင်း နေ့လယ်အခြေအနေက မြင်မြင်သမျှ လိမ္မော်ရောင်တွေနဲ့ တောက်လောင်နေပြီး သုသာန်တစပြင်လို ခြောက်ကပ်တိတ်ဆိတ်လို့။ အဲ့ဒီမှာ ကြည့်နေတဲ့ လူတွေအကုန်လုံး ခေါင်းတွေ ကုတ်ပြီး သူတို့တွေထံမှ 'ဘာလဲကွာ' ဆိုတဲ့ အသံတွေ တစ်ယောက်တစ်ပေါက် ထွက်လာကြတယ်။ ဆန်နီရိုက ကျွန်တော်နဲ့ ဩစတင့်ဘက်လှည့်ပြီး 'ဩစတင်နဲ့ ဒန်နီရယ် မင်းတို့နှစ်ယောက်က ချာချီတန်နိုင်ငံသားတွေ ဆိုတော့ ချာချီတန်နဲ့ မာရီကို ကြားကခြားနားချက်ကို တန်းမြင်မှာပဲ၊ မင်းတို့ ဘာမြင်လဲ၊ ဒန်နီရယ် မင်း ဘာမြင်လဲ၊ ဩစတင် မင်းရော' လို့ မေးတယ်။

ကျွန်တော် ပတ်ဝန်းကျင်ကြီးကို ကြည့်ပြီး အဖြေရှာနေမိတယ်။ ဘာတွေ ကွာခြားနေသလဲ။ ကြည့်စမ်း၊ ချာချီတန်နဲ့မာရီကိုမှာ ဘာကွာခြားချက်တွေ ရှိနေတာလဲ၊ မျက်လုံးကို မှေးမှိတ်ပြီး ချာချီတန်မြို့ကို ပုံဖော်ကြည့်မိတယ်။ ပြောလို့ ပြောတာ မဟုတ်၊ ချာချီတန်က သိပ်လှတာ၊ မာရီကို ဘယ်လောက်ပဲလှလှ စိတ်ထဲမှာတော့ ကိုယ့်ချာချီတန်မြို့လောက် ဘယ်မြို့မှ မလှဘူး။ မာရီကိုလို တစ်ကမ္ဘာလုံးရဲ့စီးပွားရေးအချက်အချာကျတဲ့မြို့မဟုတ်ပေမဲ့ လည်း နေလို့ထိုင်လို့သိပ်ကောင်းတဲ့ မြို့ကလေး၊ နေခြည်နွေးနွေးကိုကောင်းကောင်း ခံစားလို့ ရတဲ့ စိမ်းစိုပြီး လန်းဆန်းတဲ့ လှပသာယာတဲ့ မြို့ကလေး။ ကျွန်တော် ချာချီတန်ကို သိပ်ချစ်တယ်။

အဲ့ ဒီ အခို က် တန့်မှာ မျက်လုံးထဲ အစိမ်းရောင်အ[illegible] တွေ ဖြတ်ပြေးသွားသလို ခံစား လိုက်ရတယ်။ ဘုရား--- နှလုံးသားတစ်ခုလုံး လေထဲ မြောက်သွားသလို ဝမ်းသာ ကြည် နူး သွား ရ တယ်။ မျက်လုံးတွေ ပြန်ဖွင့်လိုက်ပြီး ဩစတင့်ဘက် လှည့်လိုက်တဲ့ အခါမှာတော့ ဩစတင် လည်း အဖြေရသွားတဲ့ ပုံ[illegible] မျက်နှာတစ်ခုလုံး ရွှင်ပြုံး[illegible] ပြီး တစ်ယောက်မျက်လုံး[illegible] က အဖြေ တစ်ယောက်[illegible] သွားတဲ့အချိန်မှာတော့ [illegible] ယောက်လုံးရဲ့ နှုတ်ခမ်း[illegible] စကားလုံးလေး နှစ်လုံးပြို[illegible] ထွက်ကျလာခဲ့တယ်။

'Trees' တဲ့။

နွေသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ ၂၉၉ မှ…

ယောက်ယက်ခတ် ပြေးလွှားနေကြသည်။ မယုံကြည်နိုင်သလို ကြောင်အ ငေးကြည့်နေသော မေမေ။

'မျိုးရိုးရှိလား'

ဆရာဝန်ကြီး၏ အမေးကို မေမေ့ဖြေသံ မကြားရ။ ဆရာဝန်ကြီးမှ သက်ပြင်းသဲ့သဲ့ချရင်း-

'ကျွန်တော် ညွှန်တဲ့ ဆရာဝန်နဲ့ ဆက်ပြပါ။ စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှု အားကောင်းလာအောင် နွေးနွေးထွေးထွေး ဆက်ဆံပါ။ သက်သာသွားမှာပါ'

မေမေက မျက်ရည်သုတ်ရင်း သူမကို တင်းတင်းကျပ်ကျပ်ဆွဲဖက်လိုက်သည်။ ဖေဖေက မချိတင်ကဲသံနှင့်-

'အစောက ငါ သတိပေးရဲ့သားနဲ့ကွာ' ရေရွတ်မြည်တမ်း၏။ သူမကတော့ အလွန် ပျော်သွားသည်။ မေမေ့ဆီက အခုလို လှိုက်လှိုက်လှဲလှဲ အချစ်မျိုး ရနေချင်ခဲ့တာ။ ဒါပေမဲ့ သူမ ဝမ်းသာသွားကြောင်း မေမေ မရိပ်မစေရန် မျက်မှောင်ကုတ် အံတင်းတင်းကြိတ်ထားမိသည်။ ဘာတွေဖြစ်နေကြတယ်လို့ သူမ မသိချင်ပါ။ လောလောဆယ်တော့ မေမေရော ဖေဖေပါ တယုတယ ချစ်နေကြသည်။ ဤအဖြစ်မျိုး လိုချင်ခဲ့တာ နှစ်ပေါင်းကြာခဲ့ပြီ။ ဘာလို့ အခုမှရတာလဲလို့ မစဉ်းစားတတ်ပါ။ မေမေရော ဖေဖေပါ သူမကို ပိုက်ထွေးထားသရွေ့တော့ မိုးကောင်းကင်လည်း မလိုချင်ပါ။ တိမ်တွေလည်း မစီးချင်ပါ။ လက်ကလေးနဲ့ မထိရရင်လည်း နေပါစေ

သူမဘေးမှာ
မေမေ
အိပ်နေပါသည်။
သူမ
အံ့သြပြီး
မေမေ့ကို
ကြည့်နေမိသည်
အခုလို
မအိပ်ရတာ
ဘယ်လောက်
ကြာပြီလဲ
မေမေ့ဘေးမှာ
အိပ်နေရတာ
လုံခြုံနွေးထွေး
လွန်းလှ၏

တော့။ ထိုညက မေမေ ပုံပြင်ပြောပြီး ချော့သိပ်သည်။ မယ်သီတာပုံပြင်။ သူမကတော့ ဒသဂီရိကို သနားပြီး အိပ်ပျော်သွားခဲ့သည်။

ဖျတ်ခနဲ လန့်နိုးလာစဉ် လရောင်ထိန်ထိန်အောက်မှာ ညသည် တိတ်ဆိတ် ငြိမ်သက်လျက်။ ထရံပေါက်မှ အတင်းတိုးဝင်လာသော လရောင်လေးကြောင့် အရာရာက ဝိုးတဝါး။ သူမဘေးမှာ မေမေ အိပ်နေပါသည်။ သူမ အံ့သြပြီး မေမေ့ကို ကြည့်နေမိသည်။ အခုလို မအိပ်ရတာ ဘယ်လောက်ကြာပြီလဲ။ မေမေ့ဘေးမှာ အိပ်နေရတာ လုံခြုံနွေးထွေး လွန်းလှ၏။

အာခေါင်တွေ ခြောက်ကပ်နေ၍ ရေအေးအေးလေး သောက်ချင်လာသည်။ မေမေ နှစ်ခြိုက်စွာ အိပ်နေတာ ကြည့်ပြီး မနှိုးရက်တော့ပါ။ ရေအိုးထဲမှ ရေတစ်ခွက် ခပ်သောက်ရင်း ရင်ထဲသို့ စီးဝင်သွားသော ရေမှာ မအေး။ ရေအေးအေးလေး သောက်ချင်သေးသည်။ လရောင်လေးသည် ဟိုတစ်ပြောက် ဒီတစ်ပြောက်နှင့် ထရံပေါက်မှ တိုးဝင်နေသည်။ အပြင်မှာ လမင်းကြီး ထိန်ထိန်သာနေသည်ကို သူမ ကြည့်ရလျှင် ကောင်းမည်။ တစ်အိမ်လုံး အိပ်မောကျလျက် ဖေဖေ့ဟောက်သံ တစ်ချက်တစ်ချက် ထွက်ပေါ်နေသည်။

သူမ နောက်ဖေးတံခါးပေါက်ကို အသာဆွဲဖွင့်လိုက်သည်။ တံခါးပတ္တာသံသည် တကျိကျိနှင့် တိုးညင်းစွာ ထွက်ပေါ်လာသည်။ မေမေ နိုးသွားပြီလားလို့ အသာငြိမ်ရပ်ရင်း နားစွင့်မိသည်။ ဘာသံမျှ မကြားရ။ အိမ်ပြင်၌ လရောင်သည် လင်းလက်တောက်ပ ဖွေးဆွတ်နေပါသည်။ ခပ်လှမ်းလှမ်း ခြံထောင့်မှ ရေတွင်းဆီ ကြည့်မိစဉ် ရေထပ်သောက်ချင်လာသည်။ ဒီအချိန် ရေတွင်းထဲကရေဆို အလွန်အေးမြနေမည်လား။ ရေတွင်းဆီသို့ လှမ်းလာခဲ့သည်။ လေအဝှေ့မှာ အုန်းလက်ကိုင်း၏ အရိပ်က ခြေထောက်ကိုလာ ဆွဲသလို။ ယောင်ယမ်းပြီး နောက်ဆုတ်မိသေးသည်။

ရေတွင်းလေးမှာ ရေပုံးနှင့် စက်သီးတပ်ဆွဲရသောတွင်းဖြစ်သည်။ သူမ ငုံ့ကြည့်လိုက်စဉ် ကြက်သီး ဖြန်းခနဲ ထသွား၏။ ရေပုံးကို ဆွဲယူပြီး လျှောချလိုက်သည်။ ခပ်မြန်မြန် လျှောချစဉ် အရှိန်နှင့်ပုံးက ရေထဲကျကျချင်း ရေပြည့်သွားတော့၏။ သူမ ဆွဲကြည့်သည်။ လေးပင်လေးငြား ပါလာ၏။ ဖြည်းဖြည်းချင်း ဆွဲတင်လာရာ တစ်ဝက်လောက် အရောက်တွင် သူမ ထိတ်လန့်သွားသည်။ ရေပုံးသည်လည်း လေးလံလာပြီ။ သူမ ဆက်ဆွဲနိုင်မည်လား၊ မေမေ့ကို အော်ခေါ်ရမည်လား တွေးရင်း အားစိုက်၍ ဆက်ဆွဲသည်။ ရေပုံးသည် ရေတွင်းနှုတ်ခမ်းဝသို့ ရောက်လာစဉ် သူမ ဝမ်းသာအားရ ပုံးကို လှမ်းဆွဲလိုက်၏။

အေးခနဲ အသိတစ်ခုနှင့် မွန်းကျပ် ပိတ်လှောင်မှုတွေထဲက အတင်းရုန်းကန် ထွက်ခဲ့လိုက်သည်။ ထို့နောက်တွင်တော့ သူမ လွတ်လပ်ပေါ့ပါးရွှင်မြူးစွာ ထိန်ထိန်သာနေသော လမင်းကြီးအောက်မှ တိမ်များကြားတွင် လူးလိမ့်ဆော့ကစားနေခဲ့သည်။ မိုးကောင်းကင်ကြီးသည်လည်း အပြာရောင် မဟုတ်ပင်မဲ့ သူမကို ရယ်မောချော့မြှူနေခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် သူမတို့မြို့လေးရဲ့သချိုင်းထောင့်တစ်နေရာမှာ ငြိမ်သက်စွာ လဲလျောင်းနေသည့် အုတ်ဂူဖြူဖြူကလေး။

'မနှင်းဖွေး'

'အသက် (၁၂)နှစ်'

လူတွေကတော့ သူမ ဘာကြောင့် သေဆုံးသွားသည်ဆိုတာ ပဟေဠိတစ်ပုဒ်လို သတိရတိုင်း ပြောဆိုနေကြဆဲ.....။ ■ မေ၊လာရှိုး၊

www.burmeseclassic.com



'ဒီနေရာလေး၊ ဒီနေရာလေးမှာ ထိုးရမှာ အဘွား'
လှူရှယ်ကမ်းပေးတဲ့ ဘောပင်ကို တင်းတင်းဆုပ်
ကိုင်ပြီး စာရွက်ပေါ်မှာ လက်မှတ်ထိုးတော့ ဒေါ်စိန်မြရဲ့
လက်တွေ တုန်နေခဲ့တယ်။ စာမရေးတာ နှစ်ပေါင်း
အတော်ကြာခဲ့ပြီမို့ ရုတ်တရက် ဘောပင်ကိုင်ပြီး
လက်မှတ်ထိုးရတော့ ကိုယ့်နာမည်ကို ဘယ်လို
ပေါင်းရမလဲဆိုတာတောင် မေ့လျော့သွားရသေးတယ်။
စိုးထိတ်မှုတွေနဲ့ ကယောင်ချောက်ချားရေးထိုးလိုက်တဲ့
'စိန်မြ' ဆိုတဲ့ စာလုံးလေးက သနားဖွယ်ကောင်း
ကောင်းနေသေးတော့—

'သားက အဝေးရောက်နေတာ၊ တန်ခူးလောက်
ပြန်ရောက်မှာ။ အဲဒီအချိန်ထိ နေလို့မရဘူးလား'
နောက်ဆုံးအနေနဲ့ ဒေါ်စိန်မြ ပြောကြည့်လိုက်တယ်။


'ကျွန်တော်တို့ကလည်း မဖယ်နိုင်းချင်ပါဘူး
အဘွားရယ်။ အထက်က စီမံချက်ကြောင့် အားလုံး
တစ်ပြေးညီ ဆောင်ရွက်ရတာပါ။ အ…
အဘွားတို့ကိုပေးထားတဲ့ အချိန်ကလည်း
တစ်လဆိုတော့ စီစဉ်လို့ရမှာ…
အသားဖြူဖြူ အရပ်ရှည်ရှည် လူရှယ်ရဲ့…




www.burmeseclassic.com

www.burmeseclassic.com

# ပန်းလှိုင်မြို့ — သင်္ချိုင်းအသစ်ကြောင်း




အမှတ် ၃၀၃၊ ဖေဖော်ဝါရီ ၂၀၁၅



ဒေါ်စိန်မြတို့နေတဲ့
လမ်းသွယ်
တစ်လျှောက်က
အိမ်လေးတွေအတွင်းမှာ
လှုပ်ရှားဆူညံ
သွားခဲ့တယ်။
ဆူးဖြူပင်
အုပ်အုပ်အတွင်းမှာ
ခပ်ကုပ်ကုပ်ရှိနေကြတဲ့
တဲအိမ်ပိုင်ရှင်တွေက
နေရာတစ်နေရာစာအတွက်
ရှိသမျှ
အကြံအဉာဏ်လေးနဲ့
အုပ်စုလိုက် တစ်မျိုး၊
မိသားစုလိုက် တစ်သွယ်
ခေါင်းချင်းဆိုင်လို့
တိုင်ပင်ဆွေးနွေးစကားတို့
ဆိုနေကြလေရဲ့။
'အရီးလေး စိန်မြရေ

ဟဲ့
တို့ နေလာတာ
ဆယ်နှစ်ကျော်
လာပြီ
ချုံတွေ
တောတွေ
ရှင်းပြီး
နေခဲ့ရတာ
ညည်းက
အခုမှ
ရောက်လာပြီး
နေချင်ရအောင်
ငါ့ယောက်ျား
မယားငယ်မို့လား

အဆုံးမှာ ဒေါ်စိန်မြစိတ်တွေ
နွမ်းလျသွားခဲ့ရတယ်။
သတ်မှတ်ရက်အတွင်း
နေအိမ်ကို
ဖယ်ပေးပါ့မယ်ဆိုတဲ့
ကတိအနေနဲ့
လက်မှတ်ထိုးပေးလိုက်ရတဲ့
စာရွက်တွေကို
ယူဆောင်ထွက်ခွာသွားဆဲ
ကျောပြင်တွေကို
ငေးကြည့်နေမိရင်း
ဒေါ်စိန်မြ အသက်ရှူလို့
မဝသလို စိတ်တို့က
ကစဉ့်ကလျား။
အားအင်တွေ
ဆုတ်လျော့သွားသလို
ခံပေါ်မှာ
ထိုင်ချလိုက်မိတယ်။
သိပ်မကြာပါဘူး။

www.burmeseclassic.com

ဘယ်လိုလုပ်ကြမလဲ။ ကျုပ်တို့တော့ ဒုက္ခပါပဲ’

လူက အိမ်ရှေ့မရောက်သေးပေမဲ့၊ စွာတာတာ အသံကို အရင်ကြားရပေမဲ့ ဒေါ်စိန်မြ လှည့်မကြည့်မိဘူး။

‘ဒီလို ဖယ်ခိုင်းမယ်ဆိုတာ ကျုပ်တို့သာ မသိပေမဲ့ ဒေါ်လှတို့အိမ်က သတင်းကြားလို့ ထင်တယ်။ ဒါကြောင့် သူတို့နေတဲ့ ခြံဝိုင်းကို ဝင်းထရံတွေ ကာလိုက်တာကိုး။ လမ်းပေါ်က အိမ်တွေ သူတို့ထဲ ဝင်လာမှာစိုးလို့လေ။ တော်တော် လူပါးဝတာပဲ၊ သူတို့အပိုင်လည်း မဟုတ်ဘဲနဲ့တော်…’

‘ဟုတ်လား၊ ဒါကြောင့် ထင်တယ်။ ဟိုနေ့က နှုတ်ဆက်တာကို ဟက်ဟက်ပက်ပက် ပြန်မပြောဘူး’

စကားတွေပြောရင်း အနားရောက်လာတဲ့ မထူးနဲ့ ခင်မေကို ဒေါ်စိန်မြ စိတ်မသက်မသာနဲ့ ကြည့်လိုက်မိရင်း ပြေရာပြေကြောင်း ပြောမိတယ်။

‘သူတို့ဝိုင်းထဲကလည်း အိမ်သုံးလုံးနဲ့ ပြည့်နေတာပါအေ။ နောက်ထပ်လည်း ဝင်ဆောက်မဖြစ်ပါဘူး’

‘ဒါတော့ ဒါပေါ့ အရီးရယ်၊ ပေခြောက်ဆယ် လေးဆယ်အကွက်တွေပဲ။ ဆယ်ပေတောင် မရှိတဲ့ ကျုပ်တို့လိုအိမ်မျိုး ငါးအိမ် ခြောက်အိမ်လောက်တော့ နေဖြစ်ပါတယ်တော်’

‘ဒေါ်လှသောင်းတို့တစ်သိုက်ကတော့ သူတို့အိမ်ဘေးက ဝိုင်းခတ်မထားတဲ့ အကွက်ထဲ ရွှေ့မယ်ပြောတာပဲ’

‘ကျုပ်ကို ခေါ်တယ်၊ အဲဒီအကွက်က ဝိုင်းသာမခတ်တာ ပိုင်ရှင်ရှိတယ်။ ကျုပ်တော့ ရွှေ့လိုက်ပြောင်းလိုက်ကို တကယ် စိတ်ကုန်နေပြီ။ ဘိုးချောတို့တော့ ချောင်းဘေး ရွှေ့မလို့တဲ့။ ကျုပ်တို့လည်း ချောင်းဘေးပဲ သွားမယ် ထင်ပါတယ်တော်’

မထူးက ချောင်းဘေး ရွှေ့မယ်ပြောတော့ ဒေါ်စိန်မြ အမြင်အာရုံထဲမှာ ဝဝချောင်းဘေးတစ်လျှောက်ကို မြင်ယောင်မိလိုက်တယ်။ သုံးယောက်လုံး တိတ်ဆိတ်သွားကြတယ်။ စိတ်ထဲကနေ ကိုယ်စီအကြံထုတ်နေတယ်ဆိုရင် မမှားဘူး။

အိမ်ငှားနေဖို့ဆိုတာကလည်း တစ်လကို နှစ်သောင်းထက် နည်းမှာ မဟုတ်ဘူးဆိုတဲ့အတွေးနဲ့ မထူးက ခေါင်းကို ခပ်လေးလေး ယမ်းခါတယ်။ ကိုသောင်းခင်တို့ကို ခယပြောပြီး သူတို့အိမ်မှာ တစ်နေရာစာတော့ ပြောကြည့်ရမှာပဲလို့ ခင်မေက တွေးတယ်။ ဒေါ်စိန်မြရင်ထဲမှာတော့ အတွေးပေါင်းများစွာနဲ့ ရှုပ်ထွေးနေခဲ့တယ်။

ဒေါ်စိန်မြအိမ်လေးက လူနှစ်ယောက်လောက် တွန်းလိုက်ရင် လဲပြိုဖို့ အဆင်သင့်အနေအထား။ လှည့်ကြည့်စရာမလို၊ ထ,ကြည့်စရာမလို။ ဒီအိမ်ကို ဖြုတ်ရွှေ့ဖို့ဆိုတာ လက်တွင်းက ပြာတစ်ဆုပ်ကို လေပြင်ဟာမှာ ဖွင့်ချလိုက်သလို ပြန်သုံးလို့ရမှာ မဟုတ်တာ သေချာနေတယ်။ ဆောက်ကတည်းက ဝါးနဲ့သစ်ဟောင်း အကာသားတွေကိုပဲ သုံးထားတာကိုး။ ဘယ်လိုပဲဖြစ်ဖြစ် အသစ်ပြန်ဆောက်မှုကို ရမှာ။ ပြန်ဆောက်ဖို့က လွယ်ပါရဲ့၊ ခက်နေတာက ငွေ။ အင်းငွေကရှာလို့ ရတယ် ထားပါဦး၊ ဘယ်နေရာမှာ ဆောက်ရမှာလဲ။ ဒေါ်စိန်မြရဲ့ အတွေးတွေ ရှေ့ကို ခရီးမဆက်နိုင်တော့။

သားနဲ့ချွေးမက အထက် မြစ်ကြီးနားဘက် လမ်းခင်းလိုက်သွားကြတာ။ မုန့်တိုက်ထဲဝင်လုပ်နေသော မြေးမနှစ်ယောက်နဲ့ ကုန်ကားကြီးဝင်းထဲ ရေဘူးခွံတွေ၊ သံတိုသံစတွေ လိုက်ကောက်နေတဲ့ မြေးငယ်လေးကို ဒေါ်စိန်မြ ရင်အုပ်မကွာ ချက်ပြုတ်လုပ်ကိုင်ပေးနေရတာ။ သူတို့လေးတွေ ပြန်လာမှ တိုင်ပင်ကြည့်ရုံပဲ ဆိုတဲ့ အတွေးနဲ့ ဒေါ်စိန်မြ လက်တွင်းက ဆေးလိပ်တိုကိုပဲ ခပ်ပြင်းပြင်း ရှိုက်ဖွာပစ်လိုက်တယ်။

ဆယ်ပေပတ်လည်သာ သာပဲရှိတဲ့ ယိုင်နဲ့စုတ်ချာနေတဲ့ အိမ်လေးကို ကျောပေးထိုင်နေရင်း လမ်းတစ်ဖက်မှာ ရှိနေတဲ့ အပြာရောင် နှစ်ထပ်တိုက်မြင့်ကြီးဆီကို ဒေါ်စိန်မြ ငေးကြည့်နေမိတယ်။ ဘဝဘဝ များစွာက ပြုမိခဲ့တဲ့ အကုသိုလ်တရားတွေက အရမ်းကိုများပြားခဲ့တယ် ထင်ပါရဲ့။ နံ့ချာလွန်းလှတဲ့ ဘဝအခြေအနေကြောင့် ဒေါ်စိန်မြ သက်ပြင်းကိုပဲ ချမိတယ်။

❑

မြိုင်မြို့နယ်ထဲမှာရှိတဲ့ သနပ်ရင်းဆိုတဲ့ရွာလေးက ဒေါ်စိန်မြရဲ့ဇာတိ။ ခင်ပွန်းက အသက်လေးဆယ်ကျော်မှ ဆုံးပါးသွားခဲ့ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ လက်လုပ်လက်စား နေလာခဲ့ကြတာ။ သားဖြစ်သူက လူပျိုပေါက်အရွယ်ကတည်းက မန္တလေးထွက်သွားခဲ့တာ။ ငါးနှစ်လောက်ကြာတော့ ရွာကို မိန်းမခိုးပြေးလာခဲ့တယ်။ ဒါနဲ့ ရှိတဲ့အိမ်ဝိုင်းလေးကို ရောင်းပြီး မင်္ဂလာဆောင်ပေးရင်းနှီးစားသောက်ဖို့ ပေးဆေ ရင်းနှီးလုပ်လိုက်ရတယ်။ သမီးက အိမ်ထောင်ကျသွားပြီး ယောက္ခမအိမ်လိုက်သွားတော့ ဒေါ်စိန်မြ အစ်ကို့အိမ်မှာပဲ ဝိုင်းလုပ်ဝိုင်းစား နေခဲ့လိုက်တာ အတော်ကြာတယ်။ သားက မြေးထိန်းအိမ်စောင့်ဆိုပြီး မန္တလေးလိုက်နေဖို့ခေါ်တော့ မလိုက်ချင် လိုက်ချင်နဲ့ လိုက်လာခဲ့ရတယ်။ ဇာတိရပ်ရွာနဲ့ တစ်ခါမှ ခွဲခွာဖူးတာ မဟုတ်တော့ ဒေါ်စိန်မြရင်မှာ ဝမ်းနည်းတကြီးပဲ။ နောက်မှ နေသားကျသွားခဲ့ရတာ။ ချွေးမလေးက သဘောကောင်းရှာသလို မြေးလေးတွေ သုံးယောက်နဲ့ ဒေါ်စိန်မြရွာကို အလည်သဘောလောက်ပဲ ပြန်ဖြစ်ခဲ့ရတယ်။

ရွာကနေ မန္တလေးစက်မှုကို ပြောင်းနေရမယ်ဆိုတော့ ရုပ်ရှင်တွေထဲကလို ကားရှုပ် လူရှုပ်နဲ့ ကျဉ်းကျဉ်းကျပ်ကျပ်နေရမယ်လို့ ထင်ခဲ့မိသေး။ ဒီရောက်တော့ ရှုမဆုံးတဲ့ ကွင်းပြင်ကြီးထဲက ဟိုတစ်စု ဒီတစ်စု တဲအိမ်လေးတွေကို ကြည့်ပြီး ဒေါ်စိန်မြ ဝမ်းသာခဲ့ရတယ်။ လမ်းရယ် ခြံမြေကွက်ရယ်လို့ ခွဲခြားသိဖို့ နေနေသာသာ ဆူးဖြူပင်ချုံပုတ်တွေနဲ့ တချို့



www.burmeseclassic.com

www.burmeseclassic.com

နေရာတွေဆို တိုးလို့တောင် မပေါက်ခဲ့တဲ့နေရာတွေ။ ဒေါ်စိန်မြတို့နေတဲ့ ၆၇ လမ်းနဲ့ ၆၆ လမ်းပတ်ဝန်းကျင်မှာပဲ ကျူးတဲစုတွေ များများစားစားရှိနေခဲ့တာ။ နောက်တော့ တဖြည်းဖြည်း ပွားလာတဲ့ ကျူးတဲအိမ်လေးတွေက ကိုယ့်အုပ်စုနဲ့ကိုယ် အဆင်ပြေသလို အိမ်ဆောက်နေကြတာ။

ဒေါ်စိန်မြတို့နေတဲ့ (လလ) အုပ်စုကွင်းကြီးရဲ့ မြောက်ဘက်ကပ်လျက်မှာက စက်ရုံအလုပ်ရုံကြီးတွေက တစ်မျှော်တစ်ခေါ်ပဲ။ ဟိုဘက် ဒီဘက်ကို ကနောင်မင်းသားကြီးလမ်းနဲ့ ပိုင်းခြားထားတာ။ ကနောင်မင်းသားကြီးကားလမ်းမပေါ်ကနေ ဒေါ်စိန်မြတို့ရပ်ကွက်အတွင်း ဆင်းမယ်ဆို မြေသားလမ်းပဲ။ မိုးရာသီဆို ဆိုင်ကယ်စီးဖို့ မပြောနဲ့၊ ခြေကျင်လျှောက်ဖို့ကို မလွယ်။ စေးကပ်ဗွက်ပေါက်နေတဲ့ မြေသားပေါ်က ချော်မလဲအောင် ဟန်ချက်ထိန်းလျှောက်နိုင်ဖို့ ထဘီကို တိုတိုဝတ်၊ ဖိနပ်ကို ခါးကြားထိုးပြီး ခြေမနှစ်ချောင်းကို ပုစွန်တုပ်လို ကုတ်လျှောက်ရတာ။ ရေမြောင်းမရှိ ထွက်ပေါက်မရှိဆိုတော့ မိုးများရင် ချက်ချင်းဆိုသလို ရေတွေပြည့်လာတော့တာပဲ။ မီးမရ၊ လမ်းမပေါက်၊ ကားအသွားအလာမရှိတဲ့ မြေပြင်ကျယ်ပေါ်မှာ လူနေအိမ်စုလေးတွေက တောရွာစုလေးတွေလိုဆိုတော့ သားအိမ် သေးသေးလေးထဲမှာ ဒေါ်စိန်မြ မြေးတွေနဲ့ ပျော်ခဲ့တယ်ဆိုပါတော့။

သိပ်မကြာသေးတဲ့ ပြောင်းလဲမှုအတွက် ဒေါ်စိန်မြ အားလုံးကို မှတ်မိနေသေးတယ်။ မှတ်မှတ်ရရ ဒေါ်စိန်မြတို့ ရပ်ကွက်နဲ့ တောင်ဘက်ဆီမှာ အဝေးပြေး ကုန်စည်ကားကြီးကွင်းဆိုတဲ့ အဆောက်အဦတွေ စတင်တဲ့အချိန်ပဲ။ ဒေါ်စိန်မြတို့ နေ၊ နေတဲ့ ပတ်ဝန်းကျင်က ကြားလမ်း မဟုတ်တဲ့ လမ်းမကြီးတွေပေါ်ကို ကျောက်ကြမ်းမြေသားလမ်းတွေ စ,ခင်းတဲ့အချိန်ပေါ့။ လမ်းနဲ့မလွတ်တဲ့ အိမ်တွေ ဖယ်ပေးခဲ့ရတာ။ ပထမဆုံးအကြိမ်အနေနဲ့ ဒေါ်စိန်မြတို့နေတဲ့ အိမ်လေးကို ရွှေ့ပေးခဲ့ရတာ။ အဲဒီတုန်းကတော့ မြေနေရာလွတ်တွေက အများသားဆိုတော့ ဘယ်လိုအခက်အခဲမှ မရှိခဲ့ဘူး။ လမ်းနဲ့ လွတ်တဲ့နေရာကို အလွယ်တကူပဲ ရွှေ့ပြောင်းပေးခဲ့လိုက်တယ်။

ကျောက်ကြမ်းလမ်းခင်းပြီးနောက်မှာ ပြောင်းလဲမှုတွေ သိပ်များလာခဲ့တယ်။ ကားအကောင်းစားကြီးတွေ မကြာခဏဆိုသလို လမ်းမတွေကြားထဲရောက်ရောက်လာခဲ့တယ်။ မျက်မှန်အမည်းကြီးတွေ တပ်ထားတတ်တဲ့ တောက်တောက်သန့်သန့် အဝတ်အစားတွေနဲ့ အမျိုးသား၊ အမျိုးသမီးတွေက ပတ်ဝန်းကျင်အနှံ့ကို လက်ညှိုးတထိုးထိုးနဲ့ စကားတွေ ပြောကြ ဆိုကြ။ နောက်ဆက်တွဲ ဖြစ်စဉ်တွေကတော့ မြေပိုင်ရှင်လာလို့ ဖယ်ပေးရပြီဆိုတဲ့ အသံတွေ၊ ပိုင်ရှင်က ခြံခတ်မှာမို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကိုယ့်အုပ်စုနဲ့ကိုယ် စုစုဝေးနေလာခဲ့ကြတဲ့ ကျူးအိမ်လေးတွေဟာ ပတ်ဝန်းကျင်အနှံ့ကို တဖြည်းဖြည်း ဝေးကွာ ပြန့်ကျဲသွားခဲ့ရတယ်။

အဝေးပြေး ကုန်စည်ကားကြီးကွင်းက နှစ်ရှည်လများ အချိန်ယူ တည်ဆောက်ခဲ့ပေမဲ့ ပြီးစီးလို့ ဖွင့်လှစ်လိုက်တော့လည်း ရုတ်တရက်ပဲ မိုးပေါ်က ကျလာသလိုလို။ ကနောင်မင်းသားကြီးလမ်းနဲ့ ကားကြီးကွင်းဆီကို ဆက်သွယ်ထားတဲ့ ဒေါ်စိန်မြတို့ အိမ်တန်းစုဘေးက ၆၇ လမ်းမကြီးနဲ့ ၆၆ လမ်းမကြီးတွေက လူတစ်ရပ်သာသာ အမြင့်ရှိတဲ့ ကွန်ကရစ်လမ်းမကြီးတွေ ဖြစ်သွားခဲ့တယ်။ ဟိုအရင်က တသီးတခြားနေခဲ့တဲ့ လလကွင်းကြီးရဲ့ အနီးဝန်းကျင်မှာရှိကြတဲ့ ဝဝ ရပ်ကွက်တို့၊ ဖျောက်ဆိတ်ကုန်းရွာတို့၊ နောက်ပြီး စည်ပင်ရွာနဲ့ ပြည်လုံးကျော်ရွာတွေက အခုတော့ ထိုထိုပေါက်နေခဲ့ပြီ။ တိုးတက်များပြားလာတဲ့ အိမ်တွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ လူဦးရေတွေက ဟိုတုန်းကနဲ့ လားလားမှ မဆိုင်တော့။ ဒီအချိန်ထိ ဒေါ်စိန်မြတို့အိမ်လေး မဖယ်မပြောင်းရဘဲ ဒီအတိုင်းလေး နေထိုင်ခဲ့ရသေးတယ်။ ဒါပေမဲ့-

တစ်နေ့…။ အဲဒီတစ်နေ့ကို ဒေါ်စိန်မြ ကောင်းကောင်းကြီး မှတ်မိနေသေးတယ်။ ဒေါ်စိန်မြတို့ ဘေးအိမ်မှာနေတဲ့ ဒေါ်စိန်မြအသက်နဲ့ မတိမ်းမယိမ်းဘဲရှိတဲ့ ဆိုက်ကားသမားကြီး ဦးသာချိုက ဆိုက်ကားဂိတ်ကနေ သတင်းတစ်ခု သယ်လာခဲ့တယ်။

'ကွမ်းယာဆိုင်က ဂျာနယ်ထဲမှာ ဖတ်ခဲ့ရတာပဲဟေ့။ ခြံပိုင်းပိုင်ရှင်တွေ ကိုယ်ပိုင်တဲ့ ဝိုင်းကို ခြံစည်းရိုးခတ်ရမယ်။ အိမ်ဆောက်ရမယ်တဲ့။ သူတို့သတ်မှတ်တဲ့ အချိန်ပြည့်လို့ မလိုက်နာခဲ့ရင် သိမ်းယူမယ်တဲ့ဗျာ'

ဦးသာချို ပြောလာတဲ့ သတင်းက မြေကွက်ပိုင်ရှင်တွေ လိုက်နာဖို့ပဲ။ ဒေါ်စိန်မြတို့လို မြေယာမဲ့တွေနဲ့ ဘာဆိုင်လို့လဲလို့ မေးစရာဖြစ်နေပေမဲ့ လုံးဝကို သက်ဆိုင်နေခဲ့တယ်။ သူတို့အားလုံး နေ,နေကြတာ ခြံပိုင်းမခတ်ထားတဲ့ မြေတွေနဲ့ လမ်းမြေတွေပေါ်မှာ နေ,နေကြတာ။ ဟုတ်ရောဟုတ်ရဲ့လားလို့ ဘယ်သူမှ ပြန်မမေးကြပေမဲ့ စိတ်ထဲကနေတော့ ဦးသာချို သတင်းအမှားကြီး ဖတ်မိခဲ့တာဖြစ်ပါစေလို့ပဲ ဆုတောင်းခဲ့ကြတယ်။

ခြံခတ်တဲ့ အဖွဲ့တွေ ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ ခြံခတ်နေကြတာကို တွေ့မြင်ရတော့ ဒေါ်စိန်မြတို့ရဲ့ စိုးရိမ်စိတ်တွေက ငယ်ထိပ်တက်လာခဲ့ရတယ်။ သိပ်မကြာပါဘူး။ မြေပုံမြေညွှန်းနဲ့ မြေကွက် နံပါတ်တွေကို ကိုင်ဆောင်လို့ ဒေါ်စိန်မြတို့အနားရောက်လာတဲ့ ခြံခတ်သမားတွေက ဒေါ်စိန်မြတို့နေတဲ့ ခြံကွက်နဲ့အတူ တခြား ခြံကွက်အချို့ကို ခြံစည်းရိုးတွေ အသီးသီး ခတ်သွားကြတယ်။ ခြံခတ်မလာသေးတဲ့ ခြံပိုင်းထဲမှာ ရှိနေတဲ့ ကျူးအိမ်ကလေးတွေကတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဟန်မပျက်နေနိုင်ခဲ့ပေမဲ့ ခြံလာခတ်တဲ့ ပိုင်းမြေထဲမှာရှိနေတဲ့ ဒေါ်စိန်မြတို့ အိမ်လေးကို အများနည်းတူ လမ်းမြေပေါ်ကို ရွှေ့ပေးခဲ့ရတယ်။

'ငါ ပြောသားပဲ၊ နင်တို့ကို…။ အနေးနဲ့အမြန် ဖယ်ပေးရတော့မှာပါလို့။ လမ်းပေါ်ရွှေ့ကြတာပေါ့။ ဒီကြားလမ်းတွေ လမ်းဖောက်ဖို့က အတော်ကြာဦးမှာပါ။ ဘာပဲပြောပြော တို့အဖွဲ့တွေ ပိုစည်းလုံးသွားတာပေါ့ကွာ'

ဦးသာချို ပြောခဲ့သလို ကွန်ကရစ် တိုင်ဖြူဖြူနဲ့ သံဆန်ခါကွက် ကာရန်ထားတဲ့ မျက်နှာချင်းဆိုင် ခြံစည်းရိုး နှစ်ခုကြားက လမ်းမပေါ်မှာ ဒေါ်စိန်မြတို့ ကျူးအိမ်လေးတွေ ပိုလို့ နီးကပ်စည်းလုံးသွားခဲ့ရတယ်။

ကွန်ကရစ်လမ်းမထက်ကနေ ကြည့်မယ်ဆိုခြောက်သွေ့သွေ့ကွင်းပြင်ကြီးထဲမှာ ခြံစည်းရိုးခတ်ထားတဲ့ ကွန်ကရစ်တိုင်ဖြူဖြူတွေကို မြင်ကွင်းကျယ်ကြီး တစ်ခုလို မြင်ရတာ ဒေါ်စိန်မြရင်ထဲမှာ ဘယ်လိုခံစားချက်ကြီးမှန်းမသိ။ အချို့မြေကွက်တွေပေါ်မှာ သံပေါင်သံတန်းတွေနဲ့ ကြီးမားလှတဲ့ အဆောက်အဦတွေကို ဆောက်လုပ်နေကြပြီ။ ပွားစည်လာတဲ့ နေအိမ်တွေကြောင့် ဟိုအရင်လို မြင်ကွင်းတွေက မရှင်းလင်းတော့။ ဘာကြောင့်ရယ်မသိ။ ဒီပြောင်းလဲမှုတွေက ဒေါ်စိန်မြရင်ကို စိုးရွံ့ပူပန်မှုတွေကို ဖြစ်စေခဲ့တယ်။ ကွန်ကရစ်လမ်းမပေါ်မှာ မပြတ်တမ်းသွားလာနေတဲ့ ကားကြီး၊ ကားလေး အသံတွေ ကြားနေရတာလည်း ဒေါ်စိန်မြ ရင်ကို လေးလံစေတာ အမှန်တရားတစ်ခု ဖြစ်နေခဲ့တယ်။

ပြောင်းလဲတိုးတက်လာတဲ့ အိမ်တွေ၊ တိုက်တွေ၊ အဆောက်အဦကြီးတွေကို ငေးကြည့်နေမိရင်း တစ်ချိန်ချိန်မှာတော့ ဒီလမ်းမြေပေါ်ကနေ ရွှေ့ပြောင်းဖယ်ပေးရဦးမယ်ဆိုတာကို နားလည်ထားခဲ့ပေမဲ့ ဒီလို မြန်မြန်ဆန်ဆန်ကြီးဖြစ်လာခဲ့မယ်လို့တော့ ဒေါ်စိန်မြတို့ မျှော်လင့်မထားခဲ့။ ဒေါ်စိန်မြတို့ အတွေးထဲမှာ ရှိနေတာက ခြံကွက်လပ်တွေ အများအပြား ကျန်နေသေးတာမို့ အကွက်စေ့နီးပါး လူနေအိမ်တွေ ဖြစ်တည်လာမှပဲ လမ်းမြေပေါ်ကနေ ဖယ်ပေးရလောက်မယ်လို့ တွေးထင်ထားခဲ့တာကိုး။

အခုချိန်မှာတော့…။ ပိုင်ရှင် မဖယ်နိုင်းသေးတဲ့ (တချို့ ပိုင်ရှင်လုံးဝ လာမကြည့်တဲ့)ခြံပိုင်းတွေထဲက ကျူးအိမ်တွေအတွက် ဒီအတိုင်း ဆက်နေလို့ အဆင်ပြေနေသလို တချို့ကျူးအိမ်တွေက နီးစပ်ရာ ခြံပိုင်းအလွတ်ထဲကို ပြောင်းရွှေ့လိုက်လို့ အဆင်ပြေနိုင်ကြပေမဲ့ ခြံပိုင်းအပြည့်ခတ်ထားတဲ့ အကွက်တွေကြားက ဒေါ်စိန်မြတို့လို လမ်းကျူးအိမ်လေးတွေမှာတော့ ကယ်ကူရာမဲ့…။

❑

'ဟော့ မိပေါက်၊ ညည်းသတ္တိရှိရင် ငါ့ကို ဒဲ့(တဲ့)လာပြောလှည့်။ ကွယ်ရာမှာ ငါ့အတင်းပြောတာ မသိဘူးများ မှတ်နေလား'

'ကျုပ်က မှန်တာပြောတာ ဘယ်သူ့မှ မကြောက်ဘူး။ လူပါးဝလို့ လူပါးဝတယ် ပြောတာ၊ ဘာဖြစ်လဲ'

'ငါ့ကို လူပါးဝတယ် ပြောရအောင် ညည်းကို ဘာလုပ်နေလို့လဲ မိပေါက်ရဲ့ ပြောစမ်းပါဦး'

ညအမှောင် လူခြေတိတ်ချိန်မှာ စီခနဲ ထွက်ပေါ်လာတဲ့ စကားသံတွေကြောင့် ဒေါ်စိန်မြရဲ့ခေါင်း မတ်ခနဲ ဖြစ်သွားရတယ်။

'ကိုယ့် အပိုင်မြေ မဟုတ်ဘဲနဲ့ကို ခင်ဗျားတို့ လက်ဝါးကြီးအုပ်ထားတာလေ'

'အောင်မယ် ကောင်မက လူပါးဝလို့။ မနေ့တစ်နေ့ကမှ ရောက်လာပြီးတော့'

'မနေ့ကရောက်ရောက်၊ အရင်ကရောက်ရောက် တော်တို့လည်း ကျူး၊ ကျုပ်တို့လည်း ကျူး။ ဘယ်သူ့မှ မပိုင်ဘူး။ သိပ်ကြီးကျယ်မနေနဲ့'

'ဟဲ့ တို့ နေလာတာ ဆယ်နှစ်ကျော်လာပြီ။ ချုံတွေတောတွေ ရှင်းပြီးနေခဲ့ရတာ။ ညည်းက အခုမှ ရောက်လာပြီး နေချင်ရအောင် ငါ့ယောကျ်ား မယားငယ်မို့လား'

'လူကြီးဖြစ်နေပြီး မမိုက်ရိုင်းနဲ့။ တော်ကတော့ ရော တော့်လင်တွေ ပေးထားတဲ့ မြေမို့ အပိုင်စီးထားတာလား'

ခုနစ်သံချီ ဟစ်ရုံမက ပြာတက်လာတဲ့ အသံတွေက ဒေါသ၊ မောဟာတွေနဲ့ အရှိန်မြင့် ပြင်းထန်လာတယ်။ ဒေါ်စိန်မြ ထိုင်ရာက ထလုံချည်ကို ပြင်ဝတ်ရင်း အရှေ့ဘက် ခြံစည်းရိုးဆီကို လှမ်းသွားလိုက်တယ်။

'ခင်ဗျားတို့ စကားပြောတာ ကြည့်ပြောနော်၊ ခင်ဗျားတို့ကို ဘယ်သူမှ အပိုင်ပေးထားတာ မဟုတ်ဘူး'

'အပိုင်မဟုတ်တော့ (…) ဖြစ်လားကွာ၊ ခွေးလိုလာ ဟောင်မနေကြနဲ့။ မိုက်ရင် ထွက်ခဲ့လိုက်'

'ဟေ့ ကောင် သောင်းဆွေ၊ ငါ(…)မသားမင်းက လူမိုက်လား။ လာလာ ထွက်ခဲ့လိုက်'

'အောင်မလေး ဓားကြီးနဲ့ ဆွဲကြပါဦး'

ဒေါ်စိန်မြ ဘုရားတလိုက်မိတယ်။ မိန်းမချင်းကနေ ယောကျ်ားတွေ ပါလာပြီး တုတ်ဆွဲ၊ ဓားဆွဲဖြစ်လာခဲ့ပြီထင်တယ်။ ဒေါ်စိန်မြ သွားမယ်လုပ်တော့ မြေးမလေးက တားတယ်။

'အဘွား ဘယ်လဲ မသွားနဲ့။ ခိုက်မိလိမ့်မယ် ကိုယ်ပြောလည်း ရမှာ မဟုတ်ဘူး'

ဒေါ်စိန်မြ အသာ ငြိမ် ထိုင်နေလိုက်ရပေမဲ့ စိတ်ထဲမှာ အတော်ပင်ပန်းဆင်းရဲသွားမိတယ်။ ဘေးအိမ်ကလူတွေ ထွက်ဆွဲဖျန်ဖြေပေးပေမဲ့ ရန်ပွဲက အတော်နဲ့ စဲမသွားဘူး။ အပြန်အလှန် ပြောကြဆိုကြနဲ့ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေခဲ့တယ်။ ရန်ပွဲရဲ့ အကြောင်းအရင်းက ရိုးရှင်းလွန်းတယ်။ ဒေါ်လှ...တို့နေကြ



www.burmeseclassic.com

www.burmeseclassic.com

တဲ့အကွက်က ခြံလာမခတ်သေးဘူး။ အဲဒါ ဒေါ်လှတို့အိမ်ဘေးမှာ လွတ်နေတဲ့နေရာလေးမှာ မပေါက်က ရွှေ့ချင်တယ်ပြောတာကို ဒေါ်လှတို့က လက်မခံလို့ဘဲ။

ဒေါ်စိန်မြ ဒီကိုရောက်တဲ့ ဆယ်နှစ်မက သက်တမ်းအတွင်းမှာ ရန်ဖြစ်ကြတာ ဒါပထမဆုံးအကြိမ်ပဲ ထင်ပါရဲ့။ အားလုံးဟာ အေးအတူပူအမျှနေခဲ့ကြတာ အသေအချာပါပဲ။ နေရာ တစ်နေရာစာအတွက် တိုက်ပွဲဝင်နေရတဲ့ အချိန်ဆိုတော့ ခင်မင်မှုတွေ၊ စာနာမှုတွေ ပျောက်ဆုံးလို့ ငါဆိုတဲ့ အတ္တ၊ မိသားစုအတွက်ဆိုတဲ့ မောဟတွေ ပါလာခဲ့ပြီပဲ။

ပိုင်ရှင်မလာသေးတဲ့ ခြံဝိုင်းထဲမှာ ရှိနေတဲ့ ကျူးအိမ်တွေက နေရာသလောက် နေကြရဖို့အတွက် အသာစီးက တိုက်ပွဲဝင်နေကြသလို ရွှေ့ပြောင်းကြရမယ့် လမ်းပေါ်က ကျူးအိမ်ပိုင်ရှင်တို့ကလည်း နေစရာ၊ တစ်နေရာစာအတွက် အစွမ်းကုန် အားထုတ်ကြိုးပမ်းကြဦးမှာပါလား။ ဒေါ်စိန်မြ သက်ပြင်းကိုပဲ ထပ်ဆင့်ချနေမိတော့တယ်။

❑

မြူနှိုးစတွေ ဝေ့သီနေတဲ့ မနက်ခင်းတစ်ခုမှာ ဒေါ်စိန်မြ ကွန်ကရစ်လမ်းမကြီးအတိုင်း တောင်အရပ်ဆီကို ဦးတည်လျှောက်လာခဲ့တယ်။ မနက်ခင်းအစောဆိုတော့ ကားအသွားအလာရှင်းနေတယ်။ ဒေါ်စိန်မြ ဦးတည်ရာက ဝဝချောင်းဆီသို့…။ ဝဝ ရပ်ကွက်ဘေးက ဖြတ်သန်း စီးဆင်းသွားလို့ ဝဝချောင်းလို့ အရပ်စကားနဲ့ အလွယ်ခေါ်ပေမဲ့ ဒါဟာ ရေဆိုးမြောင်း တစ်ခုဆိုတာ ဒေါ်စိန်မြသိနေခဲ့တယ်။ ချောင်းလို့ပဲခေါ်ခေါ်၊ မြောင်းလို့ပဲ ပြောပြော ဒေါ်စိန်မြအတွက် အရေးမကြီး၊ ဒေါ်စိန်မြအတွေးထဲမှာ ရှိနေခဲ့တာက နေစရာ မြေ။

ဒေါ်စိန်မြတို့အိမ်နဲ့ ဝဝချောင်းက လမ်းလေးပြကျော်ကျော်သာ ဝေးကွာသော ချောင်းကူးတံတားအုတ်တိုင်ဖြူဖြူလေးတွေကို အဝေးက မြင်နေရတယ်။ ဒေါ်စိန်မြခြေလှမ်းတွေကို အရှိန်မြှင့်လိုက်တယ်။ ချောင်းတံတားပေါ်ရောက်တော့ ခဏနေရင်း မြင်ကွင်းအားလုံးကို စီးမိုးကြည့်နေမိတယ်။ ပုပ်အဲ့အဲ့ အနံ့ဆိုး တစ်ခုက ဒေါ်စိန်မြ နှာခေါင်းဝမှာ စွတ်တိုးဝင်လာနေတာကို ဥပေက္ခာ ပြုထားရတယ်။

ချောင်းတစ်ဖက်မှာ ရှိနေတဲ့ မြင့်မားတဲ့အုတ်တံတိုင်းကြီးက ချောင်းပေါင်ပေါ်မှာ တဲအိမ်တွေအတွက် လေဒဏ် မိုးဒဏ်ကို ကာကွယ်ပေးထားသလား ထင်ရဲ့။ ချောင်းပေါင်မြေအခြေမှာ အိမ်လေးတွေက ပေစုတ်စုတ် ခြောက်ကပ်ကပ်နိုင်စွာ။ ဒေါ်စိန်မြရပ်တည်နေတဲ့ တံတားထိပ်လမ်းမက ၆၇ လမ်း၊ ချောင်းအထက်ဘက်ပိုင်းကျတဲ့ ၆၆ လမ်းနဲ့ ၆၇ လမ်းကြားအတွင်းက ချောင်းပေါင်ပေါ်မှာ တဲအိမ်ကိုးလုံး။ ချောင်းအောက်ပိုင်းကျတဲ့ ၆၈ လမ်းမကြားအတွင်း ချောင်းပေါင်ပေါ်မှာက တဲအိမ်လေးလုံးပဲ ရှိနေခဲ့တယ်။

ဒီနေရာရဲ့ အထက်ပိုင်းကျနေတဲ့ ၆၅ လမ်းနဲ့ ၆၄ လမ်းတစ်လျှောက် ချောင်းပေါင်တွေရဲ့ ဘယ်ညာနှစ်ဖက်လုံးမှာက အိမ်များနဲ့ ပြည့်နေခဲ့လေပြီ။ ကွက်လပ်ကျန်နေသေးတဲ့ ဒီနေရာတွေလည်း မကြာခင်ပြည့်လာလိမ့်မလား။ စွန့်စားမှုကြီးတစ်ခုကို လုပ်ဆောင်နေရသလို ဒေါ်စိန်မြ အိမ်လေးတွေဆီကို တဖြည်းဖြည်းချင်း ကပ်သွားလိုက်တယ်။ ဒီဘက်အစွန်ဆုံးအိမ်ရှေ့မှာ ချွေးမအရွယ် ကောင်မလေးတစ်ယောက်နဲ့ ခပ်လှမ်းလှမ်း အိမ်ရှေ့မှာ ဒေါ်စိန်မြနဲ့ ရွယ်တူမိန်းမကြီးတစ်ယောက် မီးခိုးတအူအူနဲ့ ထမင်းချက်နေကြတယ်။

'တူမကြီး၊ ညည်းတို့က ဘယ်ကပြောင်းလာတာလဲ။ ကြာပြီလား၊ ဒီနေရာကို ရောက်တာ'

အချိုသာဆုံးမျက်နှာထားနဲ့ ဒေါ်စိန်မြမိတ်ဆက်စကားဆိုလိုက်တယ်။ ခရမ်းသီးတွေကို ဒန်ခွက်တစ်ခုထဲ စိတ်ထည့်နေတဲ့ ကောင်မလေးက ဒေါ်စိန်မြကို တစ်ချက်သာ မော့ကြည့်ပြီး ခပ်တည်တည် ပြန်ပြောတယ်။

'ဘာလဲ အဒေါ်ကလည်း နေရာလာကြည့်တာပဲမို့လား။ ပြောင်းချင်ရင် မြန်မြန်သာပြောင်းခဲ့။ အဒေါ်လို့ပဲ ခဏ ခဏ လာကြည့်နေကြတာ၊ လေးငါးဆယ်ဦးမကတော့ဘူး။ ဟောမယ် နေရာတောင် မှတ်သွားတဲ့သူက မှတ်သွားကြပြီ'

ကောင်မလေး[illegible]ကြောင့် ဒေါ်စိန်မြရင်ထဲမှာ ဟာသွားရသလို ရုတ်တရက်နှာခေါင်းထဲကို အလုံးအရင်းနဲ့ ဝင်လာတဲ့ အနံ့ဆိုးတွေကြောင့် မူးလဲချင်သွားရတယ်။ ချောင်းနဲ့ကပ်လျက်မှာ ထီးတည်းကြီးရှိနေတဲ့ မြေဆီစက်ရုံကို လှမ်းကြည့်တော့ သူ မဟုတ်သလို တည်ငြိမ်လို့။ ဒီအချိန်က အနံ့တွေ အဆိုးဝါးဆုံး နံတတ်တဲ့အချိန်။ ဒေါ်စိန်မြ ဣန္ဒြေမဆောင်နိုင်တော့။ ရင်ဘတ်ထဲက ပျို့တက်လာသလို ခေါင်းထဲက ထိုးကိုက်လာရတယ်။

'အဒေါ်က လာကြည့်ရုံတင်ပါကွယ်။ သွားတော့မယ်နော် တူမကြီး'

ကောင်မလေးကို နှုတ်ဆက်ပြီး ဒေါ်စိန်မြ လှည့်ထွက်ခဲ့လိုက်တယ်။ နှာခေါင်းကို ပိတ်၊ လေကို ပါးစပ်နဲ့ မှေးရှူရင်း ကသောကမျော ပြန်ခဲ့ရတယ်။ မြေဆီစက်ရုံနဲ့ ခပ်ဝေးဝေးရောက်လာတော့ ဒေါ်စိန်မြ ရင်ဘတ်တစ်ခုလုံး မောဟိုက်နေခဲ့လေရဲ့။

❑

*'မြူးကြွတဲ့တေးသံ ပျံ့လွင့်လို့နေ… ကူးပြောင်းစတန်ခူးလေမှာ၊ တစ်ယောက်တစ်လှည့်မို့ လှမ်းကာ ဖွန်းပက်ကြစဉ် ပိတောက်ဖူးလေးတွေ ပန်ဆင်ထားသူရေ။ ပျော်ပျော်ရွှင်ရွှင် တီးမှုတ်ကြတဲ့ပွဲမှာ ငုံနေရှာတယ် ပန်းပိတောက်ဖူးတွေလည်း…၊ ရာသီချိန်မီ လှမ်းပွင့်ခဲ့တဲ့ ပိတောက်ကို ပန်ဆင်[illegible]ချင်*

www.burmeseclassic.com

*လှသတဲ့တင့်မှာမို့ မိုးပြေးလေးအရောက်လာ ပန်းပွင့်ဖို့ရာ...'*

ညင်သာသာတိုက်ခတ်နေတဲ့ လေအလျဉ်မှာ သကြံန်သီချင်းသံက ဝေ့လည်လွှမ်းခြုံနေခဲ့တယ်။ ဒေါ်စိန်မြတို့အိမ်လေးရဲ့ ချောင်းတစ်ဖက်ကမ်းပေါ် ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့ ထုံးတဲဆီက ဖွင့်နေတာပင်။ ရွှေဦးလေတွေနဲ့အတူ ရော်ရွက်ဝါတို့က ဝေ့ကာ ဝိုက်ကာ ကြွေဆင်းနေကြတယ်။ တပေါင်းနွေရဲ့ အပူရှိန်က မနက်ဆယ်နာရီသာသာပဲ ရှိသေးပေမဲ့ ပူပြင်းလွန်းတယ်။

ဒေါ်စိန်မြတို့မြေးဖွားတစ်စုရဲ့ နေရာသစ်လေးက ချောင်းပေါင်မြေပေါ်မှာပါပဲ။ ဒါပေမဲ့ ဒီချောင်းပေါင်မြေနေရာလေးမှာ ဒေါ်စိန်မြကြောက်လှတဲ့ အနံ့ဆိုးတွေကို ထုတ်လွှင့်တတ်တဲ့ မြေဆီစက်ရုံမရှိ။ ထို့အပြင် ကွန်ကရစ်လမ်းမနဲ့ အတန်ငယ်ဝေးကွာနေတဲ့အတွက် ကားသံ၊ ဟွန်းသံတွေရဲ့ အနှောင့်အယှက်တို့ကို ဝိုးတဝါးသာ ကြားခွင့်ရတယ်။ သားလွှဲပေးလိုက်တဲ့ ငွေလေးနဲ့ ဆောက်လုပ်ထားတဲ့ ဆယ်ပေပတ်လည် အိမ်လေးအတွင်းမှာ ဒေါ်စိန်မြ ငြိမ်းအေးစွာ နေနိုင်ခဲ့လေပြီ။

ဒေါ်စိန်မြတို့အိမ်လေးရဲ့နောက်ကျောဘက်မှာက သံထည်သံကိုင်းတွေနဲ့ အခိုင်အမာ တည်ဆောက်နေတဲ့ အဆောက်အဦကြီးက အပြီးမသတ်သေး။ ဒီဘက် မှာက ရေစပ်စပ်သာရှိနေတဲ့ ဝဝ ချောင်းလေး။ တစ်ဖက်ကမ်းချောင်းပေါင်ရိုးက ပွတ်ဆူးဘုန်းကြီးကျောင်း အဝင်လမ်းပင်။ ဘုန်းကြီးကျောင်းအတွင်း စေတီလေးဆီက ပျံ့လွင့်လာတဲ့ ဆည်းလည်းသံ လွင်လွင်က ဒေါ်စိန်မြနားထဲမှာ ချိုမြ နေသေးတော့။ ချောင်းပေါင်တစ်လျှောက်က အဝေရာပင်တန်းပေါ်မှာ ငှက်တို့က ဟိုဒီ ကူးလူး ပျံသန်းနေခဲ့တယ်။

ဒီနေရာလေးမှာ နေခွင့်ရခဲ့တာ ဘုရားတန်ခိုးတော်ကြောင့်လို့ ဒေါ်စိန်မြ ခံယူထားတယ်။ ဒေါ်စိန်မြက အရင်အိမ်နေရာနဲ့ လမ်းခြောက်ပြအကျော်မှာ ရှိနေတဲ့ ပွတ်ဆူးဘုန်းကြီးကျော်ကို ဥပုသ်ပတ်တိုင်း ဥပုသ်စောင့်လိုက်ဖြစ်ခဲ့တယ်။ ဘုန်းကြီးကျောင်းမှာ ခင်မင်ခဲ့ရတဲ့ တရားမိတ်ဆွေ ဒေါ်လှမေက ဒေါ်စိန်မြရဲ့ အခက်အခဲကို သိပြီး သူတို့နေတဲ့ အိမ်လေးဘေးမှာ နေရာတစ်နေရာစာကို မျှပေးခဲ့တာပင်။

ဒေါ်စိန်မြရွာကနေရောက်လာစက ပေလေးဆယ် ခြောက်ဆယ်မြေကွက်တစ်ခုကို ဆယ်သိန်းကျော်သာ အလွန်ဆုံးရှိတဲ့ ဒီမြေကွက်တွေရဲ့ တန်ဖိုးက အခုချိန်မှာ တော့ သိန်းထောင်နားနီးနီးနဲ့ အထက်မှာ ရှိနေခဲ့ပြီ။ ဒေါ်စိန်မြတို့လို လူတန်းစားတစ်ရပ်အနေနဲ့ စိတ်ကူးပင်မယဉ်နိုင်သော အနေအထားတစ်ခုမို့ ပိုင်ဆိုင်နိုင်ဖို့ကို တော့ ဒေါ်စိန်မြ ဆုမတောင်း ချင်။ ဒါပေမဲ့ အခု နေနေရတဲ့ နေရာလေး တည်မြဲစေဖို့ကို တော့ ဒေါ်စိန်မြ ဘုရားကန်တော့တိုင်း ဆုတောင်းနေမိတာ အမှန်ပင်။

မတည်မြဲတဲ့ သင်္ခါရသဘောတရားကို ဒေါ်စိန်မြကောင်းကောင်းကြီး သိရှိနေခဲ့ပြီ။ အားကိုးရာ အစစ်အမှန်ကို ရှာဖွေမိရင်း မေတ္တာတရားကို အားထားရာလို့ ခံယူထားလိုက်တဲ့ အခါ အနည်းငယ် နေသာထိုင်သာရှိသွားခဲ့ရတယ်။ ဘုရားဟောခဲ့တယ်လေ။ မေတ္တာတရားဟာ အင်အားအကြီးမားဆုံး လက်နက်တဲ့။

အခုလည်း အဝတ်တွေလျှော်နေရင်း အားလုံးသော ဝေနေယျသတ္တဝါအပေါင်းကို ရင်ထဲကလာတဲ့ မေတ္တာတရားတွေနဲ့ ဒေါ်စိန်မြမေတ္တာပို့ အမျှဝေနေမိတယ်။ အဓိကထားပြီး မေတ္တာပို့ပေးနေမိတာက ဒေါ်စိန်မြကို နေရာတစ်နေရာစာ ပေးခဲ့တဲ့ဒေါ်လှမေတို့ မိသားစုများဖြစ်နေမလားဘဲ။ နောက်ပြီး အကွဲကွဲ အပြားပြား ဖြစ်သွားခဲ့ရတဲ့ ဒေါ်စိန်မြတို့နဲ့ လမ်းမြေပေါ်မှာ အတူနေဖြစ်ခဲ့ကြတဲ့ အုပ်စုကိုလည်း အဆင်ပြေပါစေကြောင်း ဆုတောင်းပေးနေမိတယ်။

အဲဒါတွေ အားလုံးထက် အလေးထားပြီး ဆုတောင်းမေတ္တာပို့ပေးနေမိတဲ့ သူတွေရှိသေးတယ်။ ဒေါ်စိန်မြ မမြင်ဖူးတဲ့ လူတန်းစားတစ်ရပ်ကို စိတ်မှန်းနဲ့ မေတ္တာပို့နေတာလေ။ အဲဒီလူတွေကတော့ ဒေါ်စိန်မြတို့နေတဲ့ ချောင်းပေါင်တစ်လျှောက်က အိမ်လေးတွေကို ဖယ်ရှားရှင်းလင်းခိုင်းမယ့် အထက်လူကြီးဆိုတဲ့ လူတန်းစားတစ်ရပ်ကိုပေါ့။ ■

**လင်းရိပ်ဖြူ**

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့အထိ

(၁) ရွှေသိမ့်သိမ့်စံ *အမေ
ဆိုသည်မှာ* ၊ရန်ကုန်၊
(၂) ရွှေသိမ့်သိမ့်စံ *ပန်းပွင့်
ပုံပြင်* ၊ရန်ကုန်၊ (၃) ဆုလှိုင်
ထက် *အဆိပ်သင့်ခဲ့ကြသူ
များ* ၊ပဲခူး၊ (၄) ထွန်းကျော်
လူ *တရားသူကြီးပုံပြင်*
၊မှော်ဘီ၊ (၅) ကျွဲရဲပေါင်း
*အိတ်ဆောလောင်ခြေသလုံး
ရှန်းဦးပေါ့ထုံးစံနှယ်* ၊မုံရွာ
(၆) ဆွေဝင်းနီ(ပွင့်ဖြူ)
*သံပေသီး* ၊မကွေး၊ (၇)
ဆွေဝင်းနီ(ပွင့်ဖြူ)*အပျိုကြီး
ဘဝ ချစ်ဒုက္ခ* ၊မကွေး
(၈) ကိုထက်(ကလော)
*လူသားတစ်ယောက်ကို
ပြန်လည်ရှာဖွေတွေ့ရှိခြင်း*
၊ကလော၊ (၉) ခိုင်မြလွှ[illegible]
(တကောင်း) *စိတ်ကိုခ[illegible]
တဲ့ ဂယက်လှိုင်း* ၊စစ်ကိုင်း
(၁၀) သွန်းသျှံခ *တ[illegible]
တိုက်စစ်*၊E-mail, (၁၁)
ဖြူလေး(လယ်ဝေး) *မွေ[illegible]
ရှင်မလေး* ၊လယ်ဝေး
(၁၂) ဖြူလေး(လယ်ဝေး)
*သံဝေဂ* ၊လယ်ဝေး၊ (၁၃)
ဒဏ္ဍာရီ *ကျွန်မမှာ အ[illegible]
ရှိပါသလား* ၊မန္တလေး
(၁၄) အမွှေး(ညောင်တ[illegible]
*လက်ကျန်ကြိုး* ၊ရန်ကု[illegible]
(၁၅) ကျော်ဇင် (ရွှေ[illegible]
*မျှော်လင့်ချက်* ၊မန္တလေး
(၁၆) မောင်သာခိုင်(မ[illegible]
*တောင်းဆိုချက်* ၊မ[illegible]
(၁၇) ခင်မြတ်နွယ်(ပ[illegible]
*သွေးနီစွန်းတဲ့ တို့အော[illegible]
၊ပခုက္ကူ။

*အေးမြတ်မြတ်[illegible]*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တခွဲ့ခွဲ့တိုးတိုက်နေသည့် ဆောင်းလေသည်
ကာရံထားသောဝါးထရံအပေါက်သေးလေးတွေဆီမှ
ကျွန်တော် ရှိရာသို့ တိုးဝှေ့ဝင်ရောက်လာကြသည်။
ထရံကြို ထရံကြား အပ်မြားစောင်းထက်
လှသည့်ဆောင်းလေကို ချည်စောင်နှစ်ထည်လောက်နှင့်
အန်မတုရဲပေ။ အိပ်ရာမှထကာ တဲအပြင်
ဟိုးဝေးဝေးမှ တောတန်းတွေဆီ လှမ်းကြည့်မိတော့
မြူလွှလွှနှင်းမြူများက စတ်လည်ဝန်းကျင်ရှိ
မြင်ကွင်းများအားလုံးကို တားဆီးပိတ်ဆို့နေခဲ့ပင်။
အအေးဒဏ်လျော့စေလို လျော့စေငြား
သစ်ကိုင်းခြောက်တွေစုကာ မီးဖိုလိုက်သည်။
မနေ့က ကျန်သည့် ထမင်းကြမ်းနှင့်
ခြောက်ခြားသော့တချို့ကို ရောသမမွှေကာ
နံနက်စာကို ချမ်းချမ်းစီးစီးဖြင့် လွေးလိုက်ရ၏။
ကရားအိုးထဲမှ ရေနွေးကြမ်းက
လက်ဖက် သိပ်မကျသေးပေမဲ့
အသွင်သွင်းသောက်လိုက်တော့လည်း
ဝမ်းထဲမှာ ချက်ချင်းနွေးသွားသည်။
'ကိုင်း စားပြီးတာနဲ့ လုပ်ငန်းစ,မယ်'

အမှတ် ၃၀၃၊ ဖေဖော်ဝါရီ ၂၀၁၅

MAUNG NOE
15

www.burmeseclassic.com

www.burmeseclassic.com

သို့ဆိုတော့ ဝါးစားခွက်ထဲခေါင်းမဖော်စတမ်း ငုံ့စားနေသည့်ညီနက်က ကျွန်တော့်ကို ခေါင်းတစ်ချက်မော့ကြည့်ကာ အမြီးနန့်လျက် ရှိသည်။

ယနေ့ပါတွက်လျှင် တောဝင်ခဲ့သည့်ရက်က တစ်ပတ်ပင်ကျော်၍ လုပ်ငန်းကဘာမျှပင် ဦးမတည်ရသေးချေ။ တောတွေ တောင်တွေက ကိုယ့်ရေကိုယ့်မြေမဟုတ်သည့်အတွက် အကျွမ်းတဝင်မရှိတာလည်းပါသည်။ တောတွင်းရောက်သည့်နေ့မှစ၍ နေထိုင်ဖို့ တဲဆောက်၊ ဝါးခုတ်၊ ကျဉ်ဖောက်သုံးရာလုပ်ကာ တောအနံ့ လှည့်နင်းရရုံပဲ ရှိသည်။

ဒီနေ့တော့ လေးပင်ပြီး အလုပ်ကို အချိန်ဆွဲနေလို့ မဖြစ်ချေတော့မှန်း သိလိုက်သည်။ အချိန်သည် ကုန်မြန်လွန်းလှသလို ကျွန်တော် မျှော်လင့်စောင့်စားခဲ့ရသော ကာလနေ့ရက်တွေကို ပင်မကြာခင်ရောက်ရှိလာတော့မည်။ ဒီကြားထဲမှာ ငွေများများ ရနိုင်ဖို့ နည်းလမ်းကတစ်ခုပဲ ရှိသည်။ သစ်စေးများများကျ၊ များများယိုပါမှ ဖြစ်လိမ့်မည်။

ကျဉ်ဖောက် တစ်ရာကျော်ခန့်ပါသည့် အိတ်တစ်လုံးကို ပခုံးပေါ် ထမ်း၍ ကျဉ်ခင်းသွားဖို့ အရှေ့တောဖျားဆီ လှမ်းမျှော်မိစဉ် ရောင်နီပျို့၍လာသည်။ သို့ဖြစ်၍ ကျွန်တော့်ခြေလှမ်းတွေ ခပ်သွက်သွက်လေး လှမ်းဖြစ်သွားသည်။

❑

'အစ်ကို ကျွန်မ ပြောတာ နားဝင်ရဲ့လား'

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း ခေါင်းကို ဆတ်ပြလိုက်မိသည်။ ဤကလွဲ၍ ဘာတတ်နိုင်မည်နည်း။

'အမေ က လည်း အသက်ကြီးပြီ အစ်ကိုရဲ့။ အမေ့မျက်စိမကွယ်ခင်လေးမှာ သူ့မြေး ရှင်ပြုတာကို မြင်သွားစေချင်တယ်။ ပြီးတော့ သားလေးအသက်ကလည်း ၁၀ နှစ်ကျော်နေပြီ။ ဒီနှစ် နွေတော့ မဖြစ်ဖြစ်အောင် ကြိုးစားကြမယ် အစ်ကိုရယ်'

ညိုးရီဖျော့တော့သော မျက်ဝန်းတွေဖြင့် ခပ်ဆွေးဆွေး ပြောနေသည့် ချို့စကားသံတွေက ကျွန်တော့်နားစည်မှာ ဝိုးဝိုးဝါးဝါးဖြစ်နေသည်။ ဝမ်းနည်းအားငယ်စိတ်တွေ လေးလံတွေဝေနေသည်လား။ ခံပြင်းဒေါသစိတ်တွေ မွန်းကျပ်ဗလောင်ဆူသွားသည်လား။ မဝေခွဲတတ်ပေ။ လေးလံတင်းဈေးလှသည့် နှုတ်ခမ်းဝမှ စကားတစ်ခွန်းထွက်သွားဖို့ မနည်းအားယူလိုက်ရသည်။

'ဒါတွေအတွက် စိတ်ချပါ ချို့။ ကိုယ် မဖြစ်ဖြစ်အောင် ကြိုးစားမှာပါ'

ကတိတစ်ခုကို လွယ်လွယ် ပေး ဖြစ် ခဲ့ ပေမဲ့ တကယ့်လက်တွေ့မှာ ဘယ်အရာကမှ လွယ်လွယ်ကူကူ မရှိလှပါ။ ရွာမှာ အလုပ်အကိုင်က သိပ်ပြီး အဆင်မပြေလှသလို မိုးက ခေါင်၍ ယာကလည်း မအောင်မမြင်ဖြစ်ရသည်။ ရွာဝန်းကျင်မှာ နေ့စားလပြတ်လိုက်လုပ်လျှင်လည်း ရသည့်ငွေက စားရုံသောက်ရုံလောက်သာမို့ စုဆောင်းမိမည် မထင်ပါ။ တစ်ခါတလေမှာ ဘဝကို အရဲစွန့်ပစ်ချင်သည်။

'မင်း စဉ်းစား ဖိုးရဲ။ ဘယ်သူမှ ကိုယ့်မွေးမြေကို မစွန့်ခွာချင်ပါဘူး။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေးတယ်။ *တခြားသူ*တွေကလည်း ဒီလိုပဲ ရေကြည်ရာ မြက်နုရာကို ရှာဖွေလုပ်ကိုင်နေကြတာ ဥဒဟိုပဲ။ အရေးကြီးတာက ကိုယ့်ရဲ့ ရည်မှန်းချက် မပျက်စီးဖို့ဘဲ'

ဦးလေး ထွန်းဝေစကားတွေကို ကျွန်တော် အရဲစွန့်ကာ ယုံပစ်လိုက်ချင်သည်။ ဘဝကို အဓိပ္ပာယ်ရှိရှိ ရုန်းကန်ဖို့လည်း ဆုံးဖြတ်လိုက်သည်။

ခရီးမထွက်ခင် အမေ့ကို ကန်တော့သည့်အခါ ကျွန်းမာရေးကို ဂရုစိုက်ဖို့၊ ဘုရား၊ တရား မမေ့ဖို့သာ မှာရှာပါသည်။ ကျွန်တော့်ဇနီး ချို့ကမျက်နှာမကောင်းလှချေ။ သားက 'ဖေကြီး ငွေတွေအများကြီးရှာပြီး ပြန်လာနော်'ဟု အပြောမှာ စိတ်ထဲတစ်မျိုးတစ်မည် ခံစားရကာ ရင်ထဲ မကောင်းလှပါ။

ကျွန်တော့်မွေးရပ်မြေဖြစ်သည့် တန့်ဆည်မြို့နယ် ကံထူးမအုပ်စု အိုင်လျှာရှည်ရွာကလေးကို စွန့်ခွာကျောခိုင်းခဲ့သည့်နေ့က ကျွန်တော့်ပါးပြင်မှာ မျက်ရည်စတွေ စွတ်စိုနေခဲ့မှန်း မိမိဘာသာသတိထားဖြစ်ခဲ့သည်။ ဟိုးခပ်ဝေးဝေး ရှမ်းပြည်နယ်မြောက်ဖျားက တောင်ခိုးတွေဝေနေသည့် တောတန်းတွေဆီ ခြေလှမ်းတွေကို လေးပင်စွာဖြင့် ဦးတည်ခဲ့ရပါ၏။

တန့်ဆည်မှနေ မန္တလေးသီရိမန္တလာကားကွင်းသို့ ရောက်စဉ် တစ်ဆင့်စီးရမည့်ကားကို မမီတော့သည့်အတွက် ရတနာဝေ တည်းခိုခန်းမှာ တစ်ည အိပ်ရပါသည်။ နောက်နေ့ နံနက်၌ အတူပါလာသည့်အဖွဲ့နှင့် *ဘုရားကြီးကို သွားပြီး* မဟာမြတ်မုနိကို ဦးခိုက်ကန်တော့ဖြစ်ခဲ့သေးသည်။

ညနေ သုံးနာရီခွဲမှာ မိုးမိတ်-မန္တလေး ပြေးဆွဲနေသည့် 'ပြည်နိုင်ဖြိုး'မှန်လုံကားကြီးဖြင့် ခရီးတစ်ဆင့်ကူးရပြန်သည်။ ကားမှန်မှာ အဝါရောင်စာလုံးကြီးဖြင့် 'လူစီးသီးသန့်'ဟု ရေးထားသော်လည်း ကားပေါ်မှာက ခရီးသည်တွေထက် ကုန်တွေက ပိုများပြီး ပြည့်ညပ်နေခဲ့သည်။ ကားအမိုးပေါ်တွင်လည်း ကုန်တွေက အပြည့်ပင်။ ခရီးသည်တွေထိုင်သည့် ခုံအောက်တွေဆိုလျှင် ဂျပ်ဖာတွေ၊ ကုန်အိတ်တွေနှင့် ပြည့်နေလေတော့ ခြေထောက်က အောက်ချ၍ မရပါဘဲ ဒူးထောင်ထောင်ကြီးနှင့် ဟိုဆန့်မရ၊ ဒီလွဲမရ တစ်ညလုံး ဒုက္ခပင်လယ် ဝေပါတော့သည်။

'မိုးမိတ်ကား၊ မိုးမိတ်ကား ဒီတစ်ခါ စီးဖူးသွားပြီ။ တစ်သက်လုံး မေ့မှာ မဟုတ်ဘူး။ ဒုက္ခရောက်ရလွန်းလို့'

ဒေသခံဟုတ်ဟန်မတူသည့် အမျိုးသမီးကြီး၏ ညည်းတွားသံကို အကြားမှာ ရယ်ချင်ချင်ဖြစ်ရသည်။ စဉ့်ကူး၊ လက်ပန်းလှရောက်စဉ် ခရီးတစ်ထောက်နားကြရင်း အပန်းဖြေစားသောက်ကြသည်။ သို့သော် မိုးပင် စုံးစုံး ချုပ်သွားပါ၏။

နောက်နေ့ နံနက် ၆ နာရီထိုးမှာ မိုးမိတ်မြို့တွင်း ဝင်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခဲ့သည်။ တောင်တန်းတွေ ပတ်လည်ဝန်းရံထားသည့် မြို့ကလေးမှာ နှင်းမြူတို့ ဝေဝေသီကာ လွှမ်းခြုံရစ်သိုင်းလျက် ရှိ၏။ တစ်ညလုံး ကားစီးရင်း အနွေးထည် မဝတ်ဖြစ်သည့် ကျွန်တော့်မှာ ကားပေါ်က ဆင်းဆင်းချင်း အေးစိမ့်လာသည်မို့ အနွေးထည်ကို ချက်ချင်းဝတ်လိုက်ရသည်။

ခရီးအတူသွား၊ လုပ်ငန်းအတူ လုပ်ကြမည့် ကျွန်တော်တို့အဖွဲ့မှာ ဦးလေးထွန်းဆေ အပါအဝင် အားလုံးပေါင်း ငါးယောက် ဖြစ်သည်။ ကိုစိုး၊ အောင်မောင်း၊ ဦးဌေးတို့က ညီအစ်ကို၊ သမီးယောက်ဖတွေ ဖြစ်သည်။ ကျွန်တော်တို့ လုပ်ငန်းလုပ်ကွက်တွေက မိုးမိတ်မြို့နယ်နှင့် မိုင် ၃၀ ကျော်ခန့်ဝေးသော ကချင်ပြည် နယ်စပ်ဝန်းကျင်တစ်ဝိုက် ဖြစ်ပါသည်။ ခေတ်အခြေအနေက ခပ်ရှုပ်ရှုပ်မို့ အားလုံးသတိဝီရိယရှိဖို့တော့ လိုသည်။ ကိုယ့်ဒူးကိုယ်တောင် ယုံစားလို့မရသည့် ခေတ်ကြီးမှာ တောကြက်ကိုလည်း ကြောက်ရမည်၊ အိမ်ကြက်ကိုလည်း ကြောက်ရမည် ဆို၏။

ဘာပဲပြောပြော အဆိုးထဲက အကောင်းဟုဆိုရမည်က မိုးမိတ်မြို့ကလေးသည် ကျွန်တော်တို့အား ချမ်းအေးစွာ ကြိုဆိုခဲ့ခြင်းပင်ဖြစ်သည်။

❑

အရှေ့တောင်စွယ်မှာ တဖြည်းဖြည်း ရောင်နီပျို့လာသည်။ နံနက်စောစော မြက်ရိုင်းတောထဲ တိုးဝင်မိတော့ အဝတ်များ နှင်းရည်တို့ စိုရွှဲကုန်၏။ ကိုယ်ပေါ် ခိုတွဲနေသည့် နှင်းစက်တွေကို ဇော့ယမ်းခါထုတ်မိသော်လည်း အေးစိမ့်မှုက လျော့မသွားပေ။

ရှေ့တူရူခပ်လှမ်းလှမ်းကနေ ဟိုပြေးလိုက်၊ ဒီလွှားလိုက်နှင့် ယုန်သူငယ်များကို အလွတ်မပေးစတမ်း ချောင်းနေသည့် ညိုနက်မှာလည်း သခင်ဖြစ်သူကို လှည့်ကြည့်ဖို့ မအားလပ်နိုင်ပေ။ ရံဖန်ရံခါ ဟောင်သံပေးကာ ကျီစယ်တတ်သေးသည်။

ရှေ့တည့်တည့် ကုန်းပေါ်က သစ်စေးပင်ကြီးကို လှမ်းမြင်မိစဉ် စိတ်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားမိသည်။ ဒီလိုအပင်ကြီးတွေ ခပ်များများတွေ့ဖို့ တောအနှံ့၊ တောင်အနှံ့ ရှာဖွေရသည်။ ဦးစွာ သစ်စေးပင်ခြေရင်းက မြက်ရိုင်းတွေကို ရှင်းလင်းပစ်သည်။ အသင့်ပါလာသည့် ဝါးလက်လှေကားဖြင့် အပင်ကို မှီထောင်ပြီး အဆင်သင့်ဖြစ်ပြီဆိုခါမှ အပင်စောင့်နတ်ကို သစ်စေးများများ ယိုပေးဖို့တိုင်တည်ပြီး ဆုတောင်းလိုက်သည်။

ဝါးလှေကားဖြင့် အပင်ပေါ် တက်လိုက်ပြီး ပင်စည်ပတ်ပတ်လည်မှာ သစ်စေးခံနိုင်ဖို့ ဆောက်ဖြင့် ထစ်ရာပေးကာ မှန်းပုံများ ဖော်ယူရသည်။ ပြီးခါမှ အသင့်ပါလာသည့် ဝါးကျဉ်ဗောက်ဖြင့် သစ်စေးပင်မှာ ထိုးစိုက်သစ်စေးခံရ၏။ အပင်ခပ်ကြီးကြီး တစ်ပင်လျှင် ကျဉ် ၁၅ ဗောက်လောက် ခံယူနိုင်သည်။ သစ်စေးတို့၏ သဘောမှာ သစ်စေးခတ်နှင့် သွေးမတည့်သူဖြစ်ပါက အရေပြားပေါ်မှာ အစက်အပြောက်၊ အဖုအပိမ့်များ ထွက်ကာ သစ်စေးစက်ခြင်း ဖြစ်တတ်ပါသည်။

သစ်စေးများကို ကျွန်တော်တို့နိုင်ငံအတွင်း အများဆုံး အသုံးပြုသည်က ပုဂံဒေသ ယွန်းထည်လုပ်ငန်းများနှင့် ဘုရားဆင်းတုတော်များ ရွှေမချမီ သစ်စေးအခံသုတ်၍ အသုံးပြုတတ်ကြသည်။ ကျေးလက်များတွင် နှီးဆန်ကော၊ ကွမ်းအစ်၊ ဝါးပခြုပ်များ တာရှည်ခံရန် သစ်စေးသုတ်လိမ်းတတ်ကြသလို ရွှေလုပ်ငန်းရှင်များမှာလည်း ရွှေကျင်ရာတွင် အသုံးပြုသည့် အင်ဝိုင်းချပ်များကို ချောမွေ့စေရန် သုတ်လိမ်းအသုံးပြုကြသည်။

ထို့အတူ နှီးဘုရားများ ရက်လုပ်ပူဇော်ကြရာတွင်လည်း သစ်စေးသည် မရှိမဖြစ် အသုံးဝင်ပြန်သည်။ ဒါကြောင့် ကျွန်တော်တို့မှာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဖြစ်ရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အခြားတိုင်းတစ်ပါးများမှလည်း သစ်စေးအားဈေးကောင်းပေးဝယ်ကြသလို သစ်စေးပွဲစားများ၊ အဝယ်ဒိုင်များလည်း ရှိသည်။ သစ်စေးတစ်ပိဿာလျှင် ကာလပေါက်ဈေးအရ ကျပ်တစ်သောင်းကျော်ခန့် ရှိ၏။ ဒါကြောင့်မို့ အများက 'သစ်စေးသမား မယား လက်ဖျားငွေသီး'ဟု သရော်ဟန်ဖြင့် ပြောကြသေးသည်။ ဒါသည်က ငွေရသည်ကိုသာ မြင်ကြပြီး ငွေ ဘယ်လိုရှာရသည်ကို မမြင်နိုင်ကြသော လူတစ်ဖက်လပ်တို့၏ပြောစကားသာ ဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

နေပူမရှောင် မိုးရွာမရှောင် လုပ်ရကိုင်ရနှင့် မျှော်လင့်ချက်တွေအတွက် လည်ပတ်နေရသည့် ကျွန်တော်တို့ သစ်စေးသမားတွေ၏ ဘဝတွေမှာ အထင်ကြီးစရာတော့ မရှိပါ။ သစ်စေးအလုပ်ဆိုသည်ကလည်း သုံးဥတုစလုံး လုပ်ရကိုင်ရသည့်လုပ်ငန်းလည်း မဟုတ်ချေ။ မိုးဦးမှ ဆောင်းဦးထိ သစ်စေးယိုအားကောင်းသော ကာလရပ်ဝန်းကို သစ်စေးရာသီဟု သတ်မှတ်ထားကြသည်။

လေးလဝန်းကျင် ရာသီအတွင်းမှာ သစ်စေးသမားတစ်ဦး၏ စိတ်ထားသည် အဖြူစင်ဆုံးထားနိုင်ပါမှ လုပ်ငန်းအောင်မြင်သည်ဟု ရှေးလူကြီးတွေပြောတာ ကြားဖူးသေးသည်။ တောဝင်သည့် ဦးဆုံးနေ့မှာ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို ကတိပြုထားရပါသည်။ ဤတောတောင်အတွင်း နေထိုင်စဉ် ဘေးအန္တရာယ်ကင်းရှင်းနိုင်ဖို့၊ သစ်စေးများများ ရနိုင်ဖို့ သစ်စေးနတ်တွေကို တိုင်တည်ပြီး ထိုကာလအတွင်း မုသာဝါဒကံကို စောင့်ထိန်းပါမည်ဟု ကတိပြုရသည်။

အကယ်၍ အကြောင်းကိစ္စကြောင့် ဖောက်ဖျက်မိသူများသည် ရာသီကုန်လျှင် သစ်စေးရရှိမှုအနည်းဆုံး ဖြစ်နေတတ်သလို ဘေးအန္တရာယ်ဆိုးတွေနှင့်လည်း ကြုံတွေ့ရတတ်သည်။ (တောတွင် နေထိုင်စဉ်က စကားတစ်ခွန်းကို အတည်ကြည် အလေးနက်ဆုံး အပိုအလို မရှိ ပြောဆိုလုပ်ကိုင်ရသည်။ ယင်းကို



www.burmeseclassic.com

www.burmeseclassic.com

ရှေးခလေ့အစဉ်အလာတစ်ခုအဖြစ် အားလုံးက လက်ခံယုံကြည်လိုက်နာကြသည်။)

သစ်စေးရာသီ ဝင်ပြီဆိုလျှင် ပွဲစားများဆီမှ ကြိုငွေယူကာ စရိတ်တွေ ဝယ်ချမ်းပြီး တောထဲသို့ အသီးသီးဝင်ကြရသည်။ ရာသီကုန်ပြန်လျှင် ရသမျှ သစ်စေးများ ပွဲစားလက် အပ်နှံကာ ပိုငွေဖြင့်သာ ကျေနပ်ကြရသည်။ တကယ်တော့ သစ်စေးဈေးက တခြားဆီတွင် ဒီထက်မက ဈေးကောင်းသော်လည်း ကြိုငွေယူထားသည့် ကျွန်တော်တို့မှာ ငါးစာကိုသာ မြင်ခဲ့၍ ပွဲစား၏ ခေါင်းပုံဖြတ်ခြင်းကို ခံရတော့သည်။

သစ်စေးသမားသည် သစ်စေးခံယူဖို့ တောနှစ်တောကိုလည်း သီးသန့်ခွဲထားရသည်။ တောင်ဘက်တောမှာ သစ်စေးခြစ်ယူစဉ် မြောက်ဘက်တောမှာ သစ်စေးခံယူထားရသည်။ ထိုတောနှစ်တောကို တစ်လယ်လျှင်တစ်ခါ၊ တစ်လလျှင် သုံးလယ် သစ်စေးခြစ်ကြရသည်။ ကံထူးလျှင်တော့ ၈ ရက်တစ်လယ်ခြစ်သည်နှင့် တစ်ပုံးရသူက ရသည်။ တချို့မှာလည်း နှစ်လယ်သုံးလယ်ခြစ်မှ တစ်ပုံးရသူလည်းရှိသည်။ တစ်ပုံးလျှင် ဆယ်ပိဿာကျော်ကျော်ခန့်ရှိသည်မို့ လေးလမှာ ငါးပုံးလောက်ရလျှင်ပင် သစ်စေးအဆော်ကျပါသည်ဟု ဆိုရမည်။

တစ်လယ်စေ့သည့်ရက်ဆိုလျှင် သိပ်မလွယ်ပေ။ နံနက်မိုးလင်းသည်နှင့် ပုံတင်ထဲ သလက်ကို ထည့်၍ လွယ်ဆိုင်းကာ တဖြောဖြောကျနေသည့် နှင်းတောထဲ တိုးဝှေ့ရင်း သစ်စေးခြစ်ကြရသည်။ ဒါသည်ပင် သစ်စေးသမားဘဝ၏ နိစ္စဓူဝလုပ်ငန်းစဉ်များသာ ဖြစ်သည်။

'လဆုတ်ပိုင်းလောက်ကိုစိုး ရွာကို တစ်ခေါက်ပြန်ဦးမှာကွ။ သူ့မိန်းမ နေမကောင်းဘူးရယ်၊ မင်းလည်း မင်းမိန်းမဆီ စာရေးပါးဦးပေါ့'

ဘဝတူမိတ်ဆွေဖြစ်သည့် ကိုအောင်မောင်း၏ စကားကြောင့် ရင်ထဲ လှိုက်ခနဲ ဝမ်းသာမိသည်။ အိမ်က ထွက်လာသည်မှာ အတော်ပင်ကြာပြီ ဖြစ်၏။ အိမ်ရှိ လူများလည်း ဘာသတင်းမျှမရလျှင် စိတ်ပူကြရှာရှာမည်။ မိုင်ရာချီဝေးကွာလှသော တစ်နယ်နှင့်တစ်နယ်ကို ဆက်သွယ်နိုင်ဖို့က အင်မတန်မှ ခက်ခဲလွန်းသည်။

ရွာကို စာပါးပြီး တစ်ပတ်အကြာမှာ အိမ်က ဖုန်းဆက်လာသည်။ တိုက်ဆိုင်၍ ထိုနေ့မှာမှ ကျွန်တော် နေမကောင်းဖြစ်ကာ ဖျား၍နေသည်။ အလုပ်ခွင်နှင့် ၁၀ မိုင်ကျော်ဝေးလှသည့် ရွာဘက်ဆင်းကာ နေမကောင်းလျက်နှင့် ဖုန်းက ဆက်သော်လည်း ဖုန်းလိုင်းက မိလိုက်ကျလိုက်နှင့် အတော်ကြာအောင် စောင့်ရသေး၏။ လိုင်းရ၍ ဖုန်းချိတ်မိသည့်အခါမှာလည်း အသံက ဝိုးဝိုးဝါးဝါး ဖြစ်နေပြန်သည်။

'အစ်ကိုရေ ကြားလား။ အသံက ပုံမှန်မဟုတ်သလိုဘဲ။ အစ်ကို နေကောင်းရဲ့လား'

ဖုန်းထဲမှ ပထမဆုံး မေးလာသည့် ဇနီးသည် ချို၏ စကားကြောင့် နှုတ်ခမ်းသားတွေ လေးလံတုံ့ဆိုင်းသွားရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် စောင့်ထိန်းနေရသည့် စည်းကို ထိပါးလာသည်ဖြစ်ခြင်းကြောင့်ပင်။

မိမိနှုတ်ခမ်းမှ စကားတစ်ခွန်း ထွက်သွားဖို့အရေးမှာ မည်မျှကြာအောင် အချိန်ယူခဲ့မိမှန်း ကျွန်တော် မသိပါ။ သေချာတာတစ်ခုက ကျွန်တော်သည် တွေဝေတုံ့ဆိုင်းနေခဲ့ခြင်း ဖြစ်ပေမည်။ ❑

အေးစက်ထုံကျဉ်လှသည့် နှင်းစက်တွေ ကိုယ်ပေါ် တဖြောက်ဖြောက် လွင့်စဉ်လာပေမဲ့ အေးစက်သည်ဟု မခံစားမိချေ။ နှင်းငွေ့များ ရောစွတ်စိုထိုင်းနေသည့် နံနက်ခင်းလေးကို ပင့်သက်ရှိုက်မိသော်လည်း ရင်တွင်းအပူက တစ်မြူမျှ မလျော့။

ခါတိုင်းနေ့တွေလို ပွိုင့်ဘွတ်ဖိနပ်ကို စီးပြီး ကိုင်းတော၊ လျှိုတော တောင်ကုန်းတွေဆီ တလွှားလွှား နင်းလျှောက်သွားဖို့ ခြေထောက်တွေက အကျင့်သား မရချင်ပြန်သလို ရှိလာသည်။ တက်ကြွလတ်ဆတ်မှု မရှိသောစိတ်တွေကို သတိထားမိကာမှ လေးပင်ဖင့်နွဲ့နေမှန်း သိသည်။

'တောထဲသွားလာရင် သတိတော့ထားပေါ့ကွာ။ ကိုယ်တွေက ချေ့သည်ပဲ။ တစ်နေ့က ဟန်ထက် တုန်ကွာရွာဘက်မှာ တိုက်ပွဲတစ်ခုဖြစ်တယ်လို့ ရွာထဲမှာသတင်းကြားခဲ့တယ်။ တို့နဲ့ဆို ဘာမှ သိပ်ဝေးတော့တာ မဟုတ်ဘူး။ မြစ်ဖျားအထက်ကို စစ်ဘက်အဖွဲ့အစည်းတွေ တက်သွားပြီလို့လည်း ကြားတယ်။ ဒီဝန်းကျင်မှာလည်း တောအဖွဲ့အစည်းတွေ၊ လူစိမ်းတွေရှိနေတယ်။ ကိုယ်တွေက မှောင်ခိုသစ်လုပ်တာ မဟုတ်ပေမဲ့ အရာရာကို သတိဝီရိယရှိဖို့တော့ လိုမယ်။ ဒီကရှေ့ အခြေအနေကို တပ်အပ်ပြောလို့ မရသေးဘူး'

ဘဝအတွေ့အကြုံအလွန်ရှိလှသည့် ဦးလေး ထွန်းဝေ၏ စကားကို ပြန်ကြားမိစဉ် စိတ်ထဲမှာ မကောင်းချင်။ ဒီကရှေ့အဆင်ပြေပါ့မလားဟူသည့်အတွေးနှင့် စိတ်တွေ ပတ်ချာလှည့်သွားခဲ့သည်။

ပင်စည်မှ ကျဉ်ဖောက်တွေကို ခပ်သွက်သွက်ဖြတ်ကာ သစ်စေးများအား သလက်ပုံးထဲ တစ်ခွက်ပြီး တစ်ခွက် ခြစ်ချနေမိသည်။ ဒီပုံအတိုင်းဆိုလျှင် သစ်စေးကျနှုန်းက ကောင်းမွန်လွန်းလှ၏။ ရာသီကုန်လျှင် မျှော်မှန်းထားသည့် ငွေကြေးကိုလည်းစုဆောင်းနိုင်မည်။ အိပ်မက်တွေကိုလည်း အကောင်အထည်ဖော်နိုင်လိမ့်မည် ထင်သည်။

အနာဂတ်ပုံသဏ္ဌာန်များကို စိတ်ကူးပုံဖော်မိစဉ် ကျွန်တော့်စိတ်တွေ အလိုလိုတက်ကြွလာသည်။ အခု အချိန်မှာ အမေ့ကိုလည်း သတိရမိသလို မိန်းမနှင့်သားလေးကိုလည်း လွမ်းရပြန်သည်။ မကြာခင်က သီတင်းကျွတ်ကျောင်းပိတ်ပြီးပြီမို့ သားလေး ကျောင်းတက် စာတွေ ကျက်နေလောက်ပြီ ထင်၏။

ရုတ်တရက် ရှေ့ခပ်လှမ်းလှမ်းရှုက်ကြွေတော ညိုနက်၏ ဟောင်သံကြောင့် အတွေးစိတ်တွေ ပြင့်ပျယ်

www.burmeseclassic.com

သွားသည်။ ဘာတိရစ္ဆာန်လဲ၊ ဘာကောင်လဲဟူသည့် အကြည့်များဖြင့် ဟိုဒီဝေ့ဝဲကြည့်သော်လည်း ဘာမျှပင်မတွေ့ရချေ။ ညိုနက်မှာ ကျွန်တော်၏ရှေ့တွင် ရပ်၍ရှေ့ကိုသာ သဲကြီးမဲကြီး ဟောင်နေဆဲပင်။

ဒီခွေးနှယ် ငါ့ကို အရူးလုပ်နေပြန်ပြီဟု တွေးရင်း ရှေ့ကို ဆက်လှမ်းဖို့သာ စိတ်ကူးလိုက်သည်။ သို့ပေမဲ့ ညိုနက်က ရှေ့မှ ပေကတ်ကတ်လုပ်ကာ ဟောင်မြဲဟောင်နေတော့သည်။ ကျွန်တော့်စိတ်တွေ ဝင်စားလှုပ်ရှားလာသည်။ ဘေးဘီဝေ့ဝဲကြည့်သော်လည်း ဘာမျှ ဟန်မပျက်နေသားတကျမို့ ရှေ့သို့လှမ်းနိုင်ဖို့ ခွန်အား ဖြစ်သွားသည်။ တစ်လှမ်းနှစ်လှမ်း ဆက်လျှောက်ကြည့်သည်။ သို့သော် ဘာမျှမတွေ့ရ။ စိတ်ထဲ ရှင်းသွားသည်။ ပုံမှန်ဟန်ဖြင့် နောက်တစ်လှမ်း ဆက်လျှောက်မိသည့်အခါတွင်မှာပင်...။

'ဝုန်း'

ရုတ်တရက် ဆူညံကျယ်လောင်လှသောအသံနက်ကြီး ပေါ်ထွက်လာသည်။ ခြေအစုံရပ်လိုက်မိသည့် မဟာပထဝီမြေပြင်တစ်ခုလုံး တုန်ယင်လှုပ်ရှားသွားပြီး နှင့်ခနဲနာကျင်မှုနှင့်အတူ ကျွန်တော် အဝေးသို့ လွင့်သွားခဲ့သည် ထင်ပါ၏။ မိမိကိုယ်ကို သတိထားမိသည့်အချိန်တွင် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး မြေကြီးပေါ်မှာ မှောက်လျက်သားဖြစ်နေခဲ့သည်။ အားယူ၍ ကုန်းရုန်းထမိသော်လည်း မရချေ။ နာကျင်မှုက အသည်းခိုက်လှအောင် ပို၍သာ တိုးလာသည်။ မျက်ဝန်းအစုံကို ကြိုးစား၍ ဖွင့်ဟမိတော့ မြင်ကွင်းတွေက မှုန်ရီဝါးနေ၏။ ခေါင်းပေါ်မှ စီးကျလာသည်ထင်ရသော ချွဲပျစ်ပျစ်အရည်တွေကို မျက်နှာပေါ်မှ ဖယ်ရှားပစ်ရန် ယောင်ယမ်းစမ်းမိတော့ ကျွန်တော့် လက်ဖဝါးတစ်ခုလုံး သွေးများ ပေကျံစွန်းထင်းနေသည်ကို အံ့ဩတကြီး တွေ့လိုက်ရပါသည်။

ထို့နောက် ခွေးဟောင်သံသဲ့သဲ့နှင့် ရွက်ကြွေများပေါ် နင်းလျှောက်လာနေသော ခြေသံ ခပ်ကြမ်းကြမ်းတွေ၊ အသက်ရှူသံ ခပ်ပြင်းပြင်းတွေကို ရိုးတိုးရိပ်တိပ်မျှ ကြားနေရသည်။ သို့ပေသိ အာရုံတွေက ဖျတ်ခနဲ လင်းလာလိုက်၊ ရုတ်တရက် မိုက်မှောင်သွားလိုက်ဖြစ်နေသည်။

'ဟော့ကောင် ဖိုးရဲကြားလား၊ ငါတူ မင်း ဘာမှမဖြစ်စေရဘူးနော်။ ပြောနေတာကြားလား၊ ဦးလေးတို့ရောက်နေပြီ'

'ဟာ ဦးလေး ကျွန်တော်တို့မြို့ကို အမြန်သယ်မှ ဖြစ်လိမ့်မယ်။ အခြေအနေမကောင်းဘူးရယ်'

'ဖိုးရဲ ကြားလား၊ စိတ်ကိုတင်းထား၊ မင်းကို မြို့ဆေးရုံ ရောက်အောင် ပို့ပေးမယ်'

ကျွန်တော့်အာရုံထဲမှာ အသံတွေက မကြားတစ်ချက်ကြားတစ်ချက်နှင့် ဝိုးဝိုးဝါးဝါးဖြစ်နေခဲ့သည်။ ရုံဖန်ရံခါ ညိုနက်၏ဟောင်သံတွေကို ကြားနေမိသလို ကျွန်တော်၏ ခန္ဓာသည် လူတစ်ယောက်၏ ပခုံးပေါ် ရောက်နေမှန်း သိရသည်။ သို့ပေမဲ့ ဘယ်အရာမှ မသဲကွဲ မထင်ရှားလှပေ။

'တောက် ဟိုခွေးကောင်တွေ မြှုပ်ထားခဲ့တဲ့ဗုံးကို အဲဒီမသာကောင်တွေပဲ ပြန်နင်းမိရမှာ။ အခုတော့ ငါ့သူငယ်ချင်းမှ နင်းမိရတယ်လို့ အဖြစ်ဆိုးလိုက်တာကွာ'

ဒေါသတွေမှာ ငိုသံအချို့ ရောစွက်နေသည့်အသံကို မသဲမကွဲကြားလိုက်ရသလို ယူကျုံးမရသည့် ဟစ်အော်သံ စုတ်တသပ်သပ်နှင့် ညည်းတွားသံများကိုလည်း မပီဝိုးတဝါးကြားရ၏။ ကိုယ့်ကိုယ်ကို ဘာဖြစ်ခဲ့သလဲဆိုတာ တွေးလို့ပင် မရချေ။ ဘာဖြစ်နေသည်ဟုလည်း မခန့်မှန်းနိုင်ပေ။

တဖြည်းဖြည်း အမြင်အာရုံတွေ ပြာဝေလာသလို အကြားအာရုံမှာ ပကတိမျှ တိတ်ဆိတ်သွားသည်။ ထပ်ပြီး ဘာသံမျှပင် မကြားရ။ မြင်လွှာတွေမှာ ကျွန်တော့်စိတ်ထဲ အထင်ကရဖြစ်နေသည့် မှတ်မှတ်ရရစာသားတွေက အာရုံမှာ တရိပ်ရိပ် ပေါ်လို့ လာသည်။

'အစ်ကိုရေ အမေက ကျန်းမာရေးသိပ်မကောင်းတော့ဘူး။ ဆရာဝန်ပြတော့ ဆေးရုံပို့ခိုင်းနေတယ်။ ဒီမှာက ချို့တို့လည်း စားဝတ်နေရေး အဆင်မပြေလှဘူး။ ဖြစ်နိုင်ရင် စာရရချင်း သစ်စေးသိမ်းပြီး ရွာပြန်လာခဲ့ပါတော့။ အမေက အစ်ကို့ကိုပဲ မေးနေတယ်'

အမေ နေမကောင်းဘူးဆိုသည့်အသိဖြင့် စိတ်ထဲမှာ အမေ့အတွက် အလိုလို ဆုတောင်းဖြစ်သွားသည်။ သား...သားလေးပင် ကျောင်းဆင်းတော့မည်လား ဆိုသည့် အသိနှင့်အတူ လက်ကနာရီကိုကြည့်ဖို့ ရုန်းမိတော့ လုံးဝမရချေ။ ရှိသမျှအားအင်တွေ စုစည်းကာ မျက်ဝန်းအစုံကို လှစ်ဟကြည့်မိစဉ် ဟိုးဝေးဝေးက တောင်စွယ်မှာ နေညိုနေပြီမို့ သားလေး ကျောင်းဆင်းသွားပြီမှန်း သိလိုက်ရသည်။ ထို့နောက် နာကျင်မှုတွေမှာလည်း တဖြည်းဖြည်း လျော့ပါးလာကာ လုံးဝပျောက်ကွယ်လွင့်မြောက်သွားခဲ့သည်။

သို့ပေသိ ဆောင်းညနေခင်းမှာတော့ တောင်ခိုးတွေ၊ နှင်းမြူတွေက ဝေဝေသီကာရစ်ဆိုင်းဆဲ...။ ■

**မြင့်မိုရ်ကျော်လင်း**

၊မိုးမိတ်၊

***မိုးမိတ်ဒေသ***

***သစ်စေးသမားများ၏***

***ဝေါဟာရ***

***အခေါ်အဝေါ်များ***

**ကျည်ဖောက်**=သစ်စေးပင်တွင် ထိုးစိုက်သစ်စေးခံရန် ဝါးဖြင့်ပြုလုပ်ထားသည့် ခွက်ငယ်။

**ပုံတင်**=သစ်စေးထည့်သည့် အိုးတို့ကို ထည့်သွင်းသယ်ဆောင်ရသည့် လွယ်ဆိုင်း။

**မှန်ပုံ**=သစ်စေးပင်တွင် ထိုးစိုက်သစ်စေးခံရန် ဆောက်ဖြင့်ထစ်ရာပေးရသည့်အမှတ်အသား။

**သလက်**=သစ်စေးထည့်သည့် အိုး(သို့မဟုတ်)ပုံး။

**တစ်လယ်**= ၈ ရက်၊ တစ်ပတ်ဟု ခေါ်ဆိုခြင်း။

**တစ်ပုံး**= ၁၀ ပိဿာကျော် သစ်စေးထည့်သိုလှောင်နိုင်သည့်ပုံး။



www.burmeseclassic.com

www.burmeseclassic.com

# အနွမ်းပန်းရဲ့ မနွမ်းပန်းတစ်ပွင့်


ထွန်းတောက်ထွဋ်(သချာ)

၁။

မိုးသည်းသည်းရွာနေတာမို့ ဆေးဆိုင်ကလေး လူဝင်ကျဲပြီး ပျင်းရိလာတဲ့ တစ်ကိုယ်တည်း လူပျိုကြီး စာရေးဆရာ ကျွန်တော်ဟာ ဆိုင်ထဲက ပက်လက်ကုလားထိုင်ပေါ်မှာ စာအုပ်တစ်အုပ်ဖတ်ရင်း မျက်ခွံတွေ လေးသလိုလို ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့် ဆေးဆိုင်ကလေးတည်ရှိရာ ရွှေပြည်သာ ဆင်ခြေဖုံးရပ်ကွက်ကြီးကတော့ မိုးဒဏ်၊ လေဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း မှောင်မည်းအုံ့ဆိုင်းမှုတွေရဲ့ ကြားထဲမှာ မှိုင်းမိနေရတာပါပဲ။ နေ့လယ်စာ ထမင်းစားပြီးခါစမို့ စာအုပ်ထဲက စာသားတချို့ကို ဖတ်ရှုရင်း ထမင်းဆိပ်တက်၊ ငိုက်ခနဲ တစ်ချက် ဖြစ်သွားတဲ့နောက်မှာတော့…။

'ဦး'

'ဦး'ဆိုတဲ့ ခေါ်သံကြောင့် မျက်စိပြန်ကျယ်သွားရတဲ့





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ဆိုင်ရှေ့မှာ ရပ်နေရှာတဲ့
အသက် ၁၈ နှစ်အရွယ် ကောင်မလေးတစ်ယောက်ကို
သေချာကြည့်ရင်း အံ့ဩဝမ်းသာ သွားခဲ့ရပါတယ်။
ထီးဆောင်းထားတာတောင် မိုးဒဏ် လေဒဏ်ခံခဲ့ရမှာ
သေချာတဲ့ ကောင်မလေးကတော့ တစ်ကိုယ်လုံးနီးပါး
ရွှဲနစ်နေခဲ့ပြီး ညိုးနွမ်းအားငယ်နေတဲ့
မျက်နှာပေါက်ကလေးနဲ့
ကျွန်တော့်ကို ရပ်ကြည့်နေခဲ့ပါပဲ။

'အငယ်မ၊ ခင်ထား သမီး အငယ်မ မဟုတ်လား'

'ဟုတ်ပါတယ် ဦး'

'လှိုင်သာယာဘက် ပြောင်းသွားပြီးကတည်းက
ပျောက်သွားလိုက်ကြတာဟာ ပြန်ကိုပေါ်မလာကြတော့ဘူး။
ဘာလဲ ဦးတို့ရပ်ကွက်ထဲက လူတွေကို သတိရလို့
လာလည်တာလား။ ခင်ထား အခု ဘာလုပ်နေသလဲ။
သမီးအဖေ ကိုတင်ရွှေကော ဘာလုပ်နေသလဲ။



www.burmeseclassic.com

နေကောင်းကြတယ် မဟုတ်လား။ သမီးတို့ မိသားစုသုံးယောက်ကော အဆင်ပြေကြရဲ့လား။ အကြီးမ အဲ ဆရာလေး ခေမာဝတီကတော့ ဒါန ဆန် အပတ်တိုင်း ဦးဆိုင်ဝင်ပြီး အလှူခံနေကျဆိုပေမဲ့ သမီးတို့မိသားစုသုံးယောက်အကြောင်းတော့ မပြောပြဘူးဟ။ ဦးလည်း စပ်စပ်စုစု ဖြစ်မှာစိုးလို့ မမေးဖြစ်ခဲ့ဘူး။ ကဲလာ ဆိုင်ထဲဝင် ထိုင်။ မိုးထဲလေထဲမှာ အငယ်မရယ်'

ကျွန်တော့်ရဲ့ ဝမ်းသာအားရပုံစံနဲ့ ခပ်သွက်သွက်စကားတွေကြောင့် အားမရှိသလို မျက်နှာကလေးနဲ့ ပြုံးပြရှာတဲ့ အငယ်မဟာ…။

'မထိုင်တော့ပါဘူး ဦးရယ်၊ အဖေက ဆုံးသွားပြီ ဦးရဲ့။ ခု သမီးနဲ့အမေ ဆရာလေး ခေမာဝတီကျောင်းရောက်နေတာ နှစ်ရက်ရှိသွားပြီ ပြောပါတော့။ အဲဒါ အမေက ဦးကို တွေ့ချင်တယ်ပြောလို့ သမီး လာခေါ်တာ'

'သမီး အမေက ဦးကို တွေ့ချင်တယ်။ ဟား…ဟား…ဟား…ဟား။ ခင်ထားတို့ကတော့ လုပ်ပြီ။ ဘာစတန့်တွေ ထွင်ပြန့်ပြီလဲ မသိပါဘူး။ ကဲ ပြောစမ်းပါဦး။ သမီးအမေက ဘာကိစ္စ ဦးကို တွေ့ချင်ရတာတဲ့လဲ'

ကျွန်တော့်အမေးစကားကြောင့် မျက်နှာတစ်ချက်မဲ့သွားပြီး မျက်ရည်ပေါက်ပေါက်ကျလာတဲ့ အငယ်မဟာ…။

'အမေ အမေလေ တော်တော်လေးကို နေမကောင်းဖြစ်နေလို့ပါ ဦးရယ်။ လူတောထဲ မတိုးရဲတဲ့အထိပဲ

ဆရာလေး ခေမာဝတီရဲ့ အခန်းထဲက အိပ်ရာပေါ်မှာ အရိုးခြောက် တစ္ဆေ တစ်ကောင်လို ငုတ်တုတ် ထိုင်နေတဲ့ ခင်ထားကို ကြည့်ရင်း ကျွန်တော့် ရင်ထဲမှာလည်း ဝမ်းနည်း ကြေကွဲ ဆို့နင့်သလိုလို ဖြစ်လာခဲ့ပါတယ်

ဆိုပါတော့ အီး…ဟီး…ဟီး…'

'မြတ်စွာဘုရား'

ဘုရားတ,ရင်း အံ့သြစိတ်မကောင်း ဖြစ်သွားရတဲ့ ကျွန်တော်ဟာ အခန်းထောင့်က မိုးကာအင်္ကျီကိုထပ်ဝတ်၊ ပုဆိုးခပ်တိုတိုပြင်ဝတ်၊ ထီးတစ်လက်ကောက်ကိုင်လိုက်ရင်းကပဲ ဆေးဆိုင်ကို သော့ခတ်ပြီး အငယ်မနဲ့အတူ မြို့ဦးစေတီအနားမှာရှိတဲ့ ဆရာလေး ခေမာဝတီ နေထိုင်ရာ သီလရှင်ကျောင်းတိုက်ဆီကို လိုက်လာခဲ့မိပါတယ်။

မိုးသံ၊ လေသံတွေကတော့ သေမင်းခေါ်သံအလား တဟီးဟီး တဟားဟားနဲ့ အသည်းယယ်ချင်စရာပါလေ။ ❑

၂။

မိသားစု စားဝတ်နေရေးနဲ့ ဘဝဒုက္ခအမောတွေကို 'တစ်ခုလပ် အနွမ်းပန်းဘဝ'နဲ့ ညဘက်တွေမှာ ဖြေရှင်းလိုက်၊ ရပ်ကွက်ထဲ အဝတ်လျှော် မီးပူတိုက်၊ ဗာဟီရကိစ္စ မှန်သမျှ ပိုင်းလုပ်လိုက်။ စက်မှုဇုန်က စက်ရုံတစ်ရုံမှာ တစ်လနှစ်လ အလုပ်ဆင်းပြီး စိတ်မပါရင် အလုပ်ထွက်၊ အနွမ်းပန်းဘဝ ပြန်ရောက်လိုက်နဲ့ သမီးနှစ်ယောက်ကို လူလားမြောက်အောင် ရှာကျွေး၊ ရှစ်တန်း၊ ကိုးတန်းအထိ ကျောင်းထားပေးခဲ့တဲ့ ခင်ထားဟာ ကျွန်တော်နဲ့ အတော်လေးကို ရင်းနှီးခင်မင်ခဲ့ကြဖူးပါတယ်။

အသက် ၄၀ နား နီးလာတဲ့အထိ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေတဲ့ ကျွန်တော့်ရဲ့ အဝတ်အစားတွေကို အခကြေးငွေယူပြီး တစ်ပတ်တစ်ခါ လျှော်ဖွပ်၊ မီးပူတိုက်ပေးသလို အရမ်းနှပျိုချင်နေတဲ့ ကျွန်တော့်ဆံပင်ဖြူတွေကိုလည်း အခကြေးငွေယူပြီး နုတ်ပေးတတ်တဲ့အတွက် ခင်ထားနဲ့ ကျွန်တော်ဟာ ပြောမနာ ဆိုမနာ မောင်နှမရင်းခြာသဖွယ် ဖြစ်သွားခဲ့တာ မဆန်းပါဘူး။ ဒါပေမဲ့ ခင်ထားတစ်ယောက် နေမကောင်းဖြစ်နေတဲ့ တစ်ရက်မှာ စက်မှုဇုန်မှာ အလုပ်လုပ်နေသူ ဆံပင်အရှည်ကြီးနဲ့ ခပ်လှလှ အပျိုချော'အကြီးမ'ကို ကျွန်တော့်ဆိုင်ဘက် လွှတ်ပြီး အဝတ်လျှော်ခိုင်းလိုက်ရာက အစ 'အနေမတတ် အထိုင်နဲ့ သူတစ်ပါးသမီးပျိုကို ဆံပင်ဖြူ နုတ်ခိုင်းလိုက်မိတဲ့ ကျွန်တော့်ရဲ့ လုပ်ရပ်'ကို ဆေးလာဝယ်တဲ့ ခင်ထားကိုယ်တိုင် တွေ့မြင်သွားခဲ့ရပါတယ်။ ခင်ထားယယ်ယယ်က ရုပ်ရည်မျိုးနဲ့ လှတပတ ခန္ဓာကိုယ်အချိုးအစားကိုပါ အပိုင်ယူထားတဲ့ အပြစ်ကင်းတဲ့ သူ့သမီးအပျိုမကို 'အလွယ်ရမလားဆိုပြီး အပျော်ကြံ သွေးတိုးစမ်းချင်သူအဖြစ်' ခင်ထားကိုယ်တိုင် ကျွန်တော့်ကို အထင်လွဲ၊ စွပ်စွဲ၊ ပုတ်ခတ်သလို အကြီးမကိုလည်း ရိုက်နှက်ထုထောင်းပြီး ကတုံး,တုံးပစ်လိုက်တဲ့အတွက် ခင်ထားရဲ့လုပ်ရပ်ကို အကြောက်ကြီးကြောက်၊ အရှက်ကြီးရှက်သွားရှာတဲ့ အကြီးမတစ်ယောက် သီလရှင် ဝတ်သွားခဲ့တာမျိုးပါ။ အဲဒီနောက်ပိုင်းက စပြီး ခင်ထားတစ်ယောက် ကျွန်တော့်ဆိုင်ဘက် ခြေဦးမလှည့်တော့ဘဲ သူ့ယောကျ်ားဟောင်း တင်ရွှေနဲ့ ပြန်ပေါင်း၊ ဆက်ကော့လတ်ကော့ အပျိုပေါက်အငယ်မကို အပါခေါ်ရင်း လှိုင်သာယာဘက် ပြောင်းသွားကြတာ သုံးလေးနှစ်လောက် ကြာသွားတဲ့အထိပဲ ဆိုပါတော့။

ဘာပဲပြောပြော အကြီးမ တစ်ဖြစ်လဲ ဆရာလေး ခေမာဝတီ နေထိုင်ရာ သီလရှင်ကျောင်းတိုက်ကို ကျွန်တော် ရောက်ရှိသွားတဲ့ အခါမှာတော့… မျက်ကွင်းဟောက်ပက်၊ ပါးချောင်နားချောင် တွေကျပြီး အသားလဲရော အစ မဲ့ခြောက် ခြောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ခင်ထားရဲ့ ကမ္ဘဒွန်းရုပ်ကို မြင်လိုက်ရတဲ့အတွက် ထိတ်လန့် အံ့ဩသွားခဲ့ရပါတယ်။ ခင်ထားကတော့ ခပ်ယဲ့ယဲ့ပုံစံနဲ့ပဲ ကျွန်တော့်ကို ပြုံးပြကြိုဆိုပါတယ်လေ။

'လာ ထိုင် လူပျိုကြီး'

အသုံးအဆောင် ပစ္စည်းပစ္စယတွေကို သူ့နေရာနဲ့သူ အစီအစဉ်တကျ သပ်သပ်ရပ်ရပ် သိုမှီးသိမ်းဆည်းထားတဲ့ ဆရာလေး ခေမာဝတီရဲ့ အခန်းထဲက အိပ်ရာပေါ်မှာ အရိုးခြောက်တစ္ဆေတစ်ကောင်လို ငုတ်တုတ်ထိုင်နေတဲ့ ခင်ထားကိုကြည့်ရင်း ကျွန်တော့်ရင်ထဲမှာလည်း ဝမ်းနည်းကြေကွဲ ဆို့နင့်သလိုလို ဖြစ်လာခဲ့ပါတယ်။ ဩော် ဘဝကံအကျိုးပေး မကောင်းရှာတဲ့ အနွမ်းယန်းတစ်ပွင့်ရဲ့အဆုံးသတ်ဇာတ်လမ်းဟာ ဒါမျိုးတဲ့လား။ ဘာပဲပြောပြော အငယ်မတစ်ယောက် မျက်ရည်ဝဲပြီး မျက်နှာမကောင်းသလောက် ဆရာလေး ခေမာဝတီကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။

'ဘယ်လို ဖြစ်သွားရတာလဲ ခင်ထားရယ်'

'လေးလုံးရောဂါပေါ့ ဒကာကြီးရယ်၊ ဘာရှိရမှာလဲ'

ကျွန်တော့်အမေးစကားကို ခင်ထားဘက်က ပြန်မဖြေနိုင်သေးခင်မှာဘဲ ဆရာလေး ခေမာဝတီက ခင်ထားကိုယ်စား ပြန်ဖြေခဲ့တာမျိုးပါ။

'ဆရာလေး သီလရှင်ဝတ်ခဲ့ပြီးနောက်ပိုင်း ဒကာမကြီး ခင်ထားဘက်က တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ကိုင်ရှာဖွေ စားသောက်ရင်း ဒကာကြီး တင်ရွှေနဲ့ ပြန်ပေါင်းဖြစ်ကြတယ်။ ဒကာမကြီး ခင်ထားတို့ မိသားစုသုံးယောက်စလုံး လှိုင်သာယာဘက် ပြောင်းသွားတော့ ဆရာလေးဘက်ကလည်း တတ်နိုင်သလောက် ဒကာမကြီးတို့ မိသားစုကို ထောက်ပံ့ခဲ့ပါတယ်လေ။ ဒါပေမဲ့ ဒကာမကြီးရဲ့ ဘဝကံအကျိုးပေးက မကောင်းရှာပါဘူး။ လူ့စိတ်သဘောထားနဲ့ အပြုအမူတွေက သံဝေဂတရားကြောင့် နောင်တရပြီး အကောင်းဘက်ကို ဘယ်လောက်အထိ ပြောင်းပြောင်း အမှောင်ထဲမှာ ကျင့်သားရခဲ့တဲ့ ခန္ဓာကိုယ်က မကောင်းနိုင်တော့ဘူးလေ။

'ဒကာကြီး တင်ရွှေဆုံးပြီး နောက်ပိုင်း စိတ်ဓာတ်ကျသွားရာက အစ အခုလိုပုံစံဖြစ်သွားတာပါပဲ။ တတ်နိုင်သလောက်တော့ ဆရာလေးဘက်က ပြုစုမှာပါ ဒကာကြီး။ ဒီထက် အခြေအနေ ဆိုးလာပြီဆိုရင်တော့ ဆေးရုံပို့ပြီး လိုက်ပြုစုကြရုံပေါ့။ ကဲပါလေ ဒကာကြီးတို့နှစ်ယောက် တွေ့တုန်း ဆုံတုန်း စကားပြောရစ်ကြပါဦး။ ဆရာလေး ကိစ္စတစ်ခုရှိလို့ အပြင်ခဏ သွားရဦးမယ်။ အငယ်မရေ ဒကာကြီးအတွက် ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လုပ်ပါကွယ်'

ဆရာလေး ခေမာဝတီ ထွက်သွားခဲ့စဉ်မှာတော့ ကျွန်တော့်ရင်ထဲက ထွက်ပေါ်လာတဲ့ ကရုဏာဒေါသော စကားတွေကြောင့် ခင်ထားတစ်ယောက် မျက်ရည်ပေါက်ပေါက် ကျလာရတာပဲ။

'မိုက်လိုက်တာ ခင်ထားရယ်၊ ဒီလောကထဲမှာ ဒီလို အလုပ်လုပ်နေတယ်ဆိုရင် 'ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေအတွက် ကြိုတင်ကာကွယ်ထားရမယ်' ဆိုတာ နင် မသိခဲ့ဘူးလား။ ငါ့ဆေးဆိုင်မှာ လာလာဝယ်နေကျ ပုတ်သင်ညိုတွေ နင် ဘယ်လိုမှာ သွားလွှင့်ပစ်ခဲ့သလဲ။ ဝါးစားပစ်လိုက်သလား ခင်ထားရယ်... တောက်'

'ခင်ထားဘဝကို ခင်ထား ဘယ်လိုကာကွယ်ရမလဲဆိုတာ သိခဲ့တာပေါ့ လူပျိုကြီးရယ်။ ဒါပေမဲ့ တချို့လူတွေက မိုက်တွင်းနက်ကြတယ်။ ဒီကိစ္စဟာ သေရွာဆိုတာ သိသိကြီးနဲ့ အကာအကွယ်မဲ့ မိုက်ရဲတဲ့အထိ သတ္တိကောင်းကောင်းနဲ့ တောင်းဆိုကြတာကို ခင်ထားဘက်က ဘယ်လိုခွန်အားမျိုးနဲ့ ငြင်းဆန် ကန့်ကွက်ရမှာတဲ့လဲ။ သူတို့ပြုသမျှ နုခဲ့ရတာပါ လူပျိုကြီးရယ်... အီး... ဟီး...ဟီး...ဟီး'

'ထားပါလေ၊ ဒီလောက်ထိ 'တန့်ဆေး၊ ကုထုံး'တွေ ပေါ်နေတာတောင် သွေးစစ်၊ တွေ့သင့်တွေ့ထိုက်တဲ့ အဖွဲ့အစည်းတွေနဲ့ တွေ့ပြီး အသက်ကို ဆွဲဆန့်ရင်း လူ့တာဝန်ကျေအောင် ဆက်လုပ်ရမယ်ဆိုတာ နင် မသိခဲ့ဘူးလား ခင်ထား'

'သိတာပေါ့။ တွေ့လည်း တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ခံနိုင်ရည်နဲ့ ဝန်အားမမျှသေးတဲ့ အခြေအနေကို ကြုံခဲ့ရတယ်လို့ပဲ ပြောရမှာပါ လူပျိုကြီးရယ်။ ခင်ထားဆီမှာ HIV ပိုး တွေ့တွေ့ချင်း လူပျိုကြီးပြောတဲ့ အဖွဲ့အစည်းတစ်ခုနဲ့ သွားတွေ့ဖူးတယ်။ CD4 count စစ်ကြည့်တဲ့အခါ လောလောဆယ် 'တန့်ဆေး' သောက်ဖို့မလိုသေးဘူးတဲ့။ သူတို့ ညွှန်ကြားတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ နည်းနာယူပြီး ပြန်လာခဲ့တယ်။ သူတို့ဆီတော့ မကြာမကြာ သွားပြရတာပေါ့။ ဒါပေမဲ့ လူပျိုကြီးရယ်...ပေးနိုင်တဲ့ဆေးနဲ့ ရောဂါသည်က မမျှဘူး ဖြစ်နေတယ်။ ခွဲတမ်းမကျသေးတာတွေ။ အလှူရှင်စောင့်နေရတာတွေ။ ဆေးဖိုးထက်၊ ဆေးအလကားရမှာထက် 'စားဝတ်နေရေး ပြဿနာ'တွေက ပိုအရေးကြီးနေကြတဲ့ ကိုယ့်ထက် အခြေအနေဆိုးတဲ့ လူတွေကို မြင်လာရတာ များတာနဲ့ပဲ စိတ်ဓာတ်ကျပြီး အဲဒီနေရာ မသွားဖြစ်တော့ဘူး။ ကိုတင်ရွှေ ဆုံးပြီးနောက်ပိုင်း ခင်ထားဘဝကို ခင်ထားစိတ်နာရင်း မြန်မြန်သေချင်လာတာလည်း ပါတာပေါ့ လူပျိုကြီးရယ်'

စကားတွေ အများကြီး ပြောလိုက်ရလို့ မောသွားပုံရတဲ့ ခင်ထားဟာ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပါတယ်။ အငယ်မကတော့ ကျွန်တော်တို့နှစ်ယောက် ပြောတဲ့ စကားတွေကို မျက်ရည်အဝဲသားနဲ့ နားထောင်နေတာပါပဲ။

'ကိုတင်ရွှေကကော

www.burmeseclassic.com

ဘယ်လိုဖြစ်ပြီး ဆုံးတာလဲ'

'သူကတော့ အရက်သောက်လွန်ပြီး ဦးနှောက်ကြောပြတ်တာပါ။ ဒါပေမဲ့ သူ့မှာလည်း HIV ပိုး ရှိကိုရှိနေမှာပါ။ ခင်ထားလိုတော့ ဝဋ်မခံလိုက်ရဘူးပေါ့'

'ဟူး… နင်တို့မိသားစုအကြောင်း ကြားရတာ စိတ်ဆင်းရဲစရာကြီးပါလားဟာ။ ဆရာလေး ခေမာဝတီ ဘဝတည်ငြိမ်သွားသလောက် နင်နဲ့ အငယ်မကတော့ ဒုက္ခပင်လယ်ဝေနေတုန်းပဲနော်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို သေလူဆိုတာ သိထားပြီးရင် ဆရာလေးရဲ့ လမ်းညွှန်ချက်ယူပြီး ဘဝကူးကောင်းအောင် ကြိုတင်ပြင်ဆင်ထားတော့ ခင်ထား။ တခြားလိုအပ်တဲ့ အကူအညီလိုရင် ငါ့ကိုပြောပါ။ ငါတတ်နိုင်တာဆို ကူညီမယ်'

ကျွန်တော့်စကားကြောင့် အားတက်သလို ဖြစ်သွားတဲ့ ခင်ထားဟာ အငယ်မကို ဖျတ်ခနဲ ကြည့်လိုက်ရင်းကပဲ…

'သေရမှာ ခင်ထား မကြောက်ပါဘူး။ ဆရာလေးဘက်ကလည်း သေတတ်အောင် ကြိုတင်ပြင်ဆင်ထားရမယ့် နည်းလမ်းတွေ ခင်ထားကို ပြောပြပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယအတိုင်း ခင်ထားဝေဒနာကို ခင်ထားဖြစ်ပျက်ရှုရုံပေါ့။ ခင်ထားပူတာတစ်ခုပဲ ရှိပါတယ် လူပျိုကြီးရယ်၊ အဲဒါက အငယ်မအတွက်'

'အငယ်မအတွက်'

'ဟုတ်တယ် လူပျို

တချို့
လူတွေက
မိုက်တွင်း
နက်ကြတယ်
ဒီကိစ္စဟာ
သေရွာ
ဆိုတာ
သိသိကြီးနဲ့
အကာအကွယ်မဲ့
မိုက်ရဲတဲ့အထိ
သတ္တိ
ကောင်းကောင်းနဲ့
တောင်းဆိုကြ
တာကို
ခင်ထားဘက်က
ဘယ်လို
ခွန်အားမျိုးနဲ့
ငြင်းဆန်
ကန့်ကွက်ရဲ
မှာတဲ့လဲ

ကြီး။ ဆရာလေးကတော့ ပြောရှာပါတယ်။ အငယ်မကို သူ့ကျောင်းမှာပဲ သီလရှင်ဝတ်ချင်ဝတ်၊ ဒါမှမဟုတ် လူဝတ်ကြောင်နဲ့ပဲ ဝေယျာဝစ္စဝိုင်းလုပ်ချင်လုပ် ခေါ်ပါတယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား လူပျိုကြီးရယ်။ အငယ်မက ခင်ထားနဲ့ ရုပ်ခံသာ မဆင်တာ၊ ခင်ထားစိတ်ဓာတ်မျိုး အပြည့်အဝ ပါလာပြီးသားဆိုတော့ အဲဒီလို နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ ကိစ္စတွေ စိတ်မဝင်စားဘူး ဖြစ်နေတယ်။ အဲဒါ လူပျိုကြီးနဲ့ ခင်မင်နေကြတဲ့ မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ အငယ်မအတွက် သင့်တော်တဲ့ အလုပ်နဲ့ နေစရာရှိရင် ရှာပေး၊ အပ်ပေးဖို့ အကူအညီတောင်းချင်ပါတယ် လူပျိုကြီးရယ်'

'ဟုတ်တယ်ဦး။ သမီးဘက်က သီလရှင် မဝတ်ချင်သေးသလို ဟောဒီကျောင်းဝင်းထဲမှာလည်း အချိန်ပြည့်နေနိုင်မယ် မထင်ဘူး။ အဲဒါ သမီးနဲ့ သင့်တော်တဲ့ အလုပ်တစ်ခုလောက် ရှာပေးပါနော်။ ဦးကျေးဇူးကို သမီး ဘယ်တော့မှ မမေ့ပါဘူး'

ခပ်သွက်သွက် ပုံစံနဲ့ ဝင်ပြောလာတဲ့ အငယ်မကို ကြည့်ရင်း ကျွန်တော်လည်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ရပါတယ်။ ချဆိုတာဝန်ယူ ခေါင်းခံပေးရမယ့် သူဟာ အငယ်မလို လှတပတ၊ ခပ်သွက်သွက်၊ ကလက်တက်တက် အပျိုမတစ်ယောက်ကို ခင်ထားလို ဘဝ ရောက်မသွားစေဖို့ အုပ်ချုပ်ထိန်းကွပ်နိုင်ရမယ် မဟုတ်လား။ အထိန်းအသိမ်းညံ့တဲ့ ပရမ်းပတာအိမ်တွေမှာဆိုရင် အငယ်မတစ်ယောက် ပျက်စီးသွားဖို့ လမ်းစများနေမှာတော့ သေချာသလောက်ပါပဲ။ ဘာပဲဖြစ်ဖြစ် ဆရာလေး ခေမာဝတီနဲ့ အကြိမ်ကြိမ်အခါခါ ညှိနှိုင်းတိုင်ပင်ပြီး ကျွန်တော်တို့ရပ်ကွက်ထဲက ကျွန်တော့်မိတ်ဆွေ ဦးကျော်တို့ ဇနီးမောင်နှံအိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်းအဖြစ် စရိတ်ငြိမ်း တစ်လငါးသောင်းနဲ့ အလုပ်ရသွားတဲ့ အငယ်မဟာ အပိုးကျိုး လိမ္မာစွာနဲ့ပဲ အလုပ်အားတဲ့အခါတိုင်း ခင်ထားကိုလာပြုစုလိုက်၊ ဆေးဖိုး၊ ဓာတ်စာဖိုး ထောက်ပံ့လိုက်နဲ့ တစ်လအတွင်းမှာပဲ နေသားကျသွားခဲ့ပါတော့တယ်။

❑

၃။

သေမယ်ဆိုတာ ကြိုသိထားပေမဲ့ ပုထုဇဉ်လူသားဖြစ်တဲ့ ကျွန်တော်ဟာလည်း 'ခင်ထားတစ်ယောက် ဆေးရုံပေါ်မှာ ဆုံးသွားပြီ' ဆိုတဲ့ သတင်း ကြားတဲ့အခါမှာတော့ မျက်ရည်ကျခဲ့မိပါတယ်။ သြော်…သံယောဇဉ်ဆိုတာ ဖြတ်ရခက်တဲ့ သံမဏိကြိုးတစ်ချောင်းပဲ မဟုတ်လား။ သွေးမတော် သားမစပ်ကြပါဘဲနဲ့ ဖြူစင်ရိုးသားစွာ တွယ်တာမိခဲ့ကြတဲ့ ကျွန်တော်နဲ့ ခင်ထားတို့မိသားစုကြားက မေတ္တာတရားဟာ အတော်လေးကို တာသွားခဲ့ပြီးသားဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်လေ။

ဘာပဲဖြစ်ဖြစ် ဆရာလေး ခေမာဝတီကို လှူဒါန်းပေးကမ်းနေကြတဲ့ ဒကာဒကာမတချို့ရဲ့ ကောင်းမှုကြောင့် ခင်ထားရဲ့ အသုဘအဆင်ချောခဲ့ပါတယ်။ ရေဝေးသုသာန်မှာ တက်မတတ် ချက်မတတ် အော်ဟစ်ငိုယိုနေတဲ့ အငယ်မကို ကြည့်ရင်း…။ ခင်ထားရဲ့ အလောင်းစင်ဘေးမှာ ကျွန်ဆရာလေးတွေနဲ့အတူ ဝန်းရံပြီး သံဝေဂလင်္ကာတွေ ရွတ်နေတဲ့ ဆရာလေး ခေမာဝတီရဲ့ မျက်ရည်ဝဲဝဲ မျက်ဝန်းတစ်စုံကိုအကဲခတ်ရင်း ရင်ထဲမှာ ဆို့တက်လာတဲ့ ကျွန်တော်ဟာလည်း မျက်ရည်ကျနေရ



www.burmeseclassic.com

www.burmeseclassic.com

တာပါပဲ။ ဒါပေမဲ့ နောက်ဆက်တွဲကိစ္စတွေဟာ ခင်ထားရှိစဉ်ကထက် ပိုမိုရှုပ်ထွေးခဲ့တာမျိုးပါ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ထား ရက်လည်ပြီး နှစ်ပတ်လောက် ကြာသွားတဲ့ တစ်ရက်မှာ…

'ဒကာကြီး၊ အဲ…ဦး'

'ဟာ… ဆရာလေး ခေမာ၊ အဲ… အကြီးမ။ ဘယ်လိုဖြစ်သွားရပြန်တာလဲ အကြီးမရယ်'

'ကိလေသာ အပူမီးဆိုတာ လောကီကို စိတ်ကုန်ပြီး လောကုတ္တရာနယ်မြေထဲ ဝင်သွားတဲ့ ပုထုဇဉ်တွေအတွက်လည်း ပိုပြီး ကူးစက်၊ လောင်မြိုက်၊ ပြာကျစေတယ်ဆိုတာ သမီးအဖြစ်က လက်တွေ့ပါပဲ ဦးရယ်။ အငယ်မက အမေ့လို ဇီဇမျိုး နည်းနည်းလောက်ပါလာတော့ အလုပ်လုပ်တဲ့ အိမ်နဲ့ သီလရှင်ကျောင်းကို ကူးချည်သန်းချည်လုပ်ရင်း ကြားထဲမှာ ရည်းစားကိစ္စတွေ ရှုပ်လာတယ်ဦးရယ်။ အဲဒါကြောင့် သမီးလည်း အငယ်မကို အနီးကပ် စောင့်ရှောက်အုပ်ချုပ်ချင်လို့ လူထွက်လိုက်တယ်ပဲ ပြောပါတော့။ သမီးသီလရှင်ဝတ်ခဲ့တဲ့ကျောင်းက ဆရာကြီးကိုယ်တိုင်ကလည်း ပြောပါတယ်။ 'သံယောဇဉ်အပူမီးကို မငြိမ်းသတ်နိုင်ဘဲ ညီမငယ်အတွက် ဗျာများနေရတယ်ဆိုရင် သာသနာ့ဘောင်မှာ နေထိုင်နေတယ်ဆိုတာတောင် အကုသိုလ်ဖြစ်ရုံကလွဲပြီး ဘာအကျိုးမှ ရှိမလာနိုင်ဘူး'တဲ့။ သမီးတို့ ညီမအစ်မမှာ အဖေအမေဆိုတာလည်း မရှိကြတော့ဘူးလေ။ အဲဒါကြောင့် အစ်မကြီးအမိရာဆိုသလို 'သမီးမှာ တာဝန်ရှိတယ်'လို့ပဲ ဆုံးဖြတ်ရင်း လူဝတ်လဲပြီး အငယ်မနဲ့ အတူတူ နေဖြစ်သွားတာပါပဲ ဦးရယ်။ လောလောဆယ်တော့ ကတုံးတစ်လုံးပဲ အဖတ်တင်တာပေါ့'

ကတုံးဆံပင်ပေါက်ကလေးကို ယောင်ယမ်းပွတ်သပ်ရင်း မျက်ရည်ဝဲနေတဲ့ အကြီးမရဲ့ ပုံစံကြောင့် ကျွန်တော့်ရင်ထဲမှာလည်း သိပ်မကောင်းလှပါဘူး။ ဖြူစင်ခြင်းနေရာကနေ ညစ်နွမ်းခြင်းဒေသကို ပြန်အကူးကာလဟာ မိန်းမပျိုတစ်ယောက်ရဲ့ ဘဝကို အားငယ်စိုးရွံ့မှုတွေနဲ့ ဖိစီးနေစေမှာတော့ သေချာသလောက်ပါပဲ။

'ဒါဆို ခုလောလောဆယ် ဦးကျော်တို့ အိမ်မှာပဲ အငယ်မနဲ့အတူတူ နေကြတယ်ပေါ့။ အဆင်ကော ပြေရဲ့လား'

'ဟုတ်ကဲ့ ဦး လောလောဆယ်တော့ အဆင်ပြေတယ် ပြောရမှာပေါ့လေ။ သူများအိမ်ဆိုတော့ ကိုယ့်မိဘအိမ်လောက် ဘယ်ကောင်းပါ့မလဲ။ ငွေရေးကြေးရေး အတော်အတန် စုဆောင်းမိပြီဆိုရင်တော့ ညီအစ်မနှစ်ယောက် အိမ်ငှားနေပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားကြမယ်လို့ စဉ်းစားထားပါတယ်'

'လိုအပ်တာရှိရင် ဦးကို ပြောလေ။ ဦး တတ်နိုင်တာဆို ကူညီရမှာပေါ့'

ကျွန်တော့်စကားကြောင့် ဝမ်းသာအားတက်ပုံ ရသွားတဲ့ အကြီးမဟာ ရှက်ကိုးရှက်ကန်း ပုံစံနဲ့ပဲ။

'ဟို… ဟိုလေ။ လောလောဆယ် ဦးအဆင်ပြေမယ်ဆိုရင် သမီးကို ငွေတစ်သောင်းလောက် ခဏချေးပါဦးရယ်။ တစ်လနှစ်လအတွင်း သမီး ပြန်ဆပ်ပါ့မယ်'

'ဘာအသုံးလိုလို့လဲ အကြီးမရဲ့'

'လူထွက်ပြီးကတည်းက လူဝတ်လဲစရာ မရှိလို့ အငယ်မအဝတ်တွေပဲ ဝတ်နေရတယ်။ ခက်တာက အငယ်မဆိုက်နဲ့ သမီးဆိုက်က ဘယ်လိုမှ အဆင်မပြေဘူးဖြစ်နေတယ်။ သမီးက နည်းနည်းဝ,တော့ အငယ်မအင်္ကျီတွေ ပြဲပြဲသွားတာများတယ်။ အဲဒါ အဝတ်ဟောင်းကလေး တစ်စုံ နှစ်စုံလောက် ဝယ်ချင်လို့ပါ ဦးရယ်'

'သြော် ရပါတယ်၊ ဦးဘက်က ကူညီရမှာပေါ့'

ငယ်စဉ်ကတည်းက ရိုးသားအပြစ်ကင်းတဲ့ အကြီးမဟာ ပြောသလိုလုပ်တတ်ပြီး စကားလည်းတည်တဲ့အတွက် ချေးသွားတဲ့ ငွေတစ်သောင်းကို တစ်လ၊ နှစ်လအတွင်းမှာပဲ ပြန်ဆပ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆိုင်အနောက်ဘက်တစ်လမ်းကျော်လောက်မှာ နေထိုင်ကြတဲ့၊ စီးပွားရေး အသင့်အတင့်အဆင်ပြေတဲ့ ကျွန်တော့်မိတ်ဆွေ ဦးကျော်တို့လင်မယားရဲ့ ပြောပြပုံအရ အငယ်မရဲ့ အနေမတတ်၊ အထိုင်မတတ် ဆတ်ကော့လတ်ကော့ကိစ္စတွေ။ အကြီးမရဲ့ အစ်မကြီးအမိရာ ပီသပုံတွေ။ ဈေးဝယ်ဈေးပြန် ကလေးကျောင်းကြိုကျောင်းပို့ရတဲ့ အချိန်ကလေးမှာတောင် ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက်နဲ့ ရည်းစားထားဖြစ်အောင် ထားလိုက်တဲ့ အငယ်မရဲ့ လုပ်ပေါက်တွေ။ အကြီးမဘက်က နေ့စဉ်နဲ့အမျှ တားမြစ်ဆုံးမ၊ ငိုယိုနေရတာတွေ မကြားချင်မှ အဆုံးပါ။ ဘာပဲဖြစ်ဖြစ် အကြီးမနဲ့ အတူတူ ရှိနေခြင်းဟာ အငယ်မအတွက် အမှားနည်းနိုင်သလို ခင်ထားဖြစ်စေချင်တဲ့၊ ကျွန်တော်ဖြစ်စေချင်တဲ့ 'မိန်းမကောင်းဘဝနဲ့ လင်ကောင်းသားကောင်း ရနိုင်ဖို့အရေးကိစ္စ'တွေဟာ ကျွန်တော်တင်မက ဦးကျော်တို့လင်မယားအပေါ်မှာပါ တာဝန်ရှိလာတာ သေချာပါတယ်။

သေချာဆို ဘဝကံဆိုးလွန်းလှတဲ့ မိဘမဲ့ မိန်းမပျိုနှစ်ယောက်စလုံးက ချောမောလှပကြသူတွေကိုး။

❑

၄။

ပျာယီးပျာယာ မယ်ပဋ္ဌာမြေလူးပုံစံနဲ့ ကျွန်တော့်ဆေးဆိုင်ရှေ့ ရောက်လာတဲ့ အကြီးမကိုကြည့်ရင်း ထိတ်လန့်အံ့သြသွားခဲ့ရပါတယ်။ ငိုထားပုံရတဲ့ မျက်ဝန်းလှလှတစ်စုံကတော့ မို့အစ် နီရဲနေတာပါပဲ။ ခပ်လှလှ ဆံနွယ်တွေတောင် ပခုံးကျော်လုလုဖြစ်နေခဲ့ပါပြီ။

'ဘာဖြစ်လာတာလဲ အကြီးမ'

'အငယ်မ အိမ်ကထွက်သွားပြီ ဦး'

www.burmeseclassic.com

'ဟင်…'

'အီး… ဟီး…ဟီး၊ ဟုတ်တယ် ဦးရယ်။ အငယ်မ မလိမ္မာဘူး။ တစ်ချက်မှ အလစ်မပေးဘဲ အငယ်မနဲ့ အတူတူ ရှိနေတာတောင် သမီးအလစ်ကို စောင့်ပြီး အိမ်က ထွက်သွားတယ် ဦးရယ်။ ရိုးရိုးတန်းတန်း စိတ်ဆိုး၊ စိတ်ကောက်ပြီး ထွက်သွားတယ် ဆိုရင်လည်း တစ်မျိုးပေါ့။ ခုဟာက ဘယ်ကမှန်း သေချာမသိတဲ့ နိုင်ငံခြားပြန်ယောင်ယောင်၊ သူဌေးသားယောင်ယောင် လူတစ်ယောက်နဲ့ လိုက်ပြေးသွားတာ ဦးရဲ့။ အဟင့်… အဟင့် ဦးကျော့်မိန်းမပြောပုံ အရတော့ အဲဒီလူက 'လူမှောင်ခိုကုန်ကူးနေတဲ့ ပွဲစား' တဲ့။ အငယ်မကို အယုံသွင်းပြီး ထိုင်းဘက်မှာ သွားရောင်းစားမှာတဲ့။ သမီးညီမလေးကို ကယ်ပါဦး ဦးရယ်။ အငယ်မကတော့ ဒုက္ခရောက်ပါပြီ။ အီး… ဟီး… ဟီး… ဟီး'

'မြတ်စွာဘုရား'

ကျွန်တော် တစ်ယောက် တကယ့်ကို ဘုရားတ,မိပါတယ်။ 'တ' ဆို ခင်ထားနဲ့ ရုပ်ခံမတူသလောက် ခင်ထားလို ထင်ရာထ,လုပ်တတ်တဲ့ ဗီဇမျိုးပါလာတဲ့ အငယ်မရဲ့ လုပ်ပေါက်ကို ဒေါသထွက်ပြီး စိတ်ကူးနဲ့ အမှုန့်ခြေနေမိတာကိုး။ ဒီကိစ္စ ကျွန်တော့်မှာ 'လုံးဝ' တာဝန်ရှိတယ်လို့ ယူဆလိုက်ပြီး ဆိုင်ပိတ်၊ သော့ခတ်လိုက်ရင်း အကြီးမနဲ့အတူ ဦးကျော့်တို့အိမ် ရောက်သွားကြတဲ့ အခါမှာတော့…။

> မျက်ရည်လည်ရွဲ
> အားကိုးတကြီး
> ပုံစံနဲ့
> ကျွန်တော့်ကို
> ကြည့်လာတဲ့
> အကြီးမရဲ့
> မျက်ဝန်း
> တစ်စုံဟာလည်း
> ကျွန်တော့်
> ရင်ထဲက
> နှလုံးသားကို
> မြားအစင်းပေါင်း
> များစွာနဲ့
> ပစ်ခွင်းနေသလို
> ခံရခက်
> လှပါတယ်

'လူပျိုကြီးရေ၊ ခြေနှစ်ချောင်းလည်း မကာယ်နဲ့၊ မင်းလေ့မျှောလည်း မဆယ်နဲ့ဆိုတဲ့ စကားပုံဟာ ကွက်တိကို မှန်နေတာပဲ။ အကြီးမကိုတော့ အားနာပါတယ်။ ဒါပေမဲ့ မပြောမပြီး မတီးမမြည်တဲ့။ အိမ်ပေါ်က ဆင်းသွားတာ ရိုးရိုးဆင်းသွားတာ မဟုတ်ဘူး။ ကျုပ်မိန်းမ သိမ်းထားတဲ့ ငွေတစ်သိန်းပါ မ,သွားတာဗျ။ ကျုပ်မိန်းမ ထဘီနှစ်ထည်ပါ အဆစ်ယူသွားသေးတယ်'

'ရှင်'

'ဟင်'

ဦးကျော့်ရဲ့စကားကြောင့် အငယ်မရဲ့ ဆိုးရွားလှတဲ့ ဒုတိယလုပ်ရပ်ကို အကြီးမကိုယ်တိုင် သိရှိသွားရပြီး ကျွန်တော်တို့နှစ်ယောက်စလုံး အံ့သြစိတ်ပျက်သွားခဲ့ရပါတယ်။ မျက်ရည်ပေါက်ပေါက်ကျလာပြန်တဲ့ အကြီးမကတော့…။

'လုပ်ရက်လိုက်တာ အငယ်မရယ်။ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဟင်… ဦး။ သမီးတော့ သေသာသေလိုက်ချင်တာပါပဲ ဦးရယ်။ သူ့ကို စိတ်မချလို့ လူထွက်လာမိပါတယ်။ သမီးဘဝနဲ့ ဂုဏ်သိက္ခာကို လူပုံအလယ်မှာ အရှက်ကွဲ အကျိုးနည်းရမယ့်အလုပ်မျိုးမှ လုပ်သွားရက်ရတယ်လို့။ သမီးကုသိုလ်ကံကိုက ဆိုးလွန်းပါတယ် ဦးရယ်။ အဟင့်… အဟင့်။ သမီး ဘာဆက်လုပ်ရမလဲဟင်။ အငယ်မ လုပ်ရပ်အတွက် ဦးကျော့်နဲ့ အန်တီကိုလည်း သမီး တောင်းပန်ပါတယ်။ ဒီပြဿနာတွေအတွက် သမီးဘက်က တတ်နိုင်သလောက် တာဝန်ယူဖြေရှင်းပေးပါ့မယ်။ အငယ်မ ယူသွားတဲ့ ငွေတစ်သိန်းကိုလည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ သမီး ပြန်ဆပ်ပါ့မယ်။ သမီးညီမလေးကို ရဲမတိုင်ကြပါနဲ့ဦးနော်။ သမီး တောင်းပန်ပါတယ်။ အငယ်မ ကျန်ခဲ့တဲ့ မြဝတီဘက်မှာနေတယ်ဆိုတဲ့ ဟိုလူ့လိပ်စာ သမီးရထားပါတယ်။ သမီးကိုယ်တိုင် လိုက်သွားပြီး အငယ်မကို ရအောင် ပြန်ခေါ်ခဲ့မယ်။ သမီး မလိမ်ပါဘူးရှင်။ သမီးကို အချိန်တစ်ပတ်လောက်တော့ပေးပါ ဦးကျော့်နဲ့ အန်တီရယ် အီး… ဟီး… ဟီ… ဟီး…'

ကျွန်တော်တို့သုံးယောက်ရှေ့မှာ အပြစ်ရှိတဲ့ တရားခံမတစ်ယောက်သဖွယ် ငိုယိုတောင်းပန်နေရှာတဲ့ အကြီးမကိုကြည့်ရင်း ကျွန်တော့်ရင်ထဲမှာလည်း သနားစိတ် စီးဝင်နေတဲ့ အမည်ဖော်ပြလို့ မရနိုင်တဲ့ ဝေဒနာတစ်မျိုး ဖြစ်ပေါ်လာခဲ့တာ သေချာပါတယ်။ တကယ်တော့ အနှစ်နှစ် အလလ ပတ်သက်၊ ခင်မင်၊ တွယ်တာခဲ့ရတဲ့ ခင်ထားတို့မိသားစုအတွက် ကျွန်တော့်ဘက်ကနေ 'ထူးထူးခြားခြား ပံ့ပိုးကူညီခဲ့တာမျိုး' ဘာတစ်ခုမှ မရှိခဲ့ပါဘူး။ အခုလိုမျိုး အကြီးမတစ်ယောက် အရှက်တကွဲ အကျိုးနည်းပုံစံနဲ့ ရှိုက်ကြီးတငင်ငိုနေတာကို တွေ့ရပြန်တော့လည်း… ကျွန်တော့်ရင်ထဲမှာ ခံရခက်တဲ့ ဝေဒနာသာ ဖြစ်ပေါ်လာခဲ့တာမျိုးပါ။ ငိုယိုနေတဲ့ အကြီးမကို ဦးကျော့်တို့လင်မယားရှေ့က ဆွဲခေါ်ထုတ်ပြီး ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့နေရာတစ်ခု ဆီခေါ်သွားချင်စိတ်တွေကလည်း တဖွားဖွားနဲ့ပါပဲ။ ဒါဟာ အကြီးမအပေါ် ကျွန်တော့်ဘက်က စာနာစိတ်လွန်ကဲနေတဲ့ ဆန်းပြားတဲ့သံယောဇဉ်တစ်မျိုး ဖြစ်ထွန်းသွားခဲ့လို့လား။ ဒါဟာ အသက် ၄၀ ကျော်မှ တစ်စခန်း ထ,လာတဲ့နှလုံးသားကြောင့် မဟုတ်ဘူးဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သတိပေးရသည်။ မျက်ရည်လည်ရွဲ အားကိုးတကြီးပုံစံနဲ့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လာတဲ့အကြီးမရဲ့ မျက်ဝန်းတစ်စုံဟာလည်း ကျွန်တော့်ရင်ထဲက နှလုံးသားကို မြားအစင်းပေါင်းများစွာနဲ့ ပစ်ခွင်းနေသလို ခံရခက်လှပါတယ်။ ဘာပဲဖြစ်ဖြစ် ပွဲလန့်တုန်း ဖျာခင်း၊ ရေနစ်သူ ဝါးကူထိုးသလိုပုံစံမျိုးမဖြစ်အောင် လူကြီးပီပီ သတိထား ရှောင်ကြဉ်ရမယ်လို့ ဆုံးဖြတ်မိတဲ့ကျွန်တော့်ဘက်ကပဲ။

'သမီးတစ်ယောက်တည်း သွားလို့ မဖြစ်ဘူး၊ ဦးပါ လိုက်ခဲ့မယ်'

'ဟင်'

'ဟုတ်တယ် အကြီးမ၊ အသက် နှစ်ဆယ်ကျော်မိန်းမပျိုတစ်ယောက်အနေနဲ့ ကိုယ်တစ်ခါမှ မရောက်ဖူးတဲ့နေရာဒေသတစ်ခုကို တစ်ကိုယ်တည်းသွားမယ်ဆိုတာဟာ ကျားရှေ့မှောက်လျက် လဲကျတာထက်တောင် ပိုဆိုးသွားနိုင်တယ်။ ပြီးတော့ ဘာမဆိုဖြစ်သွားနိုင်တဲ့ နယ်စပ်ဒေသကြီး။ အဲဒါကြောင့် အကြီးမကို စောင့်ရှောက်ဖို့ ဦးပါ လိုက်ခဲ့မယ်'

ကျွန်တော့်စကားကြောင့် အံ့ဩဝမ်းသာသွားတဲ့ အကြီးမဟာ စိုစွတ်နေဆဲမျက်ရည်စတွေနဲ့ပဲ...။

'တကယ် တကယ်ပြောတာလားဟင်... ဦး'

'တကယ်ပေါ့ အကြီးမရယ်'

'ဝမ်းသာလိုက်တာ ဦးရယ်၊ အီး... ဟီး... ဟီး... ဟီး'

အားကိုးတကြီးပုံစံနဲ့ ကျွန်တော့်ကို ပြေးဖက်၊ ငိုချလိုက်ပြန်တဲ့အကြီးမရဲ့ လုပ်ရပ်ကြောင့် ကျွန်တော်ကလည်း လူပျိုကြီးပီပီ နေမထိထိုင်မထိနဲ့ ကြောင်အ,အပုံစံဖြစ်သွားရပါတယ်။ ဦးကျော်တို့လင်မယားကတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ အဖြစ်ကို ဝမ်းနည်း၊ ဝမ်းသာပုံစံတွေနဲ့ ရပ်ကြည့်နေရင်းကပဲ...။

'ကဲ... ကဲ အကြီးမ၊ အကြီးမရဲ့ စိတ်ထားအမှန်ကို ဦးတို့လင်မယားဘက်က လုံးဝ ယုံကြည်တယ်။ ဘာရဲ့နဲ့မှလည်း မတိုင်သေးပါဘူး။ အငယ်မကို ခိုးပြေးသွားတဲ့လူဟာ သူ့ကို တကယ်ချစ်မချစ်၊ လက်ထပ်မထပ်၊ ရှိုးမြေကျပေါင်းမပေါင်း သေချာမေးမြန်းစုံစမ်းပြီး ပြန်ခေါ်သင့် ပြန်ခေါ်လာခဲ့ပါ။ စိတ်ချရတဲ့လူဆိုရင်လည်း လူကြီးစုံရာနဲ့ လက်ထပ်နိုင်းပါ။ အငယ်မ ယူသွားတဲ့ ငွေတစ်သိန်းကိုလည်း ဦးတို့ဘက်က လက်ဖွဲ့လိုက်မယ်။ ဒါပေမဲ့ အဲဒီလူဟာ 'လူမှောင်ခိုကုန်ကူးတဲ့ပွဲစား'ဆိုရင်တော့ ဦးတို့ဆီ ဖုန်းပြန်ဆက်။ သေချာတိုင်ပင်ပြီး လိုအပ်သလို အရေးယူခိုင်းရမယ်။ ကဲ လူပျိုကြီးရေ၊ အကြီးမကို သေချာစောင့်ရှောက်ပြီး ခေါ်သွားလိုက်ပါ။ လူပျိုကြီးကို ကျွန်တော်တို့လင်မယား နှစ်ယောက်စလုံး လုံးဝယုံကြည်တယ်။ ခရီးစရိတ်အဖြစ် ငွေငါးသောင်းလည်း ထုတ်ပေးလိုက်မယ်။ လူပျိုကြီးလည်း ပိုက်ဆံပါသွားမှာပဲလေ။ ဟုတ်တယ်မဟုတ်လား'

'ပါရမှာပေါ့ဗျာ၊ အကြီးမတို့အတွက်ပဲဥစ္စာ'

❑

၅။

လူမော စိတ်မောနဲ့ ငိုကြွေးခဲ့ရတဲ့ အကြီးမဟာ ရန်ကုန်၊ ကော့ကရိတ်၊ မြဝတီဘက်သွား မှန်လုံကားတစ်စီးပေါ်အရောက်မှာတော့ စစ်တောင်းတံတား(မုပ္ပလင်) မလွန်ခင်မှာဘဲ ငိုက်စ,ပြုလာခဲ့ပါတယ်။ အတွေးပေါင်းစုံနဲ့ ချာလပတ်လည်ရင်း အကြီးမတို့အတွက် ရင်ပူနေရတဲ့ ကျွန်တော်ကတော့ အိပ်ချင်စိတ် လုံးဝ ရှိမနေခဲ့ပါဘူး။ ကျွန်တော့်ပခုံးပေါ် ငိုက်ဆင်းကျလာတတ်တဲ့ အကြီးမရဲ့ ခေါင်းကို ဂိတ်ဆုံးအထိ နောက်လှန်ချထားတဲ့ ဆိုဖာထိုင်ခုံနောက်မှီပေါ် အသာအယာ ပြန်တင်ပေးလိုက်၊ တစ်ဖန် ပြန်ကျလာလိုက်နဲ့မို့ ကျွန်တော်တစ်ယောက် အကြီးမအတွက် အလုပ်ရှုပ်နေရပါတယ်။ နောက်ဆုံးမှာတော့ 'အိပ်ချင်သလို အိပ်ပါစေ'ဆိုပြီး ကျွန်တော့်ပခုံးပေါ်က အကြီးမခေါင်းကို မဖယ်ရှားဖြစ်တော့ဘဲ ကားမှန်ပြတင်းဘက်က မှောင်မည်းမည်း လမ်းတစ်လျှောက်ကို အဓိပ္ပာယ်မဲ့စွာ ငေးမောရင်း လိုက်ပါလာခဲ့ရတာပါပဲ။ ကျွန်တော့်ရင်ထဲမှာတော့...။

'ကံဆိုးလွန်းလှတဲ့ အကြီးမရေ...။ မင်းဘဝရဲ့ ဒုက္ခအမောတွေကို စာနာတွေးတောပေးရင်း မင်းနဲ့အတူ ဘာမှမရေရာ၊ မသေချာတဲ့ခရီးတစ်ခုကို လိုက်ပါလာခဲ့ရတဲ့ ဦးလေ အငယ်မကိစ္စ အဆင်ပြေပြီးပြတ်ပြီဆိုတာနဲ့ မင်းရဲ့ဘဝကို တည်ငြိမ်နေတဲ့ ကန်ရေပြင်တစ်ခုဖြစ်အောင် ကူညီဆောင်ရွက်ပေးချင်စိတ်ပေါက်နေရပါပြီ။ အဲဒီအချိန် ရောက်တဲ့အခါ ဘယ်လိုအခက်အခဲမျိုးနဲ့ပဲ ရင်ဆိုင်ကြုံတွေ့လာပါစေ ဦးနဲ့အတူ ရင်ဆိုင်ကျော်ဖြတ်ရဲပါ့မလား ဟင်။ ဘာပဲဖြစ်ဖြစ် မင်းဟာ ငယ်ရွယ်နုပျိုသူဖြစ်သလို မင်းနဲ့ဦးတို့ကြားမှာ တားဆီးနေတဲ့အသက်အရွယ်ကွာဟခြင်းကိစ္စနဲ့ ဒုက္ခပင်လယ်ဝေခဲ့ရတဲ့ မင်းရဲ့စိတ်ထဲမှာ ဦးနဲ့ပတ်သက်ပြီး အမှန်တကယ် တည်ရှိ၊ ဖြစ်ပေါ်နေနိုင်တဲ့သဘောထားတွေကို အတ္တကြီးစွာနဲ့ ကိုယ့်ဘက်ကိုယက်ရင်း မမေးမြန်း၊ မတွေးတောရဲသေးတာ သေချာပါတယ်ကွာ။ ဘာပဲပြောပြော မင်းဘက်က အမှန်တကယ်ဖြစ်ချင်လာမယ့် စိတ်သဘောထားအတိုင်း အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမယ်လို့ ဦး ဆုံးဖြတ်ထားပြီးသားပါ အကြီးမရယ်။ ကျန်တာတွေကတော့ ဦးရဲ့ကံတရားအတိုင်းပဲပေါ့'

ရင်တွင်းစကားသံမဆုံးခင်မှာဘဲ ကျွန်တော့်ရဲ့ ဘယ်ဘက်ရင်အုပ်ပေါ် ဝဲကျလာတဲ့ အကြီးမရဲ့ဆံနွယ်နက်နက်တွေကို အသာဆွဲယူပြီး... အကြီးမဘက် ပြန်ချထားပေးလိုက်မိတာပါပဲလေ။

ဒီလိုနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် မြဝတီမြို့ရောက်သွားကြတဲ့အခါမှာတော့ ရထားတဲ့လိပ်စာအတိုင်း စုံစမ်းကြည့်တဲ့အခါ...။ အငယ်မကံကောင်းသလို အကြီးမလည်း စိတ်ချမ်းသာခဲ့ရပါတယ်။

www.burmeseclassic.com

‘မမကြီးကလည်း ပူစရာ မရှိ ကြံဖန်ပူရတယ်လို့။ သမီးဘက်က အဲဒီလောက်အထိ မိုက်တွင်းနက်ပါ့မလား လို့။ အစ်ကိုအောင်က လူကုန်ကူးတဲ့ပွဲစားလား၊ လူကောင်းလားဆိုတာ သမီး မသိဘဲ နေပါ့မလား။ မမကြီးတို့ဘက်က မတားဆီးနိုင်ခင် ခိုးရာလိုက်ခဲ့မိကာမှ ဒုက္ခရှာပြီး ဒီအထိ လိုက်လာရတယ်လို့။ လူမောစိတ်မောနဲ့ ပိုက်ဆံလည်း ကုန်တယ်။ ဒီမှာ အဆင်ပြေပြီဆိုတာနဲ့ ဦးကျော်နဲ့ အန်တီ့ဆီ ဖုန်းဆက်အကြောင်းကြားမှာပဲ ဥစ္စာ။ ဒီကြားထဲ ဦးကိုပါ ဒုက္ခပေးပြီး ခေါ်လာရတယ်လို့။ စိတ်ကုန်တယ်။ အဟုတ်ပဲ’

‘ရပါတယ် အငယ်မရယ်၊ ဦးအတွက် ပြဿနာ မရှိပါဘူး’

BURMESE CLASSIC

‘ဩော် နင်ကတော့ အမေ့သမီးမှ အမေ့သမီးဆိုတော့ ပြောအားရှိမှာပေါ့။ အမေ့လိုပဲ နင့်စိတ်၊ နင့်သဘော၊ နင် ထင်ရာထ, လုပ်ခဲ့တာတွေကို ငါက စိတ်မပူလို့ ဘယ်သူက ပူကြမှာလဲ။ နင်က ငါ့ညီမလေး။ နင် ဒုက္ခရောက်မှာကြောက်လို့ ဒီလောက်အဝေးကြီးကို အရဲစွန့်ပြီး ငါ လိုက်လာရတာဟဲ့။ ဦးပါလို့ တော်သေးတာပေါ့။ တော်ကြာ ငါ တစ်ယောက်တည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သိမှာတောင် မဟုတ်တော့ဘူး။ နင် ငါ့ကို တော်တော် ဒုက္ခပေးတာပဲ အငယ်မရယ် အဟင့်… အဟင့်’

‘အိုး တော်ပါတော့ မမကြီးရယ်၊ အားအားရှိ ငိုဖို့ပဲ တတ်တယ်။ အဲဒါတွေ သမီး မကြိုက်တာ ဦးရဲ့’

အငယ်မရဲ့ချစ်သူ အသက်သုံးဆယ်အရွယ် အစ်ကိုအောင်ဆိုတဲ့လူဟာ ‘မြဝတီမြို့မှာ အမှန်တကယ် နေထိုင်ကြတဲ့၊ အသင့်အတင့် အဆင်ပြေတဲ့မိသားစုအသိုင်းအဝိုင်းက ပေါက်ဖွားလာသူ’ လူကောင်းတစ်ယောက် ဖြစ်နေပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်နဲ့ အကြီးမကို အထူးဧည့်သည်တော် နှစ်ယောက်လို သူတို့အိမ်မှာပဲ တည်းခိုနေထိုင်စားသောက်စေပြီး အငယ်မ မင်္ဂလာပွဲပြီးမှ ပြန်နိုင်းတဲ့အတွက် အကြီးမကို စိတ်မချတာရော၊ အငယ်မ မင်္ဂလာကိစ္စလက်တွေ့ကျကျ မြင်ချင်တာကြောင့် ရန်ကုန် မပြန်ဖြစ်ဘဲ ဆက်နေဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ အကြီးမတို့ ခိုးလုခိုးလုဖြစ်နေတဲ့ ငွေတစ်သိန်းကိစ္စ အငယ်မကို တိတ်တဆိတ် မေးကြည့်ကြတဲ့အခါမှာတော့…။

‘ဘာ ငွေတစ်သိန်းလဲ။ မဟုတ်တာတွေ လာမပြောနဲ့။ အငယ်မတို့ဘဝမှာ ရည်းစားကိစ္စနဲ့ပတ်သက်ပြီး ရှုပ်ချင်ရှုပ်၊ ကဲချင်ကဲမယ်။ အဲဒီလို သူတစ်ပါးပစ္စည်း ခိုးဖို့ဝှက်ဖို့ဆိုတာ ‘နိုး’ပဲ။ အဝတ်အစားနည်းနေမှာစိုးလို့ အန်တီပေးထားတဲ့ ထဘီနှစ်ထည် ယူလာတာကလွဲပြီး ဘာတစ်ခုမှ မဟုတ်တာ မလုပ်ခဲ့ဘူး။ ဒေါ်ခင်ထားသမီးဟာ ဒေါ်ခင်ထားလိုပဲ သူတစ်ပါးပစ္စည်းဥစ္စာကို ဘယ်သောအခါမှ အလွဲသုံးစား မလုပ်တတ်ဘူးဆိုတာ မမကြီး သိပါတယ်။ ကိုယ့်ချွေးနဲ့စာဆိုရင်တော့ ဘယ်လိုနည်းနဲ့ပဲ ရှာရရှာရ မက်တယ်။ နေဦး … အစ်ကိုအောင့်ဆီက ဖုန်းယူပြီး သမီးကိုယ်တိုင် မေးပြမယ်’

ရန်ကုန်က ဦးကျော်တို့ လင်မယားဆီ ဖုန်းဆက်ကြည့်ကြတဲ့အခါမှာတော့ အငယ်မလုပ်ရပ် မှန်ကန်ခဲ့ပါတယ်။ ကရင်အာဒေါ်သဖြစ်နေချိန်မှာ ပေးခဲ့ဖူးတဲ့ ထဘီနှစ်ထည်ကိစ္စ သတိမရခဲ့တာတွေ၊ ငွေတစ်သိန်း အထားမှားလို့ ပြန်တွေ့ရတဲ့အကြောင်းတွေကို ကျွန်တော် အပါအဝင် အကြီးမ၊ အငယ်မတို့ကိုပါ တောင်းတောင်းပန်ပန်နဲ့ ပြောဆိုလာတာကြောင့် ဦးကျော်ရဲ့ဇနီးကို ကျွန်တော်တောင် အားနာရပြန်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အငယ်မကိစ္စကို သေချာရှင်းပြလိုက်တဲ့အခါမှာတော့ ဝမ်းသားအားရနဲ့ပဲ ငွေလွှဲလို့ရတဲ့ ဘဏ်တစ်ခုကတစ်ဆင့် အဲဒီငွေတစ်သိန်းကို အငယ်မတို့အတွက် လက်ဖွဲ့ပို့လိုက်မယ့်အကြောင်းပြောခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ အကြီးမတို့ရဲ့ ဘာမှမဟုတ်တဲ့ ပတ်သက်မှုတစ်ခုကို မသိနားမလည်ကြတဲ့အငယ်မယောက္ခမ မိသားစုဝင်တွေကတော့ ဘယ်အချိန်မဆို ကျွန်တော်နဲ့ အကြီးမကို တွဲမြင်လေ့ရှိကြပြီး ထမင်းစားလည်း တစ်တွဲတွဲ၊ အလည်အပတ်ခေါ်လည်း အတူတူ ဖြစ်စေတာမို့ ကျွန်တော့်ဘက်ကလည်း ‘ခပ်ရှက်ရှက် မျက်နှာရဲကြီးနဲ့’ပဲ အိမ်ရှင်တွေအလိုကျ ပြုမူနေထိုင်ခဲ့ရပါတယ်။ အဲဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး အကြီးမကို အားနာလို့ အကဲခတ်ကြည့်ပြန်တော့လည်း ကျွန်တော့်လို ထူးပြီး ရှက်ကိုးရှက်ကန်းဖြစ်မနေဘဲ ပုံမှန်ပုံစံပါပဲ။ ဒီလိုနဲ့ အငယ်မ မင်္ဂလာဆောင်ပြီးသွားတဲ့ နောက်တစ်ရက်မှာတော့…။

‘ဦး ပြန်တော့မယ် အကြီးမ’

‘ဟင် ပြန်တော့မယ်။ အငယ်မယောက္ခမတွေက ဒီမှာ ဆက်နေခိုင်းထားသေးတာလေ။ အငယ်မယောကျ်ားကလည်း ထိုင်းဘက်ကို အလည်အပတ် ပို့ပေးမယ်တဲ့’

‘အကြီးမ နေချင်နေခဲ့ဦးလေ။ ဦးက ရန်ကုန်မှာ ဆေးဆိုင်ကိစ္စ၊ စာမူကိစ္စတွေနဲ့ နပန်းလုံးရဦးမှာဆိုတော့ ပြန်မှဖြစ်မယ်။ ဆိုင်ပိတ်ထားရတာလည်း ကြာပြီလေ။ ဖြစ်နိုင်မယ်ဆိုရင်တော့ အကြီးမပါ အငယ်မတို့ မိသားစုနဲ့ တစ်သက်လုံး အတူတူနေလိုက်တာ အဆင်ပြေမယ်လို့ ဦးထင်တယ်။ အငယ်မယောက္ခမတွေကလည်း ခေါ်ထားမယ်တဲ့။ အငယ်မကို စိတ်မချတတ်တဲ့ အကြီးမဆန္ဒလည်း ပြည့်သွားတာပေါ့’

ကျွန်တော့်စကားတွေကြောင့် အကြီးမလည်း မျက်နှာပျက်၊ မျက်ရည်ဝဲသွားခဲ့ပါတယ်။

‘ဦးက သမီးကို ထားခဲ့ပြီး တစ်ယောက်တည်း ပြန်တော့မယ်ပေါ့’

‘အေးလေ၊ အငယ်မကိစ္စပြီးသွားခဲ့ပြီပဲ။ အကြီးမအတွက်လည်း ဒီမှာ အကုန်အဆင်ပြေနေတဲ့ဥစ္စာ’



www.burmeseclassic.com

www.burmeseclassic.com

'မပြန်ရသေးပါဘူး။ ဦး တစ်ယောက်တည်း ပြန်သွားတာကိုလည်း သမီး စိတ်မချဘူး'

'ဟင်'

'ဟုတ်တယ်လေ။ သွားအတူတူ ပြန်အတူတူပေါ့။ သမီးလည်း ဦးနဲ့ ရန်ကုန်ပြန်လိုက်မှာပေါ့'

'မသင့်တော်တာတွေ မလုပ်စမ်းပါနဲ့ အကြီးမရယ်။ ရန်ကုန်မှာ အကြီးမနဲ့ ပတ်သက်တဲ့ဆွေမျိုးတစ်ယောက်မှ မရှိတော့တဲ့ဥစ္စာ။ ဒီမှာနေခဲ့ရင် ဘယ်လောက် အဆင်ပြေသလဲ။ အားလုံး ရေကန်အသင့် ကြာအသင့်ပဲ။ အငယ်မတို့မိသားစုကလည်း တခေါ်ခေါ်နဲ့ ဖြစ်နေတဲ့ဥစ္စာကွာ'

'ဒါဆို ဦးက သမီးကို မခေါ်ချင်ဘူးပေါ့။ ထားခဲ့ချင်တယ်ပေါ့'

'ခေါ်ချင်ပါတယ် အကြီးမရယ်။ ဒါပေမဲ့ ရန်ကုန်မှာ အကြီးမရဲ့ ဆွေမျိုးနီးစပ်ဆိုလို့ ဘယ်သူမှ…'

'ရှိတယ်'

'ဟင် ဘယ်သူလဲ၊ ဘယ်မှာ နေတာလဲ'

ကျွန်တော့်ရဲ့ ပျက်ယွင်းသွားတဲ့မျက်နှာကို အကဲခတ်မိပုံရတဲ့ အကြီးမဟာ မနို့တရိ မူနွဲ့နွဲ့ မျက်နှာပေါက်နဲ့ပဲ-

'ဟို ဟိုလေ ဆေးရောင်း၊ စာရေးရင်း ဘာမဆိုင် ညာမဆိုင် မိသားစုတစ်ခုကို သနားလို့ဆိုပြီး ပတ်သက်၊ ကူညီတတ်တဲ့ လူကြီးတစ်ယောက် ရန်ကုန်မှာရှိတယ်လေ။ အဲဒီလူကြီးက သမီးရဲ့ အရင်းဆုံးဆွေမျိုးမဟုတ်လို့ ဘာလဲ။ မရဘူးနော်။ သမီးမပါဘဲ ဦး မပြန်ရပါဘူး။ ဦးပြန်ရင် သမီးပါလိုက်ခဲ့မှာပေါ့'

'ဟောဗျာ'

လူပျိုကြီးပီပီ ဘာကိုရှက်လို့ရှက်နေမှန်း မသိဘဲ ကြောင်အ, အဖြစ်နေတဲ့ ကျွန်တော့်ကို ပြုံးပြုံး စိုက်ကြည့်နေတဲ့ အကြီးမဟာ…။

'မဗျာနဲ့၊ ခုဘဝမှာ ဘယ်လိုပဲ ဆွေမျိုးမတော်မတော် ရေးရေစက်၊ ပဋ္ဌာန်းဆက်ဆိုတာတွေကို လျစ်လျူရှုလို့ မရဘူး ဒကာကြီးရဲ့။ အဲ ဦးရဲ့။ သိပြီလား'

'ဟုတ်ကဲ့ အဲ အဲ တင်ပါ့ တင်ပါ့ ဆရာလေး လူထွက်မရယ်။ ဩော်… တစ်ခုပြောရဦးမယ်။ အခြေအနေတွေအားလုံး အေးချမ်းသွားပြီပဲဥစ္စာ။ သီလရှင် ပြန်မဝတ်တော့ဘူးလား အကြီးမရဲ့။ ဟား… ဟား …ဟား … ဟား'

'ဦးနော်၊ ဘာမှန်းလဲ မသိဘူး'

ဘာပဲဖြစ်ဖြစ် အနှမ်းပန်းတစ်ပွင့်က မွေးဖွားလာတဲ့ အပြစ်ကင်းဖြူစင်မွေးပျံ့လှန်းတဲ့ မနှမ်းပန်းတစ်ပွင့်ကို အလှပဲ ထိုင်ကြည့်ရမလား၊ ဆွတ်ချူနမ်းရှိုက်ပစ်လိုက်ရမလားဆိုတာတွေကို အတွေးပွားရင်း လူပျိုကြီးပီပီ ခပ်ရှက်ရှက်နဲ့ပဲ…။

■

**ထွန်းတောက်ထွဋ်၊သချာ၊ ဝန်ခံချက်။** ။ ရွှေအမြုတေ မဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးတဲ့ **အနှမ်းပန်းရှိုက်သံ သန်းခေါင်ယံ** ဝတ္ထုတိုနဲ့ **ပုံနှိပ်စာလုံးများ၏နောက်ဝယ်** ဝတ္ထုတိုနှစ်ပုဒ်ကို ဆန့်တင့်ငံ့နဲ့ တွေးစရာဖြစ်အောင်လုပ်ထားခဲ့မိလို့ ဖုန်းတွေဆက်ပြီး အဆုံးသတ်နိုင်းကြတဲ့ ရေးဖော်ရေးဖက်များနဲ့ စာဖတ်ပရိသတ်အတွက် အမှတ်တရ။

